www.burmeseclassic.com

အပြည်ပြည်ဆိုင်ရာ ရောင်းအရဆုံး စာရင်းဝင် ဝတ္ထု

Pen/ Faulkner ဆု နှင့် National Book Award ဆုရ ဝတ္ထု

# Waiting

Ha Jin

# စောင့်

တင်မောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ်
၅၀၀၂၈၅၀၃၁၁
◆
မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၁၁၅၃၁၀၁၁
◆
ပထမအကြိမ်
၂၀၁၁ ခု၊ အောက်တိုဘာလ
◆
အုပ်ရေ
၅၀၀
◆
တန်ဖိုး
၂၀၀၀ ကျပ်
◆
မျက်နှာဖုံးဒီဇိုင်း
ချစ်ကြည်
◆
အတွင်းဖလင်
AZ
◆
ထုတ်ဝေသူ
ဒေါ်ခင်မျိုးမြတ် (၀၃၃၈၄) နန်းဒေဝီစာပေ
အမှတ် ၂၁၅၊ ရှမ်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
◆
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဒေါ်ခင်လှ (စာပေလောက)
၁၇၃၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

တင်မောင်မြင့် ၈၀၈. ၈၄
မျှော် /တင်မောင်မြင့်၊ ရန်ကုန်။
နန်းဒေဝီစာပေ ၊ ပထမအကြိမ်၊ ၂၀၁၁။
၂၈၆ - စာ၊ ၁၃. ၁ × ၂၁. ၄ စင်တီမီတာ။
(၁) မျှော်



# WAITING
## HA JIN
# မျှော်
## တင်မောင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

## ဟာ့ကျင်း (Ha Jin)

ဟာ့ကျင်း၏ နာမည်အရင်းမှာ ကျန်းရွှေဖေ (Jin Xuè Fèi) ဖြစ်သည်။ ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ တရုတ်ပြည် လျောင်နိုင်း (Liao ning) မြို့တွင် မွေးဖွားသည်။

ဖခင်မှာ စစ်ဗိုလ်တစ်ဦးဖြစ်ပြီး ၁၉၆၉ ခုနှစ် ယဉ်ကျေးမှုတော်လှန်ရေး ကာလအတွင်း ပြည်သူ့လွတ်မြောက်ရေး တပ်မတော်သို့ ဟာကျင်း ဝင်သည်။ ၁၉၈၁ ခုနှစ်တွင် အင်္ဂလိပ်စာ အဓိကဖြင့် ဘွဲ့ရခဲ့သည်။ တစ်ဖန် အင်္ဂလိပ် အမေရိကန် စာပေအထူးပြုဖြင့် မဟာဘွဲ့ ထပ်မံ ရရှိသည်။ ၁၉၈၅ ခုနှစ်၌ တရုတ်ပြည်မှ ထွက်လာပြီး ဘရန်ဒီတက္ကသိုလ်တွင် ဆက်တက်ကာ ၁၉၉၂ တွင် ပါရဂူဘွဲ့ ရရှိသည်။ ယခုအခါ ဘော်စတွန်တက္ကသိုလ် အင်္ဂလိပ်စာဌာန ပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်နေသည်။

အလုပ်တစ်ဖက်ဖြင့် စာပေလောကသို့ ဝင်ရောက်ပြီး အင်္ဂလိပ်ဝတ္ထုတို ဝတ္ထုရှည်ပေါင်း များစွာ ရေးခဲ့ရာ ယခုအချိန်တွင် ထိပ်တန်းစာရင်းဝင် စာရေးဆရာ တစ်ယောက် ဖြစ်နေ၏။ သူ ကြီးပြင်း ဖြတ်သန်းလာခဲ့ရသည့် တရုတ်ပြည် ပါတီတွင်း တိုက်ပွဲများ ပြင်းထန်နေချိန်နှင့် ယဉ်ကျေးမှု တော်လှန်ရေးကာလ အတွေ့အကြုံများကို အခြေပြု၍ ဝတ္ထု၊ ကဗျာများ ရေးဖွဲ့ခြင်း ဖြစ်သည်။

သူ၏ အပြည်ပြည်ဆိုင်ရာ ရောင်းအစွံဆုံး စာရင်းဝင် Waiting အတွက် Pen/Faulkner ဆုနှင့် National Book Award ဆု ရရှိခဲ့သည်။ The Bridegroom ဝတ္ထုတိုပေါင်းချုပ်အတွက် Asian Amerian Literary Award ဆုနှင့် Townsend Prize ဆု ရရှိခဲ့သည်။ Under the Re.l Flag ဝတ္ထုတိုပေါင်းချုပ်အတွက် Flannery O. Connor ဆု၊ Ocean of Words အတွက် Pen Hemingway ဆု၊ The Crazed, In the Pond နှင့် War Trash ဝတ္ထုသုံးပုဒ်အတွက် Pen/Faulkner ဆုများ ရရှိခဲ့သည်။ ဟာ့ကျင်းသည် ဘော်စတွန်တွင်ပင် နေထိုင်လျက် ရှိသည်။

သူ၏ ကဗျာစာအုပ်များမှာ 'တိတ်ဆိတ်မှုများ အကြား' (Between Silences) 'အရိပ်များနှင့် မျက်နှာချင်းဆိုင်' (Facing Shadow) နှင့် 'အပျက်အစီးများ' (Wreckage) တို့ ဖြစ်သည်။

## နိဒါန်း

နွေဦး ရောက်ပြီ ဆိုသည်နှင့် 'လင်းကောင်း' တစ်ယောက် ငန်းဖြူ ရွာသို့ ပြန်လာစမြဲ ဖြစ်သည်။ ဇနီးလုပ်သူ 'ရှူယု' နှင့် ကွာရှင်းဖို့ ဖြစ်၏။ ဝူကျိယာ မြို့နယ် တရားရုံး ရောက်လျှင်ပင် ရှူယုက စိတ်ပြောင်းသွားသည်ချည်း။ တစ်နှစ်ပြီး တစ်နှစ် သည်အတိုင်းချည်း ဖြစ်ခဲ့သည်မှာ ကြာတောင် ကြာရှည် ရှိခဲ့လေပြီ။ တစ်နှစ် တစ်ခါ မြို့သို့ သွားသည်။ မူလ လက်ထပ်စာချုပ်ကိုယ်စီ ကိုင်ပြီး ပြန်လာကြရသည်ချည်း။

သည်တစ်ခါတော့ ကွာရှင်း ပြတ်စဲမှုကို အထောက်အကူဖြစ်စေသည့် စာတစ်စောင် လင်းကောင်း ယူလာခဲ့သည်။ မူဂျီမြို့ စစ်ဆေးရုံမှ တာဝန်ရှိသူ များ၏ ထောက်ခံစာ ဖြစ်သည်။ သူက မူဂျီဆေးရုံမှ စစ်တပ်ဆရာဝန်သေး သည်တစ်ခေါက်တော့ ကိစ္စပြတ်လိမ့်မည်ဟု ယုံကြည်စွာဖြင့် ချစ်သူ ဆရာမကလေး 'မာနာဝူး' ကို နှစ်သိမ့်ထားခဲ့သည်။

အရာရှိတစ်ယောက်ဖြစ်၍ တစ်နှစ်ကို ခွင့်ဆယ့်နှစ်ရက် ခံစားခွင့် ရှိသည်။ ရွာအပြန်တွင် ရထားတစ်တန် ကားတစ်တန် အသွားအပြန်ခရီး နှုတ်လိုက်လျှင် ငန်းဖြူတွင် နေချိန် ဆယ်ရက်သာ ရသည်။

သည်တစ်ခေါက် အိမ်အပြန်တွင် လာရင်းကိစ္စ ချက်ချင်း ပြတ်ရမည် မှန်းထားသော်လည်း ရွာပြန်ရောက်ပြီး ခုနစ်ရက်ကြာသည့်တိုင် ထိပ်ခဲ

www.burmeseclassic.com



တည်းလည်း ဖြစ်နေဆဲ။ မိန်းမကို ပြောဖို့ 'စတင်ရန် ခက်ပါဘိ' ဖြစ်နေသည်။ ဘယ်လို ဖြစ်တာပါလိမ့်။ ပြောမည် လုပ်တိုင်း စကားတစ်ခွန်းမျှ ထွက်မလာဘဲ ဖြစ်နေသည်။

သူတို့၏ ရွှံ့အုတ်နှင့် ဆောက်ထားသည့် အိမ်ကလေးမှာ အသက်နှစ်ဆယ်ကျော်ပြီ။ သက်ကယ်မိုး။ လေးထောင့်စပ်စပ် ပြတင်းပေါက် သုံးပေါက်ပါသည်။ တောင်ဘက်သို့ မျက်နှာမူထား၏။ ပြတင်းပေါက်ကျည်းပေါင်တွေကို အပြာရောင်သဘော်ဆေး သုတ်ထားသည်။ လင်းကမှိုတက်နေသည့် စာအုပ်တွေကို နေပူ ထုတ်လှန်းနေသည်။ ရှူးယုက စာအုပ်ကို စိတ်မဝင်စား။ ဘယ်လို ထိန်းသိမ်းရမှန်း မသိဘူးလေ။ ခုအချိန်မှာတော့ ဒီစာအုပ်တွေ လင်းအတွက် အသုံးမဝင်တော့ပေ။ ကလေးတွေကို ပေးပစ်ဖို့ စိတ်ကူးလိုက်သည်။

ခြံထဲတွင် ကြက်တွေ တစ်ကောင်နှင့် တစ်ကောင် ရန်ဖြစ်နေသံ။ ဘဲအော်သံတွေနှင့် ဆူညံနေသည်။ ကြက်ပေါက်စကလေးတွေက ခြံထဲတွင် လိုက်တမ်းပြေးတမ်း ကစားနေကြ၏။ အိမ်နောက်ဖေး ခြံထဲတွင် ပဲတိုင်ထောင်ပင်တွေ၊ ဘူးဖရုံ သခွားတွေ စင်ပေါ်မှာ စီရရီ တွဲရရွဲ။ မြေပေါ်တွင် စီတန်းနေသည့် ခရမ်းခင်းတွင် ခရမ်းသီးတွေ ပွတ်နေသည်။ ဆလတ်ပင်တွေက ဖြောင့်တန်းစွာ စိမ်းစိုလျက်။

ကြက်တွေ ဘဲတွေအပြင် ရှူးယုက ဝက်နှစ်ကောင်လည်း မွေးထားသေးသည်။ ပြီးတော့ နို့စားဆိတ်မတစ်ကောင်။ သူတို့၏ အညစ်အကြေးများက စားပင်များအတွက် မြေဩဇာ။ သည်အနံ့အသက်များကိုလည်း မခံစားနိုင်တော့ပါ။ ရှူးယု ချက်ပြုတ်နေသည့် မီးဖိုချောင်မှ အနံ့အသက်များကိုလည်း သူ သွားရည်မကျတော့ပါ။ နံဘေးအိမ်များမှ သစ်ပင်ရိပ်တွေ သူတို့ခြံထဲသို့ အုပ်မိုးနေသည်။ အိမ်နီးနားမှ ခွေးအူသံတွေ ကြားနေရသည်။

စာအုပ်တွေကို တစ်ဖက်သို့ လှန်ပြီးသည်နှင့် အိမ်ရှေ့ ခြံစည်းရိုးဘက်ဆီသို့ လင်း လျှောက်လာခဲ့သည်။ ခြံစည်းရိုးက သုံးပေခန့် မြင့်သည်။ ဆူးပင်တွေကို သေသေသပ်သပ် ညှပ်ထား၏။ လင်း၏ လက်ထဲတွင် ထောင့်တွေ ကျိုးနေသည့် ရုရှားအဘိဓာန်တစ်အုပ် ပါလာသည်။ သူ အထက်တန်းကျောင်းတုန်းက ကိုင်ခဲ့သည့် စာအုပ်ဖြစ်၏။

ဘာမှ လုပ်စရာမရှိသဖြင့် လင်းက ကြိတ်ဆုံပေါ် တက်ထိုင်ပြီး လက်ထဲမှ အဘိဓာန်စာအုပ်ကို လှန်လှောကြည့်လိုက်သည်။ အင်း၊ တော်တော်



မှတ်မိသေးတာပဲ။ စာကြောင်း ဖွဲ့ကြည့်လို့တောင် ရနေသေးသည်။ သို့သော် သဒ္ဒါမှန်အောင် မရေးနိုင်တော့။ စာအုပ်ကို ပိတ်ပြီး ပေါင်ပေါ် တင်ထားလိုက်သည်။ လေအဝှေ့တွင် စာရွက်တွေ တဖျတ်ဖျတ် လန်နေ၏။

ဟိုးအဝေး ကွင်းပြင်ထဲတွင် အာလူးစိုက်နေသည့် ရွာသားများကို လှမ်းကြည့်လိုက်သည်။ ကိုယ့်လုပ်ငန်းနှင့်ကိုယ် ပေါက်တူး တဝင့်ဝင့်ဖြင့်။ ကွင်းတစ်ဖက်စွန်းတွင် အလံနီ ထောင်ထားသည်။ သူတို့ သည်နေ့ အရောက်သွားရမည့် ပန်းတိုင်။

မြင်ကွင်းကို ကြည့်ပြီး ဒေါက်တာလင်း သဘောကျနေသည်။ သို့သော် စိုက်ပျိုးရေးလုပ်ငန်းကို သူ မကျွမ်းပေ။ ဆယ်တန်းရောက်ကတည်းက ရွာကို စွန့်ပြီး ဝူကျီယာကို ရောက်ခဲ့သည် မဟုတ်လား။ အဲဒီတုန်းက သူ့အသက် ဆယ့်ခြောက်နှစ်။

လမ်းပေါ်တွင် စပါးနှံတွေ အမိုးအမောက်တင်လာသည့် နွားလှည်းတစ်စီး မောင်းလာနေသည်။ လှည်းဆွဲလာသည့် နွားမတစ်ကောင်၏ နောက်ခြေထောက်တစ်ဖက်က ဆာတာတာ။ လှည်းပေါ်တွင် တင်လာသည့် စပါးနှံတွေထဲတွင် တစ်ကိုယ်လုံး မြုပ်လုနီးပါး ထိုင်လိုက်လာသည့် မိန်းကလေးနှစ်ယောက်ကို လှမ်းမြင်လိုက်သည်။ တစ်ယောက်က သူ့သမီး ဟွာ။ မိန်းကလေးနှစ်ယောက် ပျော်ပျော်ပါးပါး သီချင်းဆိုလာကြသည်။ နွားလှည်းမောင်းလာသူက ခေါင်းစွပ်ဦးထုပ်နှင့် အဘိုးကြီးတစ်ယောက်။ ပါးစပ်ထဲတွင် ဆေးတံခဲလျက်။ အထိုင် နွားထီးကြီး၏ တင်ပါးကို နှင်တံနှင့် တဖျတ်ဖျတ် ရိုက်ရင်း ခပ်သွက်သွက် မောင်းလာသည်။ လမ်းကြမ်းပေါ်တွင် လှည်းဖနောင့်သံသည် တကျိုးကျိုးမြည်လျက်။

ခြံဝရောက်တော့ လှည်းထိုးရပ်သွားသည်။ ဟွာက ပြည့်ဖောင်းနေသည့် ဂုံနီအိတ်ကြီးတစ်လုံးကို တွန်းချပြီး လှည်းပေါ်မှ ခုန်ချလိုက်သည်။ 'ကျေးဇူးပဲ ဦးလေးယန်' ဟု လှည်းသမားကြီးအား လှမ်းအော်ပြီး ဝတုတ်တုတ် သူ့အဖော်ကောင်မလေးကိုပါ တစ်ဆက်တည်း ပြောလိုက်သည်။ 'ညနေမှ တွေ့မယ်ဟေ့'

ပြီးတော့ သူ့ကိုယ်ပေါ်မှ ကျူနှံများကို လက်နှင့် ခါချသည်။ လှည်းသမားကြီးနှင့် ဖက်တီးမလေးက လင်းကို ပြုံးပြသည်။ ဘာမှတော့ မပြော။ လင်းက အဘိုးကြီးကို သိပ်မမှတ်မိ။ ကောင်မလေးကိုသည်း ဝါးတားတား။ ရွာမလေ့အတိုင်း သူ့ကို ပဋိသန္ဓာရ မပြုကြခြင်း လင်း သတိထားမိလိုက်သည်။ စစ်တပ်ယူနီဖောင်း ဝတ်ထား၍များလားဟုလည်း တွေးနေသည်။

www.burmeseclassic.com



ကြိတ်ဆုံပေါ်မှ ဆင်းပြီး သမီးလုပ်သူကို လင်း မေးလိုက်သည်။

'ဘာအိတ်ကြီးလဲ သမီး'

'ပိုးစာပင်တွေပါ'

'ပိုးကောင်တွေကို ကျွေးဖို့လား'

'ဟုတ်ကဲ့'

ဟွာက အဖေနှင့် စကားပြောဖို့ ရှိုးတိုးရှန့်တန့် ဖြစ်နေသည်။ အိမ်နောက်ဖေးတွင် ရောမ ခြင်းတောင်းကြီး သုံးလုံးဖြင့် ပိုးကောင်တွေ မွေးထားသည်။

'အိတ်က အလေးကြီးလား'

'ဟင့်အင်း၊ မလေးပါဘူး'

'ပေးလေ၊ အဖေ သယ်ပေးမယ်'

အိမ်ထဲ မဝင်ခင် တစ်စုံတစ်ရာ ပြောလေမလားဟု လင်း စောင့်နေသည်။ သို့သော် ကလေးမက ဘာမှ ထူးထူးထွေထွေ မပြောဘဲ 'ရပါတယ်' ဟု ဆိုကာ လက်နှစ်ဖက်ဖြင့် မယူပြီး အိတ်ကြီးကို ပခုံးပေါ် တင်ကာ အဖေကို မျက်လုံးရွှဲကြီးများဖြင့် တစ်ချက်ကြည့်၍ အိမ်နောက်ဘက်သို့ လျှောက်သွားသည်။ ဟွာ၏ လက်မောင်းတွေ နေလောင်ထားသည်ကို လင်း သတိထားလိုက်မိသည်။ သည်နှစ် အရပ် ထွက်လာသည်။ ယာထဲတွင် တပင်တပန်း အလုပ် လုပ်နိုင်နေပါပြီကော။

အဖေ့ကို သမီး ကြည့်သည့် အကြည့်က ခပ်စိမ်းစိမ်း။ အင်း သူ့အမေနဲ့ ကွာရှင်းဖို့ လုပ်နေတာ 'ဟွာ' သိနေလို့ ထင်ပါရဲ့။ ဟုတ်ချင်မှလည်း ဟုတ်မှာပါလေ။ သည်နှစ် သည်အကြောင်း ပြောမှ မပြောရသေးတာပဲ။ သမီး အေးစက်စက်ဖြစ်နေတာကို ကြည့်ပြီး လင်း စိတ်မသက်မသာ ဖြစ်နေသည်။ ငယ်ငယ်တုန်းကတော့ ဖအေကို ဟွာ ချစ်ခဲ့ပါသည်။ အဖေ ပြန်လာ၍ အတူတူ ကစားပြီး ပျော်နေတတ်သည်လေ။ အရွယ်ကလေး ရလာမှ တဖြည်းဖြည်း အေးစက်သွားခြင်း ဖြစ်သည်။

သူ ငါ့ကို တကယ် မုန်းနေတာလား။ လင်း စိတ်မသက်မသာဖြင့် တွေးနေသည်။ အင်းလေ၊ သူ အပျိုပေါက်ကလေး ဖြစ်နေပြီပဲ။ မကြာခင် သူ့အိမ်ထောင်နှင့် သူ ဖြစ်တော့မှာပဲ။ ငါလို အဘိုးကြီးတစ်ယောက် သူ့အတွက် မလိုအပ်တော့ပါဘူး။

လင်းကောင်းသည် သူ့အရွယ်နှင့်စာလျှင် အရွယ်တင်သူ ဖြစ်ပါသည်။ လေးဆယ်ကျော်လာပေမယ့် လူငယ်လေး တစ်ယောက်လိုပင် ဖျတ်လတ်



သွက်လက်နေဆဲ။ နာတံစင်းစင်း၊ မျက်နှာသွယ်သွယ်နှင့် လူချောတစ်ယောက် ဖြစ်၏။ မျက်မှန်တပ်ထားသဖြင့် ခန့်ညားသည်။ ပညာတတ်တစ်ယောက်မှန်း သိသာသည်။ ဇနီးလုပ်သူ ရှူးယုက သူနှင့် တခြားစီ။ သေးသေးညှက်ညှက်နှင့် အသွားကြီးအိုပေါက်စလေးနှင့် တူနေသည်။ သေးကွေး ပိန်လှီသော လက်နှစ်ဖက်က အကျီလက်မောင်းအိုးထဲတွင် ချောင်ကျယ်ကျယ် ဖြစ်နေသည်။ အဆိုးဆုံးမှာ ရှူးယုသည် ခြေသေးမတစ်ယောက် ဖြစ်နေခြင်းပင်။ မျက်လုံးအစုံက လှသော်လည်း နှုတ်ခမ်းက ချိုင့်ဝင်နေသဖြင့် အကြည့်ရဆိုးနေသည်။ ဘယ်လိုပဲ ကြည့်ကြည့် သူတို့လင်မယား ရှေ့သွားနောက်လိုက် မညီနိုင်ပါ။

ညစာစားပြီးမှ လင်းက မိန်းမကို မေးရသည်။

'တို့ ကွာရှင်းဖို့ကိစ္စ ပြောကြရအောင်လား ရှူးယု'

ဟွာက စာကျက်ဖို့ သူငယ်ချင်းတွေနှင့် ထွက်သွားပြီ။ ဟာဘင်မြို့ တုန်သွယ်ဆေးသင်တန်းကျောင်းတက်ဖို့ ဝင်ခွင့် စာမေးပွဲဖြေရန် စာကျက်နေချိန် ဖြစ်သည်။

'ပြောလေ'

ထုံးစံအတိုင်း ရှူးယုက ခပ်အေးအေး ပြန်ပြောသည်။

'မနက်ဖြန် မြို့သွားကြမလား'

'သွားလေ'

'အင်း ဟိုရောက်တော့ မင်း စိတ်ပြောင်းသွားဦးမှာလား၊ ဒီတစ်ခါ မင်း တတိတည်ရမယ်နော်'

ရှူးယု ငြိမ်သွားသည်။ သူတို့လင်မယား ဘယ်တုန်းကမှ ရန်မဖြစ်ဖူးကြ။ ရှူးယုက ယောကျ်ားပြုသမျှ နုသည့် မိန်းမမျိုး။

'ရှူးယုရယ်၊ မင်း သိပါတယ်ကွာ၊ ငါ တပ်ထဲမှာ အိုးနဲ့ အိမ်နဲ့ နေချင်ပြီလေ၊ တစ်ယောက်တည်း နေရတာ မလွယ်တော့ဘူး၊ ငါ့အသက်လည်း မငယ်တော့ဘူး'

ရှူးယု ခေါင်းညိတ်သည်။ ဘာမှတော့ မပြော။

'ဒီတစ်ခါ တရားသူကြီးမေးရင် ဟုတ်ကဲ့လို့ ပြောမယ် မဟုတ်လားဟင်'

'ဟုတ်ကဲ့'

အခန်းထဲတွင် တိတ်ဆိတ်သွားပြန်သည်။ လင်းကတော့ သတင်းစာ တစ်စောင်ကို ဆက်ဖတ်ရင်း လက်ချောင်းကလေးတွေနှင့် စားပွဲကို ခေါက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှုးယုက သမီးအတွက် အင်္ကျီ ချုပ်နေသည်။ ကတ်ထူပြားတွေနှင့် လုပ်ထားသည့် မျက်နှာကြက်မှ တွဲလောင်းကျနေသော ၂၅ ဝိုင်အား မီးလုံး ဝတ်ဝတ်လည်တွင် ပိုးဟပ်နှစ်ကောင် ပတ်ချာလည် ပျံသန်းနေသည်။ ထုံးသုတ်ထားသည့် နံရံတွင် တွဲလောင်းကျနေသည့် မီးကြိုးအရိပ်ထင်နေသည်။ အုတ်စီထားသည့် အိပ်ရာပေါ်တွင် နီးချောဖျာ ခင်းထားသည်။ ဖျာပေါ်တွင် ရောမပေါင်မုန့်ကြီးတွေနှင့် တူသည့် ခေါင်းအုံးသုံးလုံးပေါ်တွင် ဂွမ်းကပ်နှစ်ခု ခေါက်တင်ထားသည်။ ရွာတောင်ပိုင်း ရေကန်ဆီမှ ဖားအော်သံတွေ ကြားနေရ၏။ ပုရစ်အော်သံတွေလည်း ဆူညံနေ၏။ ကုန်ထုတ်လုပ်မှု ရုံးခန်းဆီမှ ခေါင်းလောင်းထိုးသံ ထွက်လာသည်။ ဘုံရိပ်သာအဖွဲ့ဝင်များအား အစည်းအဝေးခေါ်ခြင်း ဖြစ်၏။

၁၉၆၂ ခုနှစ်က ရန်ကုန်မြို့ ဆေးကျောင်းတွင် လင်း ကျောင်းတက်ခဲ့စဉ်က သူ့အသက်မှာ နှစ်ဆယ့်တစ်နှစ်သာ ရှိသေးသည်။ နွေရာသီ တစ်ရက်တွင် အဖေ့ထံမှ စာရောက်လာသည်။ အမေ နေမကောင်းကြောင်း၊ သူက ဘုံရိပ်သာပိုင် လယ်ထဲတွင် အချိန်ပြည့် အလုပ် လုပ်နေရသဖြင့် အိမ်ကို ပြန်မကြည့်နိုင်ကြောင်းများ ရေးထားသည်။ အဖေက လင်းကို အိမ်ထောင် ချပေးချင်နေပြီ။ မိန်းမကို ပြုစုဖို့ ချွေးမ မရှိလျှင် မဖြစ်တော့သည့် အခြေအနေသို့ ရောက်နေပြီ။ နောက်ဆုံးတွင် ချွေးမရှာပေးဖို့ အဖေ့ကို လင်း သဘောတူလိုက်ရတော့သည်။

ရွာလူကြီးတွေက လီယပ်စ်မိသားစုမှ အကြီးဆုံးသမီးနှင့် စေ့စပ်ပေးကြသည်။ လိုကူးဘက်မှ ငန်းဖြူရွာသို့ ပြောင်းလာသည့် မိသားစုဖြစ်သည်။ သတို့သားက ကျောင်းပြီးလျှင် ဆရာဝန်ဖြစ်မည့်သူ၊ အရာရှိဖြစ်မည့် သူမို့ သတို့သမီး၏ မိဘများက တင်တောင်းဖို့ ဥစ္စာပစ္စည်း ငွေကြေးတစ်စုံတစ်ရာ မတောင်းဆိုခဲ့ပေ။ လင်း၏ မိဘတွေက ရှုးယု၏ အဖြူ အမည်း ဓာတ်ပုံ တစ်ပုံ လင်းဆီ ပို့ပေးလိုက်ကြသည်။ ရိုးရိုး တောသူကလေး တစ်ယောက် ဖြစ်၍ လင်းက သဘောတူလိုက်သည်။ ထိုစဉ်က ရှုးယု၏ အသက် နှစ်ဆယ့်ခြောက်နှစ်။ လင်းထက် တစ်နှစ်ငယ်သည်။

ထိုနှစ် ဆောင်းတွင်းတွင် လင်း ရွာပြန်လာသည်။ သည်တော့မှ ရှီးလောင်းကို လူကိုယ်တိုင် မြင်ဖူးခြင်းဖြစ်သည်။ လင်း စိတ်ပျက်သွားသည်။ ရှုးယုသည် အသက်လေးဆယ်အရွယ် မိန်းမတစ်ယောက်နှင့် တူနေသည်။ မျက်နှာတွင် အရေးအကြောင်းတွေ ပေါ်နေပြီ။ အဆိုးဆုံးကတော့ သူ့ခြေထောက်တွေ။ ခြေထောက်ကလေးတွေမှာ လေးလက်မသာ ရှိသည်။ အဖေနှင့် အမေ့ကို စေ့စပ်ထားတာ ဖျက်ပေးဖို့ လင်း ပြောပါသေးသည်။ သည်မိန်းကလေးကို ဘယ်လိုမှ လင်း လက်မခံနိုင်ပါ။ သို့သော် ရွာဓလေ့အရ ဖျက်လို့ မရတော့ပြီ။



အဖေက မျက်နှာထားတင်းတင်းနှင့် ဆိုသည်။

'ရုပ်ချောတာထက် အိမ်အတွက် အသုံးဝင်ဖို့ ပိုအရေးကြီးတယ်'

အမေကလည်း နားချသည်။

'ဒါလောက် စိတ်ကောင်း နှလုံးကောင်းရှိတဲ့ မိန်းကလေးမျိုး မင်း ဘယ်မှာမှ မရနိုင်ဘူး သား၊ သား သဘောတူမယ်ဆိုရင် အမေ သေပျော်ပါပြီကွယ်'

အားလုံး စီစဉ်ထားပြီးဖြစ်၍ လင်း လက်လျှော့လိုက်ရသည်။ သို့သော် မိမိ အလုပ် လုပ်နေသည့် စစ်ဆေးရုံကို ခေါ်သွားဖို့ မဖြစ်နိုင်ပေ။ ထို့ကြောင့် လက်ထပ်ပြီး နှစ်ပေါင်းနှစ်ဆယ်ကြာသည့်တိုင် ယောကျ်ား အလုပ် လုပ်နေသည့် မြို့ကို ရှုးယု မရောက်ဖူးခဲ့ပေ။

သမီးလေး ဟွာကို မွေးပြီးနောက် ဆယ့်ခုနစ်နှစ်ရှိပြီ။ သူတို့ လင်မယားလို မနေကြတော့ပေ။ ရွာကို ပြန်လာသည့်အခါ တစ်အိပ်ရာစီ အိပ်သည်။ အချစ်မပါဘဲ အိမ်ထောင်ပြုခဲ့ရခြင်းဖြစ်၍ လင်းက မိန်းမကို ချစ်လို့ မရနိုင်ပါ။ မုန်းလည်း မမုန်းခဲ့ပါ။ နှမတစ်ယောက်လို ဆက်ဆံခဲ့သည်။

ခုတော့ လင်း၏ မိဘတွေ ဆုံးရှာကြပြီ။ ဟွာတစ်ယောက်လည်း အလယ်တန်းအောင်သဖြင့် ကုန်သွယ်ရေးသင်တန်းကျောင်း တက်ဖို့ ပြင်နေပြီ။ လင်း၏ စိတ်ထဲတွင် သူတို့သားအမိသည် သူတို့ဘာသာ သီးခြား ဖြစ်နေပြီး သူ၏ အထောက်အပံ့ မလိုတော့သလို ဖြစ်နေသည် ထင်၏။ သည်တော့ ဘဝတစ်ခုစပြီး တစ်အိုးတစ်အိမ် ထူထောင်သင့်ပြီပေါ့။ ညည်သို့ဖြစ်စေ ရင်ခုန်စရာမရှိသည့် သည်အိမ်ထောင်မှ ရုန်းထွက်ဖို့ အချိန်တန်ပြီ။

နောက်တစ်နေ့ မနက်တွင် ကျေးရွာဘုံရိပ်သာပိုင် ဆန်စက်အတွက် မြို့တက်ပြီး မော်တာတစ်လုံးဝယ်မည့် လယ်ထွန်စက် ကြုံသဖြင့် သူတို့ လင်မယား ဝူရှီယာသို့ လိုက်လာခဲ့ကြသည်။ ရှုးယု၏ မောင် ဘင်ရှန်းပါ လိုက်လာသည်။ သုံးယောက်သား လယ်ထွန်စက် နောက်တွဲပေါ်တွင် ထိုင်လိုက်လာကြသည်။ ဘင်ရှန်းက ကျေးရွာ ကုန်ထုတ်လုပ်မှုတပ်ရင်းမှ

www.burmeseclassic.com

www.burmeseclassic.com



တချောင်းကိုင်၊ တွာရှင်းပြတ်စဲရေကိစ္စနှင့် တရားရုံးသွားတိုင်း သူတို့ လင်မယား နှစ်ဦးအတူ ဘင်ရှုန်း လိုက်လာစမြဲ။ တရားရုံးရောက်လျှင်တော့ ဘာမှ ဝင်မပြော၊ နောက်ဆုံးအဆင့်ရောက်တိုင်း ရှုးယု စိတ်ပြောင်းပြောင်း သွားခြင်းမှာ သွေးစနက်ဟု လင်းက ထင်သည်။ သို့သော် သမီးယောက်ဖ နှစ်ယောက် ဘာတစ်ခွန်းမှ မပြောကြဘဲ စီးကရက်ခဲရင်း လိုက်လာခဲ့ကြသည်။

ဝူရှီယာမြို့မှာ ငန်းမြူရွာမှ ၁၈ မိုင် ဝေးသည်။ လမ်းဘေးတစ်ဖက် တစ်ချက်မှ ရှုမဆုံးတော့သည့် လယ်ကွင်းများကို ဘုံရိပ်သာ လယ်သမားတွေ ရိတ်သိမ်းနေကြပြီ။ ကောက်လှိုင်းပုံတွေ စီရရီနှင့် ကြည့်လို့ ကောင်းလှသည်။ ဆောင်ပေါင်းများစွာသော ကောက်ဆွမျှားသည် နေရောင်တွင် တလက်လက်။ ကောက်လှိုင်းစည်းများကို လှည်းပေါ်တင်သူက တင်၊ ရိတ်သူက ရိတ်နှင့် ဘုံရိပ်သာပိုင် လယ်ယာမြေလုပ်ငန်းခွင်၏ မြင်ကွင်း ဖြစ်လေသည်။ လယ်ထွန်စက်သည် လယ်ကွင်းပြင် တစ်မျှော်တစ်ခေါ်ကြီးကို ဖြတ်မောင်းလာခဲ့သည်။ နို့စားနွားမကြီးများ အေးအေးလူလူ မြက်စားနေကြသည်။ နွားသား ပေါက်တလေးတွေက တဘဲဘဲ အော်မြည်လျက်။ ဟိုး မြောက်ဘက်တွင်တော့ ဆန်ဂိုမြစ်သည် ရေကန်ကြီးတစ်ကန်ကဲ့သို့ ကျယ်ပြောပြီး ငြိမ့်ငြိမ့်ညင်ညင် စီးသွင်လျက်။ အညိုရောင် မီးသဘောတစ်စင်းသည် အရှေ့စူးစူးသို့ ဦးတည် မောင်းနှင်လျက် ရှိသည်။ မီးခိုး မည်းမည်းများသည် ခေါင်းတိုင်ဝမှ နောက်ဘက်သို့ တလွင့်လွင့် ဝေ့ကျန်ရစ်သည်။ ငှက်ကြီးဝံဘိုနှစ်ကောင်သည် မိုးတုပ်စက်ဝိုင်းဆီသို့ ပျံသွားနေကြသည်။ လမ်းမှာ ဆိုးသထက် ဆိုးလာသဖြင့် မြို့မရောက်ခင် လင်းတစ်ယောက် ကျောတွေ ရင်တွေ အောင့်နေပြီ။ အင်း နှစ်တိုင်း ဒီလို မဟုတ်ပါဘူး။ အရွယ်ထောက်လာတဲ့ သဘောပဲ ထင်ပါရဲ့။ ဒီအမှုက လူရယ်စရာဖြစ်လောက်အောင် ကြာနေခဲ့ပြီ။ ဒီတစ်ခါတော့ တရားသူကြီးကို အပြတ် ဖြတ်ခိုင်းရတော့မည်။

မြို့အဝင်တွင် မြင်းလှည်းတွေ၊ ထော်လာဂျီတွေနှင့် ပိတ်နေသဖြင့် ထွန်စက်ကို ဘီးတစ်ပတ်ချင်း မောင်းနေရသည်။ ဘင်ရှုန်းနှင့် သူ နာမည်ပြောင်းပေးထားသည့် ထွန်စက်မောင်းသမား ပုဇင်းတို့နှစ်ယောက် စိတ်မရှည်တော့ဘဲ ရေရွတ် ဆဲဆိုစပြုကြသည်။ နောက် နာရီဝက်ကြာမှ ဈေးသည် ဈေးဝယ်တွေနှင့် ရှုပ်ယှက်ခတ်နေသော မြို့လယ်ကောင်သို့ ရောက်ကြသည်။ လမ်းဘေးတွင် ကုန်စိမ်းသည်တွေ၊ သားငါးဆိုင်တွေနှင့် ကြိတ်ကြိတ်တိုး စည်ကားနေသည်။ ခြင်းထဲမှ ကြက်တွေ၊ ဘဲတွေက ဆူညံစွာ အော်ဟစ်နေကြ၏။



ထွန်စက်ဆရာက တရားရုံးနားတွင် သူတို့ကို ချပေးသည်။ နယ်မြို့ တရားရုံးလေးဖြစ်၍ လင်ကွာ မယားကွာကိစ္စ နည်းပါးလှသည်။ ရုံးရောက်လာလျှင် တရားသူကြီးက ကွာရှင်းဖို့ထက် ပြန်ပေါင်းထုပ်ဖို့ တရားဟောလေ့ ရှိ၏။ တရားသူကြီးမှာ ရဲဝတ်စုံဝတ်ထားပြီး အသက် ငါးဆယ်ဝန်းကျင် ဖြစ်သည်။ သူတို့နှစ်ယောက်ကို မြင်တော့ မျက်မှောင် ကုတ်ပြီး ခေါင်းယမ်းကာ 'အင်း. . . လာကြပြန်ပြီ' ဟု တီးတိုး ရေရွတ်သည်။ ခပ်လှမ်းလှမ်းမှ ရဲမေတစ်ယောက်ကို မှတ်တမ်းရေးဖို့ လှမ်းခေါ်သည်။ အားလုံး နေရာယူပြီး ထိုင်လိုက်ကြစဉ် လင်းက ယူလာသည့် ထောက်ခံစာ ပေးဖို့ တရားသူကြီးဆီ လျှောက်သွားသည်။

တရားရုံး လုပ်ထုံး လုပ်နည်းများကို ဆောင်ရွက် ပြီးစီးသည့်အခါ တရားသူကြီးက လင်းအား အမှုအကြောင်း ပြောခိုင်းသည်။

လင်း စကားစသည်။

'တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်တို့နှစ်ယောက်ကြားမှ ချစ်ခြင်း မေတ္တာတို့၊ တပ်မက်မှုတို့ ဆိုတာတွေ မရှိတော့ပါဘူး၊ ကျွန်တော်တို့ လင်မယား အတူမနေတာလည်း ဆယ့်ခုနစ်နှစ် ရှိပါပြီ၊ အဲဒီကာလ တစ်လျှောက်လုံး ကျွန်တော်ဟာ ဇနီးမယားအပေါ်ကို တာဝန်ကျေ. . .'

တရားသူကြီးက လင်းစကားကို ဖြတ်ပြီး

'ကဲ တိုတိုပြောကြရအောင်၊ ခင်ဗျားက နှစ်ဦးသဘောတူ ကွာရှင်းခွင့် လျှောက်ထားခြင်းလို့ ရေးထားတယ်၊ ဒါပေမဲ့ ခင်ဗျားရဲ့ ထောက်ခံစာက ခင်ဗျားတစ်ယောက်တည်းအတွက် ရေးထားတာ၊ ခင်ဗျားမိန်းမဘက်ကရော ကွာရှင်းခွင့် လျှောက်ထားမှာလား'

'အဲဒီလို မဟုတ်ပါဘူး ခင်ဗျာ၊ ကျွန်တော့်ဘက်က လျှောက်ထားတာပါ'

ဒီအမှုကို တရားသူကြီးက အလွတ်ရနေပြီ။ မူကျီဆေးရုံတွင် ဒေါက်တာ လင်းကောင်း ချစ်သူရှိနေပြီ ဖြစ်ကြောင်းလည်း သိထားပြီး ဖြစ်၏။ ထို့ကြောင့် ဘာမှ ဆက်မမေးတော့ဘဲ ရှုးယုဘက်သို့ လှည့်လိုက်သည်။

'မင်းယောကျ်ား ပြောသွားတာတွေက အမှန်ပဲလား'

ရှုးယု ခေါင်းညိတ်ပြီး တိုးတိုးလေး ဖြေသည်။

'ဟုတ်ကဲ့'

'မင်းတို့လင်မယား အတူ မနေတာ ဆယ့်ခုနစ်နှစ် ရှိပြီဆိုတာ ဟုတ်သလား'

www.burmeseclassic.com

www.burmeseclassic.com



ရှုနယူ ခေါင်းယမ်းသည်။

'ဟုတ်သလား၊ မဟုတ်ဘူးလား ပြောပါ'

'ဟုတ်ပါတယ်'

'မင်းယောက်ျား ကွာရှင်းခွင့်တောင်းတာ မင်း လက်ခံလား'

ရှုနယူ ဘာမှ မပြောဘဲ မျက်လွှာချကာ မညီမညာ ကြမ်းပြင်ကို ငုံ့ကြည့်နေသည်။ လင်းက သူ့ကို လှမ်းကြည့်နေပြီး ပြောလေကွာ၊ ခေါင်းညိတ်လေကွာဟု စိတ်ထဲမှ ကြိတ်မနိုင် ခဲမရ ပြောနေသည်။ တစ်မိနစ်ခန့် ကြာသွားသည်။ ရှုနယူထံမှ ဘာသံမှ ထွက်မလာ။ တရားသူကြီးက ကျားရုပ်ကြီးနှင့် ယပ်တောင်ကို တဖျတ်ဖျတ်ခတ်ရင်း စိတ်ရှည်လက်ရှည် စောင့်နေသည်။

'ဖြည်းဖြည်း စဉ်းစား၊ အရမ်း မဆုံးဖြတ်နဲ့'

ထိုအချိန်တွင် သူမောင်က လက်ထောင်လိုက်သည်။ တရားသူကြီးက စကားပြောခွင့် ပေးလိုက်၏။ ဘင်ရှန်း မတ်တတ် ထရပ်သည်။

'တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော့်အစ်မဟာ စာမတတ်တဲ့ ရိုးရိုး အိမ်ရှင်မ တစ်ယောက်ပါ၊ ရိုးလွန်း အလွန်းတော့ သူ့ခံစားချက်ကို သူ ပြောမပြတတ်ပါဘူး၊ သူ ဘာတွေ ခံစားနေရတယ်ဆိုတာ ကျွန်တော် သိပါတယ်'

'ဒါဖြင့် ရုံးတော်ကို ပြောပြပါ'

'လင်းကောင်း ဒီလို လုပ်တာဟာ တရားမျှတမှု မရှိပါဘူး၊ ကျွန်တော့်အစ်မဟာ သူ့မိသားစုထဲမှာ ခြေသုတ်ပုဆိုး မြွေခွယ်ကျိုး နေလာတာ နှစ်ပေါင်း နှစ်ဆယ်ရှိပါပြီ၊ နာတာရှည် သူ့ယောက္ခမကြီးကို ပြုစုနေရာက လင်းရဲ့ အဖေပါ အိပ်ရာထဲ ဗုန်းဗုန်းလဲတော့ လူမမာကြီး နှစ်ယောက်ကို နှစ်ရှည်လများ တစ်ယောက်တည်း ဒိုင်ခံ ပြုစုခဲ့ပါတယ်၊ တစ်ဖက်မှာ သမီးကလေးကိုလည်း လူလားမြောက်အောင် ကျွေးမွေးခဲ့ပြီး အိမ်တွင်း အိမ်ပြင် အလုပ်တွေကို လုပ်ရင်း လင်ယောက်ျားရှိပါရက်နဲ့ မုဆိုးမဘဝမျိုးနဲ့ နေခဲ့ရပါတယ်၊ အဲဒါကို တစ်ရွာလုံး သိပါတယ်၊ ကျွန်တော့်အစ်မ အဲဒီလို ဘဝမျိုးမှာ ကျင်လည်နေရတဲ့ တစ်ချိန်လုံး လင်းကောင်းဟာ မူကျီမှာ နောက်မိန်းမတစ်ယောက်နဲ့ တွဲနေခဲ့ပါတယ်၊ ဒါဟာ လုံးဝ မတရားပါဘူး၊ ဟောင်းသွားတာနဲ့ လွှင့်ပစ်လို့ မရပါဘူး'

ပြောပြီး ဘင်ရှန်း ထိုင်ချလိုက်သည်။ မျက်နှာတွေ နီပြီး မျက်ရည် လည်နေသည်။



ယောက်ဖလုပ်သူ၏ စကားလုံးများကြောင့် လင်း ခေါင်းမဖော်ရဲအောင် ဖြစ်သွားသည်။ သို့သော် ဘာမှ ငြင်းချက်မထုတ်။ မျက်ရည်သုတ်နေသော မိန်းမကို လှမ်းကြည့်ပြီး ကျောက်ဆစ်ရုပ်လို ငြိမ်ပြီး ထိုင်နေသည်။

တရားသူကြီးက ယပ်တောင်ကို ခေါက်လိုက်ပြီး စားပွဲကို လက်သီးဖြင့် ထုလိုက်သည်။ ပြီးမှ လင်း၏ မျက်နှာဆီကို လက်ညှိုးငေါက်ငေါက်ထိုးလျက်

'ဒီမယ် ရဲဘော်လင်းကောင်း၊ ရဲဘော်ဟာ တပ်မတော်အရာရှိ တစ်ယောက် ဖြစ်တယ်၊ တော်လှန်ရေးသမားတစ်ယောက်လည်း ဖြစ်တယ်၊ ခင်ဗျားတို့လို လူတွေက ကျုပ်တို့ ပြည်သူတွေရဲ့ လမ်းပြကြယ်ဖြစ်ရမှာ၊ ခင်ဗျား လမ်းပြပုံက ဘယ်လိုကြီးလဲ၊ ခင်ဗျားမိန်းမက ခင်ဗျား မိသားစုကို မြည်းမတစ်ကောင်လို ရုန်းပြီး အလုပ်အကျွေးပြုခဲ့တယ်၊ အဲဒီမိန်းမအပေါ်မှာ ခင်ဗျား သစ္စာဖောက်တယ်ဆိုရင် ဘယ်လိုလုပ်ပြီး တရားမျှတမှာလဲ၊ ဘယ်လို လုပ်ပြီး သည်းခံနိုင်မှာလဲ၊ ခင်ဗျား အဲဒီ ယူနီဖောင်း အစိမ်းနဲ့ တန်ရဲ့လား။ ခင်ဗျား ဦးထုပ်ပေါ်က ကြယ်နီနဲ့ရော တန်ရဲ့လား'

'ကျွန်တော် မိသားစုအပေါ်မှာ ကျွန်တော် တာဝန်ကျေခဲ့ပါတယ်၊ တစ်လကို ယွမ်လေးဆယ် ထောက်ပံ့ခဲ့ပါတယ်၊ အဲဒါကြောင့် ကျွန်တော့်ကို'

'ခင်ဗျားရဲ့ လျှောက်ထားချက်ကို ရုံးတော်က ပယ်လိုက်တယ်၊ ဒီအမှုကို ဒီအချိန်က စပြီး ပိတ်လိုက်ပြီ'

လင်းကောင်း ဘာမှ မပြောနိုင်ခင် တရားသူကြီး ထပြန်သွားသည်။ မှတ်တမ်းရေး ရဲအမျိုးသမီး ပြုံးစိစိနှင့် ကျန်ခဲ့သည်။

မွန်းတည့်ချိန် ရောက်သွားပြီ။ အပြင်တွင် နေက ခြစ်ခြစ်တောက် ပူနေ၏။ အပြင်လမ်းမပေါ်တွင် လူတွေ ရှုပ်ယှက်ခတ်နေဆဲ။ ကျောင်းသူလေး တစ်သိုက် လမ်းမပေါ်တွင် သီချင်း သံပြိုင်ဆိုပြီး လျှောက်လာသည်။ အမျိုးသမီးတစ်ယောက် ရောင်စုံ ဖဲကြိုးကလေးတွေ ရောင်းနေတာ တွေ့သဖြင့် ဟွာအတွက် ဝယ်သွားဖို့ လင်း စိတ်ကူးလိုက်သည်။ သို့သော် သူ ဘာအရောင် ကြိုက်မှန်းမသိ ဖြစ်နေ၏။ ရှုးယုက 'ပန်းရောင်' ဟု လှမ်းပြောသည်။ လင်းက နှစ်ချောင်းဝယ်လိုက်၏။

လမ်းထောင့်က 'နေထွက်ချိန်' ထမင်းဆိုင်သို့ သုံးယောက်သား ထွက်လာခဲ့ကြသည်။ ဆီချေးတွေ ပေနေသည့် စားပွဲတစ်လုံးတွင် ဝင်ထိုင် လိုက်ကြသည်။ ပုရွက်ဆိတ်ကြီးတစ်ကောင် စားပွဲ အနားတစ်ဘိုက်တွင် လျှောက်သွားနေသည်။ တူတွေ ထောင်ထည့်ထားသည့် ခွက်နှုတ်ခမ်းတွင်လည်း နှစ်ကောင် သုံးကောင်။ အမျိုးသမီးတစ်ယောက် သူတို့ဆီ လျှောက်လာပြီး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာများ သုံးဆောင်ကြမလဲရှင်၊ ခေါက်ဆွဲကြော်နဲ့ ထမင်း ဟင်းမျိုးစုံ ရနိုင်ပါတယ်'

လင်းက ခေါက်ဆွဲပြုတ်နှင့် ဆယ့်နှစ်မျိုးဟင်းချို မှာလိုက်သည်။ ခေါက်ဆွဲပြုတ်ပန်းကန်များပေါ်တွင် ဝက်သားစင်းကောတွေ အမွှေးအမောက် ပုံလျက်။ စကားမပြောကြဘဲ သုံးယောက်သား တိတ်ဆိတ်စွာ စားကြသည်။

စားပြီးမှ ဘင်ရှန်း စကားစသည်။

'အစ်ကို ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်၊ ကျွန်တော့်အစ်မဘက်က ရပ်တည်ပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိလို့ပါ'

'ငါ နားလည်ပါတယ်ကွာ'

'ဒါဆို ကျွန်တော့်ကို စိတ်မဆိုးဘူးပေါ့နော်'

'အေးပါ၊ မဆိုးပါဘူး'

'ဒါဆို မိသားစု မကွဲသေးဘူးပေါ့နော်'

'အေးပါ၊ မကွဲပါဘူး'

ရှုးယုက နောက်ဆုံး ခေါက်ဆွဲဖတ်တွေကို စုပ်ယူရင်း ပြုံးနေသည်။ လင်းက ခေါင်းယမ်းပြီး သက်ပြင်းတစ်ချက် ချလိုက်၏။ ထွန်စက်သမား ပုဇည်းက သူတို့ကို စောင့်မယ်ပြောပြီး မစောင့်ဘဲ ပြန်သွားသဖြင့် ဘင်ရှန်းက ကျိန်ဆဲနေသည်။ တစ်မိုင်ဝေးသည့် ဘတ်စ်ကားမှတ်တိုင် ရှိရာသို့ လမ်းလျှောက်လာခဲ့ကြရ၏။

သူနာပြုဆရာမလေး 'မာနာဝူ' နှင့်၊ ဒေါက်တာ လင်းကောင်းတို့ ချစ်နေကြသည်မှာ ချစ်ရက်ရှည်ကြာခဲ့လေပြီ။ လင်းတို့ လင်မယား ကွာရှင်းပြီးလျှင် လက်ထပ်ကြမည်။ ဘဝတစ်ခု အစပြုမည်ဟု မာနာ တစ်ယောက် စိတ်ရှည်လက်ရှည် စောင့်နေခဲ့သည်။

တစ်နှစ်ပြီး တစ်နှစ် သူ ရွာပြန်သည်။ ကွာရှင်းဖို့ ကြိုးစားသည်။ မအောင်မြင်ဘဲ ဖြစ်လာခဲ့ရသည့် နှစ်တွေ များခဲ့လေပြီ။ သည်နှစ် နှစ်တွင်လည်း အောင်မြင်လိမ့်မည်ဟု မာနာ မထင်ပါ။ ၁၉၅၈ ခုနှစ်ကတည်းက နိုင်ငံရေးမှုးဝမ် ချထားသည့် ဆေးရုံစည်းမျဉ်းအရ ဆယ့်ရှစ်နှစ် ကွဲကွာနေလျှင် အရာရှိတစ်ယောက်သည် ဇနီး၏ သဘောတူညီမှုရဖို့ မလိုဘဲ ကွာရှင်းခွင့် ရနိုင်သည်။ ဆီးချိုရောဂါဖြင့် နိုင်ငံရေးမှုးဝမ် ကွယ်လွန်သွားပြီး ဖြစ်သော်လည်း သည်နည်းဥပဒေမှာ ဆေးရုံတွင် တည်ဆဲရှိနေသည်။

ရွာမှ ပြန်ရောက်လာပြီး နောက်တစ်နေ့တွင် လင်းက မာနာ့ အဆောင်သို့ သွားပြီး မအောင်မြင်ခဲ့သည့် တိုက်ပွဲအကြောင်း ပြောပြလိုက်



သည်။ မာနာက ခံစားမှုကင်းကင်းအသံဖြင့် 'ဆရာ မသွားခင်ကတည်းက မာနာ သိနေသားပဲ' ဟု ဆိုလေသည်။

လင်းက ဒူးပေါ်တွင် လက်နှစ်ဖက်ကို ပတ္တာဆက်ပြီး အားလျော့ အားငယ်လေသံဖြင့် နှစ်သိမ့်သည်။

'သိပ်လည်း စိတ်ပျက်မနေပါနဲ့ မာနာရယ်၊ ကိုယ် အတတ်နိုင်ဆုံး ကြိုးစားခဲ့တာပါကွာ'

'ဟင့်အင်း စိတ်မပျက်ပါဘူး'

'နောက်နှစ်ဆို ရပြီလေ၊ သူ သဘောတူတူ၊ မတူတူ တရားဝင် ကွာရှင်းနိုင်ပြီလေ'

'နောက်နှစ် ဟုတ်လား'

မာနာ့လေသံ ခုမှ မာလာသည်။

'လူ့ဘဝမှာ နောက်နှစ်ပေါင်း ဘယ်လောက် ရှိတယ်များ ဆရာ ထင်နေလဲဟင်'

လင်း ငြိမ်ကျသွားသည်။ မေးစေ့ကို လက်ဝါးနှင့် ထောက်ထားပြီး အတန်ကြာ ငိုင်နေရာမှ

'တို့နှစ်ယောက် နှစ်တွေ အကြာကြီး စောင့်ခဲ့ပြီးပြီပဲ မာနာရယ်၊ ဒီတစ်နှစ်တော့ ဆက်ပြီး သည်းညည်းခံလိုက်ပါကွာ နော်'

မာနာက သူ့ကို စိမ်းစိမ်းကြည့်လိုက်သည်။

'ဆရာ ကျွန်မကို သေသေချာချာ ကြည့်ပါဦး၊ မာနာ အဘွားကြီး ဖြစ်တော့မယ်'

'အို မဟုတ်တာ၊ မာနာကလဲကွာ၊ ကလေးမဆန်စမ်းပါနဲ့'

မှန်ပါသည်။ မာနာ မအိုသေးပါ။ လေးဆယ်နားကပ်လာပေမယ့် ထင်းမျက်စိထဲတွင် အပျိုလေးနဲ့ တူနေပါသေးသည်။ ပါးပေါ်တွင် အရေအကြောင်းကလေးများ မဆိုစလောက် ထင်လာပေမယ့် မိန်းမကျက်သရေဖြင့် လှနေမြဲပါ။ မျက်ဝန်းနက်များက လင်းလက် တောက်ပနေဆဲပါ။ ဆံစကလေးများ မဆိုသလောက် ဖြူစ ပြုလာသော်လည်း ကျော့ရှင်းသည့် ကိုယ်နေဟန်ကြောင့် မာနာ နုပျိုနေဆဲပါ။ နောက်မှကြည့်လျှင် မာနာသည် အစိတ် သုံးဆယ်ကျော်ထက် ပိုသည် မထင်ရပါ။

အခန်းတံခါး ပွင့်လာသည်။ မာနာ့အခန်းဖော် ဆရာမ 'ဆု' ဝင်လာသည်။ ခေတ်စားနေသည့် 'နေရောင်ရွှန်းတဲ့ ကျွန်းကလေးပေါ်မှာ' သီချင်းကို

www.burmeseclassic.com

www.burmeseclassic.com



ခပ်တိုးတိုး မြည်တမ်းလာသည်။ သူ့ခုတင်ပေါ်တွင် ထိုင်နေသည့် ဒေါက်တာလင်း ကို မြင်တော့ လျှာကလေးထုတ်ပြီး အားတုံ့အားနာလေသံဖြင့် ပြောသည်။

'အို ဆောရီးနော်၊ ဆရာ ရောက်နေမှန်း မသိလို့'

'ဆရာက တောင်းပန်ရမှာပါ ဆုရယ်'

ဆုက အိပ်ရာနံဘေးမှာ ဗီရိုကို ဖွင့်ပြီး ခရမ်းချဉ်သီးတစ်လုံး ယူ၍ မြှန်ထွက်သွားသည်။ သီချင်းကလေး တအေးအေးနှင့်ပင်။

ပြောစရာမရှိတော့သလို အခန်းထဲတွင် တိတ်ဆိတ် ကျန်ရစ်သည်။ ခဏနေတော့ တံခါးထပိတ်ပြီး လင်းက အခန်းထောင့်မှ ဝါကြန့်ကြန့် ကြွေလက်ဆေးကန်တွင် မျက်နှာသစ်သည်။ မာနာ၏ မျက်နှာသုတ်ပုဝါဖြူဖြင့် ရေတွေ သုတ်ပြီး 'ညနေမှ တွေ့မယ်နော်၊ ကိုယ် ဝဒ်ထဲ သွားလိုက်ဦးမယ်' ပြောတော့ မာနာ ခေါင်းညိတ်ပြသည်။

သူတို့နှစ်ယောက်စလုံး ဆေးကုသဆောင်တွင် တာဝန်ကျသည်။ လင်းက သမားတော်။ မာနာက စကတ်စိမ်းနှင့် သူနာပြုခေါင်းဆောင်။ သူတို့နှစ်ယောက်ကို ဆေးရုံတစ်ခုလုံးက ချစ်သူများအဖြစ် အသိအမှတ်ပြုထားကြသော်လည်း အတူနေခွင့် မရကြသေး။ ထမင်းစားဆောင်တွင် တစ်စားပွဲတည်း ထိုင်စားပြီး ဆေးရုံဝင်းထဲတွင် အတူတွဲ လမ်းလျှောက်ရုံမျှလောက်ဖြင့် ကျေနပ်နေကြရသည်။ ဆရာဝန်နှင့် ဆရာမ လက်မထပ်ဘဲ ကိုယ်ဝန်ရှိသွားလျှင် နှစ်ယောက်စလုံး တပ်က အထုတ်ခံရမည်။

လက်မထပ်ခင် နှစ်ယောက်သား ဆေးရုံဝင်းထဲမှ အပ အတူတွဲ သွားလာခွင့် မရှိ။ ဤသည်မှာ ဆေးရုံပါတီကော်မီတီ၏ တင်းကျပ်သည့် စည်းမျဉ်း ဖြစ်သည်။ ဥပဒေ ချိုးဖောက်လျှင် အမျိုးသားက အရပ်ဆရာဝန် ဖြစ်သွားပြီး ကျေးရွာ ကျန်းမာရေးမှူး အဆင့်သို့ လျှောကျသွားပြီး မိန်းကလေးက စက်ရုံတစ်ခုခုသို့ အပို့ခံရသည်။ ရေထွက်ပစ္စည်း စက်ရုံတစ်ခု၏ ထုပ်ပိုးဌာနသို့ ဖြစ်စေ၊ စည်သွတ်ဘူးစက်ရုံ တစ်ခုခုသို့ဖြစ်စေ ရောက်သွားတတ်သည်။ ထို့ကြောင့် လူငယ် ဆရာဝန်များက ဆေးရုံ ဆရာမများထက် မြို့ထဲက မိန်းကလေးများကို ပို၍ စိတ်ဝင်စားကြသည်။

အိမ်ထောင် ရှိသူများ ချစ်သူ မထားရ။ ထို့ကြောင့် လင်းနှင့် မာနာတို့ နှစ်ယောက်မှာ မြင်ရုံသာ မြင်နေကြရသည့် ချစ်သူများဘဝဖြင့် သံမဏိစည်းကမ်းအောက်တွင် နီးလျက်နဲ့ ဝေးနေကြသည်မှာ ချစ်ရက်တွေ ရှည်ကြာခဲ့လေပြီ။ လက်ထပ်ခွင့် ရမည့် ရက်ကို မျှော်ရင်း မျှော်ရင်း ရင်တွင်းဆန္ဒများ ကျင့်သားရကာ ငြိမ်သက်စပြုလေပြီ။

o

အပိုင်း – ၁

အခန်း [ ၁ ]

လင်းကောင်းသည် ၁၉၆၃ ခုနှစ်ကုန်ပိုင်းက စစ်ဘက် ဆေးတက္ကသိုလ်မှ ဆရာဝန်ဘွဲ့ယူခဲ့ပြီး မူဂျီ စစ်ဆေးရုံတွင် တာဝန်ကျသည့် ဆရာဝန်တစ်ဦး ဖြစ်သည်။ ထိုအချိန်က ဆေးရုံတွင် သူနာပြုသင်တန်းကျောင်းကလေး တွဲဖွင့်ထားသည်။ မန်ချူးရီးယားနှင့် အတွင်းမောင်ဂိုးလီယား ရှေ့တန်းတွင် သူနာပြုများ လိုအပ်နေချိန် ဖြစ်၍ မူဂျီဆေးရုံတွင် ဆယ့်ခြောက်လသင်တန်း တွဲဖက် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

၁၉၆၄ ခုနှစ်တွင် သည်သင်တန်းသို့ မာနာဝူး ရောက်လာခဲ့သည်။ ဒေါက်တာလင်းကောင်းက ခန္ဓာဗေဒဘာသာရပ် သင်ကြားရသည့် ဆရာ။ မာနာသည် ထိုစဉ်က အလွန် တက်ကြွသည့် ကျောင်းသူတစ်ဦးဖြစ်သည်။ အားကစားတွင်လည်း ဆေးရုံ ဘောလီဘောအသင်း လက်ရွေးစင်။ သူနာပြု ကျောင်းသူများသည် အလယ်တန်းနှင့် အထက်တန်း အောင်ပြီးသူများ ဖြစ်သည်။ မာနာဝူးက အထက်တန်း အောင်ပြီးလို့ ကြေးနန်း ဌာနတွင် တယ်လီဖုန်း အော်ပရေတာအဖြစ် သုံးနှစ် လုပ်ခဲ့ပြီးပြီ။ သင်တန်းသူများထဲတွင် သူက အသက်အကြီးဆုံး။ သူနာပြုသင်တန်း၏ ကိုးဆယ့်ငါးရာခိုင်နှုန်းမှာ မိန်းကလေးများ ဖြစ်၍ မူဂျီစစ်တပ်မှ အရာရှိငယ်များသည် အားလပ်ရက်တိုင်း ဆေးရုံသို့ အလည်အပတ် ရောက်လာတတ်ကြသည်။

www.burmeseclassic.com



သူနာပြုတိုင်းသည် စစ်တပ်ထဲ ဝင်ထားကြရသည့် စစ်သူနာပြုများ ဖြစ်သည်၊ သူတို့တွင် အချင်းချင်း ရည်းစားထားခွင့် မရှိ။ သို့သော် အရာရှိငယ်များက စစ်သူနာပြုများကို အရပ်ထဲက မိန်းကလေးများထက် စိတ်ဝင်စားသည်။ သူတို့က ဆေးစစ်ပြီးမှ စစ်တပ်ကို ဝင်ခွင့်ရသူများ တော့တ်လား။ အဓိပ္ပာယ်မှာ သူတို့အားလုံး အပျိုရည်မပျက်သေး။ ပန်းဦး ကြွေပြီးသူ မိန်းကလေးများ ဆေးကျကြသည်။

တစ်ခုသော နွေရာသီ တနင်္ဂနွေတစ်ရက်တွင် မာနာတစ်ယောက်တည်း ရေချိုးဆောင်တွင် အဝတ် လျှော်နေစဉ် စစ်ဗိုလ်ကလေး တစ်ယောက် ရောက်လာသည်။ အရပ် မနိမ့်မမြင့်၊ မျက်နှာတွင် မှဲ့ခြောက်တွေနှင့်၊ ဦးထုပ် မပါ။ အဝတ်အစား မသေမသပ်နှင့်။ အပေါ်ဆုံး ကော်လာ အကျီ ကြယ်သီး တပ်မထား။ သူ့လည်ပင်းမှ စလုတ်ကြီးကို အတိုင်းသား မြင်နေရ၏။ သူက မာနာ့ နံဘေးတွင် လာရပ်သည်။ သူ့ ခြေညှပ် ဖိနပ်ကို ဖွင့်ထားသည်။ ရေဘုံပိုင်မှ ရေတွေ စဉ်နေသည်။ ခြေထောက်တွေကို အကြာကြီး ရေဆေး နေသည်။ သူ့ပါးစပ်မှ အရက်နံ့သင်းသင်း ထွက်နေ၏။

မာနာ့ကို ပြုံးပြတော့ မာနာ ပြန်ပြုံးပြလိုက်သည်။ သူက သူ့အကြောင်း ပြောပြသည်။ မူဂျီတပ်ရင်းက ရေဒီယိုဆက်သွယ်ရေး အရာရှိ တဲ့။ သူက နည်းပြဆရာ ပင်ရဲ့ သူငယ်ချင်း။ သူငယ်ချင်းဆီ လာလည်တာပါ ပေါ့လေ။ ပြီးတော့ မာနာ့အကြောင်း မေးသည်။ ဘယ်ဇာတိလဲတဲ့။ သူ စကား ပြောနေတုန်း သူ့လက်တွေ မသိမသာ တုန်နေတာကို မာနာ သတိထားမိ လိုက်သည်။

'ကျွန်မ ရှန်ဒေါင်း ပြည်နယ်ကပါ'

တိဘက်မှာ ကားမှောက်လို့ မိဘတွေ သေဆုံးခဲ့တဲ့ အကြောင်းနဲ့ မိဘမဲ့ဘဝဖြင့် ကြီးပြင်းခဲ့ရကြောင်းတော့ မာနာ ထည့်မပြောဘဲ ထားလိုက် သည်။

'နာမည် ဘယ်လိုခေါ်လဲဟင်'

'မာနာဝူးပါ'

'ကျွန်တော့်နာမည် မိုင်ဒေါင်းပါ၊ ရှန်ဟဲကပါ'

စကားပြတ်သွားသည်။ မာနာ့ မျက်နှာ မဆိုစလောက် ရှက်သွေးဖြာ နေ၏။ သို့ဖြင့် အဝတ် ဆက်လျှော်နေလိုက်သည်။ သူက စကား ဆက်ပြော ချင်နေပုံ။

'သိရတာ ဝမ်းသာပါတယ် ရဲဘော် မာနာဝူး'



သူက ရုတ်တရက် လက်ဆန့်ပေးသည်။ မာနာက ရှက်ပြုံးတလေး ပြုံးပြီး "ဆပ်ပြာမြှုပ်တွေ ဝေနေသည့် လက်နှစ်ဖက်ကို ထောင်ပြရင်း ပြန်ပြောလိုက်သည်။

'ဆောရီးနော်'

'ဒါထက် မူဂျီကို သဘောကျရဲ့လား'

'အင်း မဆိုးပါဘူး'

'ဟုတ်လား၊ ရာသီဥတုကိုကော'

'မဆိုးပါဘူး'

'ဆောင်းတွင်းမှာ တအား မအေးဘူးလား'

မာနာ မဖြေခင် သူ စကားဆက်သည်။

'အင်း နွေမှာတော့ မဆိုးပါဘူး၊ ဒါထက်. . .'

မာနာက ရယ်ပြီး

'ဒါ့ထက် ရှင် ဘာပြုလို့ ရှစ်ခါ ကိုးခါ ခြေဆေးနေတာလဲဟင်'

'ဟုတ်လား'

သူက ခြေထောက်ကို ငုံ့ကြည့်ပြီး အူကြောင်ကြောင်လုပ်နေသည်။ မာနာက စကားပြောစရာ မရှိသဖြင့်

'ရှင့်ဖိနပ်ကလေးက လှသားပဲ'

'ဟုတ်ကဲ့၊ ရှန်ဟဲက ဝမ်းကွဲတစ်ယောက် ပို့လာပေးတာလေ၊ အဲ စကားမစပ် မာနာဝူး အသက် ဘယ်လောက်ရှိပြီလဲဟင်'

သူက ရယ်ကျဲကျဲဖြင့် မေးလိုက်ခြင်း ဖြစ်သည်။

ဘယ်လို မေးခွန်းပါလိမ့်၊ မာနာ မျက်နှာနီပြီး တစ်ဖက်သို့ လှည့်ပစ် လိုက်သည်။

သူက ခပ်အေးအေး ပြုံးပြီး

'ဒီလိုပါခင်ဗျာ၊ ကျွန်တော် သိချင်တာက မာနာ့မှာ အတွဲရှိနေပြီလား လို့ပါ'

မာနာ မျက်မှောင်ကြုတ်သွားသည်။ ဘာမှ ပြန်မပြောနိုင်မီ သင်တန်းသူ တစ်ယောက် ရေခပ်ဖို့ ဝင်လာသည်နှင့် စကားပြတ်သွားသည်။ ဤသို့ဖြင့် သူတို့ လမ်းခွဲလိုက်ကြသည်။

နောက်တစ်ပတ် ကြာတော့ မိုင်ဒေါင်းထံမှ စာရောက်လာသည်။ ထိုနေ့က သူ့အပြုအမူနှင့် မသေမသပ်ဖြစ်နေသည့် သူ့အမူအရာအတွက် တောင်းပန်သည့် စာ။ အရာရှိ တစ်ယောက်အနေဖြင့် ရိုင်းပျခဲ့ကြောင်း နှင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ပါကြောင်း စသည် စသည်၊ မာနာ

www.burmeseclassic.com

www.burmeseclassic.com



တာပြန်ရေးလိုက်သည်။ ဘာမှ ခွင့်မလွှတ်နိုင်စရာမရှိကြောင်း၊ ပွင့်ပွင့်လင်းလင်း ပြောတတ်တာ၊ ဟန်ဆောင်မှု မရှိတာတွေကို သဘောပင် ကျမိပါကြောင်း။

သူတို့ နှစ်ယောက်စလုံး နှစ်ဆယ်တွင်းအရွယ်များ ဖြစ်သည်။ နှစ်ယောက်စလုံး ရည်းစားမထားဖူးကြသေး။ အပတ်စဉ် စာရေးဖြစ်ကြသည်။ နှစ်လကြာတော့ တနင်္ဂနွေလိုနေ့များရောက်လျှင် မြို့ထဲတွင် ချိန်းတွေ့ကြသည်။ ရုပ်ရှင်ရုံမှာ၊ ပန်းခြံမှာ၊ ကမ်းနားဆိပ်မှာ ဆုံကြသည်။ မိုင်ဒေါင်းက လူဦးရေ နှစ်သောင်းခွဲလောက်ရှိသည့် မူဂျီကို မကြိုက်၊ သေလုမြောပါး အေးလွန်းလှသည့် ဆောင်းရာသီကို သူ တွေးကြောက်နေသည်။ ဆိုက်ဘေးရီးယားမှ လာသည့် မြောက်လေကို သူ မခံနိုင်။ ကောင်းကင် တစ်ခွင်လုံး မည်းမှောင်သွားအောင် နှင်းမုန်တိုင်းတွေကို သယ်ဆောင်လာသည့် မြောက်ပြန်လေရိုင်း။ သည်လို ရာသီဥတုကို သူ မခံနိုင်။ နာတာရှည် လည်ချောင်းနာရောဂါ ပေါ်လာသည်ချည်း။ သည်လိုအခါတွင် မျက်စိတွေပါ ပြာဝေလာပြီး သံကြိုးစာတွေ ပို့ရ ဖမ်းရသည့် အလုပ်ကို ကောင်းကောင်း မလုပ်နိုင်တော့ပေ။ ထို့ကြောင့် ဆောင်းကို သူ မုန်းသည်။

မာနာက သူ့ကို အကြင်နာစကားတွေဖြင့် အားပေးသည်။ နှစ်သိမ့်သည်။ မိုင်ဒေါင်းသည် ပင်ကိုအားဖြင့် သိမ်မွေ့သူ အားငယ်တတ်သူ ဖြစ်သည်။ သူ့ကို ဂရုစိုက်ပေးမည့် အစ်မတစ်ယောက်၊ သို့မဟုတ် မိခင် တစ်ယောက် လိုနေသည်ဟု မာနာ ထင်သည်။

ဆီးနှင်းပေါက်တို့ မိုးလောက် ပြင်းထန်နေသည့် စနေတစ်နေ့။ သူတို့နှစ်ယောက် ပန်းခြံထဲတွင် ချိန်းတွေ့ကြသည်။ ကန်ပေါင်ပေါ်မှ ငိုကြွေးနေသည့် မိုးမခပင်ရိပ်တွင် နှစ်ယောက်သား ထိုင်ပြီး ဟိုမှာဘက်ကမ်းမှ စွန်လွှတ်နေကြသည့် ကလေး တစ်သိုက်ကို လှမ်းကြည့်နေကြသည်။ လေတံခွန်တွေ နှင်းထုကို ဖောက်၍ ကောင်းကင်တွင် ဝဲပျံနေကြသည်။ သူတို့နှင့် ကိုက်တစ်ရာလောက် အကွာမှာ သစ်ပင်တစ်ပင်တွင် မြည်းတစ်ကောင်ကို ကြိုးနှင့် ချည်ထားသည်။ မြည်းက အမြီးတယမ်းယမ်းနှင့်။ သူ့သခင်က မြက်ခင်းပေါ်တွင် ပက်လက်လှန်အိပ်နေသည်။ ယင်ကောင်တွေ အနှောင့်အယှက် မပေးနိုင်အောင် မျက်နှာကို ဦးထုပ်နှင့် ဖုံးထားသည်။ သစ်ကြားသီးပင်မှ အပွင့်တွေ လေထဲတွင် တဝေ့ဝေ့ကြွေကျနေ၏။ မိုင်ဒေါင်းက ရုတ်တရက် မာနာ့ပခုံးကို သိုင်းဖက်ကာ နှုတ်ခမ်းကို နမ်းဖို့ ကြိုးစားသည်။

မာနာက ဝုန်းခနဲ ထရပ်ပြီး အော်လိုက်သည်။

'အဲဒါ ဘာလုပ်တာလဲ'



ရေကန်ထဲမှ ငန်းတစ်သိုက်နှင့် ရေဘဲတွေ လန့်ပြီး အဝေးသို့ ကူးပြေးသွားကြသည်။ မာနာသည် ယခုအချိန်အထိ ယောကျ်ားလေး တစ်ယောက်၏ အနမ်းမခံရဖူးပေ။ မိုင်ဒေါင်းက နားမလည်နိုင်စွာဖြင့်

'မာနာ အဲဒီလောက် စိတ်ဆိုးလိမ့်မယ် မထင်ဘူး'

'နောက် ဒါမျိုး ဘယ်တော့မှ မလုပ်နဲ့'

'ကောင်းပါပြီကွာ၊ မလုပ်ရဲတော့ပါဘူး'

မိုင်ဒေါင်းက စိတ်ပျက်လက်ပျက်နှင့် တစ်ဖက်ကို လှည့်ပြီး ပြောလိုက်သည်။

နောက်ပိုင်းတွင် မာနာက သူ့ကို သိပ်အကပ်မခံတော့။ မာနာက မိန်းကလေးတို့ ဣန္ဒြေကို ရှေ့လို တန်ဖိုးထားချင်သည်။ မိုင်ဒေါင်းကမူ ချိုသိပ်စိတ်ကို ကြိတ်မှိတ်ထားရ၏။ သို့သော် ကြာကြာ မခံနိုင်တော့ဘဲ တစ်နေ့တွင် ဖွင့်ပြောမိတော့သည်။ ဘယ်ရွေ့ဘယ်မျှ ချစ်မိနေပြီ ဖြစ်ကြောင်း၊ အိပ်မပျော်သော ညတွေ များလာနေသည့်အကြောင်း၊ ချစ်သူက သူ့ကို အရိပ်ပမာ ညို့ယူ ဖမ်းစားထားပြီ ဖြစ်ကြောင်း။

ပြီးတော့ အမြန်ဆုံး လက်ထပ်ချင်ပါပြီတဲ့။ သူ ကြိတ်မနိုင် ခဲမရ ဖွင့်ဟသည့်အချိန်တွင် မာနာ သင်တန်း ပြီးဖို့ နှစ်လ လိုသေးသည်။

မာနာကလည်း ညစဉ် သူ့အကြောင်း စဉ်းစားနေသည်သာပင်။ သို့သော် သူ ရှုးများနေပြီလား။ ဘယ်လိုလုပ်ပြီး လက်ထပ်နိုင်ဦးမှာလဲ။ ချေစ်ဖူးသည့် မိန်းကလေးမို့ စဉ်းစားရသည်နှင့် ဦးနှောက်တွေ ချာချာလည်နေပြီ။ သင်တန်းတွင် အမှတ်တွေ နည်းလာ၏။ အဆင့်ကျလာသည်။ သည်အတွက် ကိုယ့်ကိုယ်ကိုယ် ဒေါသထွက်နေသည်။ ထိုအခါ အကြောင်းမဲ့ စိတ်တိုနေတတ်သည်။ အနားတွင် ဘယ်သူမှ မရှိသည့်အခါ တစ်ယောက်တည်း ကြိတ်ငိုမိသည်။

လက်ထပ်ဖို့ ဆိုသည်မှာ လုံးဝ မဖြစ်နိုင်သေးသည့် ကိစ္စပါ။ သင်တန်းပြီးလျှင် ဘယ်ကို ရောက်မည်မှန်း မသိသေး။ အတွင်း မွန်ဂိုလီးယား သို့ ရောက်ချင် ရောက်မည်။ မန်ချူးရီးယားကို ရောက်ချင် ရောက်မည်။ အဆိုးဆုံးမှာ ခုနေ လက်ထပ်လိုက်လျှင် သင်တန်းပြီးသည်နှင့် လင်မယား နှစ်ယောက်ကို အဝေးဆုံးနေရာတွေကို တမင်တကာ ပို့ခံရမည်မှာ မှုချ။ ဒီလို အစဉ်အလာတွေ အများကြီးရှိခဲ့ဖူးသည်။

သူ့ကို မိုင်ဒေါင်း လက်ထပ်ခွင့်တောင်းသည့် ကိစ္စနှင့် ပတ်သတ်၍ မာနာက ဆရာလင်းမှ လွဲပြီး ဘယ်သူ့ကိုမှ ဖွင့်မပြော။ ဆရာက အိမ်ထောင်သည်ဖြစ်သည့်ပြင် စိတ်ထား ဖြူစင်သူဖြစ်၍ သင်တန်းသူအားလုံး ချစ်ကြ

www.burmeseclassic.com



သည်။ အစ်ကိုကြီးတစ်ယောက်လို သဘောထားကြသည်။ ထို့ကြောင့် မာနာက ဆရာ့အကြံဉာဏ်ကို ရယူချင်သည်။

မာနာ့သဘောထားကို ဆရာက ထောက်ခံသည်။ လောလောဆယ် လက်ထပ်ဖို့ မသင့်။ သင်တန်းပြီးမှ စဉ်းစားသင့်သည်ဟု အကြံပြုသည်။ ဒီတိစ္စ ဘယ်သူမှ မပေါက်ကြားစေရပါဘူးဟုလည်း ဆရာက ကတိပေးသည်။ ထို့ပြင် သင်တန်းပြီးလို့ လက်ထပ်ဖြစ်လျှင်လည်း အဆင်ပြေမည့် နေရာကို ရောက်အောင် တတ်နိုင်သမျှ အကူအညီပေးမည့် အကြောင်းပါ ပြောလိုက်သေးသည်။

မာနာက မိုင်ဒေါင်းကို မလောဖို့၊ အချိန်ယူဖို့ ပြောသော်လည်း တစ်ဖက်က လက်ကာလေ၊ သူက လက်ကမ်းလေ ဖြစ်လာသည်။ တဖြည်းဖြည်း သင်တန်းပြီးချိန် နီးလာပြီ။ မိုင်ဒေါင်း ပို၍ ပို၍ ဆောက်တည်ရာမရ ဖြစ်လာသည်။ ထိုအခါ မာနာပါ သူ့ကိုကြည့်ပြီး တွေချင်ချင်ဖြစ်လာတော့သည်။ မိုင်ဒေါင်းအနေဖြင့် သင်တန်းပြီးလျှင် မာနာက မူဂျီတွင် ကျန်ရစ်ပြီး မိမိက အဝေးကို လွင့်မှာ အရမ်း စိုးရိမ်နေသည်။

သင်တန်းပြီးတော့ မာနာတစ်ယောက် လက်ရှိဆေးရုံကုသဆောင်တွင် တာဝန်ကျသည်။ ရာထူးမှာ အငယ်တန်း သူနာပြု အရာရှိ၊ မာနာ့အတွက် ရတောင့်ရခဲ အခွင့်အရေးမျိုး။ သို့သော် သူများ ပျော်လို့ မပျော်နိုင်သူက မိုင်ဒေါင်း။

ထင်သည့်အတိုင်းပင် သူ့ရေဒီယို ဌာနစိတ် ဖူယမ်း ပြည်နယ်သို့ ပြောင်းဖို့ အမိန့်ထွက်လာသည်။ ဖူယမ်းမှာ မူဂျီမှ မိုင်ရှစ်ဆယ် ဝေးသည့် ရှုရှား နယ်စပ်မြို့ ဖြစ်သည်။

မာနာက သူ့ကို နှစ်သိမ့်သည်။

'ဘာမှ မပူနဲ့ သိလား၊ ရှေ့တန်းမှာ အလုပ်ကို ကြိုးစားလုပ်၊ မာနာ စောင့်နေမယ်'

သူ့ကိုကြည့်ပြီး မာနာ သနားနေသည်။ သူ့ကို မာနာက သည့်ထက် သန်မာစေချင်သည်။ ခရီးကြမ်းကို လျှောက်လှမ်းရဲစေချင်သည်။ ဘဝရှေ့ရေးက ဘယ်လောက် မုန်တိုင်းထန်လေဦးမည် မသိဘူးလေ။

'ဒါဆို ဘယ်တော့ လက်ထပ်ကြမလဲ'

'မာနာ ကတိပေးပါတယ်ကွယ်၊ မကြာတော့ပါဘူး'

ပြောလို့သာ ပြောလိုက်ရသော်လည်း မူဂျီကို သူ ပြန်လာပါ့တော့မလားဟု မာနာ စိုးရိမ်နေ၏။ သို့သော် လောလောဆယ် ချက်ချင်းကြီးတော့ လက်မထပ်ချင်သေး။



ပြောင်းရမည့်ရက် နီးလာလေ၊ မိုင်ဒေါင်း ယောက်ယက်ခတ်လေ ဖြစ်လာသည်။ တပ်က ထွက်မည်တကဲကဲ လုပ်နေသဖြင့် မာနာက ချော့မော့ထားရသည်။

'မထူးပါဘူးကွာ၊ ထွက်စာတင်ပြီး ရှန်ဟဲ ပြန်တော့မယ်'

'အို. . . အဲဒီလို မလုပ်ပါနဲ့ တခြား ပို့ပစ်လိုက်ရင် ဘယ့်နှယ်လုပ်မလဲ၊ ဟိုးအဝေးကြီးက ရေနံမြေတွေ၊ ရထားလမ်း ဖောက်နေတဲ့ နေရာတွေ ရောက်သွားရင် ဘယ့်နှယ်လုပ်မလဲ'

မာနာ ပြောတာ ဟုတ်ပါသည်။ မိုင် ရှစ်ဆယ်သည် ဘာမှ ဝေးသည့် အကွာအဝေး မဟုတ်ပါ။

သူတို့ တပ်ပြောင်းသည့် မနက်က ဂိတ်ဝမှာ မာနာ လာစောင့်နေသည်။ လက်အိတ်မေ့လာသဖြင့် လက်နှစ်ဖက်ကို အာငွေ့နှင့် မှုတ်နေရသည်။ မိုင်ဒေါင်းက သူ့ကို သိုးမွေးလက်အိတ် တစ်စုံ လက်ဆောင် ပေးသည်။ သူ သွားမည့် နေရာက ပိုအေးမှာမို့ မာနာက မယူဘဲ သူ့ကို ပြန်ပေးလိုက်သည်။ ရေဒီယိုကား နောက်ဘက်တွင် သူ မတ်တတ်ရပ်နေသည်ကို လှမ်းမြင်နေရသည်။ သူ့တစ်ကိုယ်လုံး နှင်းတွေ ဖုံးလို့။

ရဲဘော်တွေကို သူ အော်ဟစ် အမိန့် ပေးနေရင်း မာနာ့ကို သူ လှမ်းမြင်သွားသည်။ ကားပြတင်းပေါက်သို့ ရဲဘော်တွေ တိုးဝှေ့လာနေကြသည်။ မာနာ့ကို မြင်ဖူးချင်၍ဖြစ်၏။

ကားမောင်း ထွက်သွားတော့ မိုင်ဒေါင်းက ချစ်သူကို လက်နှစ်ဖက်လုံး ဝှေ့ယမ်းပြီး နှုတ်ဆက်သည်။ သူလက်ဝှေ့ယမ်းနေရင်း ချစ်၍ ခေါ်ရာ လိုက်ခဲ့ပါဟု လက်ယပ်ခေါ်နေဘိသို့ ရှိ၏။ မိုင်ဒေါင်း ငိုချင်နေသည်။ သူ့ ရင်ထဲက အော်နေသည်။ 'စောင့်နေနော်၊ ကိုယ်ပြန်လာတဲ့ထိ စောင့်နေနော်' ရဲဘော်တွေရှေ့တွင်မို့ အသံတော့ မထွက်ရဲ။ သူ့မျက်နှာပေါ်မှ ဝေဒနာကို မာနာလှမ်းမြင်တော့ ရင်ထဲ ဆို့သွားသည်။ မြင်ကွင်းတစ်ခုလုံး ဝေဝါးသွား၏။ မငိုမိအောင် နှုတ်ခမ်းကို နာနာ ကိုက်ထားလိုက်သည်။

မူဂျီ ဆောင်းကာလက ရှည်လျားသည်။ မေလဆန်းအထိ နှင်းမစဲသေး။ ဖြိုလလယ်လောက်တွင် ဆန်ဂူးမြစ်ထဲမှ ရေခဲတွေ ပျော်ဆင်းလာလျှင် လူတွေ ကမ်းနားသို့ ထွက်ကြည့်ကြသည်။ ကလေးသူငယ်များက ခြင်းတောင်းတိုယ်စီဖြင့် ရောမ ရေခဲတုံးကြီးတွေပေါ် ခုန်တက်ပြီး ငါးအသေးတွေကို ဆွာယူကြသည်။

တစ်ရက် နှစ်ရက်ကြာလျှင် သင်္ဘောတွေ ခုတ်မောင်းနိုင်တော့မည်။ သင်္ဘောတွေက ကမ်းပေါ်က လူတွေကို ဥဩဆွဲ၍ နှုတ်ဆက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကလေးသူငယ်တွေကလည်း ကမ်းပေါ်မှ လက်ပြကာ အော်ဟစ်နှုတ်ဆက် ကြသည်။

နွေဦးသည် ဖြန်းစားကြီး ဝင်လာလေပြီ။ လေအဝှေ့တွင် မိုးမခပင်များ ယိမ်းကနေကြပြီ။ အပင်များပေါ်တွင် တွဲလွဲကျနေသည့် ပန်းပွင့်များလည်း လေထဲတွင် ပျံ့ဝဲနေကြပြီး ပတ်ဝန်းကျင်တစ်ခွင်လုံး မွှေးပျံ့ ကြိုင်သင်းနေလေတော့သည်။ မူးယစ်ရီဝေ ချစ်စရာ နွေဦးပါပေ။ သက်ကြီးရွယ်အိုများက အနွေးထည် အထပ်ထပ် ဝတ်ထားကြရဆဲ။ နှင်းခဲပျော်ချိန်ဖြစ်၍ မြေကြီးပေါ်တွင် ဝါကြန့်ကြန့်မြက်ပင်တွေ ကုန်းရုန်းထလာကြပြီ။ နေခြည်ဖြာ၍ နွေးစပြုပြီဖြစ်၍ မြေငွေ့တွေ တလူလူ လွင့်ပျံ့စပြုပြီ။ ရှက်ခြည်းဆိုသလို မက်မွန်ပင်တွေ ဆီးတော်ပင်တွေ အပြိုင်အဆိုင် ဖူးပွင့် ဝေစီစ ပြုလာကြသည်။ တပြိုင်တည်းတွင် ပျား၊ ပိတုန်းတို့သည်လည်း ဝတ်ရည်သုံးဖို့ အလုအယက် စုပြုံ တိုးဝှေ့လာကြတော့သည်။ ဤသို့ဖြင့် နှစ်ပတ်အတွင်း နွေဦးကာလ မြူထလို့ မပြီးခင် နွေပီပီရာသီ ရောက်လာလေတော့သည်။ သည်အရပ်တွင် နွေဦးသည် မည်ကာမတ္တမျှသာ။ ထို့ကြောင့် မူကျီတွင် ရာသီဥတုသုံးမျိုးသာ ရှိသည်ဟု အဆိုရှိခြင်းဖြစ်သည်။

မာနာက သူမ ဆုံစည်းလိုက်ရသော မူကျီ ရာသီဥတု အကြောင်းတွေ ရေးပြီး မိုင်ဒေါင်းဆီ ပို့သည်။ ထုံးစံအတိုင်း ရှေ့တန်း စစ်မြေပြင် ဘဝကို မိုင်ဒေါင်းက ချူသံပါအောင် ညည်းသည့်စာတွေ ရေးပြီး ပြန်ကြားသည်။ ဟင်းသီးဟင်းရွက် များများ မစားရ၍ ရဲဘော်တွေ ညပိုင်း အမြင်အာရုံချွတ်ယွင်းပြီး ကြက်မျက်သင့်ရောဂါ ဖြစ်နေကြကြောင်း၊ ရေမချိုးနိုင်ကြသဖြင့် သန်းတွေစွဲကာ စစ်တန်းလျားတစ်ခုလုံး ဝဲခြောက်တွေ ပေါက်နေကြကြောင်း စသည် စသည် အနိဋ္ဌာရုံသတင်းများ။ ရှေ့တန်း ရောက်ပြီး လပေါင်းများစွာ အတွင်း ရုပ်ရှင်ကား နှစ်ကားပဲ ကြည့်ရကြောင်း၊ ကိုယ်အလေးချိန် ဆယ့်လေးပေါင်ကျသွားပြီး လူက ကမ္ဘာ့ဇွန်းရုပ်ပေါက်နေကြောင်းလည်း ပါ၏။ မာနာက လစဉ် အစားအသောက်တွေ ပို့ပေးသည်။

ဇွန်လ တစ်ညနေတွင် မာနာနှင့် အဖော်တစ်သိုက် ဘော်လီဘောကွင်းသို့ အသွားတွင် စာပို့ ရဲဘော်ဘင်ပင်း ရောက်လာပြီး မာနာ့အတွက် စာတစ်စောင် ပါလာကြောင်း ပြော၍ အိတ်ကြီးထဲမှ ထုတ်ပေးသည်။

'ရည်းစားစာ လာပြီပေါ့၊ အစ်မ မာနာ ဘောလုံး ပုတ်ဖို့ စိတ်ပါတော့မှာ မဟုတ်ဘူး'

ဆရာမလေးတွေ ဝိုင်းစနေကြသည်ကို မမှုနိုင်ဘဲ မာနာ ချက်ချင်း ဖောက်ဖတ်သည်။ စာဖတ်ရင်း မာနာ လက်တွေ တုန်လာသည်။ နယ်စပ်



ရာသီဥတုကို လုံးဝ မခံနိုင်တော့၍ တပ်မှ ထွက်စာ တင်လိုက်ရာ ကျလာပြီဖြစ်ကြောင်း၊ ရှန်ဟဲသို့ ပြန်ရတော့မည် ဖြစ်ကြောင်းများ အစချီပြီး ရေးထားသည့် စာကို ဆက်ဖတ်ရာ မထင်ဘဲနှင့် မာနာ အသည်းကွဲရလေတော့သည်။ သူ့ညီမဝမ်းကွဲ၊ အရောင်းစာရေးမကလေးနှင့် လက်ထပ်ရတော့မည်ဖြစ်ကြောင်း၊ မဟုတ်လျှင် ရှန်ဟဲသို့ ပြန်နေခွင့်ရနိုင်မည် မဟုတ်ကြောင်း သည်မိန်းကလေးနှင့် စေ့စပ်ကြောင်းလမ်းမှုကြောင့် တပ်က ထွက်ခွင့်ရခြင်း ဖြစ်ကြောင်းများနှင့် သူ့ကို ခွင့်လွှတ်ဖို့ အကြောင်းများ ရေးထားပြီး နောက်ဆုံးတွင် မုန်းလိုက် မေ့လိုက်ပါတဲ့။

စာကို ကိုင်ပြီး မာနာ အကြာကြီး ငိုင်နေသည်။

'အစ်မ မာနာ ဘာမှ မဖြစ်ပါဘူးနော်'

ဆရာမလေးရှန်က မေးသည်။ မာနာက ခေါင်းညိတ်ပြီး ဘော်လီဘောကွင်းသို့ ဆက်လျှောက်သွားကြသည်။

မာနာ၏ ရိုက်ချက်တွေ သည်နေ့ ပိုပြင်းနေသည်။ ကောင်မလေးတွေ 'ဘရာဗို၊ ဘရာဗို' ဟု ဝိုင်းအော်ပေးကြသည်။ သူ့မျက်နှာပေါ်တွင် ချွေးတွေနှင့် မျက်ရည်တွေ ရောနေသည်ကိုတော့ သူတို့ မသိကြ။ တစ်ဖက်က ခုတ်ချလိုက်သည့် ဘောလုံးကို ဒိုင်ဗင်ထိုးပြီး ကာကွယ်လိုက်ရာ ညာဘက်တံတောင်ဆစ် စုတ်ပြတ်သွားသည်။ ပွဲကြည့်ပရိသတ် လက်ခုပ်သြဘာပေးကြပြန်သည်။ ကပျာကယာ ကုန်းထလိုက်သည်။ တံတောင်ဆစ်တွင် သွေးတွေ စို့လာသည်။

ပွဲနားချိန် ဆေးခန်းသွားဖို့ ဆရာမလေးတွေ ဝိုင်းပြောကြသဖြင့် မာနာ ထွက်လာခဲ့သည်။ သို့သော် ဆေးခန်းမသွားဘဲ အဆောင်သို့ ပြန်လာခဲ့သည်။ အနာကို ရေဆေးရုံ ဆေးပြီး ပတ်တီးမစည်းဘဲ နေလိုက်သည်။

အခန်းထဲတွင် ဘယ်သူမှ မရှိကြ။ စာကို တစ်ခေါက် ပြန်ဖတ်သည်။ မျက်ရည်တွေ ကျလာ၏။ စာရွက်တွေကို စားပွဲပေါ် ပစ်တင်ပြီး အိပ်ရာပေါ်သို့ ထဲ့ချကာခေါင်းအုံးကို ကိုက်ထားလိုက်ချင်သည်။ ကုပ်ပေါ်သို့ ခြင်တစ်ကောင် နားပြီး ကိုက်နေသည်ကို မောင်းဖို့ သတိမရ။ အသက်ရှူလို့ မဝတော့။ ရင်ထဲတွင် သည်လို နာကျင်သည့် ဝေဒနာမျိုး ဘယ်တုန်းကမှ မခံစားခဲ့ဖူး။

ကိုးနာရီထိုးလို့ အခန်းဖော်သုံးယောက် ပြန်ရောက်လာသည့်တိုင် မာနာ မျက်ရည်မစဲသေး။ ကလေးမတွေ မာနာ့စာကို ကောက်ဖတ်ကြသည်။ ပြီးတော့ မိုင်ဒေါင်းကို ဝိုင်းဆဲကြပြီး မာနာ့ကို ချော့ကြသည်။ သူတို့ နှစ်သိမ့်စကားတွေ ဝိုင်းပြောလေ မာနာ ငိုချင်လေ ဖြစ်နေသည်။ မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



မသေစ်၊ သွားမတိုက်၊ အဝတ်မလဲတော့ဘဲ အိပ်ရာဝင်လိုက်သည်။ သို့သော် အိပ်မပျော်ဘဲ မျက်ရည်တွေသာ ပါးပြင်ပေါ်သို့ သွင်သွင် စီးကျနေသည်။

တစ်ပတ်လုံးလုံး မာနာ ဖျားနေသည်။ မျက်နှာမှာ သိသိသာသာ ချောင်ကျသွားသည်။ သူ မပြောင်းခင် လက်မထပ်လိုက်မိသည့်အတွက် နောင်တရလို့မဆုံး ဖြစ်နေ၏။ ခြေတွေ လက်တွေ မသယ်ချင်လောက်အောင် နွမ်းခွေနေသဖြင့် နေကောင်းလာသည့်တိုင် ဘော်လီဘော မကစားတော့ပေ။ သူငယ်ချင်းတွေ ဘယ်လောက်ခေါ်ခေါ် ကွင်းဘက်ကို ခြေဦးမလှည့်တော့။ တစ်ယောက်တည်းပဲ နေချင်တော့သည်။ အငယ်တွေနှင့် မပေါင်းတော့ဘဲ တိုယ့်ကိုယ်ကိုယ် လူကြီးပိုင်းစာရင်းသွင်းပြီး ဆရာမကြီး သုံး လေးယောက်နှင့်သာ တွဲတော့သည်။ အဝတ်အစားလည်း ဂရုမစိုက်တော့။ ပြပြပြင်ပြင် နေချင်စိတ်လည်း မရှိတော့ပေ။

မာနာ နှစ်ဆယ့်ခြောက်နှစ် ပြည့်တော့မည်။ အပျိုဟိုင်း စာရင်း ဝင်သွားပြီ။ ထို့ကြောင့် အဘွားကြီးတွေနှင့်ပဲ ပေါင်းတော့၏။

ဆွဲဆောင်မှု မရှိတော့လောက်အောင် စိတ်ဓာတ်ကျသွားသော်လည်း မာနာက ကိုယ်လုံးကိုယ်ပေါက် လှသည်။ ကရုဏာသံ ရှိသည်။ ရည်းစား တစ်ယောက် ရဖို့ ဘာမှ အခက်အခဲ ရှိမည် မဟုတ်ပေ။ သို့သော် အငယ် အချောတွေ ရာချီရှိနေသည့် ဆေးရုံတွင် အရာရှိငယ်များ မာနာ့ကို မျက်စိ လျှမ်းနေကြသည်။

စိတ်ဝင်စားသူတစ်ယောက်တော့ ရှိသည်။ စားဖိုဆောင်က ပုပုကွကွ ထမင်းချက်။ မာနာ့ကို ဟင်းတွေ ပိုပိုသာသာ ထည့်ပေးတတ်သဖြင့် မာနာ မနည်း ရှောင်နေရသည်။

○

[ ၂ ]

၁၉၆၀ ပြည့်လွန်နှစ်များက ဆေးရုံတွင် ဆေးတက္ကသိုလ်ဘွဲ့ရ ဆရာဝန် လေးဦးသာ ရှိသည်။ လင်းကောင်း တစ်ယောက် အပါအဝင် ဖြစ်၏။ ကျန်ခုနစ်ဆယ်မှာ စစ်ဆေးရုံများမှ နှစ်တိုသင်တန်းဆင်းများ ဖြစ်ကြသည်။ လင်းသည် ဆရာဝန်ကြီးတစ်ယောက်ဖြစ်နေပြီး ပန်းပေါ်တွင် ဘားတစ်ချောင်း တြယ်သုံးပွင့်ဖြင့်။ တစ်လ ကိုးဆယ့်လေးယွမ်စား ဗိုလ်ကြီးအဆင့် ရောက် နေပြီ။ နောက် ရောက်လာသည့် ဆရာဝန်မလေးများ၊ သူနာပြုဆရာမလေး များက သူ့ကို ကြွေချင်ကြသည်။ သူ အိမ်ထောင်သည်မှန်း မသိခင်ပေါ့လေ။

ဆေးရုံတွင် ဆရာလင်းနှင့် ပတ်သက်ပြီး သတင်းတွေ အမျိုးမျိုး ထွက်နေသည်။ 'သူ့မိန်းမက သူ့ထက် ရှစ်နှစ် ကြီးသတဲ့' 'လူကြီးတွေက သူတို့ကို ကလေးဘဝကတည်းက ပေးစားထားတာတဲ့' 'သူ့ကို သူ့အမျိုးသမီးက ငယ်ငယ်တုန်းက ထိန်းခဲ့ရတာတဲ့' စသည် စသည်။ သို့သော် သူ့အမျိုးသမီး မည်သို့ မည်ပုံဆိုသည်ကို ဘယ်သူမှ မပြောနိုင်ကြ။

ဆရာဝန်လင်းနှင့် သူနာပြု မာနာတို့သည် သူနာပြုသင်တန်းမှာ ကတည်းက ရင်းနှီးခဲ့ကြသည်။ ဆရာလင်းက တခြား သင်တန်းဆရာများလို ဟိန်းကြီးခန်းကြီး မရှိ။ ထို့ကြောင့် မာနာက လေးစားသည်။ သင်တန်း ပြီးသို့

www.burmeseclassic.com

www.burmeseclassic.com



တစ်ဌာနတည်းတွင် တာဝန်ကျသည့်အခါ ပိုရင်းနှီးလာကြသည်။ အရပ်မြင့်မြင့်နှင့် ယောကျ်ားပီသပြီး အေးအေးဆေးဆေးနေတတ်သော စကားပြောကောင်းသော ဆရာလင်းကို မာနာ သဘောကျသည်။ ဆရာလင်းက သူများတွေနှင့် စကားပြောလျှင် တလေးတစား နားထောင်သည်။ အသက်သုံးဆယ်သာ ရှိသေးသော်လည်း လူကြီးတစ်ယောက်လို တည်ငြိမ်သည်။ စာအရူးဖတ်ခြင်းကြောင့် သူ့ကို စာကြမ်းပိုးဟု ခင်မင်သူများက ခေါ်ကြသည်။

မိုင်ဒေါင်းနှင့် ဇာတ်လမ်းပြတ်သွားပြီ ဖြစ်ကြောင်း ပြောတော့ လင်းက အားပေးသည်။

'စိတ်မပျက်ပါနဲ့ မာနာရယ်၊ သူ့ကို မေ့လိုက်ပေါ့၊ သူ့ထက် သာတာမင်း တွေ့မှာပါ'

ဆရာ့ နှစ်သိမ့်စကားတွေ ကြားရတော့ မာနာ ကျေးဇူးတင်နေမိသည်။ ဆရာ့ကို မာနာ ယုံသည်။ သူက မိမိ၏ ချစ်ကံခေပုံတွေကို ဘယ်သူ့ကိုမှ ပြန်ပြောမည့် လူစားမျိုး မဟုတ်။

တစ်နေ့တွင် လေးဖက်နာပျောက်ဆေးလုံးကလေးတွေနှင့် ဆေးပညာဖျာနယ်တစ်စောင် ပေးရန်ရှိ၍ ဆရာလင်း၏ အဆောင်သို့ မာနာ ထွက်လာခဲ့သည်။ သူ့အခန်းထဲတွင် သူတစ်ယောက်တည်း ရှိနေသည်။ အခန်းဖော် ဆရာဝန် နှစ်ယောက် ပြန်မရောက်ကြသေး။ သူ့ ခုတင်ခေါင်းရင်းမှ စာအုပ်စင်ကို သတိထားလိုက်မိသည်။ စာအုပ်နှစ်ရာခန့် ရှိမည်။ အများအားဖြင့် မာနာနှင့် စိမ်းသည့် နာမည်တွေချည်း။ 'လူငယ့်တေးသံ' 'အပြည်ပြည်ဆိုင်ရာ ကွန်မြူနစ်ဝါဒသမိုင်း' 'စစ်နှင့် ငြိမ်းချမ်းရေး' 'သံလမ်းတစ်လျှောက်မှ ပျောက်ကျားတပ်ခွဲ' 'မိုးညဖြူဖြူ' 'လီနင်' စသည် စသည်။ အောက်ဆုံးထပ်တွင်တော့ ရုရှဘာသာဖြင့် ရေးထားသည့် ဆေးပညာစာအုပ်တွေ။ ဆရာ့ကို မာနာ ပိုအထင်ကြီးသွားသည်။ သူ့အသိအကျွမ်းထဲတွင် နိုင်ငံခြားဘာသာ ဖတ်နိုင်သူ တစ်ယောက်မျှ မရှိ။

သူ့အခန်းဖော် နှစ်ယောက်၏ အိပ်ရာတွင် ဘာစာအုပ်မျှ မတွေ့။ သူတို့နှစ်ယောက်၏ အလယ်စားပွဲနိမ့်တွင် ရောမ ကြေးအမြောက်ဆန်အခွံကြီး။ အမြင့် တစ်ပေလောက် ရှိသည်။ သူတို့ အိပ်ရာခင်းနှင့် ခေါင်းအုံးတွေက ပန်းပွင့်တွေ ဒီဇိုင်းတွေနှင့်။ ဆရာလင်း၏ အိပ်ရာကတော့ တပ်က ထုတ်ပေးသည့် အစိမ်းနှင့် အဖြူ။ သူ့ခြင်ထောင်မှာ ဝါညစ်နေပြီး



အောက်ပိုင်းတွင် ပေါက်ပြဲနေသည်။ ဆရာလင်းအကြောင်း တီးတိုးပြောသံများကို မာနာ ပြန်သတိရလိုက်သည်။ 'ဆရာလင်းက အရမ်း ကပ်စေးနဲ့တာ၊ မက်ခ်က ထမင်း ဟင်းပဲ စားတယ်၊ အပြင်က ဘာမှ ဝယ်မစားဘူး'၊ သူတို့ ပြောတာ ဟုတ် မဟုတ် မာနာ မသိပါ။ ဆရာက ထမင်း စားရာတွင် ဘယ်တော့မှ ဟင်းချေးမများ။ အမျိုးသမီးတစ်ယောက် ဇာထိုးသလို ထမင်းကို အေးအေးဆေးဆေး စားသည်။

ဆရာလင်းက သူ့နံဘေးမှ ဒေါက်တာမင်းချမ်း၏ ခုတင်အောက်သို့ ငုံ့လိုက်တော့ မာနာ အံ့ဩသွားသည်။ လင်းက ဇလုံကြီးတစ်ခု ဆွဲထုတ်ပြီး

'တို့သုံးယောက် ပန်းသစ်သော့တွေ စုဝယ်ထားတာ'

ဇလုံထဲတွင် အလုံးနှစ်ဆယ်လောက် ရှိလိမ့်မည်။

'အို နေပါစေ ဆရာ၊ ညှိသည်မှ မဟုတ်တာ'

'ကြုံတုန်း ကျွေးရတာ၊ နင် မနက်ဖြန်လာရင် တစ်လုံးမှ ကျန်တော့မှာ မဟုတ်ဘူး'

ပြောပြောဆိုဆို အကြီးဆုံးတစ်လုံး ရွေးပြီး ဇလုံကို ခုတင်အောက်သို့ ခြေထောက်ဖြင့် ပြန်တွန်းသွင်းလိုက်သည်။

'ခဏလေးနော်၊ ဆရာ ချက်ချင်း ပြန်လာခဲ့မယ်'

သစ်သီးကို ရေဆေးရန် သူ ထွက်သွားခြင်း ဖြစ်သည်။

သူ့အိပ်ရာပေါ်မှ စာအုပ်တစ်အုပ်ကို မာနာ ကောက်လှန်လိုက်သည်။ စတာလင်ရေးသည့် 'လီနင်ဝါဒ၏ ပြဿနာများ' စာအုပ်ထဲမှ ကတ်ပြားလေး တစ်ခု ထွက်လာသည်။ ကတ်ပြားကလေးပေါ်မှ ရှုခင်းပုံမှာ ရင်အေးစရာကောင်းလှသည်။ သက်ကယ်မိုး တိုက်အိမ်ကလေးပေါ်သို့ တစ်ဖက်တစ်ချက်မှ သစ်ကိုင်းများ ညွတ်ကျနေသည်။ ဟိုး. . . အဝေးမှ တောင်ကုန်းပေါ်တွင် ငှက်ငါးကောင် အတောင်မခတ်ဘဲ လေဟုန်စီး ပျံဝဲနေကြ၏။ ဝင်လုဆဲဆဲ နေဝန်းကြီး၏ ရွှေအိုရောင်အလင်းဖျော့ဖျော့က တောင်တန်းပေါ်သို့ ဖြာကျနေသည်။ အိမ်ကလေး၏ အပေါ်တည့်တည့်တွင် ရေးထားသည့် စာတန်းက Ex-LIBRIS။

လင်းပြန်လာတော့ မာနာက မေးသည်။

'ဆရာ အဲဒါ ဘာအဓိပ္ပာယ်လဲဟင်'

'လက်တင်ဘာသာလေ၊ အဓိပ္ပာယ်က ကျွန်ုပ်၏ ကိုယ်ပိုင်စာကြည့်တိုက်တဲ့'

www.burmeseclassic.com

www.burmeseclassic.com



ပန်းသစ်သော့ ကမ်းပေးလာတော့ ရှည်သွယ်သွယ် ဆရာ့လက်ချောင်းတွေကို မာနာ သတိပြုလိုက်မိသည်။ ဒီလက်ချောင်းမျိုးတွေက ခွဲစိတ်ဆရာဝန်ဖြစ်ဖို့ ကောင်းတာ။ ဘာဖြစ်လို့ သမားတော် ဖြစ်လာတာပါလိမ့်။

'ဆရာ့စာအုပ်တွေ ခဏကြည့်လို့ ရမလားဟင်'

'အိုး . . . ရတာပေါ့။ ကြိုက်သလောက် ကြည့်ပါ'

ပန်းသစ်သော့ကို မာနာ တစ်ကိုက် ကိုက်လိုက်သည်။ အရည်ရွှမ်းကာ အရသာရှိလှ၏။ စာအုပ်တိုင်းတွင် စောစောက ရွှင်းကတ်ပြားကလေးများ ညှပ်ထားသည်။ အချို့ စာအုပ်ထူထူကြီးများတွင် လင်းကိုယ်ပိုင်တံဆိပ်တုံး ထုထားသည်။ စာအုပ်တွေကို အမြတ်တနိုးထားပုံကြည့်ပြီး မာနာ သဘောကျနေသည်။ မာနာ ကြာကြာနေချိန် မရှိပါ။ အခြား ဆရာဝန်တစ်ယောက်ဆီ အထုပ်တစ်ထုပ် သွားပေးရဦးမည်။

နောက်ပိုင်းတွင် လင်း၏ စာအုပ်တွေကို မာနာ ငှားဖတ်သည်။ ဆေးရုံ စာကြည့်တိုက်က နိုင်ငံရေးနှင့် ဆေးပညာစာအုပ်တွေပဲ ထားသည်။ ဝတ္ထု စာအုပ် နှစ်ဒါဇင်လောက်ကို ယဉ်ကျေးမှုတော်လှန်ရေး တပ်နီလူငယ်များ၏ လက်ထဲ အပ်လိုက်ရသည်။ လွန်ခဲ့သည့် နှစ်လက မြို့တော်ခန်းမရှေ့တွင် ဘူဇွာစာပေဟု အမည်တပ်ပြီး မီးရှို့ခဲ့သည့် စာအုပ်မီးပုံပွဲတွင် အားလုံး ပါသွားခဲ့သည်။ ဆရာလင်း၏ စာအုပ်တွေ ဒီတိုင်း ရှိနေသည်မှာ မာနာ့ အတွက် ထူးဆန်းနေသည်။ သူ့ကို သတိပေးမည့် လူမရှိဘူး ထင်ပါရဲ့။ ဆေးရုံတော်လှန်ရေး အင်အားစုထဲက မသိကြလို့ ထင်ပါရဲ့။

လင်း၏ ကိုယ်ပိုင် စာကြည့်တိုက်ကလေးကို အရာရှိအချို့ တိတ်တိတ် ငှားဖတ်နေကြောင်း မာနာ နောက်မှ သိရသည်။ တစ်ခါတလေ ဖတ်ချင်သည့်ဝတ္ထု ပြန်ရောက်မလာ၍ မာနာ စောင့်ရသည့် အခါများ ရှိသည်။

မာနာသည် စာဖတ်ဝါသနာ အလွန်အမင်းပါသူတော့ မဟုတ်ပေ။ လင်းအခန်းရောက်ပြီးမှ စွဲစွဲမြဲမြဲ ဖတ်ချင်စိတ် ပေါက်လာခြင်း ဖြစ်သည်။ သူတို့တစ်တွေ ဘယ်လို စာအုပ်မျိုး ကြိုက်တယ်၊ ဘယ်လို စာပေတွေ လေ့လာတယ်ဆိုတာလည်း သိချင်သည်လေ။ သူတို့တစ်တွေ လျှို့ဝှက်အဖွဲ့ကလေး ဖွဲ့ထားတာများလား။

အောက်တိုဘာလ ၁ ရက်နေ့၊ အမျိုးသားနေ့တွင် ဓာတ်ပုံဆိုင်နှင့် မျက်နှာချင်းဆိုင်ရှိ လင်း၏ အခန်းသို့ မာနာ ရောက်သွားသည်။ ဓာတ်ပုံဆိုင်ပိုင်ရှင် အဘိုးကြီးမှာ ခြေတစ်ဖက်မရှိသည့် ဒုက္ခိတကြီးဖြစ်သည်။ လင်းက သူ့စာအုပ်တွေကို အဖုံး ဖုံးနေစဉ် ဖြစ်သည်။



'ဒီအတိုင်းထားလို့ မဖြစ်တော့ဘူး မာနာ၊ ဒီစာအုပ်တွေက အန္တရာယ်ရှိတယ်၊ ခု ဖုံးနေတာ တစ်ဝက်လောက် ပြီးနေပြီ၊ ကူလုပ်ပေးပါလား'

'စောစောက ပြောရောပေါ့ ဆရာရယ်၊ လုပ်ပေးမှာပေါ့'

ထိုနေ့က အခန်းထဲတွင် အခန်းဖော် ဆရာဝန်များဖြစ်ကြသည့် မင်းချမ်းနှင့် ဂျင်တီယန်တို့ ရှိနေကြသည်။ သူတို့နှစ်ယောက် စစ်တုရင် ကစားနေကြ၏။ ဘီယာသောက်ရင်း ကစားနေကြခြင်း ဖြစ်သည်။ မင်းချမ်းက အပ်စိုက်ကု ဆရာဝန်။ ဂျင်တီယန်က လက်ထောက် ခွဲစိတ် ဆရာဝန်။ နှစ်ယောက်စလုံး ဆေးရုံသင်တန်းဆင်းတွေ ဖြစ်သည်။ လင်းက ကတ်ကြေး တစ်လက်နှင့် တိပ်တွေ၊ ကတ်ထူစက္ကူတွေ လာချပေးသည်။ သူတို့နှစ်ယောက် ငြင်းကြ ခုန်ကြနှင့် သည်းသည်းမည်းမည်း ကစားနေစဉ် လင်းနှင့် မာနာတ စကားမပြောဘဲ စာအုပ်ဖုံးကြသည်။ ပြီးသည့် စာအုပ်တွေကို စာအုပ်စင်ပေါ် ပြန်တင်ပြီး ကတ်ကြေးလှမ်းယူစဉ်၊ စက္ကူလှမ်းဆွဲစဉ် အကြိမ်ကြိမ် လက်ချင်း ထိမိကြသည်။ မာနာက ပြုံးဖို့ ကြိုးစားသော်လည်း နှုတ်ခမ်းအစုံတွင် အပြုံး ထင်မလာဘဲ မျက်နှာနီမြန်းကာ ခေါင်းငုံ့ထားသည်။

ဗရုတ်သုတ်ခ အခန်းဖော်တွေ ကြားတွင် မာနာ အရမ်း ထိန်းနေရသည်။ သူတို့သာ မရှိလျှင် စကားတွေ အများကြီး ပြောဖြစ်မည် ထင်သည်။

နှစ်နာရီအတွင်း စာအုပ်တွေ ဖုံးပြီးသွားသည်။ စာအုပ်အနှောင့်မှ စာအုပ်နာမည်တွေ ပျောက်သွားပြီး တစ်အုပ်နှင့် တစ်အုပ် ဘယ်လိုမှ ခွဲခြားမရတော့။

မာနာက လင်းကို ကြည့်ပြီး

'ဟင် . . . ဆရာ ဘယ်လိုလုပ်ပြီး စာအုပ်တွေ ခွဲနိုင်တော့မှာလဲ'

'သိတာပေါ့။ အဲဒါ မပူနဲ့ မာနာ၊ ကိုယ့်စာအုပ်တွေကို ဘယ်လိုထားထား တိုယ် သိတယ်'

ဆရာလင်း ရှက်ပြုံးလိုလို အပြုံးကလေးငွေ့ငွေ့ ပြုံးသည်။ သူ တမင် မျက်နှာလွှဲပစ်လိုက်မှန်း မာနာ သိလိုက်၏။ စာအုပ်တွေ စီပြီးသည်နှင့် သူ့စာအုပ်စင်ကို ပိတ်စကလေးနှင့် ကာပစ်လိုက်သည်။ သူ့ကိုယ်ပိုင် စာကြည့်တိုက်ကလေးကို အပြီးအပိုင် ပိတ်ပစ်လိုက်သည့်အလား။ သူ့အခန်း ဖော်နှစ်ယောက်နှင့် သူ ဘယ်လို အဆင်ပြေအောင် နေနေပါလိမ့်ဟု မာနာ အံ့ဩနေသည်။ သဘာဝချင်းက ပြဒါးတစ်လမ်း သံတစ်လမ်း။ သူ အရမ်း သဘောကောင်းလို့ ဖြစ်မှာပေါ့နော်။

www.burmeseclassic.com

www.burmeseclassic.com



နောက်နှစ်ရက်အကြာတွင် ဆေးရုံ နိုင်ငံရေးဌာနမှ ကြေညာချက် တစ်ခု ထွက်လာသည်။ ဆေးရုံဝန်ထမ်းအားလုံး ဖောက်ပြန်ရေး အရင်းရှင် စာပေတွေကို နိုင်ငံတော်ကို အပ်ရမည်တဲ့။ အထူးသဖြင့် နိုင်ငံခြား စာရေးဆရာတွေ၏ စာအုပ်များကို အပ်နှံကြရမည်တဲ့။

မာနာက ဆရာလင်း ကမ်းပေးသည့် ရေသန့်ဘူးကို လှမ်းယူရင်း

'ဆရာ ဘယ့်နှယ် လုပ်မလဲဟင်'

'ကိစ္စမရှိပါဘူး မာနာရယ်၊ ကိုယ် သက်ဆိုင်ရာကို စာအုပ်တွေ အပ်ပြီးသားပါ။ ဒါက မိတ္တူတွေလေ'

သူ စိတ်မပူနဲ့ပြောမှ မာနာ ပိုစိတ်ပူသွားသည်။ သူတို့ မသိဘဲ နေမည်လား။ သည်စာအုပ်တွေကို အဖုံး ဖုံးသည်ကိုကော သူတို့ မသိဘဲ နေမည်လား။ သူ ဘာလို့ ဒါလောက် စွန့်စားနေတာလဲ။ သည်အတွက် သူခံရမည့် အပြစ်ကို သူ မသိဘူးလား။ ၎င်းပွဲအလယ်တွင် အရှက်ခွဲခံရမည်။

ဒေါက်တာလင်းကောင်းဆီမှာ နိုင်ငံခြားစာအုပ်တွေ ရှိတယ်ဆိုတာ လူတိုင်းသိသည်။ ဘာပြုလို့ ပါတီက လူတွေ လက်ပိုက်ကြည့်နေကြတာလဲ။ ဘာကြောင့် သည်စာအုပ်တွေကို မသိမ်းကြသေးတာလဲ။

မာနာက လင်းကိုလည်း သည်အကြောင်း မမေးရဲ။ သို့သော် သူ့စာအုပ်တွေကို မာနာ ငှားမဖတ်ရဲတော့ပေ။

၀

[ ၃ ]

၁၉၆၆ ခုနှစ်။ ဆေးရုံမှ စခန်းချခရီး ထွက်ရမည့် အချိန်။ ဘာကြောင့်မှန်း မသိဘဲ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က အမိန့်တစ်ခု ထုတ်ပြန်လိုက်သည်။ တပ်မတော်သည် ခေတ်မီ သယ်ယူပို့ဆောင်ရေးစနစ်များ မရှိဘဲ ခရီးရှည် ချီတက်နိုင်ရမည်တဲ့။ ခေတ်မီယာဉ်ပို့ဆောင်ရေးသည် စစ်သည်တော်တို့၏ စိတ်ဓာတ်ကို ပျော့ညံ့စေရုံမက အားကိုးရလောက်သည့် စနစ်လည်း မဟုတ်။

အမိန့်က ရှင်းရှင်းကြီး ဆိုထားသည်။

'အဲဒါကြောင့် ငါတို့သည် ငါတို့၏ သမိုင်းဝင် မဟာခရီးရှည် ချီတက်ပွဲကြီးကို အာရုံပြုကြရမည်။ အတုယူကြရမည်။ အဲဒီ သမိုင်းအစဉ်အလာကို ထိန်းသိမ်းကြရမည်။ ဒါကြောင့် မော်တော်ယာဉ်တွေအစား မြည်းတွေ လားတွေကို အားကိုးကြရမည်'

ဤသို့ဖြင့် တစ်လလုံးလုံး ဆေးရုံဝန်ထမ်း သုံးပုံတစ်ပုံလောက် မိုင်လေးရာခရီးကို ချီတက်ကြရသည်။ ရွာတွေ၊ မြို့ငယ်ကလေးတွေမှာ စခန်းချကြရသည်။ လမ်းတစ်လျှောက်တွင် စစ်မျက်နှာအသီးသီးမှ ခေါ်ရာ ရလာသည့် စစ်သည်တွေကို ဆေးကုသရင်း၊ အသက်ကယ်ရင်း အတွေ့အကြုံ

www.burmeseclassic.com

www.burmeseclassic.com



တွေ ယူကြရသည်။ သည်စစ်ဆင်ရေး ခရီးတစ်လျှောက်လုံး မာနာနဲ့ ဆရာဝန်လင်းတို့ လက်တွဲ ချီတက်ခဲ့ကြသည်။ အတွေ့အကြုံတွေ ရယူသည်။ သင်တန်းတွေ ပြန်ပေးပြီး ရဲဘော်တွေနှင့် မျှဝေ ခံစားသည်။

လင်းက လူနှစ်ဆယ့်ရှစ်ယောက်ပါသည့် တပ်စုတစ်စု၏ စုမှူးအဖြစ် တာဝန်ယူရသည်။ ပထမဆုံးအဖြစ် တပ်ထွက်ဖူးခြင်းဖြစ်သည်။ ထို့ကြောင့် တာဝန်ကို ဦးလည်မသုန် ထမ်းဆောင်သည်။

ပထမပိုင်းတွင်တော့ ချီတက်ရသည်မှာ ပျော်စရာ။ လမ်းတွေက ကောင်းနေပြီး လူတွေက လန်းနေကြသေးသည်။ တောင်ပေါ်ဒေသသို့ ရောက်လာသည့်အခါ လမ်းက ကြမ်းသထက် ကြမ်းလာသည်။ လမ်းကြမ်းကို လျှောက်နေရာမှ လမ်းမရှိသည့် တောင်တန်းတွေပေါ် ရောက်သွားသည့်အခါ တပ်စုတစ်ခုလုံး အလဲလဲ၊ အကွဲကွဲ ဖြစ်လာတော့သည်။ ရွာသားတွေက သူတို့ကို တအံ့တဩကြည့်နေကြသည်။ မြို့ငယ်ကလေးများသို့ ဖြတ်သည့်အခါ မြို့ခံတွေက လှိုက်လှိုက်လှဲလှဲ လက်ခုပ်တီး ကြိုဆိုကြသော်လည်း ခေါင်းငိုက်ချကာ ကိုယ့်ကိုယ်ကိုယ် မနည်းသယ်နေရသော ရဲဘော် ရဲမေများက သူတို့ သရော် လှောင်ပြောင်နေသည် ထင်လာကြ၏။ ယောက်ျားနှင့် မိန်းမ တန်းတူ တာဝန်ယူကြရသည်။ အမျိုးသမီးများက သေနတ်မလွယ်ရသော်လည်း အခြားပစ္စည်းများ ထမ်းပိုးကြရသည်။

လေငြိမ်နေသော နေ့တစ်နေ့တွင် တောနက်ကြီး တစ်တောကို ဖြတ်ပြီး ရွာတစ်ရွာဆီသို့ ဦးတည် ချီတက်နေကြသည်။ နှင်းခဲတွေပေါ်တွင် တစ်နေ့လုံးလျှောက်လာခဲ့ပြီး နေ့လယ်စာတစ်နပ်သာ စားရသေးသည်။ ည ခုနစ်နာရီ ထိုးပြီ။ ခရီးက နှစ်ဆယ့်ရှစ်မိုင်သာ ပေါက်သေး၏။ သူတို့ ဆာလှပြီ။ သူတို့ အားလုံး အားကုန်နေကြပြီ။ သို့သော် ရွာရောက်ဖို့ ငါးမိုင် ဆက်လျှောက် ကြရဦးမည်။ ထိုစဉ် အမိန့်ရောက်လာသည်။ ရွာကို တစ်နာရီ အတွင်း အရောက် ချီတက်ရမည်တဲ့။

'တိုက်ပွဲမစမီ၊ လမ်းတစ်ဝက်ကို ရောက်နေရမည်' တဲ့။ ဤတွင် အမြန်လျှောက်နည်းဖြင့် အပြေး လှမ်းကြရတော့သည်။

ထမ်းစင်ကို ခြောက်နာရီလုံးလုံး သယ်လာရသဖြင့် မာနာ့ခြေထောက်တွေ ပေါက်ပြဲကုန်ပြီ။ ဒဏ်ရာရလာသည့် ရဲဘော်ကလေးက ပိန်သော်လည်း ပေါင်တစ်ရာ့နှစ်ဆယ်တော့ လေးသည်။ သူတို့ အလှည့်ကျ ထမ်းလာခဲ့ကြရင်း မာနာ ဆက်မလျှောက်နိုင်တော့လောက်အောင် ခြေထောက်တွေ နာလာပြီး



သူ့ပခုံးပေါ်မှ ဆေးသေတ္တာကို လင်းက လွဲယူပြီး သိုင်းကြိုးကို ခေါင်းတွင် ချိတ်လိုက်သည်။ ထမ်းစင်ကို လူလဲပေးလိုက်သည်။

ရဲဘော်နှစ်ယောက်ကို မာနာ့အား တစ်ဖက်စီမှ တွဲခေါ်ခိုင်းသည်။ မာနာ့ခြေမနှင့် ခြေသန်း မခံနိုင်လောက်အောင် နာနေပြီ။ သို့သော် 'အမြန်လျှောက်၊ အမီလိုက်' ဟူသည့် အမိန့်ပေးသံကို တောက်လျှောက် ကြားနေရသဖြင့် မနားနိုင်။ ကောင်းကင်တွင် ငှက်ကြီးတစ်ကောင်သည် ကွေ့ကွေ့ကောက်ကောက် ပျံသန်းလျက် ရှိသည်။ ကမ္ဘာမြေကြီး ဖောက်ထိုးမိုးမျှော် ဖြစ်နေသည့်အလား။ သစ်ပင်တစ်ပင်မှ ကျီးကန်းတစ်အုပ် ထပျံသွားသည်။ အစာငတ်နေသည့် တစ္ဆေကောင်တွေလို တအာအာ အော်၍ အရပ်လေးမျက်နှာသို့ အုပ်စုခွဲကာ ပျံထွက်သွားကြသည်။ ရေခဲပြင်ပေါ်သို့ အိုးတွေ ခွက်တွေ လွတ်ကျသံ တဝွမ်ဝွမ်ကြားလိုက်သည်။

အရပ်ရှည်ရှည် ကြေးနန်းရဲဘော် လဲကျသွားသည်။ သူ့ကျောပေါ်မှ ပေါင်ခုနစ်ဆယ်လေးသည့် ရေဒီယိုကြေးနန်းစက်လည်း ပြုတ်ကျသွားတော့၏။ ဆက်သွယ်ရေးအရာရှိ ဂျင်တီယန်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

'ဟာ သေတော့မှာပဲ၊ အဲဒီစက်ပျက်လို့ကတော့ မင်းနာပြီသာ မှတ်'

အော်ရင်း ငေါက်ရင်း ဆွဲထူပေးသည်။

မာနာက သူ့ကို တရွတ်ဆွဲခေါ်လာသည့် ရဲဘော်နှစ်ယောက်ကို မောမောပန်းပန်း ပြောလိုက်သည်။

'လွှတ် လွှတ်၊ ငါ့ကို ထားခဲ့တော့၊ မင်းတို့ ဆက်သွားကြ၊ ငါ မတတ်နိုင်တော့ဘူး၊ ဒီနှင်းတောထဲမှာပဲ ငါသေလိုက်တော့မယ်'

သို့သော် ရဲဘော်နှစ်ယောက်က မလွှတ်။ ဘယ်သူ့ကိုမှ လမ်းမှာ မထားခဲ့ရ ဟူသည့် အမိန့်ကြောင့် သူတို့ မထားခဲ့ရဲ။ ငါးဆယ့်ခြောက်မိနစ် အကြာတွင် သူတို့တပ်စု ရွာသို့ ရောက်သွားကြသည်။ အိမ်ခြေ ရှစ်ဆယ်သာ ရှိသည့် ရွာကလေးဖြစ်သည်။ ဗိုလ်ကြီးလင်းကောင်း၏ တပ်စုသည် အိမ်သုံးအိမ်တွင် ခွဲပြီး တည်းလိုက်ကြသည်။ အိမ်ကြီးနှစ်လုံးတွင် ဆရာဝန်တွေနှင့် ဆေးတပ်သားတွေ နေပြီး ခပ်ငယ်ငယ်တစ်လုံးတွင် သူနာပြုဆရာမ နှစ်ယောက်ကို ပို့ထားလိုက်သည်။

ကျေးရွာ ကုန်ထုတ်လုပ်မှု တပ်ခွဲရုံးလုပ်ထားသည့် အိမ်ကြီး၏ ခေါင်းတိုင်မှ မီးခိုးတွေ မီးပွားတွေ ထွက်နေသည်ကို လရောင်ရေးရေးတွင် လှမ်းမြင်နေရ၏။ ထမင်းချက်အဖွဲ့က အပြေးအလွှား မှုတ်ပြုတ်နေကြပြီး

www.burmeseclassic.com

www.burmeseclassic.com



ခြံထဲတွင် မြင်းတွေကို အစာကျွေးသူက ကျွေးလျက်။ သူတို့ တစ်ကိုယ်လုံး ချွေးတွေ ရွှဲရွှဲနစ်နေသည်။ မက်စ်အရာရှိက မြင်းတွေသိပ်ဖို့ မြင်းဇောင်း သွားရှာသည်။ တော်တော်နှင့် ပြန်ရောက်မလာ။

လင်းက အားလုံး နေရာချထားပေးပြီးသည်နှင့် ထမင်းချက်အဖွဲ့ဆီသို့ လျှောက်သွားသည်။ ထမင်း ဟင်းတွေ ကျက်ပြီမို့ ရဲဘော်တွေ ညစာ လာယူနေကြပြီ။ ဆရာမတွေ တစ်ယောက်မှ မမြင်သဖြင့် သူတို့အတွက် သတ္တုချိုင့်ကြီးနှစ်လုံးတောင်းပြီး ထမင်း ဟင်းတွေ ထည့်ယူလာခဲ့သည်။

တင်းလှည့်ရဲဘော်များအား ရွာထဲက ခွေးတွေ လိုက်ဟောင်နေကြသည်။ လေပြင်းတွေ တိုက်စ ပြုလာသည်။ ချိုင့်နှစ်လုံးထဲမှ ထမင်းတွေ ဟင်းတွေက အငွေ့တထောင်းထောင်းနှင့်မို့ လင်းအတွက် သိပ်မအေးခြင်း ဖြစ်သည်။ သူတို့ အိမ်ရောက်သွားတော့ မာနာနှင့် ဆရာမဟေယံနတို့ နှစ်ယောက် ရောမ သစ်သားစည်ပိုင်းပြတ်ကြီးထဲတွင် ခြေထောက်တွေ ထည့်ပြီး ရေနွေးစိမ်နေကြသည်။ မျက်နှာတွင် နေလောင်ထားသည့် အဘွားအို တစ်ယောက်က စည်ပိုင်းထဲသို့ ရေနွေးတွေ ထပ်လောင်း ထည့်ပေးနေသည်။

လင်းက မေးလိုက်သည်။

'မင်းတို့ ဘာလို့ ထမင်း လာမယူတာလဲ'

'ကျွန်မတို့ ချွေးမတိတ်သေးလို့ပါ ဆရာ'

ဆရာမရှန်က ဝင်ဖြေသည်။ မာနာက ရေထဲတွင် ခြေထောက် တဖျတ်ဖျတ် လှုပ်ရင်း

'ကျွန်မတော့ သေချင်အောင် ပင်ပန်းနေပြီ ဆရာ'

'အေး ဘာပဲဖြစ်ဖြစ်၊ ထမင်းတော့ အဝစားကြ၊ ရော့ ဆရာ ယူလာခဲ့တယ်၊ မနက်ဖြန် ဆက်လျှောက်ရဦးမယ် မဟုတ်လား'

လင်းက ချိုင့်နှစ်လုံးကို ခုံတန်းတစ်ခုပေါ် တင်လိုက်ပြီး ဆက်ပြော သည်။

'ကဲ စားသောက်ပြီး အိပ်ရေးဝအောင် အိပ်ကြ၊ မနက်ဖြန် အဝေးကြီး လျှောက်ကြရမှာ'

မာနာ မျက်ရည်တွေ လည်လာသည်။ ခြေထောက်ကို လက်ညှိုး ထိုးပြပြီး

'ဆရာ၊ ကျွန်မ ဆက်မလျှောက်နိုင်တော့ဘူး'

မျက်လုံးပြူးပြူးနှင့် ဟေယံက



'ကျွန်မလည်း မလျှောက်နိုင်ဘူး ဆရာ၊ ခြေထောက်တွေ အရမ်း နာနေပြီ'

'ကဲ ပြစမ်းပါဦး၊ ဆရာ ကြည့်ပါရစေ'

အဘွားကြီးက မီးအိမ် မြှောက်ပြသည်။ လင်းက ဆောင့်ကြောင့် ထိုင်၍ သူတို့ ခြေထောက်တွေကို စည်ပိုင်းနှုတ်ခမ်းပေါ် တင်ခိုင်းပြီး စစ်ဆေးသည်။

ဟေယံ၏ ညာဘက်ခြေထောက်တွင် ဖိနပ်ပေါက်ထားသည့် အရည် ကြည်ဖုကလေး သုံးခု၊ ဘယ်ဘက် ခြေဖနောင့်တွင် ခပ်ကြီးကြီးတစ်လုံး။ မာနာ့ခြေထောက် နှစ်ဖက်စလုံးတွင်လည်း အလားတူ အရည်ကြည်ဖုတွေ အများကြီး။ နီရဲနေသည့် မာနာ့ခြေထောက်တစ်နေရာကို လင်းက လက်ညှိုးနှင့် အသာဖိကြည့်လိုက်သည်။ မာနာ အင့်ခနဲ ညည်းလိုက်၏။

'ဖိနပ်ပေါက်တဲ့ အရည်ကြည်ဖုကို ဖောက်ထုတ်ပစ်ရတယ်၊ ဘယ်လို ထုပ်ရတယ်ဆိုတာ မင်းသိလား'

ရပ်ကြည့်နေသည့် ဆရာမတစ်ယောက်ကို လင်းက မေးလိုက်သည်။ မိန်းကလေးက ခေါင်းယမ်းပြီး

'မသိဘူး ဆရာ'

ဒေါက်တာလင်းက သက်ပြင်းချပြီး အင်္ကျီလက်မောင်းကို ပင့်တင် လိုက်သည်။

'မာနာ၊ မင်း ဆံပင်သုံးချောင်းလောက် ပေးပါလား၊ ခပ်ရှည်ရှည်'

'ဟုတ်ကဲ့ ဆရာ'

လင်းက အဘွားကြီး ဘက်လှည့်ပြီး

'အဘွား၊ အပ်တစ်ချောင်းလောက် ရမလား'

'ရတာပေါ့'

အဘွားက ချွေးမလုပ်သူကို အော်ပြောလိုက်သည်။

'ရောင်းရေ၊ အပ်ဘူးလေး ယူလာပေးပါဟယ်'

'ရော့ ဆရာ'

မာနာက တစ်ပေလောက် ရှည်သည့် ဆံပင်တွေ လင်း လက်ထဲ ထည့်ပေးလိုက်သည်။ လင်းက တစ်ချောင်းကို ယူပြီး ကျန်တာတွေ ဒူးပေါ် တင်ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်သုံးဆယ်ရွယ် အမျိုးသမီး တစ်ယောက် ပစ္စည်းစုံ ပါသည့် အပ်ဘူး လာပေးသည်။ လင်းက အသေးဆုံးအပ်ကလေး ရွေးယူလိုက်ပြီး နဖားပေါက်ထဲသို့ ဆံပင်ကို ထိုးသွင်းလိုက်သည်။

'မကြောက်နဲ့နော် မာနာ၊ သိပ်မနာစေရဘူး' လင်းက အဘွားဆီမှ အရက်နှင့် ဂွမ်းတောင်းပြီး သူ့လက်နှင့် အပ်ကို ဆေးကြောသည်။ ပြီးမှ ဖနောင့်က အကြီးဆုံး အရည်ကြည်ဖုကို အသာဖောက်လိုက်သည်။ မာနာ အင့်ခနဲ တစ်ချက်အော်ပြီး မျက်စိမှိတ်ထားလိုက်သည်။ ချက်ချင်း ဖနောင့် တစ်ခုလုံးပေါ်ကို အရည်နွေးနွေးတွေ စီးဆင်းသွားသည်။

လင်းက ဆံပင်ကို ကတ်ကြေးနှင့်ဖြတ်ပြီး အရည်ကြည်ဖုထဲတွင် ဒီအတိုင်း ချန်ထားလိုက်သည်။

'ဒီအတိုင်း နေပစေနော် ဒါမှ အနာဝပြန်မပိတ်ဘဲ သားနံ့ရည်တွေ စီးထွက်နေမှာ'

ဝိုင်းကြည့်နေသည့် ဆရာမကလေးများကို မော်ကြည့်ပြီး လင်းက ပြောလိုက်သည်။

'အရည်ကြည်ဖုကို အဲဒီလို လုပ်ပေးတာ တို့ဖြင့် တစ်ခါမှ မတွေ့ဖူး ပါဘူးတော်၊ ကျွတ် ကျွတ် ကျွတ်'

အဘွားအိုက မျက်ခုံး မွေးဖြူဖြူတွေကို ပင့်ပြီး စုတ်တသပ်သပ် ပြောသည်။

လင်းက ညာဘက်ခြေဖဝါးက အဖုတွေ ဖောက်ပေးနေစဉ် ကျန် ဆရာမကလေးများက ဟေယံ၏ အဖုတွေကို ဝိုင်းဖောက်ပေးကြသည်။

အဘွားအိုက မိန်းကလေးတို့၏ ခေါင်းစွပ်ဦးထုပ်တွေ အုတ်ခဲပူပေါ်တွင် တင်ပြီး အခြောက်လှမ်းပေးနေသည်။

လင်းက လက်ဆေးပြီး ဟေယံကို လှမ်းပြောသည်။

'မင်းက မနက်ဖြန် လျှောက်နိုင်မှာပါ၊ မာနာကတော့ မသေချာဘူး တစ်ရက် နှစ်ရက်နေမှ ကျက်မယ် ထင်တယ်'

ဆရာမဟေယံ၏ မျက်နှာကလေး ဝင်းကြည်သွားသည်။ အရေကြည်ဖု ကုသပုံကို ပြပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း ဆရာမကလေးများက ဝိုင်းပြောကြသည်။

'ကဲ စားကြ စားကြ၊ ပြီးတော့ ကောင်းကောင်းနားလိုက်၊ မနက်ဖြန် ချိုင့်တွေ ပြန်ပို့ဖို့တော့ မမေ့နဲ့နော်'



'ဟုတ်ကဲ့ပါ ဆရာ' ဟု တစ်ယောက်က ပြောပြီး ရှန်က

'ကျွန်မတို့နဲ့ပဲ အတူတူ စားလိုက်ပါလား ဆရာ'

'ဟုတ်သားပဲ ဆရာရယ်၊ တစ်ခါတည်း စားသွားလိုက်ပါ'

အားလုံးက ဝိုင်းပြောခြင်းဖြစ်သည်။ စားပြီးပြီဟု ပြောကာ အားလုံးကို နှုတ်ဆက်သည်။ အိမ်ရှင်အဘွားကိုပါ နှုတ်ဆက်ပြီး လင်း ပြန်လာခဲ့သည်။ ကြာကြာနေဖို့ မသင့်တော်ဘူးလေ။

အိမ်ပြင်ရောက်တော့ အဘွားပြောနေသံ ကြားလိုက်သည်။

'ချစ်ဖို့ကောင်းလိုက်တဲ့ ဆရာဝန်ကလေးနော်၊ အဘွားတောင် ဖိနပ် ပေါက်ချင်လာပြီ'

အားလုံး ဝိုင်းရယ်ကြသည်။

ပြီးတော့ သူတို့အားလုံး ပြဇာတ်သီချင်းတစ်ပုဒ်ကို ဝိုင်းဆိုကြသည်။

*ကန်ရေပြင်ကျယ်မှာ၊ လှိုင်းတွေ လိမ့်ကာ လိမ့်ကာ၊*
*ဟိုဘက်ကမ်းနဖူးပေါ်မှာ မြို့ကလေး*
*ငါတို့ မြို့ကလေး။*
*မနက်ကျရင် လှေလှော်သွားမယ်*
*ပိုက်တွေ ဖာဖို့ကွယ်။*
*ပြီးရင် ညမှာ ပြန်လာမယ်*
*ငါးတွေ အပြည့်တင်လို့ကွယ်။*

○

နှင်းတောထဲတွင် ဖြတ်လျှောက်ပြီး လင်း ပြန်လာခဲ့သည်။ သူတို့၏ ဆာတောအိမ်ကလေးကို သမင်လည်ပြန် လှည့်ကြည့်မိသည်။ ပြတင်းပေါက် တွင် မီးရောင်မှိန်မှိန် ဖြာကျနေသည်။ အင်း သူတို့နဲ့ ဝိုင်းစားလိုက်ရရင် ကောင်းသား။ ထမင်းသွားပို့ရုံအပြင် တခြား အကြောင်းများ ငါ့မှာ ရှိနေ သလား။ စဉ်းစားနေရင်း ထူးဆန်းသည့် မြင်ကွင်းတစ်ခု မျက်စိထဲ မြင်ယောင် လာသည်။ ဆရာမ ခုနစ်ယောက်နှင့်အတူ အဘွားကြီးပါ သူနှင့်အတူ စားပွဲရှည်ကြီးတစ်လုံးတွင် ညစာထိုင်စားနေသည့် မြင်ကွင်း။ ဟင် အဘွားကြီး ဘယ်ဟုတ်လို့လဲ။ သူ့မိန်းမ ရှူးယုပါလား။ ပေါင်မုန့် လတ်လတ်ဆတ်ဆတ်တွေ ရှူးယုက လိုက်ဝေနေသည်။ အားလုံး ရဲရင်းနီးနီး ပြုံးပြုံးရွှင်ရွှင် စားနေကြ သည့် မြင်ကွင်း။ သူတို့အားလုံး တစ်အိမ်တည်းတွင် စုနေကြသည့် သူ့မိန်းမ

www.burmeseclassic.com



တွေချည်း ဖြစ်နေသည်။ ရှေးရှေးက ခေတ်ဟောင်း တရုတ်ပြည်တွင် လူချမ်းသာတွေ မိန်းမ အများကြီးယူကြသည့်အကြောင်း သူ သတိရနေသည်။ ဘယ်လောက် ကံကောင်းသည့် အရင်းရှင် မြေရှင်တွေပါလဲ။ မိန်းမတွေ အတိုင်းအဆမရှိ ယူပြီး ပျော်ချင်တိုင်း ပျော်နိုင်သည့် ခေတ်။

လေတစ်ချက် ဆောင့်တိုးလာသည်။ သည်တော့မှ နှင်းတောထဲတွင် တစ်ယောက်တည်း ရပ်နေသည့် အဖြစ်ကို ပြန်သတိရပါသည်။ ခေါင်းကို သွက်သွက်ခါပစ်လိုက်သည်။ သည်တော့မှ မြင်နေသည့် မြင်ကွင်း ပျောက်သွားသည်။ 'ဟေ့ လင်း၊ မင်းနေမှ ကောင်းရဲ့လား' ဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးလိုက်မိသည်။ အင်း တော်တော်ရွံစရာကောင်းတဲ့ အဖြစ်ပါလား။ ဖောက်ပြန်တဲ့ ဘူဇွာတွေကို သွားပြီး အားကျနေရတယ်လို့ပဲ။ မင်းဟာ လူမှုရေးကပ်ပါးပိုးအဖြစ်နဲ့ ရှုတ်ချပစ်ဖို့ ကောင်းတဲ့ လူစားမျိုးပဲ။

သို့သော် မာနာ့ခြေထောက်ကလေး ကိုင်ခဲ့ရတဲ့အတွက် လက်ဖဝါးတွေ တကယ် နွေးနေဆဲလို့ ခံစားနေရသည်။ လက်ဝါးနှစ်ဖက်ကို ဆန့်ပြီး ကြည့်လိုက်မိ၏။ ပြီးမှ ခေါင်းငိုက်စိုက်ချကာ တည်းခိုအိမ်သို့ ပြန်လာခဲ့သည်။ တဒင်္ဂပဟာန် ခံစားမှုကလေး ထွက်ပြေးသွားလေပြီ။

နောက်တစ်နေ့တွင် မာနာ လမ်းမလျှောက်နိုင်သေး။ ရိက္ခာ၊ မြင်းလှည်းနှင့် လိုက်ဖို့ လင်းက စီစဉ်ပေးသည်။ တပ်စု၏ ရှေ့ဆုံးမှ သွားရသည့် လှည်း။ ဟေယံ၏ အနွေးထည်ကော၊ သူ့ ကုတ်အင်္ကျီပါ ခြေထောက်ကို လွှမ်းဖို့ မာနာ့ကို ပေးလိုက်ကြသည်။ နှစ်ရက်လုံးလုံး မာနာ မြင်းလှည်းနှင့် လိုက်ရသည်။ နောက်ဆုံးမှ ဘုံရိပ်သာပိုင် မြို့ကလေးတစ်မြို့သို့ သူတို့တပ်စု ရောက်လာခဲ့သည်။ အစီအစဉ်အရ တစ်ပတ်နားကြမည်။ မာနာ့ ခြေထောက်တွေ အကောင်းပကတိ ပြန်ဖြစ်သွားပြီ။

စခန်းချ ထွက်ရသည့် နေ့များတွင် မာနာ ထမ်းရမည့် ဆေးသေတ္တာကို လင်းက ကူသယ်ပေးသည်။ ကျေးဇူးတင်ကြောင်း ပြောလျှင် လင်းက 'ကျေးဇူးမတင်ပါနဲ့ကွာ၊ ကိုယ့်တာဝန် ကိုယ်လုပ်တာပါ' ဟု ပြောတတ်သည်။

[ ၄ ]

သူတို့တပ်စု မူကျိ ပြန်ရောက်လာပြီးနောက် ဆေးရုံတွင် မာနာ၏ အမူအရာတွေ သေိမသာ ပြောင်းလာသည်။ ဆရာလင်းကို ကျေးဇူးတင်နေရာမှ နောက်တော့ တစ်မျိုး တိုးချင်သလိုလို ဖြစ်လာသည်။ လင်း၏ ရုံးခန်းကို ဖြတ်သွားလျှင် အကြောင်းရှာပြီး စကား ဝင်ပြောတတ်သည်။ ညညတွင် တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ သူ့အကြောင်း တွေးနေတတ်သည်။ ခေါင်းထဲတွင် မေးခွန်းတွေ တစ်ခုပြီး တစ်ခု ပေါ်လာနေသည်။ သူ့မိန်းမကို သူချစ်ရဲ့လား။ သူ့မိန်းမက ဘယ်လို မိန်းမစားမျိုးလဲ။ သူ့ထက် ရှစ်နှစ်ကြီးတယ်ဆိုတာ တကယ်ပဲလား။ သူ ဘာကြောင့် ဒါလောက် နှုတ်နည်းပြီး ဘာကြောင့် အကြင်နာတရား ကြီးမားနေတာလဲ။ တစ်စုံတစ်ယောက်ကို သူ စိတ်ဆိုးဖူးရဲ့လား။ ခံစားမှုမရှိတဲ့ လူစားမျိုးလား။

ပြီးတော့ မာနာ သူ့ကိုယ်သူ ကျိန်ဆဲလိုက်သည်။ နင် ဘာလို့ သူ့အကြောင်းချည်း စဉ်းစားနေတာလဲ။ သူဟာ လူသူတော်ကောင်းတစ်ယောက်။ ပြီးတော့ သူ့မှာ မိန်းမနဲ့။ နင်နဲ့ သူနဲ့ ဘာမှ မဆိုင်ဘူး။ မမိုက်ချင်စမ်းနဲ့ မာနာ။

ဒုတိယအသံကို မာနာ ပြန်မေးသည်။

'သူ့မိန်းမကို သူ မချစ်ဘူးဆိုရင်ကော၊ သူက ကွာရှင်းချင်နေတယ် ဆိုရင်ကော'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါဆိုရင် နင် သူ့ကို ယူမှာလား၊ တော်တော့ စိတ်ကူးယဉ်မနေနဲ့၊ အိပ်တော့'

မာနာ ကြိုးစားပါသည်။ သို့သော် မလွယ်ပါ။ ညစဉ် ညစဉ် အိပ်မပျော်တိုင်း သူ့အကြောင်း စဉ်းစား၊ သူ့အကြောင်း စဉ်းစားတိုင်း အိပ်မပျော်ဖြစ်ကာ ညတွေ ရှည်လျားသည်ထက် ရှည်လျားလာသည်။ ခြေထောက်ကအနာကို သူ ပြုစုပေးတုန်းက အဖြစ်ကိုလည်း အမြဲ သတိရနေ၏။ ထိုအခါ တစ်ကိုယ်လုံး နွေးသွားတတ်သည်။ သိပ်နူးညံ့ပြီး သိပ်ကို ညင်သာသည့် လက်ချောင်းတွေ၊ ခြေထောက်ကို ဂွမ်းကတ်အောက်တွင် တွေ့ပြီး သူ ကိုင်သွားသည့် နေရာကို ပွတ်သပ်ကြည့်မိသည်မှာလည်း အကြိမ်ကြိမ်။ သည်အခါမျိုးတွင် ရင်ထဲမှာ တသိမ့်သိမ့် နွေးနေတတ်သည်။

သူ့မှာ သမီးကလေးတစ်ယောက်ရှိကြောင်း ဟေယံထံမှ ကြားရသည်။ သည်သတင်းကြောင့် မာနာ စိတ်ဓာတ်ကျသွားသည်။ ဒါဆိုရင်တော့ သူ အိမ်ထောင်ပျက်ဖို့ မလွယ်တော့ဘူးပေါ့နော်။ အင်း ဝေးဝေးနေမှ ထင်ပါရဲ့။ သတိထားမှ ဖြစ်မယ်။ တတိယလူ ဖြစ်သွားရင် အများတံတွေးခွက်မှာ ပက်လက်မျောသွားလိမ့်မယ်။

သို့သော် သူနှင့် တွေ့လျှင် ခိုးမကြည့်ဘဲ မနေနိုင်ပါ။ မာနာတစ်ယောက် နေလို့ မပျော်တော့ပေ။ အိပ်မွေ့ချခံထားရသည့် လူတစ်ယောက်နှင့် တူလာသည်။ ဖွန်လည့ဆည်းဆာအချိန်တွင် ပူးကလေးတွေ ပေါက်နေသည် ကြား၍ ကြည့်ချင်သဖြင့် ပူးအိမ်ဘက်သို့ ထွက်လာခဲ့သည်။ အပြန်တွင် အဆောင်ဘက်သို့ လျှောက်လာရာ စားသောက်ရိပ်သာ အနောက်ဘက် ထင်းရှူးတောဆီသို့ လျှောက်သွားနေသည့် ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်ကို လှမ်းမြင်နေရသည်။ တော်တော်လေး လှမ်းသဖြင့် ဘယ်သူဘယ်ဝါ မသဲကွဲ။ နောက်ကနေ ကြည့်တော့ အမျိုးသားက ဆရာနှင့် တူသလိုလို။ မှောင်ရီဖျိုးဖျအချိန်တွင် ထင်းရှူးပင်တွေက ကွယ်နေသေးသည်။ နှစ်ယောက် အဖြူရောင်ဝတ်စုံကိုယ်စီဖြင့် အနောက်စူးစူးသို့ လျှောက်သွားနေကြသည်။

ဘယ်သူတွေများပါလိမ့်။ မာနာ သိချင်လာသည်။ ထင်းရှူးတောကို ကန့်လန့်ဖြတ်ထားသည့် လူသွားလမ်းကလေးအတိုင်း မာနာ သုတ်ခြေတင်သွားသည်။ ရင်တွေ တဒိုင်းဒိုင်းခုန်လျက်။ မဲနယ်ရောင် ကောင်းကင်ကြီးထဲတွင် ကြယ်တွေ လင်းစပြုနေပြီ။

ထင်းရှူးပင်ရိပ်နောက်မှ အရိပ်တစ်ခု၏ လှုပ်ရှားမှုကို လှမ်းမြင်လိုက်သည်။ မာနာ တန့်သွားသည်။ ထမင်းချက်၏ ခွေးများလား၊ ခွေးလေ ခွေးလွင့်



တစ်ကောင်လား။ ခွေးက မာနာ့ကို စိုက်ကြည့်နေသည်။ ကျောထဲ စိမ့်သွား၏။ မကြာသေးခင်က ကလေးတစ်ယောက် ခွေးရူး ကိုက်ခံလိုက်ရသည်။ နောက်ကို လှည့်ပြေးလျှင် ခွေးက လိုက်မည် မုချ။ မာနာ ငြိမ်ပြီး ရပ်လိုက်သည်။ ပြီးမှ သစ်ကိုင်းခြောက်တစ်ချောင်းကို ကောက်ပြီး ခွေးကို ခြောက်လိုက်သည်။ ခွေးက ခဏ စောင့်ကြည့်ပြီး တစ်ဖက်သို့ လှည့်ထွက်သွားသည်။ မြေကြီးကို ငုံ့၍ နမ်းကာ နမ်းကာဖြင့်။

ထင်းရှူးတော တစ်ဖက်စွန်းကို ရောက်သည်နှင့် အမျိုးသမီး၏ အသံကို ကြားရသည်။

'ဒါဆို သူ စာအုပ်ကို ဖျောက်ပစ်လိုက်တာပေါ့၊ ဟုတ်လား၊ မယုံနိုင်စရာပါလား ဆရာ'

ဒီအသံ မှတ်မိပြီ။ ဆေးရုံ စာကြည့်တိုက်မှ စာကြည့်တိုက်မှူး ပင်ပင်မာ။

'နောက်ဆို သူစာအုပ်ငှားရင် စပေါ်တောင်းထားမှ ထင်တယ်'

ဆရာလင်းက ရယ်ပြီး ပြောလိုက်ခြင်း ဖြစ်၏။ အမျိုးသမီးပါ လိုက်ရယ်သည်။ မာနာက ထင်းရှူးပင်အကွယ်မှ အသာစောင့်ကြည့်နေသည်။ ပင်ပင်မာ တစ်ခုခု ပြောလိုက်သည်။ သဲသဲကွဲကွဲ မကြားလိုက်။ သူတို့ရှေ့တွင် မိုးရေတွေ စုနေသည့် ရေကန်ကလေး တစ် ခု ရှိသည်။ ဖားအော်သံတွေ ကြားနေရ၏။

ပင်ပင်မာက ကျောက်တုံးတစ်တုံးကောက်ပြီး ခါးကိုညွတ်၊ လက်ကို မြေကြီးနှင့် ကပ်လွဲကာ ရေပြင်ပေါ် သို့ ပစ်ထည့်လိုက်သည်။ ကျောက်ခဲပြားပြားကလေးသည် ရေပြင်ပေါ် သို့ တဖျတ်ဖျတ် ရှပ်ပြေးသွားသည်။

'တွေ့လား ဆရာ၊ ကျွန်မ သုံးချက် ရတယ်'

ဖားအော်သံတွေ ခဏရပ်သွားပြီး တအောင့်နေတော့ ပြန်ပေါ်လာသည်။

'ကိုယ်လည်း ငယ်ငယ်က ခဲရှပ်ပစ်တဲ့ နေရာမှာ သိပ်တော်တာတွေ၊ ဒီမှာကြည့်'

'ဟာ ဆရာက ငါးချက်တောင်ရတယ်'

သူတို့ ဆက်ပစ်နေကြသည်။ နှစ်ယောက်သား ပျော်နေပုံရ၏။ ကြာကြာ မနေရဲသဖြင့် မာနာ ပြန်လှည့်လာခဲ့သည်။ တစ်ယောက်ယောက် တွေ့သွားမှဖြင့် ဒုက္ခ။ အဆောင်ပြန်ရောက်တော့ ဘောင်းဘီခြေထောက်တွေ စိုရွှဲနေသည်။

ညတွေ ရှည်လျားပြန်ချေပြီ။ စောစောက မြင်ကွင်းကို တစ်ခိုန်လုံး မြင်ယောင်ပြီး အမျိုးမျိုး တွေးနေသည်။ ဆရာလင်းနှင့် ပင်ပင်မာရဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံရေးက ဘယ်လိုလဲ။ ချစ်သူတွေများလား။ အင်း ဖြစ်နိုင်တာပဲ။ တော့ာက်ခဲပစ်တမ်း ကစားနေလိုက်ကြတာ ကလေးနှစ်ယောက်အတိုင်းပဲ။ အို မဖြစ်နိုင်ပါဘူး။ ပင်ပင်မာက ဆရာ့ထက် ဆယ်နှစ်လောက် ငယ်တာပဲ။ ပြီးတော့ သူက အရန်စစ်သမီးဘဝပဲ ရှိသေးတာ။ ရည်းစားထားခွင့် မရှိသေးဘူး။ ပြီးတော့ ဆရာက အိမ်ထောင်သည်တစ်ယောက်လေ။ ဆရာလင်းက သူ့ကို စိတ်ဝင်စားနေတာ ဖြစ်နိုင်ပါ့မလား။ ကောင်မလေးက လှမှ မလှတာ။ မျက်နှာက ဖရုံသီးထောင်ထားသလိုပဲ။ သွားတွေက ကျဲနေသေးတယ်။ ဒါဖြင့် ဘာလို့ ဆရာ သူနဲ့ ပျော်နေရတာလဲ။ သူ ဒီလို ရွှင်တာ တစ်ခါမှ မတွေ့ဖူးဘူး။

စဉ်းစားရင်း မာနာ စိတ်ရှုပ်လာသည်။ ဆောက်တည်ရာမရ ဖြစ်လာသည်။ သူ့အဖေ အရှိန်အဝါကြောင့် ဒီကလေးမကို ဆရာ စိတ်ဝင်စားနေတာလား။ ပင်ပင်မာရဲ့ အဖေက ပြည်နယ်တပ်မ သုံးဆယ့်ကိုးရဲ့ ဒုတိယဗိုလ်ချုပ်လေ။ ဒီလို မိသားစုဝင်တစ်ယောက်ဟာ ဝက်လောက် အရုပ်ဆိုးနေတာတောင် လူတွေက ဒေါင်းလို့ ထင်ကြတာ။ ဆရာက အဲဒီလူစားမျိုးလာ။

သည်လို စဉ်းစားမိလျှင် မာနာ အားလျော့အားငယ် ဖြစ်လာပြီး အဖေနဲ့ အမေကို သတိရလာတတ်သည်။ သူတို့သာ အသက်ရှင်နေသေးရင် ရာထူးရာခံနဲ့ ဖြစ်နေမှာပေါ့။ အဖေက နာမည်ကြီး သတင်းစာဆရာပဲ။ သုံးဆယ့်တစ်နှစ်အရွယ်တွင် တရုတ်စာနယ်ဇင်းလောကတွင် ထင်ရှားနေပြီ။ အမေက ခေတ်ပညာတတ် ဘွဲ့ရအမျိုးသမီး။ ပြင်သစ်ဘာသာ အဓိကဖြင့် ဘွဲ့ယူထားသူ။ အင်း အဖေနဲ့ အမေသာရှိရင် . . . ။

ပင်ပင်မာ သူ့ထက်သာတာ ရှိသေးသည်။ သူက ဂန္ထဝင်စာပေတွေ အရမ်းဖတ်သည်။ သူ့အခန်းဖော်တွေကို သူက ဝတ္ထုခဲတွေ ပြောပြသည်။ အခန်းဖော်တွေက မုန့်ဝယ်ကျွေးရသည်တဲ့။ ဒါကြောင့်များ ဆရာလင်းက သူ့ကို သဘောကျတာလား။ ဒီလိုဆိုရင်တော့ စာကြမ်းပိုးနှစ်ယောက် လိုက်ဖက်သည်လို့။ ဒါဆိုရင်တော့ သူတို့မှာ ပြောစရာတွေ အပုံအပင် ရှိနေမှာပေါ့နော်။

မာနာ ဘာလုပ်ရမှာလဲဟင်။ ကောင်မလေးနောက်ကို ဆရာပါသွားတာ ဒီအတိုင်း ကြည့်ရတော့မှာလား။ မဟုတ်ဘူး။ တစ်ခုခုတော့ လုပ်ရမယ်။ နည်းလမ်းရှိရမယ်။

[ ၅ ]

လင်းက မာနာ့ကို စိတ်ဝင်စားနေသည်။ 'စင်တာအို' မိဘမဲ့ကျောင်းတွင် ကြီးပြင်းလာရသည့် အကြောင်း သိတော့ ပိုပြီး ကရုဏာသက်နေသည်။ နှစ်ပတ်လည်ခွင့်ရလျှင် သူ ဘယ်တော့မှ မပြန်။ ဆေးရုံမှာပဲ နေသည်။ သူ့မှာ ပြန်စရာအိမ် မရှိဘူးတဲ့။ မာနာ့တွင် ညီအစ်ကို မောင်နှမလည်း မရှိ။ အဒေါ် ဝမ်းကွဲတစ်ယောက်သာ ရှိသည်။ သည်အဒေါ်နှင့်လည်း အဆက်အသွယ် ပြတ်နေသည်။

လင်းက မာနာ့ကို ဘောလီဘောပြန်ကစားဖို့ ဆေးရုံဝါဒ ဖြန့်ချိရေးဌာနတွင် ဝင်လုပ်အားပေးဖို့ ဒါမှမဟုတ် အနုပညာအသင်းဝင်ဖို့ တိုက်တွန်းသည်။ သို့သော် မာနာက သူ့ကိုယ်သူ အသက်ကြီးသွားပြီဟု ဆိုသည်။ ပြီးတော့ ရယ်စရာလိုလို ပြောတတ်သည်။ သူ သွားရမယ့် နေရာက သီလရှင်ကျောင်းပါတဲ့။

သို့သော် ယဉ်ကျေးမှုတော်လှန်ရေးကာလတွင် ကွန်ဗင့်ကျောင်းတော ဖျက်လိုက်ပြီ။ သီလရှင်တွေ ဘုန်းကြီးတွေ လုံးဝ မတွေ့ကြရတော့သော လူထွက်ပြီး သာမန်ပြည်သူတွေ၏ ဘဝကို ခံယူကြရသည်။

မကြာသေးခင်က မာနာ၏ ...ကြည့်တွေ ထူးခြားနေကြောင်း လင်း သတိထားမိသည်။ ထို့ကြောင့် မျက်...ချင်း မဆိုင်မိအောင် ခပ်ရှောင်ရှောင်

www.burmeseclassic.com

www.burmeseclassic.com



လုပ်နေသည်။ မိမိကို မာနာ စိတ်ဝင်စားနေသလား လင်း သေသေချာချာ မသိ။ မိုင်ဒေါင်းနှင့် ဇာတ်လမ်း ဆုံးပြီးကတည်းက မာနာ တစ်မျိုးဖြစ်နေသည်။ လုံးဝ ပြောင်းလဲသွားသလိုပင်။ နုနယ် ပျိုမျစ်ခြင်းများ သူ့မျက်နှာပေါ်မှ ပျောက်ကွယ်သွားသည့်အလား။ သူ့ကို ကြည့်ပြီးလည်း စိတ်မကောင်း ဖြစ်နေသည်။ မိန်းကလေးများ ထိလွယ် ခိုက်လွယ်လွန်းပါကလားဟု စဉ်းစားမိသည်။ မာနာ့ကို လင်း အကြင်နာတွေ ပေးချင်ပါသည်။ သို့သော် သူ့မျက်လုံးတွေကို အမိပွာယ် မဖော်တတ်၍ အသာနေနေရသည်။ နှစ်လိုသည့် အပြုံးတွေလား၊ ဖိတ်ခေါ်သည့် အကြည့်တွေလား၊ လင်း မခွဲခြားတတ်။

၁၉၆၇ ခုနှစ် နွေရာသီသို့ ရောက်လာခဲ့ပြီ။ လင်း အိမ်ထောင်သက် လေးနှစ် ရှိပြီ။ သမီးလေး ဆယ်လအရွယ် ရောက်လာခဲ့ပြီ။ လက်ချင်းချိတ် လမ်းလျှောက်နေသည့် စုံတွဲများကို တွေ့လျှင် လင်း အားကျသည်။ အကြာကြီး ငေးကြည့်နေတတ်သည်။

အိမ်ထောင်ရှင်တစ်ယောက် ဖြစ်ပါလျက် ဘာကြောင့် မုဆိုးဖိုဘဝလို ဖြစ်နေရတာလဲ။ မိသားစုဘဝ၏ နွေးထွေးမှုကို ဘာကြောင့် မခံစားရတာလဲ။ မိဘတွေရဲ့ အလိုကို ငဲ့လိုက်တာက အမှားလား။ မိန်းမက ကြည့်ပျော်ရှုပျော် ရှိရင်လည်း တော်သေးရဲ့။ ပြီးတော့ ခြေသေးမတစ်ယောက်။ ခေတ်ဟောင်းမှာ လူဖြစ်လာလျှင်လည်း တော်သေးရဲ့။ ခြေသေးမကို လူတွေ ဝိုင်းမကြည့်ကြ ဘူးလေ။ အိမ်တိုင်းတွင် ခြေသေးမတွေချည်းပဲလေ။

ရှေ့သွားနောက်လိုက်ညီသည့် အတွဲများကို မြင်လျှင် အားကျရုံမှအပ ဘာမှ မတတ်နိုင်ပြီ။ ရှုံးယူကိုလည်း အပြစ်မတင်ရက်ပါ။ အမေ့ကို သေသည် အထိ မညည်းမညူ ပြုစုပေးခဲ့သည့် မိန်းမ။ အခု အဖေ အိပ်ရာထဲ လဲသည့် အခါတွင်လည်း ကလေးတစ်ဖက်နှင့် ပြုစုနေဆဲ။ ပြန်ကြည့်လျှင် လင်းကောင်းသည် ဆရာဝန် တစ်ယောက်အနေဖြင့် လစာ လုံလုံ လောက်လောက် ရနေပြီ။ ရိုးစင်းအေးဆေးသော ဘဝတွင် အသားကျနေသူ ဖြစ်သည်။ ငြိမ်သက်နေသည့် ဘဝ ရေမျက်နှာပြင်သည် မာနာနှင့် တွေ့သည့်အခါတွင်မှ ဂယက်ထလာခြင်း ဖြစ်သည်။

တစ်နေ့တွင် လင်း၏ စားပွဲပေါ်သို့ စာအိတ်တစ်လုံးရောက်နေသည်။ ဖွင့်ကြည့်လိုက်တော့ ကပွဲလက်မှတ်တစ်စောင်။ မာနာ့လက်ရေးလှလှကလေး ဖြင့် စာတိုကလေး နှစ်ကြောင်း။



'ည ရှစ်နာရီပွဲ၊ ၁၉၈၄ ခုနှစ် ရေတပ်တိုက်ပွဲ' ပြဇာတ်။

ဆရာ သွားကြည့်နိုင်လိမ့်မယ်၊ ကြိုက်လိမ့်မယ်လို့ မျှော်လင့်ပါတယ်' တဲ့။

နာမည်ကျော် 'The Navy Battle of 1984' ကို ရုပ်ရှင်ကြည့်ပြီးပြီ။ လက်မှတ် ပြန်ပို့ပေးလိုက်ရ ကောင်းမလား။ နောက်မှ ဒုတိယအတွေး ဝင်လာသည်။ ဘာမှ လုပ်စရာမှ မရှိတာ၊ သွားကြည့်လိုက်ဦးမည်။ ပြဇာတ် အဖွဲ့က ချန်ချွန်းမြို့တော်မှ နာမည်ကျော်အဖွဲ့ဖြစ်သည်။ ပြီးတော့ နေရာက အထူးတန်းလေ။

ကဇာတ်ရုံမှာ ဆေးရုံဝင်းအတွင်း၊ အရှေ့တောင်ထောင့်တွင် ဖြစ်သည်။ ဇာတ်ရုံထဲရောက်တော့ လင်း မျက်လုံးပြူးသွားသည်။ သူ့ဘယ်ဘက်နောက်ခုံ တွင် မာနာ ထိုင်နေသည်ကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်သည်။ ခဏ ခြေလှမ်းတုံ့သွားပြီး ကြွနွေမပျက် ဆက်လျှောက်သွားသည်။ လူတွေ သူ့ကို လှမ်းကြည့်နေကြသည်။ ပရိသတ်က ရုံပြည့်လုနီးပါး။ အချို့က ယပ်တောင် တဖျတ်ဖျတ် ခတ်လျက်။ အချို့က နေကြာစေ့ တဖျောက်ဖျောက်ဝါးလျက်။ ကလေးတွေက လူသွားလမ်းတစ်လျှောက်တွင် ဆော့နေကြသည်။ သစ်သား ဓားတွေ၊ သစ်သားသေနတ်တွေ တဝင့်ဝင့်ဖြင့်။ အသံချဲ့စက်မှ အသံ ထိန်းထွက်လာသည်။ စာတန်းထိုးသည့်အခါ မီးခိုးတွေကြောင့် ကြည်ကြည် လင်လင် မမြင်ရမှာ စိုး၍ စီးကရက်မီးများ ငြိမ်းသတ်ပေးကြပါရန် မေတ္တာ ရပ်ခံခြင်း ဖြစ်သည်။ ကူးစက်ရောဂါဆောင်မှ ဆရာမတစ်သိုက်က သူတို့ ထူနာတွေကို လိုက်ရှာနေကြသည်။ သူတို့ကို လူတောထဲ သွားခွင့်မပြုပေ။

ဆရာလင်း စိတ်ပူနေသည်။ မာနာ ဘာလို့ ဒီလို လုပ်တာပါလိမ့်။ သူကြည့်ရသည်မှာ ဘယ်သူကိုမှ ဂရုမစိုက်သည့် ပုံမျိုး။ နောက်မှ မာနာ ထတ်ကမ်းလာသည်။ လက်ဝါးထဲတွင် ချိုချဉ်လေး ငါးလုံး။ လင်းက တစ်လုံး ယူထားလိုက်သည်။ ရေပါးစက္ကူကို ခွာပြီး လင်း ပါးစပ်ထဲ ထည့်လိုက်တော့ မာနာ ပြုံးနေသည်။ ဒီည မာနာ လှနေသည်။ အင်း မြို့က မိန်းကလေးတွေ အတော် ရဲတင်းပါလားဟု လင်းတွေးနေသည်။

တန့်လန့်ကာနောက်ကွယ်မှ အစီအစဉ်ကြေညာသူ အမျိုးသမီးတစ်ယောက် ထွက်စင်ရှေ့ ထွက်လာသည်။ အသံသာသာကလေးဖြင့် ဇာတ်လမ်းနောက်ခံ အကြောင်းကို နိဒါန်းပျိုး ရှင်းပြသည်။ ပြီးသည်နှင့် တန့်လန့်ကာ တရိပ်ရိပ် ပွင့်တက်သွားပြီး ရွှေရောင်အမှုတော်ထမ်းဝတ်စုံ၊ ဦးထုပ်အနက်တို့ ဝတ်ဆင် ဆောင်းထားသည့် ဇာတ်ဆောင်နှစ်ယောက် ရှေ့ထွက်လာသည်။ တိုင်ရိုးယား

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းဆွယ်မှ တက်လာသည့် ဂျပန် ကျူးကျော်သူများအကြောင်း ဖွဲ့ဆိုထားသော သီချင်းကို အချိအချ သီဆိုကြသည်။ တစ်ယောက်အတိုင်၊ တစ်ယောက်က အဖောက်။

နယ်စပ်ဆီက သတင်းတွေ ခုပဲ ရောက်လာတယ်။
ငပုဓားပြငါးထောင်တပ်ကြီး၊
ပင်လယ်ထဲက ဘွားခနဲ ပေါ်လာတယ်တဲ့
ပင်လယ်ထဲမှာ သူတို့နှစ်ရက် စောင့်ကြတယ်၊
ပြီးခဲ့တဲ့ အပတ်က ကုန်းပေါ်ကို
တက်လာပြီး မြို့ယမ်းဆီသို့. . .

တစ်ယောက်က တစ်ပိုဒ် ဆိုပြီးတိုင်း တစ်ယောက်နောက်က 'ဒိုး အား' နှင့် လိုက်ပေးသည်။ ကြားရသည့် သတင်းကို တအံ့တသြဖြစ်နေဟန်။ စကားလုံးတိုင်းကို လင်း နားမလည်။ နံရံတစ်ဖက်တွင် ပေါ်နေသည့် စာတန်းကို လှမ်းဖတ်ရသည်။ ပြီးတော့ ပရိသတ်အားလုံးနှင့်အတူ ပြဇာတ်တွင် မြောပါသွားတော့သည်။

မန်ချူး ထိပ်တန်းအရာရှိတွေက မြောက်ပိုင်းရေတပ်ကို စစ်ဆေးနေကြသည်။ မှန်ပြောင်းရှည်ကြီးတွေ ကိုယ်စီကိုင်လျက်။ သည်အခန်းပြီးတော့ ကျစ်ဆံမြီးနှင့် အပေါ်ပိုင်း ဗလာစစ်သည်တော်များ ထွက်လာပြီး ဂျပန်ရေတပ်ကို တိုက်ဖို့ ပြင်သည်။ သူတို့၏ သင်္ဘောပေါ်တွင် ကြေးရောင်ဝင်းနေသည့် အမြောက်ဆန်ကြီးတွေ အမြောက်ပတ်ပတ်လည်တွင် ထောင်လျက်။ နောက်ခံ [illegible]ကားချပ်က အစိမ်းရောင် ပင်လယ် ရှုခင်း။ လှိုင်းလုံးကြီးတွေ တဖွေ[illegible]ဖွေးနှင့်။

သို့သော် ပင်လယ်ဝါထဲတွင် ရေတပ်နှစ်တပ် တိုက်ပွဲမဖြစ်မီ လင်း ဘယ်ဘက် လက်ကောက်ဝတ်ပေါ်သို့ မာနာ၏လက် ရောက်လာသည်။ လင်း တစ်ချက်တွန့်သွားသည်။ သို့သော် လက်ကို မရုပ်ဘဲ အသာငြိမ်နေလိုက်သည်။ ဘေးဘီကို အသာ ငဲ့ကြည့်လိုက်၏။ လူတွေအားလုံး ရေတပ်တိုက်ပွဲကို ငေးနေကြပြီ။ ပေါက်ကွဲသံတွေ၊ မီးရှူးမီးပန်းတွေ၊ တီးဝိုင်းမှ ဒရမ်ရိုက်သံတွေနှင့်အတူ လေမှုတ်တူရိယာပေါင်းစုံ၏ အသံများဖြင့် ဇာတ်ရုံတစ်ခုလုံး သိမ့်သိမ့်တုန်နေသည်။ နောက်ဘက်ကို မသိမသာ ငဲ့ကြည့်လိုက်သည်။ မှေးစင်းနေသော မျက်လုံးအစုံဖြင့် သူ့ကို ကြည့်နေတာပါလား။ လက်ဖဝါးချင်း ကပ်လိုက်ပြီး မာနာ၏ လက်ချောင်းများကလည်း လက်ဖဝါးထဲတွင်



တစ်ခုခုကို ရှာဖွေနေသလို တရွေ့ရွေ့ လှုပ်ရှားနေသည်။ လင်းက သူ့လက်ကို ပြန်ဆုပ်ထားလိုက်သည်။ နူးညံ့လွန်းပြီး နွေးထွေးနေပါကလား။ အသားမာတက်နေသည့် ရှူးယု၏ လက်တွေနှင့် တခြားစီ။ မာနာက လင်း၏ လက်မကလေးကို ဆုပ်ချည်ဆန့်ချည် ပွတ်သပ်နေပြန်သည်။ လင်းကလည်း မာနာ့လက်သန်းကလေးကို ဆုပ်ချည်ကွေးချည် လုပ်ပေးနေသည်။

မာနာ နေရာပြောင်းသွားသည်။ လင်း၏ လက်ကောက်ဝတ်ကို သူ့လက်သည်းနှင့် အသာ ဖွဖွကလေး ပွတ်ပေးနေပြန်သည်။ လင်း မနေတတ်အောင် ဖြစ်လာပြီး သူ့လက်ကို တင်းတင်း ပြန်ဆုပ်ထားလိုက်၏။ လက်နှစ်ဖက် ပတ္တာဆက်ကာ အသာငြိမ်နေလိုက်ကြသည်။ လင်း၏ ရင်တွေ တဒိုင်းဒိုင်း ခုန်နေပြီ။

ဇာတ်စင်ပေါ်က ရေတပ်တိုက်ပွဲကြီး ဘာတွေ ဖြစ်နေမှန်း လင်း သိတော့။ လက်ခုပ်သံတွေတောင် တဖြောင်းဖြောင်း ကြားနေရသည်။ တရုတ်ရေတပ်သင်္ဘောကြီး စုံးစုံးမြုပ်သွားသည့်တိုင် ဩဘာသံတွေ မစဲသေး။ လင်းနှင့် မာနာတို့၏ လက်နှစ်ဖက်သည် လွတ်ထွက်သွားမည်ကို စိုးရိမ်နေသည့်အလား တင်းသထက် တင်းတင်း ဆုပ်ထားကြသည်။

ဇာတ်လမ်းဆုံးပြီ ပြည်ဖုံးကားကျလာပြီး မီးတွေ လင်းလာသည်။

'ဂျပန်ငပုတွေ ကျဆုံးပါစေ၊ ဂျပန်အရင်းရှင်တွေ ကျဆုံးပါစေ'

လူတွေ ဆူညံစွာ အော်ဟစ်နေချိန်တွင် လင်းက မာနာ့ကို လှည့်ကြည့်လိုက်သည်။ မျက်ဝန်းအစုံသည် ငှက်တစ်ကောင်၏ မျက်လုံးများ ကဲ့သို့ ကြည်လဲ့ပြီး ကခုန်နေကြသည်။ နှုတ်ခမ်းအစုံက ကွေးညွတ်ကာ အိပ်မက်ထဲက အပြုံးပိုင်ရှင်တစ်ဦးနှင့် တူနေသည်။ မာနာတစ်ယောက် ရှက်ရွံ့ဟန်မရှိ[illegible]ဝေ ဖြစ်နေသည်။ လင်းကိုယ်တိုင်လည်း အတူတူပင်။ ဘေးလူတွေ [illegible]မိခင် အသာထရပ်လိုက်ပြီး ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ မျက်နှာ [illegible]ခုလုံး ထူပူနေ၏။

ထိုညတွင် ခြင်ထောင်အသစ်ရသဖြင့် လဲလောင်ရင်း မာနာ့အကြောင်း [illegible]စားနေမိသည်။ မာနာ့ကို ထူးခြားသည့် မိန်းကလေးအဖြစ် လင်း [illegible]ထားမိသည်။ ဆေးရုံမှ မိန်းကလေးတော်တော်များများသည် ရာထူး[illegible]တို့ အထက်အရာရှိများနှင့် ပလူးချင်ကြသည်။ ပါတီဝင်ဖြစ်ဖို့ [illegible] [illegible]ဆောင်များကို ခန္ဓာကိုယ်ပေးပြီး ပေါင်းကြသည်။

မာနာ့ကို ငါ စိတ်ဝင်စားနေပြီလား။ လင်း ကိုယ့်ကိုယ်ကိုယ် မေးကြည့်[illegible]။ သို့သော် အဖြေမထွက်ပါ။ သူကကော ဘာလို့ ငါ့ကို စိတ်ဝင်စားနေ

www.burmeseclassic.com

www.burmeseclassic.com



တာပါလိမ့်။ ငါ့မှာ အိမ်ထောင် ရှိမှန်း သူ သိသားပဲ။ ရုပ်ရှင်ရုံထဲက သူ့အပြုအမူကို ပြန်သတိရသည်။ သူဟာ အဲဒီလို ရဲတင်းတဲ့ မိန်းကလေးမျိုး လား။ သူ ငါ့ကို သဘောကျနေတာလား။ အဲဒီအတိုင်းဆို ငါ ဘာလုပ်ရ မလဲ။

မေးခွန်းတွေ အများကြီးပေါ်လာသည်။ သို့သော် တစ်ခုမှ ရေရေရာရာ အဖြေ မရှိ။ အိပ်မပျော်နိုင်ဘဲ အိပ်ရာပေါ်တွင် တလူးလူး တလွန့်လွန့် ဖြစ်နေသောအခါ အခန်းဖော် မင်းချန်းက လှမ်းငေါက်သည်။

'ဆရာ လင်း၊ ငြိမ်ငြိမ်အိပ်ဗျာ၊ ကျွန်တော် မနက်အစောကြီး ရထားအမီ သွားရမှာဗျ၊ ခင်ဗျား လုပ်နေတာ အိပ်လို့ကို မရဘူး'

'ဆောရီးကွာ'

တစ်ဖက်ကို စောင်းပြီး အသာငြိမ်နေလိုက်သည်။ ဆေးရုံဂိတ်ဝဆီမှ တင်းသမားအော်သံ ကြားလိုက်သည်။

'ဟေ့ ဘယ်သူလဲ၊ စကားဝှက်ပြော'

'အလံနှစ်ခု'

အမှောင်ထဲမှ ပြန်အော်သံ။ ခေါင်မိုးဆီမှာ ပရစ်နှစ်ကောင် အတိုင် အဖောက်ညီညီ အော်မြည်နေကြသည်။ လရောင်က ပြတင်းပေါက်မှ လေးထောင့်ကွက် ကျောက်ပြားအခင်းဆီသို့ ခပ်စွေစွေ ထိုးဆင်းနေသည်။ လင်းက မျက်စိကို စုံမှိတ်ပြီး တစ် နှစ် သုံး လေး ရေနေလိုက်သည်။ သို့သော် အိပ်ပျော်ခြင်းက မျက်တောင်များဆီသို့ ရောက်မလာ။

သန်းခေါင်အထိ မျက်စိကြောင်နေသည်။ ပြီးတော့ မနီးတစ်ဝက် နီးတစ်ဝက်နှင့် အိပ်မက်လေလား ဝေဝါးဝါးဖြစ်ကာ၊ အမျိုးသမီးတစ်ယောက်ကို မြင်ယောင်လာသည်။ မာနာမဟုတ်၊ မာနာနဲ့ တူသလိုလိုတော့ ရှိသည်။ လင်းရော မိန်းကလေးပါ ခွဲစိတ်ခန်းဝတ်ရုံဖြူတွေ ဝတ်လို့၊ ဦးထုပ်ကိုယ်စီနှင့်။ နှလုံးရောဂါသည်တစ်ယောက်ကို ခွဲဖို့ ပြင်ဆင်နေကြသည်။

လင်းက ခွဲစိတ်မည့် ဆရာအဖွဲ့နှင့် ခွဲစိတ်ခန်း ဆရာမများကို ခွဲစိတ်မည့် ရောဂါအကြောင်း ဘောသင်ပုန်းတွင် မြေဖြူခဲဖြင့် ရှင်းလင်းချက် များ ရေးကာ လက်ချာပေးနေသည်။

ပြီးတော့ မြင်ကွင်းတစ်ခု ပြောင်းသွားသည်။

ဧရာမ အိမ်ကြီးတစ်အိမ်။ နံရံအပြည့် စာအုပ်စင်တွေနှင့်။ စာအုပ်စင်တွေ ပေါ်တွင် ကတ်ထူဖုံးစာအုပ်တွေ အပြည့်။ ဓာတ်ပုံတွေ၊ ပန်းချီကားတွေလည်း



ချိတ်ထားသည်။ ဝရန်တာမှ လှမ်းကြည့်သည့်အခါ ဘဲဥပုံ မြက်ခင်းစိမ်းစိမ်းကို ဆီးမြင်နေရသည်။ စနေနေ့မို့ အပေါင်းအသင်းတွေ အိမ်တွင် ရောက်နေကြပြီး ပွဲဓာတ်အကြောင်း ရုပ်ရှင်အကြောင်း ပြောနေကြသည်။ အမျိုးသမီးက ဧည့်သည်တွေကို လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံနေသည်။ စားပွဲပေါ်တွင် ဖရုံစေ့ လှော်တွေ၊ မြေပဲလှော်ပန်းကန်တွေ လိုက်ချပေးနေရင်း အမျိုးသမီး၏ မျက်နှာကို မမြင်ရ။ သို့သော် သူက အိမ်ရှင်၊ အမျိုးသမီးက အိမ်ရှင်မ ဆိုတာတော့ သေချာသည်။ အချို့ ဧည့်သည်တွေက ညဥ့်နက်သည်အထိ မပြန်ကြဘဲ ဖဲကစားနေကြသည်။ သူက စာကြည့်ခန်းထဲတွင် ကလေး နှစ်ယောက်ကို စာသင်ပေးနေသည်။ စာသင်နေရင်း သူတို့နှစ်ယောက်ကို နှမ်းဟဲတက္ကသိုလ် ဒါမှမဟုတ် ပေကျင်းတက္ကသိုလ်သို့ ပို့ဖို့ စဉ်းစားနေသည်တဲ့။

မနက် မိုးလင်းတော့ ခေါင်းတွေ အုံ့ပြီး အာခေါင်တွေ ခြောက်နေသည်။ အိပ်မက်ကို ပြန်တွေးပြီး လင်း စိတ်ရှုပ်သလိုလို ဖြစ်နေသည်။ နောက် ထလေးယူဖို့ သူ လုံးဝ စိတ်မဝင်စားပါ။ ဒါကြောင့် ဒီကလေးနှစ်ယောက်ကို ဘာလို့ အိပ်မက် မက်ရတာလဲ။ ပြီးတော့ ဖဲဝိုင်း။ ဖဲဝိုင်းဆိုတာ ဘယ်မှာမှ မရှိတော့တာပဲ။ ပါတီက ပိတ်ထားတာ ကြာပြီလေ။ ပြီးတော့ အထူးဆန်းဆုံးမှာ အိပ်မက်ထဲတွင် သူက ခွဲစိတ်ဆရာဝန်တဲ့။ ခွဲစိတ်ဆရာလုပ်ဖို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့တာပဲ။ ငယ်ငယ်တုန်းက ကြယ်သုံးပွင့်နဲ့ ဗိုလ်ချုပ်ကြီး ဖြစ်ချင်တာ။

အထက်တန်းကျောင်းပြီးတော့ အလွန် စာဖတ်သည့် ဆရာကြီး တစ်ယောက်က သူ့ကို လက်ဆောင်ပေးသည့် စာအုပ်တစ်အုပ်တွင် 'ဗိုလ်ခြေ ဆင်သောင်းကို အုပ်ချုပ်တဲ့ တပ်မှူးကြီးဘဝနဲ့ မင်းကို ဆရာ ပြန်တွေ့ပါရစေ' ဟု ရေးပေးတာ လင်း မှတ်မိနေသည်။ ဆေးပညာကို သင်ခဲ့တာ လမ်းလွဲခဲ့ ခြင်း။ ရည်ရွယ်ချက်ကြီးသည့် လူငယ်တွေ ဆေးကျောင်းကို ရှောင်ကြသည်။ အိပ်ဆုံးကို မရောက်နိုင်ဘူးလေ။

နေ့လယ်ပိုင်းတွင် မာနာနှင့် ဆေးရုံမှာ ဆုံတော့ စိတ်ထဲ မသိုးမသန့် ဖြစ်နေသည်။ သို့သော် ဣန္ဒြေမပျက် နှုတ်ဆက်လိုက်သည်။ နှစ်ယောက်သား အတင်ဆာဖြစ်နေသည့် လူနာအကြောင်း ပြောကြသည်။ ဟိုနေ့ညက ဘာမှ မဖြစ်ခဲ့သည့်နှယ်။ သည်အတွင်း လင်း သူ့ကိုယ်သူ အံ့သြနေသည်။ အပြင်တွင် နေရောင်ခြည်က ဆိုက်ပရပ်ပင်များပေါ်သို့ ဖြာကျနေသည်။ ဧရာမ ကြွေးကြော်သံ ဆိုင်းဘုတ်ကြီးအောက် မြက်ခင်းထဲတွင် ယုန်ဖြူလေး တစ်ကောင် အစာ စားနေကြသည်။

www.burmeseclassic.com



ငှက်ပြာငယ်ကလေးတစ်ကောင်က ယုန်ပေါက်စကလေးနားကို ထိုးဆင်းလာနေပြီး ခေါင်းကလေး ဟိုဘက်လှည့်လိုက် သည်ဘက် လှည့်လိုက်နှင့်။

မာနာက မြတင်းပေါက်ပေါင်တွင် လက်ထောက်ပြီး ပြုံးနေကျ အပြုံးချိုချိုဖြင့် မေးသည်။

'တနင်္ဂနွေနေ့ကျရင် လမ်းလျှောက်ထွက်ကြရအောင်သားဟင်'

သူ့ကို ကြည့်ပြီး မေးသည်။ မျက်လုံးအစုံက မျှော်လင့်ချက်များစွာဖြင့်။

'လျှောက်လေ၊ ဘယ်မှာ ဆုံမလဲ'

ထွက်သွားသည့် အသံက ကိုယ့်အသံမှ ဟုတ်ရဲ့လား လင်း တွေးနေသည်။

'စတိုးဆိုင်ရှေ့မှာ ဆုံမယ်လေ'

မာနာ့ မျက်ဝန်းတွေ ပို၍ ရွှန်းလက်နေသည်။

'ဘယ်အချိန်လဲ'

'နှစ်နာရီ'

'ဟုတ်ပြီ၊ ကိုယ် လာခဲ့မယ်'

'ဒါဆို မာနာ သွားမယ်နော်၊ ဒေါက်တာလွှဆီ ဓာတ်ခွဲခန်းအဖြေတွေ သွားပို့ပေးရဦးမယ်၊ ဘိုင်'

လက်ထဲက စာရွက်ထပ်ကို ဝှေ့ပြပြီး မာနာ ပြေးထွက်သွားသည်။

'ဘိုင်'

မာနာ့ကို လင်းနောက်က ငေးကြည့်နေသည်။ ပထမဦးဆုံးအကြိမ်အဖြစ် သတိပြုလိုက်မိခြင်း။ ဖြောင့်စင်း တောင့်တင်းသည့် ခန္ဓာကိုယ်နေဟန်။ သူ တစ်ချက် လှည့်ကြည့်ပြီး ပြုံးသည်။ ပြီးမှ ဆေးရုံဘက်သို့ သုတ်ခြေတင်သွားသည်။

ဒေါက်တာလင်း သက်ပြင်းချလိုက်သည်။

အင်း ဇာတ်လမ်းတစ်ပုဒ်၏ နိဒါန်းများ ဖြစ်နေလေမည်လား။

o

## [ ၆ ]

တနင်္ဂနွေနေ့ရောက်တော့ စတိုးဆိုင်ရှေ့မှာ ဆုံကြသည်။ ပြီးတော့ ဆေးရုံဝင်းထဲတွင် လမ်းလျှောက်ကြသည်။ ပထမပိုင်းတွင်တော့ လူတွေ ဝိုင်းကြည့်သည့် ဒဏ်ကိုလည်း မခံနိုင်။ မနေတတ် မထိုင်တတ်ဖြစ်ကာ ခြေလှမ်းများမလို ခဏ ခဏ ဖြစ်သည်။ သို့သော် ဘယ်သူ့ကိုမှ ထိမထင်သည့် ဟန်ဖြင့် လျှောက်နေသည့် မာနာ့ကို ကြည့်ပြီး လင်း ဣန္ဒြေဆည်နိုင်လာသည်။

သူတို့နှစ်ယောက် အရင်းရှင်လမ်းကြောင်းပေါ် ရောက်သွားသည်။ ဗဟိုကော်မီတီဝင် လျှုရှောက်ချီနှင့် တိန့်ရှောင်ဖိန်တို့အကြောင်း ပြောဖြစ်ကြသည်။ ပညာတတ်တွေကို အရင်းရှင်ပုဆိန်ရိုးတွေအဖြစ် တပ်နီလူငယ်တွေက နှိပ်ကွပ်နေသည့် အကြောင်းများလည်း ပါ၏။ ဥက္ကဋ္ဌကြီးမော်၏ အနားတွင် ချိန်ကိုက်ဗုံးတွေ အများကြီး ရှိနေကြောင်းများကို ဟိုမှ သည်မှ ကြားရသည့် သတင်းများ အခြေခံ၍ သူတို့ ဖလှယ်ကြသည်။

မာနာက ချန်ချွန်းတွင် ယဉ်ကျေးမှုတော်လှန်ရေးသမားများ အချင်းချင်း အယူအဆကွဲပြီး ချကြသည့် သတင်းလည်း ပြောပြ၏။ တော်လှန်ရေးအပြင်းစားသမားများနှင့် အပျော့စားသမားများ ပဋိပက္ခဖြစ်ရာမှ တစ်ဖက်က သံချပ်ကာကားတွေ၊ တစ်ဖက်က မီးရထားစက်ခေါင်းတွေထဲတွင် အမြောက်တွေဆင်ကာ ပစ်ကြ ခတ်ကြရာ ဘူတာရုံတစ်ခုလုံး ပြိုကျသွားသည့် သတင်းကို မာနာက ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ယောက် မုန်လာခင်းတွေ၊ ခရမ်းပင်တွေကြားတွင် လျှောက်သွားရင်း စားသောက်ရိပ်သာ နောက်ဘက်သို့ ရောက်သွားကြသည်။ ယဉ်ကျေးမှုတော်လှန်ရေး ဖြစ်လာပြီးနောက်ပိုင်း ဆေးရုံအခြေအနေတွေကို ဆက်ပြောလာခဲ့ကြသည်။ ဆေးရုံတွင် အုပ်စု နှစ်စု ကွဲသွားသည်။ တစ်ဖက်နှင့် တစ်ဖက် အပြစ်ဖို့ကြသည်။ အပုပ်ချကြသည်။ ဉက္ကဋ္ဌကြီးမော်၏ အတွေးအခေါ်တွေကို ဖြန့်လည် ဖြင့်ဆင်မည်လား။ သည်အတိုင်း ဆက်ထားမလားဟူသည့် ပြဿနာ။

သည်ပွဲတွင် လူတွေ အုပ်စုကွဲကာ ရန်ပွဲတွေ ဖြစ်လာကြခြင်းပင်။ လင်းနှင့် မာနာက ဘယ်ဘက်မှ မပါ။ မာနာက 'အသင်းနီ' ဘက်ကို ယိုင်ချင်နေသည်။ လင်းက တားသည်။

'မင်း မဝင်သင့်ဘူး မာနာ'

မာနာက တအံ့တဩ ပြန်မေးသည်။

'ဘာပြုလို့လဲ ဆရာ'

'သူတို့ ငြင်းလို့သာ ငြင်းနေကြတာ၊ ဉက္ကဋ္ဌမော်ရဲ့ အတွေးအခေါ်ဆိုတာ ဘာမှန်း သိကြတာ မဟုတ်ဘူးနော်၊ အလကား ကြားဖူးနားဝနဲ့ တတ်ယောင်ကန်း လျှောက်ပြောပြီး ငြင်းနေကြတာ၊ ရာထူးရမလားဆိုပြီး ဖျာခင်းဖို့ ကြိုးစားနေကြတာ၊ အဲဒီလူ တွေကို အထင်မကြီးပါနဲ့ မာနာ'

'ဒါဆို ဆရာ ယဉ်ကျေးမှုတော်လှန်ရေးကို မထောက်ခံဘူးပေါ့'

'တော်လှန်ရေးဆိုတာ တစ်ဖက်နဲ့ တစ်ဖက် တိုက်နေမှ မဟုတ်ဘူး မာနာ၊ မင်း သဘောပေါက်လား'

ပွင့်ပွင့်လင်းလင်း ပြောရဲသည့် ဆရာ့သတ္တိကို မာနာ အံ့ဩသွားသည်။ ဆရာ့အတွေးအမြင်ကို သဘောကျသွားသည်။ အသင်းနီကို ဝင်ဖို့ မာနာ လက်လျှော့လိုက်၏။

ဘာကြောင့် သည်လောက် ရင်ဖွင့်ခဲ့မိတာပါလိမ့်။ လင်း သူ့ကိုယ်သူ အံ့ဩနေသည်။ ဘယ်လောက် အန္တရာယ်များသည့် ကိစ္စပါလဲ။ မိနစ်ပိုင်းအတွင်း ဒုက္ခရောက်သွားနိုင်သည်။ မာနာနဲ့မို့ ထင်ပါရဲ့။

အပြန်လမ်းတွင် မာနာက မျက်နှာငယ်ကလေးဖြင့် မေးသည်။

'ဆရာ့ကို တစ်ခု မေးပါရစေနော်၊ မာနာကိုယ်တိုင် မရှင်းလို့ပါ၊ နတ်သမီးဆိုတာ ဘာလဲဟင်'

ဆရာလင်း ငိုင်သွားသည်။



'အဲ သိပ်တော့ မသိဘူး မာနာ၊ ဘုရားသခင်ရဲ့ သာသနာ့ဝန်ထမ်းကလေးတွေ ထင်တာပဲ၊ ကိုယ်ကတော့ ခရစ်ယာန်တွေရဲ့ ပရလောကအယူသည်းမှု တစ်ခုလို့ ထင်တာပဲ'

'သူတို့က ဘာနဲ့ တူလဲဟင်'

'ပုံထဲမှာ တွေ့ဖူးတာကတော့ ဝဝတုတ်တုတ်ကလေးတွေပဲ၊ မျက်နှာချိုချိုနဲ့ ချစ်စရာလေးတွေ၊ အတောင်သုံးစုံ ပါတယ်'

'ဩော်'

'ဘာလို့ အဲဒီအကြောင်း မေးတာလဲ'

မာနာက မျက်လွှာ ပင့်ပြီး လင်းကို ကြည့်သည်။ ပြီးတော့မှ သူ့မေးခွန်းကို ဖြေသည်။

'တစ်ခါတုန်းက အဘိုးကြီး တစ်ယောက်က မာနာ့ကို ပြောတယ်၊ မင်းဟာ နတ်သမီးကလေးနဲ့ တူတယ်' တဲ့။

'ဟုတ်လား၊ ဘာလို့ အဲဒီလို ပြောတာလဲ'

'မသိဘူးလေ၊ အဲဒီတုန်းက မာနာ ရှစ်နှစ် သမီးပဲ ရှိသေးတယ်၊ ကျောင်းကဇာတ်ထဲ ပါရတယ်၊ ကိုရီးယားစစ်ပွဲ သူရဲကောင်းတွေ အကြောင်း မြဇာတ်လေ၊ အားလုံးပဲ ကလေးတွေနဲ့ တူအောင် ဝတ်ထားကြရတယ်၊ ခါးမှာ အမွေး အတောင်တွေနဲ့ပေါ့၊ ပွဲပြီးတော့ ကျောင်းဂိတ်ဝမှာ အဘိုးကြီး အဘွားကြီးစုံတွဲက မာနာ့ကို စောင့်နေတယ်၊ အဘိုးကြီးက နဖူးနဲ့ ရင်ဘတ်တွေကို လက်နဲ့ လက်ဝါးကတ်တိုင် အမှတ်အသားလုပ်ပြီး ပြောတယ်။

'သမီးလေးက တကယ့် နတ်သမီးလေးအတိုင်းပဲ' တဲ့၊ မာနာ ဘာအဓိပ္ပာယ်မှန်း မသိဘူး။ မကောင်းပြောတာ မဟုတ်မှန်းတော့ သိနေတယ်၊ အဲဒီမှာ ရဲတွေက အဘိုးကြီးနဲ့ အဘွားကြီးကို အတင်း ဆွဲခေါ်သွားကြတယ်၊ အဘိုးကြီးလင်မယားက အော်ပြောသွားတယ်။ 'ခရစ်တော်ကို ယုံကြည်ကြပါ၊ ဘုရားသခင်ကို ယုံကြည်ကြပါ' တဲ့၊ ရေချိုးခန်းဆီ မသွားတော့ဘဲ မာနာ အပြေးအလွှား အဝတ်လဲခဲ့တယ်၊ ရဲတွေကို အရမ်းကြောက်တာပဲ။

'အဲဒီနောက်ပိုင်းမှာ နတ်သမီးဆိုတာ ဘာလဲလို့ မာနာ သိချင်နေခဲ့တာ၊ အဲဒီစကားလုံးကို အဘိဓာန်တွေမှာ ရှာကြည့်တယ်၊ ဒါပေမဲ့ တွေ့ရတဲ့ အဓိပ္ပာယ်တွေက သိပ်မရှင်းဘူး၊ ဒါပေမဲ့ ဘယ်သူ့မှလည်း မမေးဘူး အဘိုးကြီး ပြောသွားတာကို နားလည်သလိုလိုပဲ၊ ဒါပေမဲ့ မာနာက ဝဝတုတ်တုတ်ကလေးမှ မဟုတ်တာ၊ သူ ဘာပြုလို့ မာနာ့ကို အဲဒီလို ပြောတာလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'မင်းဟာ ပျော်ရွှင်ပြီး အပြစ်ကင်းစင်တဲ့ မိန်းကလေးမျိုး ဖြစ်လို့ နေမှာပေါ့'

'မာနာ ကလေးဘဝမှာ မပျော်ခဲ့ပါဘူး ဆရာရယ်၊ မိစုံဖစုံနဲ့ ကလေးတွေကို တွေ့ရင် အလိုလို မနာလိုဖြစ်နေခဲ့တယ်၊ အမုန်းစိတ်တွေတောင် ဝင်လာမိတယ်၊ အော် ဆရာ၊ အဲဒီအကြောင်းတွေ ဘယ်သူ့မှ ပြန်မပြောပါနဲ့နော်'

'စိတ်ချပါ မာနာ'

လင်းက သူ့မျက်နှာကို အကဲခတ်လိုက်သည်။ တကယ့် ပြစ်မျိုးမဲ့ မထင် အကြင်နာမျက်နှာကလေး နုတ်သမီးဇာတ်လမ်းကို သူ ဖန်တီး ပြောနေခြင်း မဖြစ်နိုင်ပါ။

တနင်္ဂနွေနေ့တွင် သူတို့ တွေ့ပြီး လမ်းလျှောက်ဖြစ်ကြပြန်သည်။ နောက်တော့ တနင်္ဂနွေတိုင်း တွဲလျှောက်နေကြတော့သည်။ နောက်တော့ တစ်ပတ် နှစ်ကြိမ် သုံးကြိမ်၊ ဆည်းဆာချိန်များတွင် ထွက်ကြသည်။ မမြင်နိုင်သည့် သံယောဇဉ်နှောင်ကြိုးများ ငြိတွယ် ရစ်ပတ်ကြလေပြီ။ အခြားစစ်ဆေးရုံတစ်ရုံသို့ လူနာ သွားပို့ရသဖြင့် မာနာ မရှိသည့် ရက်များတွင် လင်း တစ်ယောက် ရုံးခန်းထဲတွင် နာရီများစွာ ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။ သည်လို အထီးကျန်ဝေဒနာမျိုး တစ်ခါမှ မခံစားခဲ့ဖူးပါ။

ဩဂုတ်လထဲ ရောက်လာတော့ သူတို့နှစ်ယောက် တကူးတက ချိန်းစရာ မလိုတော့ပေ။ သွားအတူ၊ စားအတူ ဖြစ်လာသည်။ ထမင်းစားဆောင်တွင် တစ်စားပွဲတည်း ထိုင်စားသည်။ စားဖိုဆောင်သို့ ရေနွေးသွားယူလျှင်လည်း ခွာတ်ဘူး ကိုယ်စီ ကိုင်ကာ အတူတူ သွားကြသည်။ နိုင်ငံရေးသင်တန်းချိန်တွင်လည်း ရှေ့နောက်ထိုင်သည်။ နှစ်ယောက်သား စားပွဲတင်တင်းနစ် ကစားသည်။ ကြက်တောင်ရိုက်သည်။ ဆေးရုံဝင်းထဲတွင် ရာသီဥတုကောင်းသည့် နေ့တိုင်း လမ်းလျှောက်သည်။ စကားတပြောပြောနှင့် ငြင်းကြခုန်ကြသည့် အခါများလည်း ရှိ၏။

သည်လောက် ရင်းနှီးလာကြသော်လည်း ဘယ်သူ့ဘက်ကမှ ရင်မဖွင့်ကြ။ ပြဇာတ်ရုံထဲတွင် ရင်တလှပ်လှပ်နှင့် တယုတယ ပြုခဲ့ကြပြီး နောက်ပိုင်းတွင် အသားချင်း မထိကြတော့။ လင်းက သူ့ကိုယ်သူ အိမ်ထောင်သည်တစ်ယောက်ဖြစ်ကြောင်း အမြဲတမ်း သတိထားသည်။

တော်လှန်ရေးအဖွဲ့အစည်းများနှင့် သူတို့နှစ်ယောက်စလုံး ကင်းကင်းနေသည်။ သို့သော် ပါတီက ချမှတ်ထားသည့် လမ်းစဉ်ကို တလေးတစား



လိုက်နာသည်။ အခါအားလျော်စွာ လင်းက နိုင်ငံရေးသင်တန်းများအင် ပေးနေသေးသည်။ ဥက္ကဋ္ဌကြီးမော်၏ 'ပြည်သူကိုအကျိုးပြုကြ' 'အောက်မေ့ဖွယ် ဒေါက်တာ နော်မန်ဘက်သွန်' 'တောင်ကို ရွှေ့သည့် အဘိုးအို' စသည် အက်ဆေးများကို ရှင်းလင်း သင်ကြားသည်။

သူ့လက်ချာကို လူတွေ သဘောကျကြသည်။ သူ့မှတ်စုတွေကို ငှားဖတ်ကြသည်။ လင်းနှင့် မာနာသည် တင်းပြည့်ပါတီဝင်များ ဖြစ်ကြသည်။ မိသားစုနောက်ခံ လူတန်းစားမှန်သည်။ ထို့ကြောင့် ဆေးရုံမှ ယဉ်ကျေးမှုတော်လှန်ရေးသူနစ်များက သူတို့နှစ်ယောက်ကို ရန်မရှာနိုင်ကြပေ။ ဖောက်ပြန်သောပညာတတ် ဘူဇွာလူတန်းစားအဖြစ် စာရင်းသွင်းမခံရပေ။

သို့သော်လည်း သူတို့နှစ်ယောက် ငြိနေကြပြီဟု အားလုံးက ထင်နေကြသည်။ ပါတီခေါင်းဆောင်တွေ စိတ်ပူစ ပြုလာကြသည်။ သို့သော် ငြိစွန်းနေသည့် အထောက်အထား သူတို့တွင် မရှိ။ ပါတီစည်းမျဉ်းနှင့် ဆေးရုံဥပဒေကို သူတို့ ချိုးဖောက်တာ စိုးစဉ်းမျှ မရှိ။ ဘယ်တော့မှ ဆေးရုံပြင်ဘက်တွင် တွဲတာ တွေ့ရ။ ချစ်သူတို့ ထုံးအရ ကိုယ်အမူအရာ၊ နှုတ်အမူအရာနှင့် ချစ်တင်းနှောခြင်းမျိုး မရှိ။ သို့သော် သူတို့ ဆက်ဆံရေးမှာ ရဲဘော်ရဲဘက် ဆက်ဆံရေးမျိုး မဟုတ်တော့ကြောင်းကို အားလုံးက လက်ခံထားကြပြီ။ ထူသိရှင်ကြား သမီးရည်းစားများထက်ပင် သူတို့နှစ်ယောက် နီးစပ်နေသည် မဟုတ်လား။

ထို့ကြောင့် သူတို့ကိစ္စကို ဆေးရုံ နိုင်ငံရေးဌာနမှ ဒုတိယဥက္ကဋ္ဌ ရန်စုနှင့် နိုင်ငံရေးမှူး ဇန်တို့ စဉ်းစားကြရတော့သည်။ ရန်စုက လင်းနှင့် ခြေလည်သည်။ နှစ်ယောက်စလုံး စာဖတ်သူများဖြစ်၍ စကားပြောလို့ ရသည်။

တစ်နေ့တွင် ရန်စုက လင်းကို သူ့ရုံးခန်းခေါ်ပြီး ဆွေးနွေးသည်။

'ရဲဘော်လင်း၊ ခင်ဗျား အခြေအနေကို ကျွန်တော် နားလည်ပါတယ်။ မိဘပေးစားလို့ အိမ်ထောင်ပြုခဲ့ရတယ် ဆိုတာလည်း ကျွန်တော်တို့ သိထားပါတယ်၊ အိမ်ထောင်ရေးသုခ မရှိတာမျိုးလည်း ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မာနာဝူးကိစ္စကိုတော့ အချိန်မီ သတိပေးဖို့ ကျွန်တော့်မှာ တာဝန်ရှိနေတယ်ဗျာ၊ ခင်ဗျားရှေ့ရေးကို ထိခိုက်နိုင်လို့ပါ။ ခင်ဗျားတို့ အခြေအနေ ဘယ်လိုလဲ၊ ရိုးရိုးပဲလား၊ ငြိစွန်းနေကြပြီလား၊ ခင်ဗျား ဒုက္ခရောက်မှာ စိုးလို့ မေးရတာပါ ရဲဘော်'

လင်း ဘာမှ ပြန်မပြောနိုင်ဘဲ ငိုင်နေသည်။ သူ အကြိမ်ကြိမ် စဉ်းစားပြီးပါပြီ။ ရပ်တန်းက ရပ်နိုင်ပါမည်လား။ မာနာသည် လင်း၏

www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားထဲသို့ ပထမဆုံး ရောက်လာသည့် မိန်းကလေးဖြစ်ပါသည်။ သူတို့နှစ်ယောက် ဖွင့်မပြောကြသေးသော်လည်း ကိုယ်ထိလက်ရောက် ချေင်းနှီးရသေးသော်လည်း အသည်းနှင့်အောင် ချစ်နေကြသည့် အကြောင်း နှစ်ယောက်စလုံး သိနေပြီ။ တစ်နေ့ မမြင်ရရင် တစ်လလောက် ထင်နေကြပြီ၊ ရန်စုက သူ့ဆံပင်တွေကို လက်နှင့် တို့ဖွရင်း စကားဆက်သည်။

'ကျွန်တော်တို့ သူငယ်ချင်းတွေပဲဗျာ၊ ပွင့်ပွင့်လင်းလင်း ပြောကြတာပေါ့ ရဲဘော်လင်း'

နောက်ဆုံး လင်း တိုးတိုးပြောသည်။

'ကျွန်တော်တို့ သူငယ်ချင်းတွေလို ဆက်နေပါ့မယ်၊ ဘာမှ မဖြစ်စေရပါဘူး'

'ခင်ဗျားတို့ ရိုးရိုးတန်းတန်းပါ ဆိုတာ ကျွန်တော့်ကို ကတိပေးမလား'

ကျူးကျူးလွန်လွန် မဖြစ်ဖို့ သူ ကတိတောင်းခြင်း ဖြစ်သည်။ မိနစ်ဝက်ခန့် ငြိမ်နေပြီးမှ လင်း ခေါင်းထောင်လာသည်။

'ကျွန်တော် ကတိပေးပါတယ်'

'ကျွန်တော့်မှာ တာဝန်ရှိလို့ ပြောရတာပါဗျာ၊ ခင်ဗျား ပါတီစည်းမျဉ်းကို ချိုးဖောက်ရင် ကျွန်တော် ဘယ်လိုမှ မကာကွယ်နိုင်ဘဲ ဖြစ်မှာ စိုးလို့ပါ။ ခု ခင်ဗျား ကတိရပြီ၊ ခင်ဗျားတို့နှစ်ယောက်ရဲ့ ဆက်ဆံရေးအကြောင်း ကျွန်တော် အထက်ကို တင်ပြပေးပါ့မယ်၊ ကတိတော့ တည်ပါစေနော်၊ မဟုတ်ရင် ကျွန်တော်ပါ ဒုက္ခရောက်မှာ'

'ကျွန်တော် နားလည်ပါတယ်'

ဒေးစက်ခြင်းက နှလုံးသားထဲထိ နစ်ဝင်သွားသည် ထင်လိုက်၏။ လွန်ခဲ့သည့် သုံးလက ဘာကြောင့်များ သူ ချိန်းတဲ့နေရာကို သွားလိုက်မိပါလိမ့်။ ခုတော့ အရမ်း လေးနက်သွားခဲ့လေပြီ။ ခုအခြေအနေ ရောက်မှ နောက်ဆုတ်ရလျှင် သူကလေး မည်သို့ ရှိရှာလေမည်လဲ။

နှစ်ယောက်စလုံး ရင်ကွဲနာ မကျအောင် မည်သို့ ကြံရပါမည်လဲ။ မိမိက အိမ်ထောင်သည်။ ပါတီစည်းကမ်းအရ နောက်တစ်ယောက်နှင့် တွဲခွင့် မရှိ။

ရန်စုက သူ့ကို စီးကရက်တစ်ဘူး ပေးလိုက်သည်။ နှစ်ပတ်အတွင်း သူငှားထားသည့် How the Steel is tempered ပြန်ပေးမည့်အကြောင်း ပြောသည်။ အလုပ်တွေ အရမ်းများနေ၍ မပြီးခြင်းဖြစ်ကြောင်း ပြောပြီး ရှင်းပြသည်။



'ရုရှားတွေ ဘာလို့ ဒါလောက်ထူတဲ့ စာအုပ်ကြီးတွေ ရေးတယ်ဆိုတာ ကျွန်တော်တော့ နားမလည်ဘူး ဒေါက်တာလင်း၊ သူတို့မှာ အချိန်တွေ အရမ်း ပိုနေတယ် ထင်ပါရဲ့၊ တစ်ချို့ အခန်းတွေက ဖွဲ့တာ နွဲ့တာ လွန်လွန်းတယ်ဗျာ၊ တချို့အခန်းတွေဆို ကျော်ဖတ်ပစ်လိုက်ရတယ်၊ အသေးစိတ်မှုန်းလွန်းတော့ စာအုပ်က လေးသွားတာပေါ့'

မနှစ်တုန်းက သူပင် လင်း၏ စာအုပ်တွေ ဖျောက်ဖျက်ပစ်ဖို့ အကြံပေးခဲ့သေးသည်။ တပ်နီ လူငယ်တွေ တွေ့သွားလျှင် အသိမ်းခံရမည်၊ ဖျက်ဆီးခံရမည်ကို သူက စိုးရိမ်သည်တဲ့။

နောက်တစ်နေ့ အားကစားကွင်းထဲတွင် မာနာနှင့် ဆုံတော့ မနေ့က အကြောင်း ပြောပြလိုက်သည်။ မြင်းရုပ်တစ်ရုပ်ပေါ်တွင် တံတောင်ဆစ်နှင့် ထောက်ပြီး မျက်လွှာချကာ မာနာ နားထောင်နေသည်။ နံဘေးတွင် တန်းဘားတွေ လွဲဘားတွေနှင့် သဲတွေဖြည့်ထားသည့် အလျားခုန်ကျင်းက နှစ်ကျင်း။ အတန်ကြာမှ မာနာ ခေါင်းမော့လာသည်။

'မာနာ့ကို ဆရာ ဘယ်လို သဘောထားသလဲဟင်'

မာနာ့မေးခွန်းကြောင့် လင်း တွေဝေသွားသည်။

'ဘာဆိုလိုတာလဲ မာနာ'

'မာနာ့ကို ဆရာ ဘယ်လောက် အလေးအနက်ထားတယ် ဆိုတာ သိချင်လို့ပါ၊ တစ်နေ့နေ့မှာ မာနာတို့ မနီးစပ်နိုင်ဘူးလားဟင်'

လင်းမျက်လုံးတွေကို မာနာ တည့်တည့် ကြည့်ပြောလိုက်ခြင်း ဖြစ်သည်။

'အဲဒါ ကိုယ် တစ်ချိန်လုံး စဉ်းစားနေတာပါ မာနာ၊ အခြေအနေပေးရင် မင်းကို ဖွင့်ပြောတာ ကြာလှပြီ'

မာနာ ရင်ထဲ နင့်သွားသည်။ မျက်ရည်တွေ လည်လာသည်။ သူ့ကို ကြည့်ပြီး လင်း ခမျာလည်း နင့်ခနဲ ဖြစ်သွားသည်။ အသက်ရှူလို့ မဝတော့ ကွင်းပတ်ပတ်လည်ကို ဝေ့ကြည့်လိုက်သည်။ တော်ပါသေးရဲ့၊ ဘယ်သူမှ မရှိ။ တလေးတစ်သိုက် 'စပိုင်ဖမ်း' ကစားနည်း ကစားနေကြသည်။

မာနာ့ လက်ထဲကို သူ လက်ကိုင်ပုဝါ လှမ်းထည့်ရင်း လေးတာ လေသံဖြင့် ပြောသည်။

'သိပ်လည်း စိတ်ပျက်မနေပါနဲ့ မာနာရယ်၊ မင်းကို ဆရာ ချစ်ပါတယ် ဒါပေမဲ့ မဖြစ်နိုင်သေးလို့ပါ၊ စိတ်မကောင်းပါဘူး မိန်းကလေးရယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ့အဖြစ်မှ မဟုတ်ဘဲ ဆရာရယ်၊ ဘာကြောင့် မာနာကိုမှ ရွေးပြီး ထုံကြွမ္ဘာဆိုးတာ နှိပ်စက်တာပါလိမ့်၊ မာနာ နှစ်ဆယ့်ရှစ်နှစ် ပြည့်ပြီ ဆရာ'

လင်း သက်ပြင်းချသည်။ ဘာမှ ပြောမထွက်အောင် တစ်ဆို့ဆို့ကြီး ဖြစ်နေသည်။ အင်း သူနဲ့သာဆိုရင် ငါ့ဘဝ ဘယ်လောက် ပျော်ဖို့ ကောင်းလိုက်မလဲ။

နောက် သိပ်မကြာခင် မာနာကိုလည်း ရန်စုက သူ့ရုံးခန်းတွင် ခေါ်တွေ့သည်။ လင်းကို ဆွေးနွေးသည့်အတိုင်း ပြောပြီး ကတိပေးခိုင်းသည်။

ဒီဇင်ဘာလထဲ ရောက်တော့ စံပြလုပ်သားစာရင်း ထွက်လာသည်။ ပါနေကျ စံပြအရာရှိစာရင်းတွင်လည်း နာမည် ပါမလာ။ လူတွေက တဖျစ် တောက်တောက်နှင့် သူ့ကို ဝေဖန်ကြသည်။ အမျိုးသားသီချင်း လွှင့်သည့် အချိန်တွင် လင်း မတ်မတ်မရပ်ကြောင်း အရာရှိတစ်ယောက်က ထုတ်ပြော သည်။ အဝတ်မပါဘဲ ရေချိုးနေချိန်မှာတောင် သတိဆွဲပြီး မတ်တတ်ရပ်ကြ သည် မဟုတ်လား။ ပါတီခေါင်းဆောင်တစ်ယောက်က သူ့ဆံပင်တွေ ရှည်လွန်းကြောင်း ဝေဖန်သည်။ ရုပ်ရှင်ထဲက ပညာတတ်ဘူဇွာပုံ ပေါက်နေ သည်။ ဘာကြောင့် သူများတွေလို တိုတို မညှပ်နိုင်ရမှာလဲဟု ဆိုသည်။ သူက ဆေးတက္ကသိုလ်ဘွဲ့ရမို့ သူများနည်းတူ မနေနိုင်တာလား ဘာလား၊ ညာလား စသည်ဖြင့်။ ဘွဲ့ရဘဝတူ ဆရာဝန်သုံးယောက်က ဆံပင်ပုံကို ဂရုမစိုက်ကြ။ တစ်ယောက်က ဘာစိတ်ကူးပေါက်သည် မသိ။ ခေါင်းတုံးရိတ်ထားသည်။

လင်းက ချက်ချင်း အခန်းဖော် မင်းချမ်းကို အကူအညီတောင်းပြီး ဘဲမြီး ညှပ်ခိုင်းပစ်လိုက်သည်။ လင်းတစ်ယောက် ခေတ်ပညာတတ်ပုံ ပျောက်သွားပြီ။ သာမန်လူတွေနှင့် ရောသွားပြီ။ တော်ပါသေးသည်။ ဆောင်းတွင်းကြီးမို့ သိုးမွေးဦးထုပ် ဆောင်းရသည့် အချိန်လေ။

ဒူးတိုက် နိုင်ငံရေး ဆွေးနွေးပွဲများတွင် လူတွေက သူ့ဆီမှ အတွင်းကျကျ စကားများ ကြားချင်နေကြသည်။ ကိုယ့်ကိုယ်ကိုယ် ဝေဖန်ရေး များ သူလုပ်လေမည်လားဟု မျှော်လင့်နေကြသည်။ သို့သော် ဒေါက်တာလင်း တစ်ယောက် လပေါင်းများစွာ နှုတ်ဆိတ်နေသည်။ စိတ်ဓာတ်တွေ ကျနေ သည်။

၀

[ ၇ ]

ရှူးယုဆိုတာ ဘယ်လို အမျိုးသမီးပါလိမ့်။ မာနာ သိချင်နေသည်မှာ တစ်နှစ် ကျော်ပြီ။ သို့သော် လင်းဆီမှ ဘာသတင်းမှ မရ။ ဓာတ်ပုံပြပါ တောင်းတိုင်း မရှိပါဘူးဟု ငြင်းသည်ချည်း။ မာနာက မယုံ။ အခန်းရှင်းပေးသည့်အခါ သူ့ပစ္စည်းတွေထဲမှာ ရှာကြည့်သည်။ ရုံးခန်းထဲက စားပွဲ အံဆွဲတွေထဲမှာလည်း မွှေပြီးပြီ။ ဓာတ်ပုံနဲ့ တူတာ ဘာမှ မတွေ့။

အခန်းဖော် ကောင်မလေးတွေက ဆရာလင်း၏ မိန်းမအကြောင်း မာနာ့ကို မေးသည်။ ဘာမျှ ပြောမပြနိုင်၍ မာနာ မျက်နှာပူရသည်။ ဒေါက်တာလင်းသည် မပြတ်သားသူ ဖြစ်နိုင်သည်။ ထို့ကြောင့် သတိထားရမည်ဟု ပြောသူလည်း ရှိ၏။

၁၉၆၈ ခုနှစ် ဆေးရုံ နှစ်ပတ်လည် အားကစားပြိုင်ပွဲတွင် မာနာက စားပွဲတင်တင်းနစ် တတိယဆုရသည်။ ပဝါဖြူနှင့် ထုပ်ထားသည့် ရေနွေး ဆပ်ပြာတစ်တုံး။ သူ ပိုပြီး တက်ကြွသွားစေချင်၍ ထိုနေ့ ညနေ လင်း၏ အဆောင်သို့ သူ ရောက်လာခိုက်

'ကဲ မင်းကို ဆရာ ဆုချမယ်၊ လိုချင်တာပြော' ဟု ပြောလိုက်သည်။

'ဘာမှ မလိုချင်ပါဘူး ဆရာရယ်၊ ရှူးယုပုံပဲ ကြည့်ချင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် ဘယ်သူမှ မရှိကြသဖြင့် လင်းက စာအုပ်တစ်အုပ်ထဲမှ လေးလက်မ သုံးလက်မ အဖြူအမည်း ဓာတ်ပုံကို ထုတ်ပေးလိုက်သည်။

ဓာတ်ပုံကို ကြည့်ပြီး မာနာ ကြိတ်ရယ်လိုက်မိသည်။ ရှူးယုနှင့် အွာတို့ သားအမိပုံ ဖြစ်သည်။ *ကလေးမလေးက မြေကြီးပေါ်တွင် ဒူးညွှတ်ရပ်နေသည်။* ကျားကွက်ဝတ်စုံကလေးဖြင့် ခုံတန်းတစ်ခုပေါ်တွင် ထိုင်နေသည့် သူ့အမေဆီသို့ လက်ဆန့်ထားသည်။ ရှူးယုက ဟွာထက် ကင်မရာနှင့် ပိုနီးသည်။ မျက်နှာက ပါးရိုးတွေ ငေါထွက်နေပြီး နဖူးတွင် အရေးအကြောင်းတွေနှင့်။ အောက်နှုတ်ခမ်းက တွဲကျနေသည်။ အမူအရာက ငိုတော့မည့်ပုံ။ ကျစ်ဆံမြီး သေးသေးကလေး ညာဘက် မျက်လုံးပေါ်တွင် တွဲလောင်းကျသည်။ ပခုံးနှစ်ဖက်က လျှောကျနေသည်။ အဝတ်အစားတွေ ကြည့်ပြီး မာနာ အံ့သြသွားသည်။ အဘွားကြီးတစ်ယောက် အတိုင်းပါလား။

'ဟင် ဆရာ၊ သူက ခြေသေး မဟုတ်လား ဆရာ၊ ဒါဆို ဆရာ့အမေ အရွယ်ပေါ့'

မာနာ မရယ်ဘဲ မနေနိုင်တော့ပေ။

လင်း၏ မျက်မှန်အောက်မှ မျက်လုံးတွေ မီးဝင်းဝင်းတောက်သွားသည်။ စကား တစ်ခွန်းမှ ပြန်မပြောဘဲ ဦးထုပ် ကောက်ဆောင်းပြီး အခန်းထဲမှ ထွက်သွားသည်။

'ဆရာ၊ ဆရာ၊ ဆရာ စိတ်ဆိုးအောင် မာနာ ပြောမိသွားရင် တောင်းပန်ပါတယ် ဆရာ၊ အဲဒီလို မရည်ရွယ်ပါဘူး'

မာနာက နောက်မှ ပြေးလိုက်သွားပြီး ပြောသည်။ လင်းက လှည့်မကြည့်ဘဲ ဆေးရုံနောက်ပေါက်ဆီသို့ ဦးတည်ပြီး လျှောက်နေသည်။ လင်းက ဆေးရုံနောက်ဘက်ဂိတ်မှ အပြင်သို့ ထွက်သွားပြီ။ မာနာ ဆက်လိုက်လို့ မဖြစ်တော့။ ဘုံရိပ်သာအဖွဲ့ပိုင် ပန်းသစ်သော့သီးခြံထဲတွင် လင်း ပျောက်ကွယ်သွားပြီ။

လင်း စိတ်ဆိုးသည်ကို မာနာ ပထမဆုံး မြင်ဖူးခြင်း။ နောက်နေ့ကျတော့ ဘာမှ မဖြစ်ခဲ့သလို ပုံမှန်အတိုင်း သူ့ကို တွေ့ရသည်။ မာနာက ထပ်တောင်းပန်တော့ ခပ်အေးအေးလေသံဖြင့် ပြောသည်။

'ကိစ္စမရှိပါဘူးကွာ၊ အဲဒီအကြောင်း မေ့ပစ်လိုက်ပါ'



ဓာတ်ပုံ ကြည့်ပြီး မာနာ အပုံကြီး ရင်ထဲ ပေါ့သွားသည်။ သူတို့ နှစ်ယောက် ဘယ်လိုမှ ကြာကြာနေနိုင်မည် မဟုတ်။ တစ်နေ့နေ့မှာ ရှူးယုကို သူ ထားခဲ့မှာပါ။ နောက်ဆုံးတွင် မာနာ့အတွက် မျှော်လင့်ချက် ရောင်ခြည်ကလေးများကို မြင်လာရသည်။

အခန်းဖော်တွေက ရှူးယုအကြောင်း စပ်စုနေကြဆဲ။ မာနာကလည်း ဘူးခံနေဆဲ။ တစ်လလောက်ကြာတော့ စိတ်လှုပ်ရှားမှုကို မမျိုသိပ်နိုင်တော့ဘဲ အခင်ဆုံး ဟေယံကို ဓာတ်ပုံအကြောင်း ပြောပြလိုက်သည်။ နှစ်ယောက်စလုံး ညတာဝန်ကျသဖြင့် အချိန်တွေ ပိုနေသည်။ လူနာတွေကို အဖျားတိုင်းခြင်း၊ သောက်ဆေးပေးခြင်း အလုပ်များပြီးတော့ စကားပြောချိန်တွေ အများကြီးရနေသည်။

ဟေယံသည် မိန်းမချောကလေးတစ်ယောက် ဖြစ်သည်။ လှပသောသွားကလေးများက ပြုံးလိုက်လျှင် သွယ်တန်းနေသည်။ သူ့အနားတွင် အစ်ကို ကာလသားတွေ ဝိုင်းဝိုင်းလည်နေသည်။ သူ့ကို ဟာဘင်တွင် မွေးပြီး မူကျီတွင် အနေများသည်။ ဟေယံအဘိုးသည် ကျိုကျိုတက်ချမ်းသာသည့် သူဌေးကြီးဖြစ်သည်။ သို့ပေမယ့် မိသားစုဘက်မှ မည်သည့် အကျိုးခံစားခွင့်မှ ဟေယံ မရခဲ့ပါ။ ကိုရီးယားစစ်ပွဲတွင် အမေရိကန်ကို တိုက်ဖို့ တရုတ်ကွန်မြူနစ် အစိုးရအား MIG-၁၅ တိုက်လေယာဉ်တွင် ဝယ်ဖို့ ငွေတွေ ပုံအောလှူလိုက်သည်။ ထိုမှစ၍ သူ့စီးပွားရေးလုပ်ငန်းတွေ ဒေဝါလီခံလိုက်ရပြီး မွဲပြာကျသွားတော့၏။ ထို့ကြောင့် သူ့အဆက်အနွယ်များကို အစိုးရကရောတော်လှန်ရေးသမားများကပါ မတို့ မထိဘဲ ထားကြသည်။ ထို့ကြောင့် ဟေယံကို မာနာက ခင်သော်လည်း သတိနှင့် ဆက်ဆံသည်။ ချစ်စရာကောင်းသည့် ကျားသစ်မလေးအဖြစ် သဘောထားသည်။

'ဟေယံသာ အစ်မမာနာဆိုရင် လင်းနဲ့ အိပ်ပစ်လိုက်တာ ကြာလှပြီ'

ဟေယံက သိုးမွေးတဘက် ထိုးနေရင်း ပြောလိုက်ခြင်း ဖြစ်၏။

'ဟဲ့ ဟဲ့. . . ဟေယံ၊ မင်း ဘယ်လို ပြောလိုက်တာလဲ၊ အရှူးမ'

လျှပ်စစ်ပေါင်းအိုးထဲတွင် ထည့်ပြုတ်ထားသည့် ဆေးထိုးအပ်ပြွန်တွေကို နှုတ်သီးရှည်ကတ်ကြေးဖြင့် ကောက်ယူနေရင်း မာနာက ပျာပျာသလဲ ပြန်ပြောလိုက်သည်။

ဟေယံက တစ်ကြောင်းပြီး တစ်ကြောင်း ဆက်ထိုးနေရင်း

www.burmeseclassic.com

www.burmeseclassic.com



'ဟေယ် မရှုပါဘူး။ အစ်မ မာနာ ဒီအတိုင်း ဆက်နေသွားလို့ ဖြစ်မလား သူ့ကို ရအောင် ယူရမှာပေါ့'

'မလုပ်ပါနဲ့ဟယ်၊ သူလန့်ပြီး ထွက်ပြေးသွားပါဦးမယ်'

နှစ်ယောက်သား ရယ်ကြသည်။ ရာသီဥတုကြောင့် မာနာ အအေးမိချင်သလိုလို ဖြစ်နေသည်။ တစ်ချက် ချေလိုက်သည်။ ဟေယံက ထိုးလက်စ သိုးမွေးထည်ကို ချပြီး

'ဒီမယ် အစ်မ မာနာ၊ အစ်မ သူနဲ့ နေလိုက်ပြီးမှ သူ အစ်မကို ထားမသွားမှာ၊ အစ်မကို ချစ်ရင် ပြောတာ၊ ဆရာလင်းဟာ နှလုံးသားနဲ့ လူပါ၊ အစ်မသွားရာနောက်ကို လိုက်မယ့်လူပါ။ အစ်မတို့ ဒါလောက် ချစ်နေတာ ဝဲဟာ'

'ဟေယံကလဲကွာ၊ ကလေးဓတွေး မတွေးစမ်းပါနဲ့၊ အချစ်ခရီးဆိုတာ ဒါလောက် မဖြောင့်ဖြူးနိုင်ပါဘူး'

'သွားစမ်းပါ၊ အစ်မ မာနာ အချစ်အကြောင်း ဘာသိလို့လဲ'

'မင်းက သိတယ်ပေါ့'

'အိုး သိပ်သိတာပေါ့'

'မင်း ရည်းစား ဘယ်နှယောက် ထားဖူးလို့လဲ'

မာနာက နဖူးရှုံ့ပြီး မေးလိုက်သည်။ ဟေယံ အပျိုမှ ဟုတ်သေးရဲ့လားဟု သံသယ ဖြစ်လိုက်မိ၏။ ဆေးရုံ နိုင်ငံရေးဌာန ဒုတိယ ဥက္ကဋ္ဌနှင့် တိတ်တိတ်ပုန်းဖြစ်နေကြသည်ဟု တီးတိုးသတင်းများ ဖြစ်နေသည်။ သူက ဆေးစစ်မခံရဘဲ၊ သူနာပြုသင်တန်း မတက်ရဘဲ သူနာပြု ဖြစ်လာတာလေ။ အခွင့်ထူးခံ မဟုတ်လား။

'တစ်ထောင်လောက် ရှိမလား မသိဘူး၊ မှတ်ထား များလေ ကောင်းလေပဲ'

'ဟုတ်လား'

သူတို့နှစ်ယောက် ရယ်ကြပြန်သည်။ ဟေယံက ကျစ်ဆံမြီးကို နောက်ကျောပေါ်သို့ ပစ်တင်လိုက်သည်။ ခြေထောက်က အနီရောင် သမံတလင်းကို ဖိနပ်ဦးနှင့် တတောက်တောက် ခေါက်လျက်။

မာနာက လင်းနှင့် အတူတူအိပ်ဖို့ တစ်ခါမှ စိတ်မကူးမိပေ။ တပ်က အထုတ်ခံရမည့် အရေးကြောင့် မတွေးရဲခြင်း ဖြစ်၏။ မာနာ့တွင် ပြန်စရာ အိမ်မရှိပါ။ ပြီးတော့ သူနဲ့ အတူတူအိပ်ပြီးပါပြီတဲ့။ အထက်က သိသွားလို့



တပ်က ထုတ်ပြီး၊ အဝေးကြီး ပို့ပစ်လိုက်ရင် သူ ငါ့ကို ဆက်ချစ်ပါဦးမလား ဆိုသည့် သံသယကြောင့်လည်း ပါ၏။ ချစ်နေဆဲပဲ ထားဦး၊ သူ့ကို သူ့နယ် ပြန်ပို့လိုက်ကြမှာ။ အဲဒီအခါကျမှ အကြီးအကျယ် ရှင်ကွဲ ကွဲရမှာ။

သို့သော် ဟေယံအကြံကိုလည်း စဉ်းစားနေမိသည်။ မာနာ နှစ်ဆယ့်ကိုးနှစ်ပြည့်တော့မည်။ ဘာပြုလို့ ဒီလို ဘဝကြီးနဲ့ တစ်သက်လုံး နေသွားရမှာလဲ။ လင်းနှင့် လင်မယားလို နေဖြစ်လိုက်ရင် သူ့မိန်းမကို သူ ကွာမှာပါ။ ဘာပဲဖြစ်ဖြစ် ဘာမှ မလုပ်ဘဲ ဒီအတိုင်း စောင့်နေရတာကတော့ အဓိပ္ပာယ်မရှိနိုင်။ ဒီအတိုင်းနေသွားရင် ဒီဇာတ်မြောကြီး ဘယ်တော့မှ ဆုံးမှာ မဟုတ်ဘူး။ ပြီးတော့ လူတိုင်းက လင်းကို သူ့ချစ်သူလို့ နားလည်ထားကြတာပဲ။ တစ်ခုခုတော့ လုပ်မှ ဖြစ်တော့မည်။

ထို့ကြောင့် မာနာ လှုပ်ရှားဖို့ ကြိုးစားတော့သည်။ နောက်ည အလုပ်တွေပြီးလို့ မျက်နှာချင်းဆိုင် ထိုင်ကြသည်နှင့် မာနာ စကားစသည်။

'အစ်မ မာနာကို တစ်ခု ကူညီပါလား ညီမလေးရယ်'

စိတ်အားထက်သန်နေသည့် သူ့လေသံကြောင့် ဟေယံ အံ့ဩသွားသည်။

'ပြောလေ အစ်မ မာနာ၊ ဘာလုပ်ပေးရမလဲ'

'မြို့ထဲမှာ တိတ်တိတ်ဆိတ်ဆိတ် နေရာကလေးများ မရှိဘူးလား ဟေယံ'

'ဘယ်လို တိတ်တိတ်ဆိတ်ဆိတ်နေရာ၊ ဟုတ်လား'

ဟေယံက မျက်လုံးအပြူးသားနှင့် ပြန်မေးလိုက်သည်။

'ဟိုကွယ်၊ အေးအေးဆေးဆေး. . .'

'ဩော် သိပြီ၊ သိပြီ၊ အစ်မမာနာနဲ့ သူနဲ့. . .'

မာနာ့မျက်နှာတွေ ရဲတက်လာသည်။ ရှက်လိုက်တာကွယ်။

မာနာ ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်ပြီ၊ ဟေယံ ပြောတာ လက်ခံပြီပေါ့၊ ဒီလိုမှပေါ့၊ နေပါဦး [illegible]ဖြတ်မယ့် ဆုံးဖြတ်တော့လည်း မြန်လှချည်လား။ ဒါပေမဲ့ အစ်မမာနာ [illegible]စားဦးနော်၊ တော်လှန်ရေးရဲဘော် အရာရှိ တစ်ယောက်ကို. . .'

'အဲဒါတွေ ထားပါကွယ်'

'ဘာတွေဖြစ်လာနိုင်တယ်ဆိုတာ အစ်မမာနာ တွက်[illegible]ပြီလား'

'အေးပါကွယ်၊ ကိုယ့်ကို ကူညီပါ'

www.burmeseclassic.com



ဟေယံက တခစ်ခစ်ရယ်ပြီး

'ကောင်းပြီလေ၊ စီစဉ်ပေးပါ့မယ်'

တည်းခိုခန်းတွေ၊ ဟိုတယ်တွေကို သူတို့ သွားလို့ မဖြစ်။ လက်ထပ်စာချုပ် ပြရသည်။ ဟေယံက သည်မြို့သူ၊ အဆက်အသွယ် ကောင်းသည်။ အစ်မနှစ်ယောက် မူဂျီတွင် ရှိသည်။ ဒါကြောင့် ကတိပေးလိုက်ခြင်း ဖြစ်၏။

ကြာသပတေးနေ့ နေ့လယ်စာ စားရင်း ဟေယံက အဓိပ္ပာယ်ပါပါ ခေါင်းညိတ်ပြလိုက်သည်။ လူရှင်းသွားတော့မှ လိပ်စာ ရေးထားသည့် စာရွက်ကလေး တစ်ရွက်နှင့် ကြေးသော့တစ်ချောင်း မာနာ့လက်ထဲ ထည့်လိုက်၏။

'ဒီစနေ တနင်္ဂနွေမှာ ဟေယံအစ်မ သူ့ယောက္ခမတွေဆီ သွားလည်လိမ့်မယ်၊ အစ်မတို့ တနင်္ဂနွေနေ့ သွားကြပေါ့'

'ကျေးဇူးပါပဲကွယ်'

မာနာ့အသံ တိုးတိုးလေး ထွက်လာသည်။

'ပြီးရင် အားလုံး ပြန်ပြောရမယ်နော်'

'ဘာ. . . ဘာပြောတယ်'

ဟေယံက မျက်စိ မှိတ်တုတ်မှိတ်တုတ်လုပ်ပြီး

'အစ်မကလဲ သိရက်သားနဲ့'

'ကြည့်စမ်း၊ ညည်းသိပြီးသား မဟုတ်လား'

ဟေယံက ရယ်ပြီး မာနာ့ပခုံး သိုင်းဖက်လိုက်သည်။

'ယောကျ်ားတွေ တစ်ယောက်နဲ့ တစ်ယောက် မတူကြဘူး အစ်မရဲ့'

ဆုံးဖြတ်လိုက်ပြီ ဆိုကတည်းက မာနာ ရင်တွေ ပန်းတွေ တုန်နေသည်။ စိတ်နှင့်ကိုယ် မကပ်သလို ဖြစ်လာသည်။ ဟိုးအဝေးဆီကို လှမ်းကြည့်နေတတ်သည်။ တစ်ယောက်တည်း ကြိတ်ပြုံးသည့်အခါ ပြုံးသည်။ ညညတွင် ချစ်သူရင်ခွင်ထဲ ရောက်နေသည်ဟု စိတ်က ထင်နေသည်။ ချစ်သူ၏ အယုအယတွေကို ကြိုတင် ခံစားနေရပြီ။ နှုတ်ခမ်းကို လျှာနှင့် ခဏခဏ သပ်နေမိ၏။ အသက်ရှူသံတွေ ပြင်းလာသည်။ သူများတွေ ကြားမည်စိုးသဖြင့် သက်ပြင်းချတော့ အသက်ရှူသံ လှိုင်းထနေသည်ကို သတိထားလိုက်မိ၏။ မာနာ ပျော်နေတယ်ကွယ်။

နောက်တစ်နေ့ညနေ လမ်းလျှောက်ရင်း မာနာက သူ့အစီအစဉ်ကို



လင်းအား ပြောပြလိုက်သည်။ ဝိုင်တစ်ပုလင်းနှင့် ဝက်ပေါင်ခြောက် တင်ပြီးသား နှစ်ပေါင် ဝယ်သွားမည့် အကြောင်းလည်း ထည့်ပြောလိုက်၏။ မာနာ အရမ်းပျော်နေသဖြင့် သူ့ အထိတ်တလန့်ဖြစ်သွားသည်ကို သတိမထားမိလိုက်။

'အဲဒီလို အခွင့်အရေးမျိုး ဘယ်တော့မှ ရမှာ မဟုတ်ဘူး'

လင်း မျက်မှောင်ကုတ်ကာ ကျောက်စရစ်ခဲကလေးများကို ခြေထောက်နှင့် ကန်ရင်း ဘာမျှ မပြောဘဲ ဆက်လျှောက်လာသည်။

ဝင်လုလု နေဝန်းကြီးက စည်းရိုးအုတ်နံရံတွင် မေးတင်နေပြီ။ နာလန်ထစ လူနာအချို့ အပြာစင်း ဆေးရုံဝတ်စုံဖြင့် ကလေးတွေနှင့် ဘောလုံးဆော့နေကြသည်။ ရွက်ကြွေတွေ မြေပေါ်သို့ တဖြောက်ဖြောက် ကျနေသည်။ အေးမြမြ လေထုထဲတွင် လင်းနို့တွေ စိတ်လှုပ်ရှားနေဟန်ဖြင့် ပျံသန်းနေကြသည်။

သူ့အမူအရာကို ကြည့်ပြီး မာနာ ရှက်ရွံ့ အားငယ်စွာပြောလိုက်သည်။

'ဆရာနဲ့ လွတ်လွတ်လပ်လပ် အေးအေးဆေးဆေး စကားပြောရအောင် စီစဉ်တာပါ ဆရာ'

လင်း ဘာမှ မပြောသေး။ မျက်နှာတွေ နီနေပြီး တစ်ခုခုကို တွေးနေပုံရသည်။ မာနာ မချင့်မရဲ ဖြစ်လာပြီး

'စီစဉ်ရတာ ဆရာ လွယ်တယ် မှတ်သလား၊ မာနာ အရှက်မရှိ ဘယ်လောက် စွန့်စားခဲ့ရသလဲ၊ အားလုံးကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ပြီး စီစဉ်ခဲ့တာ'

သည်တော့မှ တွေးတွေးဆဆ သူ စကားစသည်။

'စွန့်စားတယ် ဆိုတာတော့ ဟုတ်ပါပြီ၊ စွန့်စားသင့်သလား ဆိုတာတော့ စဉ်းစားရမယ်၊ သိပ်အန္တရာယ် များတယ်၊ မလုပ်သင့်ဘူး ထင်တယ် မာနာ'

'ဘာပြုလို့လဲဟင်'

'အထက်ကို တို့နှစ်ယောက်စလုံး ကတိပေးထားပြီလေ၊ ရန်စုတာ ခံထားတာ၊ သူပါ ဒုက္ခရောက်မှာ၊ သူတို့က ရာဇဝတ်မှုလို အရေးယူမှာ'

'မာနာ ဂရုမစိုက်ဘူး'

'မာနာ ဘယ်လို ဖြစ်တာလဲကွယ်၊ မင်းဟာ စဉ်းစားတတ်တဲ့ မိန်းကလေးပါ၊ တဒင်္ဂပျော်ဖို့ ကိစ္စလေးကြောင့် ဆရာတို့ ရည်မှန်းထားတဲ့ အရာတစ်ခုလုံး ပျက်စီးသွားနိုင်တယ်လေ'

www.burmeseclassic.com

www.burmeseclassic.com



မာနာ ဘာမှ မပြောတော့ လင်း စကားဆက်သည်။

'ပြီးတော့ အဲဒီ ဟေယံနဲ့ဆိုတဲ့ ကောင်မလေးက သိပ်အာချောင်တာ၊ ခု မပြောတောင် သူ့အိမ်ထောင်ပြုပြီးရင် သူ့ယောကျ်ားကိုတော့ ပြောမှာပဲ၊ အဲဒီအခါ တို့ အရေးယူခံရမှာပဲ၊ နံရံတိုင်းမှာ ပပ်ကြားအက်ရှိတယ် မာနာ၊ တစ်နည်းမဟုတ် တစ်နည်းနည်းနဲ့ လူတွေ သိသွားမှာပဲ'

'ဘယ်သူမှ မပြောပါဘူးလို့ သူက ကတိပေးပါတယ်ဆို'

'မင်း သူ့ကို ယုံသလားဟင်'

'အဲဒါတော့ သေသေချာချာ မပြောတတ်ဘူး'

မာနာ ခေါင်းယမ်းလိုက်သည်။ ရင်ထဲ တင်းကျပ်လာသည်။ မျက်ရည်တွေ လည်လာသည်။ ငိုမချမိအောင် မနည်းထိန်းထားရသည်။

'ဒါဆို ဒါက ဘာလုပ်ရမှာလဲ'

မာနာက ကြေးသေ့ကို ငေ့ပြလိုက်သည်။ နောက်ဆုံး နေရောင်ခြည်တွင် ရောင်ပြန်တစ်ချက် လက်သွားသည်။

'ဟေယံကို ချက်ချင်း ပြန်ပေးလိုက်၊ အဲဒီ မသွားဖြစ်ဖူးဆိုတာ သူ ယုံဖို့ အရေးကြီးတယ်'

သည့်ထက် ရှက်ဖို့ကောင်းသည့် ဘဝမျိုး ဘယ်မှာ ရှိနိုင်ပါတော့မည်လဲ။ အံကြိတ်ပြီး မာနာ ငြိမ်နေလိုက်သည်။ အပြစ်ဆိုစရာမှာ ကိုယ့်ကိုယ်ကိုယ်သာ။ ရမ္မက်ဆန္ဒနောက်ကို လိုက်ခဲ့မိခြင်းပါကလား။ ရှက်ဖို့ ကောင်းလိုက်တာ၊ ဘာပြုလို့ တူနှစ်ကိုယ်နေခွင့် တဒင်္ဂကို သူ ငြင်းရတာလဲ။ သူ့ရင်ထဲမှာ တခြားတစ်ယောက်များ ရှိနေလို့လား။ ပင်ပင်မာလည်း မရှိတော့ပါဘူး။ သူ တပ်က ထွက်သွားပြီ။ မထွက်ခင်လည်း သူ့ကို လင်းက ယောကျ်ားလျာတစ်ယောက်လို ဆက်ဆံခဲ့ခြင်းဖြစ်ကြောင်း မာနာ သိပြီးပြီ။ ဒါဆို ဘယ်သူဖြစ်နိုင်သလဲ။ ဘယ်သူမှ မဖြစ်နိုင်ပါ။ မာနာမှလွဲ၍ လင်းနှင့် အဆက်အဆံရှိသည့် မိန်းကလေး တစ်ယောက်မျှ မရှိပါ။ ဘယ်သူမှ မရှိတာ သေချာရင်. . . ။ မာနာ ကောက်ချက်ဆွဲစရာ တစ်ခုပဲ ရှိတော့သည်။ ဒါဆို သူ ငါ့ကို မလိုချင်လို့ပေါ့။

မာနာ သူ့မျက်လုံးတွေကို ရင်မဆိုင်ရဲတော့။ ချစ်သူ၏ အငြင်းပယ်ခံဘဝ၊ ချစ်သူပစ်မကလေး ဖြစ်သွားလေပြီလား။ ဟေယံစကားကို နားထောင်မိသည့်အတွက် မာနာ ယူကျုံးမရဖြစ်နေသည်။



ကုသဆောင်ကို သူတို့ ကျော်လာကြပြီး အဆောက်အအုံကြီးမှာ ချေညီတွေ တက်နေသဖြင့် တောင်ကုန်းတစ်ခုနှင့် တူနေသည်။ အစည်းအဝေးခန်းထဲတွင် မီးလင်းနေသည်။ ခုနစ်နာရီတွင် အစည်းအဝေး ရှိသည်။ အင်အားနှင့် မတိုက်ဘဲ လေနှင့် တိုက်နေသည့် ယဉ်ကျေးမှုတော်လှန်ရေးသမားများကို ဗဟိုကော်မတီမှ ဝေဖန်စာ ရောက်လာသည်။ သည်ကိစ္စကို ဆွေးနွေးဖို့ လင်းက အစည်းအဝေး တက်ရမည်။ မာနာက ညအလှည့် ဝင်ရမည်။

မာနာက သော့ပြန်ပေးတော့ ဟေယံ မျက်လုံးပြူးသွားသည်။ မာနာက အသေးစိတ် ရှင်းပြသည်။ သူတို့နှစ်ယောက်စလုံး ရန်စုကို ဝန်ခံ ကတိပေးထားခဲ့ကြောင်း၊ ဒါကြောင့် ဘယ်နည်းနဲ့မှ ပါတီစည်းမျဉ်းကို ချိုးဖောက်၍ မဖြစ်နိုင်ကြောင်းများ။

'အင်း. . . ဆရာလင်းဟာ ပါတီအပေါ်မှာ ဒါလောက် သစ္စာရှိလိမ့်မယ်လို့ ဟေယံ မထင်ခဲ့ဘူး အစ်မ မာနာ၊ တကယ် တော်တဲ့လူပဲ။ ဒါကြောင့် လူတွေက သူ့ကို 'ဘုန်းကြီး' လို့ ခေါ်ကြတာ'

'သတ္တိ နည်းတာလည်း ပါတာပေါ့ကွယ်'

'နေပါဦး၊ သူ အစ်မ မာနာကို ဒါလောက် ချစ်နေရက်သားနဲ့ ဧကန္တအိပ်ရာထဲမှာ မစွမ်းတော့ဘူးလားမှ မသိတာ'

'အို ဟေယံကလဲ၊ သူ ကလေးတစ်ယောက်ရခဲ့ဖူးတာပဲ၊ ကလေးမလေးက ဝဝကစ်ကစ် ကျန်းကျန်းမာမာလေး'

ဟေယံက သက်ပြင်းချပြီး လက်နှစ်ဖက်ဆက်လိုက်သည်။

'အစ်မကို သူ မချစ်လို့ မစွန့်စားရဲတာ ဖြစ်မှာပေါ့၊ အချစ်ဆိုတာ စွန့်စားခြင်းပဲ၊ နေပါဦး အစ်မ မာနာ၊ သူ့နှလုံးသားအကြောင်း သေသေချာချာကော သိရဲ့လားဟင်'

မာနာ ဘာမှ ပြန်မပြောနိုင်တော့။ လက်ကမ်းမလိုနဲ့ လက်ကိုတာသော ချစ်သူ။ မာနာ ဘာမှ မစဉ်းစားတတ်တော့ပါ။ စိတ်ထဲမှာ ထုံးဝမရှင်း။ သူပြောသည့် အကြောင်းပြချက်ထက် ဘာများ ရှိနေသေးသလဲ၊ ပါတီစည်းမျဉ်းကို ချိုးဖောက်နေတဲ့ မိန်းမတွေ၊ ယောကျ်ားတွေ တစ်ပုံကြီး ပြစ်ဒဏ်ခံရလျှင်လည်း နောင်တမရဘဲ ပျော်နေသည့် လူတွေ အများကြီး၊ ဘာပြုလို့ လင်းက သူတို့နဲ့ မတူရတာလဲ။ ငါ့ကို မချစ်လို့ပေါ့၊ ဘာလို့ သူ ဒါလောက် သွေးအေးရတာလဲ။ တွေ့ဖို့ ငြင်းပယ်ခြင်းဟာ အနာဂတ်အတွက်ပါ ငြင်းပယ်ခြင်းလား။

www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် မာနာ့ခေါင်းထဲတွင် ဟေယံ၏ စကားလုံးတွေ ဖုံတင် ထပ်လာသည်။

ဝ

[ ၈ ]

လင်းသည် သဘာဝအရ လူအေးတစ်ယောက် ဖြစ်သည်။ မာနာ၏ ရဲတင်းလွန်းသော အပြုအမူကြောင့် စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ အိပ်ရာထဲတွင် လှဲရင်း ညနေက အကြောင်း ပြန်စဉ်းစားနေသည်။ သော့ပြန်ပေးခိုင်းလိုက်ခြင်းကို မှန်သည်ဟု ထင်နေသည်။ သူ့အလိုကို လိုက်မိလျှင် ပြဿနာတွေ မီးခိုးမဆုံး မိုးမဆုံး ဖြစ်တော့မည်။ ရန်စုကို ကတိပေးလိုက်ပြီးကတည်းက လင်းတစ်ယောက် ရမ္မက်ဆန္ဒကို သတိသမ္ပဇဉ်နှင့် ထိန်းထားသည်။ မာနာနှင့် ပတ်သက်၍ အချစ်မကျွံဖို့ အမြဲ စောင့်ထိန်းခဲ့သည်။ မာနာနှင့် လက်ထပ်ဖြစ်မှာလား။ ရှူးယုကို ကွာရှင်းနိုင်မှာလား။ ခုထိ သူ မသေချာသေး. . .။ ထို့ကြောင့် သည်ကိစ္စကို အချိန်ယူရမည်ဟု လင်းက နားလည်ထားသည်။

အပြင်ဘက်တွင် တံစက်မြိတ်မှ မိုးရေပေါက်တွေ တဖြောက်ဖြောက် ကျနေသည်။ မျက်စိ စုံမှိတ်ပြီး လင်း အိပ်ဖို့ ကြိုးစားသည်။ သို့သော် အသံတစ်သံက သူ့ကို မေးနေသည်။ မင်း သူနဲ့ အတူတူ မအိပ်ချင်ဘူးလား။ သူ လန့်သွားသည်။

လက်စသတ်တော့ သူ၏ ဒုတိယ အသံ။ သူ ပြန်ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟင့်အင်း၊ အချိန်မတန်သေးဘူး။ စိတ်အလိုလိုက်ရင် ငါတို့နှစ်ယောက်စလုံးရဲ့ ဘဝပျက်မှာပေါ့။

ဒုတိယအသံက ပြန်မေးသည်။

မင်း တကယ် သူနဲ့ ချစ်ပွဲမဝင်ချင်ဘူးလား။

အမှန်အတိုင်း ပြောမယ်။ အဲဒီအဆင့်အထိ မရောက်ချင်သေးဘူး။ ငါ သူ့ကို ချစ်တယ်၊ သူ့ကို ငါ မခွဲနိုင်ဘူး၊ ဒါနဲ့ အတူအိပ်ဖို့ကိစ္စ ဘာမှ မဆိုင်ဘူး။ ငါတို့အချစ်က သွေးသားပေါ်မှာ အခြေခံတဲ့ အချစ်မျိုး မဟုတ်ဘူး။

တကယ်လား။ မင်း သူ့ကို တကယ် မလိုချင်ဘူးလား။

ငါ့စိတ်ကို ငါထိန်းနိုင်တယ်။ ငါ့ဆန္ဒကို ချုန်းအုပ်နိုင်တယ်။ သူ့ကို ငါ့ရဲဘော် ရဲဘက်တစ်ယောက်လိုပဲ ဆက်ဆံမယ်။

မင်းလိမ်တာ၊ ဒါဆို တခြားရဲဘော်တစ်ယောက်နဲ့ မင်း ညနေတိုင်း လမ်းလျှောက်ပါလား၊ မင်းနဲ့ သူနဲ့ကြားမှာ မမြင်ရတဲ့ နှောင်ကြိုးတွေ ရှိနေပြီ မဟုတ်လား။

ကောင်းပြီ၊ အဲဒါ ဟုတ်တယ်ထားပါ။ အဲဒါနဲ့ လက်မထပ်ခင် အတူတူ နေကြရမှာလား၊ တစ်ယောက်နဲ့ တစ်ယောက်ချစ်နေရင် ပြီးတာပဲ။

ဘာလဲ မင်းက လောကနီတိသမားလား။

ဒါပေါ့၊ ငါ့အလုပ်က ဆရာဝန်ပဲ။ စစ်ဗိုလ်တစ်ယောက်ပဲ၊ ငါ့ဘဝကိုက လောကနီတိကို တောင်းဆိုနေတဲ့ အလုပ်မျိုးပဲ။

သူ့ဆန္ဒကို မင်းမလိုက်လျောတဲ့အတွက် သူ့ဘက်က ဘယ်လောက် ခံစားရမယ်ဆိုတာ မင်း စဉ်းစားမိရဲ့လား။

အဲဒါတော့ သိပ်မသေချာဘူး။ သူ့ကို ထိခိုက်စေလိုတဲ့ ဆန္ဒ ငါ့မှာ အလျှင်းမရှိဘူး၊ ထိခိုက်တယ် ဆိုရင်လည်း သူ ငါ့ကို ခွင့်လွှတ်ရလိမ့်မယ်၊ ဘယ်သူ မချစ်ချင်ဘဲ နေပါ့မလဲ။ မလွဲသာလို့ ငြင်းရတယ်ဆိုတာ သူ နားလည်ရမှာပေါ့။

ဒုတိယအသံငြိမ်သွားပြီး သူ အိပ်ပျော်သွားသည်။ ဟိုးအဝေးကြီးသို့ လွင့်မြောသွားခြင်း။ အလွန် ထူးဆန်းသည့် အိပ်မက်တစ်ခုကို ညက မြင်မက်ခဲ့သည်။ ရက်သတ္တပတ်ပေါင်းများစွာ ပြက်ပြက်ထင်ထင် မြင်နေသည့်အိပ်မက်။

သူ ငယ်ငယ်က ကြီးပြင်းခဲ့သည့် နေရာသို့ ပြန်ရောက်သွားသည်။ ရှုမဆုံးတော့သည့် ဂျုံခင်းကြီးထဲကို သူ လျှောက်သွားနေသည်။ အချိန်က



နွေရာသီ။ နေခြည်နုနုတွင် လေနွေးနွေးကလေး တိုက်ခတ်နေသည်။ သူတင်းမျှားတံကို ပခုံးပေါ် ထမ်းပြီး လေကလေးချွန်ကာ အေးအေးလူလူ လျှောက်နေခြင်း ဖြစ်သည်။

'လင်းရေ. . . လင်းရေ. . . ဒီကို လာဟေ့'

မိန်းကလေး တစ်ယောက်၏ ခေါ်သံ။ လှည့်ကြည့်လိုက်သည်။ မိန်းမငယ် တစ်ယောက်။ ဦးခေါင်းပေါ်တွင် အနီရောင်ဇာပဝါ ခြုံထား၏။ သို့သော် အခြား အဝတ် မပါ။ ငါးမျှားတံကို ပစ်ချခဲ့ပြီး သူ ခေါ်ရာသို့ ဆက်လျှောက်သွားသည်။ ဂျုံပင်တွေက သူ့ခါးလောက် ရှိသည်။ အနားရောက်သည့်အခါ သူ့ခေါင်းတွင် ခြုံထားသည့် ပဝါ မရှိတော့။ သို့သော် မျက်နှာကို ဆံပင်တွေ ဖုံးနေသဖြင့် ဘယ်သူ ဘယ်ဝါမှန်း မသိ။ သူ ရင်တွေ ဆဒိုင်းဒိုင်း ခုန်လာသည်။ နီးလာတော့ ချွေးတွေ ရွှဲနေသည်။ ခြောက်ခြားစရာ မဟုတ်ပါ ... စိတ်စသတ်တော့ အိပ်မက် ပါလား။ အမျိုးသမီး၏ မျက်နှာကို ပြန်ဖော်ကြည့်သည်။ ရေးရေးမျှ ပေါ်လာသည်။ သို့သော် မသဲကွဲ။ ထတ်မောင်းတွင် အမှတ်ပါသည်ကိုတော့ မှတ်မိနေ၏။ ဘယ်သူများပါလိမ့်။ အသိအကျွမ်းထဲတွင် လက်မောင်းမှာ အမှတ်ပါသည့် မိန်းကလေး တစ်ယောက်မှ မရှိ။

မှောင်နေသည့် အခန်းထဲတွင် မင်းချမ်း၏ ဟောက်သံဖြင့် ဆူညံနေသည်။ အတွင်းခံဘောင်းဘီ ထလဲလိုက်ရ၏။ တစ်ခါမှ သည်လို မဖြစ်ဖူးခဲ့။ သူများတွေ ပြောသံတော့ ကြားဖူးသည်။ သူ အိမ်ထောင်မကျခင် လူစဉ်မှီခဲ့လားဟု သူ့ကိုယ်သူ သံသယဖြစ်ခဲ့ဖူးသည်။ ဘယ်မိန်းကလေးနှင့်မှ ရည်းစား မဖြစ်ဖူးခဲ့။ သမီးကလေး ရမှ သူ့ကိုယ်သူ ယောကျ်ား ပီသမှန်း စိတ်ချသွားသည်။

သို့သော် သူများတွေနှင့် မတူသည်တော့ အမှန်။ ပြဿနာ တစ်ခုခုများ ရှိနေမည်လား။

ဂျုံခင်းထဲက မိန်းကလေးကို သတိရနေသည်။ အသိအကျွမ်းထဲက တစ်ယောက်ယောက်ဖြစ်ရင် ဘယ်လောက် ကောင်းလေမည်လဲ။

ဗျူကယ်မှုတ်သံနှင့်အတူ မနက် ၅း၃၀ တွင် ထရသည်။ ပြီးတော့ မင်းချမ်းနှင့်အတူ ပြေးထွက်လာခဲ့ကြသည်။

နှစ်မိုင် ထပြေးရသည်။ နွေတိုင်းထက် ပိုမောနေ၏။ ချွေးလည်း ရွှဲထွက်နေ၏။ တစ်လမ်းလုံး ဟောဟဲလိုက်နေသည်။ ခေါင်းတွေ အုံနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောင် ပြန်ရောက်တော့ အခန်းထဲတွင် ဂျင်တီယန်းက ရောက်နှင့်နေပြီ။ သူက ညဂျူတီဆင်းရသဖြင့် ပြေးဖို့ မလို။ ပဟေဠိအပြုံးဖြင့် လင်းကို လှမ်းပြောသည်။

'ဟော့ ဆရာလင်း၊ ဘယ်လိုလဲ၊ ညက အိပ်မက်ကောင်းတယ် ထင်တယ်'

လင်းမျက်နှာတစ်ခုလုံး ပူထူသွားသည်။ အိပ်ရာခင်းကို ကပျာကယာ ဆွဲယူပြီး အဝတ်လျှော်ဇလုံထဲ ပစ်ထည့်လိုက်၏။ ဂျင်က ရယ်ပြီး

'မရှက်ပါနဲ့ဗျာ၊ ဒါ သဘာဝပါ'

မင်းချမ်းက ဝင်ပြောသည်။

'သဘာဝမှ တကယ့် သဘာဝ၊ ကိုယ်ဆိုရင် တစ်ပတ်တစ်ခါ အဲဒီလို အိပ်မက်မျိုး မက်တယ်'

ဂျင်တီယန်းက ထောက်ခံသည်။ 'အေးကွ၊ ငါလည်း အတူတူပဲ'

သူတို့ နှစ်ယောက်စလုံး အခန်းထဲမှ ထွက်သွားစေချင်လှပြီ။ သို့သော် ဂျင်က ရယ်ကျဲကျဲနဲ့ သူ့ကို စနေသေးသည်။

'အိပ်မက်ထဲမှာ ဘယ်သူနဲ့ တွေ့တယ်ဆိုတာ သိပါတယ်ဗျာ'

လင်း စိတ်ပေါက်လာပြီ။

'အေး မင်းညီမနဲ့'

'ကျွန်တော့်မှာသာ မာနာဝူးလို ညီမမျိုးရှိရင် လင်းကို ပေးတာပေါ့ဗျာ'

ပြောပြီး နှစ်ယောက်သား ရယ်ကြပြန်သည်။ လင်း ပြေးစရာ မြေမရှိတော့။ ဆပ်ပြာတစ်တောင့်နှင့် အဝတ်ဇလုံကို ယူပြီး ရေချိုးဆောင်ဆီသို့ သုတ်ခြေတင်ခဲ့ရသည်။

○

# [ ၉ ]

လင်း၏ စားပွဲပေါ်တွင် စာရွက်တစ်ရွက် ရောက်နေသည်။ အလယ်က ဖြတ်နေပြီ။ ဟင် သံကြိုးစာပါကလား။ အစ်ကိုကြီး ရိုက်လိုက်သည့် သံကြိုး။ 'အဖေ ဆုံးပြီ၊ အမြန် ပြန်လာ' တဲ့။

အဖေ့အကြောင်း စဉ်းစားနေမိသည်။ ကွင်းထဲတွင် အလုပ်ကို ကြိုးကြိုးစားစား လုပ်သော်လည်း ဆင်းရဲသည်ထက် ဆင်းရဲလာသည့် အဖေ။ မျက်ရည်တွေ ကျလာသည်။ မျက်ရည် ကပျာကယာ သုတ်ပြီး ခွင့်ကိစ္စနှင့် လူကြီးတွေကို သွားတွေ့သည်။ ၁၉၆၉ ခုနှစ် နွေဦးတွင် စစ်ဆေးရုံ အသင့် မြင်ထားရချိန် ဖြစ်၏။ နယ်စပ်တွင် တရုတ်တပ်များနှင့် ရုရှားတပ်များ ပဋိပက္ခဖြစ်နေချိန်။ လင်းကို အထက်က ခွင့်မပေးနိုင်ကြ။

အစ်ကို လုပ်သူထံ ယွမ်နှစ်ရာ ပို့လိုက်ပြီး ကောင်းကောင်းမွန်မွန် သဂြိုဟ်ပေးဖို့ စာရေးလိုက်သည်။ အဖေက မသေခင် ဖခင်ပမာ ပြုစုပေးသည့် ဦးယုကို ကျေးဇူးတင်သည့်အနေဖြင့် အိမ်ကို လင်း အား ပေးခဲ့သည်။

လပေါင်းများစွာ လင်း မှိုင်နေသည်။ ဘယ်သူနှင့်မှ စကားပြောချင်စိတ် မရှိ။ ညနေပိုင်း မာနာနှင့် လမ်းလျှောက်ရင်လည်း ရံခါတွင် စိတ်နဲ့ ကိုယ် မကပ်သလို ကြောင်စီစီ ဖြစ်နေတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ့အမေ အသုဘကို မသွားနိုင်လို့ စိတ်ပျက်နေတာလားဟင်'

'အင်း ဟုတ်မလား မသိဘူး'

စင်စစ် သူ့ခေါင်းထဲတွင် အတွေးပေါင်းစုံ ပြည့်ကျပ်နေသည်။ ရှုံးယုကို ချစ်သော်လည်း သနားသည်။ သူ့ခမျာ ယောက်ျားယူပြီးကတည်းက တစ်ခါမှ သက်သောင့်သက်သာ နေရသည် မရှိခဲ့။ သို့သော် သည်အတိုင်း ဆက်နေသွားဖို့လည်း မဖြစ်နိုင်။ အချစ်ကို အကြောင်းပြုသည့် အိမ်ထောင်ရေးမျိုးဖြစ်ပြီး ရှေ့သွားနောက်လိုက်ညီသည့် မိန်းမမျိုးနှင့်ဆိုလျှင် မည်မျှ ကောင်းလေမည်နည်း။ သည်လို အိမ်ထောင်ဘက်မျိုး ရွေးချယ်ခွင့်ရှိလျှင် မာနသာမှတစ်ပါး အခြားမရှိပြီ။

လောလောဆယ်တွင်တော့ မာနသာက မိန်းမနှင့် ကွာရှင်းဖို့ စောင်းပါးရိပ်ခြည် ပြောစ ပြုလာပြီ။ သည်အကြောင်း မာနသာ စကားစမည် လုပ်တိုင်း လင်းက အကြောင်းအရာ ပြောင်းပစ်တတ်သည်။

ဇွန်လ တစ်ညတွင် စစ်ဘက်မှ မြို့အုပ်ချုပ်ရေးမှူး တစ်ယောက် နှလုံး ရောဂါဖြင့် ကွယ်လွန်သွားသည်။ နေမကောင်းချင်ဘူး၊ ဆေးရုံ သွားပြကြည့်ဦးမယ်လို့ မိန်းမကို ပြောခဲ့ပြီး ထီးတစ်ချောင်းနှင့် ထွက်လာခဲ့သည်။ လူက တောင့်တောင့်တင်းတင်း အကောင်းပကတိကနေ ရုတ်တရက် သေဆုံးသွားခြင်း ဖြစ်သည်။ ကလေးသုံးယောက် ရုတ်တရက် ဖတဆိုးကလေးများ ဖြစ်သွားကြသည်။ မိန်းမသည်လည်း မမျှော်လင့်ဘဲ နာရီပိုင်းအတွင်း မုဆိုးမဖြစ်သွားရရှာသည်။ သူ့ကို မာနသာ မြင်ဖူးသည်။ စိတ်မကောင်းဖြစ်သွားသလို လှုပ်လှုပ်ရှားရှားလည်း ဖြစ်သွားသည်။

နောက်တစ်နေ့တွင် လင်းနှင့် ဆုံတော့ ကစားကွင်းထဲတွင် လမ်းလျှောက်ရင်း မာနသာ စကားစသည်။

'အင်း. . . ဘဝဆိုတာ နေ့မြင် ညပျောက်ပဲနော်၊ ဘဝကို ဘွယ်တာပြီး တပင်တပန်း အလုပ် လုပ်နေကြတာ အဓိပ္ပာယ် ရှိပါ့မလား ဆရာ'

'အဆိုးဘက်ချည်း မကြည့်နဲ့လေ၊ အဲဒီလို တွေးနေရင်တော့ ဘယ်နေလို့ ပျော်တော့မှာပဲ'

သစ်ဖြူပင် တစ်ပင်ကို မှီပြီး မာနသာ ရပ်လိုက်သည်။ လက်နှစ်ဖက် ဆက်ပြီး လိမ်ချိုးနေသည်။ ပြီးတော့ ရီဝေဝေ မျက်လုံးများနှင့် လင်းကို မော့ကြည့်၍ တစ်ဆို့ဆို့အသံဖြင့် ပြောသည်။

'မာနသာ ဒီလိုကြီး ဆက်မနေချင်တော့ဘူး ဆရာ၊ မရေမရာ ဘဝနဲ့



ဘယ်လောက် ကြာခဲ့ပြီလဲ၊ ဆရာ ဘာလို့ တစ်ခုခု မလုပ်တာလဲဟင်'

လင်း စိတ်ရှုပ်သွားသည်။

'မင်း ဘာတွေ ပြောနေတာလဲ မာနသာ'

'ဒီအတိုင်း ဆက်မသွားချင်တော့ဘူး၊ မာနသာက ဘာလဲ၊ ဆရာ့ချစ်သူ လားဟင်၊ အငယ်အနှောင်းလား၊ ဆရာ တစ်ခုခုတော့ ပြတ်အောင် လုပ်ဖို့ ကောင်းပြီ'

'ကိုယ်က ဘာလုပ်နိုင်မှာလဲ မာနသာရယ်'

'ရှုံးယုကို ကွာရှင်းဖို့ ပြောပေါ့'

ပြောပြီး မာနသာ နှုတ်ခမ်းတင်းတင်း စေ့ထားလိုက်သည်။

မာနသာ့ကို ကြည့်နေရာမှ လင်း မျက်နှာလွှဲလိုက်ပြီး

'အဲဒါ အလောတကြီးလုပ်လို့ မရဘူး မာနသာရယ်၊ အကောင်းဆုံး နည်းလမ်းတွေ ရှာရမယ်၊ ထင်သလောက် မလွယ်ဘူး'

'ဘာမလွယ်တာလဲ၊ ကွာရှင်းပေးပါလို့ ပြော၊ ပြီးတော့ သူ ဘာပြောလဲ ကြည့်ပေါ့'

'မင်း နားမလည်ပါဘူးကွာ'

'ဘာကို နားမလည်ရမှာလဲ'

'သူ့ကို ဖိနပ်ဟောင်းတစ်ရန်လို လွှင့်ပစ်လို့ မရဘူးလေ၊ ခိုင်လုံတဲ့ အကြောင်းပြချက် ပေးရမှာပေါ့၊ မဟုတ်ရင် လူတွေက ဝိုင်းပြောကြမှာပေါ့၊ အဲဒါဆို ကွာရှင်းခွင့်ရမှာ မဟုတ်တော့ဘူးလေ'

'ဆရာ သူ့ကို မချစ်ဘူး မဟုတ်လား၊ ဒါထက်ကောင်းတဲ့ အကြောင်း ပြချက် ဘယ်မှာ ရှိမှာလဲ'

'မဟုတ်သေးဘူးလေ'

'ဒီမယ် ဆရာ၊ တစ်ခုခု ဆရာ ဆုံးဖြတ်တော့လေ၊ စောင့်ရ မျှော်ရတဲ့ အလုပ်နဲ့ မာနသာ သေတော့မယ်၊ မာနသာ့ဘက်ကလည်း တဆိတ်ကြည့်ပါဦး၊ မာနသာဟာ ခုထိ ဆရာ့ချစ်သူဘဝတောင် မရသေးဘူး'

မာနသာ တရှုပ်ရှုပ် ငိုချလိုက်သည်။ ပြီးတော့ လှည့်ထွက်သွားဒို မြင်သည်။

'မာနသာ၊ ခဏ၊ တဆိတ် နားထောင်ပါဦးကွာ'

'နားထောင်ခဲ့ရပေါင်း များပြီလေ'

'မာနသာကလဲကွာ၊ တဆိတ် နားလည်ပေးပါနော်'

www.burmeseclassic.com

www.burmeseclassic.com



'နားလည်ပေးရတဲ့ အလုပ်ကို မာနာ ဆက်မလုပ်ချင်တော့ဘူး ဆရာ၊ ဆရာ တစ်ခုခုမလုပ်ရင် ဖြတ်လိုက်ကြတာပဲ ကောင်းမယ်'

ပြောပြီး မာနာ ထွက်သွားသည်။ လက်ဝါးနှင့် ပါးစပ်ကို ပိတ်လျက်။ သူ့ဆံပင်ပေါ်တွင် သစ်ဖြူခေါက်အဖတ်ကလေးတွေ ပါသွားသည်။ ဓာတ်ခွဲခန်း အတ်ကို ချီးကွေ့ ပျောက်ကွယ်သွားသည်အထိ လင်း ငေးနေသည်။ ခံစားမှုတွေ ထုံထိုင်းနေ၏။

ဂျက်တိုက်လေယာဉ် အုပ်စုတစ်စု ဟိုးအဝေးတွင် နယ်စပ်ဘက်သို့ ပျံသွားသည်။ ဘာသံမှ မကြားရ။ ငွေရောင် ပျံလွှားငှက်ကလေးများအလား။

ထိုနေ့မှစ၍ သူတို့နှစ်ယောက် စိတ်လှုပ်ရှားမှု လွန်ဆွဲပွဲ ကျင်းပနေကြ၏။ လင်းက တစ်ယောက်တည်း နေတတ်သူ။ ထို့ကြောင့် မာနာနှင့် မတွေ့တော့။ စိတ်၏ ငြိမ်းချမ်းမှုကို တစ်ယောက်တည်း ကြိတ်ရှာနေသည်။ သို့သော် မာနာ့ကို လှမ်းမြင်လျှင် မကြည့်ဘဲ မနေနိုင်။ သူငေးကြည့်နေမှန်း သိလျက် မာနာက သူ့ကို ပြန်မကြည့်ဘဲ လျှောက်သွားတတ်သည်။ အခြားလူတွေနှင့် ရွှင်ရွှင်ပျပျ ရယ်ရယ်မောမော စကားပြောနေတတ်သည်။ အရင်လို ခေါင်းငုံ့မလျှောက်တော့ဘဲ မျက်နှာကို ချီပြီး လျှောက်နေသည်ကို လင်း သတိထားမိသည်။ အခြား မိန်းကလေးတွေလို လှလှပပ ပြင်ဆင် ဝတ်စားလာတာ တွေ့ရ၏။ သားရေရှူးဖိနပ်အသစ် ဝယ်စီးထားသည်။ ညနေတိုင်း ကြက်တောင်ရိုက်သည်။ ခွန်နှင့် အားနှင့် မိန်းကလေးအဖြစ် အခြား ဆရာမလေးများနှင့် ရင်ပေါင်တန်းနေသည်။

သူ့ကို ဒီလို ခေါင်းမာသည့် မိန်းကလေးဟု လင်း လုံးဝ မထင်ခဲ့ပေ။ ခေါင်းထဲတွင် ရှုပ်ထွေးနေပြီး အသက်ရှူ မဝသလို သက်ပြင်း ခဏ ခဏ ချနေရသည်။ ခေါင်းထဲက အရှုပ်အထွေးများ ရင်ထဲ ရောက်လာသည့် အလား။

သူ ငါ့ကို တကယ်ချစ်တာမှ ဟုတ်ရဲ့လား။ စိတ်ထဲတွင် အရှုံးသမား တစ်ယောက်လို ခံစားနေရသည်။ အပေါင်းအသင်းတွေက သူတို့ အခြေအနေကို ကြည့်ပြီး ဘာဖြစ်တာလဲ မေးကြသည်။

'သူ့ကို စောင့်ခိုင်းတယ်လေ၊ မစောင့်နိုင်ရင် သူ သဘောပေါ့၊ ကိုယ်က အိမ်ထောင်သည်ပဲ'

'ဒါဆို ကွဲကြပြီလား'

'ထင်တာပဲ'



မျိုးသိပ်စိတ်တို့ အစိုင်အခဲ ကြီးလာသည့်အခါ လင်း တစ်ယောက် ဆောက်တည်ရာမရ ဖြစ်လာသည်။ ဂနာမငြိမ်ချင်တော့။ စာအုပ်တွင်လည်း အာရုံစုစည်း၍မရ။ သူ့စိတ်သည် ညင်္ဂှက်တေလေလို လွင့်ချင်ရာ လွင့်နေသည်။ အိပ်၍မပျော်သော ညများက နှိပ်စက်စပြုလာသည်။

မာနာ့အတွက် စာနာမိပါသည်။ ရင်နာမိပါသည်။ သူ့ခမျာ ဇာတ်လမ်းစဖို့ မျှော်ရင်း စောင့်ရင်း ဇာတ်လမ်းက ဆုံးမလိုဖြစ်နေသည်။ သူ့ဘဝကလည်း နောက်စက်ဝိုင်းတစ်ခု ဆွဲဖို့ ကြိုးစားရင်း ကြိုးစားရင်း မူလစက်ဝိုင်းထဲက ထွက်လို့မရဘဲ ပိတ်မိနေသည့် ဘဝမျိုး။ အချစ်၏ ခွန်အားသည် အရာမထင် ဖြစ်နေသည်။ အချစ်သည် သူ့ဝိညာဉ်တွင် ဝေဒနာတစ်မျိုးလို စွဲကပ်လာပြီး အသည်းကွဲခြင်း ရင်နင့်ခြင်းများသာ ထင်ကျန်နေတော့သည်။ မာနာနှင့်သာ မတွေ့လျှင် ငြိမ်သက်သည့် ဘဝလမ်းကြောင်းပေါ်ကို ပြန်သွားနိုင်လျှင် ဘယ်လောက် အေးချမ်းလိုက်မည်လဲ။ တင်းတိမ်ရောင့်ရဲခြင်း အပြည့်ဖြင့် ဘဝရေမျက်နှာပြင် ငြိမ်ငြိမ်သက်သက်။

နေ့ပိုင်းတွင် အလုပ်တွေ ပိုလုပ်သည်။ မူလတာဝန်အပြင် လူနာမှတ်တမ်းဟောင်းတွေကို စနစ်တကျ ပြန်စီသည်။ အခြားဆေးရုံ အလုပ်တွေ အောက်ခြေသိမ်း လျှောက်လုပ်သည်။ ဘာမှ စဉ်းစားချိန်မရအောင် ဦးနှောက်ကို အလုပ်တွေနှင့် ဖိထားသည်။ ကိုယ့်ကိုယ်ကိုယ် ထိန်းနိုင်လာသည့်အခါ သူ့ဘဝတွင် မိန်းမ မလိုတော့ပေ။

၀

www.burmeseclassic.com

[ ၁၀ ]

အမျိုးသားနေ့။ ဆေးရုံက ဝန်ထမ်းအားလုံးကို ထမင်းစားဆောင်တွင် ညစာကျွေးသည်။ အခမ်းအနားမစမီ နိုင်ငံရေးမှူးဇနက မိန့်ခွန်းပြောသည်။ ပထမဦးဆုံး စားဖိုမှူးများကို ကူညီ ချက်ပြုတ်ပေးသည့် သူနာပြုဆရာမအား ကျေးဇူးတင်ကြောင်း ပြောသည်။ ထို့နောက် တရုတ်ပြည်သူ သိန်းသန်းကုဋေ၏ နေ့ထူးနေ့မြတ်ဖြစ်သော အမျိုးသားနေ့အကြောင်း ပြောသည်။ ပြီးတော့ သေနတ်ကို ပါတီက ထိန်းထားကြောင်း ရှင်းပြသည်။ ပြီးမှ ပရိသတ်ကို လက်ဝှေ့ပြီး 'ကဲ ရဲဘော်တို့ ပျော်ပျော်ပါးပါး စားသောက်ကြပါ' ဟု နိဂုံးချုပ်သည်။

လင်းက ခေါင်းဆောင်များအတွက် ပြင်ထားသည့် စားပွဲဆီ လျှောက်သွားသည်။ ဟင်းပွဲတွေနှင့် ဝိုင်ပုလင်းတွေက အလျှံပယ်။

ပရိသတ်က တူတွေထောင်ပြီး အမျိုးမျိုး ဆုတောင်းကြသည်။ ပြီးတော့ ရယ်သံတွေ ဝေါခနဲ ထွက်လာ၏။ တစ်ဆက်တည်း ဇွန်းသံ၊ ပန်းကန်သံ စားသံတွေ စီထွက်လာသည်။ ဟင်းလျာအားလုံး ရှစ်မျိုး။ အမဲနှပ်၊ ဘောင်၊ ဝက်နံရိုးချိုချဉ်၊ ဝက်မျှစ်ချဉ်၊ ကြက်ဥမွှေကြော်၊ စသည် စသည်။ စားပွဲတိုင်းတွင် ဝိုင်နီနှစ်လုံး၊ ဂျုံအရက်တစ်ချိုင့်နှင့် ဘီယာကိုတော့ ပေါင်းစရာ ဇလုံကြီးနှင့် ထည့်ထားပေးသည်။

www.burmeseclassic.com



လင်းနှင့် မာနာ ထိုင်သည့် စားပွဲက သိပ်မဝေး။ တစ်ယောက်နှင့် တစ်ယောက် လှမ်းမြင်နေရသည်။ သူနှင့် တစ်စားပွဲတည်း အတူ ထိုင်ကြသည့် အရာရှိများက ဟက်ဟက်ပက်ပက် စားသောက်နေကြသော်လည်း လင်း မစားနိုင်။ ကောင်းကောင်းစားဖို့ တမင် အဆာခံ၍လာသော်လည်း ဗိုက်ပြည့်သလို ဖြစ်နေသည်။

တစ်ဖက်ကို ငဲ့ကြည့်လိုက်တော့ မာနာ့ကို လှမ်းမြင်ရသည်။ လက်မောင်းတစ်ဖက်က ပြတင်းပေါက်ပေါင်ပေါ် တင်လျက်၊ ဘယ်ဘက်က အစိမ်းရောင် ကြွေရည်သုတ်မတ်ခွက်ကြီး ကိုင်လျက်။

သူ့နောက် စားပွဲတွင် ထိုင်နေသည့် လင်း၏ အခန်းဖော် ဂျင်တီယန်းကိုလှမ်းကြည့်ပြီး မာနာက ခပ်ကျယ်ကျယ်ပြောလိုက်သည်။

'ဗိုင်က ပထမတန်းစားပဲနော်'

လက်မောင်းကို ပြတင်းပေါက် ပေါင်ပေါ်မှ ဖယ်လိုက်ပြီး လက်ချောင်းကလေးများဖြင့် နှာခေါင်းကို ပွတ်လိုက်သည်။ ပြီးတော့ တခစ်ခစ် ရယ်နေသည်။

သူ့အသံကို လင်း ကြားတော့ မျက်နှာ နွေးခနဲ ဖြစ်သွားသည်။ အတူ ထိုင်နေသည့် သက်လတ်ပိုင်း ဆရာဝန်မ တစ်ယောက်က လင်းကို အကြင်နာလေသံဖြင့် လှမ်းပြောသည်။

'အသားလုံးကြော် သိပ်ကောင်းတယ် ဆရာ၊ မြည်းပါဦး'

လင်းက အသားလုံး တစ်လုံး တူနှင့် လှမ်းယူပြီး စားကြည့်သည်။ သူ့လျှာပေါ်တွင်တော့ တိုဟူးကြော်နှင့် သိပ်မထူး။ ဘီယာကလည်း သောက်လို့ မကောင်း။ ဝတ်ကျေဝတ်ကုန် တစ်ခွက်သာ သောက်လိုက်သည်။ မုန်လာဥချဉ်တစ်ခုပဲ အရသာတွေ့သည်။ ခဏ ခဏ လေချဉ်တက်နေ၏။

မာနာကတော့ သူ့စားပွဲတွင် ရယ်ကာ မောကာဖြင့် ပျော်နေသည်။ ပဲကလေးနှစ်ဖက် နီမြန်းလျက် ဗိုင်ခွက်မြှောက်၍ အခြားခွက်များနှင့် တိုက်လိုက်၊ မော့လိုက်နှင့် ။

'ဆရာမ မာနာ တော်တော် သောက်နိုင်တာပဲ'

နောက်စားပွဲမှ ဂျင်တီယန်းက လှမ်းပြီး ချီးကျူးသည်။ ပြီးတော့ မာနာ့ခွက်ထဲ ဘီယာ ထပ်ဖြည့်ပေးသည်။

'တော်ပြီ၊ တော်ပြီ၊ အို လျှံကျကုန်တော့မှာပဲ'

'အို. . . ချစမ်းပါ'



ဘီယာတွေ လျှံကျကုန်တော့ မာနာရယ်သည်။

ခေါင်းပေါ်မှ ပန်ကာတွေ တအားလည်နေသည်။ သို့သော် လင်း ချွေးပြန်နေ၏။ လင်း ဆက်မစားချင်တော့။ အခြား ဧည့်သည်တွေကို မုံ့ခန်းထဲမှာ လုပ်စရာတွေ ရှိသေးကြောင်း ပြောကာလာခဲ့သည်။ မာနာ့စားပွဲနားရောက်တော့ ရပ်ပြီး ပြောသည်။

'မာနာ ကျန်းမာရေးအတွက်လည်း ကြည့်ဦးလေ၊ ဘာလို့ အရမ်းသောက်နေတာလဲ'

'ဆရာ့အတွက်ပါ ကူသောက်ပေးနေတာလေ'

မထေမဲ့မြင်ပြုံးပြီး ဘီယာခွက်ကို မော့ပြန်သည်။ စားပွဲမှ လူတွေအားလုံး ငြိမ်ပြီး အကဲခတ်နေကြသည်။

လင်းက ဘာမှ ဆက်မပြောတော့ဘဲ ထွက်လာခဲ့သည်။ ဦးထုပ်ပျော့ကို လက်ထဲတွင် ကြေမွနေသည်အထိ ဆုပ်လျက်။ ကရုဏာဒေါသောဖြင့် သွားပြောမိသည့်အတွက် နောင်တ ရနေပြီ။ ဒုတိယအသံက သူ့ကို ဆူပူကြိမ်းမောင်းပြန်သည်။

မင်းဟာ ငတုံးပဲ၊ ဘယ်တော့မှ သင်ခန်းစာရမယ့်ကောင် မဟုတ်ဘူး။ ဘာဖြစ်လို့ သူ့ကို မင်း မေ့မပစ်နိုင်တာလဲ၊ သူ့ဘာသာ ဘယ်လောက်သောက်သောက် မင်းအပူလား။

လေးထောင့်စပ်စပ် ဆေးရုံဝင်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေသည်။ လက်နက်ကိုင် အစောင့်ရဲဘော်မှ လွဲ၍ လူသွားလူလာ ကင်းမဲ့နေသည်။ လင်းက တန်းလျားများနောက်ဘက်မှ ဝင်းပြင်ဘက် ပန်းသစ်သော့စိုက်ခင်းဆီသို့ အထက်လမ်းကလေးအတိုင်း လျှောက်လာခဲ့သည်။ အသီးတွေ ခူးပြီးပြီ။ သို့သော် အချိန်ကျန်နေသေးသည်။ မြင်းသုံးကောင် တောင်စောင်းတွင် မြက်စားနေကြ၏။ သစ်တောထဲမှ လူငယ်တစ်ယောက် သီချင်းဆိုနေသံ ကြားရသည်။ ငန်းရိုင်းတစ်အုပ် ငါးကြင်းမြီးပုံစံ အုပ်စုဖွဲ့ ပျံသန်းနေကြသည်။

လင်းက ကျောက်တုံး တစ်တုံးပေါ်တွင် ထိုင်ပြီး စီးကရက်မီးညှိလိုက်သည်။ ဆေးရုံကို အပေါ်စီးမှ မြင်နေရ၏။ နေဝင်ချိန်ဖြစ်၍ ဆေးရုံမီးအချို့ လင်းနေပြီ။ ဆေးရုံမြင်ကွင်းကို အပေါ်စီးမှ ကြည့်ရသည်မှာ စက်ရုံကြီးတစ်ရုံနှင့် တူနေသည်။ ခြံစည်းရိုးပတ်ပတ်လည်တွင် ထင်းရှူးပင်တွေ စီရရီနှင့်။ မြို့ထဲဘက်မှ ကားဟွန်းသံများ သဲ့သဲ့ ကြားနေရသည်။ လင်း သက်ပြင်းချလိုက်၏။ ရင်ထဲတွင် နာကျင်နေသည်၊ စောစောက

www.burmeseclassic.com

www.burmeseclassic.com



အဖြစ်ကို တွေးပြီး တန့်နဲ့ဖြစ်နေ၏။ သူ ငါ့ကို တမင်တကာ အရွဲ့တိုက်နေတာလား။ ဒါမှမဟုတ် မုန်းသွားလို့လား။ သူ့ကျန်းမာရေးကို သူ ဂရုစိုက်သင့်သည်ပေါ့။ အင်း မိန်းမတွေဟာ တော်တော် အသိရခက်ပါလား။ လူတောထဲမှာ ရှက်ဖို့ ကောင်းလိုက်တာ။

ကိုယ့်အဖြစ်နှင့် ကိုယ် ခံရခြင်းပဲဟု သဘောထားလိုက်သည်။ အိမ်ထောင်သည်တစ်ယောက်၊ ကလေးအဖေတစ်ယောက်ဖြစ်ပြီး ဇာတ်လမ်းသွားစလိုက်မိတာကိုး။ မည်သူ့မပြု မိမိမှုပေါ့။ သူနဲ့ ဘာဖြစ်လို့ အပြတ်မဖြတ်နိုင်ရတာလဲ။ ဘာဖြစ်လို့ သူ့အနှောင်အဖွဲ့မှာ အမိခံနေရတာလဲ။ တော်ပြီ သူ့ကို မေ့ပစ်လိုက်တော့မယ်။ ဆေးလိပ်မီးခိုးတွေကို မော်ကြည့်ပြီး တွေးနေတုန်း မာနာ နောက်ဘက်မှ ဘွားခနဲ ပေါ်လာသည်။ သူ မောနေသည်။ မျက်နှာတစ်ပြင်လုံး နီရဲနေ၏။ လင်း အလန့်တကြား ထရပ်လိုက်သည်။ ဘာလုပ်ရမှန်းမသိဘဲ ကြောင်နေ၏။

ထိုစဉ်တွင် မာနာက သူ့ကို ပြေးဖက်ကာ ရင်ခွင်တွင် မျက်နှာအပ်လျက် ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

'မာနာ မခံနိုင်တော့ဘူး ဆရာ၊ အဲဒီလို လုပ်မိလိမ့်မယ်လို့ မရည်ရွယ်ခဲ့ပါဘူး'

မာနာ ရှိုက်ရင်း ပြောလိုက်ခြင်း ဖြစ်၏။

'မငိုနဲ့၊ မငိုပါနဲ့ကွာ'

'မာနာ မကောင်းဘူး၊ လုံးဝ မကောင်းဘူး'

မျက်နှာကို လင်း၏ ရင်ဘတ်ထဲတွင် မြှုပ်၍ တင်းတင်းဖက်ထားလိုက်သည်။ မာနာ့ဆံပင်တွေ ချင်းနံ့ ကြက်သွန်နံ့ နံနေသည်။ မီးဖိုချောင်တွင် ညစာစားပွဲအတွက် လုပ်အားပေးခဲ့ရပုံ ရသည်။

'မေ့လိုက်ပါကွာ၊ ဘာမှ မဖြစ်လောက်ပါဘူး။ ကိုယ်က မေ့တောင်နေပြီ'

လင်းက ပတ်ဝန်းကျင်ကို အထိတ်တလန့် ဝေ့ကြည့်လိုက်သည်။ ဆေးရုံဝင်း အပြင်ဘက်တွင် တွေ့ခြင်းက စည်းမျဉ်းကို ချိုးဖောက်ခြင်း မဟုတ်လား။

မာနာက သူ့ကို မော့ကြည့်လိုက်သည်။ ပြီးတော့ မျက်လွှာ ချပြီး စိတ်လှုပ်ရှားနေသံဖြင့်

'မာနာ သုံးဆယ်ထဲ ဝင်လာပြီ ဆရာ၊ ခုထက်ထိ မစုံသေးဘူးနော်'



'အဲဒီလို မပြောပါနဲ့ကွာ'

'အဲဒါကြောင့်များ ထင်ရာ စွတ်လုပ်မိနေလား မသိပါဘူး'

'မင်းသောက်တာ များသွားတယ် ထင်တယ်'

'ဟင့်အင်း မများပါဘူး၊ နှစ်ခွက်တည်းပါ'

'ဒါပေမဲ့ မင်း အဲဒီလောက်မှ မသောက်ဖူးတာပဲ'

'ဒါထက် ဆရာ သိလား၊ ကျွန်မ ဒီနေ့အထိ အပျိုစစ်စစ်ဆိုတာလေ၊ ဘယ်ယောက်ျားနဲ့မှ ကျွန်မ မနီးစပ်ခဲ့ဖူးပါဘူး ဆရာ'

'မာနာရယ်၊ မင်း မူးနေပါတယ်၊ ဘာလို့ အဲဒါတွေ. . . '

'ကဲ ပြောစမ်းပါ၊ ဆရာ အပျိုစင်တစ်ယောက်ကို မလိုချင်ဘူးလား'

မာနာ သူ့ရင်ခွင်ထဲက ထွက်လိုက်သည်။ ပြီးတော့ ရယ်သည်။ ရယ်ရာမှ ငိုချလိုက်သည်။

လင်းက သူ့ကို လက်မောင်းအောက်မှ သိုင်းဖက်လိုက်ပြီး

'ပြန်ကြမယ် မာနာ'

'ဆရာ ကျွန်မကို မလိုချင်ဘူးလား၊ ကျွန်မ အပျို. . .'

'ဟင့်အင်း၊ လာ သွားမယ်'

'ရှင် ယောက်ျား မဟုတ်ဘူးလား၊ ရှင်ဟာ ယုန်ရဲ့ အသည်းမျိုးပဲ၊ ဟင့်အင်း. . . လာ. . . မရဘူး'

'အေး ထားပါ၊ ကိုယ် အလကားကောင်ပါ၊ ဘာမှ သုံးမရတဲ့ ကောင်ပါ၊ လာ သွားမယ်'

မာနာက လင်းကို အတင်း ဆွဲဟယ်လွဲဟယ် လုပ်နေပြီ၊ လင်းက အတင်းတွဲပြီး အဆင်းလမ်းအတိုင်း ပြေးချလာခဲ့သည်။ မာနာ ယိုင်ထိုး ယိုင်ထိုးနှင့် ပါလာသည်။

'ဟင့်အင်း. . . မရဘူး၊ လွှတ် လွှတ်၊ ဆရာ့အတွက် လင်း တလေး မွေးပေးချင်တယ်'

အဆောင်ကို ရှေ့ဘက်က ခေါ်မသွားရဲသဖြင့် နောက်ပေါက်က လှည့်ခေါ်သွားသည်။ ညနေ အလှည့်ပြီးလို့ အဆောင်ပြန်လာသည့် ဆရာမတစ်သိုက်နှင့် သွားတိုးသည်။ သူတို့ ဘာမှ မပြောနိုင်ခင် လင်းက ကြိုပြောလိုက်သည်။ 'မာနာ မူးနေလို့ကွာ' ပြောပြောဆိုဆို လင်းက အတင်းဆွဲပြီး ဆက်ပြေးသည်။ ဆရာမကလေးတွေ အကြောင်းသား ငေးကြည့် ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံတွင် တစ်ပတ်လုံးလုံး မာနာ့အကြောင်းပဲ ပြောနေကြသည်။ မာနာ စံချိန်နှစ်ခုကို ချိုးလိုက်ပြီဟု ပြောနေကြသည်။ နှစ်ပတ်လည် ညစာစားပွဲတွင် ပထမဦးဆုံး မူးသည့် အမျိုးသမီး။ ပြီးတော့ ဆရာဝန်တွေထက် ပိုသောက်နိုင်သည့် ဆရာမတဲ့။

သည်အဖြစ်အပျက်ကြောင့် လင်းက မိန်းမနှင့် ကွာရှင်းဖို့ အလေးအနက် စဉ်းစားရတော့သည်။ သည်နေ့မှာ ရှုးယုနှင့် တိုင်ပင်ရတော့မည်။

၀

# [ ၁၁ ]

နေ့လယ်လောက်မှာ အိမ်ပြန်ရောက်မည် ပြောခဲ့ပြီး ရှုးယု စိုက်ခင်းထဲ ထွက်သွားသည်။ ကောက်ရိုးခမောက်ကို ဆောင်းလျက်။ စိုက်ခင်းထဲတွင် ခရမ်းသီးတွေ၊ ပိန်းပင်တွေ၊ စပါးခင်းတွေ၊ လူးခင်းတွေ စိမ်းစိုနေသည်။ ယာခင်းက ဧကဝက်လောက် ကျယ်သည်။ မြေဩဇာကောင်းသည့် စိုက်ခင်းဖြစ်၏။ အသီးအနှံတွေကို မောင်လုပ်သူ ဘင်ရှန်းက ဈေးတွင် ရောင်းချပေးသည်။ ဝူကျီယာဈေးသို့ ပို့သည့်အခါ ပို့သည်။ ကြယ်ခြောက်ပွင့်ဘုံရိပ်သာဈေးသို့ ပို့သည့်အခါ ပို့သည်။

ဘုံရိပ်သာပိုင်တောကိုတော့ ရှုးယု ပုံမှန် အလုပ်မဆင်းနိုင်။ ထုန်ထုတ်လုပ်မှု တပ်ရင်းက သူ ခြေသေးမ ဖြစ်နေခြင်း၊ ကလေးအမေဖြစ်နေခြင်းကြောင့် သက်သာခွင့်ပေးထားသည်။ လင်း ပို့ပေးသည့် ငွေဖြင့် သားအမိနှစ်ယောက် စားလောက် သောက်လောက် ရှိပါ၏။

လင်းက သမီးလေး ဟွာကို ပေါင်ပေါ်တင်ပြီး ပုံပြင်တွေ ဖတ်ပြနေသည်။ ကလေးက လက်ထဲတွင် စပါးလင်ရွက် တစ်ရွက်ကို ဆောင်ပြီး လေချွန်နေသည်။ ထွက်လာသည့် အသံက သိုးပေါက်စကလေးတစ်ကောင် အသံနှင့် တူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့တွင် ရေတွင်းရှိသည်။ ရင်ဆို့လောက်အထိ အုတ်စီထား၏။ ရှူသူက ခြေထောက်မသန်သဖြင့် ဘုံရိပ်သာပိုင်ရေတွင်းသို့ ရေသွားမထမ်းနိုင်။ ထို့ကြောင့် လင်းက ခြံထဲတွင် ရေတွင်းတူးပေးထားခြင်း ဖြစ်သည်။ အိမ်ရှေ့ခြံဝတွင် ကြက်သအုပ်မတစ်ကောင် ဖုန်တွေကို ယက်ကာ ယက်ကာဖြင့် အစာရှာနေသည်။ ပြီးတော့ တကွတ်ကွတ် အော်ကာ သူ့ကလေးတွေကို အော်ခေါ်နေသည်။ အငယ်ဆုံးကောင်လေးက ခြေတစ်ဖက် ကျိုးနေသဖြင့် ခြေတပေါင်ကျိုး ပြေးလာသည်။ ရာသီဥတုမှာ နွေးထွေးနေပြီး လေမတိုက်သဖြင့် နွားချေးနံ့ ပျံ့နေသည်။

လင်းအနားသို့ ဟွာ ရောက်လာသည်။

'အဖေ၊ နို့ဆာတယ်၊ နို့တိုက်ပါလား'

လင်းက ရယ်တော့ ဟွာကလေး မျက်တောင်တဖျတ်ဖျတ်ခတ်ပြီး အဖေကို မော်ကြည့်နေသည်။

'သမီး၊ အဖေ့မှာ အမေ့လို နို့မရှိဘူးလေ၊ မုန့်စားမလားဟင်'

'အင်း'

စာအုပ်ကို ဘေးချပြီး သားအဖနှစ်ယောက် ရွာထဲက ကုန်စုံဆိုင်သို့ ထွက်လာခဲ့ကြသည်။

ညစာစားရင်း သမီးက သူ့ကို နို့တိုက်ခိုင်းကြောင်း ပြောပြတော့ ရှူးယု ရယ်နေသည်။

'တော်တော်ဆိုးတဲ့ ကောင်မလေး'

'အင်း သူ လေးနှစ်ပြည့်တော့မယ်နော်၊ မင်း သူ့ကို နို့ဖြတ်တော့လေ'

'အမေနို့လောက် ကောင်းတာ ဘာရှိမလဲ၊ ရော့ စားဂေါ'

ရှူးယုက ဖရုံသီးဟင်းတွေ ထပ်ထည့်ပေးရင်း ပြောသည်။

'ကိုယ် မြို့ရောက်နေတဲ့အခါ သမီးက အဖေကို မေးရဲ့လား'

'မေးတာပေါ့။ တစ်ခါတလေ အဖေ့ကို သိပ်အောက်မေ့တာပဲလို့ ပြောတတ်တယ်'

လင်းက ဟွာဘက် လှည့်ပြီး

'သမီးက အဖေ့ကို အောက်မေ့တယ်၊ ဟုတ်လား'

'ဟုတ်ကဲ့'

'ဘယ်လို အောက်မေ့တာလဲ၊ ပြောပြပါလား'

ဟွာက သူ့လက်နှစ်ဖက်နှင့် ရင်ဘတ်ကို ပုတ်ပြပြီး



'ဟောဒီက အောက်မေ့တာ'

လင်းရယ်သည်။ သို့သော် သူ့မျက်ဝန်းထဲတွင် မျက်ရည်အပြည့်။ သမီးလေးကို ပွေ့ပြီး ပေါင်ပေါ် တင်လိုက်သည်။ ထမင်း ဆက်မစားနိုင်တော့တဲ့ သမီးကလေးကို နမ်းပြီးရင်း နမ်းနေမိတော့သည်။

သူတို့လင်မယား တစ်ခန်းစီ အိပ်သော်လည်း အိမ်ပြန်လာရသည်ကို လည်း လင်း ပျော်နေသည်။ အိမ်က အစားအစာကို ခံတွင်းတွေ့နေသည်။ လတ်လတ်ဆတ်ဆတ် သားငါးနှင့် ခြံထွက်သီးနှံတွေ စားရသည်မှာ ဆေးရုံ မက်စ်က ဟင်းလျာတွေနှင့် တခြားစီ။

မိသားစုနှင့် အိမ်မှာ ပြန်နေရသည့် အချိန်များက လွမ်းမောစရာ ကောင်းလှပေသည်။ ရင်မှာ အေးမြလှသည်။ ဘာသောကမှ မရှိ ဘာအနှောင်အဖွဲ့မှ မရှိ၊ ဘာအမိန့်မှလည်း နာခံစရာ မလို။ မနက် ထမြေးဖို့ ၅း၃၀ တွင် ထစရာ မလို။ လင်းကြက်တွန်သံ ကြားလို့ နိုးလာလျှင်လည်း ပြန်အိပ်နေလို့ ရသည်။ သည်လိုနှပ်ရသည့် အရသာက ဘာနှင့်မျှ မတူ။ အဟောသုခ ချမ်းသာစွာ ရွာပြန်ရောက်တာ လေးရက်ရှိပြီ။ တစ်လလောက် နေလို့ရရင် ဘယ်လောက် ကောင်းမည်လဲ။

ညနေပိုင်းတွင် ယောက်ဖလုပ်သူ ဘင်ရှန်း ရောက်လာပြီး ပိုက်ဆံ ချေးသည်။ ဘင်ရှန်းက အသက်နှစ်ဆယ် အရွယ်။ ပိန်ပိန်ခြောက်ခြောက်။ ကြောသေးခင်ကမှ မိန်းမယူလိုက်သူ။ မင်္ဂလာဆောင်ကြွေး ယွမ် ထောင့်ရှစ်ရာ ကြွေးတင်သွားသည်။

သူတို့နှစ်ယောက် စကားပြောနေကြတုန်း ရှူးယုက ဘာမှ ဝင်မပြောဘဲ အဝတ်ချုပ်နေသည်။ မောင်လုပ်သူ မျက်စောင်းထိုးကြည့်နေ၏။

'ဘာဖြုလို့ မင်း ဒါလောက် ငွေ အလောတကြီး လိုနေတာလဲ'

ဟွာက သူ့ကျောကုန်းပေါ် တွယ်တက်နေချိန်တွင် လင်း မေးလိုက်ခြင်း ဖြစ်သည်။

'ကျွန်တော် ဈေးထဲမှာ ပြဿနာတစ်ခု ဖြစ်ခဲ့လို့ ဒဏ်တပ်ခံရပါတယ်'

'ဘာပြဿနာလဲ'

'ကံဆိုးတာပါဗျာ'

'ဘယ်လို ကံဆိုးတာလဲ'

'ဟာ အစ်ကိုကလဲဗျာ၊ မေးနေမယ့်အစား ပေးလိုက် ပြီးရော ကျွန်တော့်ကို ကူညီပါဗျာ'

www.burmeseclassic.com

www.burmeseclassic.com



လင်းက ဟွာကလေးကိုချပြီး ထသွားသည်။ ပိုက်ဆံအိတ်ယူပြန်လာပြီး

'ရော့ မင်းကို ငါ ယွမ်ငါးဆယ်ပဲ ချေးနိုင်မယ်'

ဘင်ရှန်းက ပိုက်ဆံကို ဘောင်းဘီအိတ်ထဲ ထည့်ပြီး

'ကျွန်တော် ရှုးယုကို ပြန်ပေးလိုက်ပါ့မယ်'

'ဒီလို လုပ်ပါလား၊ ပိုက်ဆံပြန်ပေးမနေနဲ့၊ မိုးမကျခင် အိမ်ကို သက်ကယ်မိုးပေးပါလား'

'ရတယ်လေ၊ ကျွန်တော် မိုးပေးပါ့မယ်'

'သက်ကယ်မိုး ကောင်းပစေနော်'

'ဟုတ်ကဲ့ပါ'

ဘင်ရှန်း ထွက်သွားသည်။ ဦးထုပ်ကို နောက်ပြန်ဆောင်းလျက် လေချွန်ကာ လျှောက်သွားခြင်း ဖြစ်သည်။ အိမ်မိုးဖို့ ကိစ္စနှင့် လင်း စိတ်အေးသွားသော်လည်း ယောက်ဖလုပ်သူကို သိပ်စိတ်မချ။ ဒါပေမဲ့ ကျေးရွာထုတ်လုပ်မှု တပ်ရင်းစာရင်းကိုင်ရာထူးကို ရနေပြီမို့ တည်တည်တံ့တံ့ ဖြစ်ကောင်းပါရဲ့ဟုလည်း တွေးမိ၏။

သူပြန်သွားတော့မှ ဘင်ရှန်း ငွေ လိုရခြင်းအကြောင်း ရှုးယုကို မေးကြည့်ရသည်

ရှုးယုက နှုတ်ခမ်းကို စုတ်၍ ခေါင်းယမ်းပြီး ပြုံးရင်း

'သူ့အပြစ်နဲ့ သူခံရတာပါ'

'ဘယ်လို ဘယ်လို'

'ဝက်ပေါက်ကလေးတွေကို စအိုပိတ်ပစ်လိုက်တယ်လေ'

'ဘာ၊ မင်းပြောတာ ငါ နားမလည်ဘူး'

ရှုးယုက ချုပ်လက်စ အဝတ်စနှင့် အပ်ကို ဘေးချပြီး ဇာတ်ကြောင်း ပြန်သည်။

'ပြီးခဲ့တဲ့ အပတ်ထဲက ဝူကျိယာဈေးထဲသွားပြီး သူ ဝက်ပေါက်ကလေး လေးကောင် သွားရောင်းတယ်၊ အလေးချိန်စီးအောင် ဆိုပြီး ဝက်ကလေးတွေရဲ့ စအိုကို လျှော်ကြိုးနဲ့ ချုပ်ပြီး ပိတ်ပစ်လိုက်တယ်တဲ့။ ဒီတော့ ဝက်ကလေးတွေ ဝမ်းမသွားနိုင်တော့ဘဲ ဖောင်းကားလာတာပေါ့၊ ဝယ်သူက တန်းသဘောကျ သွားပြီး ချက်ချင်း ဝယ်လိုက်တယ်၊ ပိုက်ဆံပေးပြီးမှ ဝယ်တဲ့လူက ဝက်ကလေး တွေကို သေသေချာချာကြည့်တော့ သူလုပ်ထားတာ သွားတွေ့တယ်'



လင်း ရယ်လိုက်သည်။ ဟွာက သူ့ကိုယ်ပေါ် ခွပြီး မြင်းစီးနေသည်။ ပါးစပ်မှလည်း 'ဟီးယား၊ ဟီးယား' နှင့် မြင်းမောင်းသလို မောင်းနေ၏။ လင်းက ကလေးကို မြှောက်ချီပြီး ထိုင်လိုက်သည်။

'အင်း အဲဒီတော့ ဘာဖြစ်လဲ ပြောပါဦး'

'သူ့ကို ဈေးရုံးဆွဲခေါ်သွားပြီး တိုင်တာပေါ့၊ ဒဏ်ငွေ ယွမ်ကိုးဆယ် ဆောင်ခိုင်းတယ်၊ မဆောင်နိုင်ရင် အချုပ်ထဲ ပို့မယ်တဲ့၊ ကံကောင်းချင်တော့ သူ့ သူငယ်ချင်းတစ်ယောက် ကြက်ရောင်းပြီး ပြန်လာတာနဲ့ တွေ့လို့ ပိုက်ဆံချေးပြီး ဒဏ်ဆောင်ခဲ့ရတယ်'

နှစ်ယောက်သား ရယ်ကြသည်။ လင်းက ရှုးယုကို ထောက်ခံသည်။

'အေးပေါ့၊ သူ့အပြစ်သူ ခံသွားရတာပေါ့'

သူတို့မိသားစုတွင် သည်လို ရယ်ရယ်မောမော နေသည့်အချိန် ရှိသလောက်ပင်။ စကားပြောချိန်ပင် သိပ်မရှိ။ ရှုးယုက အိမ်အလုပ်၊ ခြံအလုပ်တွေနှင့် အမြဲရှုပ်နေပြီး ဟွာကလည်း အဖေ့နား သိပ်မကပ်။

နောက်တစ်နေ့ ညနေတွင် လင်း မီးဖိုထဲ ဝင်ကြည့်သည်။ ပဲပုပ်စေ့ အခွံတွေထည့်သည့် ခြင်းတောင်းထဲမှ စာရွက်တစ်ရွက် သွားတွေ့သည်။ ခဲတံနှင့် ရေးထားသည့် အရုပ်ကလေးတွေပါလား။ လေးထောင့် သေတ္တာကလေး တစ်ခု၊ ပုလင်းကလေးတွေက အရွယ်အစား အမျိုးမျိုး၊ စက်ဝိုင်းကလေး တစ်ခု၊ ချိုင့်တစ်လုံး၊ ဓားတစ်လက်နှင့် အခြား ပုံကလေးတွေ။ နံဘေးမှာ အထာန်းလေးတွေလည်း ပါရဲ့။ ဘာအဓိပ္ပာယ်ပါလိမ့်။

ရှုးယုက အိမ်ဘေး သစ်သားစည်ပိုင်းကြီးနားတွင် အဝတ်လျှော် နေစဉ် ဟွာက ဘဲငန်းတွေကို လိုက်မောင်းနေသည်။

ညစာစားပြီးမှ စာရွက်ထဲက ပုံတွေအကြောင်း လင်းက မိန်းမကို မေးကြည့်သည်။

ရှုးယုက နှုတ်ခမ်းကို စုတ်ပြီး 'စာရင်းပါ' ဟု ဖြေသည်။

'ဘာစာရင်းတွေလဲ'

'ပစ္စည်းတွေပေါ့'

'ဆိုစမ်းပါဦး၊ ဘာပစ္စည်းတွေလဲ'

'ဈေးဝယ်မယ့် ပစ္စည်းစာရင်းပါ'

သည်တော့မှ သူ့စာရင်းစာရွက်အကြောင်း ရှုးယု ရှင်းပြသည်။ အသေးဆုံးပုလင်းက ရှာလကာရည်တဲ့။ ပုလင်းကြီးက ပဲငံပြာရည် ချိုင့်က

www.burmeseclassic.com

www.burmeseclassic.com



ဆီ၊ ကြယ်ပွင့်ကလေးက ဆား၊ လေးထောင့်က ဆပ်ပြာ၊ စက်ဝိုင်းက Soda ash။ အိတ်က ဂျုံ၊ ဓားက ဝက်သားတဲ့၊ သေတ္တာက မီးခြစ်ဘူးတဲ့၊ မီးလုံးက လျှပ်စစ်တဲ့။

ချိုင့်ပုံရဲ့ နံဘေးတွင် ၅၀ ဟု ရေးထားသည်။ အင်း ဆီငါးဆယ်သား ပေါ့။ ဓားဘေးက ၁ ကတော့ ဝက်သားတစ်ပေါင် ထင်ပါရဲ့။ တစ်ပေါင်ဆိုလျှင် တစ်ယွမ်။ လင်း အံ့ဩနေသည်။ အိမ်ပြန်ရောက်ကတည်းက သား ငါး တစ်ရက်မှ မပြတ်။ သည်တော့မှ မေးကြည့်ဖြစ်သည်။

'ငါပို့ပေးတဲ့ ပိုက်ဆံနဲ့ မင်းလောက်ရဲ့လား ရှုးယု'

'အင်း'

'ပိုပြီး ပို့ပေးရမလား'

'ဟင့်အင်း'

သူ မတ်တတ်ထရပ်သည်။ ပြီးတော့မှ ကွတ ကွတနှင့် ထင်းရှူး သေတ္တာကြီးဆီ လျှောက်သွားသည်။ သေတ္တာဖွင့်ပြီး ငွေစက္ကူတစ်ထပ် ကိုင်၍ ပြန်လာသည်။ ယောကျ်ားလက်ထဲ လှမ်းထည့်ပြီး

'ရှင် လိုမှာပေါ့'

'မင်း ဘယ်က ရတာလဲ'

'စုထားတာပေါ့'

'မင်း ဘယ်လောက် စုမိနေပြီလဲ'

'မနှစ်က ယွမ်တစ်ရာလောက် စုမိတယ်၊ ဒါပေမဲ့ အဖေ့အသုဘမှာ တော်တော်ကုန်သွားတယ်'

'ခု လက်ထဲမှာ ဘယ်လောက်ရှိလဲ'

'သုံးဆယ်'

'အဲဒါ မင်းပိုက်ဆံပဲ၊ သိမ်းထားပါ'

လင်း၏ ရင်ထဲတွင် လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ အသက်ရှူကျပ်သွား၏။ ဖိနပ်စီးပြီး အပြင်သို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။ အပြင်တွင် မှောင်ရီပျိုးနေပြီ။ နောက်တစ်နေ့တွင် လင်းက မိဘများ၏ သင်္ချိုင်းကို သွားမည့်အကြောင်းပြောတော့ ရှုးယု အလုပ်ရှုပ်သွားသည်။ ရွာထဲက ကုန်စုံဆိုင်ဆီသို့ ထော့နင်း ထော့နင်းနှင့် လျှောက်သွားပြီး ဝက်သားနှစ်ပေါင် ဝယ်ခဲ့သည်။ ပြီးတော့ ခြံထဲမှ ကန်စွန်းရွက်ခူး၍ ညစာအတွက် ချက်သည်။ ဝက်သားဟင်းကို စားပွဲအလယ်သို့ လင်းက တွန်းပို့လိုက်သည်။ ကလေး



အတွက် နည်းနည်းဖဲ့ပေးပြီး ရှုးယုက ယောကျ်ားရှေ့သို့ ပြန်တွန်းပို့လိုက်သည်။ သူက လုံးဝ မတို့။ လင်းက ဝက်သားတုံးကို ခပ်ပြီး သူ့ပန်းကန်ထဲ ထည့်ပေးရ၏။

နောက်တစ်နေ့ သင်္ချိုင်း သွားတော့ ရှုးယုက ခြင်းနှစ်လုံး ထည့်ပေးလိုက်သည်။ ခြင်းထဲတွင် ဝါးချိုင့်လေးလုံး။ လင်းက တစ်ချိုင့်ချင်း ဖွင့်ကြည့်သည်။ ဝက်သားပေါင်းတစ်ပွဲ၊ ငါးကြင်းကြော်၊ ကြက်ဥမွှေကြော်နှင့် မိန်းရိုးဟင်းများ ဖြစ်သည်။ ပြီးတော့ အထုပ်တစ်ထုပ်နှင့် အမွှေးတိုင်တွေ၊ ရွှေစက္ကူ ငွေစက္ကူတွေ ထည့်ပေးလိုက်သေးသည်။ ဟင်းတွေက ပူပူနွေးနွေး ရှိသေးသည်။

ဆန်ပြုတ်ပူပူ နှစ်ခွက်သောက်ပြီး ရွာတောင်ဘက် သင်္ချိုင်းရှိရာသို့ ထင်းထွက်လာခဲ့သည်။ ဆယ်မိနစ်ခန့်လျှောက်တော့ သင်္ချိုင်းသို့ ရောက်၏။ လွန်ခဲ့သည့် နှစ်များက ပါတီစည်းမျဉ်းအရ အလောင်းကို မြေမမြှုပ်ဘဲ မီးသင်္ဂြိုဟ်ကြရသည်။ မြေလွတ် မြေရိုင်း မရှိစေရ။ မြေမှန်သမျှ စိုက်ပျိုးမြေ ဖြစ်ရမည်ဟူသည့် ကြွေးကြော်သံ။ လင်း၏အစ်ကို ရန်းကောင်းက ရွာမှ တာဝန်ရှိသူတွေကို တိုက်ကျွေး လာဘ်ထိုးပြီး မြေမြှုပ်ခွင့် ရသဖြင့် တောင်စောင်းက အမေ့မြေပုံနားတွင် အဖေ့ကို မြှုပ်ခဲ့ခြင်း ဖြစ်သည်။

ကုန်းမြင့်ကို တက်လာခဲ့ရ၍ လင်းမောနေသည်။ သူ့ဘောင်းဘီတွင် မြက်သီးတွေ ကပ်နေပြီး ဖိနပ်နှစ်ဖက်စလုံးလည်း ရွှံ့နှိုင်းချင်းနှင့် ဖြစ်နေသည်။ နှင်ဘက်ဖြူဖြူနှင့် ပျံလွှားလေးတွေ ခေါင်းပေါ်တွင် ပျံဝဲနေ၏။ အဖေနှင့် အမေ၏ မြေပုံမှာ မြက်တစ်ပင်မျှ မတွေ့ရအောင် သန့်ရှင်းနေသည်။ မြေပုံနှစ်ခု၏ ခေါင်းရင်းတွင် ကြက်မောက်ပန်းတွေ စိုက်ထား၏။ မြေပုံပေါ်တွင်လည်း မခြောက်တခြောက် ပန်းပွင့်တွေ ပြန့်ကြလျက်။ အစ်ကိုလုပ်သူ၏ လက်ချက်တော့ မဖြစ်တန်ရာ။ သူက တစ်ချိန်လုံး နေနေတဲ့သူ။ ရှုးယုမှ လွဲ၍ မည်သူမျှ မဖြစ်နိုင်။ အဖေ့မြေပုံ ခေါင်းရင်းမှ အမှည်းတိုင်တွင် 'မင်ဇီကောင်း' ဟု ရေးထားပြီး အမေ့ခေါင်းရင်းမှ အမှည်းတိုင်တွင်တော့ 'ကောင်းကတော်' ဟု ရေးထားသည်။ အမေ့တွင် ကိုယ်ပိုင်နာမည် မရှိပေ။ မြေပုံနှစ်ခုခြေရင်းတွင် ဟင်းလျာချိုင့်တွေကို ချပြီး အမွှေးတိုင်တွေ ထွန်း၍ ထိုးစိုက်လိုက်သည်။ ပြီးမှ လက်တစ်ခေါက်လောက် ကြီးသည့် ရွှေစက္ကူ ငွေစက္ကူတွေကို ကိုင်လျက် မြေပုံခြေရင်းတွင် ထိုင်တာ ထန်တော့လေသည်။ 'အဖေနဲ့ အမေခင်ဗျား၊ ရှုးယုချက်တဲ့ ဟင်းလျာတွေကို

www.burmeseclassic.com

www.burmeseclassic.com



မြိန်မြိန်ရှက်ရှက် သုံးဆောင်ပါ၊ ငွေစက္ကူတွေကိုလည်း လက်ခံပါ၊ အဖေနဲ့ အမေ ကောင်းရာသုဂတိမှာ ငြိမ်းချမ်းစွာ နေနိုင်ပါစေ’

မြေနိမ့်ပိုင်းဆီမှ သေနတ်သံ တစ်ချက်နှင့်အတူ ခွေးဟောင်သံပါ ကြားလိုက်သည်။ သည်အချိန်ဆိုလျှင် ရစ်တွေ ပေါ်နေပြီ။

လင်းက အခြားရွာသားတွေလို ရွှေစက္ကူ ငွေစက္ကူတွေကို မီးမရှို့ဖြစ်ခဲ့ပေ။ မီးရှို့မှ ပရလောကထဲကို ရောက်သည်ဟု ယုံကြည်ကြသည်။ လင်း၏ ခေါင်းထဲတွင် အတွေးတွေ ဝေနေသည်။ မာနဲ့ကို ပေးခဲ့သည့် ကတိက သူ့ကို ဒုက္ခအပေးဆုံး။ အိမ်ရောက်ရောက်ချင်း ရှုးယုနှင့် ကွာရှင်းဖို့ ပြောပါ့မယ်ဟု ကတိပေးခဲ့သည်။ အခု အိမ်ပြန်ရောက်နေသည်မှာ ခုနစ်ရက်ရှိပြီ။ နောက်သုံးရက်ဆိုလျှင် ပြန်ရတော့မည်။ သို့သော် ဒီနေ့ထိ တစ်ခွန်းမှ ပြောမထွက်သေး။ ရှုးယုကို မချစ်လို့ပါဟူသည့် အကြောင်းပြချက်နှင့် ကွာရှင်းဖို့ ပြောလျှင် တစ်ရွာလုံးက လက်ခံမည် မဟုတ်ပါ။ အပြစ်တစ်ခုခုကို မိန်းမဘက်က ကျူးလွန်မှ ကွာရှင်းခွင့်တောင်းနိုင်သည်။ သို့သော် ရှုးယုသည် အပြစ်ဟူ၍ မြူငွေ့မျှ မထင်သည့် မိန်းကလေးမျိုးဖြစ်သည်။ ပြီးတော့ သည်ရွာသည် ရှုးယု ချွေးမဖြစ်နေခြင်းကို လှောင်ပြောင် သရော်မည့် ရွာမျိုး မဟုတ်။

သချိုင်းမှ ပြန်လာပြီးနောက် လင်း တစ်ယောက် တစ်ချိန်လုံး ထိုင်စဉ်းစားနေသည်။ ရွာသည် မြို့မဟုတ်။ ထို့ကြောင့် ရှုးယုကို ဂူကြီယာသို့ ခေါ်သွားလို့ မဖြစ်။ မိမိအနေဖြင့် တပ်ကထွက်ပြီး တောပြန်လာနေလျှင်လည်း အဓိပ္ပာယ်မရှိ။ သူ့ဘဝသည် မြို့ပြဘဝဖြစ်နေပြီ။ သူ့တက်လမ်းသည်မြို့တွင်သာ ရှိနိုင်သည်။

မိန်းမနှစ်ယောက်ယူပြီး မာနာကို မြို့မှာထား၊ ရှုးယုက တော… ဆိုလျှင်ကော။ သည်ပြစ်မှုကြီးကိုတော့ လင်း ဘယ်တော့မှ ကျူးလွန်မ… မဟုတ်ပါ။ သူသည် ပါတီဝင် တစ်ယောက်အနေဖြင့် ပါတီ စည်းကမ်း… ဘယ်တုန်းကမှ ဖောက်ဖျက်ခဲ့သူ မဟုတ်။ မာနာနဲ့ မတွေ့ဖြစ်ကြ… ဘယ်လောက် ကောင်းမလဲဟု ထပ်မံ တွေးမိပြန်သည်။

သူမပြန်မီ နှစ်ရက်အလို တစ်ညတွင် ရှုးယုက ခေါင်းအုံးက… ပိုက်ပြီး သူ့အခန်းထဲ ဝင်လာသည်။ မျက်နှာအောက်ချလျက်။ ခုတင်စွန်း… ဝင်ထိုင်ပြီး ရှုးယု သက်ပြင်းချသည်။ ပြီးတော့မှ မရွံ့မရဲ ပြော၏။



‘ဒီည အတူတူ အိပ်မလား’

သူ ဘာပြောရမှန်း မသိအောင် ကြောင်နေသည်။ ရှုးယု ဒီလောက် သတ္တိကောင်းမည်ဟု သူ တစ်ခါမျှ မတွေးမိခဲ့။

‘ကျွန်မ အရှက်မရှိတဲ့ မိန်းမတစ်ယောက် မဟုတ်ပါဘူး၊ ဒါပေမဲ့ သမီးတလေး မွေးပြီးကတည်းက ရှင် အိပ်ရာခွဲအိပ်တယ်၊ ရှင့်ကို ကျွန်မ အပြစ်တင်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခုတလော သားလေးတစ်ယောက် …ယ်လိုချင်စိတ်ပေါက်နေတယ်၊ ဟွာက ကြီးလာတော့မှာ၊ သူကြီးလာရင် …နမကို ကူမှာပါ၊ ရှင် သားလေး တစ်ယောက်လောက် မလိုချင်ဘူးလား’

လင်း ငြိမ်နေသည်။ ခဏနေမှ

‘ဟင့်အင်း၊ မလိုချင်ဘူး၊ ဟွာ တစ်ယောက်နဲ့ ငါ ကျေနပ်နေပြီ …အစ်ကိုမှာ သားသုံးယောက်ရှိပါတယ်၊ မျိုးဆက်နာမည် သူတို့ ဆက်ယူကြ…ပေါ့၊ အဲဒါတွေက ခေတ်ဟောင်း အတွေးအခေါ်တွေပါကွာ’

‘အသက်ကြီးတဲ့ထိ မစဉ်းစားဘူးလား၊ ကျွန်မတို့ မလုပ်နိုင် မကိုင်…တဲ့ အရွယ်ကျရင် သားရှိမှ အားကိုးရမှာ၊ ရှင်က အိမ်မှာ အမြဲ မရှိတော့ …ယောကျ်ားလေးတစ်ယောက် လိုတယ်လေ’

‘တို့က အိုမှ မအိုသေးတာပဲကွာ၊ ဟွာကလည်း အားကိုးရမှာပါ၊ …ပူမနေစမ်းပါနဲ့’

‘မိန်းကလေးတွေက အားမကိုးရပါဘူး၊ ယောကျ်ားယူပြီးရင် ယောက္ခမ …စွေ့ည်း ဖြစ်သွားရောလေ’

လင်း ဘာမှ ဆက်မပြောတော့။ အနားမှာ ရှုးယုကိုယ်စား မာနာ …ရင် ဘယ်လောက် ကောင်းလိုက်မလဲ။ သူ့အတွေးကို ဖတ်နိုင်သည့် … ရှုးယုက ထသွားသည်။ ပခုံးနှစ်ဖက် လျှော့ကျလျက်။ လင်း …သက်ပြင်းရှည်ကြီး ချလိုက်သည်။

ရှုးယု၏ စကားလုံးများကို ကြားရမှ မိမိမရှိခိုက် သူ ဘယ်လောက် …တျှန်ရှာမည်ကို သတိထားမိတော့သည်။ သူ့တွင် သည်လို ခံစားမှု…မည်ဟု လင်း ဘယ်တုန်းကမှ မထင်ခဲ့။ သူကြည့်ရတာ သေ… …ဆုံး ပေါင်းသင်းသွားမည်ဟု ယုံကြည်နေပုံမျိုး။ အော်… ရှုးယု ရှုးယု …ခွန်းလှပါကလား။

www.burmeseclassic.com

www.burmeseclassic.com



သည်လို မိန်းကလေးကို မည်သို့လျှင် ကွာရှင်းဖို့ ပြောလို့ ထွက်ပါမည်နည်း။

၀

[ ၁၂ ]

ဘာလို့ ငါ့ကို ရှောင်နေပါလိမ့်။ မာနာ တစ်ချိန်လုံး တစ်ယောက်တည်း တွေးနေသည်။ ကွာရှင်းဖို့ ကိစ္စ ရှုးယု မည်သို့ တုံ့ပြန်သည်ကို အရမ်း သိချင်နေသည်။ သူပြန်ရောက်တာ တစ်ပတ်ရှိပြီ။ အလုပ်တွေ အရမ်း များနေကြောင်း ပြောပြီး ပြန်လာကတည်းက အတူတူ လမ်းမလျှောက်ရသေး။ နှာ့ရင်ထဲတွင် စိုးရိမ်စိတ်နှင့် အတူ ဟာလာဟင်းလင်းကြီး ဖြစ်နေသည်။ ည်အကြောင်း ဟေယံကို ဖွင့်ပြောလိုက်မိသည်။ ဟေယံက ဖိအားပေးဖို့ သံပေးဖို့ တိုက်တွန်းသည်။

'ဒီမယ် အစ်မ မာနာ၊ ရေနံတွင်းဆိုတာ ဖိအားပြင်းမှ ထွက်တာ၊ တိုင်းနေလို့ကတော့ အစ်မတို့ဟာ ဇာတ်မျောကြီး ဖြစ်နေမှာပဲ'

အင်္ဂါနေ့ည ထမင်းစားပြီးသည်နှင့် မာနာ သူ့ရုံးခန်းထဲ ဝင်သွားသည်။ ကြည့်မီးလုံးလေး တစ်လုံးသာ လင်းနေပြီး ရုပ်ရှင်ရုံထဲမှာလို တစ်ခန်းလုံး ှောင်နေ၏။ အလုပ်များနေတာ မဟုတ်ကြောင်း တွေ့ရတော့ မာနာ ကြသွားသည်။ သူက စားပွဲပေါ် ခြေထောက်ပစ်တင်ပြီး ကုလားထိုင်ထဲ ပျော်နေသည်။ ပေါင်ပေါ်တွင် စာအုပ်တစ်အုပ် တင်လျက်သား။ မာနာ ောင်းသံ ပေးလိုက်တော့ နိုးလာပြီး စာအုပ်ကို စားပွဲပေါ် တင်တာ လုတ်တွေ အပြေးအလွှား ထဖွင့်သည်။

www.burmeseclassic.com

www.burmeseclassic.com



သူကြည့်ရသည်မှာ အလွန်အမင်း ပင်ပန်းနေပုံ။ မာနာက စာအုပ်ကို လက်ညှိုးထိုးပြီး 'ဆရာက ဗိုလ်ချုပ်ဖြစ်မှာမို့ ဒီစာအုပ်ကြီး ဖတ်နေတာလား' စာအုပ်က ဗိုလ်ချုပ်ကြီး ရူးကော့ရေးသည့် ဒုတိယကမ္ဘာစစ်မှတ်တမ်း ဖြစ်၏။ လင်းက မျက်နှာရှုံ့ပြီး

'ဘယ်ကလာ၊ ဘာတွေ လျှောက်ပြောနေတာလဲ'

မာနာက ကုလားထိုင်တစ်လုံးတွင် ဝင်ထိုင်ပြီး မျက်နှာချင်းဆိုင် ထိုင်မိသည်နှင့် တဲ့တိုးမေးလိုက်သည်။

'မာနာ့ကို ဘာဖြစ်လို့ ရှောင်နေတာလဲ'

'ဒီလိုပါကွာ၊ အင်း ဘယ်လို ပြောရမလဲ'

မာနာ့ကို ကြည့်ပြီး စကားဆွံ့နေသည်။ နောက်မှ အားယူပြီး

'ဟုတ်တယ် မာနာ၊ ကိုယ် တမင်ရှောင်နေတာ၊ မင်းကို ဘယ်လို ပြောရမှန်းမသိလို့၊ ခုတော့ ဘယ်လို ပြောရမလဲဆိုတာ ရှင်းသွားပါပြီ'

တည်ငြိမ်လွန်းသည့် သူ့အသံကြောင့် မာနာ ပထမ အံ့ဩသွားသည်။ ကေန္တ ကိစ္စပြီးခဲ့ပြီ ထင်တယ်။ သို့သော် သူရှင်းပြသည့်အခါတွင်မှ စိတ်အပျက်ကြီး ပျက်သွားတော့သည်။ လင်းက ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သည်။ ရှူးယုကို ကွာရှင်းဖို့ကိစ္စ ပြောဖို့မှာ သူ့အနေနှင့် အလွန် ခက်နေကြောင်း၊ သမီးငယ်လေးကို ထားခဲ့ရမှာလည်း ပြောမထွက်ကြောင်း ပြောဖို့ အကြိမ်ကြိမ် ကြိုးစားသော်လည်း မအောင်မြင်ခဲ့ကြောင်း၊ တရားရုံးမှာ ကွာရှင်းခွင့်တောင်းလျှင် အကြောင်းပြချက် ပေးရမည့်အတွက် မည်သို့မျှ စဉ်းစားလို့ မရကြောင်းများကို အမှန်အတိုင်း ပြောပြလိုက်သည်။

'ကိုယ် စိတ်မကောင်းပါဘူး မာနာရယ်၊ ကိုယ်ဟာ အလကားကောင်ပါ။ ကိုယ့်ထက်သာတဲ့လူနဲ့ မင်းတွေ့သင့်ပါတယ်'

သူပြီးသည်နှင့် မာနာ ကောက်မေးလိုက်သည်။

'ဒါဆို မာနာက ဘာလုပ်ရမှာလဲ၊ ဒီအတိုင်း ထိုင်စောင့်ရမှာလား'

မာနာ့အသံက မအေးစက်စဖူး အေးစက်နေသည်။ လင်း စကားဆက်သည်။

'ကိုယ်တို့နှစ်ယောက် ဘယ်လောက်ပဲ ချစ်နေ ချစ်နေ လမ်းခွဲလိုက်ကြရင် ကောင်းမယ်ထင်တယ်၊ အခြေအနေပေးဖို့ မလွယ်ဘူး ထင်တယ်။ အဲဒါကြောင့် သိပ်မလေးနက်ခင် အရှိန်သတ်ပြီး သူငယ်ချင်းတွေလို ဆက်နေကြရအောင်လား'

ပြောချလိုက်ပြီးသည်နှင့် လင်း၏ ရင်ထဲတွင် ဘယ်တုန်းကမှနှင့် မတူအောင် နင့်သွားသည်။



သူ့စကားလုံးများသည် မာနာ၏ နှလုံးသားကို ဆုပ်ညှစ်လိုက်သလို ဖြစ်သွားသည်။ မျက်ရည်တွေ ထိန်းမနိုင် သိမ်းမရ စီးကျလာ၏။ အံကြိတ်ပြီး ပြောလိုက်၏။

'ဆရာ့ဘက်က သိပ်လွယ်တယ်ပေါ့လေ၊ သိပ်တရားမျှတတယ်ပေါ့၊ မာနာက ဘာဖြစ်သွားလဲ၊ လမ်းခွဲပြီး နောက်တစ်ယောက် ရှာရမယ်ပေါ့ ဟုတ်လား၊ ဆေးရုံတစ်ရုံလုံးက မာနာ့ကို ဆရာ့မယားလို့ အသိအမှတ်ပြုထားကြတာ၊ ဆရာက ခုလို ကျောခိုင်းသွားမယ်ဆိုတော့ ကျွန်မမျက်နှာ ဘယ်လို ထားရမှာလဲ'

'မာနာကလဲကွာ၊ စိတ်အေးအေး ထားစမ်းပါ၊ တို့စဉ်းစားကြသေးတာ. . .'

'တော်ပြီ၊ နောက်ထပ် ဘာမှ မစဉ်းစားချင်တော့ဘူး၊ စဉ်းစားရင်းစဉ်းစားရင်း အိုသေတော့မယ်'

ပြောပြောဆိုဆို ဝုန်းခနဲထပြီး နားနှစ်ဖက်ပိတ်ကာ အခန်းထဲမှ ပြေးထွက်သွားလေတော့သည်။ မာနာ့ စကားလုံးများက သူ့ရင်ထဲတွင် နစ်ဝင်ကျန်ခဲ့သည်။ တစ်ပြိုင်တည်းတွင် ပျော်သလိုလိုလည်း ဖြစ်သွား၏။ ဒါဆိုရင်တော့ ပြန်စဉ်းစားရဦးမှာပေါ့။ စိတ်ထဲမှာ မာနာနှင့် သူ သည်မျှ စွဲစွဲလမ်းလမ်း ငြိတွယ်နေပြီဟု မထင်ခဲ့။ ခုတော့ ရှင်းသွားပြီ။ ကြည့်စမ်း၊ သူက ငါနဲ့ တလေး ယူချင်တယ်တဲ့။ အပျိုကြီးဘဝနဲ့ အရိုးထုတ်မည့်ပုံလည်း မပေါ်။ နောက်တစ်ယောက်ရှာဖို့လည်း သူစိတ်မကူး။ ကိုယ်အင်္ဂါ ချို့ယွင်းနေသူများ၊ သေန်မစွမ်းဖြစ်နေသူများပင် အိမ်ထောင်ပြုနေကြပါလျက်နှင့် မာနာက မိမိမှလွဲ၍ စိတ်ကူးမည့်သူ မဟုတ်။ သည်လို မိန်းကလေးမျိုးကို မျက်နှာလွှဲခဲပစ်ထုပ်သင့်ပါသလား။

အချစ်မှတစ်ပါး ဘာမှ မတောင်းဆိုဘဲ ငွဲကြီးကြီးဖြင့် စောင့်နေသည့် မိန်းကလေး။ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ပြောချင်တာတွေ ပြောကြပါစေ၊ သူ ဂရုမစိုက်။

မာနာ တခြားဆေးရုံသို့ ဒါမှမဟုတ် တခြားမြို့သို့ ပြောင်းသွားရလျှင်လည်း အကောင်းသား။ သို့သော် ခုအချိန်တွင် သူနာပြုဆရာမတွေ ဆေးရုံတိုင်းက လိုမ့်ထုတ်နေသဖြင့် သည်လို ဖြစ်လာဖို့ အကြောင်းမရှိတော့ပေ။ ပြောင်းရွှေ့ အမှုထမ်းခွင့်သာ ရမည်ဆိုလျှင် မာနာ့လို ဆရာမကို ဆေးရုံတိုင်းက ကြိုဆိုကြမည် မုချ။

ခုအချိန်တွင် သူနာပြုဆရာမတွေ များလွန်းနေ၍ အလို အသုံးတွေ့ကြရသည်။ လူသစ်သွေးသစ်များဖြင့် အစားထိုးနေရှိန်လေ၊ စစ်ထာင်

www.burmeseclassic.com



သူနာပြုဘဝမှ အရပ်ဘက်ကို ပြောင်းလာသည့် မိန်းကလေးများအား လူတွေ က စက်ပစ္စည်းဟောင်းများအဖြစ် သဘောထားတတ်ကြသည်။

နောက်တစ်ပတ် ကြာတော့ လင်းက မာနာနှင့်တွေ့ပြီး တောင်းပန် သည်။ သူ့တစ်ဖက်တည်းက ကြည့်မိသည့်အတွက် ခွင့်လွှတ်ဖို့ အနူးအညွတ် တောင်းပန်ခြင်း ဖြစ်၏။ ရှုံးယုနှင့် ပြတ်စဲဖို့ ထပ်မံ ကြိုးစားပါ့မည်ဟု ကတိပေး၏။ သို့သော် လောလောဆယ် မဖြစ်ကြောင်း၊ ခေါင်းအေးအေး ထားရမည့် အကြောင်း ပြောတော့ မာနာ လက်ခံသည်။ မာနာ စောင့်ရဦးမည်ပေါ့။ မျှော်ရဦးမည်ပေါ့။

၁

နောက်တစ်ခါ နွေဦးသို့ ရောက်လာခဲ့ပြန်လေပြီ။ သည်နှစ်တော့ ပြတ်အောင် လုပ်ခဲ့ပါမည်ဟု မာနာ့ကို ကတိပေးပြီး နှစ်ပတ်လည်ခွင့်နှင့် လင်း ရွာပြန် ခဲ့သည်။ ခရီးမထွက်ခင် မာနာ စိတ်ချအောင်၊ ဆေးရုံ နိုင်ငံရေးမှူး ရန်စူး၏ ထောက်ခံချက် ယူသွားကြောင်းကိုပါ ထုတ်ပြခဲ့သေးသည်။ ရန်စူးက ကျေးရွာ တရားရေးဌာနသို့ လျှို့ဝှက်စွာ ပုဂ္ဂိုလ်ရေးစာတစ်စောင် ရေးပေးလိုက်ခြင်း ဖြစ်သည်။ သည်အကြောင်း ဘယ်သူ့ကိုမှ လေသံမဟဖို့၊ စိတ်ချလက်ချ နေဖို့ ပြောပြီး ထွက်သွားသည်။

မာနာတစ်ယောက် မျှော်လင့်ချက်တွေ တစ်ပွေ့တစ်ပိုက်ကြီး ပျော်ပြီး ကျန်ရစ်သည်။ တစ်ချိန်လုံး ပြုံးနေ၍ ဆရာမလေးတွေက အပျိုကြီးကို ဝိုင်းစကြသည်။ 'ဟဲ့ ပြုံးတာက ရာဇဝတ်မှုလား' ဆိုပြီး မာနာက သူတို့ကို ရန်တွေ့၏။

ညည အိပ်မပျော်ရင် မင်္ဂလာဆောင်ကို ဘယ်လို ကျင်းပရပါ့မလဲ၊ ဘယ်လို စီစဉ်ရပါ့မလဲ၊ ဘယ်လောက် အကုန်အကျခံနိုင်မှာလဲ စဉ်းစားရင်း ဆိုတာမျိုးတွေ လျှောက်တွေးနေသည်။

နောက်ဆုံးပေါ် ရေဒီယိုက ယွမ်တစ်ရာ့နှစ်ဆယ်တဲ့။ အိပ်ရာခင်းက ဘယ်လိုဒီဇိုင်း ဝယ်ရမှာပါလိမ့်။ အဝတ်ဗီရိုကောင်းကောင်းဝယ်ဖို့ တတ်နိုင် ပါမည်လား။ ခိုတံဆိပ် စက်ဘီးတစ်စီးလည်း သူ့ဖို့ ဝယ်ပေးရဦးမည်။ သားရေဖိနပ် ကောင်းကောင်း၊ သားရေဂျာကင်ကောင်း သူ့မှာ မရှိသေးဘူး။ ကိုယ့်အခန်းနဲ့ကိုယ် နေရမယ်ဆိုတော့ နံရံကပ် နာရီတစ်လုံးရှိမှ ကောင်းမယ် ထင်တယ်နော်။ နာရီချိန်သီးမှာ ကြက်ပေါက်စကလေးတွေ ခိုတွဲလို့လေ။ ခေါင်းကလေး ညိတ်ကာ ညိတ်ကာနဲ့လေ။

အခန်းကောင်းကောင်းတော့ သူတို့ စီစဉ်ပေးကြမှာပါ။ အဲဒီလို လူလူသူသူ နေရပြီး သူ့အတွက် ကလေးတွေ မွေးပေးရရင် မာနာ သေပျော်ပြီ။



တစ်နေ့ ဆေးရုံအရောင်းဆိုင်တွင် ဒီဇိုင်းလှလှနှင့် ဂွမ်းကပ်တွေ သွားတွေ့သည်။ ပုံတွေက လှမှလှ။ ပုံပြင်တွေထဲက နဂါး ဂဠုန်တွေ။ နဝါး တစ်ကောင်က ပါးစပ်ထဲတွင် မီးလုံးကြီး ငုံထားသည့် ပုံမျိုး။ မီးငှက်ကြီး တစ်ကောင်က ဧရာမပုလဲလုံးကြီးကို သုတ်ပြီး ပျံနေပုံမျိုး။ ဂွမ်းကပ်တိုင်း၏ ခေါင်းရင်းပိုင်းတွင် တောက်တောက်ပပ ပိုးချည်ဖြင့် ရေးထိုးထားသည့် စကားလုံးက 'မမေ့နိုင်သောည' တဲ့။

မာနာ ဘယ်လိုမှ စိတ်မထိန်းနိုင်တော့။ ခေါင်းအုံးနှင့် ဂွမ်းကပ် ဆင်တူ တစ်စုံ ဝယ်လိုက်သည်။ ယွမ် လေးဆယ် ထွက်သွား၏။ လခ တစ်ဝက်သာသာ ချောသွားသည်။ သို့သော် စိတ်ထဲ ပျော်နေသည်။ အရောင်း စာရေးမလေးက မေးသည်။ 'ဆရာမ ဘယ်သူ့မင်္ဂလာဆောင်ကို လက်ဖွဲ့ဖို့လဲ' တဲ့။

'ဟာဘင်က သူငယ်ချင်းတစ်ယောက်အတွက်ပါကွယ်' ဟု ပြောကာ မျက်နှာတွေ ထူပူ ဖိန်းရှိန်းပြီး အထုပ်ကို ပိုက်ကာ ဆိုင်ထဲမှ ခပ်သုတ်သုတ် ထွက်လာခဲ့ရသည်။

အခန်းထဲမှာ ဘယ်သူမှ မရှိချိန်ဆိုလျှင် အိပ်ရာခင်းကို ခုတင်ပေါ် ဖြန့်ပြီး စိတ်ကူးယဉ်ရသည်မှာ အမော။ အိပ်မက်လှလှလေးတွေ မာနာ မက်နေပြီ။ အိပ်မက် မက်တိုင်း ပန်းပင်တွေ ပါသည်။ ရွှေငါးလေးတွေ ပါသည်။ နေကြာပန်းတွေ၊ ဖရဲသီးတွေ၊ ကြာပန်းတွေ၊ ဖားတွေ အမြဲတမ်း ပါသည်။ ဒါတွေဟာ လင်း၏ ခရီးပန်းတိုင်အတွက် အောင်မြင်မှု နိမိတ်ပုံတွေဟု မာနာ ယုံကြည်သည်။

ကိုယ့်ကိုယ့်ကိုယ် အရူးထနေမှန်း သတိရသည့်အခါတွင်တော့ မာနာ တစ်ယောက်တည်း ကြိတ်ရယ်နေတတ်သည်။ သို့သော် မျှော်လင့်ချက်များ ပေါ်သို့ လရောင်ဆမ်းနေသည်တော့ အမှန်။

သို့သော် လင်းတစ်ယောက် မနှစ်ကလိုပင် ခေါင်းငိုက်စိုက်ချပြီး ပြန်လာခဲ့ပြန်သည်။ သူ ကြိုးစားပါသည်တဲ့။ ယောက်ဖလုပ်သူ ဘင်ရှန်း တဖျက်ယဖျက်လုပ်လို့ အထမမြောက်ခဲ့ကြောင်း မျက်နှာငယ်ကလေးနှင့် မာနာ့ကို ပြောသည်။

ယောက်ဖလုပ်သူက တစ်ရွာလုံး ဝိုင်းကန့်ကွက်အောင် ဆေးရုံတွင် လင်း နောက်မိန်းမယူထားကြောင်းဖြင့် စည်းရုံးသည့်အခါ လင်းက ဆေးရုံမှ ပေးလိုက်သည့် ထောက်ခံစာကို ထုတ်ပြသည်။ ထိုအခါ ဘင်ရှန်း၏ တုန်ထုတ်လုပ်မှုတပ်ရင်းမှ ပါတီအတွင်းရေးမှူးက ဘာကြောင့် မြို့နယ်ပါတီ ခေါင်းဆောင်တွေက အပြစ်မဲ့သည့် မိန်းကလေးကို ကွာရှင်းဖို့ ဘာကြောင့် ထောက်ခံရတာလဲဟု ပြဿနာလုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘင်ရှန်းက မူကျီဆေးရုံသို့ လိုက်လာပြီး ပြဿနာရှာသည်။ ရန်စ တိုယ်တိုင် မိန်းမပြဿနာကင်းသူ မဟုတ်သဖြင့် ငယ်သည့်အမှု ကြီးကုန်မည် စိုးသဖြင့် ယောက်ဖနှင့် ပြေငြိမ်းလိုက်ရပြီး ရှုးယုနှင့် ကွာရှင်းရေး လက်လျှော့လိုက်ရတော့သည်။

မာနာ အသည်းကွဲရပြန်ပါပြီ။ သို့သော် ဘာကြောင့် ဘယ်လိုဖြစ်သွား သည်ကို နားမလည်နိုင်အောင် ဖြစ်နေဆဲ။ လင်းသည် ဘယ်တော့မှ လိမ်ပြောသူ မဟုတ်မှန်း မာနာ သိနေသည်။

လောလောဆယ် ကွာရှင်း ပြတ်စဲဖို့ မဖြစ်နိုင်သေးကြောင်း အကျိုးအကြောင်းနှင့် ရှင်းပြတော့ မာနာတစ်ယောက် အခြား အကျိုး သက်ရောက်မှုတွေကိုပါ မမျှော်လင့်ဘဲ သိရပြီး အံ့သြမဆုံး ဖြစ်ရပြန်သည်။

'ဒီနှစ်ကျရင် ရာထူး တိုးမြှင့်ရေးတွေ၊ အပြောင်းအရွှေ့တွေ ရှိတယ် မာနာ၊ ဘင်ရှန်းလာနှောက်ရင် အားလုံး ဒုက္ခရောက်ကုန်လိမ့်မယ်၊ အမှန်က သူကိုယ်တိုင်တောင် လာဖို့ မလိုဘူး၊ ပစ်စာတစ်စောင် လွှတ်လိုက်ရုံနဲ့ ကိုယ်တို့ရဲ့ အနာဂတ် ပျက်စီးသွားနိုင်တယ် မာနာ'

မာနာ ဘာမှ မပြောနိုင်တော့။ မာနာ့မျက်နှာ ဖြူဖပ်ဖြူရော် ဖြစ်သွားသည်။ ခုတလော အစည်းအဝေးတိုင်းတွင် နိုင်ငံရေးမှူးဇန်က နှစ်ကုန်လျှင် ရာထူးတိုးမည့် ကိစ္စတွေ တဖွဖွ ပြောနေသည် မဟုတ်လား။ လူတိုင်း သည်အခွင့်အရေးကို မျှော်နေကြသည်။ သည်သတင်းကို နားစွင့်နေ ကြသည်။

ဆေးရုံဝန်ထမ်းတွေ ရာထူးမတက်ခဲ့သည်မှာ ဆယ်နှစ်ရှိပြီ။ ငွေကြေး ဖောင်းပွမှုက တစ်ဖက်ဆိုတော့ အားလုံး ကျပ်တည်းနေကြသည်။ လင်းက သူ ဆုံးဖြတ်ချမမှားကြောင်း မာနာ့ကို နားဝင်အောင် ပြောနိုင်ခဲ့သည်။ တစ်နေ့နေ့မှာ ရှုးယုနှင့် ကွာရှင်းခွင့်ရမှာ ဖြစ်ကြောင်း၊ လောလောဆယ် ရှေ့တိုးလျှင် ဘင်ရှန်းက ပါးကိုက်နားကိုက် လုပ်မည့် အကြောင်း နှစ်ယောက်စလုံး သဘောပေါက်ကြသည်။

၁၉၇၀ ခုနှစ်တွင် လင်းရော၊ မာနာပါ အဆင့်တက်ခဲ့ကြသည်။ တစ်လ ကိုးယွမ် ပိုရကြ၏။ ရာထူးတက်သွားခြင်းအတွက် နှစ်ယောက်စလုံး ပျော်ပါ၏။ သို့သော် သူတို့နှစ်ယောက်က သူများတွေထက် ပိုရင်းလိုက်ရသည်။

၁

## အပိုင်း [ ၂ ]

### အခန်း [ ၁ ]

၁၉၇၂ ခုနှစ် ဆောင်းဦးပေါက်တွင် ညီဝမ်းကွဲ 'လိုင်မင်းထံမှ စာတစ်စောင် င်းဆီ ရောက်လာသည်။ လိုင်မင်းသည် ဝူဂျီယာတွင် ကြီးပြင်းခဲ့ပြီး င်းကဲ့သို့ပင် ရွာအလယ်တန်းကျောင်းမှ ခုနစ်တန်းအောင်ခဲ့သည်။ ခုတော့ ကျီနှင့် ကျောက်မီးသွေးမြို့ကလေးဖြစ်သည့် ဟောဂန်တွင် နေထိုင်လျက် ရှိသည်။ သူတို့နှစ်ယောက် အဆက်အသွယ်ပြတ်နေသည်မှာ ကြာပြီ။ ထို့ကြောင့် သူ့ဆီက စာရောက်လာတော့ လင်း အံ့သြသွားသည်။

ညီတော်မောင်က သူ့အတွက် ဆေးရုံမှ ဆရာမတစ်ယောက် ရှာပေးဖို့ မ်းပူဆာခြင်း ဖြစ်သည်။ သူ့မိန်းမဆုံးသွားတာ နှစ်နှစ်ရှိပြီ။ သူ့မှာ ကလေး ယောက်နှင့် ဒုက္ခရောက်နေရကြောင်း၊ လပေါင်းများစွာ ပူဆွေးသောက ရောက်နေရပြီး ခုတော့ နေသားကျသွားပြီး ဘဝကို ရှေ့ဆက်ဖို့ တာစူနေပြီ ကြောင်း၊ သည့်အတွက်ကြောင့် သူတို့ သားအဖအတွက် အိမ်ရှင်မ စ်ယောက် လိုလာပြီ ဖြစ်ကြောင်း၊ ဟိုဂန်တွင်တော့ [illegible]တိုင်းဘူ ရှာလို့ မတွေ့ကြောင်း၊ ထို့ကြောင့် နောင်တော်ကြီးအနေဖြင့် သင့်တော်

www.burmeseclassic.com

www.burmeseclassic.com



မည့် မိန်းကလေးတစ်ယောက်ယောက် ရှာပေးစေလိုကြောင်းများ ရေးလာသည်။

လိုင်မင်းသည် ခေတ်ပညာတတ် လူလတ်ပိုင်းတစ်ယောက် ဖြစ်သည်။ လင်းနှင့် မာနာတို့၏ မထွေးနိုင် မမျိုနိုင် အခြေအနေကို ရှင်းဖို့ မျှော်လင့်ချက် ရောင်ခြည် သမ်းလာသည်။ ပြီးခဲ့သည့် နွေက ရှာပြန်တော့ ကွာရှင်းဖို့ တိစ္စ ထပ်ပြောသည့်အခါ ရှုံးယု သဘောတူသဖြင့် လင်း အံ့သြရသေးသည်။ သို့သော် ဝူဂျီယာတရားရုံးသို့ ရောက်သည့်အခါ တရားသူကြီးရှေ့တွင် မျက်ရည်ဖြိုင်ဖြိုင်ကျကာ စိတ်ပြောင်းသွားပြန်သည်။ ထိုအခါ လင်းကောင်း တစ်ယောက် အရှက်တကွဲ အကျိုးနည်း ဖြစ်ရပြန်သည်။ တရားသူကြီးက 'အရှက်မရှိတဲ့လူ' ဟူသည့် စကားလုံးကို သုံးပြီး သူ့ကို နှိပ်နှိပ်နယ်နယ် ပြောလွှတ်လိုက်သည်။

ဆေးရုံ ပြန်ရောက်တော့ တရားရုံးက ပယ်ချလိုက်ပြန်ကြောင်း မာနာ့ကို ပြောပြလိုက်သည်။ မာနာ စိတ်ဓာတ်အကျကြီး ကျသွားသည်။ သူ့အားထုတ်မှုကိုလည်း သံသယ ဖြစ်လာသည်။ မာနာက ရှင်းရှင်း အဖြူအမည်း ခွဲခွဲခြားခြား သိချင်လှပြီ။ သို့သော် တစ်ခါမျှ ရှင်းရှင်းလင်းလင်း အဖြေ မရ။ နောက်နှစ်ကျရင် ဖြစ်မှာဆိုပြီး နောက်နှစ်တွေ များလာခဲ့ပြီ။

လင်းကလည်း ပင်ပန်းလှပြီ။ စိတ်ဓာတ်ကျကျနှင့် ဝတ္ထုတွေချည်း လိုမ့်ဖတ်နေသည်။ ကြာတော့ မျက်စိက ဒဏ်မခံနိုင်တော့ဘဲ အဝေးမှုန်လာသည်။ မျက်မှန်က ထူသထက် ထူလာသည်။ လူက စကားနည်းသည်ထက် နည်းလာပြီး အရင်ပုံစံ ပြန်ဖြစ်လာသည်။ မာနာက သူနှင့် ပြောင်းပြန် လူတကာနှင့် စကားများပြီး ရန်လိုလာသည်။ သူ့လက်အောက်က ဆရာမကလေးများကိုလည်း သေလုအောင် ခိုင်းသည်။

ညနေ လင်းနှင့် လမ်းလျှောက်လို့ လင်းက အသိအကျွမ်းများနှင့် စကား ရပ်ပြောလျှင် မာနာက ခပ်ဝေးဝေးပင် သွားရပ်စောင့်နေတတ်သည်။ ထိုအခါ ကွယ်ရာတွင် 'ပုံစကျ အမျိုကြီး' ဟု လူတွေက ပြောလာကြသည်။ မာနာ့ အပြောင်းအလဲကို လင်းသတိထားမိသည်။ သို့သော် သူ လုပ်ပေးနိုင်တာ ဘာမျှမရှိ။ ဒီနှစ်နွေ ကွာရှင်းရအောင် လုပ်ဖို့ တစ်နည်းသာ ရှိသည်။ ဒါကလည်း မရေရာ။

ညီတော်မောင့် စာရတော့ မာနာ့အတွက် စိတ်ငြိမ်ဆေးတစ်မျိုး ဖြစ်နိုင်ကောင်းရဲ့ဟု လင်း စဉ်းစားမိခြင်းဖြစ်သည်။ သည်မြို့မှာ၊ သည်ဆေးရုံ



မှာသာ သူတို့နှစ်ယောက်အကြောင်း လူတွေ သိကြတာ။ တခြားမြို့မှာ မာနာ့ကို သိသူ မရှိနိုင်။ ဒီတော့ သူ ဘဝသစ်တစ်ခု စနိုင်ပြီပေါ့။ မိမိနှင့်က မသေမချာ မရေမရာ။ ရှုံးယုနှင့် ကွာရှင်းဖို့ တစ်သက်လုံးလည်း ဖြစ်ချင်မှ ဖြစ်မည်။

သူ့ကိုယ်သူ ပြန်မေးမိပြန်သည်။

မင်း တကယ် သူ့ကို စွန့်နိုင်လို့လား။

သည်မေးခွန်းကြောင့် လင်း ရင်တွေ ခုန်လာသည်။ မာနာနှင့် တော်သက်၍ ဟိုတုန်းကလို လင်း ရင်မခုန်တော့ပေမယ့် တစ်နေ့မှာ လက်ထပ်ဖြစ်နိုင်ကောင်းပါရဲ့ ဟူသည့် မျှော်လင့်ချက်ငွေ့ငွေ့ကလေးတော့ ရှိနေခဲ့သည်။

မာနာသည် လင်း၏ ချစ်သူဖြစ်သည်။ သူ့ရင်ထဲသို့ ပထမဆုံး အနက်အရှိုင်းရောက်ဖူးသည့် မိန်းကလေးဖြစ်သည်။ သူ့ကို စွန့်လွှတ်နိုင်ပါ့မလား။ ညီတော်မောင်နှင့် အောင်သွယ်တော်လုပ်ပေးပြီး သူတို့ လက်ထပ်ဖြစ်လျှင်ကော ဘယ်လို မျက်နှာထားရမှာလဲ။ သူ့ကို ဆုံးပြီးလျှင် မာနာ့လို မိန်းကလေး နောက်ထပ် တွေ့နိုင်ပါဦးမလား။

သည်အတွေးများက သူ့အား နှိပ်စက်နေကြသည်။ သို့သော် ဆုံးဖြတ်ချက် ချလိုက်၏။ မာနာ့အတွက် အနစ်နာခံရမည်။ မိမိထက် ပိုပြီး စောင့်ရှောက်နိုင်မည့် ယောက်ျားတစ်ယောက်ကို မာနာ ရသင့်သည် မဟုတ်လား။ ဆေးရုံ ပတ်ဝန်းကျင်မှာရော၊ ပါတီခေါင်းဆောင်များ၏ အမြင်မှာပါ တရားဝင် ဖြစ်သမျှ ကာလပတ်လုံး သည်အတိုင်း စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ နေသွားရမှာနှင့် စာလျှင် ဘဝသစ်တစ်ခု တည်ဆောက်ခြင်းက မာနာ့ အတွက် ပို၍ အဓိပ္ပာယ်ရှိသည်ပေါ့။ သံယောဇဉ်နှောင်ကြိုးတွေကို လင်း ဖြေလျှော့ပေးလိုက်တော့မည်။

တစ်ညနေ လမ်းလျှောက်ရင်း လင်း စကားစသည်။

'ဆရာပြောတာ သေသေချာချာ နားထောင်နော် မာနာ၊ မင်း စိတ်ဆင်းရဲအောင် ဆရာ ပြောတာ မဟုတ်ဘူး၊ ယောက်ျားတစ်ယောက်နဲ့ မင်း တွေ့သင့်ပြီ ထင်တာပဲ'

မာနာ မျက်နှာငံ့ထားသည်။

'မာနာ့ကို ဆရာ စိတ်ကုန်နေမှန်း သိပါတယ်၊ ဒါပေမဲ့ ဒီအကြောင်း နောက်ထပ် မပြောပါနဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဒီတစ်ခါ ကိုယ်အလေးအနက် ပြောတာပါ မာနာ'

'ခါတိုင်းက အလေးအနက်ပြောတာ မဟုတ်ဘူးပေါ့'

'မာနာကလဲကွာ၊ မင်းကို ဆရာ ဘယ်လောက် အလေးအနက်ထားတယ် ဆိုတာ မင်းသိပါတယ်၊ ဒါပေမဲ့ လက်ထပ်ဖို့က. . . '

'ကိစ္စမရှိဘူးလေ၊ မာနာ စောင့်ပါမယ်'

'ဘယ်လောက်ကြာကြာ မင်းစောင့်နိုင်မှာလဲ မာနာရယ်'

'ကိစ္စမရှိဘူး၊ ဘယ်လောက်ကြာကြာ'

'မာနာရယ်၊ ဆရာပြောတာ တဆိတ် နားထောင်ပါဦးကွာ'

မာနာက ရပ်ပြီး လင်း၏ မျက်နှာကို စေ့စေ့ကြည့်သည်။ သူတို့ အနားတွင် ခြင်တွေ ဝဲနေသည်။ ဝင်လုလု နေဝန်းကြီးဆီမှ ရွှေရောင်တန်းသည် လေအဝှေ့တွင် တဖျပ်ဖျပ်လှုပ်နေသည့် ထင်းရှူးရွက်တွေပေါ်သို့ ဖြာကျနေသည်။ သံဆန်ခါ ကာထားသည့် ခွေးအိမ်ထဲတွင် ခွေးတစ်ကောင် အော်ဟစ် သောင်းကျန်းနေသည်။ ခွေးလှောင်အိမ်ရှေ့တွင် ကလေးတစ်သိုက် ဘောလုံး ကန်နေကြ၏။

လင်း စကားဆက်သည်။

'သိပ်မကြာသေးဘူး၊ ညီဝမ်းကွဲတစ်ယောက်ဆီကစာ တစ်စောင်ရ တယ်၊ သူက ဆရာ့ကို မိန်းမရှာပေးဖို့ အကူအညီတောင်းတယ်၊ ဆေးရုံအသိုင်း အဝိုင်းက ဆရာမတစ်ယောက် လိုချင်ပါတယ်တဲ့၊ ဆရာ မင်းကို အတင်း မတိုက်တွန်းပါဘူး၊ ဆရာ့စိတ်ထဲမှာ မင်း တစ်မြို့တစ်ရွာ ပြောင်းပြီး သင့်တော် တဲ့ ခင်ပွန်းကောင်းတစ်ယောက်နဲ့ တွေ့သင့်တယ် ထင်လို့ပါ၊ မင်းနဲ့ ဆရာ့ အကြောင်း မသိတဲ့ မြို့တစ်မြို့ပေါ့၊ သူက အရာရှိတစ်ယောက်တော့ မဟုတ်ဘူး'

သူက သက်ပြင်းမချမိအောင် အောင့်ထားပြီး နားလိုက်သည်။

မာနာက နှုတ်ခမ်းကို မဲ့ပြီး

'အဲဒါမျိုး စဉ်းစားတာ အခါတစ်ရာတောင် မကတော့ဘူး မလွယ်ပါဘူး'

'ဘယ်လို စဉ်းစားတာလဲ'

သူ့ပြောစကားကြောင့် လင်း အံ့သြသွားသည်။ ပြော် သူက ငါ့ကို ထားသွားဖို့ စဉ်းစားပြီးပြီကိုး။



'အဲဒီလို လူတစ်ယောက်ကို လက်ထပ်ရင် မာနာ အလုပ်ထွက်ရမှာပေါ့ အလုပ်က မထွက်ချင်ဘူး၊ ယောကျ်ားယူပြီး တစ်ခြားစီနေရတဲ့ ဘဝမျိုးလည်း မလိုချင်ပါဘူး'

'အဲဒီလူက မူကြိုကို ပြောင်းလာမယ် ဆိုရင်ကော'

'ဆရာနဲ့ တစ်မြို့တည်းမှာ နေပြီး မာနာက တခြား ယောကျ်ား တစ်ယောက်နဲ့ နေရမယ် ဟုတ်လား၊ ဒီမျက်နှာတွေကို ဆရာ ဘယ်လို ကြည့်မှာလဲ၊ မာနာတို့အကြောင်း အဲဒီယောကျ်ား ကြားသွားရင်ကော ဘယ်လို အိမ်ထောင်မျိုးဖြစ်သွားမလဲ၊ သေချင်တယ်. . . မာနာ သေချင်တယ်'

လင်း တအံ့တသြ ဖြစ်သွားပြန်သည်။ မာနာ့ဘက်တွင် ဒီလို အရှုပ်အထွေးတွေ ဖြစ်လာနိုင်မည်ဟု ဘယ်တုန်းကမှ မစဉ်းစားခဲ့မိ။ အကြာကြီး နေပြီးမှ လင်း စကားဆက်နိုင်သည်။

'ကဲကွာ သိပ်လည်း စိတ်ပူမနေပါနဲ့၊ ကိုယ်ပြောတာတွေလည်း ခေါင်းထဲ မထားနဲ့တော့၊ မင်းဘာသာမင်း ကောင်းသလိုသာ စီစဉ်တော့'

'မာနာ ဘာလုပ်ရမလဲဟင်'

'တခြား မြို့တစ်မြို့က ယောကျ်ားတစ်ယောက်ယောက်နဲ့ မင်းတွေ့ဖို့ ကောင်းတာပေါ့'

'ဘယ်မြို့ကလဲ'

'ဘယ်မြို့ဖြစ်ဖြစ်ပေါ့၊ ဥပမာ ဆရာ့ညီတော်မောင် လိုင်မင်း၊ သူက ဆီဂန်မှာ နေတယ်လေ၊ မင်း သူနဲ့ တွေ့ကြည့်ပါလား။ သိပ်လောဖို့ မလိုပါဘူး တစ်ယောက်နဲ့ တစ်ယောက် အကဲခတ်ကြပေါ့၊ ဘယ်လို အခက်အခဲမျိုးဖြစ်ဖြစ် ထွက်ပေါက်ဆိုတာ ရှိစမြဲပါ'

မာနာ ခေါင်းထောင်လာသည်။ သိရခက်သော အပြုံးဖြင့်

'ကောင်းပြီလေ၊ ဆရာ့ညီအကြောင်း ပြောပြပါဦး'

လိုင်းမင်းအကြောင်း လင်း စပြောသည်။

'သူ့အသက်က သုံးဆယ့်ရှစ်နှစ်၊ အလယ်တန်းပြ ဆရာတစ်ယောက် အလုပ်က ငါးပေ ဆယ်လက်မ၊ ကျန်းမာရေးကောင်းတယ်၊ ထက်မြက်တယ် ...သွားတယ်၊ မိန်းမဆုံးသွားတော့ ကလေးသုံးယောက်နဲ့ ကျန်ခဲ့တယ်'

လင်းက လိုင်းမင်း၏ စာကို ကမ်းပေးရင်း

'မာနာ ဖတ်ကြည့်လေ၊ ပြီးတော့ အေးအေးဆေးဆေး စဉ်းစားပေါ့ ကိုယ့်ဘက်က လိုတာ ကူညီဖို့ အသင့်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ စာအိတ်ကို လက်ညှိုးထိုးပြီး ဆက်သေးသည်။

'ကြည့်စမ်း၊ သူ့လက်ရေး ဘယ်လောက်လှသလဲ'

'ဟုတ်တယ်၊ ခေတ်ပညာတတ် လက်ရေးမှန်း သိသာပါတယ်'

'ဖတ်ပြီးရင် ဘယ်လို သဘောရတယ်ဆိုတာ ကိုယ့်ကို ပြောလေ'

'ကောင်းပါပြီတဲ့ရှင်'

၀

နောက်တစ်ပတ် ကြာတော့ လမ်းလျှောက်ကြရင်း မာနာက သူ့သဘောထားကို ပြောပြသည်။

'သူ့မှာ ကလေးတွေရှိတာ ပြဿနာမဟုတ်ပါဘူး၊ မာနာက ကလေးချစ်တတ်တယ်လေ၊ လူချင်းဆုံပြီး စကားပြောကြည့်သေးတာပေါ့'

ဒီလိုကျပြန်တော့ လင်း၏ လေသံက တစ်မျိုး။

'ကိုယ့်ကတိအတိုင်း ကိုယ် အကူအညီပေးမှာပါ၊ သိပ်လည်း ပုံသေကားချပ်ကြီး တွက်မထားနဲ့ပေါ့၊ လိုင်မင်းကို တွေ့ရင် မင်းကြိုက်တဲ့ ပုံစံမျိုး ဖြစ်ချင်မှလည်း ဖြစ်မယ်'

လင်းက ညတွင်းချင်း စာရေးပြီး လိုင်မင်းဆီ ပို့လိုက်သည်။ မာနာသည် ရိုးသားဖြူစင်သည့် မိန်းကလေးဖြစ်ကြောင်း၊ မိဘနှစ်ပါး မရှိတော့ဘဲ တစ်ကိုယ်တည်း အပျိုကြီးဘ၀နှင့် နေနေသူဖြစ်ကြောင်း၊ အလုပ် ကြိုးစားပြီး စာရိတ္တမဏ္ဍိုင် ခိုင်ခံ့သူဖြစ်ကြောင်း၊ ဘယ်ယောကျ်ားနှင့်မှ မပတ်သက်ခဲ့ဖူးသည့် ပြစ်မျိုးမဲ့မထင် မိန်းကလေးမျိုးဖြစ်ကြောင်း စသည် စသည့် . . . ။

နောက်နှစ်ပတ်ကြာတော့ လိုင်မင်းဆီမှ စာပြန်လာသည်။ သစ်တွင်းပန်းချီသင်တန်း တက်စရာရှိ၍ မူကျီသို့ လာခဲ့မည်ဖြစ်ကြောင်း၊ မာနာနှင့်တွေ့ဖို့ စီစဉ်ပေးသည့်အတွက် နောင်တော်အား ကျေးဇူးတင်ကြောင်း ရေးပါသည်။

ဤသို့ဖြင့် ဇွန်လတွင် သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးဖို့ လင်း စီစဉ်ရလေတော့သည်။

၀

## အခန်း [ ၂ ]

လိုင်မင်း ရောက်လာကြောင်း၊ ဂိတ်မှ အကြောင်းကြားတော့ လင်း သွားကြိုသည်။ ခဏ လက်ဆွဲ နှုတ်ဆက်ကြပြီး နှစ်ယောက်သား ဆေးရုံဘက်သို့ ပြန်လျှောက်လာခဲ့ကြသည်။

လင်းက ညီတော်မောင်ကို စမေးသည်။

'လမ်းခရီးက အဆင်ပြေရဲ့လား'

'ဟုတ်ကဲ့ ပြေပါတယ်၊ ဒါပေမဲ့ ရထားက လူအရမ်းကျပ်တာပဲ'

'မင်းမြို့ထဲမှာ တည်းဖို့ နေရာရှိသလား'

'ဟုတ်ကဲ့ ပန်းချီ ပန်းပုကျောင်းမှာ တည်းမယ်လေ'

လမ်းလျှောက်ရင်း တစ်ယောက် တစ်ယောက် မကြာ မကြာ ကြည့်မိကြသည်။ လိုင်းမင်း၏ အပြုံးကို မြင်တော့ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်က ဆန်ကူးမြစ်ထဲမှာ ရေကူးခဲ့ကြသည့် အကြောင်းတွေ ပြန်ပေါ်လာသည်။ လိုင်မင်းက ဖျံတစ်ကောင်လို ရေကူးတတ်သည်။ ရေပေါ်တွင် အကြာကြီး ကိုယ်ဖော့ပြီး အိပ်နိုင်သည်။ လင်းကတော့ ရေကူးတောင်အနိုင်နိုင်။ အင်း နှစ်ဆယ့်ငါးနှစ်ဆိုတဲ့ ကာလဟာ တစ်စိတ်တစ်ချက်လောက် သာပါပဲလား။ အိပ်မက်တစ်ခုလိုပဲ။ ညီတော်မောင်ကို ကြည့်ပြီး လင်း မယုံနိုင်အောင် ဖြစ်နေသည်။ သူ လူလတ်ပိုင်းထဲရောက်နေပြီတော။

www.burmeseclassic.com

www.burmeseclassic.com



'မြို့လေးက လှတယ်နော် အစ်ကို၊ ရှင်းသန့်နေတာပဲ'

သင်းက ပြုံးပြီး နားထောင်နေသည်။ အင်း၊ သူနေတဲ့ မြို့က တောင်ကမ်းသွေးမြို့ကိုး။

လင်းက သူ့ကို အဆောင် ခေါ်သွားသည်။ ဂျင်နီယန်းက သူ့ကောင်မလေးနှင့် ကြော်လော့် ချက်ပြုတ်နေသည်။ သို့ဖြင့် အသာ ပြန်လာခဲ့ပြီး မာနာ့ဆီတန်း ခေါ်သွားရတော့သည်။ မာနာက ညနေပိုင်း တာဝန် ကျနေသည်။

လိုင်မင်း ကြည့်ရသည်မှာ အတော် ပင်ပန်းနေပုံ။ အခန်းမှာ ခဏတဖြုတ် နားခိုင်းဖို့ အစီအစဉ် ပျက်သွားသည့်အတွက် လင်း စိတ်မကောင်းဖြစ်နေသည်။ အဆောင်မှာဆိုလျှင် သူတို့ လွတ်လွတ်လပ်လပ် စကားပြောရမည် မဟုတ်။ အများ ပြောစရာမဖြစ်အောင် မိမိက အနားမှာ နေပေးရလိမ့်မည်။

မာနာ့ကို သူ့အခန်းတွင် တွေ့ရသည်။ အခန်းထဲတွင် သူ့အခန်းဖော် တစ်ယောက်က အိပ်နေဆဲ။ သုံးယောက် စကားပြောဖို့ နေရာရှာရင်း ထွက်လာခဲ့ကြသည်။ အအေးဆိုင်တစ်ဆိုင်ရှေ့မှ အရိပ်ကောင်းကောင်း ခုံတန်းကလေးတွင် ထိုင်လိုက်သည်။

လင်းက အအေးသုံးပုလင်းဝယ်ပြီး တစ်လုံးစီ သောက်ရင်း သူတို့ နှစ်ယောက်ကို မိတ်ဆက်ပေးလိုက်သည်။ လေထဲတွင် ပရုပ်နံ့သင်းနေ၏။ ပျားအော်သံတွေ တဝီဝီ ကြားနေရသည်။ စပျစ်ပင်များ ကြားမှ နေရောင်ခြည် ဖြာကျနေသည်။ ဆရာဝန်တွေ ဖြတ်သွားနေကြ၏။ လက်ထဲတွင် အချို့က သတင်းစာခေါက်တွေ ကိုင်လျက်။ အချို့က နားကြပ်တွေ အိတ်ထဲ ထည့်လျက်။ ဆရာမလေးနှစ်ယောက်က အောက်စီဂျင်ဘူး နှစ်ဘူးကို လှည်းနှင့် တင်တွန်းလာသည်။ သူတို့ကို ကွက်ကြည့် ကွက်ကြည့်လုပ်ပြီး တခစ်ခစ် ရယ်သွား၏။

လိုင်မင်းက သစ်ထွင်း ပန်းချီသင်တန်းကို ပြီးအောင် မတက်နိုင်ဘဲ သမီးကလေး နေမကောင်းသဖြင့် သန်ဘက်ခါ ပြန်ရမည် ဖြစ်ကြောင်း စိတ်ပျက်လက်ပျက်နှင့် ပြောပြသည်။ ညနေကျလျှင် အိမ်ပြန် ဖုန်းဆက်ပြီး အခြေအနေ မေးရဦးမည်တဲ့။

သူ ငါ့ကို တွေ့ဖို့ သက်သက်လာခဲ့တာပဲဟု မာနာ သဘောပေါက် လိုက်သည်။



သူ့အရပ် ငါးပေ ဆယ်လက်မရှိပါ့မလားဟု မာနာ သံသယဖြစ်နေ သည်။ သူ့အသက်ထက် အပုံကြီး ပို၍ အိုစာနေ၏။ အရိုးပေါ် အရေတင်နေ သည့် ပုံမျိုး။ ဆံပင်ကို အလယ်မှ နဘေးသို့ ခွဲချထားသဖြင့် နဖူးပြောင်ပြောင်တ ပို၍ မောက်နေသည် ထင်ရ၏။ မျက်တွင်းဟောက်ပက်ပေါ်မှ မျက်ခုံးမွေးကြီး က ခူယားကြီးတစ်ကောင် ကပ်နေသည့်နှယ်။ နှာခေါင်းအစွန်က နှုတ်သီးလို ကောက်နေပြီး အောက်နှုတ်ခမ်းက အတွင်းဝင်တာ အပေါ်နှုတ်ခမ်းက ရှေ့ငေါ်ထွက်နေသည်။ စကားပြောလျှင် ဇက်ကြောတက်နေသလို တစ်ဖက် သို့ စောင်းစောင်းသွားသည်။

'ဒီစပျစ်က ဘာမျိုးပါလိမ့်'

ပြောပြီး လိုင်မင်းက စပျစ်သီးတစ်လုံးခူးပြီး မြည်းကြည့်သည်။

'မပြောတတ်ဘူး' ဟု လင်းက ဖြေသည်။

သူ့လေသံက တိုတိုတောင်းတောင်း။ မာနာ အံ့ဩသွားသည်။ စောစောကလေးက အဆောင် ရောက်လာတုန်းမှာ သူ ရွှင်ရွှင်ပျပျပါ။ ဘယ်လိုကြောင့် မျက်နှာ ချက်ချင်း ညှိုးသွားတာပါလိမ့်။

ညှိုသည်ကို မာနာက အလိုက်အထိုက် ဝင်ပြောရတော့သည်။

'ဘာအမျိုးလဲ ကျွန်မလည်း မသိဘူးရှင့်'

လိုင်မင်းက စပျစ်သီးတစ်လုံး ပါးစပ်ထဲထည့်ပြီး ဝါးသည်။

ခဏနေတော့ 'ဟာ ချဉ်လိုက်တာ' အော်ပြီး မြေကြီးပေါ်ကို ထွေးချပစ် လိုက်တယ်။

'ကျွန်တော့်ခြံထဲမှာ စပျစ်တွေ အများကြီး စိုက်ထားတယ်'

မာနာက

'ဟုတ်လား၊ အမျိုးကောင်းတွေလား၊ ချိုမှာပေါ့နော်'

'ချိုလည်း ချိုတယ်၊ အသီးလည်း ထွားတယ်'

လင်းက မျက်မှောင်ကြုတ်နေသည်။ သည်တော့ မာနာကပင် စကား ဆက်ရသည်။

'ဘယ်လို အမျိုးတွေလဲဟင်'

'ဆိတ်နို့လို့ခေါ်တဲ့ မျိုးနဲ့ နှင်းဆီပွင့်စိတ်မျိုး စပ်ထားတာပါ၊ ဒီနှစ်မှ ပြန်သီးတာ၊ မနှစ်က စင်တွေ ထပ်ဆောက်ပေးရတယ်၊ အမြစ်မှာ ဘိုရွှောန် အသေတွေ မြှုပ်ပေးတယ်၊ အဲဒီတော့ ဟုန်းခနဲ ပြန်တက်လာတာ'

'ဘာကောင်တွေ မြှုပ်တာလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'စုံလို့ပဲ၊ ကြက်သေ၊ ဘဲသေတွေပေါ့၊ အိမ်နီးနားချင်းရဲ့ ခွေးရူး တစ်ကောင် ဝိုင်းသတ်လိုက်ကြလို့၊ အဲ. . . ခွေးရူးသေတစ်ကောင်လည်းပါရဲ့'

လိုင်မင်းက အစ်ကိုလုပ်သူဘက် လှည့်ပြီး

'အစ်ကို၊ ခွေးရူးကို မြှုပ်တာ၊ သင့်တော်ပါ့မလား။ အသီးကို ဒုက္ခပေးနိုင်သလား၊ ဆေးပညာသဘောကို မေးတာပါ'

'ငါ ဘယ်သိမလဲကွ၊ တိရစ္ဆာန်ဆရာဝန်မှ မဟုတ်တာ' ပြောပြီးမှ သူ့ကိုယ်သူ ပြန်သတိရပြီး ဆက်ပြောသည်။

'ရိုးရိုး တွေးကြည့်ရင်တော့ ပြဿနာ မရှိနိုင်ပါဘူး'

လိုင်မင်း စပျစ်ပင်တွေအကြောင်း ပြောနေပုံကို နားထောင်ရင်း မာနာ နားမလည်နိုင်အောင် ဖြစ်နေသည်။ သူဟာ ဝန်ထမ်းတစ်ယောက်ဖြစ်ပြီး မွေးမြူရေးလည်း လုပ်သည်။ စပျစ်လည်း စိုက်သည်။ သူ့အကြောင်း နားလည်ရ ခက်နေသည်။

ဆေးရုံဝန်းကျင်သည် အေးအေးဆေးဆေး ဆွေးနွေးလို့ ကောင်းသည့် နေရာ မဟုတ်သဖြင့် သူတို့နှစ်ယောက်မြို့ထဲ တစ်နေရာတွင် ဆုံပြီး စကားပြောကြဖို့ ကောင်းကြောင်း လင်းက အကြံပေးသည်။ ပန်းခြံမှာ ဆုံပြီး ဆဂူးမြစ်ဘက် လမ်းလျှောက်ရင်း စကားပြောဖို့ ချိန်းလိုက်ကြသည်။

၀

ပန်းခြံမှာ ၁၉၄၆ ခုနှစ်က မန်ချူးရီးယားစစ်မြေပြင်တွင် ကျဆုံးခဲ့ရသည့် ရုရှားစစ်သည်တော်များအတွက် တည်ဆောက်ထားသည့် အောက်မေ့ဖွယ် ပန်းခြံဖြစ်သည်။ ဂိတ်ဝတွင် စစ်ဝတ်တန်ဆာအပြည့်အစုံနှင့် ရုရှားစစ်သား ကြေးရုပ်ကြီးတစ်ရုပ် ထုထားသည်။ လက်ထဲမှ စစ်သေနတ်ကတော့ ကျိုးပဲ့နေပြီ။ တပ်နီလူငယ်များ၏ လက်ချက် ဖြစ်၏။ ဦးထုပ် မရှိတော့။ သို့သော် ခုတော့ ငြမ်းတွေဆင်ပြီး ပြန်ပြင်နေကြသည်။ သို့သော် ကြေးရုပ်ရှေ့မှ ဆိုင်းဘုတ်ကတော့ ဖတ်လို့ ရနေသေးသည်။ 'ရုရှား ကျူးကျော်ရေးသမားများ ကျဆုံးပါစေ' စာလုံးတွေကို ဖျက်ထားသော်လည်း ဖျက်ရာတွေက ဖတ်လို့ရခြင်း ဖြစ်၏။

ပန်းခြံထဲက ရေကန်နံဘေးကို မာနာ ဆယ်နာရီတွင် ရောက်သည်။ ရေကန်ပေါ်သို့ မိုးမခပင်များ ငိုက်ယွန်းနေ၏။ တက္ကသိုလ်ကျောင်းသားများ ဖြစ်ဟန်တူသော လူငယ်လေးနှစ်ယောက် လှေကလေး တစ်စင်းကို လျှောက်လှော်နေသည်။ လှေနံမှ 'ဥက္ကဋ္ဌကြီး သက်တော်ရာကျော်ရှည်ပါစေ'



ဟူသည့် အနီရောင်စာတန်းတွင် 'မော်' ဟူသည့် စာလုံးကို ဖျက်ထားသည်။ ဝမ်းဘဲနှစ်ကောင်နှင့် ငန်းတစ်အုပ် ကန်စပ်တွင် ရေကူးနေကြ၏။ မာနာက အဝါရောင်ရှပ်အင်္ကျီနှင့် စစ်ရောင်စကတ်ကို ဝတ်လာသဖြင့် နုပျိုနေသည်။ အချိုးကျသည့် ခန္ဓာကိုယ် ကောက်ကြောင်းများ ပို၍ ပေါ်လွင်နေသည်။ လမ်းလျှောက်လာရသဖြင့် ချွေးကလေး စို့နေသည်။ မိုးမခ အရိပ်က အေးမြသဖြင့် တော်ပါသေးသည်။

ရည်းစားဦး မိုင်ဒေါင်းကို သွားသတိရလိုက်သည်။ သည်နေရာကလေးက သူနှင့် စချိန်းသည့် နေရာလေး။ အချိန်ကုန်ပုံကလည်း မြန်လိုက်တာ။ ပန်းခြံမှာ လုံးဝ ပြောင်းလဲနေပြီ။ တိရစ္ဆာန်ရုံနှင့် ပိုတူလာသည်။ အကောင်ဘလောင်မျိုးစုံကို သံလှောင်အိမ်မျိုးစုံနဲ့ နေရာအနှံ့အပြားမှာ တွေ့ရသည်။ ကန်၏ ဟိုမှာဘက်ကမ်းတွင်လည်း အဆောက်အအုံတွေ တန်းစီလျက်။

သည်နေရာတိုင်းက သူနှင့် နှစ်ယောက်သား ရေဘဲတွေကို ပေါက်ပေါက်လှော်တွေ ကျွေးခဲ့ကြသည်လေ။ ရင်ထဲတွင် မဆိုသလောက် နာကျင်သွားသေး၏။ သူ ဘယ်ရောက်နေပါလိမ့်။ နှလုံးသား မရှိသည့် အလကား လူစားမျိုး။ သူ့ညီမဝမ်းကွဲကို သူ တကယ်ချစ်ရဲ့လား။ ရှန်ဟဲမှာပဲလား။ သူ ငါ့ကို သတိမှ ရသေးရဲ့လား။

လိုင်မင်း၏ အသံကြောင့် မာနာ အတွေးရပ်သွားသည်။

'ရဲဘော် မာနာဝူး၊ ရောက်နေပြီကိုး'

စာအိတ်ညိုကြီးတစ်လုံးကို ချိုင်းကြားတွင် ညှပ်ပြီး ခပ်လှမ်းလှမ်းမှ လက်ပြရင်း သူက လှမ်းပြောသည်။

မာနာကလည်း ထိုင်လျက်မှ လက်ပြန်ပြလိုက်၏။

သူက လျှောက်လာပြီး မာနာနှင့် လက်ဆွဲ နှုတ်ဆက်သည်။

မာနာက စမေးလိုက်သည်။

'ကလေး ဘယ်လိုနေသေးလဲ'

'သက်သာသွားပါပြီ၊ မနေ့က ဆေးရုံက ပြန်ခဲ့ပါပြီ၊ ကျွန်တော့် ခယ်မ တစ်ယောက် အိမ်ကို လာနေပေးတယ်လေ၊ အားလုံး ကောင်းသွားပါပြီလို့ ဆေးရုံက ပြောလိုက်တယ်တဲ့'

'အင်း ဝမ်းသာစရာပေါ့၊ သူက အကြီးဆုံးလား'

'ဟင့်အင်း၊ သူက အငယ်ဆုံး၊ သူ့အထက်မှာ ယောက်ျားလေး နှစ်ယောက်ရှိတယ်၊ အကြီးကောင်က ဆယ့်တစ်နှစ်၊ အငယ်က ကိုးနှစ် အဲဒီ အငယ်ဆုံးက ခုနစ်နှစ်'

www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ဖို့ သူတို့ ထွက်ခဲ့ကြသည်။ လိုင်မင်းက ခြုံဟပ်ပြီး ရေကန်ထဲသို့ ငေးထည့်လိုက်သည်။ နှစ်ပေလောက်ရှိသည့် ငါးကြင်းတစ်ကောင် အပြေးရောက်လာပြီး သလိပ်တုံးကို ချက်ချင်း ဟပ်သွားသည်။ လင်းနှင့် လုံးဝမတူသည့် အချက်ကို မာနာ မှတ်ထားလိုက်သည်။

ကန်ကို လက်ယာရစ်ပတ်ပြီး သူတို့ လျှောက်လာကြသည်။ လင်းဆီမှ မာနာ့အကြောင်းတွေ အများကြီး သိထားပြီးဖြစ်ကြောင်း သူ စပြောသည်။ မာနာ့ဘဝနဲ့ မာနာ့အလုပ်ကို သူလေးစားပါတယ်တဲ့။ ပြီးတော့ သူ့အကြောင်းတွေ ဆက်ပြောသည်။ ၁၉၆၀ ခုနှစ်မှာ ဟာဘင်ဆရာဖြစ်သင်မှ အနုပန်းချီဘာသာရပ်ဖြင့် ဆင်းခဲ့ကြောင်း။ သူ့ကို ယဉ်ကျေးမှုတော်လှန်ရေးက ဒုက္ခမပေးသဖြင့် အနေချောင်ခဲ့ကြောင်း၊ မနှစ်က မိန်းမ ဆုံးသွားမှ သူ့ဘဝ မတည်မငြိမ် ဖြစ်သွားရကြောင်း၊ သူတို့ လင်မယားကို အတွဲညီသဖြင့် ဟသ်ာမောင်နှံဟု အပေါင်းအသင်းများက ခေါ်ကြကြောင်း၊ ဘယ်တုန်းကမှ စကားမများဖူးဘဲ ပျော်စရာ အိမ်ထောင်တစ်ခုဖြစ်ခဲ့ကြောင်း၊ ကလေးတွေကလည်း လိမ္မာရေးခြားရှိကြကြောင်း စသည် စသည်များ။

'ကျွန်တော်က ကျန်းမာရေး ကောင်းပါတယ်၊ ဒါပေမဲ့ ဟီဂန်က ကျောက်မီးသွေးမှုန်တွေ များတော့ ဆောင်းအခါမှာတော့ အအေးမိချောင်းဆိုးတတ်တယ်၊ လခက ခုနစ်ဆယ့်နှစ်ယွမ်ရလို့ ကြွေးမြီကင်းကင်းလူတန်းစေ့နေနိုင်ပါတယ်'

အင်း၊ ငါ့လခ ဘယ်လောက်ရတယ်လို့များ သူ မေးနေဦးမှာလား။ မေးလာရင်တော့ ဒီမှာတင် လမ်းဆုံးမှာပဲဟု မာနာ တွေးနေသည်။ မာနာတသည်လိုက်စွတွေ မဆွေးနွေးချင်။ တော်ပါသေးရဲ့။ မာနာ့အကြောင်း မစပ်စုဘဲ သင်ကြားရေးဘက် လှည့်သွားသည်။

တစ်ဖက်ကမ်း ရောက်တော့ လိပ်ခုံး အဆောက်အအုံကြီးတစ်ခုဘွားခနဲ ပေါ်လာသည်။ ကမ်းစပ်က ပေါ်ပလာပင်တန်းကြောင့် လှမ်းမမြင်ရခြင်း ဖြစ်၏။ ကလေးများအတွက် သီးသန့် ကစားကွင်းဖြစ်သည်။ ဘိုကတော်မျက်ခုံးစည်းရိုးအပြင်တွင် မှန်လုံကားတွေ တန်းစီရပ်ထားသည်။ အတွင်းဘက်မှ ကလေးတွေ ဆော့နေသံ၊ အော်ဂင်နှင့် တွဲပြီး သီချင်းဆိုသံတွေ ကြားနေရ၏။

ကမ်းစပ်က ခုံတန်းတစ်တန်းတွင် သူတို့ နှစ်ယောက် ဝင်ထိုင်လိုက်ကြသည်။ ခုံတန်းကို သုတ်ထားသည့် အပြာရောင် သဘော်ဆေးတွေ အချို့



နေရာတွင် ကွာကျနေပြီ။ ခုံ၏ ဘယ်ဘက်စွန်းတွင် စံပယ်ရုံတစ်ရုံရှိသည်။ အဖူးတွေ ဝေလျက်။ လိုင်မင်းက စာအိတ်ကြီးထဲမှ ပန်းချီကားချပ်ကလေးများကို ဆွဲထုတ်ပြီး ပြသည်။

'ဒါ ကျွန်တော့် လက်ရာတွေပါ၊ မာနာ သဘောကျလိမ့်မယ် ထင်ပါတယ်'

ရိုးကြီးဂေါင်ဂင် သူ့လက်ချောင်းကြီးတွေကို မာနာ သတိထားလိုက်မိသည်။

ပုံတွေအားလုံးမှာ မဂ္ဂဇင်း သရုပ်ဖော်ပုံတွေ ဖြစ်သည်။ ဗီယက်ကောင်းတွေ အမေရိကန်ကို တိုက်ထုတ်နေသည့် ပုံများဖြစ်သည်။ ပုံတစ်ပုံက လူမည်းတစ်ယောက်နှင့် လူဖြူတစ်ယောက် ထောက်ချောက်မိနေပုံ။ နှစ်ယောက်စလုံး ခေါင်းချွန် တန်းလန်းကြီးနှင့်။

သူ့ကားတွေကို မာနာ မကြည့်တတ်ပါ။ စိတ်လည်း မဝင်စားပါ။ လူကို အကဲခတ်ဖို့ လာခဲ့ခြင်းဖြစ်သည်။ ပန်းချီကား ကြည့်ဖို့မဟုတ်။

ကားချပ်တွေကို ပြန်ပေးလိုက်ပြီး ဝတ်ကျေတန်းကျေ ပြောလိုက်သည်။

'ကောင်းပါတယ်'

'သဘောကျရဲ့လား၊ ကလေးမဂ္ဂဇင်းအတွက် ဆွဲထားတာ'

'ဟုတ်လား၊ စာအုပ်က ဘယ်တော့ ထွက်မလဲ၊ စောင့်ဖတ်မယ်လေ'

သူ မျက်ခုံး တွန့်သွားသည်။

'ဒီနှစ် ထွက်ဖို့ပဲ၊ ဒါပေမဲ့ စာအုပ်တိုက်က အခြေအနေစောင့်ကြည့်နေတယ်'

'ဘာဖြုလို့လဲ'

'စာအုပ်ဈေးကွက်မှာ ဒီစာအုပ်မျိုးတွေ သိပ်များနေတယ်၊ ပြီးတော့ အမေရိကန်ဟာ ဒီနေ့ ရန်သူ မဟုတ်တော့ဘူးတဲ့၊ ဒါကြောင့် စဉ်းစားနေတာတဲ့'

'အဲဒီတိုက်က ဘာစာအုပ်မျိုးတွေ ထုတ်သလဲ'

'ကွန်မြူးရှုပ်စ်ကို ဝေဖန်တဲ့ စာတွေ အားလုံး ထုတ်တယ်'

'အဲဒါဆို အဲဒီ အကြောင်းအရာတွေ ဘာလို့ မဆွဲသလဲ'

'အဲဒါက သိပ်မလွယ်ဘူး၊ သူတို့ ပေါ်လစီက ဒီနေ့တစ်မျိုး နောက်တစ်မျိုးလေ'

'ဪ ဟုတ်လား၊ စိတ်မကောင်းပါဘူးရှင်'

www.burmeseclassic.com

www.burmeseclassic.com



မာနာ တကယ် စိတ်မကောင်းဖြစ်သွားသည်။

သူက ပုံတွေကို စာအိတ်ထဲ ပြန်ထည့်ပြီး

'ကိစ္စမရှိပါဘူး၊ အလေ့အကျင့်ရအောင် ဆွဲတာပါ။ ဒါပေမဲ့ တကယ် ကြိုးစားပြီး ဆွဲထားတာပါ'

'ဟုတ်ကဲ့၊ သိသာပါတယ်'

စကားစပြတ်သွားပြီး မာနာက ဟိုဘက်ကို လှမ်းငေးနေသည်။ တိုး တောင်ဘက်ဆီမှာ တောင်တန်းကြီးတွေကို မျှော်ကြည့်နေမိ၏။ နေရောင်ခြည်က တိမ်တွေကို ဖောက်ထွင်းပြီး တောင်ကြောတွေပေါ်ကို ရှတ်ခြည်း ဖြာဆင်းလာသည်။

'တောင်တန်းကြီးတွေက ကြည့်လို့ ကောင်းလိုက်တာနော်'

မာနာက ပြောလိုက်ခြင်း ဖြစ်သည်။ လိုင်မင်းက

'ဟုတ်တယ်၊ သိပ်လှတဲ့ ရှုခင်းပါပဲ'

တောင်ခြေမှ ရထားတစ်စင်း ဖြတ်မောင်းသွားသည်။ မီးခိုးမည်းမည်း တွေ နောက်တွင် ကျန်ရစ်သည်။

တောင်ထိပ်များသည် တိမ်တိုက်တွေထဲသို့ ထိုးဝင်နေ၏။ တိမ်မည်းညို တစ်စု ဖြတ်ပြေးသွားသည်။

'ဒီရှုခင်း ဒီလောက်လှမှန်း ကျွန်မ တစ်ခါမှ သတိမထားမိခဲ့ဘူး'

'တကယ်လှတဲ့ ရှုခင်းပါ'

'ဆေးရုံကနေဆို မတွေ့ရဘူး'

'အဆောက်အအုံတွေ ကာနေလို့ ဖြစ်ပါလိမ့်မယ်'

'မဟုတ်ဘူး၊ ဒီတောင်တန်းကြီးတွေ ရှိတယ်ဆိုတာ မေ့ကို နေတာ။ ကိစ္စများမြောင် လူတို့ဘောင်လေ'

မာနာ အတွေးနက်နေစဉ် သူက လက်ကို ဆန့်ပြီး ကဗျာရွတ်သည်။

*'တောင်တန်းများနှင့်၊ မြစ်တို့သည်*

*ရှုမဆုံးနိုင်တော့ပြီ။*

*မရေမတွက်နိုင်သော သူ့ရဲ့ကောင်းတို့က၊*

*သူတို့နှင့် အပြိုင်'*

ဥက္ကာ့ဌကြီးမော်၏ 'နှင်း' ဆိုသော ကဗျာကို သူရွတ်နေခြင်း ဖြစ်သည်။

မာနာရယ်တော့ သူ လှည့်ကြည့်သည်။

'ဘာများ ရယ်စရာရှိလို့လဲ'



'ဟင့်အင်း ဘာရယ်လို့ မဟုတ်ပါဘူး'

မာနာက လက်ကိုင်ပဝါထုတ်ပြီး ဆံစမှ ချွေးပေါက်ကလေးများကို သုတ်လိုက်သည်။

ချာတိတ်ကလေးနှစ်ယောက်က ခွေလိမ့်တမ်း ကစားနေကြသည်။ သူတို့လိမ့်သည့် ခွေတွေက စက်ဘီးခွေတွေ။ ဒေါင်ဒေါင်ဒင်ဒင် ဆူညံသွားသဖြင့် မာနာ စိတ်အနှောင့်အယှက်ဖြစ်သွားသည်။

ပြန်ဖို့ ထရပ်လိုက်တော့သည်။ ညအလှည့်ဝင်ရမည် ဖြစ်လို့ တမေ့ တော့ အိပ်ရဦးမည်။ သူလည်း လိုက်ထပြီး လျှောက်ပြန်လာခဲ့ကြသည်။ ဝန်းခြံဂိတ်တွင် ဘတ်စ်ကားတစ်စီး အဆင်သင့်တွေ့သဖြင့် မာနာ အပြေး ထွက်လာခဲ့သည်။ သူ့ကို နှုတ်ပင် မဆက်နိုင်ခဲ့။

သူက ရပ်ပြီး ကျန်ခဲ့သည်။ မာနာ လူအုပ်ထဲ ပျောက်သွားသည်အထိ ရပ်နေသည်။ ချောင်းတဟွတ်ဟွတ်ဆိုးရင်း ထွက်သွားသော ဘတ်စ်ကားကို လက်ပြ ကျန်ရစ်သည်။ မာနာက ဘတ်စ်ကား ပြတင်းပေါက်မှ ခေါင်းပြူ ကြည့်ရင်း ရယ်ချင်လာသဖြင့် ပါးစပ်ကို လက်ဝါးနှင့် အုပ်ထားလိုက်ရသည်။

လင်းကို သည်နေ့အကြောင်း ပြန်ပြောပြသည်။ သူ့ပန်းချီကားတွေ ပြသည့် အကြောင်း၊ မော်၏ ကဗျာကို ရွတ်သည့်အကြောင်းများပါ ပြောတော့ လင်း မှတ်ချက်ပေးသည်။

'သူက စာတော့ တော်တော်ဖတ်တယ်၊ သူဟာ လူကောင်းတစ်ယောက် ပါ မာနာ'

'အင်း တစ်မျိုးတော့ တစ်မျိုးပဲ'

'မင်း ခုချက်ချင်း မဆုံးဖြတ်ပါနဲ့ဦး မာနာ၊ အချိန်ယူ စဉ်းစားပါဦး။ သူနဲ့ နောက်ထပ်ဆုံမယ်ဆိုရင် ဆရာ့ကို ပြောလေ'

'နောက်ထပ် ဆုံဖို့ ဟုတ်လား၊ မာနာ လုံးဝ မစဉ်းစားတော့ပါဘူး'

နောက်တစ်ပတ်ကြာတော့ ညီတော်မောင့်ထံမှ ပါဆယ် တစ်ထုပ် ရောက်လာသည်။ မှိုတွေနှင့်အတူ စာတစ်စောင် ပါလာသည်။ မာနာ့ကို သဘောကျကြောင်း၊ အလွန် ပြည့်ဝသည့် မိန်းကလေးဖြစ်ကြောင်း၊ နောက် တစ်ခါ တွေ့လျှင် အားလုံး အဆင်ပြေသွားမည် ဖြစ်ကြောင်းများ ရေးလာ သည်။ လင်းက မက်စ်မှာ စားသူဖြစ်၍ ချက်စားသော မင်းချမ်းအား မှိုတွေ ပေးပစ်လိုက်သည်။ မင်းချမ်းက ဝန်ထမ်း လေ့ကျင့်ရေးဌာနတွင် ညွှန်ကြား ရေးမှူး ဖြစ်နေပြီ။ သူကလည်း အမြဲတမ်း ဆံပင်ညှပ်ပေးသည်၊ အဆင် အမြစ်ရောင်ရောဂါအတွက် အပ်စိုက်ကုပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းက လိုင်မင်း၏ စာကို မာနဉ့အား ပြသည်။

'သူကတော့ မျှော်လင့်နေတယ် မာနာ၊ သူ့ကို စာလေး ဘာလေး ပြန်ရေးလိုက်ပါဦး'

'မာနာက ဘာရေးရမှာလဲ'

'မင်း သဘောထားကို ရေးလိုက်ပေါ့'

'သူနဲ့ တွေ့ရတာ၊ မာနာ ထုံထိုင်းသွားသလိုပဲ၊ အင်း တကယ့်ပုဂ္ဂိုလ်ပဲ'

'ဘယ်လိုဖြစ်လို့လဲ မာနာရယ်'

'သူ့ကိုမှ စိတ်မဝင်စားတာပဲ၊ ဘာလို့ ပန်းခြံကို သွားလိုက်မိမှန်း မသိဘူး'

'စိတ်မကောင်းပါဘူး မာနာရယ်'

သို့သော် လင်းစိတ်ထဲတွင် ပေါ့သွားသလိုလို ခံစားလိုက်ရသည်။ သည်အတွက် မလုံမလဲဖြစ်သွားသဖြင့် နံဘေးသို့ မျက်နှာလွှဲပစ်လိုက်ရသည်။

မာနာ စကားဆက်သည်။

'အချစ်ဆိုတာ နှလုံးသားပါဖို့တော့ လိုတာပေါ့၊ လူတွေ မပြောနဲ့ ငှက်တွေတောင် လှောင်အိမ်ထဲမှာ ထည့်ထားတိုင်း ညားကြတာ မဟုတ်ပါဘူး။ နောက် ဆရာ မာနဉ့ကို နောက်တစ်ယောက်ရှာဖို့ မပြောပါနဲ့တော့'

'ကောင်းပါပြီလေ'

သူက သက်ပြင်းရှည်ကြီး တစ်ချက်ချပြီး အရွှန်းဖောက်လိုက်သည်။

'ဒါဆို ဆရာက အားလုံးထက် သာတယ်ပေါ့'

'ဆရာကို မချစ်မိရင် သိပ်ကောင်းမှာ'

မာနာက နာနာကြည်းကြည်း ပြောပြီး အံကြိတ်ထားလိုက်သည်။

နောက်တစ်ပတ်တွင် လိုင်မင်းဆီသို့ မာနာ စာရေးပို့လိုက်သည်။ ခုတလော ရောဂါဖောက်လာကြောင်း၊ မာနာဟာ အပြင်းစား နှလုံးရောဂါ ဝေဒနာရှင်တစ်ဦးဖြစ်ကြောင်း၊ ပွင့်ပွင့်လင်းလင်း ပြောဖို့ တာဝန်ရှိသဖြင့် အသိပေးလိုက်ခြင်း ဖြစ်ကြောင်း၊ စသည် စသည်များ။ သည်သတင်းကြားလျှင် လိုင်မင်း တစ်ယောက် တုန်လှုပ် ချောက်ချားသွားမှာ သေချာသည်။ နောက်ထပ် သူ့ဆီက ဘာသတင်းမှ မကြားရတော့ပေ။

၀

## အခန်း [ ၃ ]

နောက်နှစ် နွေတွင် လင်းနှင့် ရှုးယု တရားရုံးသို့ ရောက်လာကြပြန်သည်။ ဝှုဂျီယာသို့ မထွက်ခွာမီ လင်းက ရှုးယုကို အသေအချာ ဆွေးနွေးသည်။ ကွာရှင်းပြီးသည့်တိုင်အောင် သူတို့ သားအမိအတွက် သည်အတိုင်း ဆက်ပြီး တာဝန်ယူသွားမှာ ဖြစ်ကြောင်း ပြောတော့ ရှုးယု ခေါင်းညိတ်သည်။ မြို့တွင် သူ့အိုးသူ့အိမ်နှင့် နေချင်ပြီ ဖြစ်ကြောင်းကိုလည်း ရှုးယု သဘောတူသည်။

တရားသူကြီးကို သူတို့ တစ်နာရီ စောင့်ကြရသည်။ သည်တရားသူကြီးက ရဲဘက်မှာ ရာထူးတက်ပြီး ရောက်လာခြင်း ဖြစ်သည်။ ကုပ်သားမရှိလောက်အောင် ဝဖီးနေသည့် လူကြီးဖြစ်၏။ သားရေကုလားထိုင်တွင် ထိုင်ချလိုက်ပြီး လင်းတို့ လင်မယားကို စွေကြည့်လိုက်သည်။ မျက်စိ တစ်ဖက် မှိတ်ပြီး တစ်ဖက်ကို ဖွင့်လျက်၊ သေနတ်ချိန်သလို လှမ်းကြည့်နေခြင်း ဖြစ်၏။ မျက်နှာကြီး အဆီပြန်ပြီး ဖောင်းကားနေပုံကို ကြည့်ပြီး လင်းက ငန်းမြွေ ဘုံကျောင်းမှ ဦးတီပွားအရုပ်ကြီးကို သွားသတိရလိုက်သည်။

လင်းကို လက်ညှိုးထိုးပြီး အမိန့်ပေးလိုက်သည်။

'ကဲ ပြော'

အထစ်ထစ်အငေါ့ငေါ့ဖြင့် လင်း စပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'လေးစားအပ်ပါသော တရားသူကြီးမင်းခင်ဗျား၊ တရားရုံးတော်ကို ကျွန်တော် ဒီနေ့ ရောက်လာတာကတော့ ကျွန်တော့်ဇနီးနဲ့ ကွာရှင်းခွင့်ပေးဖို့ ကိစ္စပါပဲ၊ ကျွန်တော်တို့နှစ်ယောက်ဟာ သံယောဇဉ်မရှိတော့တာ ကြာပါပြီ၊ လက်ထပ်ထိမ်းမြားခြင်းဥပဒေမှာ ဆိုထားတာကလည်း နိုင်ငံသားတိုင်းသည် လင်က ဖြစ်စေ၊ မယားက ဖြစ်စေ. . .'

တရားသူကြီးက ကြားဖြတ်သည်။

'ဒီမယ်၊ တဆိတ်၊ တခု သတိပေးပါရစေ၊ တရားဥပဒေက အိမ်ထောင်ရှိ ယောကျ်ားတိုင်းလို့ ဆိုမထားဘူးနော်၊ ကဲ ဆက်ပြောပါ'

လင်း စိတ်ရှုပ်သွားသည်။ မျက်နှာတွေ နီပြီး အတန်ကြာ ငြိမ်နေပြီးမှ စကားဆက်သည်။

'ဟုတ်ကဲ့ခင်ဗျာ၊ ကျွန်တော် သဘောပေါက်ပါတယ် ရဲဘော် တရားသူကြီးမင်းခင်ဗျား၊ ကျွန်တော်တို့ လင်မယားနှစ်ယောက်စလုံး လမ်းခွဲဖို့ သဘောတူထားပြီးသားပါ၊ ကွာရှင်းပြီးတဲ့နောက်မှာလည်း ကျွန်တော်က သားအမိနှစ်ယောက်အတွက် စားဝတ်နေရေး ဆက်ပြီး တာဝန်ယူနေမှာပါ၊ ရုံးတော်မှာလည်း ကျွန်တော် ကတိပေးပါတယ်၊ ကျွန်တော် ကတိတည်တဲ့ အရာရှိ ဆရာဝန်တစ်ယောက်ပါ ခင်ဗျာ'

ရွှေယုက ပါးစပ်ကို တင်းတင်းပိတ်ပြီး မျက်လုံးအစုံကို မှိတ်ထားသည်။ သူ့ဦးခေါင်းကို တစ်ယောက်ယောက်က တအား ထုနေသည့်အလား။

လင်းပြီးတော့ တရားသူကြီးက ရွှေယုဘက်သို့ လှည့်လိုက်သည်။

'ရဲဘော်ရွှေယု၊ မေးခွန်း နည်းနည်းမေးမယ်၊ သေသေချာချာ စဉ်းစားပြီးမှ ဖြေပါ'

'ဟုတ်ကဲ့'

ရွှေယုက ခေါင်းညိတ်ပြီး ပြန်ဖြေသည်။

'ဘာကြောင့် မင်းယောကျ်ားက မင်းကို ကွာရှင်းချင်တာလဲ'

'ကျွန်မ မသိပါဘူး'

'နောက်တစ်ယောက်နဲ့ ပတ်သက်မှု ရှိနေတာလား'

'အဲဒါ ဘာကို ပြောတာလဲဟင်'

တရားသူကြီးနောက်မှ မှတ်တမ်းလိုက်ရေးနေသည့် လူငယ် ပြုံးသည်။ တရားသူကြီး စကားဆက်သည်။

'သူ့မှာ နောက်မိန်းမတစ်ယောက် ရှိနေပြီလား'

'သူက ချောတော့၊ သူ့မှာ အများကြီးရှိမှာပေါ့'

တရားရုံး မှတ်တမ်းရေးသမား၏ ကြိတ်ရယ်သံ ထွက်လာသည်။ တရားသူကြီး မျက်မှောင်ကြုတ်သွားသည်။



'မေးတာကို ဖြေပါ၊ သူ့မှာ နောက်မိန်းမတစ်ယောက် ရှိနေပြီလား'

'အဲဒါ ကျွန်မ သေသေချာချာ မသိပါဘူး၊ သူပြောတာကတော့ မြို့မှာ သူ့အိုးသူ့အိမ်နဲ့ နေချင်ပြီတဲ့'

'နောက် မိန်းမတစ်ယောက်နဲ့ နေမှာပေါ့ ဟုတ်လား'

'ဟုတ်မလား မသိဘူး'

'နောက်ဆုံး မေးမယ်၊ မင်း သူ့ကို သံယောဇဉ် ရှိနေတုန်းလား'

'ဟုတ်ကဲ့၊ ရှိ ရှိနေတုန်းပါ'

ရွှေယု တိုးတိုးပြောရင်း ငိုချလိုက်သည်။ သည်မေးခွန်းက သူ့ရင်ကို ထိသွားပုံ ရသည်။

'သူ့ကို တကယ် ချစ်သလား'

'ဟုတ်ကဲ့'

မျက်ရည် သုတ်ရင်း ဖြေသည်။

တရားသူကြီးက လင်းဘက်သို့ လှည့်လိုက်ပြီး

'ကဲ. . . ရဲဘော်လင်းကောင်း၊ ခင်ဗျားမှာ မြို့က မိန်းမတစ်ယောက်နဲ့ ညားနေပြီဆိုတာ ရုံးတော်ကို ဝန်ခံရလိမ့်မယ်'

'လုံးဝ မဟုတ်ပါဘူး၊ အဲဒီလို မိန်းမမျိုး ကျွန်တော့်မှာ မရှိပါဘူး'

လင်း အသံတွေ တုန်လာသည်။ မာနာ့ကို ဆွဲထည့်နေပြီ။

'ကောင်းပြီ၊ အဲဒီလို မိန်းမမျိုး မရှိတောင် တရားမဝင် ဇာတ်လမ်း တစ်ပုဒ်တော့ ရှိနေပြီ မဟုတ်လား'

'မရှိပါဘူး'

'ဒါဆို ခင်ဗျားက ဘယ်သူနဲ့ အိုးအိမ်တည်ထောင်မှာလဲ၊ ယောကျ်ား တစ်ယောက်နဲ့လား'

'မဟုတ်ပါဘူး ခင်ဗျား၊ သူငယ်ချင်း မိန်းကလေးနဲ့ပါ'

'သူ့နာမည် ဘယ်သူလဲ'

'ရဲဘော် တရားသူကြီးမင်း ခင်ဗျား၊ အဲဒီ မေးခွန်းက အမှုနဲ့ ဆိုင်ပါ သလား'

'သိပ်ဆိုင်တာပေါ့၊ ရုံးတော်က ခင်ဗျားတို့အကြောင်း လေ့လာပြီးမှ ခင်ဗျားအမှုကို စဉ်းစားနိုင်မှာပေါ့'

'သူနဲ့ ဘာမှ မဆိုင်ပါဘူး၊ ခုထိ ကျွန်တော်တို့ ဆက်ဆံနေတာ မိုးရိုးသားသားပဲ၊ ရဲဘော်ရဲဘက်လို နေတာပဲ'

'ဒါဆို ခင်ဗျား ဘာလို့ သူ့နာမည် မပေးနိုင်ရတာလဲ၊ သူ့အသည်းကော သူ့အလုပ်ဌာနရော ခင်ဗျား ပေးရမှာ၊ ပြောရမှာ ခင်ဗျား ဘွတ်နေလို့လား တခြား ဖုံးကွယ်ထားစရာ အကြောင်း ရှိနေလို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်. . . ကျွန်တော်. . .'

သူ့ မျက်နှာတစ်ခုလုံး ချွေးတွေ ပြန်လာသည်။

တရားသူကြီးက ဖိုင်တွဲကို ပိတ်လိုက်ပြီး လင်း၏ အဖြေကို စောင့်နေသည်။ လင်းက မာနဲ့ နာမည် ပြောသင့် မပြောသင့် စဉ်းစားနေသည်။ တရားသူကြီးက စိတ်ရှည်လက်ရှည် စောင့်နေ၏။ မာနဲ့နာမည်ပေးလိုက်လျှင် ဘာဖြစ်သွားမည်လဲ။ တရားသူကြီး၏ မျက်နှာကို လင်း လှမ်းကြည့်လိုက်သည်။ သူ့မျက်ခွံ ထူထူကြီးတွေ မျက်လုံးပေါ် တစ်ဝက်လုံး ဖုံးနေသည်။ ချက်ချင်း အိပ်ပျော်သွားတော့မည့်ပုံ။ လင်း ဘာပြောရမှန်း မသိဘဲ ဖြစ်နေသည်။ နှစ်မိနစ်မျှ စောင့်ပြီးတော့ တရားသူကြီး လည်ချောင်းရှင်းသံ ကြားလိုက်ရသည်။

'ကောင်းပြီ၊ ရှက်စရာကောင်းတဲ့ အလုပ်ကို ခင်ဗျား မလုပ်ဘူးဆိုရင် ခင်ဗျားရဲ့ တံခါးကို တခွေလာခေါက်မှာ မကြောက်ဘူးဆိုရင် အဲဒီမိန်းမ နာမည်ကို ခင်ဗျား မပေးနိုင်ဘူးဆိုရင် ဒီအမှုကို ဆက်စစ်လို့ မဖြစ်တော့ဘူး။ ကဲ အိမ်ပြန်ပြီး စဉ်းစား၊ လောလောဆယ် ခင်ဗျား မိန်းမအပေါ်မှာ သစ္စာရှိရှိ နေပါ၊ ရုံးတော်က စောင့်ကြည့်နေမယ်'

တရားသူကြီး ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

ဆက်ငြင်းနေလို့ အကြောင်းမထူးမှန်း လင်း သိလိုက်ပြီ။

'ကောင်းပါပြီခင်ဗျာ၊ ကျွန်တော် ပြန်လာခဲ့ပါ့မယ်'

အိပ်မက်ထဲမှာ လှမ်းသည့် ခြေလှမ်းများဖြင့် လင်း ထွက်လာခဲ့သည်။ ရှူးယုက နောက်မှ လိုက်လာသည်။ ညာဘက် ခြေထောက်တစ်ဖက် ကျဉ်နေ၍ လင်း ထော့နင်း ထော့နင်း လှမ်းလာသည်။

၁

သူတို့ လင်မယား တရားရုံးထဲတွင် ရှိနေစဉ် ဘင်ရှန်းက ရုံးအပြင်ဘက်၌ ငန်းမြူရွာသား တစ်ဒါဇင်လောက်နှင့် စောင့်နေသည်။ သူတို့ လက်ထဲတွင် တောက်ဆွဲတွေ၊ ထမ်းပိုးတွေ၊ တံစဉ်တွေ ကိုယ်စီနှင့်။ လင်းကို ကွာရှင်းခွင့် ပေးလိုက်လျှင် သူတို့က ဒုက္ခပေးဖို့အသင့်။ လမ်းပေါ်တွင် ပွဲကြည့် ပရိသတ်က အများကြီး။ အခြေအနေကို ထိန်းဖို့ တပ်စိတ်တစ်စိတ် ရောက်လာသည်။

'အရာရှိတစ်ယောက် လုပ်နေပြီးတော့တော်၊ ဥပဒေကို နားမလည်ဘူးလား'



သက်လတ် အမျိုးသမီးတစ်ယောက်က အခြား တစ်ယောက်ကို ပြောနေသံ။

'မိန်းမကို ကွာချင်တိုင်း ကွာလို့ ရမယ်တဲ့လား'

'ယောကျ်ားတွေဟာ တိရစ္ဆာန်တွေနဲ့ ဘာမှ မထူးဘူး'

'သူ့ကို တပ်က ထုတ်ပြီး ပြည်နှင်ဒဏ် ပေးရမယ်'

'ဒါထက် သူက ဆရာဝန်ဆို'

'အသည်းနှလုံးမရှိတဲ့ ဆရာဝန်ဟာ လူသတ်သမားပဲ'

လူအုပ်ထဲက ဝေဖန်သံအမျိုးမျိုး။

တချို့လည်း သူတို့လင်မယားကို အနီးကပ်မြင်လိုက်တော့ တစ်မျိုး မြင်ကြသည်။ အတွဲက ညီမှ မညီပဲကိုး။ သူက လူချောပဲ။ ဒီဥပမိရုပ်မျိုးက ဘယ်လိုမှ လူဆိုးမဖြစ်နိုင်ဘူး။ သူ့မိန်းမက ကြက်ကလေးတစ်ကောင်လောက်ပဲ ရှိတာ။ အသားတွင်ပြီး ချက်ရင် တစ်ပန်းကန်တောင် ပြည့်မှာ မဟုတ်ဘူး။

လင်း မျက်နှာတွင် သွေးမရှိတော့။ လင်မယားနှစ်ယောက် ကားမှတ်တိုင်သို့ သုတ်ခြေတင်ကြသည်။ သို့သော် ရှူးယုကြောင့် ခရီးက မတွင်။ လမ်းတွင် လင်း စကားတစ်ခွန်းမှ မပြော။ လူစုကွဲသွားမှ စစ်သားတွေ ပြန်သွားကြသည်။

၀

ထိုညတွင် လင်းက တံခါးဂျက် ချပြီး အခန်းအောင်း နေလိုက်သည်။ တစ်ယောက်တည်း စီးကရက်သောက်လိုက်၊ သက်ပြင်းချလိုက်နှင့်။ ရွာသားတွေက ကိုယ်ထိလက်ရောက် မလုပ်ကြ၍ တော်သေးသည်ဟု ဆိုရမည်။ မိန်းမ တစ်ယောက် သူ့ ရုံးထဲက ထွက်လာတော့ မြေကြီးပေါ်သို့ ထွီခနဲ တံတွေးထွေးချလိုက်တာ မြင်လိုက်သည်။ အင်း. . . ကွာရှင်းခွင့်သာ ရုံးတော်က ပေးလိုက်လျှင် မတွေးဝံ့စရာပါလား။ သည်နှစ် နောက်ထပ် မကြိုးစားရင် ကောင်းမည်။ ဘင်ရှန်းက တစ်ခုခုလုပ်မှာ သေချာနေပြီ။

နောက်နေ့ မနက်တွင် ရှူးယုက ကျေးရွာ သတင်းစာတစ်စောင် လာပေးသည်။ လက်ရေး သတင်းစာ ဖြစ်သည်။ မိတ္တူပွားပြီး ဘုံရိပ်သာက ဖြန့်သည့် စာစောင်။

ရှူးယုက 'ခုပဲ ရောက်လာတာ' ဟု ပြောပြီး ကမ်းပေးသည်။ စာမျက်နှာ သုံးတွင် သူတို့သတင်း ပါလာသည်။

'မြို့နယ်တရားရုံးက ကွာရှင်းခွင့် တောင်းခံသည့် အမှုတစ်ခုကို ယမန်နေ့က ပယ်ချခဲ့သည်။ ဇနီးလုပ်သူ ရှူးယုကို ဆက်စပ်ပေါင်းမိုး

www.burmeseclassic.com

www.burmeseclassic.com



တော့၍ မူကြိုစစ်ဆေးရုံမှ ဆရာဝန်လင်းကောင်းက ကွာရှင်းခွင့် တောင်းခံခဲ့ခြင်း ဖြစ်သည်။ တရားသူကြီးက ရှုးယုအား စစ်ဆေးရာ ရှုးယုက မိမိအနေဖြင့် မပြတ်နိုင်ကြောင်း ပြန်ဖြေသည်။ ရာချီသော လူများက ရှုးယုကို ကရုဏာဖြစ်ပြီး တရားရုံး အပြင်ဘက်တွင် စုဝေးနေကြသည်။ မိန်းကလေးကို အကာအကွယ် ပေးဖို့လည်း ရုံးတော်ကို တောင်းဆိုကြသည်။ အတွေ့အကြုံ ရင့်ကျက်ပြီး ဖြစ်သည့် တရားသူကြီး ကျင့်ပင်ချူက လင်းကောင်းအား ရှုတ်ချပြီး ဝေဖန် အပြစ်တင်လိုက်သည်။

'သင်သည် တောရွာမှာ မွေးသည့် တောသားတစ်ယောက်ဖြစ်ပြီး တော်လှန်ရေးအရာရှိတစ်ယောက် ဖြစ်သည်။ ယခုလို ဖောက်ပြန်သည့် အရင်းရှင်စိတ်ဓာတ်ကို ရုံးတော်က ရှုတ်ချလိုက်သည်။ ချောက်ထဲ မကျမီ သင်ကိုယ်သင် ပြုပြင်ရမည်' ဟု အမိန့်ချလိုက်မှ ပရိသတ်က လက်ခုပ်သြဘာပေးပြီး ရုံးတော်ကို ချီးကျူးကြသည်'

ဝ

ဖတ်ပြီး လင်း တစ်ယောက် အရုပ်ကြိုးပြတ် ဖြစ်သွားသည်။ သေချာပြီ။ ယောက်ဖလုပ်သူ၏ လက်ချက်ဖြစ်ရမည်။ သတင်းဆောင်းပါး ရေးသူ အမည် မပါဘဲ 'တရားဥပဒေ ဘက်တော်သား' ဟုသာ ပါသည်။ ဘင်ရှန်း၏ အဖွဲ့သား တစ်ယောက်ယောက် ဖြစ်ရမည်။ လက်ခုပ်တီးသံ တစ်ချက်မှ လင်း မကြား လိုက်ပါ။ သေချာပါပြီ။ သူ့ကို အရှက်ကွဲအောင်နှင့် နောက် မကြိုးစားရဲအောင် ဖန်တီးသည့်အတွက် ဖြစ်ရမည်။

မြို့မပြန်ခင် ဘင်ရှန်းကို လုံးဝ စကားမပြောဖို့ ဆုံးဖြတ်လိုက်သည်။

ဝ

'အိမ်ရှင်တို့၊ ဘယ်သူရှိလဲ'

နောက်တစ်နေ့ ညနေတွင် အိမ်ရှေ့မှ အသံသြကြီးနှင့် အော်သံ ကြားလိုက်သည်။

ရှုးယု အပြင်ထွက်ကြည့်သည်။ ပြီးမှ ဧည့်သည်ကို အပြုံးဖြင့် ကြိုသည်။

'ဩော်. . . အစ်ကိုကြီးကိုး၊ လာ လာ'

လူကြီးက အရပ် မြင့်မြင့်။ ဘယ်ဘက်ပါးတွင် အမာရွတ်ကြီးနှင့်။ ခုံတန်းလျားတစ်လုံးပေါ်တွင် ကြံစည်းကို ပစ်ချပြီး

'အိမ်က ကြံခင်းက ခုတ်လာတာ၊ ဟွာ့အတွက်လေ'



'အို. . . အစ်ကိုကြီးကလဲ၊ ဒုက္ခရှာလို့၊ ဒါလောက်ဝေးတဲ့ ခရီးကိုများ အစ်ကိုကြီးရယ်'

'လင်း ရှိလား'

'ဟုတ်ကဲ့'

ဧည့်သည်မှာ လင်း၏ အစ်ကို ရန်းကောင်း ဖြစ်သည်။ ဂျာကင်အကျီ ဟောင်းကြီးနှင့် သားရေရှုးဖိနပ်ကြီး စီးလာသည်။ တရားရုံးကိစ္စနှင့် လင်း ရောက်နေကြောင်း ကြားသဖြင့် သူ ရောက်လာခြင်း ဖြစ်သည်။ သူက သည်ကိစ္စတားဖို့ စိတ်ကူးထားသည်။ မိသားစုတစ်ခုလုံးအတွက် အနစ်အနာ ခံခဲ့သည့် ရှုးယုကို သူက ညီမလေးလို သံယောဇဉ် ရှိသည်။ ပြီးတော့ ညီတော်မောင်ဆီ ကလေးတွေအတွက် သကြားတောင့်တွေ ယူခဲ့ဖို့ စာရေး မှာထားသည်။ သားသုံးယောက်စလုံး သန်ရှိနေ၍ ဖြစ်၏။ သူတို့ အမြဲတမ်း ဗိုက်နာနေကြသည်။ ကလေးတစ်ယောက် မစင်ထဲတွင် ဇရာမသန်ကောင်ကြီး သူတွေ့သဖြင့် သန်ရှိမှန်း သေချာသွားခြင်းဖြစ်သည်။ သကြားတောင့်မှာ သန်ချဆေးပါသဖြင့် တောက ကလေးတွေ ကြိုက်ကြသည်။

စစ်ဆေးရုံတွင် အခြား သန်ချဆေးတွေ ရှိပါသည်။ သို့သော် ကိုယ်ရေး ကိုယ်တာကိစ္စအတွက် လင်းက မယူလို။ ယူခွင့် မရှိ။ ဝူကျိယာကို ရောက်မှ ဝယ်မည် စိတ်ကူးထားသည်။ သို့သော် တရားရုံးတွင် ကြုံရသည့် အဖြစ်ကြောင့် စိတ်ရှုပ်ပြီး မေ့သွားခြင်းဖြစ်သည်။ အစ်ကိုလုပ်သူကို မြင်မှ သတိရပြီး လင်း မျက်နှာပူသွားသည်။ ဘယ်လို တောင်းပန်ရမှန်း မသိအောင် ဖြစ်နေ သည်။

ရှုးယု မီးဖိုထဲတွင် ချက်ပြုတ်နေစဉ် ညီအစ်ကို နှစ်ယောက် ရေနွေးကြမ်း သောက်ရင်း စကားပြောနေကြသည်။ ဟွာက အမေကို ကူဖို့ ဖားဖိုကြီး ဆွဲပေးနေသည်။ လက်တစ်ဖက် ကြံချောင်းကို စုပ်လျက်၊ သမီးကို ဆူနေသံ လင်း ကြားနေ၏။

'ဟဲ့ အလုပ် လုပ်နေတုန်း ကြံမစုပ်နဲ့၊ ချထားစမ်း'

'မစုပ်ပါဘူး၊ ကိုင်ထားတာပါ အမေ'

'ကိုင်မထားနဲ့၊ ချထား'

လင်းက လှမ်းအော်ပြောလိုက်သည်။

'ကလေးကို မဆူပါနဲ့ကွာ၊ သူ ကြံစုပ်ချင် စုပ်ပါစေ'

သည်တော့မှ သားအမိ ငြိမ်သွားသည်။

လင်းက အစ်ကိုလုပ်သူကို ချစ်သည်။ သူ့ခမျာ အိမ်အလုပ်တွေကို အဖေနှင့်အတူ ဒိုင်ခံလုပ်ပြီး ညီလေးကို ကျောင်းပို့ခဲ့သည်။ သည်တော့သူ့ကို

www.burmeseclassic.com

www.burmeseclassic.com



လင်းက မမေ့။ အစ်ကိုကြောင့် လင်း ဆရာဝန် ဖြစ်လာတာလေ။ သူ့ခမျာ မူလတန်းကျောင်းပင် မပြီး။ ပါးက အမာရွတ်ကြီး ကြည့်ပြီး လင်း စိတ်မကောင်း ဖြစ်ရပြန်သည်။ လွန်ခဲ့သည့် အနှစ် နှစ်ဆယ်က ဆောက်လုပ်ရေးလုပ်ငန်းတစ်ခုတွင် ခဏ ဝင်လုပ်စဉ် မတော်တဆ ရခဲ့သည့် ဒဏ်ရာ။ သူ့အသက်မှာ လေးဆယ့်ငါးနှစ်သာ ရှိသေးသော်လည်း လူအိုကြီး တစ်ယောက်နှင့် တူနေပြီ။ သွားတွေကျိုးကာ ပါးရေနားရေ တွန့်နေပြီ။

ရေနွေးကြမ်း ပန်းကန်ကို ပြန်ချရင်း ရန်က ညီတော်မောင်ကို အပြစ်တင်သည်။

'လင်းရာ၊ ရှူးယုနဲ့ မင်း တရားရုံးသွားရင် ငါ့ကို ခေါ်ဖို့ ကောင်းတာပေါ့ကွာ'

'အဲဒါ ကျွန်တော့်ကိစ္စပါဗျာ'

လင်းက လေသံပြတ်ပြတ်နှင့် ပြန်ပြောလိုက်သည်။

'အဖေနဲ့ အမေက မင်းကို ရှူးယုနဲ့ ပေးစားခဲ့တာလေ၊ မိဘတွေကို မင်း လေးစားဖို့ ကောင်းတာပေါ့ကွာ'

'မိဘစကား နားထောင်ခဲ့လို့ ကျွန်တော့်ဘဝ ခုလို ဖြစ်ကုန်တာပေါ့'

ဆေးတစ်ဆုံဖြည့်ရင်း ရန်းက ပြန်မေးသည်။

'ဟေ ဘယ်လိုဖြစ်လို့တုံးကွ၊ လူဆိုတာ တာဝန် သိရတယ်လေ။ ရှူးယုဘက်က ဘာပျက်ကွက်တာ ရှိလဲ၊ တို့မိသားစုတစ်ခုလုံးအပေါ်မှာ သူ တာဝန်ကျေခဲ့တာလေ၊ ဒါကြောင့်. . .'

'ကျွန်တော် ပြောသလိုပါပဲ အစ်ကိုရာ၊ အဲဒါ ကျွန်တော့် တိုယ်ရေးကိုယ်တာ ကိစ္စပါ'

'ဒီလိုလည်း မဟုတ်သေးဘူးလေကွာ၊ မင်းအိမ်ထောင်ရေး ကိစ္စဟာ မိသားစုတွေအားလုံးနဲ့ ဆိုင်တာပေါ့၊ ရွာထဲက ကလေးတွေက ငါ့သားတွေကို 'မင်းတို့ ဦးလေးက မယားနှစ်ယောက်နဲ့ဆို' လို့ မေးကြတယ်တဲ့။ တချို့ကလည်း 'မင်းတို့ဦးလေး မြာပွေတယ်ဆို' လို့ မေးသတဲ့။ အဲဒီတော့ ရှူးယုနဲ့ မင်း ကွာမယ်ဆိုရင် မင်းတစ်ယောက်တည်းရဲ့ အရေးမဟုတ်တော့ဘူး လင်း'

အစ်ကို ပြောပုံကြောင့် လင်းတစ်ယောက် အလန့်တကြား ဖြစ်သွားသည်။ ဩော်. . . လူတွေဟာ တော်တော်ရယ်စရာကောင်းကြပါလား။ မယုံကြည်နိုင်လောက်အောင် ခေတ်နောက်ကျနေပါလား။ ငါ့အိမ်ထောင်ရေးက ငါ့တူတွေနဲ့ ဘာဆိုင်လို့လဲ။ ဘာပြုလို့ ဒီကလေးတွေက အရှက်ရကြရတာလဲ။



မီးဖိုထဲက ဖားဖိုဆွဲသံ ရပ်သွားသည်။ ဟွာ့ကို ရှူးယု တိုးတိုး ပြောသံကြားလိုက်သည်။ 'သွား နင့်ဦးလေး သွားခေါ်ချေ' တဲ့။

ဘာကိစ္စ ဘင်ရှန်းကို ခေါ်ခိုင်းရတာလဲ။ ခဏနေတော့ ခန်းဆီးပုတီးစေ့ကလေးတွေ လှုပ်လာပြီး ရှူးယု ရောက်လာသည်။ ဝက်သားကြော်ပန်းကန်ကို ကိုင်လျက်။ ခဲအိုကြီးကို ကြည့်ပြီး အပြုံးဖြင့် ပြောသည်။

'စားဖို့ အချိန်ကျပြီလေ အစ်ကိုကြီး'

လင်းက ပိုင်ခွက် နှစ်ခွက် ထယူသည်။ အစ်ကို 'ရန်း' က ကျေးရွာဘုံရိပ်သာတွင် အရက်ကြိုက်သည့် နေရာတွင် နာမည်ကြီးသူဖြစ်သည်။ လင်းက 'အရက် နှစ်မျိုး ရှိတယ်၊ ဘယ်အရက်သောက်မလဲ' မေးတော့ 'ဘာပဲဖြစ်ဖြစ်ပါကွာ၊ ငါ ဒီနေ့ သိပ်စိတ်မပါ' ဟု ဆိုသည်။

ရှူးယု ဝင်ပြောသည်။

'အစ်ကို အဝေးကြီးက လာရတာ၊ ပင်ပန်းမှာပေါ့၊ သောက်လိုက်ပါ'

လင်းက ဆန်အရက် တစ်လုံး ဖောက်လိုက်သည်။ တောတွင် 'မီးတောက်ဖြူ' ဟု ခေါ်သည့် အရက်။ အစ်ကိုအတွက် ခွက်အပြည့်ထည့်ပြီး လင်းက သူ့အတွက် တစ်ဝက်ထည့်လိုက်သည်။ ပြီးတော့ ရှူးယုက စားပွဲပေါ်သို့ ကြက်ဥမွှေကြော်၊ မြေပဲလှော်နှင့် ပဲသီးကြော်တွေ ချပေးသည်။

သူတို့ စားသောက်နေကြတုန်း ဟွာ ပြန်လာသည်။

'ဦးလေးဘင်ရှန်း လာပြီ' ဟု အော်ပြောသည်။

ယောက်ဖလုပ်သူ ဝင်လာတော့ လင်းက မျက်မှောင်ကြုတ်ကြည့်လိုက်သည်။ သူ့လက်ထဲတွင် အထုပ်တစ်ထုပ် ပါလာ၏။ သူက 'ရန်း' ကို တရင်းတနှီး လက်ဆွဲ နှုတ်ဆက်သည်

'မင်္ဂလာပါ အစ်ကိုကြီး၊ အတော်ပဲ အစ်ကိုကြီး ရောက်နေတာနဲ့'

ဘင်ရှန်းက မီးဖိုဆောင်ဘက်လှည့်ပြီး သူ့ညီမကို အော်ပြောသည်။

'ရှူးယုရေ ပန်းကန်ပြားတစ်ချပ် ယူခဲ့ပါဟေ့'

ဘင်ရှန်းနှင့် သူ့အစ်ကို တရင်းတနှီးဖြစ်နေသည်ကို လင်း အံ့ဩနေသည်။ အစ်ကို့ကို သူ လှမ်းခေါ်လိုက်တာများလား။ ရှူးယုက ပန်းကန်ပြားအလွတ်တစ်ချပ် ယူလာပြီး စားပွဲပေါ် ချပေးသည်။

ဘင်ရှန်းက အထုပ်ကို ဖြည်ပြီး ပန်းကန်ပြားထဲ ထည့်တော့ ရှူးယု အလန့်တကြား ဖြစ်သွားပြီ။

'ဟင်. . . အဲဒါ ဘာကောင်တွေလဲဟင်'

ဟွာက မျက်လုံးအပြူးသားနှင့်

'ပိုးကောင်ကြီးတွေ ထင်တယ် အမေ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါ ဘာကောင်တွေလဲကွ'

တစ်ကောင်ကို သုံးလက်မလောက်ရှည်ပြီး ခပ်ကွေးကွေး အနီရောင် အကောင်တွေကို ငုံ့ကြည့်ပြီး 'ရန်' က မေးသည်။

ဘင်ရှန်းက ဂုဏ်ယူ ဝင့်ကြွားဟန်ဖြင့်

'ပုစွန်ထုပ်လေ၊ အစ်ကိုကြီး မကြားဖူးဘူးလား'

'ကြားဖူးတယ်၊ စားတော့ မစားဖူးဘူး'

'ကျွန်တော်လည်း အတူတူပဲဗျ၊ မနက်က မြို့ရောက်လို့ ဈေးထဲမှာ တွေ့တာနဲ့ ဝယ်လာတာလေ၊ စားဖူးတယ်ရှိအောင် ဝယ်လာရပေမယ့် ဈေးက မသေးဘူးဗျ၊ တစ်ပေါင်ကို ခုနစ်ယွမ်တောင် ပေးရတယ်၊ တောင်ပိုင်းက လာတာဆိုပဲ၊ နိုင်ငံခြားပို့တာတဲ့၊ ကံကောင်းလို့ ရလာတာဗျို့'

သူတို့၏ သနားစရာကောင်းသော တောကျမှုကို လင်း ငေးကြည့်နေမိသည်။ သနားစရာလည်း ကောင်းနေ၏။

သူ့အစ်ကိုက ဘင်ရှန်းကို မေးလိုက်သည်။

'အရှင်တွေလားကွ'

ဘင်ရှန်းရော လင်းပါ သူ့ကို ကြည့်ပြီး သဘောကျနေကြသည်။ လင်းက ရယ်ချင်စိတ်ကို မျိုချပြီး

'သေသေရှင်ရှင်ကွာ၊ စားဖူးတယ်ရှိအောင် စားလိုက်မယ်' ဆိုပြီး ပုစွန်ထုပ်ကို ခေါင်းဘက်မှ စားလေတော့သည်။

'အား. . . ကိုက်တယ်ပေါ့၊ ငါ့လျှာကို ဒီကောင် ကိုက်တယ်ကွ'

ရန်က သူ့ပါးစပ်ကို လက်နှင့်အုပ်ပြီး ရှုံ့မဲ့နေသည်။

ဟွာက အလန့်တကြား ဝင်ပြောသည်။

'ဦးကြီး၊ ဦးကြီးပါးစပ်ထဲမှာ သွေးတွေ'

လင်းမရယ်ဘဲ မနေနိုင်တော့ပေ။

'သမီးဟွာ၊ ဦးကြီးက ချက်ပြီးသားတွေမှန်း သိပါတယ်ကွ၊ သမီးကို ရယ်ရအောင် လုပ်နေတာ'

ဘင်ရှန်းက ထိုတွင် ဝင်ပြောသည်။

'အစ်ကိုလင်း၊ ပုစွန်ထုပ်ကို ဒီလိုစားတာ မဟုတ်သေးဘူး ထင်တယ်ဗျ'

အားလုံးက လင်းကို ဝိုင်းကြည့်နေကြသည်။ လင်းက ရယ်နေတုန်း ပြီးမှ

'မင်းပြောတာ ဟုတ်တယ် ဘင်ရှန်း၊ အခွံခွာ၊ ခေါင်းချိုးပြီးမှ စားရတယ်၊ ဟောဒီလို'

လင်းက အခွံခွာ၊ ခေါင်းဖြုတ်ပြီး စားပြသည်။



'သိပ်ကောင်းတာပဲ၊ အရမ်းလတ်တယ်'

အားလုံး လင်းလုပ်သလို အခွံခွာပြီး စားကြသည်။ ဟွာကတော့ လုံးဝ မတို့။ ကလေးမလေး ပုစွန်ကို ကြောက်နေသည်။ သူ့စိတ်ထဲတွင် ပိုးကောင်ကြီး တွေဟုသာ အောက်မေ့နေသည်။ လင်းက အခွံခွာ၊ ခေါင်းချိုးပေးသော်လည်း ဟွာက မတို့။

ဘင်ရှန်းက မီးတောက်ဖြူကို မော့ရင်း တူမကလေးကို လှမ်းပြော သည်။

'သမီးဟွာ၊ စားကြည့်၊ အရမ်းကောင်းတယ်'

'ဟင့်အင်း၊ စားချင်ပါဘူး'

ဟွာက ငြင်းနေမြဲ။

'သမီး အီကုတ်တော့ စားတယ်မဟုတ်လား'

'အင်း'

'အီကုတ်ထက် ပုစွန်က ဆယ်ဆသာတာပေါ့ သမီးရဲ့၊ လာ တစ်ကောင်စားကြည့်'

ဟွာက အမြီးပိုင်းကို တစ်ချက် ကိုက်ကြည့်သည်။

'တဲ ကြိုက်သွားပြီ မဟုတ်လား'

ဟွာ ခေါင်းညိတ်သည်။ အားလုံး ဝိုင်းရယ်ကြ၏။ မအေလုပ်သူက ဝင်ပြောသည်။

'ဟွာက သူ့ဦးလေးစကားပဲ နားထောင်တာ'

ဟွာ တစ်ကောင်ကုန်သွားတော့ ဘင်ရှန်းက နောက်တစ်ကောင် ထပ်ကျွေးသည် လင်းကလည်း တစ်ကောင် ယူစားသည်။ ရန်ကောင်းက မှုန်နာရီထိုးတော့ ပြန်ဖို့ ပြင်ရတော့သည်။ သူ ရွာရောက်အောင် ကိုးမိုင် လမ်းလျှောက်ရဦးမည်။ ဘင်ရှန်းကလည်း စာရင်းပိတ်စရာရှိသဖြင့် ပြန်ဖို့ ပြင်သည်။

လင်းက အစ်ကိုလုပ်သူကို ဆယ်ယွမ် ငွေစက္ကူတစ်ရွက် ကမ်းရင်း

'ကလေးတွေအတွက် သကြားလုံးတောင့် ဝယ်ကျွေးလိုက်ပါ အစ်ကို၊ ဆေးရုံမှာ ကုန်နေလို့ ကျွန်တော် ပါမလာတာပါ'

'ကိစ္စမရှိပါဘူးကွာ၊ မင်းတို့ ဆေးရုံမှာ အလကားရမယ် ထင်လို့ ငါ လှမ်းမှာလိုက်တာပါ'

'ယူသွားပါ အစ်ကို'

ရန်က ပိုက်ဆံကို အိတ်ထဲ ထည့်လိုက်သည်။ ဧည့်သည်မသောက်တာ ရေနွေးကြမ်း မသောက်ကြတော့ဘဲ ထလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ရန်က လက်ဆန့်ပြီး

'အား. . . ပုစွန်ထုပ် စားဖူးသွားပြီပေါ့ကွာ'

ရှူးယုပေးသည့် ပိန်းရိုးအထုပ်ကိုတော့ လေးလွန်းလို့ မယူပါရစေနဲ့ ဟု ငြင်းသည်။ ရှူးယု အတင်း မတိုက်တွန်းတော့ပေ။

ဘင်ရှန်းပြန်သွားတော့ လင်းက အစ်ကိုလုပ်သူကို ရွာထိပ်အထိ လိုက်ပို့သည်။ လင်းစိတ်တွေ ပေါ့ပါး လွတ်လပ်နေသည်။ ခုလို ရယ်ရယ်မောမော မနေဖြစ်ခဲ့သည်မှာ ကြာပြီ။

လူချင်းခွဲကာနီးတော့ မီးတောက်ဖြူ အရှိန်ကလေးဖြင့် လင်းက ရန်ကို မေးသည်။

'အစ်ကို့ကို တစ်ခု မေးချင်တယ်ကွာ'

'ဘာများလဲ လင်း'

ရန်က ခေါင်းငဲ့ပြီး ပြန်မေးသည်။

'အစ်ကို့ကို ဘင်ရှန်း လှမ်းခေါ်တာလား'

'ဘယ်ကလာ၊ ငါ့ဘာသာ ငါ စိတ်ကူးပေါက်ပြီး လာတာကွ၊ သူနဲ့ငါ သိပ်မရင်းပါဘူး၊ သူက သိပ်မဆိုးပါဘူး။ ရှူးယုနဲ့ ဟွာကို သူ တော်တော် သံယောဇဉ်ကြီးတာပဲ၊ ဒါကြောင့် သူ့ကို ငါ သဘောကျတယ်'

'ဟုတ်ကဲ့၊ ဟုတ်ပါတယ် အစ်ကို၊ ကဲ သွားတော့နော်၊ အစ်မနဲ့ ကလေးတွေကို ကျွန်တော် နှုတ်ဆက်လိုက်တယ်လို့ ပြောပေးနော်'

'အေးပါကွာ၊ မင်းကိုယ်မင်း ဂရုစိုက်နော်၊ မင်းကြည့်ရတာ မနှစ်က ထက် ပိုပိန်သွားသလိုပဲ'

ရန် ထွက်သွားသည်။ တောင်ပေါ် လမ်းအတိုင်း ဖြည်းဖြည်း လျှောက်သွားခြင်း ဖြစ်၏။ လင်းက သစ်ပင်ကြီးတစ်ပင် အောက်တွင် ရပ်ပြီး အစ်ကိုလုပ်သူကို မျက်စိတဆုံး ငေးကြည့် ကျန်ရစ်သည်။ စိတ်က ပုစွန်ဟင်းနှင့် စားရသည့် ညစာဝိုင်းကို ပြန်မြင်လာသည်။

ဘင်ရှန်းကို စကားမပြောဖို့ ဆုံးဖြတ်ထားသည်ကို ပြန်သတိရနေသည်။ ခုတော့လည်း သမီးယောက်ဖ အရင်းခေါက်ခေါက်ကြီးတွေ အတိုင်း ပါပဲလား၊

လခြမ်းက တံစဉ်ကွေးလို ကောင်းကင်တွင် လင်းနေသည်။

ဝ

## အခန်း [ ၄ ]

ဆေးရုံတွင် အလုပ်ပြန်ဝင်ပြီး တစ်ပတ်အကြာတွင် ရန်စုက လင်းကို ခေါ်တွေ့သည်။ သူက ဆေးရုံ နိုင်ငံရေးဌာနတွင် ဌာနမှူးဖြစ်နေပြီ။ လင်း စိုးရိမ်သွားသည်။ မြို့နယ်တရားရုံးက ဆေးရုံပါတီ ကော်မီတီသို့ လှမ်းအကြောင်း ကြားလိုက်ခြင်းများလား။ ဒါဆိုရင်တော့ ပြဿနာက အပ်နှင့် ထွင်းလို့ မရနိုင်တော့ပြီ။

နေ့လယ်စာ စားပြီးချိန်တွင် လင်းနှင့် ရန်စုတို့နှစ်ယောက်သား ဆေးရုံ အပြင်ဘက်သို့ ထွက်ခဲ့ကြပြီး တောင်ဘက် ကိုက်သုံးရာအကွာရှိ အလယ်တန်း ကျောင်းကလေးဆီသို့ လျှောက်လာခဲ့ကြသည်။ ရန်စုက လူကောင်သေးသေး ခြေထောက်ကြီးကြီးနှင့် ဖြစ်သည်။ အနက်ရောင် ပတ္တူဖိနပ် စီးထားသည်။ ဖိနပ်ဦးတစ်နေရာတွင် ပေါက်ပြဲနေသည်ကို အပ်ချည်နှင့် ချုပ်လုပ် ဖာထေးထားသည်။ မိန်းမ၏ လက်ရာဖြစ်မည်။ သူတို့ သားကလေး မူလတန်း ထားဖို့အတွက် အရွယ်ရောက်လာ၍ မိန်းမက မကြာသေးခင်ကမှ သူနှင့် အတူ လာနေသည်။

သူက စမေးသည်။

'ခင်ဗျား ကွာရှင်းဖို့ကိစ္စ ဘယ်လိုလဲဟင်'

www.burmeseclassic.com

www.burmeseclassic.com



'တရားရုံးက ပယ်လိုက်တယ်'

'ဘာပြုလို့လဲဗျ'

'ကျွန်တော့်ယောက်ဖ ဝင်နှောက်လို့ပေါ့ဗျာ၊ ရုံးပြင်မှာ တုတ်တပြက် ဓားတပြက်နဲ့ လုပ်လို့ ဟိုးလေးတကျော်တွေ ဖြစ်ကုန်တယ်လေ'

ရန်စုက နှုတ်ခမ်းကို လျှာနှင့် လျက်လိုက်ပြီး

'စိတ်ရှည်ရှည်ထားဗျာ၊ တစ်နေ့ ဖြစ်လာရမှာပေါ့'

စကားပြတ်သွားပြီး ဆက်လျှောက်လာခဲ့ကြသည်။ မိမိကိစ္စကို ဘာမှ သူ ဆက်မပြောသဖြင့် လင်းစိတ်ထဲ ဇဝေဇဝါဖြစ်သွားသည်။ ဘာများပါလိမ့်။ သူ့ခေါင်းထဲတွင် တစ်ခုခု ရှိနေပုံ ရသည်။

ထနောင်းပင်ရိပ်တွင် သူတို့ ထိုင်လိုက်ကြသည်။ ခပ်လှမ်းလှမ်းမှ ကျောင်းအဆောက်အအုံသည် အညိုရောင်ဖြစ်သော်လည်း နေရောင်ခြည်တွင် ဖြူဖျော့ဖျော့ဖြစ်နေသည်။ ကျောင်းခန်းတံခါးတွေအားလုံး ပွင့်နေသည်။ အလံတစ်ဒါဇင်လောက်က လေမလာသဖြင့် တိုင်ထိပ်တွင် လိပ်နေသည်။

ကျောင်းသားတစ်သိုက် ဘောလုံးကွင်းထဲတွင် မြက်နုတ်နေကြသည်။ ရန်စုက သူတို့ကို လှမ်းကြည့်ပြီး မကျေမနပ်လေသံဖြင့် ပြောသည်။

'ဘာပြုလို့ မြက်တွေ နုတ်နေကြလဲ မသိဘူး၊ ဖုန်ထမှာပေါ့'

လင်းက ပြုံးပြီး သူ့ကို စီးကရက်တစ်လိပ် ကမ်းပေးလိုက်တော့ သူ မီးညှိသည်။

'လင်း၊ ခင်ဗျား ပြည်နယ် စစ်ဌာနချုပ်က တွဲဘက် နိုင်ငံရေးမှူး ဝေကို သိလား'

'အင်း ကြားဖူးတယ်'

'ခေတ်ပညာတတ် လူတော်တစ်ယောက်ပါ၊ စကားပြောလည်း သိပ်ကောင်းတယ်'

'အဲဒီတော့. . .'

'လွန်ခဲ့တဲ့ နှစ်လလောက်က သူ့မိန်းမနဲ့ ကွဲသွားတယ်၊ အဲ မိန်းကလေး တစ်ယောက် ရှာနေတယ်'

လင်းက သူ့ကို စိုက်ကြည့်နေလိုက်သည်။ ရန်စု စကားဆက်၏။

'ကျွန်တော် တစ်ခု ပြောမယ်နော်၊ ခင်ဗျား စိတ်မဆိုးရဘူး'

'ပြောပါ၊ မဆိုးပါဘူး'

'နိုင်ငံရေးမှူးဝေက သင့်တော်တဲ့ မိန်းကလေးတစ်ယောက် ရှာပေးရင် ကျွန်တော်တို့ ဆေးရုံကို ဘာဝန်ပေးတယ်၊ ဆရာဝန်မတစ်ယောက် ဖြစ်ဖြစ်



သူနာပြုဖြစ်ဖြစ် သူ လက်ထပ်ချင်ပါတယ်တဲ့၊ သူ့ကို ပြုစုဖို့ပေါ့။ သူက ငါးဆယ် ပြည့်ပြီ။ ဆရာမလေးတွေက သိပ်ငယ်ကြတော့ ပါတီကော်မတီက မာနာဟူးကို ထောက်ခံပေးဖို့ စဉ်းစားနေတယ်၊ သူက သက်လတ်ပိုင်းဆရာမတွေထဲမှာ အချောဆုံးလေ'

ရန်စုက ခဏရပ်ပြီး လင်းမျက်နှာကို လှမ်းကြည့်သည်။ နည်းနည်းတော့ လင်း မျက်နှာပျက်နေသည်။ ရန်စု ဆက်ပြော၏။

'ဆုံးဖြတ်ချက်တော့ မကျသေးပါဘူး၊ ခင်ဗျား သဘောတူရင် ခင်ဗျား ဘက်က ရပ်ပြီး ကျွန်တော် ဆွေးနွေးပေးမယ်၊ မနက်ဖြန် အစည်းအဝေး ရှိတယ်'

လင်း ဘာမှ မပြောဘဲ ငြိမ်ပြီး နားထောင်နေသည်။ သစ်ရွက်ကလေး တစ်ရွက်ပေါ်တွင် နားနေသည့် လိပ်ပြာနီကလေးကို ငေးကြည့်နေ၏။ သူ့ရင်ထဲတွင် ထုံထိုင်းနေသည်။

'ကဲ ခင်ဗျား ဘယ်လို သဘောရလဲ လင်း'

ရန်စုက အကြာကြီး စောင့်ပြီးမှ မေးလိုက်သည်။

'အဲဒီကိစ္စ မာနာ သိပြီးပြီလား'

'ခင်ဗျား ရှာပြန်နေတုန်း ကျွန်တော်တို့ သူနဲ့ ဆွေးနွေးပြီးပြီ။ သူ စဉ်းစားပါဦးမယ်တဲ့'

'အဖြေ မပေးသေးဘူးပေါ့'

'ဟုတ်တယ်၊ မပေးသေးဘူး'

'သူ့အတွက် ကောင်းတာပေါ့၊ နိုင်ငံရေးမှူးဝေက လက်ထပ်မယ် ဆိုရင်ပေါ့လေ၊ ကျွန်တော် ဝမ်းတောင် သာရဦးပေါ့'

ညွန့်မှူးစုက လင်းကို တအံ့တသြ ငေးကြည့်နေသည်။

'အင်း. . . ခင်ဗျားဟာ တော်တော်ကို ပြည့်ဝတဲ့ လူပဲ၊ တော်ရုံလူဆို ဘယ်ခံနိုင်မလဲ၊ ရှုံ့ရှုံ့ရှဲ့ရှဲ့ဖြစ်မှာ သေချာတယ်၊ အူနု ကျွဲခတ်တဲ့ ကိစ္စပဲ'

လင်းက လည်ချောင်း ရှင်းလိုက်ပြီး

'ပြောစရာတော့ ရှိတယ်ပေါ့ဗျာ၊ နိုင်ငံရေးမှူးဝေက မာနာ့ကို စိတ်ဝင်စားရင် တောင်းဆိုစရာ အချက် နှစ်ချက် ရှိတယ်ဗျ'

'ပြောပါ လင်း'

'တစ် မာနာ့ကို အဆင့် နှစ်ဆင့် တိုးပေးရမယ်၊ နှစ် မာနာ့ကို ဘတ္တသိုလ် ဆက်တက်ခိုင်းရမယ်'

www.burmeseclassic.com

www.burmeseclassic.com



'အင်း ခင်ဗျား မာနဘ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ကျွန်တော် သိပါပြီဗျာ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်၊ ခင်ဗျားက မာနရဲ့ တရားဝင်ချစ်သူ မဟုတ်တော့ အဲဒီလို တောင်းဆိုပိုင်ခွင့် မရှိဘူး ထင်တယ်၊ ကျွန်တော်တို့ ပါတီကော်မတီအနေနဲ့လည်း မရှိဘူးပေါ့'

လင်း ဘာမှ ဆက်မပြောဘဲ မျက်မှောင်ကြုတ်နေသည်။ ရန်စု စကားဆက်သည်။

'အဲဒီအတွက် စိတ်မပူပါနဲ့ဗျာ၊ မာနဘူးကို သူ လက်ထပ်ရင် အဆင့်မြင့်ပေးမှာ သေချာပါတယ်၊ ကျွန်တော် သိချင်တာက ခင်ဗျား သူ့ကို စွန့်နိုင် မစွန့်နိုင်ဆိုတဲ့ အချက်ပါပဲ'

လင်း အကြာကြီး ငြိမ်ကျသွားပြန်သည်။ နောက်ဆုံးတွင်မှ သူ့ကိုယ်သူ ပြောနေသလို စကား ပြန်စသည်။

'ကျွန်တော်က အိမ်ထောင်သည်ပဲ၊ သူ့ကို တားပိုင်ခွင့် မရှိပါဘူး။ ဒီကိစ္စက သူ့အပေါ်မှာပဲ တည်ပါတယ်'

'ခင်ဗျား နှလုံးသားဟာ မြင့်မြတ်ပါပေတယ်ဗျာ'

နှစ်ယောက်သား ထပြန်လာခဲ့ကြသည်။ သည်အကြောင်း ဘယ်သူ့မှ မပြောဖို့ နှစ်ယောက်စလုံး သဘောတူကြသည်။

၁

နောက် သုံးရက်ကြာတော့ သည်အကြောင်း မာနာက လင်းကို ဖွင့်ပြော သည်။ သည်အခွင့်အရေးကို လက်လွှတ်မခံသင့်ကြောင်း နှစ်ယောက် စလုံး သဘောတူကြသည်။ သည်ပြည်နယ်တွင် ဝေဆိုသည့် ပုဂ္ဂိုလ်က ဩဇာ တိက္ကမအကြီးမားဆုံး မဟုတ်လား။ သူနှင့် အဆင်ပြေလျှင် ဟာဘင်ကို ပြောင်းဖို့လည်း အဆင်ပြေနိုင်သည်။ ဟာဘင်ကို ရောက်လျှင် မာနဘ့အတွက် အခွင့်အလမ်းတွေ အများကြီး ပွင့်သွားတော့မည်။ နိုင်ငံရေးမှူးက မြှောက်စား လျှင် မာနာ ဆရာဝန် ဖြစ်နိုင်သည်။ အခြား တက္ကသိုလ်မှ ဘွဲ့တစ်ခုခုလည်း ရနိုင်သည်။

မာနဘ့အနာဂတ်အတွက် လင်း ဝမ်းသာပါ၏။ သို့သော် ချစ်သူကို စွန့်လွှတ်ဖို့ တွေးမိလျှင်တော့ ရင်နှင့်အမျှ ခံစားရလေသည်။ နိုင်ငံရေးမှူး ဆိုသူကိုလည်း ဒေါပွလို့မဆုံး ဖြစ်နေ၏။ သူ့အရှိန်အဝါနှင့် ဘယ်မိန်းမမဆို ခေါင်းခေါက် ရွေးနိုင်ပါလျက်. . . ။ မာနဘ့ကို ရအောင် မယူနိုင်သည့် အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ဒေါပွနေ၏။ သူ့မှာ လက်ရှိ တွဲနေသည့်



မိန်းမတွေ အများကြီး ရှိနိုင်သည်။ မိမိမှာက တစ်ယောက်တည်း။ ဘယ်လောက် နာကြည်းစရာ ကောင်းလိုက်ပါသလဲ။ 'သူဌေးတစ်ယောက်က သူတောင်းစားတစ်ယောက် ထမင်းဆာတာကို နားမလည်နိုင်ဘူး' ဟူသည့် ဆိုရိုးကို လင်း သတိရနေသည်။

မာနဘ့ကိုလည်း ဒေါပွနေ၏။ ကတော်ဖြစ်ရတော့မှာမို့ ချစ်သူကို ထည့်မတွက်တော့သည့် ပုံမျိုး။

တစ်ပြိုင်တည်းတွင် တချိန်လုံး ရင်လေးနေရသည့် ကိစ္စကြီး ပေါ့သွား သလို ဖြစ်သွား၏။ နွေရောက်တိုင်း ရွာပြန်ပြီး မိန်းမနှင့် ကွာရှင်းဖို့ကိစ္စ လုပ်စရာ မလိုတော့ဘူးလေ။ နောက်တစ်ခေါက်ဆိုလျှင်လည်း ရွှေယောက်ဖ ဘာတွေ အကောက်ကြံဦးမည် မသိ။

တလောက တရားရုံးတွင် မာနဘ့နာမည်ပေးဖို့ ကိစ္စကို လင်းက ပြောပြလိုက်သည်။ မာနာ ဘာမှ မပြောတတ်အောင် ဖြစ်နေသည်။ စိတ်ထဲက အောင့်သက်သက် ဖြစ်လာသည့် အခါမျိုးတွင်တော့ လင်းက မာနဘ့ကို စကားနာထိုးတတ်သည်။ တစ်နေ့တွင် စားပွဲတင်တင်းနစ်ရိုက်အပြီး အခန်းထဲ တွင် ဘယ်သူမှ မရှိ၍ လင်းက စကားစသည်။

'ကတော်ဖြစ်သွားရင်တော့ တို့ကို မမေ့ပါနဲ့နော်၊ ငမွဲ ဆရာဝန်လေး တစ်ယောက်နဲ့ စားပွဲတင်တင်းနစ် ကစားခဲ့တဲ့ အဖြစ်တွေကိုလည်း မေ့မပစ် လိုက်နဲ့ဦး'

'အို တော်ပါတော့'

မာနာ အော်ပြောသည်။

'ကိုယ်က စတာပါကွာ'

'မာနာ ပျော်နေတယ်လို့ ဆရာထင်လား၊ ကိုယ့်ကိုယ်ကိုယ် ရောင်းစား တဲ့ မိန်းမလို့ မာနဘ့ကိုယ် မာနာ ထင်နေတာ၊ ဆရာ သိလား'

'အဲဒီလိုလဲ မတွေးပါနဲ့လေ၊ ဆရာ ဆိုလိုတာက. . . '

'သိပ်မှန်းဖို့ ကောင်းတာပဲ၊ ခေါင်းပေါ်က ဝန်ထုပ်ဝန်ပိုးကြီး ကျသွားပြီ ဆိုပြီး ဆရာ ဝမ်းသာနေတာ မဟုတ်လား'

မာနဘ့မျက်လုံးများထဲတွင် ဒေါသမီးတွေ ဝေနေသည်။ ဘက်တံကို အိတ်ထဲထည့်ပြီး ဇစ်ကို ဆောင့်ဆွဲပိတ်ရင်း ဘာတစ်ခွန်းမှ မပြောတော့ဘဲ အခန်းထဲမှ ထွက်သွားလေတော့သည်။

လင်း ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်သည်။ မျက်စိကို နာနာပိတ် ထားလိုက်၏။ မူးရီမူးဝေ ဖြစ်ကျန်ရစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သွားပြောမိသည့်အတွက် နောင်တရနေသည်။ သို့သော် သူ့နောက်သို့ လိုက်မသွားတော့ဘဲ ဦးထုပ်ချွတ်၍ မျက်နှာမှ ချွေးတွေကို သုတ်လိုက်သည်။ အကျီနှင့် ပစ္စည်းတွေ ယူပြီး အခန်းမီးပိတ်ကာ အဆောင်သို့ ပြန်လာခဲ့သည်။

နောက်နေ့တွင် သည်အကြောင်း မပြောတော့ပါဘူးဟု မာနော့ကို ကတိပေးလိုက်သည်။

၀

## အခန်း [ ၅ ]

မူဂျီသို့ ပြည်နယ် နိုင်ငံရေးမှူးဝေ တစ်ညအိပ်ခရီး ထွက်လာဖို့ အကြောင်းဆိုက်လာသည်။ နယ်စပ်မှ ခံတပ်ကလေးတစ်ခုကို သူပိုင်သည် ငါပိုင်သည် ငြင်းနေကြသည့် ကိစ္စအတွက် ရုရှားတို့နှင့် ညှိနှိုင်းရန် နယ်စပ်သို့အသွား မူဂျီတွင် တစ်ည ဝင်နားမည်။ သည်ခံတပ်မှာ ဆိုဗီယက်ယူနီယံနှင့် တရုတ်နယ်ခြားတွင် ဂျပန်တွေ၊ ၁၉၃၀ ခုနှစ်က ဆောက်သွားသည့် ခံတပ်ငယ်တစ်ခုဖြစ်သည်။

ဟိုဘက် သည်ဘက် နယ်ခြားစောင့်တပ်အချင်းချင်း ခဏ ခဏ ပြဿနာဖြစ်နေသည့် နေရာ။ သေနတ်နှင့် ပစ်ကြသည့်အထိတော့ မဖြစ်ကြသေး။ စပစ်သည့်ဘက်က အပစ်အခတ်ရပ်စဲရေး စာချုပ်ကို ချိုးဖောက်ရာရောက်မည်ဖြစ်၍ သေနတ်ကို မကိုင်ကြသေးသော်လည်း ခဲနှင့် ပစ်လိုက် တုတ်နှင့် ပစ်လိုက် လုပ်နေကြသည်မှာတော့ ကြာပြီ။

နယ်စပ်ကို မသွားခင် ညတွင် မူဂျီစစ်တပ်ဟိုတယ်၌ [illegible] တွေ့ချင်ပါသည်ဆို၍ သက်ဆိုင်ရာတွေက စီစဉ်ပေးကြရသည်။

ထိုနေ့တွင် မာနော့အား ဆေးရုံမှ ခွင့်ပေးလိုက်ကြသည်။ [illegible] အနေဖြင့် သိပ်ပြင်ဆင်စရာ မလိုပါ။ စစ်ဝတ်စုံ ဝတ်သွားရုံပင်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ရေနွေးနှင့် ရေချိုးပြီး ကောင်းကောင်း နားနေလိုက်သည်။ တစ်ရေးလောက် အိပ်ဖို့ ကြိုးစားသေးသည်။ သို့သော် စိတ်လှုပ်ရှားနေ၍ အိပ်လို့ မပျော်။ နှစ်စဉ် ဖြေဆိုရသည့် အပြည်ပြည်ဆိုင်ရာ ပစ္စည်းမဲ့တော်လှန်ရေး သမိုင်းစာမေးပွဲကို ဖြေဆိုရမည့်နှယ် ရင်တွေ ခုန်နေသည်။ သို့သော် မိုင်ဒေါင်းနှင့်တုန်းက ရင်ခုန်နည်းမျိုး မဟုတ်။ ချစ်သော ဆရာနှင့် သာယာ ချမြိန်သော ရင်လှိုင်းခတ်မျိုး မဟုတ်။

စိတ်ငြိမ်အောင် ကြိုးစားကာမှ ပို၍ ဂနာမငြိမ်ဖြစ်နေ၏။ ဘတ်စ်ကား ချိန်ကုန်သွားရင် ဘာနှင့် ပြန်လာရမှာပါလိမ့်။ လမ်းလျှောက်ပြန်လျှင် အနည်းဆုံး တစ်နာရီကြာမည်။ စက်ဘီးလည်း မစီးတတ်၊ ဆေးရုံက ခေါင်းဆောင်တွေ ကားစီစဉ်ပေးဖို့လည်း မပြောရဲ။ ဆရာက စက်ဘီးစီးသင်ဖို့ ခဏ ခဏ ပြောသည်။ ဆရာ့စကား နားမထောင်ခဲ့မိသည့်အတွက် ခုမှ နောင်တရနေ၏။

ညစာစားပြီးသည်နှင့် သားရေခြေညှပ်ဖိနပ်ကောက်စွပ်ကြည့်သည်။ ရှူးဖိနပ်စီးလျှင် စိတ်ထဲက အရပ်ကြီး ပိုရှည်သွားသလို ထင်နေခြင်းကြောင့် ဖြစ်သည်။

ခုအချိန်အထိ ဘာနှင့် သွားရမှန်း မသိသေး။ ခြေကျင်လျှောက်ရမည် ဆိုလျှင်တော့ ဖိနပ်ပေါင်းစီးသွားပြီး သားရေခြေညှပ်ဖိနပ်လှလှကလေးကို လက်ပွေ့အိတ်ထဲ ထည့်သွားမည်။ ဟိုတယ် ရောက်မှ လဲစီးမည်။ သွားတိုက်နေတုန်း အဆောင်ရှေ့သို့ ဂျစ်ကားတစ်စီး ထိုးဆိုက်လာသည်။ ရှေ့မှန်တစ်ခုလုံး နှင်းတွေဖုံးလျက်။ သူ့ကို မပြောဘဲ လူကြီးတွေက ကားစီစဉ်ပေးခြင်း ဖြစ်သည်။

ဂျစ်ကားပေါ်သို့ မာနာတက်လိုက်သည်နှင့်ဘီးလိမ့်တော့သည်။ ဝစ်တပ် ဟိုတယ်မှာလွန်ခဲ့သည့်နှစ်ငါးဆယ်က ဆောက်ထားသည့် အမည်းရောင် အုတ်တိုက်ကြီး ဖြစ်သည်။ ဂျပန်ခေတ်က ဂျပန်စစ်သားများအတွက် ဆောင်ကြာမြိုင် ဖြစ်ခဲ့ဖူးသည်။ မိန်းကလေးများက ဂျပန်မယောင် ဆောင်ထားသည့် ကိုရီးယားအမျိုးသမီးများဖြစ်၏။ ထိုစဉ်က ရုရှားရူဘယ်ရော၊ တရုတ်ယွမ်ပါ နှစ်မျိုးစလုံး သုံးစွဲနေကြချိန် ဖြစ်၏။ ပိုင်ရှင်က ရူဘယ်ကို လက်မခံ။ ယွမ်ကိုသာ လက်ခံသည်။ ဧည့်သည်က တရုတ်လူမျိုးဆိုလျှင် နှစ်ဆ ပေးရသည်။



မာနာ ရောက်သွားချိန်မှာ စက်ဘီးရှုပ်ချိန် ဖြစ်သည်။ လမ်းဆုံတွင် ဝတုတ်တုတ် ယာဉ်ထိန်းရဲတစ်ယောက်က လက်ကိုင် အသံချဲ့စက်ဖြင့် အော်ဟစ်ပြီး ကြိမ်းမောင်းနေသည်။ လေထဲတွင် ဟင်းနံ့ သင်းပျံ့နေ၏။

ဂျစ်ကားက ဟိုတယ် အပေါက်ဝတွင် မာနာ့ကို ချပေးပြီး မောင်းထွက်သွားသည်။ ဆေးရုံကို ဘာနဲ့ ပြန်ရမှာပါလိမ့်။ မာနာ ခဏ တွေသွားပြန်သည်။ အို. . . လမ်းလျှောက်ပြန်တာပေါ့။ ဘာကြောက်စရာ ရှိလဲ။ ဘယ်တုန်းကမှ အမှောင်ကို မကြောက်ခဲ့တာပဲ။ ရဲဘော်တစ်ယောက် လျှောက်လာပြီး နိုင်ငံရေးမှူးကြီး၊ ဒုတိယထပ်၊ မီသားစု အခန်းနံပါတ်-၆ တွင် စောင့်နေပါကြောင်း လာသတင်းပို့သည်။ ကျေးဇူးတင်ကြောင်း ပြောပြီး အပေါ်ထပ်သို့ မာနာ တက်လာခဲ့သည်။ စိတ်ထဲတွင် ထူးထူးခြားခြား တည်ငြိမ်နေ၏။

ရဲဘော်ကလေးတစ်ယောက် တံခါး လာဖွင့်ပေးသည်။ ဆယ့်ခြောက်နှစ်သားလောက်ပဲ ရှိဦးမည်။ စံပယ်လက်ဖက်ခြောက် ရေနွေးကြမ်း ထည့်ပေးပြီးမှ 'ကြာခင် နိုင်ငံရေးမှူးဝေ ရောက်လာပါလိမ့်မယ် ခင်ဗျာ' ဟု ရှိုရိုသေသေ ပြောပြီး အခန်းထဲမှ ထွက်သွားသည်။

ဆိုဖာပေါ်တွင် ထိုင်ကာ နံရံမှ ဥက္ကဋ္ဌကြီးမော်၏ ပုံကို မာနာ ထူမ်းကြည့်နေသည်။ အရပ်မြင့်မြင့်နှင့် သုံးဆယ်အရွယ်က ပုံ။ အပြာရောင် ချည်ထည်ဝတ်ရုံရှည်ကြီးနှင့်။ ချိုင်းကြားတွင် ထီးတစ်ချောင်း ညှပ်လျက်။ တောင်ပေါ်လမ်းကို လှမ်းတက်တော့မည့်ဆဲဆဲပုံ။ ကျောက်မီးသွေးတွင်း အလုပ်သမားတွေဆီကို စည်းရုံးရေးခရီးထွက်စဉ်က ပုံဖြစ်သည်။ အခန်းက ခေတ်မီဟိုတယ်ကြီးတွေလောက် မကျယ်။ အရပ်မြင့်မြင့် လူတစ်ယောက် ဝင်လာသည်။ မာနာ့ဆီသို့ ပြုံးပြီး လျှောက်လာသည်။

လက်ကမ်းပေးရင်း နှုတ်ဆက်သည်။

'ရဲဘော် မာနာဟူးပေါ့နော်'

မာနာက ထပြီး လက်ဆွဲ နှုတ်ဆက်ရင်း

'ဟုတ်ကဲ့ရှင့်'

သူ့လက်ဖဝါးတွေက ပိုးသားလက်အိတ်စွပ်ထားသလား အောက်မေ့ရအောင် နူးညံ့သည်။

'ကျွန်တော် ဝူဟွန်ဝေပါ၊ တွေ့ရတာ ဝမ်းသာပါတယ်။ ထိုင်ပါ ထိုင်ပါ'

www.burmeseclassic.com

www.burmeseclassic.com



သူ၏ အေးဆေးသည့် အမူအရာကြောင့် မာနာ သက်သောင့်သက်သာ ရှိနေသည်။ ထိုင်လိုက်ကြသည်နှင့် သူက မာနာ့အလုပ်အကြောင်း မေးသည်၊ မိသားစုအကြောင်း၊ ဇာတိ ရပ်ရွာအကြောင်း တစ်ခွန်းမျှ မမေး။ မာနာ ချက်ချင်း သဘောပေါက်လိုက်ပြီ။ အင်း သူ ငါ့ကိုယ်ရေးဖိုင်တွဲကို ဖတ်ပြီးလောက်ပြီ။ မိဘမဲ့ဘဝ ဆိုတာလည်း သိပြီးရောပေါ့။

သူက ရှပ်အင်္ကျီအဖြူ ဝတ်ထားသည်။ မျက်နှာ အမြဲ ပြုံးလျက်၊ နိုင်ငံရေးသမား တစ်ယောက်၊ အရာရှိ တစ်ယောက်နှင့် မတူဘဲ ပါမောက္ခ တစ်ယောက်နှင့် တူနေသည်။ ဆံစကလေးများ ဖြူနေပြီ။ မျက်နှာဝိုင်းဝိုင်းက အသားနည်း၍ ခန္ဓာကိုယ်ပြည့်ဖြိုး တောင့်တင်းသဖြင့် မျက်နှာနှင့် ကိုယ် မလိုက်သလို ဖြစ်နေသည် ထင်၏။ မျက်လုံးတစ်ဖက်က တစ်ဖက်ထက် ပိုကျယ်ကြောင်းလည်း မာနာ သတိထားလိုက်မိ၏။ သဘောကောင်းသော ရောမ ကြောင်ကြီးတစ်ကောင်နှင့် တူသလိုလိုပဲ။

ပြန်လှန် မေးခွန်းမျိုး ဘာမှ မမေးရဲသဖြင့် သူ မေးသမျှ မာနာ ဖြေနေရသည်။ ထင်သလို မဟုတ်ပါလား။ သူ့ရှေ့တွင် မာနာ အနေထိုင်ကျုံ့မနေ။ စိတ်ကျဉ်းကျပ်မနေ။ သူက အပေါ်စီးမှ ပြောသည့် လေသံနှင့် တစ်ခွန်းမျှ မပြော။ ပို၍ အံ့ဩစရာကောင်းသည်မှာ သူက မာနာပြောသမျှ တလေးတစား အာရုံစိုက် နားထောင်ခြင်း ဖြစ်၏။ မိန်းကလေးတစ်ယောက် ပြောစကား တလေးတစား နားထောင်သည့် ယောကျာ်းမျိုး မာနာ မတွေ့ဖူးခဲ့။ ဆရာက လွဲရင်ပေါ့လေ။

လင်ယောကျာ်းတစ်ယောက်အနေနှင့်လည်း မိန်းမကို ဂရုစိုက်မည့် ပုံစံမျိုးပါ။ သူတို့ ဘာကြောင့် ကွဲကြတာပါလိမ့်။

သူက စီးကရက်ဘူး ထုတ်ပြီး မာနာ့ကို ဆေးလိပ် သောက်ခွင့်တောင်းသည်။ မာနာ အံ့ဩရပြန်သည်။ သူ့ကို လူလူသူသူ သဘောထားပြီး ဆေးလိပ်သောက်ခွင့်တောင်းသည့် လူမျိုးလည်း မာနာ မတွေ့ဖူးခဲ့။

'သောက်ပါရှင်၊ သောက်ပါ၊ ဆေးလိပ်နံ့ကို မာနာ သဘောကျပါတယ်'

မာနာက အမှန်အတိုင်းပြောလိုက်ခြင်း ဖြစ်သည်။ စိတ်ဓာတ်ကျသည့်အခါ သူကိုယ်တိုင် တစ်လိပ်တလေ ဖွာဖူးသည် မဟုတ်လား။

သူက မေးသည်။

'မင်း ဆေးလိပ် သောက်တတ်လား'



'သောက်တတ်တယ်လို့တော့ မဟုတ်ပါဘူး'

'ဒါဆို တစ်ခါတလေ သောက်တယ်ပေါ့'

'ဟင့်အင်း. . . အဲ. . . ဟုတ်ကဲ့'

သူသောက်သည့် စီးကရက်နံ့က မွှေးလှသည်။ ဘာတံဆိပ်များ ပါလိမ့်။

'အင်း ကိုယ် အကဲခတ်လို့ ရပါတယ်၊ မင်း ပျင်းတဲ့အခါ စီးကရက် သောက်တယ်ပေါ့'

'ဟုတ်ကဲ့၊ တစ်နှစ်လုံးနေမှ တစ်ခါတလေပါ'

'ဒါဆို ဆေးရုံမှာ မင်းအတွက် ပျော်စရာ ဘာရှိသလဲ'

'တစ်ခါတလေ စာဖတ်ပါတယ်'

'ဟုတ်လား၊ နောက်ဆုံးဖတ်ခဲ့တဲ့ စာအုပ်အကြောင်း ပြောပါဦး'

သူက စီးကရက်ပြာခွေ့ရင်း ပြောလိုက်ခြင်း ဖြစ်၏။ သူ့လက်ချောင်းများမှ သွေးကြောကလေးတွေကို မာနာ မြင်လိုက်သည်။

စာအုပ်အကြောင်းမေးတော့ မာနာ ကြောက်သွားသည်။ မာနာက ဘယ်စာအုပ်ကိုမှ အစအဆုံး ဖတ်တာမှ မဟုတ်တာ။ လင်း စာအုပ်စင်မှ စာအုပ် နာမည်တွေကိုတော့ မှတ်မိနေသည်။

'ခုတလော အလုပ်များတာနဲ့ သိပ်မဖတ်ဖြစ်ပါဘူး၊ ဟိုတုန်းကလည်း ဝတ္ထုတွေပဲ ဖတ်ဖြစ်တာပါ'

'ဟုတ်လား၊ ဘယ်လို ဝတ္ထုတွေလဲ'

'အဲ. . .၊ Red Crag, All Quiet flow the Don, Anna Karning, The Yanfuars ကျောက်ဆောင်နီတို့၊ တငြိမ့်ငြိမ့်ဒွန်တို့၊ အင်နာကာရနီနာတို့ ဆပ်တော်ဦးတို့ပေါ့. . .'

ရုရှားဝတ္ထုနှစ်ပုဒ်ကို ထည့်ပြောလိုက်မိသည့်အတွက် မာနာ လန့်သွားသည်။ အင်္ဂလိပ်ရာမယ်များသည့် ဖောက်ပြန်ရေးစာပေအဖြစ် သူတို့ သတ်မှတ်ထားသည့် စာအုပ် နှစ်အုပ်။

'ဟုတ်လား၊ ကောင်းတာပေါ့၊ သိပ်ကောင်းတဲ့ စာအုပ်တွေပဲ'

သူ့မျက်လုံးတွေ အရောင်တောက်လာပြီး ဆက်ပြောသည်။

'မင်း တော်တော် စာဖတ်တာပဲ၊ ရုရှားဝတ္ထုကြီးတွေဆို ဒီနေ့ ထုယ်တွေ ဖတ်ရမယ်၊ တို့ငယ်ငယ်တုန်းကဆို အရှုးအမူး ဖတ်ခဲ့ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



သူက ချီးမွမ်းတော့ မာနာ သဘောကျသွားသည်။ ဘာပြန်ပြောရမှန်း မသိအောင် မာနာ ရှက်သွားသည်။

'ကိုယ် ဘာတွေ ဖတ်နေလဲ သိလား'

သူက ဘေးဘက်လှည့်ပြီး ယူလာသည့် သားရေအိတ်ထဲမှ အဝါရောင် စာအုပ်တစ်အုပ် ထုတ်ပြသည်။

'မင်း ဒီစာအုပ်နာမည် ကြားဖူးလား။ Leaves of Grass'

'ဟင့်အင်း၊ ကျွန်မ မကြားဖူးဘူး၊ ဘယ်သူရေးတာပါလိမ့်'

'Walt Whitman ဆိုတဲ့ ကဗျာဆရာ ရေးတာ၊ သိပ်ကောင်းတဲ့ ကဗျာ စာအုပ်ပေါ့၊ သူ့ကဗျာတွေဟာ သိပ်ရဲရင့်တယ်၊ သိပ်ခွန်အားကြီးတယ် တစ်ကမ္ဘာလုံးကို လွှမ်းခြုံနိုင်တဲ့ ကဗျာတွေပဲ၊ ကိုယ်ဖတ်တာ လေးခါရှိပြီ'

မာနာက စိတ်လှုပ်ရှားနေသည့် သူ့မျက်နှာကို တအံ့တဩ ငေးကြည့် နေသည်။

သူ လွန်သွားမှန်း သူ့ဘာသာသူ သိလိုက်ပုံ ရ၏။

'ဒါပေမဲ့ လွန်ခဲ့တဲ့ ရာစုနှစ်က ရေးခဲ့တဲ့ ကဗျာတွေပါ၊ အရင်းရှင်စနစ် ထွန်းကားနေချိန်လေ၊ ဘာပဲပြောပြော အဲဒီခေတ် အမြင်နဲ့ ပြန်ကြည့်ရင် တိုးတက်တဲ့ ကဗျာတွေပဲ၊ ဒီနေ့ ဘယ်အမေရိကန် ကဗျာဆရာမှ ဒါမျိုး မရေးနိုင်ကြတော့ဘူး၊ သူတို့တွေဟာ ဆွေးမြည့်နေတဲ့ အရင်းရှင်ဝါဒ နွံ နစ်နေကြတယ်၊ ဘာမှ အသစ်အဆန်း မထွင်နိုင်ကြတော့ဘူး'

သိပ်နားမလည်သော်လည်း သူ၏ ကြွယ်ဝသော စာပေအယူအဆ ဗိုးဗိုးဒေါက်ဒေါက် ပြောတတ်ပုံကို မာနာ သဘောကျသွားသည်။

'ဟုတ်ကဲ့၊ ကျွန်မ အဲဒီစာအုပ်ကို စာကြည့်တိုက်မှာ သွားရှာပါဦးမ

'မရှိနိုင်ဘူး ထင်တယ်၊ ဒါက လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်က ထွက် စာအုပ်လေ၊ ဘာသာပြန်တဲ့ စာရေးဆရာကိုယ်တိုင် ကိုယ့်ကိုပေးတာ၊ ထို နန်ကိုင်းတက္ကသိုလ်တုန်းက သူက ကိုယ့်ဆရာ'

'အော် နိုင်ငံရေးမှူးက အင်္ဂလိပ်စာ အဓိကလား'

'မဟုတ်ဘူး၊ ကိုယ့်အဓိကဘာသာက ဒဿနိက၊ ဒုတိယ အဓိ တရုတ်စာလေ၊ အဲဒီဆရာက သာသနာပြုကျောင်းထွက်ဆိုတော့ အင်္ဂလိ အရမ်းတော်တယ်၊ စာလည်း အရမ်းဖတ်တယ်၊ ၁၉၅၂ ခုနှစ်မှာ အ ရောဂါနဲ့ သူသေသွားတာ၊ ငယ်ငယ်ရွယ်ရွယ်နဲ့ သေသွားတာ သူ့အ



တစ်မျိုး ကောင်းပါတယ်၊ မဟုတ်ရင် ဒီတော်လှန်ရေးမုန်တိုင်းထဲမှာ သူ အလူးအလဲ ခံရမှာ'

ပြည်နယ် နိုင်ငံရေးမှူးကြီး၏ မျက်နှာမှာ ညှိုးမှိုင်းသွားပြီး ခေါင်း ငိုက်စိုက်ချလျက် တစ်ခုခုကို အလေးအနက် စဉ်းစားနေပုံရသည်။

မာနာက အခြေအနေကို စောင့်ကြည့်ပြီးမှ မရွံ့မရဲမေးလိုက်သည်။

'ဒါဆို ဒီစာအုပ်က ရှားပါးစာအုပ်ပေါ့နော်'

'အဲဒီလိုလည်း မဟုတ်ပါဘူး၊ တချို့ တက္ကသိုလ် စာကြည့်တိုက်တွေ မှာ ရှိနိုင်ပါတယ်၊ ဒါပေမဲ့ ငါးဆယ်ခုနှစ်နောက်ပိုင်း ပြန်မရိုက်တော့ ရှိချင်မှလည်း ရှိတော့မယ်'

သူ့မျက်နှာ ပြန်ရွှင်လာသည်။ မာနာက

'အော် ဟုတ်လား'

'ဒီလို လုပ်လေ၊ ဒီစာအုပ်ကို မင်းယူသွား၊ ဖတ်ပြီးရင် မင်း သဘောထားကို ရေးပြီး ကိုယ့်ဆီပို့'

'ဟုတ်ကဲ့၊ ကောင်းပါတယ်'

ပြောလို့သာ ပြောလိုက်ရသော်လည်း သည်ကဗျာတွေကို နားလည်နိုင် ပါ့မလားဟု မာနာ သူ့ကိုယ်သူ သံသယဖြစ်နေသည်။ ပြီးတော့ သူ့ဆီကို ထင်မြင်ခံစားမှုတွေ ရေးတင်ရဦးမည်တဲ့။ ဘာကြောင့် သွားပြီး အရှုပ်ထမိတာ ပါလိမ့်။ စာအုပ်ကို မာနာ အိတ်ထဲ ထည့်လိုက်ချိန်မှာပင် ရဲဘော်လေး ပြန်ဝင်လာသည်။

'ကားရောက်ပါပြီ ခင်ဗျာ'

နိုင်ငံရေးမှူးကြီးက မေးသည်။

'ကိုယ်တို့ ရုပ်ရှင်သွားကြည့်ကြမလို့၊ လိုက်ကြည့်ပါလား ရဲဘော်မာနာ'

မာနာ တွေသွားသည်။ ငြင်းရမှာလား၊ လိုက်ရမှာလား။

'ဟုတ်ကဲ့၊ မကြည့်ရသေးတဲ့ ကားဆိုရင်တော့ . . .'

'ပန်းသည်မလေး ကားလေ၊ မင်းကြည့်ပြီးပြီလား'

'ဟင့်အင်း၊ မကြည့်ရသေးဘူး'

'တို့လည်း မကြည့်ရသေးဘူး၊ မြောက်ကိုရီးယားကားလေ၊ တော်တော် ကောင်းတယ် ကြားတယ်၊ ဒါဆို သွားကြရအောင်'

သူတို့နှစ်ယောက် အခန်းထဲမှ ထွက်လာကြသည်။ ဟိုတယ်ဝိတ်တွင် မီးစိမ်းရောင် ဖော်လဂါဆီဒင်မှန်လုံတစ်စင်း စောင့်နေ၏။ ကားနံဘေးတွင်

www.burmeseclassic.com

www.burmeseclassic.com



လူငယ် အရာရှိတစ်ယောက် ရပ်နေသည်။ နိုင်ငံရေးမှူးဝေက သူတို့နှစ်ယောက်ကို မိတ်ဆက်ပေးသည်။

'ဒါ ရဲဘော်ဂျင်ယန်းတဲ့၊ အမှတ် ၃ နယ်ခြားတပ်မဟာက ဗိုလ်ကြီးပေါ့'

'ကျွန်မ မာနာဝူးပါ၊ တွေ့ရတာ ဝမ်းသာပါတယ်'

ပြောပြီး မာနာက လက်ကမ်းပေးလိုက်သည်။ ဗိုလ်ကြီးဂျင်ယန်း လက်ဆွဲ နှုတ်ဆက်ပုံက မာနာ့လက်တွေ ကြေမွသွားမလား အောက်မေ့ရသည်။ သို့သော် မာနာ ရှုံ့မဲ့သွားသည်ကို ထိုဗိုလ်ကြီး သတိထားမိပုံ မပေါ်။ လူထောင်ထောင်မောင်းမောင်း ဗလကောင်းကောင်းနှင့်။ ရှေ့တန်းမှ စစ်ဗိုလ်တစ်ယောက်မှန်း သိသာလှသည်။ ကိုယ်ကို မတ်မတ်ရပ်ကာ ၁၉၅၉ ခုနှစ်ပုံစံ ပစ္စတိုကို ခါးမှာ ချိတ်လျက်။

သူတို့အားလုံး ကားပေါ် တက်လိုက်ကြသည်။ ရဲဘော်ကလေးပါ ပါလာ၏။ ရပ်ရှင်ပြသည့် နေရာက တစ်မိုင်ခန့်ဝေးသည့် အလုပ်သမားယဉ်ကျေးမှုရိပ်သာနန်းတော် အဆောက်အအုံတွင် ဖြစ်သည်။

○

ရုပ်ရှင်ကြည့်ပရိသတ်က တစ်ရုံလုံး ပြည့်နေသည်။ သူတို့ ဝင်သွားတော့ပရိသတ်ထဲက အသိတွေ သူတို့ကို ဝိုင်းကြည့်နေကြသည်ကို မာနာ သတိထားလိုက်မိသည်။ ဟေယံက တခြားဘက် ကြည့်ပြီး စကားကောင်းနေသည်။ မာနာ့ကို မြင်တော့ မတ်တတ်ထပြီး လက်ပြသည်။ လာခဲ့ရမလားဟု အမူအရာဖြင့် မေးသည်။ မာနာ ခေါင်းယမ်းပြလိုက်၏။ မာနာ့မျက်နှာ တစ်ခုလုံး နီရဲနေသည်။

သူတို့ ခုံသို့ မရောက်ခင် မော်ဝတ်စုံနှင့် ခပ်ဝဝ အရာရှိတစ်ယောက် အသံကြီးဖြင့် အော်ပြီး နိုင်ငံရေးမှူးဝေကို လှမ်းနှုတ်ဆက်သည်။

'ဟော့၊ ဝေကြီး၊ မင်း နေကောင်းရဲ့လား၊ မတွေ့တာ ကြာပြီနော်'

ဝေက အံ့သြ ဝမ်းသာသွားသည့် အကြည့်ဖြင့် ဝမ်းသာအား ပြန်နှုတ်ဆက်သည်။

'ဟော့ကောင်ကြီး ရှောင်၊ မင်းကော နေကောင်းရဲ့လား၊ ဝမ်းသာလိုက်တာကွာ'

'အေး၊ ကောင်းပါတယ်ကွာ'



'လာကွာ၊ တို့နဲ့ အတူတူထိုင်'

သူတို့နှစ်ယောက် လက်တွဲမဖြုတ်ဘဲ အတန်း-၁၄ ဆီသို့ လျှောက်သွားခဲ့ကြသည်။ သူတို့နှစ်ယောက် မြို့တော်စည်ပင် အတွင်းရေးမှူးအကြောင်း ပြောလာခဲ့ကြသည်။ မာနာက နားစွင့်နားဖျား ကြားလိုက်၏။ နိုင်ငံရေးမှူး၏ သူငယ်ချင်းကို မာနာ သိသည်။ သူက မူကျီ၏ ဒုတိယမြို့တော်ဝန်လေ။

သူတို့အားလုံး တန်းစီ ထိုင်လိုက်ကြသည်။ မာနာ ဘယ်ဘက်တွင် နိုင်ငံရေးမှူးနှင့် ဒုတိယမြို့တော်ဝန်။ ညာဘက်မှ ဗိုလ်ကြီးဂျင်ယန်းနှင့် ရဲဘော်ကလေး။ မကြာခင် မီးတွေ မှိတ်သွားပြီး ရုပ်ရှင်စသည်။ နိုင်ငံရေးမှူးဝေက သောက်လက်စ စီးကရက်ကို ကြမ်းပြင်ပေါ် ပစ်ချပြီး ဖိနပ်နှင့် နင်းလိုက်သည်။

ဇာတ်လမ်းမှာ လူဆင်းရဲ မြောက်ကိုရီးယား မိသားစုတစ်ခု၏ ကြေကွဲဖွယ် ဇာတ်လမ်းဖြစ်သည်။ ဇာတ်ကွက် သိပ်မရှိဘဲ ဇာတ်လမ်းဖြစ်သွားပုံက ထူးခြားသည်။

မိန်းကလေးက သစ်ချသီးစားချင်၍ သစ်ချပင်ကြီးအောက်သို့ ရောက်သွားသည်။ ကောင်လေးနှစ်ယောက်က သစ်ချပင်ပေါ်တွင် ရောက်နေသည်။ ရွာမှာ အချမ်းသာဆုံး မြေပိုင်ရှင်ကြီးရဲ့ သားကလေးနှစ်ယောက်။ သူတို့က သစ်ချသီးတွေ ခူးပြီး အောက်က ကလေးတွေဆီ ပစ်ချပေးနေသည်။ ကလေးတွေက လုကောက်ကြသည်။ ညီအစ်ကို နှစ်ယောက်အနက် တစ်ယောက်က ဆင်းရဲသူ မိန်းကလေးကို ချိန်ပစ်လိုက်ရာ ဆူးနိုင်းချင်းနှင့် သစ်ချသီးသည် ကလေးမ၏ မျက်လုံးတည့်တည့် သွားမှန်တော့သည်။ ကလေး မျက်စိကွယ်သွား၏။ အစ်မလုပ်သူက မျက်မမြင် ညီမလေးနှင့် မိသားစုကို ပန်းရောင်းပြီး ကျွေးရသည်။ ညီအစ်မနှစ်ယောက်၏ မျက်ရည် ဇာတ်လမ်းမှာ အစမှ အဆုံးထိ ပရိသတ်ကို ကောင်းကောင်းကြီး ဖမ်းစားနိုင်ခဲ့သည်။ မိန်းကလေးနှစ်ယောက် ငိုကြွေးသည့် အခန်းတိုင်း ပရိသတ် ငိုကြသည်။

ရှိုက်သံများ၊ နှပ်ညှစ်သံများ မာနာ အတိုင်းသား ကြားနေရ၏။ မာနာ ကိုယ်တိုင်လည်း မျက်ရည်မဆယ်နိုင်တော့။ သို့သော် မျက်ရည်မသုတ်ဘဲ နေသည်။ မျက်ရည်ဥတွေ ပါးပြင်ပေါ် စီးကျလာ၏။ ညာဘက်မှ နိုင်ငံရေးမှူးကြီး ဝေက လက်ကိုင်ပဝါဖြင့် မကြာ မကြာ မျက်ရည်သုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယမြို့တော်ဝန်က ခေါင်းငုံ့ထားပြီး တရှုပ်ရှုပ် ရှိုက်နေသည်။ နိုင်ငံရေးမှူး ဝေတ မာနဲ့လက်ကို ဆုပ်ပြီး တစ်ဆို့ဆို့အသံဖြင့် ပြောသည်။

'တကယ် စိတ်မကောင်းစရာ ဇာတ်လမ်းပဲကွယ်'

'ဟုတ်ကဲ့၊ သိပ်ကောင်းတဲ့ ကားပါ'

မာနဲ့ ဘယ်ဘက်မှာ ထိုင်သည့် ဗိုလ်ကြီးဂျင်ယန်းကတော့ ကြွေမပျက်။ တောင့်တောင့်ကြီး ထိုင်ကြည့်နေ၏။ သူ ဝမ်းမနည်းတာလား မျက်ရည်နိုင်တာလား၊ မာနာ သိချင်နေသည်။ မသိမသာ သူ့ဘက်ကို မကြာ မကြာ ငဲ့ကြည့်မိသည်။ သူ့မျက်လုံးတွေက ဟိုးအဝေးကြီးကို ငေးကြည့်နေသည် ထင်ရ၏။ ပြီးတော့ သက်ပြင်းချသံ ကြားလိုက်ရသည်။

ရုပ်ရှင်ပြီးသွားပြီ။ မီးတွေ လင်းလာပြီ။ လူတွေ၏ မျက်လုံးတွေ နီနေကြသည်။ တချို့က အငိုမတိတ်နိုင်ကြသေး။

နိုင်ငံရေးမှူးဝေက မာနဲ့ဘက် လှည့်ပြီး၊

'ဒီလို ငိုရမယ့် ဇာတ်လမ်းမျိုးမှန်း သိရင် မင်းကို ကိုယ် မဖိတ်ပါဘူး ကွယ်'

'သိပ်ကောင်းတဲ့ ကားပါ၊ သိပ်သနားစရာ ကောင်းတာပဲ'

'အော် ဒါထက် ကိုယ် ရဲဘော်ဟောင်းကြီး ရှောင်နဲ့ စကားပြောစရာ ရှိလို့ မင်းကို ဗိုလ်ကြီးဂျင်ယန်း ပြန်ပို့ပေးလိမ့်မယ်၊ ဖြစ်ပါတယ်နော်'

'ရပါတယ်ရှင်၊ ကျေးဇူးတင်ပါတယ်'

'မြက်ပင်တို့၏ အရွက်များ၊ ကဗျာတွေအကြောင်း မင်း ရေးပို့ဦးနော်'

'ဟုတ်ကဲ့ပါရှင်'

ဝေက မာနဲ့ကို လက်ဆွဲ နှုတ်ဆက်သည်။ ပြီးတော့ ဗိုလ်ကြီးဂျင်ယန်းကို မာနဲ့အား ပြန်ပို့ဖို့ အမိန့်ပေးပြီး တစ်ဖက်သို့ လှည့်သွားသည်။

ဇော်လ်ဂါ၏ စက်သံက ညက်လှသည်။ ကတ္တရာလမ်းပေါ်တွင် ကားရှင်းနေ၍ ဘာသံမျှ မကြားရ။ ကားမောင်းသည့် ရဲဘော်လေးက ရုပ်ရှင်ကားအကြောင်း စားမြုံ့ပြန်ချင်နေပုံ ရသည်။

'တကယ် အဆွေးဇာတ်လမ်းပဲဗျာ၊ ကျွန်တော်ဖြင့် ငိုလိုက်ရတာ'

မာနာကလည်း ရုပ်ရှင်အကြောင်း ဝင်ဆွေးနွေးသည်။ ဗိုလ်ကြီး ဂျင်ယန်းတစ်ယောက်သာ ရှေ့ခုံတွင် ထိုင်ပြီး တုဏှိဘာဝေလုပ်ပြီး လိုက်လာ သည်။ မာနာက သူ ဘာလို့ ဒီလောက် အေးစက်နေရတာလဲ၊ သိချင်လာပြီ



'ဗိုလ်ကြီးဂျင်ယန်းကကော ဒီကားကို ဘယ်လို သဘောရသလဲတင်'

'မဆိုးပါဘူး'

'ရှင် ဘယ်လိုမှ မခံစားရဘူးလား'

'ဟုတ်ကဲ့. . . သိပ်ခံစားစရာ မရှိပါဘူး ထင်တယ်'

'ဟင်. . . ဘာပြုလို့၊ လူတိုင်း ငိုကြရတဲ့ ကားကို ရှင်က မခံစားရဘူး ဟုတ်လား'

'ကျွန်တော့်အတွက် ဒါ့ထက်ဆိုးတဲ့ အဖြစ်တွေနဲ့ နေ့တိုင်း တွေ့နေရ တာပဲ၊ ဒီတော့ သိပ်မထူးပါဘူး'

ကားသမား ရဲဘော်ကလေး အောင့်သက်သက် ဖြစ်လာပုံ ရသည်။

'ဗိုလ်ကြီးရဲ့ အတွေ့အကြုံတွေ ပြောပြပါလား'

'အို. . . ငါတွေ့နေတာတွေက အများကြီးကွ'

'တစ်ခုလောက် ပြောပြပါလား'

'ဥပမာဆိုပါတော့ကွာ၊ မနှစ်က ဆောင်းတွင်းမှာ မြေအောက်သီးနှံ သိုလှောင်ခန်းလုပ်ဖို့ တို့တွေ မြေကြီး တူးပြီး အုတ်စီကြတယ်၊ မြေပြိုလို့ လူဆယ့်နှစ်ယောက် မြုပ်ပြီးသား ဖြစ်သွားတယ်၊ စက္ကန့်ပိုင်းလေးအတွင်း ငါ့ မျက်စိအောက်က ပျောက်သွားတာနော်၊ ချက်ချင်း ဝိုင်းတူးကြတော့ တိုးယောက် အသက်မရှိတော့ဘူး၊ ငါတို့ တပ်ရင်းကို အနယ်နယ်အရပ်ရပ်က မိဘတွေ ရောက်လာကြတယ်၊ သူတို့ ငိုတာကမှ ရင်ကွဲနာကျချင်စရာ ကောင်းတာ၊ အဲဒီတုန်းက ငါ့နှလုံးသားတွေ ကြေမွကုန်တယ် ထင်တာပဲ၊ ဒါပေမဲ့ ငါ့ရဲဘော်တွေ စိတ်ဓာတ်မကျအောင် ငါ ကြွေမပျက်နေခဲ့ရတယ်။

'ငါ့ကို မိဘတွေက အမျိုးမျိုးပြောကြတယ်၊ [illegible]ကြတယ်၊ ရှေ့တန်းမှာ အဲဒါမျိုးတွေက နေ့တိုင်း တွေ့နေရတာ၊ မတော်တဆဖြစ်တာတွေ၊ တိုက်ပွဲ ကျတာတွေ၊ ငိုကြွေးတာတွေ၊ မျက်ရည်တွေ ငါ့အတွက် ဘာမှ မဆန်းတော့ ဘူးကွ'

ဆေးရုံရောက်လို့ မာနာဆင်းတော့ ဗိုလ်ကြီးဂျင်ယန်းပါ လိုက်ဆင်း သည်။ လက်ဆွဲ နှုတ်မဆက်တော့ဘဲ မာနာက သူ့ကို လက်ပြပြီး အဆောင် ဘက်ဆီသို့ ထွက်လာခဲ့သည်။ သူ့နောက်က ရပ်ကြည့်နေကြောင်း မာနာ အလိုလို သိနေသည်။ ကားတံခါးပိတ်သံနှင့်အတူ မောင်းထွက်သွားသံ

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်၏။ အင်း စိတ်ဝင်စားစရာတော့ အကောင်းသား။ သူဟာ ဘယ်သူနဲ့မှ မတူဘူး။ သိပ်ယောက်ျား ပီသတာပဲ။

၁

## အခန်း [ ၆ ]

အလုပ်စားပွဲတွင် ထိုင်ပြီး လင်းတစ်ယောက် အတွေးစက်ဝိုင်းတွေ ချာချာလည်နေသည်။ အင်း. . . ဒီနေ့တော့ တွေ့မှ ဖြစ်မယ်။

ဝဒ်ထဲလှည့် လူနာတွေ ကြည့်ပြီးတာနဲ့ တစ်မနက်ခင်းလုံး မာနာနှင့် နိုင်ငံရေးမှူးဝေတို့ တွေ့သည့် အကြောင်းပဲ သိချင်နေမိသည်။ စိုးလည်း စိုးရိမ်နေ၏။ ထိပ်တန်း ခေါင်းဆောင်ကြီးများ၏ ထိတ်လန့်စရာ ဇာတ်လမ်းများကို အများကြီး ကြားဖူး၍ မာနာ့အတွက် စိုးရိမ်မိခြင်း ဖြစ်သည်။

ရှေ့တန်း စစ်မျက်နှာ တစ်နေရာမှ ဗိုလ်ချုပ်ကြီး ပင်ဖန်းဟောင်သည် သုံး လေးနှစ်တစ်ခါ မိန်းမလဲသည်။ သူက အိပ်ရာထဲတွင် လူရမ်းကားတစ်ယောက် ဖြစ်၍ သူ့မိန်းမတွေ၊ မင်္ဂလာဆောင်ပြီး တစ်နှစ်ပြည့်လျှင် နေထိုင်မကောင်းဖြစ်ကြသည်။ ပြီးလျှင် ကျောက်ကပ်ရောဂါဖြင့် သေဆုံးကြရသည်။ ထို့ကြောင့် ပါတီက နောက်မိန်းမတစ်ယောက် မှန်မှန်ရှာပေးနေခဲ့ရသည်။ မိန်းကလေးတော်တော်များများ အသက်ဆုံးရှုံးကြသဖြင့် သူ့ကို ရှမ်းအမျိုးသမီးတစ်ယောက်ကို ယူဖို့ ဝိုင်းပြီး နားချပြီး ရောမရှုရှားပြောနှင့် ပေးစားလိုက်ကြသည်။ သည်တစ်ယောက်နှင့်ကျမှ ခုနစ်နှစ်တိုင်တိုင် ပေါင်းသင်းလျက် ရှိသည်။ နိုင်ငံရေးမှူးဝေကကော ဘယ်လို လူစားမျိုးလဲ။ တွေးလေ တွေးလေ၊ လင်း စိုးရိမ်လေ ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မာနာနှင့် တွေ့ပြီး နောက်တစ်နေ့တွင် နိုင်ငံရေးမှူးဝေ ဆေးရုံ ရောက်လာကြောင်း ရန်စုထံမှ သတင်းစုံကြားရသည်။ မာနာ့ကို သဘောကျ ကြောင်း ဆက်သွယ်နေမည် ဖြစ်ကြောင်း ပြောသွားသည် ဆို၏။ ဝေနှင့် သူ့ဇနီး ကွဲကြခြင်းမှာ အိမ်ထောင်ရေး ပြဿနာမဟုတ်ဘဲ နိုင်ငံရေးကိစ္စ ဖြစ်ကြောင်းလည်း သိရ၏။ တန်ပြန်တော်လှန်ရေးထဲ ပါသွားသည့် ပီကင်း ပေါ်လစ်ဗျူရိုတွေကို ဝေဖန်သည့် စာတမ်းတစ်စောင် အမျိုးသမီးက ရေးတင်သည် ဆို၏။ သည့်အတွက် ဝေက ကွာရှင်းပေးလိုက်ရသည်။ မိန်းမကို တရုတ်ပြည်မြောက် အစွန်အဖျား၊ ပြန်လည်ပြုပြင်ရေး လယ်ယာစခန်းသို့ ပို့ပေးလိုက်ရသည်။ ကံကောင်းသည်မှာ သူတို့ လင်မယားတွင် ကလေး တစ်ယောက်သာရှိသည်။ သမီးလေးက အပျိုပေါက်ကလေးဖြစ်၍ ချန်ချွန် ရုပ်ရှင် မြင့်တင်ရေးလုပ်ငန်းတွင် အလုပ်ဝင်ပြီး အရန်မင်းသမီးဖြစ်နေပြီ။

နေ့လယ်စာ စားအပြီးတွင် မာနာနှင့် လင်း သွားတွေ့သည်။ ဝေ၏ သတင်း မာနာ့ဆီမှ ကြားရတော့ လင်း စိတ်သက်သာရာ ရသွားသည်။ သူက ဗိုလ်ချုပ်တစ်ယောက်နှင့် မတူဘဲ ခေတ်ပညာတတ် စာပေသမား တစ်ယောက်နှင့် တူသည်တဲ့။

မာနာက အဆောင်ဝရန်တာတွင် မှီလျက်၊ လင်းက ပြတင်းပေါက် ပေါင်တွင် တင်ပါးလွှဲထိုင်လျက် စကားပြောကြသည်။

'သူက သိပ်လူကြီးဆန်တယ်၊ ပြီးတော့ အရမ်း ယဉ်ကျေးတယ်'

မာနာပြောတော့ လင်း သက်ပြင်းချပြီး

'တော်သေးတာပေါ့ကွာ၊ ဆရာက စိတ်ပူနေတာ'

'ဘာကို စိတ်ပူတာလဲ'

'ဩော် သူ အရှိန်အဝါသုံးပြီး မင်းကို မတရား အခွင့်အရေးများ ယူနေမလားလို့ပေါ့'

လင်း၏နောက်မှ ခြင်ကာကို ယင်ကောင်တစ်ကောင်က တိုးဝင်ရန် ကြိုးစားနေသည်။ မရဘဲ ပြုတ် ပြုတ်ကျနေ၏။

'ခဏလေးနော်'

မာနာက သူ့အခန်းထဲ ပြန်ဝင်သွားသည်။ ခြင်ရိုက်တံတစ်ချောင်းနှင့် စာအုပ်တစ်အုပ်ကိုင်ပြီး ချက်ချင်း ပြန်ထွက်လာသည်။ ပြတင်းပေါက်မှ ယင်ကောင်ကို မာနာ ရိုက်ချလိုက်သည်။ စာအုပ်ကို လင်း နံဘေးရှိ ပြတင်းပေါက်ပေါင်ပေါ်တွင် ချပြီး

'ဆရာ ဖတ်ပြီးပြီလား၊ Leaves of Grass တဲ့'



'ဟင့်အင်း၊ မဖတ်ရသေးဘူး။ ဝတ္ထုလား'

'မဟုတ်ဘူး ဆရာ၊ ဒါ ကဗျာပေါင်းချုပ်'

'ဘာဖြစ်လို့ ဒီစာအုပ်ဖတ်ပြီးပြီလား မေးတာလဲ'

'သူက ပြောတယ်၊ ဒီစာအုပ်ကို ဖတ်ပြီး ဘယ်လို ခံစားရတယ်ဆိုတာ သူ့ကို ပြန်ရေးပြပါတဲ့၊ နည်းနည်း ဖတ်ကြည့်တယ်၊ ဘာမှ နားမလည်ဘူး ဆရာ'

'ဒါဆို မင်း သေသေချာချာ ရေးရမှာပေါ့'

'ဟုတ်တယ်၊ ဆရာ ကူညီမှ ဖြစ်မယ်'

'အင်း. . .'

'နော် ဆရာ၊ ဆရာ လုပ်ပေးမှ ဖြစ်မှာ'

ဖတ်ကြည့်ပါရစေဦးဟု ပြောပြီး စာအုပ်ကို ယူ၍ လင်းပြန်လာခဲ့သည်။ ညနေပိုင်းတွင် ဟိုလှန် သည်လှန်လုပ်ပြီး နောက်သုံးရက်လုံးလုံး ဆက်တိုက် ဖတ်သည်။ ဖတ်လို့ ကောင်းပါ၏။ သို့သော် သေသေချာချာ မငုံမိ၊ သိပ်နားမလည်။

သို့သော် သည်စာအုပ်ဖတ်ပြီး လင်းတစ်ယောက် စိတ်ကြည်လင်ကာ ပေါ့ပါးရွှင်ပျနေသည်။ နိုင်ငံရေး မှူးဝေဆိုသော ထိုလူကြီးအပေါ်ဖြစ်ခဲ့သည့် ဒေါသစိတ်များလည်း မရှိတော့ပေ။ လူတော်တော်များများက ချစ်သူကို ဆက်လွှတ်မခံကြ။ ဖြစ်သည့်နည်းနှင့် အပိုင်ရအောင် ကြိုးစားကြ သည်။

လွန်ခဲ့သည့် နှစ်နှစ်က အမြောက်တပ်ထဲ ဖြစ်ပွားခဲ့သည့် လူသတ်မှု တစ်ခုကို သွားသတိရလိုက်သည်။ စစ်သားလေးတစ်ယောက်က သူ့တပ်စုမှူး ကိုရော၊ သူ့ကိုယ်သူပါ လက်ပစ်ဗုံးခွဲ အဆုံးစီရင်လိုက်သည့်အမှု။ ဘုံရိုပ်သာပိုင် အသံလွှင့်ရုံမှ သတင်း ကြေညာသူ မိန်းကလေးကို သူတို့နှစ်ယောက်စလုံးက ကြိုက်နေကြသည်။ လူတွေက တပ်စုမှူး အရာရှိကို ဝိုင်းဝေဖန်ကြသည်။ နှာအားနည်းသူ လက်အောက်ငယ်သားနှင့် မပြိုင်သင့်ဟု လူတွေက ယုံကြည် ကြသည်။

ခုတော့ မာနာက သူ့ကို အပြီးအပိုင် ထားခဲ့တော့မည့် သဘောဆောင် နေသော်လည်း လင်းက မခံမရပ်နိုင်လောက်အောင် ထိထိခိုက်ခိုက် မခံစားရ။ ဘာကြောင့် သူဒါလောက် သဘောထားကြီးနေတာလဲ။ သဘောဆောင်း နေတာလဲ။ ရှုယုနှင့် ကွာရှင်းဖို့ ကိစ္စရှိနေရက်နဲ့ မာနာ့ကို လွယ်လွယ်ကူကူ ဆက်လွှတ်လိုက်သင့်သလား။

www.burmeseclassic.com

www.burmeseclassic.com



ဒီမေးခွန်းကို သူ အဖြေထုတ်ကြည့်သည်။ အဖြေထွက်ပါသည်။ မိမိတ ခေတ်ပညာတတ် လူယဉ်ကျေးတစ်ယောက်။ လောကနီတိနှင့် အညီနေသည့် လူတစ်ယောက် ဘာကြောင့် ရမ္မက်မီးနောက်ကို လိုက်ပြီး စိတ်ရိုင်းတွေ ဝင်ရမှာလဲ။ တစ်ကိုယ်ကောင်း ဆန်တဲ့ အလုပ်တွေ လုပ်ရမှာလဲ။

*မြက်ပင်တို့၏ အရွက်များ* 'ကဗျာ စာအုပ်ကို သူ သေချာ ဖတ်သည်။ သို့သော် သုံးသပ်ချက် ရေးရအောင် နားမလည်နိုင်သေး၊ ထပ်ဖတ်သည်။ ကဗျာ၏ အလှတရားတွေကို ရေးရေးမြင်လာသည်။ နောက်ဆုံးတွင်မှ ရေးဖြစ်တော့၏။ ကဗျာဆရာ ဒဿနကို တတ်နိုင်သမျှ ပေါ်အောင် ရေးသည်။ ပစ္စည်းမဲ့ လူတန်းစားဘက်မှ ကြည့်ပြီး ရေးသည်။

စာမျက်နှာ ငါးမျက်နှာ ပါသည့် ဝေဖန်ချက်ကို မာနာ့အားပေးပြီး သူ့အမြင်များကိုလည်း ဖြည့်စွက်ရေးရန် တိုက်တွန်းသည်။

'စက္ကူ ကောင်းကောင်းနဲ့ လက်ရေးလှလှ ကူးနော်' ပြောပြီးမှ မလိုအပ်မှန်း သိပြီး စိတ်ထဲ စနိုးစနောင့် ဖြစ်သွားသည်။ မာနာကလေးမှ မဟုတ်တော့တာဘဲ။ သည်စာ သူ့အတွက် ဘယ်လောက် အရေးကြီးတယ်ဆိုတာ သူသိတာပဲ။

မာနာက ချက်ချင်း ကူးပြီး စာအုပ်နှင့်အတူ ချက်ချင်း ပို့ပေးလိုက်သည်။ အားလုံး ခြောက်မျက်နှာ။

မာနာ နှင့် လင်းက နိုင်ငံရေးမှုး၏ ပြန်စာကို စောင့်နေကြသည်။ သူတို့က ချက်ချင်း အကြောင်းပြန်လိမ့်မည် ထင်နေကြသည်။ သုံးပတ်ကြာသွားသည့်တိုင် ဘာမှ ပြန်မလာသဖြင့် သူတို့နှစ်ယောက် စိုးရိမ်စ ပြုလာသည်။

ဆေးရုံ ပတ်ဝန်းကျင်မှ လူတွေ မာနာ့အပေါ် ဆက်ဆံရေး ပြောင်းလာကြသည်။ ခေါင်းဆောင်တွေက တလေးတစား ဖြစ်လာကြသည်။ ဆရာမလေးတွေက သူ့ကို အားကျကြသည်။ 'မာနာလောက် ကံကောင်းတဲ့ မိန်းကလေး မရှိဘူး' ဟု ပြောကြသည်။

အမျိုးသမီး တစ်ယောက်ကတော့ နောက်ဘက်မှ မကြားတကြား ပြောသည်။

'သူ့ ကြည့်ရတာ ဒါလောက် အချောအလှကြီးလည်း မဟုတ်ပါဘူးဟယ်တဲ့။

အရာရှိကတော်တွေကတော့ အမျိုးမျိုး ထင်မြင်ချက် ပေးကြသည်။

'ဟာဘင်ကို ဘယ်တော့ သွားမလဲ၊ မင်္ဂလာ ကိတ်မုန့် ပို့ပေးနော်'

'ဝေဆိုတဲ့ အဘိုးကြီးက တကယ် ကံကောင်းတာပဲ'



'လင်းကို သနားတယ်ကွယ်'

စသည်ဖြင့်. . . စသည်ဖြင့်။

ဒီလို အခါမျိုးတွင် မာနာ ငြိမ်နေရသည်။ ဘာပြန်ပြောရမှန်းလည်း သိဘူးလေ။ ဒီလို စကားတွေ ကြားရလျှင် မာနာ မျက်လုံးကလယ်ကလယ်ဖြစ်နေတတ်သည်။ ဘာမှ သေချာသေးတာမှ မဟုတ်တာ။ သည်လူကြီးနှင့် လက်ထပ်ဖြစ်သည့်တိုင် ဘယ်လိုပျော်နိုင်မှာလဲ။ ချစ်လို့ ယူရတာမှ မဟုတ်တာ။ သူ့ကို မာနာ ဦးလေးတစ်ယောက်လို၊ ဘကြီးတစ်ယောက်လိုပဲ သဘောထားကြောင်း လင်းကို မကြာမကြာ ပြောပြဖြစ်သည်။ သည်လူကြီးနဲ့ လက်ထပ်ဖြစ်လျှင် ကလေးရနိုင်ပါတော့မလား။ မူရင်းကမစ္စတာလင်းနှင့် ကလေးတစ်ယောက် ယူချင်သည်။ သို့သော် မာနာ မပြောရဲ။ ဒီလိုဆိုပြန်တော့လည်း သိပ် စွန့်စားလွန်းရာ ရောက်လိမ့်မည်။ ကိုယ်ဝန် ပါလာကြောင်း သူသိသွားလျှင် မတွေးဝံ့အောင်ပင်။

စာအုပ်နှင့် စာပို့ပြီးကတည်းက မာနာ စက်ဘီးစီးသင်နေပြီ။ ဟာဘင်ရောက်လျှင် စက်ဘီး မစီးတတ်၍ မဖြစ်။ လင်းရော မာနာ့မှာပါ စက်ဘီး မရှိကြ။ ကံကောင်းချင်တော့ ဂျင်တီယန်းမှာ ရှေ့ဒရယ်၊ စက်ဘီးကလေး တစ်စီးရှိသည်။ ဘယ်သူမှ မစီးကြ။ ဂျင်တီးယန်းက နွေရာသီ နှစ်ပတ်လည် ခွင့်နှင့် ရွာပြန်နေသည်။

ဘောလုံးကွင်းထဲတွင် လင်းက သင်ပေးသည်။ လူတွေ ဝိုင်းကြည့်နေလျှင်လည်း မာနာ မရှက်နိုင်တော့။ လင်းက ဘေးမှ လိုက်ထိန်းပေးသည်။ ကလေးတွေလို အတတ်မမြန်။ စက်ဘီးပေါ်တွင် မာနာ တလန်ကလားကြီးဖြစ်နေသည်။ ညပိုင်းရောက်လျှင်တော့ ဘယ်သူမှ စောင့်ကြည့်မနေကြတော့။

လင်းက ဘေးမှ ပြေးလိုက်လာပြီး 'ဘေးမကြည့်နဲ့ ရှေ့တည့်တည့်ကြည့်' ဟု အော်ပြောသည်။

'မရဘူး၊ မရဘူး'

မာနာက ပြန်အော်သည်။ လင်းက

'ကြည့်တဲ့ နေရာကို စက်ဘီးက သွားတာ၊ ဘေးဘီကို မကြည့်နဲ့။ ဟိုးအဝေးကြီးကို လှမ်းကြည့်'

'ဒီလိုလား'

'ဟုတ်ပြီ၊ ဟုတ်ပြီ'

နှစ်နာရီ ကြာသည်အထိ မာနာဖြောင့်ဖြောင့် မစီးတတ်။ သူ့စက်ဘီးဘေးမှလိမ့်မြေကြောက် လျှောက်သွားနေသည်။ ပြီးတော့ မာနာ ခုထိ ဆော်တတ်

www.burmeseclassic.com

www.burmeseclassic.com



မတက်တတ်သေး။ တစ်ချိန်လုံး လင်း ကူနေရသည်။ အဆိုးဆုံးမှာ သူ ရှောင် သည့်အရာတိုင်းကို တည့်တည့် ဝင်တိုက်နေခြင်း ဖြစ်သည်။ ဘောလုံးကွင်း ဂိုးတိုင်ကို တိုက်ပြီးပြီ။ လက်ပစ်ဗုံး အတုတွေ ထည့်ထားသည့် ထင်းရှူးသေတ္တာ တို ဝင်တိုက်ပြီးပြီ။ လဲပြီး ချိန်းကြိုးပြုတ်ကျလို့ လင်းလိုက် တင်ပေးရသည် မှာလည်း အကြိမ်ကြိမ်။

မာနဉ့ တစ်ကိုယ်လုံး ချွေးတွေ ရွှဲကာ ပင်ပန်းလှပြီ ဖြစ်သော်လည်း ပျော်နေသည်။ တော်တော် မိုးချုပ်တော့ မာနာ တော်တော် ဟုတ်လာသည်။ အဆောင်အထိ စီးပြန်မည်ဟု ဆိုသည်။ လင်းက သတိနှင့် စီးသွား လှမ်းပြော လိုက်၏။ မာနာ ခပ်ဖြည်းဖြည်း စီးထွက်သွား၏။ လင်းနောက် ပြေးလိုက်သွား သည်။ လမ်းမီးတိုင်များတွင် ပိုးဖလံတွေ လှည့်ပတ်ပျံနေကြ- သည်။ သစ်ပင် တန်းတွေဆီ ရောက်တော့ ပိုမှောင်လာသည်။

လင်းဆီကို နောက်ပြန်လှည့်ပြီး မာနာ အော်ပြောသည်။

'ရပြီ ဆရာ၊ မာနာ စီးတတ်သွားပြီ'

ညာဘက်ကို ချိုးလိုက်တော့ ရှေ့တွင် အရပ်ဝတ်နှင့် အမျိုးသမီး တစ်ယောက် ဘွားခနဲ ပေါ်လာသည်။ မာနဉ့ကို နောက်ကျောပေးပြီး တစ်ခုကို ခါးစောင်းတင်ကာ တူရူသို့ လျှောက်သွား၏။ မာနာက ဘေး ပန်းပြီး ကျော်တက်ဖို့ စက်ဘီးကို နံဘေးသို့ ရှောင်သည်။ ဒါပေမဲ့ စက်ဘီး လက်ကိုင်က ပြောစကား နားမထောင်သည့်အလား အမျိုးသမီး၏ နောက် တည့်တည့်ကို ဝင်ဆောင့်ပါလေတော့သည်။

'အို အမေ့'

အမျိုးသမီးလည်း လဲ၊ မာနာလည်း တစ်ဖက်သို့ လဲကျသွားလေတော့ ၏။ အမျိုးသမီး၏ လက်ထဲက ဇလုံထဲမှ အဝတ်တွေနှင့် ဆပ်ပြာ တစ်တုံးကတော့ ထွက်မကျ။ သူက ဇလုံကို တင်းတင်း ဖက်ထားသည်။

မာနာက ကုန်းကျုံးထပြီး

'အဒေါ် နာသွားလားဟင်'

မာနာက ပြေးထူပေးရင်း မေးသည်။

'အမယ်လေး ဘုရား ဘုရား ငါနောက်ကို ညည်း တမင် ချိန်ပြီး တိုက်တာလားဟင်'

'မဟုတ်ရပါဘူး အဒေါ်ရယ်. . . ကျွန်မ တောင်းပန်. . .'

မာနာ လန့်သွားသည်။ လတ်စသတ်တော့ ရန်စု ကတော်ပါလား သူ ဘာဆက်ပြောရမှန်း မသိခင် လင်း အပြေး ရောက်လာသည်။



အမောတကောနှင့်

'မင်းကို စီးမပြန်ပါနဲ့လို့ မပြောဘူးလား'

အမျိုးသမီးကို မြင်တော့ လင်းပါးစပ် အဟောင်းသား ဖြစ်သွားသည်။

'ကျွန်တော် တောင်းပန်ပါတယ် ခင်ဗျာ၊ ဒဏ်ရာ ရသွားသေးလားဟင်'

အမျိုးသမီးက တင်ပါး နှစ်ဖက်ကို ပုတ်ရင်း

'တော်တော် ချိန်သားတည့်တဲ့ မိန်းကလေး၊ ဟောဒီနေရာကို တည့် တည့် ဝင်တိုက်တာ တော်ရေ့. . .'

မာနာက မအောင့်နိုင်တော့ဘဲ ရယ်ချလိုက်သည်။ ပထမတော့ လင်း နှင့် ရန်စုက တော်တော် ကြောင်သွားသည်။ ပြီး အတူ ဟားတိုက်ရယ်ကြသည်။ စက်ဘီးတစ်စီး တအား ဖြတ်စီးသွားသည်။ ဘဲလ်ကို တရစပ်တီးလျက် လင်းက ဘယ် ငကြောင်ပါလိမ့်ဟု လှမ်းပြောလိုက်သည်။ ပြီးတော့ မစ္စက်စု၏ ဦးထုပ် ကို ကောက်ပေးလိုက်သည်။

သူတို့နှစ်ယောက် အမျိုးသမီးကို အိမ်အရောက် လိုက်ပို့ကြသည်။ စ္စက်စုက စက်ဘီး အတိုက်ခံရသည်ကို ရေးကြီးခွင်ကျယ် မလုပ်ဘဲ သူမ၏ နှစ်နှစ်သားကလေးကို အမျိုးသမီး ရေချိုးဆောင်ထဲ ဝင်ခွင့်မရခြင်းအတွက် စ်လမ်းလုံး ဗျစ်တောက်ဗျစ်တောက် ပြောလာသည်။

'ဘယ်လို ဥပဒေပါလိမ့်တော် ဒီကလေးပေါက်စလေးက ဘာလုပ်နိုင် ာမှတ်လို့'

နောက်တစ်နေ့ ညနေတွင် ပို၍ ဂရုစိုက်ပြီး စီးကြသည်။ မိုးမခပင် န်းဘက်တွင် သွားစီးကြသည်။ အဲဒီဘက်က လူရှင်းသည်။ သို့သော် ငိုက် နေသည့် မိုးမခကိုင်းနှင့် မျက်နှာကို ရိုက်မိသဖြင့် နားထင်တွင် အညို မည်း စွဲသွားသည်။ သို့သော် မာနက မမှု။ နောက်နေ့တွင်လည်း ဆက်သင် ည်။ မြို့ထဲလမ်းတွေပေါ်တွင် စီးနိုင်သည်အထိ သင်မည်။

သူ့မျက်နှာပေါ်မှ ဒဏ်ရာကို မြင်တော့ ဆေးရုံက ပါတီခေါင်းဆောင် ွေ မျက်လုံးပြူးသွားကြသည်။ မာနာ ဝူးသည် နိုင်ငံရေးမှူးဝေ၏ မိန်း လေး ဖြစ်နေပြီ။ သူတို့တွင် ဂရုစိုက်ဖို့ တာဝန်ရှိသည်။ ထို့ကြောင့် မာနဉ့ ို နောက်ထပ် စက်ဘီးမစီးဖို့ တားမြစ်လိုက်တော့သည်။

သို့သော် ပြည်နယ်နိုင်ငံရေးမှူးရုံးမှ သတင်းတစ်ခု ရောက်လာတော့ ဆေးရုံပါတီ တာဝန်ခံတွေ အားလုံး စိတ်ပျက်သွားကြသည်။ ဝေ၏ ရုံးအဖွဲ့မှ ဖုန်းဆက်ခြင်း ဖြစ်၏။ နိုင်ငံရေးမှူးက မာနာနှင့် အဆက်အသွယ် ထပ် ာမည် မဟုတ်ကြောင်း မာနာ၏ စာပေ ဗဟုသုတကို သဘောတွေ့သော်

www.burmeseclassic.com

www.burmeseclassic.com



လည်း လက်ရေးညံ့ခြင်းအတွက် အပယ်ခံလိုက်ရခြင်း ဖြစ်ကြောင်း ရှင်းပြသည်။

နိုင်ငံရေးမှုးဝေသည် တစ်ဖက်တွင် စာရေးရေးထုတ်နေသည့် စာရေးဆရာလည်း ဖြစ်သည်။ သူက သူ့ကို စာကူရေးပေးမည့် သူအတွင်းရေးမှူးအဖြစ်လည်း လုပ်နိုင်မည့် မိန်းကလေးမျိုး လိုသည်။ အထူးသဖြင့် လက်ရေးလှရမည်။

သတင်းမှန်ကို နောက်ပိုင်းမှ ရန်စုကြားရခြင်း ဖြစ်သည်။ ဝေထ ဟိုတယ်တွင် မိန်းကလေး ခြောက်ယောက်ကို ခေါ်တွေ့သည်။ နောက်ဆုံးတွင် ဟာဘင်တက္ကသိုလ်မှ သမိုင်းကထိက ဆရာမကလေး တစ်ယောက်နှင့် လက်ထပ်ဖို့ ဆုံးဖြတ်လိုက်သည်တဲ့။

မာနာ့ကို လက်ရေး ဂရုစိုက်ဖို့ သတိမပေးလိုက်မိသည့်အတွက်လည်း စိတ်မကောင်း ဖြစ်နေသည်။ သို့သော် တစ်ဖက်ကလည်း စိတ်သက်သာရ ရသွားသလို ဖြစ်နေ၏။ အင်း အချစ်ရှုံးသမား မဖြစ်သေးဘူးပေါ့၊ အချိန်အခါ ကို မျှော်ရပေဦးတော့မည်။

မာနာ့ သတင်းသည် ဆေးရုံတစ်ရုံလုံး၏ ပါးစပ်ဖျားတွင် ရေပန်းစားနေ ပြန်သည်။ လက်ရေးညံ့သဖြင့် ကတော် ဘဝ လွဲခဲ့ရကြောင်း အချို့ကလည်း ဝမ်းသာအားရ ပြောကြ၏။ အချို့ကလည်း ကရုဏာ စကားဆိုကြ၏။ ဂျစ်တာ ဒရိုင်ဘာ ရဲဘော်ကလေးကပင် ‘အလကား ခေတ်ဆီ ကုန်တာပဲ’ လို့ ပြောမ မည်လား မသိ။

ဒီလူကြီးများကို မာနာ မချစ်ပေမယ့် သိက္ခာတော့ ကျသွားပြီ အဆိုးဆုံးမှာ ကိုယ့်စရိတ်ကိုယ်စားပြီး အတင်းစကားကို မြိန်ရှက်စွာ ပြော တတ်သည့် လူတွေဖြစ်၏။

‘နောက်ကို မာနာ နောက်တစ်ယောက် မရှာပါရစေနဲ့တော့ ဆရာ’ ဟု ရှိုက်ကြီးတငင်ငိုကြွေးရင်း လင်းကို မာနာ နာကြည်းစွာ ပြောလေသည်။

ကောင်းဖို့ ဖြစ်လာမည်လား၊ ပိုဆိုးလာမည်လားတော့ မသိ။ ချစ်သူ၏ အချစ်ကို မျှော်တလင့်လင့် လုပ်ဖို့ ပြန်ဖြစ်လာပြန်သည်။ မျှော်ရမယ့် အချိန် ရော ဟုတ်သေးရဲ့လား မသိတော့ပါ။ သိပ်ကို ကြာခဲ့ပါပြီကွယ်။

၀

## အခန်း [ ၇ ]

နောက်နှစ် နွေဦးတွင် လင်း ဖျားသည်။ အဆုတ်ရောဂါတဲ့။ ကူးစက်ရောဂါ ဆောင်တွင် နေရသည်။ နေ့စဉ် ညနေ နှစ်နာရီဆိုလျှင် သူ့မျက်နှာ နီလာပြီး အဖျားတက်လာသည်။ နွေခင်းပိုင်းတွင် တုန်တုန်ယင်ယင် ဖြစ်ကာ ခြေတွေ လက်တွေ မသယ်ချင်အောင် ဖြစ်ကျန်ခဲ့သည်။

ချောင်းဆိုးလျှင် သလိပ်ထဲတွင် သွေးစကလေးတွေ ပါလာသည်။ ညညတွင် ချွေးတွေ ရွှဲကာ အတွင်းခံအကျီတွေ စိုရွှဲနေတတ်သည်။ ပေါင် ၂၀ ကျသွားသဖြင့် ပါးရိုးတွေ ငေါ်ထွက်လာသည်။ ဒီနှစ်နွေ အိမ်မပြန်နိုင်တော့ ပေ။

ရှူးယုက စာမတတ်သဖြင့် ယောက်ဖလုပ်သူ ဘင်ရှန်းဆီ စာရေးလိုက် သည်။ စိတ်ပူမည် စိုးသဖြင့် အမှန်အတိုင်း မပြောဘဲ ဆေးရုံတွင် အလုပ်တွေ များနေ၍ ဒီနှစ် မလာနိုင်ကြောင်းလောက်သာ ရေးလိုက်သည်။

ကူးစက်ရောဂါဆောင်မှာ ဆေးရုံအရှေ့မြောက်စွန်းမှ သီးသန့် အဆောက်အအုံ ဖြစ်သည်။ စိုက်ပရစ်စ် ထင်းရှူးပင်တွေ ပတ်ပတ်လည်ရှိ၏။ အဆောင်နှစ်ဆောင် ဖြစ်သည်။ တစ်ဆောင်က အဆုတ်နာရောဂါဆောင် နောက်တစ်ဆောင်က အသည်းရောင် အသားဝါ ရောဂါဆောင်။ အဆောင် နှစ်ခု၏ အလယ်တွင် အုတ်တိုက်ကလေး တစ်လုံး ရှိသည်။ ရေချိုး ခန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတိုင်ကြီးနှင့်။ ထမင်းချက်ဆောင် ဖြစ်၏။ ကူးစက်ဝေဒနာသည်တွေက မှိုမှို လူနာတွေထက် ပိုကောင်းကောင်းစားကြရသည်။

မာနာက ညနေတိုင်း လင်းဆီ လာသည်။ လင်းက ဆရာဝန်တစ်ယောက် ဖြစ်နေ၍ တာဝန်ခံ ဆရာမကြီးက အပြင်ထွက်ခွင့် ပေးသည်။ မာနာနှင့် လင်း ညနေတိုင်း ဝတ်မပျက် လမ်းလျှောက်ကြသည်။ ဘောလုံးကွင်းဘက်သို့ ဖြစ်စေ၊ ပူးအိမ်ဘက်သို့ ဖြစ်စေ။ တစ်ခါတလေလည်း သံဆူးကြိုးကာထားသည့် ခွေးလှောင်အိမ်များဘက်သို့ ဒါမှမဟုတ် စိုက်ခင်းများဘက်သို့ လျှောက်ကြသည်။

လင်း ဖျားသည့် ရက်ပိုင်းတွင် မာနာ ပိုဂရုစိုက်သည်။ အချိန်ပိုရှိသဖြင့်လာပြုစုသည်။ သူ ဒီနှစ်ရွာပြန်ပြီး ကွာရှင်းရေး ကိစ္စ မလုပ်နိုင်သည့်အတွက်တော့ စိတ်မကောင်းဖြစ်မိ၏။ ဆေးရုံ အာဏာပိုင်တွေက လင်းနှင့် မာနာတို့ မမြင်ချင်ယောင် ဆောင်နေကြသည်။ ဆေးရုံအပြင် မထွက်သမျှ သူတို့ မလွန်ကျူးသမျှ ဝင်မစွက်ဖက်ဖို့ သဘောတူထားကြသည်။

စက်တင်ဘာလထဲတွင် လင်း အခန်းထဲမှလူနာ ဆေးရုံမှ ဆင်းသွားသည်။ နောက်ထပ် တစ်ယောက် မကြာခင် ရောက်လာသည်။ ရှေ့တန်းမှ ပြန်လာပြီး ဆေးရုံ တက်ခြင်း ဖြစ်ကြောင်း သိရသည်။ လူက ဗလကောင်းကောင်း။ ရှေ့တန်း တပ်ရင်းမှူး တစ်ယောက် ဖြစ်သော်လည်း သူ့ကို တပ်မှူးလို့မခေါ်ဘဲ ကျားဗိုလ်ချုပ်ဟုခေါ်ကြကြောင်း ဆရာမများထံမှပြန်ကြားရသည်။ အုပ်ချုပ်ရာတွင် ကြမ်းလွန်း၍ တပ်ထဲတွင် သည်နာမည် တွင်ခြင်းဖြစ်ကြောင်း တစ်ခါတွင် သူ့ရဲဘော်တွေကို ပစ္စည်းအပြည့်အစုံနှင့် တစ်နာရီ ခုနစ်မိုင် ပြေးခိုင်းရာ ရဲဘော်တစ်ဒါဇင်လောက် ဆေးရုံတင်လိုက်ရကြောင်းလည်း ပါ၏။ သူ့တပ်ရင်းတွင် လုံ့စွပ်ထိုး ပြိုင်ပွဲနှင့် စက်သေနတ်ပစ် ပြိုင်ပွဲ နှစ်စဉ် ကျင်းပသည်တဲ့။ ခုတော့ ညာဘက် အဆုတ်ပေါက်ထွက်သွားသဖြင့် ဆေးရုံတက်ခြင်းဖြစ်သည်။

ရောက်သည့်နေ့တွင် အခန်းဖော် လင်းအား သူက စိတ်ပျက်လက်ပျက် ပြောပြသည်။

'တစ်သက်လုံး ဆေးရုံတက်ရလိမ့်မယ်လို့ မထင်ခဲ့ပါဘူးဗျာ၊ ခန္ဓာကိုယ်ထဲမှာ တစ်ခုခု ပျက်စီးသွားမှတော့ ဘာသုံးလို့ ရတော့မှာလဲ'

ဆေးရုံက ဆင်းလျှင် တပ်က ထွက်တော့မည့်အကြောင်းလည်း သူက ပြောသည်။



တစ်နေ့တွင် လမ်းလျှောက်ရင်း သူ့ အခန်းဖော်အကြောင်း မာနာ့ကို လင်း ပြောပြလိုက်သည်။

'သူ့နာမည်က ဘယ်သူတဲ့လဲ ဆရာ'

'ဂျင်ယန်းတဲ့'

'ဟုတ်လား၊ မာနာ သိတဲ့ တစ်ယောက်များ ဖြစ်နေမလား မသိဘူး'

မာနာက နိုင်ငံရေးမှူးဝေနှင့်အတူ သူ့ကို သိခဲ့ဖူးကြောင်း ပြောပြလိုက်သည်။

'အဲဒီတုန်းကတော့ သူဟာ မြင်းတစ်ကောင်လောက် တောင့်တင်းတဲ့ လူပဲ၊ ဘယ်လိုလုပ် ရောက်လာတာလဲ'

'အဆုတ်နာတဲ့၊ ခုတော့ သက်သာနေပါပြီ'

'သွားပြီး နှုတ်ဆက်ရ ကောင်းမလား မသိဘူး'

'ကောင်းတာပေ့ါ၊ နှုတ်ဆက်လေ'

ပြောပြီးမှ မာနာ နောင်တ ရသွားသည်။ အရှက်တကွဲ အကျိုးနည်းဖြစ်ခဲ့ရသည့် နိုင်ငံရေးမှူးဝေနှင့် ပတ်သက်နေသည် မဟုတ်လား။

လင်းက ထပ်ပြောသည်။

'မင်း သွားတွေ့သင့်တာပေ့ါ'

ပြီးခဲ့တာတွေ ပြီးခဲ့ပြီပဲလေ။ သူတို့ ပြန်လှည့်လာခဲ့ကြသည်။ လမ်းက ရှုန်ထူသည်။ မိုးပြတ်နေသည်မှာ ကြာပြီ။ ဒီနေ့တော့ မိုးသားတွေ တက်လာနေသည်။ လျှပ်စီးတွေပါ တဖျတ်ဖျတ် လက်နေ၏။ သူတို့ ပြန်လာလို့ ဆေးရုံနားလည်း ရောက်ရော တောင်ဘက်က မိုးတွေ ချုန်းလာပြီး မိုးက ဝေါခနဲ ရွာချပါလေတော့သည်။ ရေကြက်တစ်အုပ် ရှန်ဂူမြစ်ဆီသို့ ပျံသွားနေသည်။ ဆေးရုံ ဝင်းထဲတွင် မိုးတွေ သည်းသည်းမည်းမည်း ရွာချနေသော်လည်း ဟိုးအဝေးတွင် နေရောင်လင်းနေသည်။

လင်းက မပြောနိုင်သဖြင့် မာနာနှင့်အတူ ခပ်သွက်သွက်ပဲ လျှောက်လာသည်။

လင်း၏ အခန်းက တတိယထပ်တွင် ရှိသည်။ သူတို့ နှစ်ယောက် ရောက်တော့ ဂျင်ယန်း ပန်းသီး တစ်လုံး ခွာနေသည်။ လင်းနှင့် မာနာ ဝင်လာတာ မြင်တော့ သူက တအံ့တဩ ထရပ်ပြီး

'အလို. . . မာနာဝူးပါလား၊ ပြန်တွေ့ရတာ ဝမ်းသာတယ်ဗျာ'

သူက ပန်းသီးနှင့် ဓားကို ချ၍ လက်သုတ်ပြီး မာနာ့ကို လက်ကမ်းပေးသည်။ မာနာက ခပ်ဆိုင်းဆိုင်း လက်ဆွဲနှုတ်ဆက်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



အားလုံး ထိုင်လိုက်ကြပြီးတော့ မာနာက မေးသည်။

'ဆေးရုံ ရောက်နေတာ ဘယ်လောက် ကြာပြီလဲ'

'နှစ်ပတ် ပြည့်တော့မယ်'

'ဟုတ်လား ဒါတောင် မတွေ့ကြဘူးနော်'

သူက ရယ်ပြီး

'ကမ္ဘာလေးက ကျဉ်းကျဉ်းလေးရယ်ဗျ. . . နော'

သူက ဆက်ရယ်နေရင်း ပန်းသီးဆက်ခွာသည်။ သူနည်းနည်း ပိန်သွားသော်လည်း တောင့်တောင့်တင်းတင်း ရှိဆဲပင်။ နှုတ်ခမ်းမွေး ထူထူကြီးနှင့် ဖြစ်နေသဖြင့် မွန်ဂိုလူမျိုး တစ်ယောက်နှင့် တူနေသည်။ သူလက်ကြီးတွေကို မာနာ သတိထားလိုက်မိသည်။ ပန်းသီးခွာသည့် လက်မျိုး မဟုတ်ဟု ထင်လိုက်၏။

လင်းက စကားဝိုင်းထဲ ဝင်လာသည်။

'ကျွန်တော်က ခင်ဗျားအကြောင်း ဒီနေ့မှ မာနာ့ကို ပြောပြဖြစ်တယ်ဗျ မာနာက ခင်ဗျားကို သိတယ်တဲ့၊ ဒါနဲ့ နှုတ်ဆက်ရအောင် လိုက်လာတာ'

ဂျင်ယန်းက မာနာ့ကို တစ်လှည့်၊ လင်းကိုတစ်လှည့် ကြည့်နေသည်။ နှုတ်ခမ်းက ပြုံးပြီး မေးခွန်း ထုတ်နေသည်။

'ဩော်. . . ကျွန်တော် ပြောဖို့ မေ့နေတယ်၊ မာနာက ကျွန်တော့် မိန်းကလေးလေ'

'ခင်ဗျားလောက် ကံကောင်းတဲ့သူ ဘယ်မှာမှ မရှိနိုင်ဘူး ထင်တယ်'

ပြောပြီး မာနာဘက် လှည့်ကြည့်၍ မျက်တောင် တဖျတ်ဖျတ် ခတ်နေသည်။ သူ့အကြည့်ကို မာနာ နားလည်လိုက်၏။ နိုင်ငံရေးမှူးဝေနဲ့ ဘယ်လို ဖြစ်သွားလဲ သူသိချင်နေပုံ။

'ခု ဘယ်လိုနေလဲ'

မာနာက မေးလိုက်သည်။

'အိုကေ နေပါပြီ၊ ပျောက်ခါနီးပါပြီ ရော့ စားပါဦး'

သူက ပန်းသီးကို ဓားနှင့် စိုက်ပြီး မာနာ့ကို ကမ်းပေးသည်။

'မာနာ ထမင်းစားပြီးပါပြီရှင်၊ တစ်စိတ်လောက်ပဲ ပေးပါ တစ်လုံးလုံး မစားပါရစေနဲ့'

'ကောင်းပါပြီဗျာ'

သူက ပန်းသီးကို နှစ်ခြမ်းခွဲပြီး လင်းနှင့် တစ်ခြမ်းစီ ပေးလိုက်သည်။ အပြင်တွင် လေတွေ မိုးတွေ ပြင်းလာပြီ။ မိုးသီးတွေပါ ကျလာကာ ခေါင်မိုး



ပေါ်တွင် ဆူညံနေသည်။ အဖြူရောင် အလုံးကလေးတွေ မှန်ပြတင်းကို တဖျန်းဖျန်း ပက်နေ၏။

ဂျင်ယန်းက

'အင်း မရွာတော့ မရွာနဲ့ ရွာမယ့် ရွာတော့ ကောင်းကင်က သေးအိုးတွေ ကွဲထွက်ကျလာသလား အောက်မေ့ရတယ်'

မာနာက လင်းကို လှမ်းကြည့်သည်။ သူအခန်းဖော်၏ စကား အသုံးအနှုန်းကြောင့် လင်းလည်း အံ့ဩသွားသည်။ မာနာက ရယ်ချင်စိတ်ကို မျိုချထားရ၏။ ဂျင်ယန်းက ဘာမှမဖြစ်သလို သူနေခဲ့ရသည့် ရုရှားနယ်စပ် ရာသီဥတု အကြောင်း ဆက်ပြောပြနေသည်။

'ဒီလိုနေ့မှာ မိုးတွေ မုန်တိုင်းတွေ လာခဲတယ်၊ အဲ. . . မိုးရွာပြီဆိုရင်လည်း တော်တော်နဲ့ မတိတ်တော့ဘူး၊ ကားလမ်းပျက်ကုန်ရော၊ အဲဒီအခါ ရိက္ခာပြတ် ပြီး တွေ့ရာ အသီးအရွက်တွေ ခူးစားကြရတယ်၊ မိုးရာသီကတော့ တိုတယ်။ အောက်တိုဘာလဆို နှင်းကျပြီ၊ နွေဦးပေါက်ကတော့ ခံပျော်စရာ အကောင်းဆုံးပဲ၊ မှိုတွေ အပေါဆုံး အချိန်လေ၊ ဆောင်းမဝင်မီဆိုရင် တောဝက်တွေကလည်း ဝမှ ဝ၊ အမဲလိုက်လို့ အကောင်းဆုံးပေါ့'

ပန်းသီးစားပြီးသည်နှင့် ဂျူတီဝင်ဖို့ မာနာ ပြန်လာခဲ့ရသည်။ လင်း၏ မိုးကာကြီးခြုံပြီး မိုးထဲလေထဲတွင် လျှောက်ပြန်လာခဲ့ခြင်း ဖြစ်၏။

၀

လင်းက စာစုံဖတ်သည်။ ရှေးခေတ် သုရဲကောင်းများ အကြောင်းတွေလည်း ဖတ်ထားတော့ သူ့အခန်းဖော်နှင့် စကားပြောဖော် ရသည်။ သမိုင်းဝင် သူရဲကောင်းများအကြောင်း၊ ဓားခုတ်လှံထိုးပွဲတွေ အကြောင်း၊ မိန်းမချောများ အကြောင်း ကွန်ဖူးဆရာတော်ကြီးများ အကြောင်းတွေ ပြောဖြစ်ကြသည်။ တစ်ခါတလေ ဂျင်ယန်းက သူနာပြု ဆရာမလေးတွေကို ဝေဖန်သည်။ ဟို တစ်ယောက် လမ်းလျှောက်ပုံက အဖျိုနဲ့ မတူကြောင်း၊ ဒီတစ်ယောက်က သိမ်မွေ့ပေမယ့် ဂဏှိဂဏှောင်နိုင်ကြောင်း၊ နောက်တစ်ယောက်က မလှပေမယ့် ချစ်မွေးပါကြောင်း၊ အရပ်အရှည်ဆုံး တစ်ယောက်က တင်ကြီးလွန်းသဖြင့် ခေါင်းအပ်ကြောင်း စသည် စသည်။ ဒီအကြောင်း ရောက်တိုင်း လင်းက ဆွေးနွေးနိုင်၊ မိန်းမတို့အကြောင်း သူ့တွင် ပြောစရာများများစားစား မရှိသော ကျွမ်းကျင်လွန်းသည့် သူ့အခန်းဖော်ကို လင်း တစ်ယောက် အံ့ဩစွာ ငေးငေး ကြည့်နေတတ်သည်။

www.burmeseclassic.com



ပထမတော့ လင်းနှင့် မာနာကို လက်ထပ်မည့်ဆဲဆဲ သမီး ရည်းစားနှစ်ယောက်ဟု ထင်ခဲ့သည်။ နောက်မှ လင်းက အိမ်ထောင်သည် ဖြစ်ကြောင်းသိတော့ ဂျင်ယန်း မျက်လုံး ပြူးသွားသည်။

'ဒေါက်တာ လင်း အဲဒါဆိုရင်တော့ ခင်ဗျား ပြဿနာနော်၊ ကြည့်လည်း လုပ်ဦး' ဟု စိုးရိမ်တကြီး ပြောတတ်သလို 'မြင်းတစ်ကောင်တည်းနဲ့ လှည်းနှစ်စီး ဆွဲနိုင်ပါ့မလားဗျ' ဟုလည်း နောက်တတ်၏။

လင်း ရှက်တတ်မှန်း သိ၍ သူ မဖြေနိုင်သည့် မေးခွန်းတွေ မေးတတ်သည်။

'ခင်ဗျားဟာ တကယ် ကံကောင်းတဲ့ လူပဲ လင်း'

လင်းက ရှုးယု အကြောင်းရော၊ မာနာ့အကြောင်းပါ လုံးဝ မပြော။ မေးပါများတော့ စိတ်တိုလာပြီး

'ကဲ ကျွန်တော် ပြောပြမယ်၊ ခင်ဗျား နောက်မစပ်စုနဲ့တော့၊ ကျွန်တော်တို့ သူငယ်ချင်း အဆင့်ပဲ ရှိသေးတယ်'

သူက မျက်လုံးကြီးတွေ ပြူးပြီး မေးသည်။

'ဗျာ ခင်ဗျားက သူ့အပျိုစစ်စစ်လို့ ဆိုလိုတာလား'

'ဟာဗျာ ဒုက္ခပါပဲ၊ ခင်ဗျား တော်တော် ဆိုးတဲ့လူပဲ'

'ဟုတ်တယ်ဗျ၊ မိန်းမနဲ့ ပတ်သက်လာရင် ကျွန်တော် ဆိုးတတ်တယ်၊ ကျွန်တော့်ကို ပြောပြပါဗျာ၊ သူ တကယ် အပျိုလားဟင်'

'ဟုတ်တယ်'

'သေချာရဲ့လား ဒေါက်တာရယ်၊ ခင်ဗျား စစ်ဆေးကြည့်လို့လား'

'တော်ဗျာ၊ ခင်ဗျား လွန်လာပြီ'

'အေးပါဗျာ၊ ခင်ဗျားကို ကျွန်တော် ယုံပါတယ်'

စကားပြောလျှင် တဲ့တိုးပြောတတ်ပုံ၊ အားမနာ ပါးမနာ ပြောတတ်ပုံကို မကြိုက်သော်လည်း ဂျင်ယန်းကို လင်း ခင်မင်နေသည်။ သူက ပွင့်လင်းသည်။ ရိုးသားသည်။ တခြားလူတွေနှင့် မတူ။ အထူးသဖြင့် သူ့အတွင်းစိတ်ကို ဒီပုဂ္ဂိုလ်က ဖတ်နိုင်သည်။ ဒါကို လင်းသဘောကျသည်။ လူချင်းရင်းနှီးမိတော့ ထွေးမရ မျိုမရ သူ့ဘဝကို လင်းက သူ့အား ပြောပြလိုက်သည်။ မိန်းမနှင့်



ကွာရှင်းဖို့ ကြိုးစားသော်လည်း မအောင်မမြင် ဖြစ်နေကြောင်းကို အသေးစိတ် ပြောပြလိုက်သည်။

သူ့ဆီက အကြံဉာဏ်တစ်မျိုးမျိုး ရနိုင်သည်ဟု လင်း ယုံကြည်နေသည်။ သူက ပြတ်ပြတ်သားသား လုပ်တတ်သူ၊ လက်တွေ့သမား မဟုတ်လား။

တစ်နေ့ နေ့လယ် နှစ်နာရီ အိပ်ပြီးချိန်တွင် ပြီးခဲ့သည့်နွေက ကွာရှင်းဖို့ ဆွေးနွေး သဘောတူပြီးကာမှ တရားရုံးရောက်တော့ စိတ်ပြောင်းသွားကြောင်း သူ့ကို ချစ်နေဆဲပါလို့ ပြောသည့်အကြောင်းများပါ လင်း ရင်ဖွင့်လိုက်သည်။

'သူက ခင်ဗျားဆီက ဘာလိုချင်တာလဲ၊ ခင်ဗျား သိလား'

'ဘာမှ မလိုချင်ဘူး'

'ကွာရှင်းဖို့ သဘောတူပြီးကာမှ ဘာပြုလို့ သူ အဲဒီလို စိတ်ပြောင်းသွားရတာလဲ'

'အဲဒါကို ကျွန်တော် မတွေးတတ်အောင် ဖြစ်နေတာပေါ့'

'အကြောင်းတစ်ခုခု ရှိရမှာပေါ့ဗျ'

'သူ့မောင် ကျွန်တော့် ယောက်ဖ ကြိုးဆွဲနေတယ် ထင်တာပဲ၊ အဲဒီကောင် ဒုက္ခပေးနေတာဗျ'

ရွာသားတွေနှင့် ပေါင်းပြီး အကြမ်းဖက်ဖို့ ပြင်သည့် အကြောင်းတော့ ရှက်တာနှင့် လင်း ထည့်မပြောလိုက်။

'နောက်တစ်ခါကျရင် ရုံးချိန်းနေ့မှာ သူ့ကို ပထုတ်ထားပေါ့'

'ဘယ်လိုလုပ် ပထုတ်ရမလဲ'

'နည်းလမ်း တစ်ခုတော့ ရှိရမှာပေါ့ဗျာ'

ဂျင်ယန်းက လက်ဖက်ရည် တစ်ကျိုက် မော့လိုက်သည်။ လင်း စကားဆက်သည်။

'ဒီလိုဗျ၊ တစ်ရွာလုံးက ကျွန်တော့် မိန်းမဘက်က ဖြစ်နေတယ်၊ ကျွန်တော် ဘာမှ လုပ်လို့ မရဘူး'

'အင်း သိပါပြီ'

ပြောပြီး ဂျင်ယန်း ရယ်သည်။

'ဘာရယ်တာလဲဗျ'

'လင်မယား ကွာရှင်းတယ်ဆိုတာ တောပိုင်းမှာ သိပ်ရှားတယ်ဗျ၊ ကျွန်တော်တို့ မြို့မှာတောင် တစ်ခါပဲ ရှိခဲ့ဖူးတယ်၊ မိန်းမတစ်ယောက်ဗျ၊ မူလတန်းပြ ဆရာ တစ်ယောက်နဲ့ အတူ အိပ်ရာထဲမှာ သူ့ယောက်ျားက မိတာ

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး ဘုံရိပ်သာ အုပ်ချုပ်ရေးမှူးရုံး ရောက်တာပေါ့၊ ပြည်သူ့စစ်တွေက သူ့ခြေထောက် တစ်ချောင်းကို ရိုက်ချိုးလိုက်ပြီး ထောင်သုံးလ ချပစ်လိုက်တယ်၊ အဲဒီလိုနဲ့ ယောကျ်ားက ကွာရှင်းခွင့် တောင်းတာ ရသွားတယ်၊ မျက်နှာဖျက်မှာ အရှက်ရမှာကို ကြောက်နေရင်တော့ ခင်ဗျား ကွာရှင်းခွင့် မတောင်းနဲ့'

'ဒါပေမဲ့ ကျွန်တော်က တောင်းထားပြီးပြီ'

'ကျွန်တော်သာ ခင်ဗျားနေရာမှာဆို မိန်းမနဲ့ မကွာဘူး၊ မာနာနဲ့လည်း ဒီမှာ အတူတူ နေလိုက်မှာပဲ၊ ဒါဟာ ယောကျ်ားတစ်ယောက်ရဲ့ လိုအပ်မှုပဲ'

'ခင်ဗျား ဆိုလိုတာက မာနာ့ကို ကျွန်တော်က မယားငယ် နေရာ ထားရမယ်ပေါ့ ဟုတ်လား'

'ဒါပေါ့ ခင်ဗျားက တည့်တည့်ပြောမှ ရိပ်မိရုံ ရှိတဲ့ လူမျိုးပဲ'

လင်း သက်ပြင်းချသည်။

'အဲဒါမျိုးတော့ ကျွန်တော် မလုပ်ဘူး၊ သူ့သိက္ခာ ဘယ်သွားထားမလဲ၊ ပြီးတော့ တရားဥပဒေကြောင်းက ရှိသေးတယ်'

ဂျင်ယန်း ပြုံးသည်။ လေးလေးနက်နက် တွေးနေပုံဖြင့် ငြိမ်နေသည်။ သူ့မျက်နှာတွင် တစ်ခုခုကို မကျေမနပ် ဖြစ်နေဟန် စဉ်းငယ် ပေါ်နေသည်။ လင်းက သတိမထားမိ။ ဝရန်တာတွင် သန့်ရှင်းရေး ရဲဘော်လေး တစ်ယောက် ကြမ်းတိုက်နေသည်။ ကြမ်းတိုက်တုတ်နှင့် နံရံထိသံ၊ စည်းချက်မှန်မှန် ကြားနေရ၏။

ဂျင်ယန်းက စကားဆက်သည်။

'ကျွန်တော် ရွှတ်နောက်နောက် ပြောမိတဲ့အတွက် တောင်းပန်ပါတယ်ဗျာ၊ ကျွန်တော်တို့ဟာ စစ်သားတွေပဲ၊ တပ်မတော် အရာရှိတွေပဲ၊ အလုပ်တစ်ခုကို လုပ်ဖို့ စဉ်းစားချိန် သိပ်မပေးရဘူး၊ မြန်မြန် ဆုံးဖြတ်ရတယ်၊ ခင်ဗျား ကွာရှင်းဖို့ ဆုံးဖြတ်ထားရင် မဖြစ်ဖြစ်တဲ့ နည်းနဲ့ ခင်ဗျား လုပ်ရမှာပေါ့ ဘာပြုလို့ သူတော်ကောင်း လုပ်နေမလဲ၊ လူတိုင်းအပေါ်မှာ ခင်ဗျား မကောင်းနိုင်ဘူး၊ မဟုတ်ဘူးလား၊ ဒီကိစ္စမှာ တစ်ဖက်ဖက်ကတော့ အနစ်နာခံရမှာပဲ၊ အဲဒါ ရှောင်လို့ မလွတ်ဘူး၊ ခင်ဗျား ဘယ်သူ့ကို အနာခံခိုင်းမလဲ'

'အဲဒါ ကျွန်တော် မလုပ်နိုင်ဘူး'

'ကျွန်တော့်အထင် ပြောရရင် ကွာရှင်းဖို့ သိပ်မခက်ပါဘူး၊ ခင်ဗျားက ခက်အောင် လုပ်နေတာ'



လင်း သက်ပြင်း ချပြန်သည်။

'ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိတော့ပါဘူးဗျာ'

'ခင်ဗျား တွေဝေနေတာပါ၊ ကျွန်တော့် စစ်ဗိုလ် ဘဝတစ်လျှောက်လုံး ခင်ဗျားလို လူတွေ ရာနဲ့ချီ တွေ့ခဲ့ဖူးတယ်၊ ခင်ဗျားပုံစံကို ကျွန်တော် သိပါတယ်၊ ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ကဲ့ရဲ့ သဂြိုဟ် အတင်းဆိုမှာကို ကြောက်တယ်၊ ဖြူစင်တဲ့ နှလုံးသား ပိုင်ရှင်ဖြစ်ဖို့ ကြိုးစားတယ်၊ ဒါပေမဲ့ နှလုံးသားဆိုတာ ဘာလဲ၊ ခွေးကျွေးရင် စားတဲ့ ညီညစ်ညစ် အသားတုံး တစ်တုံးပါဗျာ၊ ခင်ဗျား ပြဿနာက ဘယ်မှာ အရင်းခံသလဲ သိလား၊ ခင်ဗျားရဲ့ ကိုယ်ပိုင် အတွေးအခေါ်၊ ကိုယ်ပိုင် အကျင့်စရိုက်ပဲ၊ အဲဒါကို ပထမဆုံး ပြောင်းပစ်ရမယ်၊ အကျင့်စရိုက်ဟာ လူတစ်ယောက်ရဲ့ ကံကြမ္မာပဲ ဆိုတာ ဘယ်သူပြောတာပါလိမ့်'

'ဘေထိုးဗင်'

'ခင်ဗျားဟာ အများကြီး သိပြီး သိတဲ့အတိုင်း မလုပ်နိုင်တဲ့ လူပဲ'

သူက မျက်လုံးမှိတ်လိုက်ပြီး အဆိုအမိန့် တစ်ခုကို ကောက်နှုတ်သည်။ 'အနု ပဋိလောမရုပ်ဝါဒမှာ သဏ္ဍာန်တွေရဲ့ ဗဟိဒ္ဓ ပြောင်းလဲမှုဟာ သာမညပဲ။ အဇ္ဈတ္တ ပြောင်းလဲမှုကသာ အဓိက ဖြစ်တယ်လို့ ဆိုထားတယ်၊ အဲဒါ ဘယ်သူ ပြောတာပါလိမ့်။'

'ဥက္ကဋ္ဌကြီး မော်ရဲ့ On Contradiction မှာပါ'

'ဟုတ်ပါတယ်၊ ခင်ဗျားဟာ အများကြီး သိထားပြီး ကိုယ့်ကိုယ်ကိုယ် အောင် မလုပ်နိုင်တဲ့ လူပဲ၊ ခင်ဗျားကိုယ် ခင်ဗျား အပြောင်းအလဲ လုပ်ဖို့ နှရှိရင် အဲဒီ အပြောင်းအလဲကို ဖန်တီး ယူရမှာပေါ့'

'ဒါပေမဲ့ ကျွန်တော့် အခြေအနေက မလွယ်ဘူးလေ'

'ဥက္ကဋ္ဌ မော် ပြောတာ ရှိသေးတယ်လေ၊ သစ်သော်သီး တစ်လုံးရဲ့ ရသာကို သိချင်ရင် နောက်တစ်လုံးကို ကိုယ်တိုင် စားကြည့်ရမယ် တဲ့၊ ယ် ရဲဘော် ကျွန်တော် ပြောတာ ယုံစမ်းပါ၊ မာနာနဲ့ အိပ်လိုက် ခင်ဗျား တို့ သဘောကျ၊ စွဲလမ်းလာမယ်ဆိုရင် မိန်းမနဲ့ ကွာရှင်းဖို့ ဆုံးဖြတ်ချက်တွေ ိုင်မာလာလိမ့်မယ်'

'မလွယ်ဘူး ထင်ပါတယ်ဗျာ'

ဂျင်ယန်း၏ ဩဝါဒများသည် လင်းအား စိတ်သက်သာရာ လည်း ဂျင်ယန်းက လင်း တစ်ယောက် သူ့မိန်းမကို ကွာရှင်းဖို့ ဘယ်

www.burmeseclassic.com

www.burmeseclassic.com



လောက် ကြိုးစားနေကြောင်း မာနာအား မထင်မှတ်ဘဲ ပြောလိုက်သည့်အတွက်တော့ လင်းဘက်က အပုံကြီး အမှတ်တွေ ပိုရသွားသည်။

တစ်ညနေတွင် သူတို့သုံးယောက် ဂိတ်ပေါက်မှ အုတ်ခုံပေါ်တွင် ထိုင်ပြီး ဖရဲသီး ဝယ်စားကြသည်။ ညနေပိုင်းဆိုလျှင် ရွာထဲမှ တောင်သူတွေ ခြံထွက်သီးနှံ ရောင်းတတ်ကြသည်။ ဂျင်ယန်းက လင်းတို့ လင်မယား ကွာရှင်းပြီးလို့ မာနာနှင့် မင်္ဂလာဆောင်လျှင် သူလာနိုင်မည် မဟုတ်ကြောင်း၊ ဒါကြောင့် သူ့ကို ကြိုပြီး ကျွေးရမည် ဆို၏။

ဂျင်ယန်းက လင်းဘက် လှည့်ပြီး

'ကျွန်တော့် စိတ်ထဲမှာ သေချာနေတယ်၊ ဒီတစ်ခါ တရားရုံးမှာ ခင်ဗျား မိန်းမ ခေါင်းညိတ်လိမ့်မယ် လင်း၊ အဲဒီအတွက် ဘာမှ မပူနဲ့ ကျွန်တော် နည်းလမ်း ရှာပေးမယ်၊ လောလောဆယ်တော့ သတို့သမီးလောင်းကို ခင်ဗျား အချစ်တွေ ပုံပေးနေပေါ့ဗျာ'

သူ့ အားပေးမှုကြောင့် လင်းနှင့် မာနာ စိတ်အေးချမ်းသာ ရှိနေကြသည်။ နည်းလမ်းရှာပေးမည် ဆို၍လည်း နှစ်ယောက်သား အားတက်နေကြသည်။ မနှစ်တုန်းက လင်း ဘယ်လောက် ကြိုးစားခဲ့ပုံ၊ ယောက်ဖရန်ရှာခံခဲ့ရပုံများ ပြောပြီး သတင်းစာကို ထုတ်ပြစဉ်က မာနာ ဆရာ့အတွက် ရင်နင့်ကြေကွဲခဲ့ရသည်။ သုံးလလောက် စဉ်းစားပြီးမှ တရားရုံးတွင် သူနာမည် ထုတ်ပြောဖို့ မာနာက သဘောတူလိုက်သည်။

မာနာ့သတ္တိနှင့် ဆုံးဖြတ်ချက်ကို လင်း အံ့သြနေသည်။ ဒီတစ်ခါ အပြတ်လုပ်မည်ဟုလည်း ကြုံးဝါးနေသည်။ သို့သော် မာနာက သိပ်မယုံချင်ဘဲ ငါ့ကို သက်သက် တွဲရုံလောက် သဘောထားပြီး သူကျေနပ် နေတာလားဟု လည်း သံသယ ဝင်သည့်အခါ ဝင်၏။ ပြီးတော့မှ ဖြူစင်သည့် သူ့ နှလုံးသားကို သတိရပြီး သည်လို သံသယဝင်ရ ကောင်းလား ဆိုပြီး ကိုယ့် ကိုယ်ကိုယ် အပြစ်တင်မိပြန်သည်။ မည်သို့ ဖြစ်စေ သူအခန်းဖော်နှင့် အတူ နည်းလမ်းရှာနေသည် ဆို၍ မာနာ ပျော်နေသည်။

မာနာက စတော်ဘယ်ရီ တစ်ပေါင် ဝယ်ပြီး ဂျင်ယန်းကို လက်ဆောင်ပေးလိုက်သည်။ ကြိုတင် မင်္ဂလာ မုန့်လေလို့ ပြောတော့ သူ ပြုံးနေသည်။

၀

အခန်း [ ၈ ]

လင်း၏ တိုးတက်မှုက မြန်ဆန်သည်။ မျက်နှာ ပြန်ပြည့်လာပြီး သွေးရောင်လွှမ်းလာသည်။ နှစ်လ ဆေးကုလိုက်တော့ ညာဘက် အဆုတ်မှအနာ လုံးဝ ပျောက်ကင်းသွားသည်။ တိုင်းရင်းဆေးနှင့် ကုသဖြင့် မြန်မြန်ပျောက်ကင်းသွားခြင်း ဖြစ်၏။ အချို့လူနာများအတွက် စထရက်တိုမိုင်စင်း အစွမ်းထက်သော်လည်း အချို့လူနာများက တိုင်းရင်းဆေးနှင့် ပိုတည့်သည်။ ပိုအပျောက်မြန်သည်။

ငါးကြီးဆီနှင့် ဗီတာမင်တွေ စားပြီး ဆေးပါထိုးသည့်အခါ သူ့အဆစ်အမြစ် ရောဂါလည်း ပျောက်သွားသဖြင့် လင်း အံ့သြနေသေးသည်။ သို့သော် တင်ပါးဆုံ နှစ်ဖက်စလုံး နာနေသဖြင့် လမ်းလျှောက်လို့ သိပ်မကောင်းချင်သေး။

နိုဝင်ဘာလကုန်လောက်တွင် လုံးဝ နေကောင်းသွားသဖြင့် ရှင်ယန်းသို့ မတ်ခ်ဝါဒ သင်တန်းတက်ဖို့ အရွေးခံရသည်။ သင်တန်းကို စိတ်ဝင်စားသည်မဟုတ်။ သို့သော် ဆေးတက္ကသိုလ် တက်ခဲ့သည့် မြို့ဖြစ်၍ ပြန်သွားရမှာကြောင်း ပျော်နေသည်။ ခုတလော ရောက်ဖူးခဲ့သည့် နေရာဟောင်းများဆီ ပြန်သွားချင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂျင်ယန်းတစ်ယောက် စစ်တပ်မှ တရားဝင် နုတ်ထွက်ခွင့်ရပြီ။ သို့သော် ဆေးရုံမှ ဆင်းခွင့် မရသေး။ အနာက မဆိုစလောက် ကျန်နေသေးသည်။ လင်း ခန်းမထွက်မီ တစ်ရက်တွင် မာနာနှင့် လင်းက သူ့ကို ညစာကျွေးသည်။ မြို့ထဲမှ စားသောက်ဆိုင် တစ်ဆိုင်တွင် စားကြမည်။ ဆေးရုံ နိုင်ငံရေးမှူးရန်စု၏ ခွင့်ပြုချက်ဖြင့် အပြင်ထွက် စားခွင့် ရခြင်း ဖြစ်သည်။ တနင်္ဂနွေနေ့ ဖြစ်သဖြင့် မြို့ထဲတွင် စည်ကားနေသည်။

လူရှင်းသည့် ဒုတိယထပ်တွင် သူတို့ နေရာယူထားကြသည်။ ဂျင်ယန်းက အပေါ်ရုံ ကုတ်အင်္ကျီ ချွတ်ပြီး ကုလားထိုင်လွတ် တစ်လုံးတွင် သွားချိတ်တော့ လင်းနှင့် မာနာလည်း သူ့အတိုင်း လိုက်လုပ်ကြသည်။ ခဏနေတော့ ရင်ဖုံးခါးစီးအနီနှင့် သက်လတ်ပိုင်း အမျိုးသမီးတစ်ယောက် ရောက်လာပြီး ဟင်းလျာ စာရင်းယူသည်။

ဝက်ခေါင်းသုပ်၊ မှိုသနပ်၊ ဆေးဘဲဥ၊ အလယ်တည် ပွဲကြီးအဖြစ် ဝက်သားနှင့် ဟင်းရွက်စုံပေါင်း မှာလိုက်သည်။ ဂျင်ယန်းက မာနာဆီ ခွင့်တောင်းပြီး ဘီယာ တစ်ချိုင့် မှာလိုက်၏။

ပထမဆုံး ဘီယာ ဖန်ချိုင့်ကြီး အရင်ရောက်လာသည်။ အမြှုပ်တွေ တစီစီနှင့် ဂျင်ယန်းက ရောမ မတ်ခွက်ကြီးထဲ လောင်းထည့်ပြီး ခွက်ကို မြှောက်၍ ဆုတောင်းလိုက်သည်။

'ချီးယားစ်'

လင်းနှင့် မာနာတို့ နှစ်ယောက်ကလည်း ရေနွေးပန်းကန် ကိုယ်စီ မြှောက်၍ ချီးယားစ် လုပ်လိုက်ကြသည်။

ဘီယာကို အလေးတကြီး မော့နေသော သူတို့ ဧည့်သည်ကို မာနာက ပြောလိုက်သည်။

'ရှင့် အဆုတ်ကို ရှင် ထည့်မစဉ်းစားတော့ဘူးလား'

ဂျင်ယန်းက သွားတွေပေါ်အောင် ပြုံးပြီး

'ကျွန်တော့် အဆုတ်တင် မကဘူး၊ ကလီစာတွေပါ ပျက်စီးနေပါပြီ'

ဟင်းပွဲတွေ မလာခင် ဂျင်ယန်းက သူ့ပန်းကန်ထဲသို့ ငရုတ်ဆီတွေ လောင်းထည့်လိုက်သည်။ ပြတင်းပေါက် ပေါင်ပေါ်တွင် စာကလေး လေးကောင် လာနားပြီး ဆော့နေကြသည်။ အပြင်တွင် နှင်းဖွဲဖွဲ ကျနေသည်။ အောက်ထပ်မှ ဆူဆူညံညံအသံတွေ အပေါ်မှ အတိုင်းသား ကြားနေရသည်။ ဟင်းပွဲတွေ တစ်ပြိုင်တည်းလိုလို ရောက်လာပြီး စားပွဲပေါ်တွင် ပြည့်သွားကြ



သည်။ ဂျင်ယန်းက ဝက်ခေါင်းသုပ်ကို အရင်နှိုက်ပြီး စားရင်း ချီးမွမ်းသည်။

'တကယ် ကောင်းတယ်ဗျို့'

လင်းနှင့် မာနာ အသီးအရွက် အချို့ကို တူနှင့် လှမ်းယူရင်း တစ်ယောက် မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။ စားသောက်ဆိုင် တစ်ဆိုင်တွင် ထွက်ပြီး အတူတူ မစားဖူးခဲ့ခြင်းကို နှစ်ယောက်လုံး တွေးမိလိုက်သည်။ လင်းက ပျော်နေပုံဖြင့် ဧည့်သည် လုပ်သူကို အဝစားဖို့ တိုက်တွန်းသည်။ စင်စစ်တိုက်တွန်းစရာ မလိုပါ။ ဂျင်ယန်းက အားရပါးရ လွေးနေပါပြီ။

ပျော်ပျော်ပါးပါး စားသောက်နေစဉ် ဧည့်သည်က

'အေးဗျာ၊ ခင်ဗျားတို့ရဲ့ မင်္ဂလာဆောင်ပွဲကို လာမသောက်နိုင်တာတော့ စိတ်မကောင်းစရာပဲ'

မင်္ဂလာဆောင် ဆိုသည့် စကားလုံးကို ကြားလိုက်သည်နှင့် လင်းနှင့် မာနာ ငြိမ်ကျသွားသည်။ ချက်ချင်း မျက်နှာတွေ ညှိုးသွားကြ၏။

ဂျင်ယန်းက အားပေးသည်။

'ဟာ သေတော့မှာပဲ၊ ခင်ဗျားတို့ နှစ်ယောက်ကလည်း စိတ်ဓာတ်မကျကြစမ်းပါနဲ့၊ အသက်ရှင်နေတုန်း ကျွန်တော်တို့ ပျော်အောင် နေကြရမယ်'

ပါးပါးလှီးထားသည့် ဝက်သားပြားတွေပေါ်မှာ ကြက်သွန်မြိတ်ကို လှမ်းယူရင်း လင်းက ခပ်ညည်းညည်း ပြောသည်။

'ဘာလုပ်ရမှန်း မသိသေးတာက ခက်တယ်ဗျာ'

'နောက်တစ်နှစ် ထပ်ကြိုးစားလေ၊ ကျွန်တော်သာ မာနာ့လို မိန်းမချောလေးနဲ့ တွေ့ရင် ဘာမဆို ရင်ဆိုင်မယ်၊ ပျော်ပျော်နေစမ်းပါ ရဲဘော်ရာ ခင်ဗျားလောက် ကံကောင်းတဲ့လူ လောကမှာ မရှိပါဘူး၊ အဲဒီအတွက် ခင်ဗျား ကျေးဇူးတင်ရမယ်'

'ဘာအတွက် ကျေးဇူးတင်ရမှာလဲ'

'ခင်ဗျား ရနေတာတွေ အားလုံးအတွက်ပေါ့'

လင်းက ခေါင်းယမ်းသည်။ မာနာက သူတို့နှစ်ယောက်၏ မျက်နှာကို တစ်လှည့်စီ ကြည့်နေသည်။

ခဏနေမှ ဂျင်ယန်းကို ကြည့်ပြီး စကား စသည်။

'မာနာတို့ ဘာလုပ်ရမှာလဲဟင်၊ အကြံလေး ဘာလေး ပေးပါဦး ပေးမယ်ဆို'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် သဘောအရတော့ လင်းအနေနဲ့ ကွာရှင်းဖို့ မလိုဘူး။ ခင်ဗျားတို့ နှစ်ယောက် ချစ်နေကြပြီပဲ၊ လက်ထပ်ဖို့ ဆုံးဖြတ်ထားပြီပဲ၊ ဒီကိစ္စကို ဖြတ်သန်းရမှာပေါ့'

လင်းက အသားတုံး တစ်တုံးကို တူနှင့် ဖြတ်နေရင်း

'ကွာရှင်းတဲ့ ကိစ္စ မပြတ်ဘဲ ဘယ်လိုလုပ် ဖြတ်သန်းမလဲ'

'နည်းလမ်း ရှိရမှာပေါ့ဗျာ၊ ငန်းတစ်ကောင်ရဲ့ လည်ချောင်းထဲမှာ သံချောင်း ထည့်ထားရင်တောင် ဖြတ်လို့ ရတဲ့ နေရာ ရှိသေးတာပဲ'

'ကဲပါ ဥပမာတွေ၊ ဥပမေယျတွေ လုပ်မနေပါနဲ့၊ မာနာတို့ ဘာလုပ်ရမလဲဆိုတာသာ ပြောစမ်းပါ'

'ခုကျတာက ခင်ဗျားတို့နဲ့ ကျွန်တော် အခြေခံချင်း မတူဘူး။ ဒါပေမဲ့ ဖြစ်နိုင်တာ တစ်ခု ကျွန်တော် ပြောမယ်၊ ငွေနဲ့ ဖြေရှင်းရင် မရတာ မရှိပါဘူး၊ ရှူးယုကို ယွမ်နှစ်ထောင်လောက် ပေးလိုက်ပေါ့'

လင်းက ဝင်ပြောသည်။

'မရဘူးဗျ၊ ခင်ဗျားက ရှူးယုအကြောင်း မသိလို့၊ သူက လုံးဝ ငွေမလိုဘူး၊ သူ့ဘဝက ရိုးရိုးရှင်းရှင်းဗျ၊ ဘာဆို ဘာမှ မလိုဘူး'

'အဲဒါ ကျွန်တော် မယုံဘူး။ သူ့ကို တိုက်ရိုက် မဟုတ်တောင် တစ်နည်းနည်းနဲ့ သူ့ဆီ ရောက်အောင် ပို့ပေးနိုင်ရမယ်၊ ပိုက်ဆံရှိရင် မကောင်းဆိုးဝါးကိုတောင် ဆန်ဖွပ်ခိုင်းပြီး ထမင်းပါ ချက်ခိုင်းလို့ရတယ်'

လင်းနှင့် မာနာ ဘာမှ မပြောတော့ဘဲ ဇွတ်ပြောနေသည့် ဧည့်သည်ကို တအံ့တသြ ငေးနေကြသည်။

ဂျင်ယန်း စကားဆက်သည်။ လင်း၏ ရင်ဘတ်ဆီကို တူဖြင့် ညွှန်ပြရင်း

'ကဲ၊ ကျွန်တော့်ကို အလောင်းကောင် တစ်ကောင်လို ကြည့်မနေကြပါနဲ့ ကျွန်တော် ဥပမာ တစ်ခု ပြောမယ်၊ လွန်ခဲ့တဲ့ သုံးနှစ်က ကျွန်တော်တို့ တပ်မှာ တပ်ရင်းမှူး တစ်ယောက် ပီကင်းက သတင်းထောက်မလေးနဲ့ ဖြစ်ကြတယ်၊ ကောင်မလေးကို သူက ခေါ်လာပြီး သူ့အခန်းမှာ တစ်ပတ်လောက် ထားဖို့ စီစဉ်တယ်၊ ကောင်မလေးရဲ့ အပေါင်းအသင်းတွေက သိသွားလို့ အထက်ကို တိုင်တော့ မိန်းကလေးကို ပြန်ပို့ပေးဖို့ အထက်က အမိန့်ရောက်လာတယ်၊ သူ ဘာမှ မတတ်နိုင်ဘူး။ ပြန်ပို့ပေးလိုက်ရတာပေါ့၊ ကျွန်တော်တို့ စောင့်ကြည့်နေကြတယ်၊ ဒီ ပုဂ္ဂိုလ်တော့ ကွဲပြီပေါ့၊ အပွင့်တွေ ပြုတ်မလား



လူပါ ပြုတ်မလားပေါ့၊

သူ အလုပ်မပြုတ်ဘဲ ရာထူးတက်သွားတယ်လေ၊ အဲဒါ ဘာလဲ ငွေနဲ့ သူ့ကြမ္မာ ကို သူ ဖန်တီးလိုက်တာပေါ့၊ ကျွန်တော့်မှာသာ ပိုက်ဆံရှိရင် တပ်က ဘယ် ထွက်ခွင့်ပေးမလဲ၊ ရှေ့တန်းမှာ သုံးမရပေမယ့် စစ်ဌာနချုပ်မှာ ကျွန်တော် အသုံးဝင်နိုင်တာပဲ မဟုတ်ဘူးလားဗျာ'

'ဒါပေါ့၊ ဒါပေါ့'

လင်းက ဟင်းရွက်နှင့် အသားကို တူနှင့် ညှပ်ပြီး ပါးစပ်ထဲထည့်ရင်း ပြောလိုက်သည်။ မာနာနှင့် နှစ်ယောက်သား ငြိမ်ပြီး စားနေကြသည်။ သူ့ကို ဘယ်လို ဆင်ခြေတက်ရမှန်း မသိ ဖြစ်နေကြ၏။

နောက်ဆုံးတွင်မှ လင်းက ဂျင်ယန်းကို မေးလိုက်သည်။

'ခင်ဗျား မပြန်ခင် ကျွန်တော်တို့ ဘာလုပ်ပေးဖို့ လိုသလဲ ပြောပါဦး'

ဤသို့ဖြင့် ဂျင်ယန်း၏ ပစ္စည်းတွေကို သူ မြို့သို့ ပို့ပေးဖို့ အစီအစဉ်ဆွဲကြသည်။ ဂျင်ယန်းက ဈေးပေါပေါနှင့် ဝယ်ထားသည့် သစ်တွေကို သူနေသည့် အင်ဟွီပြည်နယ်သို့ မီးရထားဖြင့် ပို့ပေးဖို့ အကူအညီ တောင်းသည်။ သူတို့ အရပ်တွင် ရှားပါးပစ္စည်း ဖြစ်သည်။ သစ်သားတွေကို မှောင်ခိုက ဝယ်ထားခြင်း ဖြစ်၏။ သူ ဝယ်ထားသည့် ပစ္စည်းများထဲတွင် ပျားရည် ပေါင် ၃၀ လည်း ပါ၏။ သိုးသားရေက ၆ ချပ်။ သူ အရပ် ပြန်ရောက်လျှင် အကောင်းဆုံး သားရေ ကုတ်အင်္ကျီတွေ သူချုပ်ဝတ်တော့မည်။

ထိုညတွင် ဂျင်ယန်း၏ အတွေးအမြင်တွေကို လင်း စဉ်းစားသည်။ သူပြောတာတွေကို တဖြည်းဖြည်း စိတ်ဝင်စားလာသည်။ ရှူးယုက ငွေမလိုချင်တာ မှန်သည်။ ရှူးယုအပေါ် သြဇာလွှမ်းထားသူက ရွှေယောက်ဖ ဘင်ရှန်းက ငွေကို ငမ်းငမ်းတက် လိုချင်နေသူ။ ဘင်ရှန်း ပြောရင် ရှူးယု နားထောင် မည် မုချ။ ပြဿနာ၏ အရင်းအမြစ်မှာ ဘင်ရှန်း ဖြစ်ကြောင်း လင်း ခုမှ မြင်လာသည်။

လင်းတွင် ဒုတိယအတွေး ဝင်လာပြန်သည်။ သူ့ကို ပိုက်ဆံပေးလိုက်လျှင် အိတ်ထဲ ထည့်ပြီး ဘာမှ လုပ်မပေးလျှင်ရော။ အင်း တော်တော် မသေချာတဲ့ ကိစ္စပဲ။ ယွမ်နှစ်ထောင် ဆိုတာ နည်းနည်းနောနောငွေ မဟုတ်။ ငါ့တစ်နှစ်ခွဲ လစာ၊ လင်း စိတ်ညစ်သွားသည်။ ဒါလောက် ရင်းနှီးသော

www.burmeseclassic.com

www.burmeseclassic.com



ဒါလောက် စွန့်စားသင့်သလား။ ယောက်ဖလုပ်သူက နည်းနည်းမှ စိတ်ချရသူ မဟုတ်။

သည်လိုလုပ်ဖို့ စဉ်းစားလေ စိတ်မချရလေ ဖြစ်လာသည်။ နောက်တစ် နေ့ မာနာ့ဂျူတီချိန်တွင် လင်း သွားတွေ့သည်။ သူ့ကို မြင်တော့ နေ့စဉ် မှတ်တမ်းတွေ ရေးနေရာမှ ရပ်ပြီး ကုလားထိုင် တစ်လုံး ထိုးပေးလိုက်သည်။

သူ့စိတ်ကူးကို ပြောပြနေစဉ် မာနာက ကြားဖြတ်မေးလိုက်သဖြင့် လင်း အံ့ဩသွားသည်။

'ဆရာ့မှာ ပိုက်ဆံ ရှိသလား'

'ဘယ် ရှိမှာလဲ၊ ဘဏ်မှာ ၆၀၀ ပဲ ရှိတယ်၊ မင်းမှာ စုထားတာရော ရှိရဲ့လား'

'နည်းနည်းပဲ ရှိမှာပေါ့'

မာနာက ဘဏ်လက်ကျန်ငွေ ပမာဏကို ပြောမပြ။

'ဒီအတိုင်း လုပ်မယ်ဆိုရင်တော့ ငွေချေးရမှာပဲ၊ မင်း ဘယ်လို သဘောရသလဲ မာနာ'

မာနာက ခဏ စဉ်းစားပြီး

'ပိုက်ဆံ မရှိရင်တော့ အဲဒီလို လုပ်ဖို့ စိတ်လျှော့လိုက်ပါ'

မာနာ့ မျက်ခုံးတွေ တွန့်သွားသည်။ နှုတ်ခမ်းကို တင်းတင်းစေ့ထား၏။ ဒီကိစ္စ မာနာ စဉ်းစားပြီးသားမှန်း သိသာနေသည်။ ပြတ်သားလွန်းသော တုံ့ပြန်မှုကြောင့် လင်း အံ့ဩနေသည်။

ဩော် လတ်စသတ်တော့ ဒီကိစ္စမှာ သူ့အကုန်အကျ ခံဖို့ စိတ်မကူးဘဲကိုး။ ဒီလို တွေးမိတော့ လင်း စိတ်အကျကြီး ကျသွားသည်။ ဘယ်တုန်းကမှ ငွေစုဖို့ စိတ်မကူးခဲ့။ သူများဆီမှ ချေးဖို့ ဆိုတာ ဝေလာဝေး။

သူက မာနာ့ကို မေးလိုက်သည်။

'ဒါဆိုလည်း တို့ ဒီလိုပဲ ဆက်စောင့်ရမှာပေါ့နော်၊ မဟုတ်ဘူးလား'

မာနာက စိတ်ပျက်လက်ပျက် ပြန်ပြောလိုက်သည်။

'မာနာ မပြောတတ်တော့ဘူး ဆရာရယ်၊ ဘင်ရှန်းကို ပိုက်ဆံပေးလိုက်ရင် ခွေးကို အမဲလုံး ပစ်ပေးလိုက်သလို နေမှာပေါ့၊ မာနာက ဆရာ့မှာ တော်တော်များများ စုမိနေပြီ ထင်တာ'

'ဟင့်အင်း ခြောက်ရာပဲ ရှိတယ်'



'ပိုက်ဆံရှိမှ ဂျင်ယန်းပြောတဲ့အတိုင်း လုပ်ကြည့်လို့ ရမှာပေါ့'

'ဒါဆို လက်လျှော့လိုက်ရမှာပေါ့နော်'

'မသိဘူးလေ'

မာနာက မျက်နှာလွှဲလိုက်ပြီး သူ့အလုပ်တွေ သူ ဆက်လုပ်နေသည်။

အခန်းထဲတွင် တိတ်ဆိတ်သွားသည်။ လင်း စိတ်ဓာတ်ကျသွားသည်။ ရှက်လည်း ရှက်သွား၏။ သတို့သမီးကို အိမ်ပေါ်အရောက် ခေါ်ရမည်မှာ ယောကျ်ားလေး၏ တာဝန် မဟုတ်လား။

မာနာ့ကို အကူအညီ တောင်းခံမိခြင်းမှာ လုံးဝမဖြစ်သင့် သည့်ကိစ္စ ဖြစ်၏။ ဒီကိစ္စ မာနာနှင့် နောက်ထပ် လုံးဝ မဟာမိဖို့ ဆုံးဖြတ်လိုက်သည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း [ ၉ ]

အင်္ဂါနေ့ နံနက်တွင် ဆေးရုံ ကဖေးတ်ရုံရှေ့တွင် ဂျင်ယန်းနှင့် မာနာ ဆုံသည်။ သူ အလုပ်ရှုပ်နေသည်။ ခရီးထွက်ဖို့ ထုပ်ဟယ် ပိုးဟယ် လုပ်နေခြင်းကြောင့် ဖြစ်၏။ သေတ္တာ အချို့ကို ဘူတာရုံ ပို့ပေးနေပြီ။ မိတ်ဆွေတွေကိုလည်း သူ လိုက်နှုတ်ဆက်နေသည်။

'လင်းရဲ့ စာအုပ်တွေ ကျွန်တော့် အခန်းမှာ ရှိနေသေးတယ် မာနာ၊ ကျွန်တော် အချိန် မရတော့ဘူး မာနာ လာယူပေးနိုင်မလားဟင်'

'ဘယ်အချိန် လာယူရမလဲ'

'မနက်ဖြန်မှ သွားမှာပါ၊ ဒီနေ့ တစ်ချိန်လုံး ရှိနေမှာပါ'

ဂျူတီချိန်ပြီးလျှင် လာခဲ့မည်ဟု မာနာ ပြောလိုက်သည်။ ညရှစ်နာရီတွင် မာနာ ဂျူတီ ပြီးမည်။

ဂျင်ယန်း ပြုံးသည်။ သူ့အပြုံးကြောင့် မာနာ ကျောထဲ စိမ့်သွားသည်၊ လှည့်ထွက်လာခဲ့၏။ နောက်မှ သူစောင့်ကြည့်နေမှန်း သိနေ၏။ သူ့မျက်လုံးတွေက ဆာလောင်မွတ်သိပ်နေသည့် မျက်လုံးတွေဟု မာနာ ထင်သည်။

သူ့အကြည့်တွေကြောင့် မာနာ အနေရ အထိုင်ရ ကျော်သလို ဖြစ်တတ်သော်လည်း သူ့ကို သဘောကျသည်။ သူက ခပ်ရမ်းရမ်း ခပ်ကြမ်းကြမ်း

www.burmeseclassic.com

www.burmeseclassic.com



သို့သော် သူ့ကို လူဆန်သည်ဟု မာနာ ထင်သည်။ လင်းမှာ သူ့ခွန်အားမျိုးတွေ ရှိလျှင် ဘယ်လောက် ကောင်းမလဲဟု မာနာ မျက်ခုံးကြီး ရှုံ့ကြည့်မိသည်။ သူတို့နှစ်ယောက် ပေါင်းမှ မျှတသွားလိမ့်မည် ထင်၏။ လင်းက နူးညံ့သည်။ သိမ်မွေ့သည်။ သို့သော် ကျားကျားလျားလျား မရှိ။ မာနာ သူ့ကို အားမရ။

ရှင်ယန်းမြို့တော်ကို လင်း ထွက်သွားသည်မှာ တစ်ပတ်ရှိပြီ။ သူ ထွက်သွားတော့ မာနာ့ စိတ်ထဲတွင် ငြိမ်းချမ်းနေသည်။ ထူးထူးခြားခြား အောက်မေ့ တသခြင်း မဖြစ်မိ၊ ပေါ့ပါး လွတ်လပ်သလိုတောင် ဖြစ်နေမိ၏။ သူ့ အဝတ်တွေကို လျှော်ဖွပ်ပေးဖို့လည်း မလိုတော့ဘူးလော။ ချစ်သူ သူ့ကြောင့် တရေးအိပ်စောင့်နေရသည့် အဖြစ်မျိုး မရှိတော့။

သို့သော် လုပ်ငန်းခွင်တွင် အရေးတကြီး ကိစ္စပေါ်သည့်အခါ၊ အငြင်းအခုံဖြစ်ရသည့်အခါ ဆရာ့ကို တမ်းတမိသည်။ ဆရာရှိလျှင် ပြေးတိုင်ပင်နေကျလေ။

သည်လိုအခါတွင် ချစ်သူနှင့် အတူတကွ ပေါင်းသင်းနေထိုင်ရလျှင် ကောင်းလေစွ။ သားသမီးတွေ ပွားစည်းရလျှင် အဟောသုခံ ချမ်းသာလေစွဟူသည့် ဆန္ဒတွေ မာနာ့တွင် တဖွားဖွား ပေါ်မြဲ။ ခေါင်းချင်းဆိုင်ပြီး လင်မယား တိုင်ပင်ဖော် တိုင်ပင်ဖက် ဘဝမျိုး၊ လူသိရှင်ကြား ကြွားကြွားဝင့်ဝင့် ဘဝမျိုးကို ဘယ်အခါများမှ ရမှာပါလိမ့်။

အချိန်တွေ ပိုနေသဖြင့် ဆေးရုံ ည သင်တန်းတွင် မာနာ အင်္ဂလိပ်စာ သင်ဖို့စာရင်းသွင်းလိုက်သည်။ ၁၉၇၂ ခုနှစ် တရုတ်ပြည်သို့ ရစ်ချဒ်နစ်ဆင် လာလည်ပြီးနောက်ပိုင်းတွင် ရေပန်းစားလာသည့် သင်တန်းဖြစ်သည်။

လက်ထောက်ဆရာဝန် ဖြစ်ဖို့ သူနာပြုဆရာမများ အင်္ဂလိပ်စာ တတ်ရမည်ဟူသည့် သတင်းတွေ ထွက်လာသည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင် တရုတ်ပြည် ဆေးရုံများ၊ ဆေးကျောင်းများတွင် နိုင်ငံခြား ဘာသာဆို၍ လက်တင်ဘာသာမှ လွဲပြီး မည်သည့်ဘာသာမျှ မသင်ကြရ။ ခုတော့ အင်္ဂလိပ်ဘာသာရော၊ ဂျပန်ဘာသာပါ တွဲသင်နေကြရပြီ။ ဆေးရုံတွင် အင်္ဂလိပ်စာ သင်ဖို့ ဆရာမ လေးဆယ်ကျော် စာရင်းပေးထားကြသည်။

ထိုအချိန်က စာအုပ်ရှားသေးသည်။ ဟေယံက မာနာ့ကို အင်္ဂလိပ်အဘိဓာန် စာအုပ်တစ်အုပ် ရှာပေးသည်။ ဟေယံက ပြီးခဲ့သည့် နွေတွင် လက်ထပ်ပြီး ယခုအချိန်တွင် အဆောင်ကြီးကြပ်ရေးမှူး ဆရာမကြီး ဖြစ်နေပြီ။ ကိုယ်ဝန်ရှိနေပြီ ဖြစ်၍ သူ ညကျောင်းမတက်နိုင်။ သင်တန်းက ဒီဇင်ဘာ



လဆန်းတွင် စသည်။ မူကျိဆရာ အတတ်သင်ကောလိပ်မှ ဆရာမ တစ်ယောက် ကြီးမှူးပြီး ဖွင့်သည့် သင်တန်း ဖြစ်သည်။

ညပိုင်းတွင် မာနာက လင်း၏ စာအုပ်တွေ သိမ်းဖို့ ကူးစက်ရောဂါဆောင်သို့ ရောက်လာခဲ့သည်။ ချမ်းလွန်းသဖြင့် အသက်ရှူတိုင်းတွင် အငွေ့တွေ ထွက်နေ၏။ လရောင်က ငွေမင်တွေ လူးထားသော နှင်းပေါ်သို့ သစ်ရွက်တွေ ကြားမှ ပြောက်ပြောက်ကျားကျား ထိုးဆင်းနေသည်။ နှင်းမှုန်တွေ ဖြတ်သန်းပြီး လေတိုးသံက ကလေးငိုသံနှင့် တူနေ၏။

အဆောင်ထဲသို့ ချမ်းချမ်းစီးစီးနှင့် ဝင်လာခဲ့သည်။ ခပ်မှောင်မှောင် လှေကားအတိုင်း တက်လာခဲ့သည်။ သည်အဆောင်က ဆရာမတွေကို မနာလို ဖြစ်လိုက်မိသည်။ လူနာနည်းသဖြင့် သူတို့ နားနားနေနေ နှပ်နေကြသည်။ ဖျင်ယန်းက မာနာ့ကို တံခါးဖွင့်ပေးသည်။ အခန်းထဲတွင် အရက်နံ့သင်းနေ၏။ မှန်ပြတင်းတွင် နှင်းတွေ ထုတက်နေသည်။ မာနာက သူ့ကို လှမ်းကြည့်လိုက်သည်။ ဟင်. . . သူ မူးနေတာပါလား။

ဖျင်ယန်းက သူ့ကို ပြုံးကြည့်နေသည်။ လင်း နေသွားသည့် အိပ်ရာပေါ်တွင် သေတ္တာတစ်လုံးက ဖွင့်လျက်သား။ အဝတ်တွေ၊ စောင်တွေ ပစ်ထည့်ထားသည်။ ဝတ္ထုစာအုပ် နှစ်အုပ်လည်း အိပ်ရာပေါ်တွင် တွေ့ရ၏။ The Golden Broad Road နှင့် The Chronicle of the Red flag ဖြစ်၏။ စားပွဲပေါ်တွင် အရက်ပုလင်းက တစ်ဝက်ကုန်နေပြီ။

မာနာက သိုးမွေးဦးထုပ်ကို ချွတ်ပြီး

'ကြည့်စမ်း. . . ရှင် အရမ်း သောက်ပြန်ပြီ ဟုတ်လား'

'ဟီး ဟီး. . . ထိုင်ပါဦး မာနာရယ်၊ မာနာ့ကို မေးစရာ တစ်ခု ရှိတယ်'

သူက တံခါးဆီ သွားပြီး မင်တုံးချလိုက်သည်။

မာနာက လင်း၏ ဝတ္ထု စာအုပ် နှစ်အုပ်ကို အိတ်ထဲ ထောက်ထည့်ပြီး

'ဘာများ ပါလိမ့်'

'မာနာ ဘာလို့ ကိုယ့်ကို စိတ်ဝင်စားနေတာလဲ'

ပြောပြောဆိုဆို မာနာ့ ပခုံးကို လှမ်းတိုင်ပြီး အိပ်ရာပေါ် ထိုင်ခိုင်းလိုက်သည်။ မာနာက မျက်နှာ ပူထူသွားသည်။ နံရံဘက်သို့ လှည့်ထားလိုက်၏။

'ကဲပါ ကိုယ့်ကို မော့်ကြည့်ပါ။ မင်းကိုယ့်ကို သဘောကျနေပါတယ် ဟုတ်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



မာနာ ဘာပြန်ပြောရမှန်း မသိအောင် ရင်တွေတုန်နေသည်။

'ကဲ. . . ပြောလေ ဘာပြုလို့ စတော်ဘယ်ရီတွေ ဝယ်ပေးတာလဲ'

မာနာ လန့်သွားသည်။ ရယ်လည်း ရယ်ချင်သွား၏။ သို့သော် ထိန်းထားလိုက်သည်။

ဘာမျှ ပြန်မပြောသည့်အခါ ဂျင်ယန်းက မာနာ့ လက်မောင်းကို ဖမ်းဆုပ်လိုက်သည်။ သူ့လက်တွေက သန်စွမ်းလှသဖြင့် မာနာ အော်လိုက်သည်။

'ရှင် ကျွန်မကို လွှတ်ပါ'

မာနာ ဦးထုပ်ကြမ်းပေါ် ပြုတ်ကျသွားသည်။ သို့သော် ကုန်းမကောက်နိုင်တော့။

'ဒီမယ် မင်းနားထောင်၊ အပျိုမလေး မင်းအပျိုစစ်စစ်မှန်း လင်းပြောလို့ သိရတာ၊ ကိုယ်နဲ့ လင်း အတူတူပါပဲကွာ၊ ဒါပေမဲ့ ကွာတယ်၊ ဒါထက် မင်းအဲဒီ မိန်းမလျာကို ဘာလို့ ဒါလောက် စွဲလမ်း နေတာလဲ'

'ရှင် အရှက်နည်းလှချည်းလား၊ ကျွန်မအကြောင်း ဘယ်သူပြောလို့လဲ'

'ဟုတ်တယ်၊ မိန်းမချော အပျိုစင်ကလေးတွေနဲ့ တွေ့ရင် ကိုယ်အရှက်နည်းပါတယ်'

'ဂျင်ယန်း ရှင် အရမ်းမူးနေပြီ၊ မဟုတ်ရင် ရှင် ဒီစကားမျိုး ဘယ်တုန်းကမှ မပြောဖူးဘူး'

'ကိုယ်မျက်နှာ နီနေပေမယ့် ကိုယ့်ရင်ထဲက မမူးပါဘူးကွာ၊ မင်းကိုယ့်ကို သဘောကျနေမှန်း မင်း မျက်လုံးတွေက ပြောနေတာပဲ၊ ကိုယ်မိန်းကလေးအကြောင်း သိတယ်လေ'

'ကျွန်မ သွားတော့မယ်'

'ဟင့်အင်း. . . မင်း မသွားရဘူး'

'ရှင်ဟာ လင်းရဲ့ သူငယ်ချင်းပါ၊ သူ့ချစ်သူကို ရှင် ဒီလို ဆက်ဆံသလား ရှင့်မှာ ကိုယ်ကျင့်တရားဆိုတာ မရှိဘူးလား၊ ရှင်ဟာ အရာရှိတစ်ယောက်လေ ကာမပိုင်ရှိတဲ့ မိန်းမတစ်ယောက်ကို. . .'

သူက လက်နှစ်ဖက် နောက်ပစ်ပြီး ရယ်သည်။

'အပျိုစစ်စစ် တစ်ယောက်မှာ ဘယ်လို ကာမပိုင်ရှိမှာလဲ၊ လင်းကောင်းက မင်းကို လက်ထပ်လိမ့်မယ် မင်း ထင်နေသလား၊ မင်းဟာ သူ့ရဲ့ အပျော်မယား အဆင့်တောင် မရောက်သေးဘူး၊ ဟုတ်တယ် မဟုတ်လား၊ သူ မင်းကို ပျော်အောင် မလုပ်နိုင်ပါဘူး၊ ကျေနပ်မှုမပေးနိုင်ပါဘူး'



'တော်ပါတော့၊ ကျွန်မ သွားမယ်'

မာနာ ဦးထုပ် ကုန်းကောက်သည်။ သူက ရှေ့မှ ဝိတ်ရပ်ပြီး

'နေပါဦး နားထောင်ပါဦး၊ သူ ကိုယ့်ကို ပြောတယ်၊ မင်းနဲ့ သူ တစ်ခါမှ မအိပ်ရသေးဘူးတဲ့၊ သူ ဘယ်လို လူစားလဲ၊ သူ ယောကျ်ားမပီသဘူး၊ အဲဒါ မင်းသိလား'

သူနောက်ဆုံး စကားလုံးများကြောင့် မာနာ မူးဝေသွားသည်။ ခုတင်တိုင်ကို လှမ်းကိုင်ထားလိုက်ရ၏။ မဟုတ်ဘူး၊ မဖြစ်နိုင်ဘူး လင်း ကလေးရူးတာပဲ၊ သူလူစဉ်မမီရင် စစ်တပ်ထဲ ဝင်ဖို့ ဘယ်လိုလုပ်ပြီး ဆေးအောင်မှာလဲ'

'ရှင် လင်းကို သိက္ခာ မချနဲ့၊ ကျွန်မ သွားမယ်၊ ရှင်နော် ကျွန်မ အော်လိုက်မယ် သိလား'

သို့သော် မာနာ မအော်နိုင်မီ သူ့လက်ချောင်းတွေက မာနာ့ လည်ပင်းပေါ် သို့ ရောက်လာနေပြီ။

၀

အနှစ်နှစ်အလလ ထိန်းခဲ့သည့် ပန်းဦးက ကြွေလေပြီ။ မိုးထဲလေထဲတွင် မာနာ ပြေးထွက်လာခဲ့၏။ အိမ်တွေ၊ သစ်ပင်တွေ မျက်စိထဲတွင် ချာလည်လည်နေ၏။ ကိုက်တစ်ရာလောက် ပြေးမိတော့ ရေခဲပြင်ပေါ်တွင် ချော်လဲကျသွားသည်။ အာခေါင်တွေ ခြောက်နေပြီ။ ရေခဲတစ်ဆုပ် ပါးစပ်ထဲ ပစ်ထည့်လိုက်၏။ အမောပြေသွားသည်နှင့် ထရပ်လိုက်ပြီး ဆက်ပြေးသည်။

ကံဆိုးမ မာနာ ကံကောင်းပါသည်။ အခန်းဖော်တွေ တစ်ယောက်မျှ မရှိကြ။ နှစ်ယောက်က ရုပ်ရှင်သွားကြည့်နေကြသည်။ တစ်ယောက်က ညဂျူတီ။ အိပ်ရာပေါ် ပစ်လှဲပြီး နာရီဝက်လောက် ငိုနေသည်။ ဘာဆက်လုပ်ရမှန်း မသိ။

လူကြီးတွေကို သွားတိုင်မည် စိတ်ကူးလိုက်၏။ ဖြစ်ပါ့မလား။ သူတို့ ယုံပါ့မလား၊ သူက အရာရှိကြီး၊ ငါက သူ့အခန်းထဲ သွားတာ၊ မျက်မြင်သက်သေ တစ်ယောက်မှ မရှိ။ လင်းကို ဒေါပွမိပြန်သည်။ သူ့ကြောင့် သူ့ကြောင့် ရေတိမ်နစ်ရတာ၊ ဒီလို လူယုတ်မာနဲ့ ဘာ့လို့ သူမိတ်ဆွေ ဖြစ်ရသလဲ'

ပြီးတော့မှ အရေးကြီးတာ သွားသတိရသည်။ ကိုယ်ဝန်ဆောင်မှုအောင် လုပ်ဖို့က အဓိက မဟုတ်လား။ သူနာပြုဆရာမ တစ်ယောက် အနေဖြင့် ထင် သမျှ မှတ်သမျှ အကုန်လျှောက်လုပ်သည်။ အတွင်းခံ ဘောင်းဘီတိုတော့

www.burmeseclassic.com

www.burmeseclassic.com



သက်သေခံ ပစ္စည်းအဖြစ် အသုံးဝင်လိုဝင်ငြား အကျီတစ်ထည်နှင့် ပတ်ပြီး ခုတင်အောက် အဝတ်သေတ္တာထဲ ထည့်သိမ်းထားလိုက်သည်။

အခန်းဖော်တွေ မသိအောင် စောင်ခေါင်းမြီး ခြုံလျက် တစ်ညလုံး ကြိတ်ငိုနေသည်။ ဘယ်သူ့ကို သွားပြီး တိုင်ပင်ရပါ့မလဲ။ ဘယ်သူ့ကို ဖက်ငိုပြီး ပြောရပါ့မလဲ။ ဘယ်သူမှ မရှိပါ။ မာနဲ့တွင် ပြေးစရာ မြေမရှိပါ။ အိမ်မရှိပါ။ အားကိုး အားထား မရှိသည့် တစ်ကောင်ကြွက်ဘဝ ခုမှ ပို၍ ပီပြင်လာခြင်း။ ဘယ်အချိန်ကျမှ အငိုတိတ်သွားမှန်း မသိ။ ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိ။

၀

## အခန်း [ ၁၀ ]

နောက်တစ်နေ့တွင် မာနာ မျက်တွင်း မျက်ချောင်ကျနေသည်။ ဆရာမလေးတွေက နေမကောင်းလျှင် ရက်စားနားခွင့်ယူပြီး ပြန်ဖို့ ဝိုင်းပြောသည်။ အစားများလို့ မအီမသာ ဖြစ်တာပါလို့ ပြောပြီး မာနာ ဣန္ဒြေမပျက် အလုပ်တွေ ဆက်လုပ်နေသည်။

တယ်လီဖုန်းသံ ကြားတိုင်း သူ့ဆီက ဖြစ်မလားဆိုပြီး ရင်တထိတ်ထိတ် ဖြစ်နေသည်။ သူတောင်းပန်မှာလား၊ အရက်မူးလို့ပါဟု အကြောင်းပြမှာလား၊ ခွင့်လွှတ်ဖို့ ဝေးစွ၊ သူ့ဆီမှ ဖုန်းလာလျှင် ကျိန်ဆဲဖို့ စကားလုံးတွေ ရွေးထားသည်။

နေ့လယ်ပိုင်းအထိ ဖုန်းမလာတော့ ကူးစက်ရောဂါဆောင်ကို ဆက်ကြည့်သည်။ ဂျင်ယန်း မနက် အစောကြီး ဆင်းသွားပြီတဲ့။ ရုံးခန်းတွင် စာအုပ်အချို့ ထားခဲ့သည်တဲ့။ မာနာ လာယူလျှင် ပေးလိုက်ဖို့ မှာခဲ့သည်တဲ့၊ သည်တော့မှ ရည်ရွယ်ချက်ရှိရှိဖြင့် အကွက်ချပြီး သူ လုပ်သွားမှန်း မာနာ နားလည်ရတော့သည်။

မာနာ ဘာဆက်လုပ်ရမည်လဲ။ သန်းခေါင်ထက် ညည့်နက်[illegible]

တစ်နေ့လုံး အလုပ်တွေ မနားမနေ လုပ်နေလိုက်သည်။ [illegible] စားပွဲတွေ၊ ကုလားထိုင်တွေကို ရေပတ်တိုက်သည်။ လူနာတွေကို [illegible]

www.burmeseclassic.com

www.burmeseclassic.com



ဝေပေးသည်။ လာရောက် လှူဒါန်းသည့် ပစ္စည်းတွေကို အမျိုးအမည်ခွဲပြီး စာရင်းလုပ်သည်။ ပစ္စည်းတွေက မျိုးစုံ၊ ဖိနပ်၊ ဆေးရွက်ကြီး ထည့်သည့် အိတ်၊ မှတ်စုစာအုပ်၊ လက်အိတ်၊ သစ်သီးမျိုးစုံ၊ သကြားလုံး၊ ချိုချဉ် စသည်များ။

စက်ရုပ်တစ်ရုပ်လို လုပ်နေခြင်း ဖြစ်၏။ သူ ဘာလုပ်နေမှန်း မာနာ မမှတ်မိ။ ဂျင်ယန်း၏ ကြမ်းတမ်းသည့် မျက်နှာကြီးကိုသာ မြင်ယောင်နေသည်။ ထမင်းစားချင်စိတ်လည်း မရှိတော့။

မာနာ့တွင် ရင်းနှီးသည့် သူငယ်ချင်းဆို၍ ဟေယံတစ်ယောက်သာ ရှိသည်။ ရင်ထဲတွင် ကျပ်လာနေပြီ။ တစ်ယောက်ယောက်ကို ဖွင့်ပြောမှ ဖြစ်တော့မည်။ အိမ်ထောင်သည်လိုင်းသို့ နောက်တစ်နေ့ ညနေတွင် မာနာ ထွက်လာခဲ့သည်။ ဟေယံ ယောကျာ်း ဟွန်ဂန်က ပြန်ကြားရေး ဌာနမှ ဖျော်ဖြေရေး အရာရှိ သူက အရေးကောင်း၊ အပြောကောင်းမို့ ဟေယံ လက်ထပ်ခြင်း ဖြစ်သည်။ မာနာ့ကို ဟေယံ ပြောဖူးသည်။ ဆရာဝန်တွေကို သူ မကြိုက်ဖူးတဲ့။ စက်ရုပ်ဆန်လို့တဲ့။

ဟေယံက ဝမ်းသာအားရ ကြိုသည်။

'လာလာ အစ်မ မာနာလာ'

ဟေယံ ယောကျာ်းက ထမင်းစားပွဲကို ရှင်းလင်းနေသည်။ မာနာ့ကို မြင်တော့ ရေဒီယိုကို ပိတ်လိုက်သည်။ သူက အရပ်မြင့်မြင့်၊ မျက်နှာဖောင်းဖောင်းကြီးနှင့်။ ရွှေသွားကြီး နှစ်ချောင်းက တလက်လက်။ ဟေယံနှင့် မလိုက်ဟု လူတွေ ပြောကြသော်လည်း ဟေယံကတော့ ပျော်နေသည်။

မာနာ တိုးတိုးကပ်ပြောသည်။

'ဟေယံ ကိုယ်ပြောစရာ ရှိတယ်၊ ကိုယ်တို့နှစ်ယောက်တည်း ပြောရမယ့် ကိစ္စ'

ဟေယံက မာနာ့ လက်ကို ဆွဲပြီး အိပ်ခန်းထဲ ခေါ်သွားသည်။ စူထွက်နေသည့် ဗိုက်ပေါ်သို့ လက်နှစ်ဖက် တင်လိုက်ပြီး မေးသည်။

'ဘာများလဲ အစ်မ မာနာ'

ဟေယံ ကိုယ်ဝန် ငါးလ ရှိနေပြီ။

'အစ်မ မာနာ. . . အခမ္ဘ ကျင့်ခံရတယ် ဟေယံ'

'ဘာ'

'ဟုတ်တယ် ဂျင်ယန်း လူယုတ်မာပေါ့'

'ဘယ်လို ဖြစ်တာလဲ အစ်မ မာနာရယ်'

'သူ့ခန်းထဲမှာ. . . သူ အတင်း. . . အိုကွယ်. . .'

'ဘယ်လို သူ့အခန်းထဲမှာ ဟုတ်လား၊ ဖြည်းဖြည်း ပြောစမ်းပါ အစ်မ မာနာရယ်'



ဖြစ်ပုံကို မာနာ တုန်တုန်ယင်ယင်ဖြင့် ပြောပြလိုက်သည်။ မျက်ရည်တွေ တွင်တွင်ကျလျက်။ ငိုရင်း ပြော ပြောရင်း ငိုနေသည်။

အပြင်မှ ဟွန်ဂန် အော်ပြောသည်။

'မီးဖိုပေါ်မှာ ရေနွေးအိုးတည်ထားခဲ့တယ်၊ လက်ဖက်ရည် ဖျော်ချင် ဖျော်ရအောင်လို့၊ သွားတော့မယ်နော်'

'ဘယ်သွားမှာလဲ'

'ရုံးကိုပေါ့'

'စောစော ပြန်လာနော်'

မာနာ့ဘက် လှည့်ပြီး ဆက်မေးသည်။

'လူကြီးတွေကို မတိုင်ဘူးလား'

'မတိုင်ဘူး၊ ကိုယ်ဘာလုပ်ရမှန်း မသိဘူး ဟေယံ'

'ခု ဂျင်ယန်း ဘယ်မှာလဲ'

'မနေ့က အစောကြီး ပြန်သွားပြီ၊ ကိုယ် တိုင်ရမလားဟင်'

ဟေယံက မျက်မှောင်ကုတ်ပြီး

'နေဦး၊ ခဏ စဉ်းစားပါရစေဦး'

မာနာ ဆက်ပြောသည်။ မျက်ရည်တွေကို လက်ခုံနှင့် သုတ်လိုက်၏။

'တိုင်ရင် သူတို့ ယုံပါ့မလားဟင်'

'နောက်ကျသွားပြီလား မသိဘူး၊ သူ့အခန်းမှာ ဖြစ်တာဆိုတော့ ချိန်းတွေ့တာဆိုရင် မုဒိမ်းမှု မမြောက်ဘူး အစ်မ မာနာ'

မာနာက ရှိုက်ပြီး

'ဒါဆို ဘာလုပ်ရမလဲဟင်၊ ကိုယ့်အပြစ်ပါကွယ်'

'ဟေယံ အပြစ်မတင်ရက်ပါဘူး အစ်မရယ်'

ဟေယံက မာနာ့ကို သိုင်းဖက်လိုက်ပြီး နှစ်သိမ့်သည်။

'သိပ်လည်း စိတ်ဓာတ်ကျမနေပါနဲ့ အစ်မ မာနာရယ်၊ မိန်းမတွေ အများကြီး ဒီအဖြစ်မျိုးနဲ့ ကြုံကြတာပါပဲ။ ဟေယံ အစ်မ တစ်ယောက်လည်း ခံလိုက်ရဖူးတယ်၊ သူဘာမှ မတတ်နိုင်ခဲ့ဘူး၊ ယောကျာ်းတချို့ဟာ လူလိုဝတ်ထားတဲ့ တိရစ္ဆာန်တွေပဲ'

'ဒါဆို ငြိမ်ခံနေရမယ်ပေါ့၊ ဟုတ်လား'

'နို့ ဘာလုပ်နိုင်မှာမို့လဲ'

ခဏဆိုင်းပြီး မာနာမေးသည်။

'လင်းကို ပြောရမလားဟင် ဟေယံ၊ ဘယ်လိုသဘောရလဲ ချတ်ချင်း မပြောနဲ့ဦး၊ နောက်မှအေးအေးဆေးဆေး ပြော၊ သူက အစ်မ မာနာတို့ သိပ်

www.burmeseclassic.com

www.burmeseclassic.com



ချစ်တဲ့ လူပဲ နားလည်မှာပါ၊ အစ်မတုန်းက သူ့ခင်ပွန်းလောင်းကို ပြောပြတယ်၊ တော်တော်နဲ့ လက်မခံနိုင်ဘဲ ဖြစ်နေတယ်လေ၊ နောက်မှ စိတ်လျှော့ပြီး လက်ထပ်လိုက်တာ၊ ယောကျ်ားတိုင်း သူတို့ ချစ်သူကို အပျိုစင်စစ် ဖြစ်စေချင်ကြတာချည်းပဲလေ၊ ဒါပေမဲ့ လင်းက တစ်မျိုးပါ၊ ပြီးတော့ သူက အိမ်ထောင်နဲ့ မဟုတ်လား၊ နောက်ပြီး အစ်မတို့ အကြာကြီး တွဲလာခဲ့ကြတာပဲ၊ သူနားလည်မှာပါ၊ အဲဒီအတွက် မပူပါနဲ့'

ဟေယံ ပြောတာတွေ အဓိပ္ပာယ်ရှိသည်ဟု မာနာ ထင်သည်။ မပြန်ခင် ဟေယံကို နှုတ်ပိတ်ခဲ့ရသေးသည်။

'စိတ်ချပါ အစ်မ မာနာရယ်၊ ဟေယံဆီက လုံးဝ မပေါက်ကြားစေရပါဘူး'

နောက်ပိုင်းရက်များတွင် မာနာ စိတ်ဓာတ် အကျကြီး ကျနေသည်။ ဂျင်ယန်း၏ ကိုယ်နံ့နှင့် အရက်နံ့ကြီး စိတ်ထဲ စွဲနေသည်။ ဒီဇင်ဘာလလယ် လောက်တွင်မှ ဓမ္မတာ မလာရင် ဒုက္ခ။ ကိုယ်ဝန်ရှိလာလျှင်တော့ ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်ရုံမှ တစ်ပါး အခြား မရှိပြီ။

လင်းနှစ်လကြာလျှင် ပြန်ရောက်လာတော့မယ်။ ကိုယ်ဝန်ရှိနေလျှင် ဘယ်လို ပြောရမှာလဲ။ ဒီကိစ္စခေါင်းထဲ ရောက်လာလျှင် မာနာ ရူးချင်သလိုလို ဖြစ်သွားသည်။ အခြားနည်းလမ်း မရှိပေ။ ထို့ကြောင့် သတ်သေဖို့ ဆုံးဖြတ်ထားခြင်း ဖြစ်၏။ သောက်ရမည့် ဆေးလုံးတွေကို စုထားပြီး ဖြစ်သည်။

ညကျောင်းဖွင့်သည်မှာ သုံးရက်ရှိပြီ။ လုံးဝ တက်ချင်စိတ် မရှိတော့။ ဝယ်ထားသည့် အင်္ဂလိပ် အဘိဓာန် စာအုပ်ကို ပြန်ရောင်းပစ်လိုက်သည်။ ဓမ္မတာ လာချိန် နေမကောင်း ဖြစ်နေ၍ တက်ချင်စိတ် မရှိတော့ကြောင်း အခြား ဆရာမလေးများကို ပြောထားသည်။

နောက်တစ်ပတ်ကြာတော့ လင်းဆီမှ စာလာသည်။ ရှင်ယန်းတွင် သူ နေထိုင်ကောင်းကြောင်းနှင့် မာနာ့ အခြေအနေကို မေးသည်။ မာနာ ရုတ်တရက် စာမပြန်။ ဓမ္မတာချိန်ကို ရင်တထိတ်ထိတ်နှင့် စောင့်နေသဖြင့် ဘာကိုမှ စိတ်မဝင်စားနိုင်။ ရက်တွေ လွန်လာပြီ။ မာနာ ဆောက်တည်ရာမရ ဖြစ်လာပြီ။

ဒီဇင်ဘာလ ၂၃ ရက်နေ့ ရောက်မှ ခါတိုင်းလို ရင်သားတွေ တင်းလာသည်။ ဗိုက်နာလာသည်။ နောက်တစ်နေ့တွင်မှ ဓမ္မတာ ပေါ်သည်။



အခန်း [ ၁၁ ]

ခြောက်ပတ်ပြည့်တော့ လင်း ပြန်ရောက်လာသည်။ နွေဦးကြိုပွဲတော် စတော့မည်။ ဖေဖော်ဝါရီလထဲ ရောက်လာပြီလေ။ မာနာ့ကို မြင်တော့ လင်း အံ့ဩမဆုံး ဖြစ်သွားသည်။ နှစ်လအတွင်း မာနာ အရမ်းကျသွားပါကလား။ သိပ်ချစ်စရာကောင်းသည့် မျက်လုံးများတွင် အရောင်အဆင်း မရှိတော့။ နီစွေးစွေး နှုတ်ခမ်းများ ခြောက်ကပ်ပြီး ဖြူရော်ရော် ဖြစ်နေသည်။ ဆံပင်တွေကို ဖြီးဖြီးသင်သင် မလုပ်တော့။ သူ့ကိုယ်သူ ဘာမှ ဂရုမစိုက်တော့သည့်ပုံမျိုး။ ပြီးတော့ ဘာကိုမှ စိတ်မဝင်စားတော့ဘဲ စက်ရုပ်တစ်ခုလို လှုပ်ရှားနေသည်။

သူမရှိတုန်း တစ်ခုခုတော့ ဖြစ်ထားပြီဟု လင်း အကဲခတ်လိုက်သည်။ ဘာဖြစ်တာလဲ၊ အကြိမ်ကြိမ် မေးသည်။ မာနာ မဖြေ။ အားရှိလာအောင် အားဆေးတွေ စားသည်။ ပရဆေးတွေ သောက်သည်။

နွေကြိုပွဲတော် တစ်လျှောက်လုံး အပြင်မထွက်ဘဲ အခန်းအောင်းနေသည်။ အားအင်ကုန်ခန်းသလို ဖြစ်နေကြောင်း လင်းကို ပြောပြီး အိမ်တွင်သန့်[illegible] လုပ်နေခြင်း ဖြစ်၏။ ညညတွင် အိပ်မက်ဆိုးတွေ မက်ပြီး လန့်[illegible] အခန်းဖော်တွေ အထိတ်တလန့် ဖြစ်ကြရသည်မှာ အကြိမ်ကြိမ်။ [illegible] အလုပ်နားချိန်တွင် မာနာ တောက်လျှောက် အိပ်နေသည်။ [illegible] တစ်နေ့ ၁၄ နာရီလောက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲတော်ရက် ပြီးလို့ နှစ်ပတ်အကြာတွင် လင်းကို အမှန်အတိုင်း ဖွင့်ပြောလိုက်သည်။ နှစ်ယောက်သား ကွန်ကရီ ဓာတ်တိုင် အောက်တွင် ရပ်ပြီး စကားပြောနေကြခြင်း ဖြစ်၏။ ဓာတ်ကြိုးတွေကို လေတိုးသည့် အသံက တဗိုးဗိုး မြည်နေသည်။ မာနဲ့ ဇာတ်လမ်းဆုံးတော့ လင်း၏ နှုတ်ခမ်းတွေ တဆတ်ဆတ် တုန်နေသည်။ မျက်နှာတစ်ခုလုံး သွေးဆုတ်သွား၏။ ပြီးတော့ ချွေးတွေ ပြန်လာသည်။

'ချွေးသား၊ ချွေးကျင့် ချွေးကြီး ကြီးတယ်'

သူ့ပါးပြင်ပေါ်မှ အကြောတွေ တရွရွ လှုပ်နေသည်။

မာနာ အော်ပြောလိုက်ချင်သည်။

'သူက ရှင့် သူငယ်ချင်းလေ'

သို့သော် မာနာ နှုတ်ခမ်းကို တင်းတင်း စေ့ထား၏။ လင်းက ဘာမှ မပြောတော့ဘဲ လက်ထဲတွင် ပါလာသည့် စာရွက်ထပ်ကို ဆုတ်ခြေနေသည်။ 'ဆရာ. . . ကျွန်မကို ခွင့်မလွှတ်နိုင်ဘူးလား၊ သူ့ အခန်းကို မာနာသွားတာ မှားသလားဟင်' သူ ဘာမှမဖြေ၊ မာနာပြောသည်ကို ကြားဟန်မတူ။ မျက်ခုံး နှစ်ဖက်ကို ရှုံ့ထားသည်။ မာနာက လက်နှစ်ဖက်ကို ဂျာကင်အိတ်ထဲ ထိုးသွင်းလိုက်ပြီး 'ဆရာ သိပ်စိတ်ပျက်သွားသလားဟင်. . . ဒီလိုဖြစ်ရတာတာထိ'

သို့သော် မာနာ ပြောမထွက်ပါ။

'ဆရာ စိတ်မကောင်းပါဘူး မာနာရယ်၊ သူ့အကြောင်းသာ သိရင် စောစောစီးစီး သတိပေးပါရဲ့၊ အင်း အသည်းနှလုံးဆိုတာ အသားတုံး တစ်တုံးပါပဲလို့ ပြောကတည်းက သိဖို့ ကောင်းပါရက်နဲ့. . .'

နဖူးကို လက်ဝါးနှင့် ကပ်ပြီး သူ ငြိမ်သွားပြန်သည်။ ဘာမှ ဆက်မပြောတော့။ သူငြိမ်နေလေ မာနာ စိုးရိမ်လာလေ ဖြစ်လာသည်။ မိမိပါလို့ ဒီအထိ ဖြစ်ရတာလို့များ သူကောက်ချက်ဆွဲလျှင် ဒုက္ခ။ ဒီလိုထင်ရင်တော့ ငါ အပေါစား ဖြစ်သွားပြီပေါ့။ မာနာအော်ငိုပစ်လိုက်ချင်သည်။ သို့သော် အံကြိတ်ပြီး တင်းထား၏။

နောက်ဆုံးတွင်မှ မာနဲ့ မျက်ဝန်းထဲမှ ဝေဒနာကို သူ မြင်သွားသည်။

'ဆရာ အရမ်း စိတ်ထိခိုက်သွားတယ် မာနာ၊ မင်း တကယ်နေကောင်းပါတယ်နော်'

'ဟုတ်ကဲ့'

သည်တော့မှ မာနာ ငိုချလိုက်တော့သည်။ ချစ်သူကို ရင်ခွင်ထဲ



ထည့်ပြီး နှစ်သိမ့်ချင်ပါ၏။ သို့သော် နှင်းတွေကို ဂေါ်ပြားနှင့် ကော်ပြီး လမ်းရှင်းနေသည့် ရဲဘော်တစ်သိုက် ရှိနေသည်။

'မင်းကြည့်ရတာ ကောင်းကောင်း ဆေးကုဖို့ လိုဦးမယ် ထင်တယ်၊ လုံးလုံး နေကောင်းပုံ မရသေးဘူး'

'ဘယ်သွားကုမလဲ၊ ကိုယ့်ဘာသာကိုယ် ကောင်းနိုးရာဆေးတွေ စားရတာပေါ့'

'နည်းလမ်း ရှာကြသေးတာပေါ့ကွာ၊ ညနေကျမှ ထပ်တွေ့မယ်'

'ဟုတ်ကဲ့ ဒါပေမဲ့ မာနာ့အတွက် မပူပါနဲ့၊ နေကောင်းပါတယ်'

နှစ်ယောက်သား ရုံးခန်းဘက်သို့ ပြန်လာခဲ့ကြသည်။

လင်းတစ်ယောက် တစ်နေ့လုံး ဒီအကြောင်းပဲ စဉ်းစားနေမိသည်။ စဉ်းစားလေလေ ကိုယ့်ကိုယ်ကိုယ် ဒေါသ ဖြစ်လေ၊ မာနာ့အပေါ် မိမိညှာတာ ထောက်ထားသမျှ သူက အခွင့်အရေး ယူသွားခြင်း ဖြစ်၏။ မိမိ မပြတ်သားမှု ကြောင့် မာနာတစ်ယောက် ဝံပုလွေစာ ဖြစ်သွားခြင်းပင်။ ကိုယ့်ကိုယ်ကိုယ် ရွံမုန်းသထက် ရွံမုန်းလာသည်။

'အလကားကောင်'

ရုံးခန်းထဲက ဆရာဝန်လေး တစ်ယောက်က

'ဗျာ ဆရာ ဘာပြောလိုက်တယ်'

'ဘာမှ မဟုတ်ပါဘူးကွာ'

လင်း၏ စိတ်ထဲတွင် ဤပြဿနာ ပြီးသွားသည် မထင်ဘဲ လေးလံနေသည်။ မာနာ၏ ခန္ဓာကိုယ် ကျန်းမာရေးသာမက စိတ်ကျန်းမာရေးကိုပါ လင်း ပူပင်နေသည်။ ဘာလုပ်ရမှန်းလည်း မသိ။ ဆရာဝန်တစ်ယောက် ဖြစ်သော်လည်း မာနာ့ကို ကိုယ်တိုင် စစ်ဆေးဖို့ မပြောရဲ။ စိတ်ပူရုံမှအပ ဘာမှ မတတ်နိုင်။ ဟေယံကို မာနာ ဖွင့်ပြောလိုက်သည့် အတွက်လည်း လင်းရတက်မအေး ဖြစ်နေသည်။

ညစာ စားပြီးတော့ လင်း၏ ရုံးခန်းထဲတွင် မာနာ့ကို လင်းဆွေးနွေးသည်။

'ရန်စုကို ပြောလိုက်ရင် ဘယ်လို နေမလဲ'

အို. . . မဖြစ်နိုင်တာ အားလုံး သိကုန်မှာပေါ့။

'သိပ်နောက်မကျခင် ပါတီခေါင်းဆောင်တွေ သိဖို့လိုတယ် ထင်တယ် မဟုတ်ရင် ပိုဆိုးကုန်လိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာ ဘာဆိုလိုတာလဲ'

'သူတို့ သိသွားရင် မင်းဆေးကောင်းကောင်း ကုခွင့်ရတာပေါ့၊ အဲဒါဟာ တို့နှစ်ယောက်လုံးအတွက် အရေးကြီးတယ်လေ'

'အို. . . မလိုပါဘူး၊ မာနာ နေကောင်းပါတယ်ဆို'

'ဆရာပြောတာ နားထောင်ပါ မာနာရယ်'

'အို. . . မလုပ်နိုင်ပါဘူး၊ ဒီကိစ္စ လူတွေ သိကုန်ရင် မာနာ အပေါစားဖြစ်သွားမှာပေါ့၊ မုဆိုးမတစ်ယောက်လောက်တောင် တန်ဖိုးရှိတော့မှာမဟုတ်ဘူး'

လင်း သက်ပြင်းချလိုက်သည်။ သို့သော် မလျှော့ဘဲ ဆက်ပြော၏။

'ရန်စုကိုတော့ အနည်းဆုံး အသိပေးရမယ် ထင်တယ်'

'ဘာဖြစ်လို့'

'မင်းက ဟေယံကို ပြောထားပြီးပြီလေ၊ သူက စိတ်ချရတာမှ မဟုတ်တာ'

'ဘယ်သူ့မှ မပြောပါဘူးလို့ သူ ကတိပေးထားတာပဲ'

'မင်း သူ့ကတိကို ယုံသလား'

'ဘာဖြစ်လို့ မယုံရမှာလဲ'

'စိတ်ထဲမှာ သိနေသလိုပဲ၊ မိန်းမတွေဟာ ဒီသတင်းမျိုးကို နှုတ်လုံခဲပါတယ်၊ အဲဒါကြောင့် ရန်စုကို အသိပေးထားသင့်တယ်လို့ ထင်တယ်'

စားပွဲပေါ်တွင် လက်မောင်းတင်ပြီး မျက်နှာမှောက်ချကာ မာနာ ရှိုက်ကြီးတငင် ငိုသည်။

'မငိုပါနဲ့ကွာ၊ မင်း မပြောစေချင်ရင် ဘယ်သူ့မှ မပြောတော့ပါဘူး'

'မာနာတော့ ဘယ်သူ့ကိုမှ မပြောစေချင်ဘူး'

'အေးပါကွာ၊ ဒါပေမဲ့ ဟေယံကိုတော့ နှုတ်လုံဖို့ မင်းထပ် သတိပေးဖို့ကောင်းတယ်'

'ဟုတ်ကဲ့. . . မနက်ဖြန် သွားတွေ့လိုက်ပါ့မယ်'

နောက်ပိုင်းတွင် လင်းက မာနာ့ကို ပိုဂရုစိုက်လာသည်။ လိမ္မော်သီးတွေ၊ ပန်းသီးတွေ နေ့တိုင်း ဝယ်လာပေးသည်။ အလွန်ဈေးကြီးသည့် သမင်ဦးချိုလည်း ဝယ်လာပေး၏။ လင်း၏ ဂရုတစိုက် ပြုစုမှုကြောင့် မာနာ ကျေးဇူးတင်မဆုံး ဖြစ်ကာ ရွှင်ရွှင်ပျပျ ဖြစ်လာသည်။ ပုံမှန် ပြန်ရောက်လာသည်။

○

# အခန်း [ ၁၂ ]

●

ညနေ နံနက်ခင်းတစ်ခုတွင် ဓာတ်ခွဲခန်း အဆောက်အအုံရှေ့၌ မာနာနှင့် ရန်စု သွားဆုံသည်။ ရန်စုက မာနာ့ကို ခင်မင်ကြင်နာစွာ နှုတ်ဆက်သော်လည်း မျက်လုံးတွေက မာနာ့ကို အကဲခတ်နေသည်။ သူ့ခန္ဓာကိုယ် အနေအထားကို သေသေချာချာ လေ့လာနေသည့်အလား။ မာနာက သူ့ကို ပြန်ကြည့်လိုက်တော့ ရန်စုက ပြုံးပြီး မျက်နှာလွှဲသွားသည်။ သူ့အပြုံးက ခါတိုင်းလို မဟုတ်။

မာနာ့ မျက်နှာတွေ ထူပူသွားသည်။ သူသိသွားတာ သေချာနေပြီ၊ ဘယ်တာက ထွက်တာလဲ။ မာနာ ဒေါပွသွားသည်။ လင်းကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ။ ဘယ်သူ့မှ မပြောပါဘူးလို့ ကတိပေးထားရက်နဲ့။

နောက်တစ်နေ့ညနေတွင် မာနာ့ အထင်မှန်နေကြောင်း တွေ့ရတော့သည်။ လင်းနှင့် နှစ်ယောက်အတူ ဓာတ်ဘူးကိုယ်စီဖြင့် ရေနွေးယူရန် စားဖိုဆောင်သို့ အသွားတွင် မျက်နှာချင်းဆိုင်မှ လာနေသည့် မစွက်ရန်စုနှင့် သွားတွေ့သည်။ သူတို့ကို ဖြတ်လျှောက်သွားပြီးမှ အမျိုးသမီးကြီးက မြစ်ကမ်းပေါ်သို့ တံတွေးထွေးလိုက်ရင်း 'လူတွင်ပါလို့ နွားကျားကိုက်တာပါ'ဟု ခပ်ကျယ်ကျယ် ပြောသွားသည်။ မကြားဟန်ပြုပြီး ဆက်လျှောက်လာခဲ့သော်လည်း လင်းနှင့် မာနာပါ မျက်နှာပျက်နေကြပြီ။ မာနာက ရန်စုကို တို့နှိုးဆွဲလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ လင်းကတော့ ရန်စုဆီမှ ကြားသည် မထင်။ ဟေယ်ပင် ဖြစ်ရမည်။ ခုလောက်ဆို အရာရှိကတော် အသိုင်းအဝိုင်းတွင် သည်သတင်းပြန့်နေလောက်ပြီ။

နောက်ပိုင်းတွင် ရန်စုကတော်က မာနာ့ကို တွေ့တိုင်း လင်းကို တွေ့တိုင်း မထိတထိ ပြောသည်။ လူကြားသူကြား မရှောင် ခလုတ်တိုက်သည်။ လင်းက သည်ကိစ္စ ရန်စုနှင့် ဆွေးနွေးဖို့ စိတ်ကူးသေးသည်။ သို့သော် အကြောင်းထူးမည် မဟုတ်။ ရန်စုကတော်သည် တစ်ဦးတည်းသော သားလေး ဆုံးပြီး ကတည်းက စိတ်ကယောက်ကယက် ဖြစ်နေသူ ဖြစ်သည်။ ရှန်ကူမြစ်ထဲတွင် ငါးမျှားသွားစဉ် မကြာသေးခင်ကမှ သူတို့သားကလေး ရေနစ်သေဆုံးသွားခြင်း ဖြစ်သည်။ အိမ်နီးနားချင်းများ၏ အဆိုအရ သူ့မိန်းမကို ရန်စု မထိန်းနိုင်တော့ဟု ဆို၏။ သူ့ကိုလည်း ရိုက်မောင်းပုတ်မောင်း လုပ်သည် ဆို၏။ အိုးတွေ ခွက်တွေကိုလည်း ရိုက်ခွဲနေသည်တဲ့။ ရန်စုက သဘောကောင်းသူ ဖြစ်သဖြင့် မိန်းမကို သည်းခံသည်။ သူက လူချစ်လူခင် ပေါသည်။ ဆေးရုံ၏ တွဲဖက်နိုင်ငံရေးမှူး ဘဝသို့ မကြာသေးခင်က ရာထူးတက်သွားသည်။

ဟေယ်ဆီက ပေါက်ကြားမှန်း သိတော့ မာနာ ဒေါသူပုန်ထကာ တစ်သက်လုံး စကားမပြောဖို့ ဆုံးဖြတ်လိုက်သည်။ သူ့ကလေးမွေးတာလည်း သွားမကြည့်တော့။ သားဖွားခွင့်စေ့လို့ အလုပ်ပြန်ဆင်းတော့ ဟေယ်က မာနာ့ကို ရှင်းပြဖို့ ကြိုးစားသည်။ မာနာက လုံးဝ အနားကပ်မခံတော့။ ထို့ကြောင့် ဟေယ်က လင်း ရုံးခန်းသို့ သွားရှင်းပြသည်။

'ဆရာရယ်၊ ကျွန်မ လုံးဝ မရည်ရွယ်ပါဘူး၊ ဒါပေမဲ့ သိတယ် မဟုတ်လား၊ အိပ်ရာထဲမှာ လင်မယား နှစ်ယောက် ပြောစရာ မရှိရင် ဟိုအကြောင်း ဒီအကြောင်း ရောက်သွားတတ်တယ်လေ၊ အွန်ဂန်ကို ကျွန်မ ပြောပြမိလိုက်တယ် ဆရာ၊ ဘယ်သူ့ကိုမှ လေသံမဟဖို့ သူ့ဆီက ကတိတောင်းထားပြီးသားပါ။ ဒါပေမဲ့ ပြီးခဲ့တဲ့ ပွဲတော်မှာ အရက်မူးပြီး သူ့အပေါင်းအသင်းတွေကို သွားအာချောင်မိသတဲ့လေ၊ မာနာဟာ ကျွန်မ အချစ်ဆုံးပါ ဆရာရယ်'

ဟေယ် ပြောပြီး ငိုပါလေသည်။

'ဆရာ နားလည်ပါတယ်ကွာ'

လင်းက ခြောက်ကပ်ကပ် လေသံဖြင့် ပြန်ပြောလိုက်သည်။

'ကျွန်မ ဒေါသ ဖြစ်လိုက်တာ ဆရာရယ်၊ ယောကျ်ားကိုလည်း တူးတူးခါးခါး မုန်းသွားတယ်၊ ရန်ဖြစ်လိုက်ကြတာမှ ပြောင်းဆန်နေတာပဲ၊ ကျွန်မ သူ့



ကို သတ်ဖို့တောင် ကြိုးစားတယ်၊ ဆရာ မယုံရင် သူ့ကို မေးကြည့်ပါ'

'ဆရာ ယုံပါတယ်၊ ဒါပေမဲ့ နောက်ကျသွားပြီ'

'ဒုက္ခပါပဲ ဆရာရယ်၊ မာနာ့အတွက် ကျွန်မ ဘာလုပ်ပေးရမလဲဟင်'

'မင်း ဘာမှ လုပ်မပေးနိုင်တော့ဘူး ဟေယ်'

'ကျွန်မ အရမ်း စိတ်မကောင်းဖြစ်နေတဲ့ အကြောင်း မာနာ့ကို ပြောပေးပါနော်'

'အဲဒါတော့ ပြောပေးပါ့မယ်'

ဟေယ် ပြန်သွားသည်။ သူ့ကိုယ်မှ ကလေးဆပ်ပြာနံ့ ပြန့်လွင့်ကျန်ခဲ့၏။

ဟေယ် ရှင်းပြပုံ၊ တောင်းပန်ပုံကို မာနာ့အား လင်းပြန်ပြောပြတော့ မာနာ မတုန်လှုပ်။ ကျေအေးပုံမပေါ်၊ ခွင့်လွှတ်ပုံ မရ။

ဤသို့ဖြင့် အချိန်တွေ ကြာလာခဲ့သည်။ လူတွေက သူတို့ကို လင်မယားအဖြစ် ဆက်ဆံလာကြ၏။ ရိက္ခာကူပွန်၊ လစာ စာအိတ်တို့ကို လကုန်လျှင် နှစ်ယောက်အတွက် လာပေးတတ်သည်။ စာပို့ရဲဘော်လေးက မာနာ့အတွက် စာလာလို့ ဒေါက်တာ လင်းနှင့် ကြုံလျှင် ပေးလိုက်တတ်သည်။ လင်းစာ လာလျှင်လည်း အလားတူပင်။ အိမ်ထောင်သည်များကိုသာ ဝေရမည့် သားသမီးကန့်သတ်ရေး စီမံချက် စာရွက်စာတမ်းများကို သူတို့နှစ်ယောက်ကိုပါ ဝေသွားတတ်သည်။ သည်လိုအခါတိုင်း မာနာတစ်ယောက် ရင်နာရသည်။ နောက်ဆုံးတော့ မာနာသည် လင်းကို စိတ်ချလက်ချ စောင့်ရှင်းတစ်ယောက်ကို တစ်ယောက် ကူညီဖေးမကာ ချစ်ရက် ရှည်ကြာနေခဲ့ရလေသည်။

၁

ကြာတော့ သူတို့ ဇာတ်မြောကြီးမှာ ဖျင်းစရာ ကောင်းလာသည်။ တစ်နှစ်ပြီးတစ်နှစ် လင်းက ရွာပြန်ပြီး ရှုးယုကို ခေါ်ကာ ဝူဂျီယာ တရားရုံးသို့ သွားသည်။ ကွာရှင်းခွင့် မရဘဲ ပြန်လာရသည်ချည်း။ ဤသို့ဖြင့် သူတို့အိမ်ထောင်သက် ၁၈ နှစ် စာင်းတင်း ပြည့်ခဲ့လေပြီ။ လင်းက ရန်စုအတွက် ထိုင်း[illegible] ရှားပါးစာအုပ် တစ်အုပ် ဖြစ်သော 'ကမ္ဘာပတ်လည် ရက် ၈၀' စာအုပ် [illegible] ပေးသည်။ ရန်စုက ပါတီကော်မတီသို့ လင်းနှင့် မာနာ့ကို[illegible] စဉ်းစားရန် တင်ပြသည်။ သို့သော် ဥပဒေသည် ဥပဒေသာ ဖြစ်[illegible] လက်မခံ။ ဖြစ်ပေါ်လာမည့် ဂယက်များကို ထောက်ပြပြီး [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကန့်ကွက်ကြခြင်း ဖြစ်သည်။

သို့ဖြင့် လင်းနှင့် မာနာတို့၏ ဦးခေါင်းတွင် ဆံပင်ဖြူကလေးတွေ များသထက် များလာသည်။ ခန္ဓာကိုယ်တွေလည်း ဝလာ၏။ သို့သော် ရှုးယုကတော့ အရင်အတိုင်းပင်။

လင်းနှင့် မာနာတို့၏ အပေါင်းအသင်းများသည် ရာထူးတက်သူတွေ တက်၊ တပ်က ထွက်သူတွေ ယွက်ကုန်ကြပြီ။ သူတို့နှစ်ယောက်လည်း ရာထူးတိုးကြပါ၏။ သို့သော် သည်ဆေးရုံ၊ သည်ဝါ့ဒ်တွင် ကျောက်ချနေကြသည်။ လင်း၏ ဝမ်းကွဲညီအစ်ကို လိုင်မင်းက စံပြအလုပ်သမား ကြေးနန်းအော်ပရေတာမလေးနှင့် လက်ထပ်လိုက်သည်။ တယ်လီဖုန်းနံပါတ် တစ်သောင်းတစ်ထောင်ကို အလွတ်ရသည့် မိန်းကလေးတဲ့။ ပြည်နယ် နိုင်ငံရေးမှူးကြီးဝေကလေးဦးဂိုဏ်းနှင့် ပတ်သက်၍ အဖမ်းခံရပြီး ထောင်ထဲတွင် ကွယ်လွန်သွားသည်။

၁၉၈၄ ခုနှစ် ရောက်သည့်အခါ လင်းက ရှုးယုကို ဆေးရုံသို့ လိုက်ခဲ့ဖို့ လှမ်းခေါ်လိုက်သည်။ မူကျိပြည်သူ့တရားရုံးရှေ့တွင် ကွာရှင်းခွင့် လျှောက်ထားသည်။ ၁၈ နှစ် ပြည့်ပြီဖြစ်၍ ရှုးယု၏ သဘောတူညီချက် ရယူဖို့ မလိုတော့ပေ။

၀

## အပိုင်း [ ၃ ]

### အခန်း [ ၁ ]

၁၉၈၄ ခုနှစ် ဇူလိုင်လ။

ဘင်ရှန်းက သူ့အစ်မ ရှုးကို မူကျိဆေးရုံသို့ လိုက်ပို့သည်။ သို့သော် သူက တာဝန်ရှိသူမို့ တစ်ရက်နေပြီး ပြန်သွားသည်။ သူလုပ်နေသည့် ဘုံရိပ်သာ တပ်ရင်းပျက်သွားသဖြင့် ရွာတစ်ရွာတွင် ကုန်စုံဆိုင်ကလေး ဖွင့်ထားသည်။ အရက်၊ စီးကရက်နှင့် ကုန်မျိုးစုံ တင်ရောင်းသည့် ဆိုင်ကလေး၊ သူမရှိသည့် ရက်များတွင် ဟွာက ဆိုင်ကို ကြီးကြပ်ရသည်။ ကုန်သွယ်ရေးသင်တန်းကျောင်းတက်ဖို့ ဝင်ခွင့်စာမေးပွဲတွင် ဟွာ ကျသည်။ သို့သော် ဦးလေးဆိုင်တွင် ကူလုပ်ရင်း သူပျော်နေသည်။ လယ်ထဲ မဆင်းရတော့ဘူး မဟုတ်လား။

ဆေးရုံဝန်ထမ်းအားလုံး အထူးသဖြင့် ဆရာမတွေ၊ ရှုးယုကို အထူးအဆန်းသဖွယ် ဝိုင်းကြည့်နေကြသည်။ ခြေသေးမဆိုတာ ၇၀ ကျော်အရွယ်တွေ မဟုတ်လား။ လင်းက သူ့အလုပ်နဲ့ သူမို့ သူတစ်ယောက်တည်း ဘော[illegible] ဘောက်ဆတ်နှင့် လျှောက်သွားနေတတ်သည်။ သူ့ကို ဆရာမလေးတွေ [illegible] ထဲမှ ဝိုင်းကြည့်နေတတ်၏။ သူတို့ ကြားဖူးထားသည်က ခြေ[illegible] ပေါင်တံတွေ တုတ်ပြီး တင်သားတွေ ထွားသည်တဲ့။ ရှုးယုက ဘာမှ[illegible] ဘာမှ မထွားပါလား။

www.burmeseclassic.com

www.burmeseclassic.com



မြို့ရောက်ပြီး မကြာမီ ရှုးယု ခါးနာလာသည်။ မခံနိုင်အောင် နာလာခြင်း ဖြစ်၏။ ကုလားထိုင်တွင် ခဏလေးပင် မထိုင်နိုင်။ ချောင်းဆိုးရင်လည်း နာသည်။ နှာချေရင်လည်း နာသည်။

လင်းက ရှုးယု၏ ရောဂါ လက္ခဏာကို အရိုးအကြောဆရာဝန် ဒေါက်တာနင်းအား ပြောပြတော့ ဆရာဝန်က စစ်ဆေးပေးသည်။ အဖြေက တင်ပါးဆုံအကြော ရောဂါတဲ့။ တော်ပါသေး၏။ ရောဂါက ဖြစ်စသာ ရှိသေးသည်။ လျှပ်စစ်ဖြင့် ကုသပေးမည်တဲ့။

အရိုးအကြော ဆရာဝန်က ချက်ချင်း အလုပ်စသည်။ ဆရာဝန်၊ ဆရာမတွေက ရှုးယုကို သနားသဖြင့် ကြင်ကြင်နာနာ ပြုစုပေးကြသည်။ မကြာခင် လင်းက သူ့ကို ကွာရှင်းတော့မည် ကြားသဖြင့်လည်း ပို၍ ကရုဏာ ဖြစ်နေကြသည်။

လျှပ်စစ် အပူပေး စလောင်းအောက် အချိန်ကြာမြင့်စွာ နေရသည့် ကုထုံး ဖြစ်၍ ဆရာမကလေးများက ရှုးယုအနားတွင် ထိုင်ပြီး ဝိုင်းဖွဲ့ စကား ပြောပေးကြသည်။ ရှုးယုက အလျားမှောက် အနေအထားဖြင့် သူတို့ မေးသမျှ မေးခွန်းတွေကို စိတ်ရှည်လက်ရှည် ဖြေသည်။

ဆေးရုံနံ့ကို ရှုးယုသဘောကျသည်။ ရွာက ဟင်္ဂသီးနံ့နှင့် တူသည် ထင်၏။ သည်လောက် သန့်ရှင်းသည့် အခန်းထဲသို့ သူတစ်ခါမျှ မရောက်ဖူး။ နှီနှစ်ရောင် အခန်းထဲကို နေခြည်ဖြာဝင်နေပုံကို ရှုးယု အရမ်း သဘောကျ နေ၏။ ပြီးတော့ အနီရောင် ကျောက်ပြားအခင်းနှင့် မှန်ပြတင်းများ၊ မှန်စားပွဲ များ၊ ကြမ်းခင်းများမှာ ပြောင်လက်နေသည်။ သစ်ပင်ထိပ်ဖျားဆီမှ ပုစဉ်းရင်ကွဲ တို့ အော်သံသဲ့သဲ့ ကြားနေရ၏။ အားလုံး သိမ်မွေ့နေသည်။ သည်က စာကလေးတွေပင် ရွာက စာကလေးများနှင့် မတူ။ ပို၍ ယဉ်ကျေး ကြသည်ထင်၏။ သြော်. . . တပ်ထဲမှာ အားလုံးယဉ်ကျေးသိမ်မွေ့ကြပါကလား။

အစတွင်တော့ ဘောင်းဘီကို တင်ပါးသေးသေးလေးအောက်အထိ ဆွဲချရသည်ကို ရှုးယုက ရှက်နေသည်။ ပထမတော့ ခုတ်ကင်ရသည်ကို ကြောက်နေသည်။ သို့သော် မကြာခင် အထာကျသွားသည်။ အရမ်း ပူမှ မဟုတ်တာပဲ။ ဒီတော့ အသားမလောင်နိုင်ဘူးပေါ့။ အဖြူရောင် အခင်းပေါ်တွင် မှောက်ပြီး အပူငွေ့ငွေ့ကလေး ခံရတာကို သဘောကျလာသည်။ အပြင်လူ တွေ မမြင်ရအောင် အပြာရောင် လိုက်ကာ ကာထားပေးသည်။

အနားမှာ ဘယ်သူမှ မရှိသည့်အခါ မျက်စိမှိတ်ထားပြီး ရွာအကြောင်း တွေ ပြန်စဉ်းစားသည်။ သည်အချိန်ဆို ကြက်သွန်ဖြူခင်းတွေ နုတ်နေကြပြီ၊ ဂေါ်ဖီထုပ်၊ မုန်လာဥနီ၊ ဥဖြူ စသည့် ဆောင်းအသီးအနှံတွေ ပေါ်ပြီ



မြို့က လူတွေကို ကြည့်ပြီး ရှုးယု အားကျမဆုံး ဖြစ်နေသည်။ သြော် သူတို့ များ သက်သောင့်သက်သာ ရှိလိုက်ကြတာ။ ဆရာမလေးတွေဆို အမြဲ တမ်း အမိုးအကာအောက်မှာပဲ အလုပ်လုပ်ကြရတယ်။ မိုးထဲ လေထဲ နေပူ ထဲကို သူတို့ ထွက်မှ ထွက်ဖူးကြရဲ့လား။ အဖြူရောင် ဝတ်စုံနဲ့ ဦးထုပ်ကလေး တွေ ဆောင်းလို့၊ သိပ်ချစ်ဖို့ ကောင်းတာပဲ။ သူတို့ အသားလေးတွေက ကိုင်ကြည့်ချင်စရာ ကောင်းလောက်အောင် နူညက်နေတာပဲ။ တချို့ကျတော့လည်း အသားဖြူပုံက ဖျော့တော့တော့နှင့်။ ဆေးထိုးတာလည်း အရမ်း ညင်သာ တာပဲ။ ဆေးထိုးပေးပြီးရင် နာသော်လည်း တင်ပါးကို ပွတ်ပေးတော့ချက်ချင်း အနာပျောက်သွားသလိုပဲ။

ဆရာမကလေး တစ်ယောက်က တစ်နေ့မှာ လင်းအကြောင်း မေး သည်။

'ဆရာက အစ်မကို ဆူဖူးသလား'

'ဟင့်အင်း တစ်ခါမှ မဆူဖူးဘူး။ လင်းက အရမ်း သဘောကောင်းတာ'

နောက်တစ်ယောက်က

'အစ်မကို ဝဝလင်လင် ကျွေးရဲ့လား'

'အို ပေါင်မုန့်တွေ၊ ကိတ်မုန့်တွေ၊ သားငါးတွေ စားလို့ မကုန်နိုင် အောင်ပဲ'

'ဒီမှာ နေရတာ သိပ်စိတ်ချမ်းသာတာပဲ၊ နေ့ခင်းပိုင်း ပုတာတစ်ခုပဲ ပြောစရာ ရှိတယ်'

ဆေးထိုးအပ် ကိုင်ထားသည့် ဆရာမကလေးက ဝင်မေးပြန်သည်။

'ဆရာကရော ဘာတွေ စားလဲ'

'အဲဒါတော့ မသိဘူး၊ အစ်မတို့ အတူတူမစားဘူး၊ သူပြန်လာမှ စားစရာတွေ ယူလာတာ'

'အစ်မလိုသမျှ သူ့ဆီက ရတာပေါ့'

'ဟုတ်တယ်လေ'

ဆရာမကလေးတွေ ရယ်ကြသည်။ ရှုးယုဆီမှ သူတို့ စပ်စုလို့ ကြားရသည့် စကားများကြောင့် အားလုံး အံ့သြနေကြသည်။ ဆရာလင်း၏ ရာထူးမှာ စစ်မြေပြင် တပ်မှူးတစ်ယောက်နှင့် ညီမျှသော်လည်း သူ ရသည့် စိုးမှာ ကူပွန်မှာ များများစားစား မဟုတ်ပေ။ တစ်လ ဂျုံ ၁၂ ပေါင်ထက် ပိုသည့် မုန့်များ ကို အလျှံပယ်ကျွေးနိုင်စရာ အကြောင်းမရှိ။ မာနေ့ ကူပွန်တွေများ ဆရာ ရနေသလား။ မာနာက ရှုးယုနှင့် သူမပတ်သက်အောင် နေသည်တူ ပြောထား သဖြင့် ဒါလည်း မဖြစ်နိုင်။ ဆရာက အငတ်ခံပြီး မိန်းမကို ကျွေးနေတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ရှူးယုလာမယ်ဆိုလို့ ဂျုံတွေ ကြိုစုထားတာ ဖြစ်နိုင်သည်။ သူ့မိန်းမကို သူ ချစ်ရှာသားပဲ။

ဆရာမကလေးများနှင့် ရှူးယုအဖွဲ့ကျနေသည်။ အားလုံးနှင့် ခင်နေပြီး သို့သော် သူတို့ ဘယ်လို ပြောပြော ရှူးယုမလိုက်လျှောတာ တစ်ခုရှိသည်။ သူ့ခြေထောက်ကလေးကို ကြည့်ချင်လို့ ဖိနပ်ချွတ်ပြဖို့ သူ ခဏ ခဏ ပြောသည်။ ရှူးယုက ခေါင်းတွင်တွင် ခါသည်ချည်း။

တစ်နေ့တွင် ဆရာမလီက 'အစ်မရယ်၊ မမြင်ဖူးလို့ပါ၊ ကြည့်ချင်လွန်းလို့ပါ၊ အစ်မပြမယ်ဆိုရင် ကျွန်မ တစ်ယွမ်ပေးပါ့မယ်' ဟု ဆိုသည်။ သို့သော် ရှူးယုက မပြဘဲ 'မဖြစ်နိုင်ပါဘူးကွယ်' ဟု ဆိုသည်။

ဘာကြောင့် ဒါလောက် တွန့်တိုရသလဲ မေးတော့

'ကိုယ့် ယောက်ျားက လွဲလို့ ဘယ်သူ့ကိုမှ မပြရဘူးကွယ့်'

'ဟုတ်လား ဘာပြုလို့လဲဟင်'

'ရိုးရာ ဥပဒေလေ'

အရပ်ရှည် ဆရာမ တစ်ယောက်က

'အစ်မရယ်၊ ကျွန်မတို့ ဘယ်သူ့မှ ပြန်မပြောပါဘူး၊ ခဏလေး ကြည့်ပါရစေနော်'

'အို. . . မဖြစ်နိုင်ပါဘူးကွယ်၊ ဖိနပ်ချွတ်ပြတာဟာ ဘောင်းဘီချွတ်ပြတာနဲ့ အတူတူပဲကွယ့်'

'ဟင်. . . ဘာပြုလို့'

အရပ်ရှည်ရှည် ဆရာမလေးက ပါးစပ်အဟောင်းသားဖြစ်ပြီး ပြန်မေးသည်။

'ခြေထောက်ကိုထုပ်တယ် ဆိုတာ နောင် ကိုယ့်ခင်ပွန်းဖြစ်လာမယ့် လူအတွက် လုပ်တာ၊ တခြားလူတွေအတွက် မဟုတ်ဘူး၊ ကိုယ့်ယောက်ျား အတွက် အမြတ်တနိုး ထိန်းသိမ်းထားရတာကွယ့်၊ အဲဒါကွာ ရှေးရှေးတုန်းက ဘယ်လို ခေါ်လဲ သိလား'

ရှူးယုက ဘယ်ဘက် ခြေဖမိုးလုံးလုံးကလေးကို ပုတ်ပြီး မေးသည်။ ဆရာမကလေးတွေ ခေါင်းယမ်းလိုက်ကြ၏။

'ဒါကို ရွှေကြာပွင့်လို့ ခေါ်တယ်၊ အမြတ်တနိုး ထားရတယ်'

အားလုံး သူ့ကို တအံ့တဩ ငိုင်းကြည့်နေကြသည်။ မာနာဆိုသည့် ဆရာမလေးက

'ခြေထောက် ထုပ်တုန်းက အစ်မ မနာဘူးလား ဟင်'

'အို. . . နာတာမှ သေလောက်အောင် နာတာ၊ အစ်မ ခြေထောက် ထုပ် တုန်းက ၇ နှစ်သမီးပဲ ရှိသေးတာ၊ ၂ နှစ်လောက် ညတိုင်း ငိုရတယ်။



ခြေထောက် တစ်ခုလုံး ရောင်ကိုင်းပြီး ပြည်တရွှဲရွှဲနဲ့၊ အသားတွေလည်း ပုပ်ရွဲ့ထွက်ကုန်တယ်၊ ပြည်လည်း မဖြည်ရဲဘူး၊ အမေက တုတ်ကြီးကြီးနဲ့ ရိုက်မှာ၊ စကားပုံ တစ်ခု ရှိတယ်လေ၊ မျက်ရည် တစ်ပုံးရမှ ရွှေကြာခြေထောက် တစ်စုံ ရတယ်တဲ့'

'အဲဒါနဲ့များ ဘာပြုလို့ လုပ်ရတာလဲ အစ်မရယ်'

ပါးအိုနီနီနှင့် ကောင်မလေးက ဝင်မေးသည်။

'အမေက ပြောတယ်၊ နှင့်မျက်နှာက မလှတော့ လင်ကောင်း သားကောင်းရအောင် ခြေထောက် ထုပ်ရမယ်တဲ့၊ ရွှေကြာခြေထောက်နဲ့ မိန်းကလေးမှ ယောက်ျားတွေက တန်ဖိုးထားတာတဲ့၊ ခြေထောက်ပိုသေးလေ၊ သူတို့ သဘောကျလေတဲ့'

ဆရာမလီက သိချင်ဇောနှင့် မေးပြန်သည်။

'ဆရာလင်းက အစ်မ ခြေထောက်ကလေးတွေကို သဘောကျရဲ့လား'

ရှူးယု ချက်ချင်း မဖြေနိုင်။ ဇဝေဇဝါ ဖြစ်နေသည်။

'မသိဘူးကွယ့်၊ သူတစ်ခါမှ အစ်မ ခြေထောက်တွေကို မမြင်ဖူးဘူး'

ကလေးမတွေ တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

၀

ဒီတစ်ခါ ကျွာရှင်းခွင့်ရတော့မှာ သေချာနေပြီမို့ နေထိုင်ခွင့်ကို တောမှ ပြောင်းဖို့ လင်းစီစဉ်ရတော့သည်။ တပ်မှူးအဆင့်နှင့်အထက် စစ်သက် ၁၅ နှစ် ရှိသူများကိုသာ သက်ဆိုင်ရာက နေထိုင်ခွင့် ပြောင်းရွှေ့ပေးသည်။ လင်းက စစ်သက် ၂၁ နှစ်ရှိပြီ။ ထို့ကြောင့် သက်ဆိုင်ရာတို့က အစစ်အဆေးမရှိ စီစဉ်ပေးကြ၏။ အမေနေထိုင်ခွင့် ကတ်ပြားရပြီ ဆိုလျှင် ဟွာအတွက် အလိုလို ကတ်ပြားရနိုင်သည်။ မြို့ရောက်လာလျှင် ဟွာအတွက်လည်း အလုပ်အကိုင် အဆင်ပြေနိုင်သည်။

ရှုပ်ထွေးလှသည့် ကိစ္စတွေကို လင်းက ရှင်းပြလျှင် ရှူးယု နားထောင်နေတတ်သည်။ သူပြောသမျှ ခေါင်းညိတ်သည်။

'မင်း ရေနွေးသွားမယူနဲ့၊ ငါ ယူပေးမယ်' ပြောလျှင် အခန်းထဲမှ ဓာတ်ဘူး နှစ်လုံး ထုတ်ယူလာပေးသည်။ လင်းတစ်ခုခု ပြောလျှင် အားရ မြန်မြန် မမေး။ ခေါင်းညိတ်သည်ချည်း။ လင်းစကားကို မြေဝယ်မကျ နားခံရသည်ကို ရှူးယု နားလည်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နံနက်တွင် လင်းက ရှုးယုကို တစ်ယွမ်တန် ငွေစက္ကူ တစ်ရွက် ပေးပြီး ဆံပင်သွားညှပ်ခိုင်းသည်။ ဆံပင်ညှပ်ဆိုင်က ဆေးရုံတို့ဟူး စက်ရုံ နောက်ဘက်တွင် ရှိသည်။ သူအလုပ်သွားသည်နှင့် ရှုးယုထွက်လာခဲ့သည်။ အရာရှိကတော်များ စုဖွင့်ထားသည့် ဆိုင်ဖြစ်၏။

ရှုးယုက ဆိုင်ထဲ ရောက်ရောက်ချင်း ဆံပင်ညှပ်ခကို အရင်မေးသည်။ မိန်းမ ဝဝကြီးက ဆင့် ၃၀ ဟု ပြောတော့ ရှုးယုစိတ်ညစ်သွားသည်။ ရွာမှာဆို ၁၀ ဆင့်ပဲလေ။ ဒါလောက်များများ ရှုးယု သုံးခဲ့သည်။ အင်း ဆပ်ပြာမွှေး တစ်တုံးစာပါလား။ မတတ်နိုင်တော့ သားရေကုလားထိုင်ပေါ် ဝင်ထိုင်လိုက်သည်။

အပြင်ဘက်တွင် မီးသွေးမီးဖိုပေါ်မှ ရေနွေးအိုးကြီး ဆူနေသည်။ သက်လတ်ပိုင်းအရွယ် ဆံပင် ကုပ်ဝဲနှင့် အမျိုးသမီး တစ်ယောက် အပြင်ထွက်သွားပြီး ရေလဲသည်။ မီးသွေးထပ်ဖြည့်ပြီး ဆိုင်ထဲ ပြန်ဝင်လာသည်။

သူက ရှုးယု၏ လည်ပင်းကို ပိတ်ဖြူနှင့် သိုင်းပတ်လိုက်၏။ အမျိုးသမီးက ပလတ်စတစ် ဘီရှိုကြီးကို ကောက်ကိုင်ပြီး မေးသည်။

'အမေ ဘာပုံ ညှပ်မှာလဲဟင်'

'မသိဘူးလေ'

အခြား ခုံနှစ်ခုံတွင် ဆံပင်ညှပ်နေသည့် အမျိုးသား နှစ်ယောက်က ရယ်သည်။ တစ်ယောက်က လှမ်းပြောသည်။

'ကျွန်တော့်လို ကတုံးဆံတောက် ညှပ်ပါလား၊ ခေါင်းအေးတယ်'

သူက ဆေးရုံ ဝက်မြီ တာဝန်ခံ။ ပေါင်နှစ်ရာလေးသည့် ဝက်ကို မြှောက်နိုင်သည့်အတွက် နာမည်ကြီးသွားသူ ဖြစ်သည်။ ဝက်ကြီးကို သူမြှောက်နေပုံ သတင်း စာထဲတွင် ပါလာသည်။ ကလေးတွေက သူ့ကို ဝက်ကြီးဟုပင် ခေါ်ကြသည်။

'အစ်မ ပြောလေ၊ အစ်မ ဆံပင်ပဲ၊ ဘယ်ပုံ ညှပ်ချင်တယ် ပြောရမှာပေါ့'

ရှုးယုက အမျိုးသမီး၏ ကုပ်ဝဲ ဆံပင်ကို လက်ညှိုးထိုးပြပြီး ပြောလိုက်သည်။

'အဲဒီပုံဆို ကောင်းမလားပဲ'

မိန်းမ ဝဝကြီးက ဝင်ပြောသည်။

'အေးကောင်းတယ်၊ သူနဲ့ လိုက်တယ်'

'အစ်မ သေချာတယ်နော်၊ အစ်မ ဆံပင်တွေ အများကြီး ဖြတ်ပစ်ရမှာ'

'ဟုတ်ကဲ့ ဖြတ်ပါ'



ရှုးယုစိတ်ထဲ တိုလေကောင်းလေဟု သဘောထားလိုက်သည်။ သည်ညှပ်ခမျိုးဖြင့် ခဏခဏ လာမညှပ်နိုင်။

အမျိုးသမီးက ရှုးယု၏ ဆံပင်တွေကို ဖြေချလိုက်ပြီး ကတ်ကြေးဖြင့် တရွှမ်းရွှမ်း ဖြတ်တော့၏။ ရှုးယုက နှုတ်ခမ်းကို တပျတ်ပျတ် စုတ်နေသည်။

နောက်တော့ ကတ်ကြေးညှပ်သံ တစ်ချက်ချက် ကြားနေရသည်။ ဘာပုံထွက်လာမလဲဟု ရှုးယု တွေးနေသည်။ ဆိုင်ထောင့်တစ်နေရာတွင် ကြောင်မြီးတိုတစ်ကောင် အိပ်နေသည်။ ဒါလောက် သန့်ရှင်းတဲ့နေရာမှာ ကြွက် မရှိနိုင်ပါဘူး၊ သူတို့ ဘာလို့ ကြောင်မွေးထားတာပါလိမ့်၊ ရှုးယု အံ့သြနေသည်။

ဆံပင် ပတ်ပတ်လည်ကို ညှိနေရင်း အမျိုးသမီးက တိုးတိုးမေးသည်။

'ဆရာလင်းက အစ်မအပေါ် ကောင်းတယ် မဟုတ်လား'

'ဟုတ်ကဲ့'

'အစ်မတို့ တစ်ခန်းတည်း နေလား'

'အင်း'

'အစ်မတို့ ဘယ်လို အိပ်ကြသလဲဟင်'

'ဘာပြောတာလဲ'

'ဪ ဆရာလင်းနဲ့ အစ်မ အိပ်ရာတစ်ခုတည်းမှာ အတူတူ အိပ်ကြတာလား မေးတာပါ'

'ဟင့်အင်း တစ်အိပ်ရာစီ'

'သူက အစ်မနဲ့ ကွာရှင်းခွင့် တောင်းမယ်ဆိုတာ အစ်မ သိလားဟင်'

'ဟုတ်ကဲ့'

'အစ်မကရော ကွာချင်လို့လား'

'အဲဒါတော့ မသိပါဘူး'

'ဒီမှာ အစ်မက သူ့အိပ်ရာပေါ် သွားပြီး အတူတူ ဝင်အိပ်ရမှာ'

'ဟာ. . . မဟုတ်တာ မလုပ်ရဲပါဘူး'

အားလုံး ဝိုင်းရယ်တော့ သူတို့ ဘာလို့ ရယ်မှန်း မသိ။ ရှုးယုက သူတို့ကို နားမလည်သလို လှမ်းကြည့်လိုက်သည်။

ဆံပင်ညှပ်ပြီးသွားပြီ။ ရှုးယု ဆယ်နှစ်လောက် ငယ်သွားသည် ထင်ရ၏။ ဘဲဥပုံ မျက်နှာလေးက ပိုပေါ်လာသည်။ သုံးရက်လ မျက်ခုံး[illegible] တွေ ပိုထင်လာသည်။

ဆံပင်ညှပ် အမျိုးသမီးက နံရံတွင် ချိတ်ထားသည့် ခွက်ထဲသို့ [illegible] လောင်းထည့်သည်။ ပြီးတော့ ရေအေးစပ်သည်။ ပြီးတော့ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ကြွေလက်ဆေးခွက်တွင် ထိုင်ခိုင်းသည်။ ပြီးမှ ခေါင်းငုံ့စေပြီး ရေနွေးနှင့် ခေါင်းလျှော်ပေးသည်။ ဆပ်ပြာတိုက်နေရင်း အမျိုးသမီးက ထပ်ပြောသည်။

'အစ်မ ရှက်မနေနဲ့နော်၊ ယောကျ်ား ခုတင်ပေါ်ကို တိတ်တိတ်ကလေး တတ်ပြီးအိပ်၊ အဲဒါဆို အစ်မကို သူ မကွာနိုင်တော့ဘူး'

'အို. . . မဟုတ်တာကွယ်'

အားလုံး ရယ်ကြပြန်သည်။

'မျက်စိထဲ ဆပ်ပြာရည်တွေ ဝင်သွားပြီ၊ စပ်လိုက်တာ'

'အစ်မ မျက်စိပိတ်ထား၊ ခဏလေးနေ ပျောက်သွားလိမ့်မယ်'

အမျိုးသမီးက ဆက်ပြီး ခေါင်းလျှော်ပေးသည်။ ပြီးတော့မှ မျက်နှာသုတ် ပဝါ နွေးနွေးလေးနှင့် မျက်နှာနှင့်ခေါင်းကို သုတ်ပေးသည်။ ရေမွှေးနံ့ သင်းပျံ့နေသည်။

'မျက်လုံး ဘယ်လိုနေသေးလဲ'

'ကောင်းသွားပြီ မစပ်တော့ဘူး'

အမျိုးသမီးက ဆံပင်ကို ဆီမွှေးထည့်ရန် ဖြီးသင်ပေးသည်။ ရှုးယုက တစ်ယွမ်တန် ငွေစက္ကူ ထုတ်ပေးတော့

'အစ်မ မပေးနဲ့၊ နေပါစေ၊ ပထမဆုံးအခေါက် အနေနဲ့ ကျွန်မတို့ လက်ဆောင်ပေးတာ၊ နောက်တစ်ခါကျမှ ပေးနော်၊ မှန်ကြည့်လိုက်ပါဦး၊ ဒီဆံပင်ပုံနဲ့ ဘယ်လောက်လိုက်လဲ'

ရှုးယုက ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။ ကျေးဇူးတင်ကြောင်း ပြော၍ ပိုက်ဆံကို အိတ်ထဲထည့်ကာ ဆိုင်ထဲမှ ထွက်လာခဲ့သည်။ နာရီဝက် ထိုင်လိုက်ရသည်နှင့် တင်ပါးထဲက အနည်းငယ် ပြန်နာလာပါသည်။ ရှုးယု ထွက်သွားတော့ အမျိုးသမီး နှစ်ယောက် သူ့အကြောင်း ပြောကျန်ရစ်သည်။

'ဝတ်တတ် စားတတ် မျက်နှာပြင်တတ်ရင် ဒီလောက် မဆိုးပါဘူးနော်'

'ဝတ်ထားတဲ့ အကျႌကလည်း ၆၀ ကျော် အဘွားကြီးတွေ ဝတ်တဲ့ အကျႌ'

'လင်းကောင်းက သူ့ကို ကွာလိုက်ရင် သူဘယ်လိုလုပ် ဆက်နေမလဲနော်၊ တော်တော် ရက်စက်တဲ့ လူပဲ၊ ပါတီက မတားနိုင်တော့ဘူးလား'

လူငယ် အရာရှိများက သူတို့အခန်းကို ချောင်းနားထောင်ကြသည်။ အိပ်ရေးပျက်တာသာ အဖတ်တင်ပြီး လင်း၏ ချောင်းဆိုးသံမှအပ အခန်းထဲက ဘာသံမျှ မကြားရ။

○

## အခန်း [ ၂ ]

လင်းနှင့် ရှုးယုတို့ ထမင်းစားပွဲတွင် ထိုင်နေကြသည်။ ပန်းကန်ပြားထဲတွင် အစေ့ထွင်ပြီးသား ဖရဲသီးစိတ်တွေ၊ နောက်တစ်နေ့တွင် တရားရုံး သွားကြမည့် အကြောင်း ပြောနေကြသည်။ မီးချောင်းချပ်ကဲ ပုစဉ်းအော်သံက မြည်နေသည်။ အပြင်ဘက်တွင် ထင်းရှူးပင်များကို လေတိုးသည့်အသံ ပျံ့လွင့်နေသည်။

လင်းက မေးသည်။

'ဟွာ အတွက် မင်း ဘယ်လို စိတ်ကူးထားလဲ ရှုးယု'

'ဘင်ရှန်းဆိုင်မှာ သူ အလုပ်လုပ်နေတာပဲ၊ သူ့ဦးလေးက သူ့ကို ကောင်း ကောင်း ကြည့်ပါတယ်၊ အဝတ်အစားတွေလည်း ဝယ်ပေးတယ်'

'မဟုတ်သေးဘူးလေ၊ သူက တို့ရဲ့ တစ်ဦးတည်းသော သမီးကလေးပဲ၊ မြို့ကို ခေါ်ထားရမယ် မဟုတ်ဘူးလား'

ရှုးယု ဘာမှ မဖြေ။ လင်း စကားဆက်သည်။

'မနက်ဖြန် တရားသူကြီးက ယောကျ်ားဆီက ဘာလိုချင်လဲမေးရင် သမီးလေးအတွက် အလုပ်ရရင် တော်ပါပြီလို့ ဖြေနော်'

'ဘာဖြစ်လို့ အဲဒီလို ပြောရမှာလဲ၊ ကျွန်မ ရှင့်ဆီက ဘာမှ မလိုချင် ဘူးလေ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီမယ် ရှုးယု တပ်ထဲမှာ ငါ့လုပ်သက် နှစ်ဆယ်ကျော်ပြီ၊ ဥပဒေအရ သားသမီး တာဝန်ကို ယူရတယ်၊ ဟွာအတွက် သူတို့ အလုပ်စီစဉ်ပေးမှာ သေချာတယ်၊ အဲဒါကြောင့် အဲဒီအတိုင်း ပြောနော်၊ ဟုတ်ပြီလား'

'ဟုတ်ပြီလေ၊ ပြောပါ့မယ်'

လင်းက ဖရဲသီး တစ်စိတ် ကောက်စားရင်း

'သိပ်ချိုတယ်၊ မင်းလည်း စားလေ'

ရှုးယုက မထိ။ သူ့ကိုသာ ဝဝ ကျွေးချင်သည်။

နောက်တစ်နေ့ နံနက်စောစောတွင် ရှုးယုအတွက် နံနက်စာ လင်း ကိုယ်တိုင် သွားယူသည်။ မက်စ်ထဲတွင် လူတွေ ရာနှင့်ချီပြီး ထိုင်စားနေ၏။ ဇွန်းသံ ပန်းကန်သံတွေနှင့် မီးဖိုထဲမှ ကြော်သံ၊ လှော်သံတွေ ဆူညံနေသည်။ မာနာက ဟန်းကောကို ကိုင်ပြီး လင်းဆီ လျှောက်လာသည်။ ကြိုးစားပြီး ပြုံး သော်လည်း သူ့အပြုံးက မကြည်လင်။ မျက်နှာညှိုးနေသည်ကို လင်း သတိ ပြုမိလိုက်၏။ ခုတလော လူချင်း မတွေ့ရ၍ ဖြစ်မည်။ မာနာက တိုးတိုး ကပ်ပြောသည်။

'တရားရုံးမှာ စိတ်ရှည်ရှည် ထားနော်၊ တရားသူကြီးနဲ့ အတိုက်အခံ မပြောနဲ့'

ပြောပြီး မာနာ အောက်နှုတ်ခမ်းကို ကိုက်ထားလိုက်သည်။

'ကိုယ် သိပါတယ်ကွာ၊ မပူပါနဲ့၊ ရှုးယုနဲ့လည်း သေသေချာချာ တိုင်ပင်ပြီးပါပြီ၊ ဒီတစ်ခါ ပြတ်မှာပါ'

'ကံကောင်းပါစေ'

ပြောပြီး မာနာ လှည့်ထွက်သွားသည်။ လူတွေက သူတို့နှစ်ယောက်ကို ဝိုင်းကြည့်နေကြ၏။ ရှုးယုရောက်ကတည်းက လင်းအပြင် သိပ်မထွက်တော့ အားလုံးကို ခပ်ရှောင်ရှောင် လုပ်နေသည်။

လင်းက ပေါင်မုန့် ပူပူနွေးနွေးလေးလုံးနှင့် ဆန်ပြုတ်တစ်ချိုင့်၊ ကိတ်မုန့်တစ်လုံးနှင့် အရွက်ကြော်တွေ ယူပြန်လာသည်။ လင်မယားနှစ်ယောက် ပထမဆုံးအဖြစ် အခန်းထဲတွင် အတူထိုင်စားကြ၏။ လူတွေ အတင်းအဖျင်း ပြောမှာကို ကြောက်ပြီး မာနာနှင့် လမ်းမလျှောက်ဖြစ်သည်မှာ ကြာပြီ။ ရှုးယု ရောက်လာသည့်အတွက် အနေအထိုင် မကျဉ်းကျပ်သလို မာနာ့ကိုလည်း တမ်းတမ်းတတ ဖြစ်မနေမိပေ။ သည်အတွက် လင်း စိတ်မကောင်း ဖြစ်မိ သည်။

ဒါဖြင့် ဒါဟာ အချစ်လား။ လင်း သူ့ကိုယ်သူ ပြန်မေးနေသည်။ လက်ထပ်ခြင်းဟာ ချစ်ခြင်းမေတ္တာရဲ့ သင်္ချိုင်းလို့ ပြောကြတယ်။ ဒါ တကယ်



လား။ လက်ထပ်ခါနီးကာမှ တို့နှစ်ယောက် ဘာလို့ သွေးအေးသွားကြတာလဲ။ ဒါဆို ငါသူ့ကိုမချစ်တော့လို့လား။ သည်မေးခွန်းမျိုး ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိ သည့်အတွက် ဒေါသဖြစ်သွားသည်။ နှစ်ယောက်သား အချစ်များစွာနဲ့ ချစ်ရက် တွေ အရှည်အကြာ စောင့်ခဲ့ကြသည်ပဲ။ ဒီအချိန်ဟာ တို့နှစ်ယောက် နှစ်ကိုယ် တူနေကြရတော့မယ့် အချိန်။ ရှုးယု ရောက်နေတဲ့အခိုက် အတူတူ နေတာကို မာနာ ဘယ်လို သဘောထားနေပါလိမ့်။ မကျေမနပ် ဖြစ်နေမလား။ သူ ငါ့ကို အောက်မေ့နေရဲ့လား။

စိတ်တွေ ယောက်ယက်ခတ်နေရာမှ ကွာရှင်းဖို့ ကိစ္စဆီ ရောက်သွား သည်။ ဒီကိစ္စကတော့ ဘာမှ အားစိုက်စရာ လိုတော့မည် မထင်။ မှည့်နေ သော သစ်သီးတစ်လုံး နှင်းပွင့်ကလေးတွေ ကျသဖြင့် ကြွေကျသည့်သဘော ပင်။

ရှုးယု ပန်းကန်ဆေးပြီးချိန်တွင် ဂျစ်ကားတစ်စီး အိမ်ရှေ့ ထိုးဆိုက်လာ သည်။ လင်းဝယ်ပေးသည့် အဝါရောင် ပိုးရှပ်အင်္ကျီကို ရှုးယု ဝတ်ထားသည်။ နှစ်ယောက်သား ကားပေါ် တက်ပြီး ရဲစခန်း နောက်မှ တရားရုံးသို့ ထွက်လာ ခဲ့ကြသည်။ သူတို့နှင့်အတူ ကားရှေ့ခန်းတွင် မင်းချမ်း ထိုင်လိုက်လာသည်။ သူက ဆေးရုံကိုယ်စားလှယ်အဖြစ် ဆောင်ရွက်မည်။ မင်းချမ်းက နိုင်ငံရေး ဌာနတွင် အရာရှိ ဖြစ်နေပြီ။ မင်းချမ်းသည်နှစ်အတွင်း ပိုဝလာသည်။

၈ နာရီခွဲတွင် ပေါ်ပလာပင်များ တန်းနေသည့်လမ်းပေါ်တွင် ညဆိုင်း အလုပ်သမားများ စက်ဘီးကိုယ်စီဖြင့် အိမ်ပြန်လာနေကြပြီ။ မြို့ထဲမှ အုတ်တိုက်နီကြီးများပေါ်သို့ နေခြည်ဖြာကျနေပြီ။ သူတို့ ဂျစ်ကားလေး ခုလတန်း ကျောင်းတစ်ကျောင်းကို ဖြတ်မောင်းသွား၏။ ယောက်ျားလေးတွေက ဘောလုံး ကစားနေကြသည်။ မိန်းကလေးတွေ ကြိုးခုန်သူ ခုန်၊ ကြက်တောင် ရိုက်သူ ရိုက်နှင့်။

အဘွားအိုတွေက လူသွားလမ်းပေါ်တွင် လှည်းတွေ တွန်းပြီး ရောင်း တုန်တွေကို အော်ပြီး ကြေညာနေသည်။

'နွားနို့ပါတယ်၊ နို့အေးချောင်း ပါတယ်၊ တစ်ခုမှ ဆယ်ဆင့်ရယ်'

ဟိုးအဝေးဆီမှ ဥဩသံတွေ ကြားလိုက်သည်။ တဖြည်းဖြည်း ကျယ် သည်ထက် ကျယ်လာသည်။ လမ်းပေါ်တွင်လူတွေ ပြေးလွှားနေကြသည်၊ သူ တို့ ဂျစ်ကား ဖြည်းဖြည်းချင်း မောင်းလာပြီး ရဲစခန်းဘက်ကို ချိုးကွေ့လိုက် သည်။

တရားရုံး လုပ်ထားသော အဆောက်အအုံကြီးမှာ တစ်ချိန်က ဘုရား ရှိခိုးကျောင်း ဖြစ်သည်။ ၁၉၁၀ ခုနှစ်က ဒိန်းမတ်သာသနာပြု အဖွဲ့ပိုင် အဆောက်အအုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံထဲမှ စုံတွဲတစ်တွဲ ထွက်လာသည်။ အမျိုးသား၏ မျက်နှာက သုံ့မှုန်လျက်။ ဇနီးဖြစ်ဟန်ရှိသည့် အမျိုးသမီးက တရှုပ်ရှုပ်ငိုပြီး လက်ကိုင်ပဝါဖြင့် ပါးစပ်ကို အုပ်ကာ ခေါင်းငုံ့ပြီး ထွက်လာသည်။ အဘိုးကြီး တစ်ယောက်က သူ့ကို တွဲလာသည်။ အဖေ ဖြစ်ပုံရ၏။

လုံခြုံရေးရဲ တစ်ယောက်က အရာရှိချမ်းမင်းကို ကပ်ပြောသည်။ အမျိုး သမီးက ကွာရှင်းခွင့် တောင်းတာ၊ တရားသူကြီးက ပယ်ချလိုက်တယ်တဲ့။ ယောက်ျားက မတရား ရိုက်နှက်ခြင်း၊ သူ့ပိုက်ဆံတွေ အလွဲသုံးစား လုပ်ခြင်း ကြောင့် မိန်းမက ကွာရှင်းခွင့် တောင်းခံခြင်း ဖြစ်သည်တဲ့။

တရားသူကြီးက လင်မယားဆိုသည် ပစ္စည်းပိုင်ဆိုင်ခွင့် တန်းတူရှိ သည်။ ထို့ကြောင့် ငွေကြေး အလွဲသုံးစားပြုရာ မရောက်ဟု ဆုံးဖြတ်သည်။

တရားရုံးခန်းမထဲတွင် လူတွေအပြည့်။ ဇရာမ စားပွဲရှည်ကြီးကို အစိမ်းရောင် ကတ္တီပါလွှမ်းထား၏။ စားပွဲပေါ် တည့်တည့်တွင် ဆိုင်းဘုတ် တစ်ခု တွဲလောင်းချိတ်ထားသည်။ 'ဥပဒေ ဟူသည် တောင်ကြီးတစ်ခုလို ခိုင်ခန့်နေစေရမည်'

ဆိုင်းဘုတ်ကြီး၏ နောက်ခံနံရံတွင်တော့ အမျိုးသားရေး ကြော်ငြာ စာတန်းများ၊ ကြယ်ငါးပွင့်ကို ဂျုံ စပါးနှံတွေ ခြံရံလျက်။

အားလုံး နေရာယူပြီးသွားသည်။ တရားသူကြီးမှာ သက်လတ်ပိုင်း လူရွယ် တစ်ယောက် ဖြစ်သည်။ မျက်ပေါက်ကျဉ်းကျဉ်းနှင့်။ နှုတ်ခမ်းမွေးနှင့် သူနေရာတွင် ဝင်ထိုင်ပြီး လက်ဖက်ရည် တစ်ခွက် ငှဲ့သည်။ သူညာဘက် တွင် အသက်လေးဆယ်ခန့် တရားရုံး ဝန်ထမ်း အမျိုးသမီး တစ်ယောက် ထိုင်နေ၏။ ဘယ်ဘက်တွင် မှတ်တမ်းရေး အမျိုးသား ဝန်ထမ်းတစ်ယောက်

တရားသူကြီးက ချောင်းတစ်ချက်ဟန့်ပြီး အမှုကို စသည်။ လျှောက် ထားသူ လင်ယောက်ျားကို စတင် ကြားနာမည်။

လင်း မတ်တတ်ထရပ်သည်။

'လေးစားအပ်ပါသော တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်တို့ ကွာရှင်းမှု ကိစ္စကို ဒီနေ့ အဆုံးသတ်ပေးဖို့ ကျွန်တော် လျှောက်ထားပါတယ် ခင်ဗျာ၊ ကျွန်တော်နဲ့ ကျွန်တော့်ဇနီး ရှုးယုဟာ အတူတူ မနေတာ ၁၈ နှစ်ရှိ ပါပြီ၊ ဒါပေမဲ့ ကျွန်တော်ဟာ လင်ယောက်ျား တစ်ယောက် အနေနဲ့ တာဝန် မပျက် ထောက်ပံ့နေခဲ့ပါတယ်၊ ကျွန်တော်တို့မှာ သမီးလေး တစ်ယောက် ထွန်းကားခဲ့ပါတယ်၊ တဆိတ် ကျွန်တော့်ကို အကြင်နာတရားမဲ့တဲ့ တစ်ယောက်လို့ မမြင်ပါနဲ့ခင်ဗျာ၊ ကျွန်တော်တို့မှာ အချစ်ဆိုတာ မရှိခဲ့ပါ ဘူး၊ ကျွန်တော်တို့ လင်မယားလို မနေတာ ၁၈ နှစ်ရှိခဲ့ပေမယ့် ဘယ်မိန်းမနဲ့မှ



ကျွန်တော် ကျူးကျူးလွန်လွန် မဖြစ်ခဲ့ပါဘူး၊ အဲဒါကြောင့် ကျွန်တော့် လျှောက် လဲချက်ကို သက်သက်ညှာညှာ စဉ်းစားပေးဖို့ ဦးတိုက်လျှောက်ထားအပ်ပါတယ် ခင်ဗျာ'

တရားသူကြီးက ရေးတင်ထားသည့်လျှောက်လဲချက်ကို ဖတ်ပြီး ဆေးရုံ နိုင်ငံရေးဌာန ကိုယ်စားလှယ် ချမ်းမင်းကို လင်း၏ လျှောက်ထားချက် မှန် မမှန် မေးသည်။ ချမ်းမင်းက မတ်တတ်မရပ်ဘဲ မှန်ကြောင်း ထောက်ခံလိုက် သည်။ တရားသူကြီးက အဆင့်သူ့ထက် နိမ့်သဖြင့် ချမ်းမင်း မတ်တတ် ထစရာ မလို။

'ရဲဘော် လင်းကောင်း ပြောတာ အားလုံး အမှန်တွေ ဖြစ်ကြောင်း အချုပ် ထောက်ခံတယ်၊ သူဟာ ကျုပ်လက်အောက်က ပါတီဝင် တစ်ယောက် ဖြစ်ပြီး နှစ်ပေါင်းများစွာ စံပြအရာရှိဆုတံဆိပ် ဆက်တိုက် ရရှိခဲ့သူ ဖြစ်တယ်၊ သူဟာ လူတော်လူကောင်း တစ်ယောက် ဖြစ်တယ်၊ သူ့ဘဝမှာ ဘာမှ ပြော လောက်တဲ့ အပြစ်မျိုး မရှိခဲ့ပါဘူး။

လင်းက ချမ်းမင်းကို ငုံ့ကြည့်လိုက်သည်။ ငါဟာ အဲဒီလောက် အပြစ် ကင်းတဲ့ လူလားဟု ကိုယ့်ကိုယ်ကိုယ် ပြန်မေးနေမိသည်။ ပြောပလောက်တဲ့ အပြစ်မျိုး မရှိဘူးဆိုတော့ ဘာအပြစ်တွေ ငါ့မှာ ရှိနေလို့လဲ၊ ဘာကြောင့် ရာထူးတိုးဖို့ ၁၀ နှစ် နောက်ကျရတာလဲ။

တရားသူကြီးက ချမ်းမင်းကို မျက်မှောင်ကုတ်ကြည့်ပြီး မေးသည်။

'ဆေးရုံရဲ့ ပါတီကိုယ်စားလှယ် အနေနဲ့ ကွာရှင်းဖို့ ခင်ဗျား ထောက်ခံ တယ်ပေါ့'

'ကွာရှင်းဖို့ ကိစ္စကို ကျွန်တော်တို့ ပြောပိုင်ခွင့် မရှိဘူး၊ ဒါပေမဲ့ သူ တို့ လင်မယား ကွဲနေတာ ၁၈ နှစ် ရှိပြီ၊ ဥပဒေအရ အရာရှိတစ်ယောက်ဟာ မိန်းမနဲ့ ၁၈ နှစ် ကွဲနေရင် သူ့မိန်းမရဲ့ သဘောတူညီမှု ရယူဖို့ မလိုဘဲ ကွာရှင်း ခွင့် ရှိတယ်၊ ဒါကြောင့် သူ့လျှောက်လဲချက်ကို ကျုပ်တို့ မထောက်ခံစရာ အကြောင်း ဘာမှ မရှိဘူး'

တရားသူကြီး ခေါင်းညိတ်သည်။ ဥပဒေကို သူနားလည်ထားသည့် သဘော။ ရှုးယုဘက်ကို လှည့်ပြီး ဘာပြောစရာရှိလဲ မေးသည်။

'ဟုတ်ကဲ့ ဘာမှ ပြောစရာ မရှိပါဘူး၊ အဲ. . . တစ်ခုပဲ'

တရားသူကြီးက အမိန့်ပေးသည်။

'မတ်တတ်ရပ် ပြောပါ'

ရှုးယု မတ်တတ်ရပ်လိုက်သည့်အခါ

'ကဲ. . . အဲဒီ တစ်ခုကို ပြောပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်. . ကျွန်မတို့မှာ သမီးကလေးတစ်ယောက်ရှိပါတယ်၊ အရွယ်ရောက်နေပါပြီ၊ သူ့အတွက်မြို့မှာ အလုပ်ကလေး အကိုင်ကလေး. . .'

မင်းချမ်း ထရယ်သည်။ တရားသူကြီးက ဘာအတွက် ရယ်တာလဲ မေးသည်။

'တရားသူကြီးမင်း ခင်ဗျား၊ ကျွန်တော်တို့ ဆေးရုံက ရှူးယုတို့ မိသားစုအတွက် ပြောင်းရွှေ့နေထိုင်ခွင့်ရော၊ သမီးကလေးရဲ့ အလုပ်အကိုင် ရရှိရေးရော စီစဉ်ထားပြီးသားပါ ခင်ဗျာ၊ သူ့ကို အခြားအရာရှိ သားသမီးများနဲ့အတူ ကျွန်တော်တို့ စောင့်ရှောက်မှာပါ'

ဒီအခါတွင် တရားသူကြီးက ကွာရှင်းခွင့်ကို လင်းက ကလေးစရိတ် တစ်လ ယွမ်သုံးဆယ်ပေးဆောင်ရမည်ဟူသည့် အမိန့်နှင့်အတူ လက်မှတ်ထိုးပေးလိုက်သည်။

ရှူးယုကို တရားသူကြီးက နောက်ဆုံးမေးသည်။

'မစ္စရှူးယု ရုံးတော်ကို ဘာပြောစရာ ရှိသေးလဲ'

'ဟုတ်ကဲ့ တစ်ခုပဲ ရှိပါတယ်၊ ကျွန်မ ပိုက်ဆံမလိုပါဘူး၊ ယွမ်နှစ်ဆယ်ဆို တော်ပါပြီရှင်'

တရားရုံး စာရေးအမျိုးသမီး ရယ်သည်။ ပြီးတော့ ရုံးဝန်ထမ်းတွေ အားလုံး ရယ်သည်။ တရားသူကြီး မျက်စောင်းထိုးလိုက်မှ ငြိမ်သွားကြ၏။

ပြီးတော့ တရားသူကြီးက ပစ္စည်းခွဲဝေရေး ကိစ္စကိုမေးသည်။ သူတို့နှစ်ယောက်စလုံး ခေါင်းယမ်းကြသည်။ ရှူးယုပိုင်ဘာမှ မရှိဘူးလေ။ တော အိမ်နှင့် မြေက လင်း အပိုင်။

တရားသူကြီးက စာချုပ်နှစ်ရွက်ကို လက်မှတ်ထိုးပြီး ဧရာမတံဆိပ် အနီကြီး ထုကာ သူတို့နှစ်ယောက်အား တစ်ယောက်တစ်ရွက် ပေးလိုက်သည်။ ပြီးတော့ မတ်တတ်ရပ်၍ အောင်မြင်သည့် အသံဖြင့် ဆက်ပြောသည်။

'ခင်ဗျားတို့နှစ်ယောက်ဟာ ကွာရှင်း ပြတ်စဲပြီး ဖြစ်သော်လည်း တော်လှန်ရေး အင်အားစုကြီးရဲ့ အစိတ်အပိုင်းတွေ အဖြစ် တည်ရှိနေရမယ် ဆိုတာ သဘောပေါက်စေချင်တယ်၊ ဒါကြောင့် ရဲဘော်ရဲဘက်လို ငယ်သူ ချင်းတွေလို ဆက်နေကြရလိမ့်မယ်၊ အပြန်အလှန် လေးစားမှုနဲ့ တစ်ဦး တစ်ဦး စောင့်ရှောက်ကြရလိမ့်မယ်'

'လေးစားပါတယ် ရဲဘော် တရားသူကြီး ခင်ဗျား၊ ကျွန်တော် လိုက်နာပါ့မယ်'

လင်းက ကတိပြုလိုက်သည်။

'ကောင်းပြီ၊ ဒီအမှု ဒီမှာ ပြီးပြီ'



တရားသူကြီး ထရပ်တော့ အားလုံး ထရပ်ကြသည်။

○

ကွာရှင်းပြတ်စဲပြီးတော့ ရှူးယု ရွာမပြန်တော့ပေ။ ဆေးရုံမှ စီစဉ်ပေးသည့် အခန်းတစ်ခန်းတွင် ဆက်နေသည်။ သူဘာသာ သူ တစ်ယောက်တည်းနေပြီး ချက်ပြုတ်စားသည်။ ဟွာအတွက် ပြောင်းရွှေ့ရေး၊ အလုပ်အကိုင် ရရှိရေးကို ဆေးရုံ ပါတီက လူငယ်အရာရှိတစ်ယောက်ကို ဆောင်ရွက်ဖို့ တာဝန်ပေးထားသည်။

ဟွာအရွယ်ရောက်လာသည်အချိန်ပိုင်းတွင် ငယ်ငယ်တုန်းကနှင့် မတူတော့ဘဲ အဖေကို စိမ်းလာသည်။ အထူးသဖြင့် အမေနှင့် ကွာရှင်းဖို့ လုပ်နေကြောင်း သိရသည့်အခါ သားအဖ ပိုဝေးသွားတော့သည်။ မြို့လာဖို့ ခေါ်သည့်အခါ လာပါ့မလား လင်း စိတ်ပူလာသည်။ သည်နှစ်ပိုင်းအတွင်း သမီးလေး ကိစ္စကို မေ့ထားမိသည့်အတွက်လည်း ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင်အောင် ဖြစ်နေသည်။ သူ့ကို ဟွာ စိမ်းနေသည်မှာ သဘာဝကျသည်။

○

ဤသို့ဖြင့် လင်းက စာတစ်စောင် လှမ်းရေးလိုက်သည်။

*ချစ်သော သမီးလေး ဟွာ*

*အမေနဲ့ အဖေ ပြီးခဲ့တဲ့ တနင်္လာနေ့မှာ မြို့နယ်တရားရုံးကို သွားကြတယ်၊ အားလုံးချောချောမောမော ပြီးသွားပါပြီ၊ မူကျိမှာ သမီးအတွက် အလုပ် ရဖို့ သက်ဆိုင်ရာက စီစဉ်ပေးတယ်၊ မီးခြစ်စက်ရုံမှာ သမီး အလုပ်လုပ်ဖို့ ပါတီက ထောက်ခံပေးတယ်'*

*တရားရုံးမှာ အမေက သမီးအလုပ်ရဖို့ တစ်ခုပဲ တောင်းခံတယ်လေ၊ ဒါကြောင့် ဒီစာ ရရချင်း အမေ့ကို လေးစားသောအားဖြင့် သမီး အမြန်လာခဲ့ပါ။*

*သမီးအတွက် အကောင်းဆုံး အခွင့်အရေးဆိုတာ မမေ့နဲ့နော်၊ မြို့မှာနေမှ သမီးဘဝ တိုးတက်မှာလေ၊ အမေ အသက်ကြီးလာပြီ ဒါကြောင့် တော ကို မပြန်စေချင်တော့ဘူး၊ သမီး အဖေ့ကို ဘယ်လို သဘောထားထား လာနိုင်အောင်တော့ လာခဲ့ပါလား၊ ဘာပဲဖြစ်ဖြစ် အဖေဟာ သမီးအဖေပါ ဒါကြောင့် သမီးဘဝ သာယာစေချင်တယ်၊ သမီး တစ်သက်လုံး တောမှာ ဆင်းပင်ပန်းပန်း နေနေမယ်ဆိုရင်တော့ အဖေ ဘယ်တော့မှ စိတ်ကောင်းမှာ မဟုတ်ဘူး။*

*အဖေ လင်းကောင်း*

www.burmeseclassic.com

www.burmeseclassic.com



နေ့သာနေ့လိုက်ရသည် လိုက်လာပါ့မလား လင်း မယုံမရဲ ဖြစ်နေ၏။ ထို့ကြောင့် ဘင်ရှန်းဆီ စာတစ်စောင်ရေးလိုက်သည်။ ဟွာကို တိုက်တွန်းပေးဖို့ ဒီအခွင့်အရေးကို လက်လွှတ်မခံဖို့။

ဘောပင်ကို ချပြီး လင်း သမ်းလိုက်သည်။ လက်ချောင်းကလေးများကို ချိုးလိုက်သည်။ အခန်းထဲတွင် တစ်ယောက်တည်း ရှိနေခြင်းကို သဘောကျနေသည်။ စိတ်၏ ငြိမ်းချမ်းမှု ရနေသည်။

သစ်ရွက်လေတိုးသံတွေ ကြားနေရ၏။ မှန်ပြတင်းများ နှင်းတွေ ပက်ဖျန်းထားသဖြင့် မှုန်ဝါးနေသည်။ မတ်တတ်ရပ် အညောင်းဆန့်ပြီး အိပ်ရာဝင်လိုက်သည်။

လုပ်ဖော်ကိုင်ဖက် အရာရှိများက ဘယ်တော့ မင်္ဂလာမုန့်စားရမှာလဲ မေးလျှင် ဖြည်းဖြည်းပေါ့ကွာဟု လင်းပြန်ပြောတတ်သည်။ မာနာကလည်း စောင့်ဖို့ သဘောတူသည်။ ရှုးယုအတွက် လူတွေ စိတ်မကောင်းဖြစ်နေကြသေးသည်။ သိပ်လောဖို့ မသင့်။

ရှုးယု၏ ရွှေ့ပြောင်းရေးကိစ္စ နှစ်ပတ်အတွင်း ပြီးသွားသည်။ သို့သော် ဟွာထံမှ ဘာသတင်းမှ မကြားရ။ လင်း စိတ်ပူလာသည်။

နောက်ဆုံးတွင်မှ သူစိုးရိမ်သည့် အတိုင်း စာရောက်လာသည်။ လူရှုပ်သည့် မြို့ကြီးတွင် မနေချင်ပါတဲ့။ ဆိုရှယ်လစ်တောင်သူလယ်သမား လူတန်းစားသစ် ရှိရာ ကျေးလက်မှာပဲ နေမယ်တဲ့၊ သတင်းစာထဲက စကားလုံးကို ဟွာ ယူသုံးလိုက်ခြင်း ဖြစ်သည်။ လင်း ဘာဆက်လုပ်ရမှန်း မသိအောင် ဦးနှောက်ခြောက်သွား၏။ ဘင်ရှန်းဆီကလည်း ဘာသတင်းမှ မကြားရ။ ဟွာကို သူလက်လွှတ်ချင်မည် မဟုတ်။ သူ့ဆိုင်တွင် နိုင်းထားသည် မဟုတ်လား။ ရှုးယုပင် ဟွာ့အပေါ် မကျေမနပ် ဖြစ်လာသည်။

မာနာနှင့် တိုင်ပင်တော့ မာနာက ဟွာ့ကို လင်းကိုယ်တိုင် သွားခေါ်ဖို့ တိုက်တွန်းသည်။ အိမ်နှင့် ပစ္စည်းတွေကို ရောင်းစရာ ကိစ္စလည်း ရှိသေးသဖြင့် ဂန်းဖြူရွာသို့ လင်း ထွက်လာခဲ့သည်။

○

## အခန်း [ ၃ ]

လင်းရောက်သွားတော့ ခြံထဲတွင် လူတစ်ဒါဇင်လောက် ရောက်နေသည်။ ဟင်းရွက်ခင်းထဲတွင် သွေးသံရဲရဲနှင့် မြည်းသားရေ တစ်ချပ် ပုံထား၏။ ယင်တလောင်းလောင်းနှင့်။ လေထဲတွင် အသားဟင်းနံ့ မွှေးပြန့်နေသည်။ မီးဖိုနံဘေးက လူအုပ်ထဲတွင် ခေါင်းကို မျက်နှာသုတ်ပဝါ ခြုံထားသည့် ဟွာကို လှမ်းမြင် လိုက်သည်။ အပြာရောင် လက်တွန်းလှည်းကို ထောင်ထားသည့် ဆိုင်းဘုတ် တစ်ခုလည်း အထင်းသား။

ကမ္ဘာပေါ်တွင် အရသာအရှိဆုံး မြည်းသားရမည်။ နဂါးသားကဲ့သို့ အရသာ ရှိသည်။ တစ်ပေါင် ၂၅၀။ ဖအေကို လှမ်းမြင်တော့ မီးဖိုနားမှ ဟွာ ထပြေးလာသည်။ လင်းလက်ထဲမှ သားရေအိတ်ကို လှမ်းယူပြီး

'ဝမ်းသာလိုက်တာ အဖေရယ်' ဟု ဆိုသည်။

'ဘာတွေ လုပ်နေကြတာလဲ၊ လူတွေ အများကြီးနဲ့'

'ဦးလေး ဘင်ရှန်းရဲ့ မြည်း သေသွားတယ်၊ အဖေ သမီးတို့ ချက်နေကြတာ၊ စားလည်း စားမယ်၊ ရောင်းလည်း ရောင်းမယ်လေ၊ လူ[illegible] ဝယ်ဖို့ စောင့်နေကြတာ'

'သူ ဘယ်မှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ထဲမှာ ဧည့်သည်တစ်ယောက်နဲ့ စကားပြောနေတယ်၊ လာအေ အိမ်ထဲ သွားမယ်'

လင်း ဘဝင်မကျ ဖြစ်နေသည်။ ဒီမြည်းသားကို ဘာလို့ ဘင်ရှန်းအ သူ့အိမ်မှာ သူ မချက်တာလဲ၊ အိမ်ကိုပါ အပိုင်စီးချင်နေတာလား။

ကုန်စုံဆိုင်အတွက် ပစ္စည်းသယ်ရာ ပိုးရာတွင် အားထားရသည့် တစ်ကောင်တည်းသော မြည်းသေသွားသဖြင့် ဘင်ရှန်းစိတ် အကျကြီး ကျသွားသည်။ သို့သော် ဘာမှ မတတ်နိုင်တော့ မြည်းကို ဖျက်ပြီး အသား ရောင်း၍ ပိုက်ဆံရအောင် လုပ်ရတော့မည်။ ရွာသားတွေက အသားလာဝယ် ကြသည်။ ချက်ပြီး ရောင်းလျှင် ပိုတွက်ခြေကိုက်မှာမို့ ရောမ အိုးကြီးနှင့် ချက်နေခြင်း ဖြစ်၏။ သူက ရွာသားတွေကို ပြောသည်။

'ကျုပ်က ကုန်ကြမ်း ဘယ်တော့မှမရောင်းဘူး၊ ကုန်ချောပဲ ရောင်းတာ'

လင်း အိမ်ထဲဝင်တော့ အခန်းထဲတွင် လူတစ်ယောက်နှင့် ဘင်ရှန်း စကားပြောနေသည်။

'ခင်ဗျားကို ကျွန်တော် မြည်းသားရေပေးမယ်ဗျာ၊ ဘယ့်နှယ်လဲ'

လင်းတို့ သားအဖ အထဲမဝင်သေးဘဲရပ်ပြီး နားထောင်နေကြသည်။

'မရဘူး၊ မင်းမြည်းက ငါ့အခင်းတစ်ခုလုံးဖျက်ဆီးသွားတာ၊ သူ့သားရေ က ဘာလုပ်လို့ ရမှာလဲ'

'အိပ်ရာခင်း လုပ်လို့ ရတယ်လေ'

'အို. . . အစုတ်ပလုတ် မင်း မြည်းသားရေ ဘာလုပ်ဖို့တုံး၊ ကျွဲသားရေ ဆိုဟုတ် တုတ်တုတ် ရှိသေးရဲ့'

လင်းအခန်းထဲ လှမ်းဝင်လိုက်သည်။ သူတို့နှစ်ယောက်က သူ့ကို မမြင်သေး။ ဘင်ရှန်းနှင့် စကားများနေသူက ခြံနီးနားချင်း ဦးလေးဆန်း။

ဘင်ရှန်းက အဘိုးကြီးကို ဆက်ပြောသည်။

'ဒါဆို ဒီလိုလုပ်ဗျာ၊ ဦးလေဆန်း၊ မြည်းသား ရှစ်ပေါင်ယူ ပေါင်းပြီးသား နော်'

'မရဘူး ဆယ်ပေါင်'

'ကိုးပေါင် လုပ်ဗျာ'

'...ကောင် ဆယ်ပေါင်ပဲ'

'ကိုးပေါင်ခွဲလုပ်ဗျာ'

'တစ်ဆယ်၊ တစ်အောင်စမှ မလျှော့ဘူး'



'ကဲ ကဲ ပေးပါ့မယ်ဗျာ၊ ခင်ဗျားကို အိမ်နီးနားချင်းမို့ ပေးတာ'

ဟွာက သူ့ဦးလေးကို လှမ်းပြောသည်။

'ဦးလေး အဖေ ရောက်လာတယ်'

သူတို့နှစ်ယောက် လင်းကို လှည့်ကြည့်ကြသည်။ အဘိုးကြီးက လင်း တို့ အားတုံ့အားနာ ကြည့်ပြီး ပြုံးသည်။ သူ့ပါးစပ်ထဲတွင် သွားတွေ မရှိတော့။ ဘင်ရှန်းဘက် လှည့်ပြီး

'ကဲ. . . ငါသွားမယ်၊ ငါ့မြေးကို လွှတ်လိုက်မယ်' ဟု ပြောပြောဆိုဆို ထွက် သွားသည်။

ဘင်ရှန်းကိုယ်တိုင်လည်း အဘိုးကြီးတစ်ယောက်လို အိုစာနေပြီ။ ပါးရေ နားရေတွန့်ကာ မျက်တွင်းပိုချိုင့်လာသည်။ ယောက်ဖလုပ်သူ ဖြန်းစား ကြီး ရောက်လာသည့်အတွက် စိတ်အနှောင့်အယှက် ဖြစ်သွားပုံရ၏။ သို့သော် ချက်ချင်း ဣန္ဒြေဆည်လိုက်ပြီး မေးသည်။

'ရှုးယုရော ပြန်ပါလာလား'

'မပါဘူး၊ ဟွာကို ခေါ်ဖို့ ငါပြန်လာတာ'

သမီးကို လင်းလှမ်းကြည့်လိုက်သည်။ ဟွာ သိပ်စိတ်ဝင်စားဟန် မရှိ။ ဘင်ရှန်းက မျက်ခုံးတွန့်ပြီး

'အစ်ကို စာ ကျွန်တော်ရပါတယ်၊ အစ်ကို ဖြစ်စေချင်တာ ဖြစ်သွားပေ မယ့် ကျွန်တော်က မိသားစုလိုပဲ သဘောထားပါတယ်'

'အေး ငါလည်း အတူတူပါပဲကွာ'

'အစ်မ မရှိတော့ ကျွန်တော်တို့အိမ်မှာလေ'

'ကြည့်သေးတာပေါ့. . .'

'သမီးလည်း ဦးလေးအိမ်မှာပဲ စားတယ်၊ သူတို့ မိသားစုဝင်လို ဖြစ် နေပါပြီ အဖေ'

'အေးပါကွယ်'

လင်း သူတို့နှင့် လာနေမည်ဆို၍ ဘင်ရှန်း ဝမ်းသာသွားသည်။ လင်း ကလည်း ဝမ်းသာပါ၏။ ပစ္စည်းတွေ ရောင်းဖို့ချဖို့ ဘင်ရှန်း အတူအညီ လိုသေးသည်လေ။ အချိန် သိပ်မပေးနိုင်၊ ကြည့်ရတာ ဟွာက သူ့ဦးလေးနှင့် ပျော်နေပုံ ရသည်။ ခေါ်လို့မှ လိုက်ပါမလား မသိ။

နောက်တစ်ခု ခေါင်းထဲ ဝင်လာသည်။ ဟွာအဖို့လေး... ရည်းစားသနာများ ရှိနေပြီလား။ ဒါဆိုရင် မူကိုကို ခေါ်လို့... စိုးရိမ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ညစာ စားပြီးတော့ ဘင်ရှန်းက လင်းကို အိမ်ကိစ္စ စပြောသည်။

သူ့မိတ်ဆွေ ဝမ်မြဲက စိတ်ဝင်စားနေသည်တဲ့။ သူ့သားကြီး ဟန်ဒေါင်းအတွက် ပရိဘောဂတွေပါ ဝယ်ချင်နေသည်။ ဝမ်မြဲအိမ်ထဲကို ဝင်ကြည့်ပြီးပြီတဲ့။ လင်း ဝမ်းသာသွားသည်။ သို့သော် ယွမ်သုံးထောင်ပဲ ပေးမည်ဆို၍ စိတ်ပျက်သွား၏။

'သုံးထောင်နဲ့တော့ ဘယ်ရောင်းနိုင်မလဲကွ'

'မနက်ဖြန် ကျွန်တော်တို့ တွေ့မှာပဲ၊ အစ်ကိုက ဘယ်လောက်ရမှ ထုပ်မှာလဲ'

'လေးထောင်'

'လေးထောင်တော့ သူ မပေးဘူး ထင်တယ်'

ပြောလိုက်ရသော်လည်း လင်းတွင် အချိန်မရှိ။ အခြား ဝယ်သူ လိုက်ရှာနေရလျှင် ရက်တွေ ကြာနေတော့မည်။

နောက်တစ်နေ့တွင် သားအဖ နှစ်ယောက် စကားပြောကြတော့ ဟွာတွင် ရည်းစားရှိနေပြီ ဖြစ်ကြောင်း သိရသည်။ လင်း စိတ်ပူသွားသည်။ ဟွာ အချစ်အကြောင်း ဘာနားလည်မှာလဲ။ ဟွာက သူ့အမေ အဝတ် သိမ်းဆည်းနေတုန်း လင်းက မေးလိုက်သည်။

'ဖန်ဂျင်းက ဘယ်ရွာကလည်း သမီး'

'သူက ခု ဂျန်စု ပြည်နယ်မှာ သူက ရေတပ်ကလေ'

'သမီး သူနဲ့ ဘယ်မှာ တွေ့တာလဲ'

'ငယ်ငယ်ထဲက ကျောင်းနေဘက်လေ'

ဟွာမျက်နှာကလေး နီလာသည်။

အချစ်ကိစ္စကို အေးအေးဆေးဆေး ပြောနေသော ၁၈ နှစ်သမီးကလေးကို ကြည့်ပြီး လင်း အံ့ဩနေသည်။ ဒါလောက် မြန်မြန် ဆုံးဖြတ်ရသလား။ တကယ်ကော အလေးအနက် ဟုတ်ရဲ့လား။ ဆယ်ကျော်သက် ရင်ခုန်တာမျိုးလား၊

'သမီးမြို့မှာ အလုပ်လုပ်တော့မယ် ဆိုတာ သူ သိလား'

'ဟုတ်ကဲ့ သမီး သူ့ဆီ စာရေးပြီးပြီ၊ သူက အဖေနဲ့ မြို့လိုက်သွားစေချင်တယ်'

'မူကျီဆိုတော့ သူလာဖို့ လွယ်ထားပေါ့'

'ဟုတ်ကဲ့ အဖေ'

'သမီး ဦးလေးကရော သဘောတူရဲ့လား'



'ဟင့်အင်း မတူဘူး'

'ဘာဖြစ်လို့'

'ဘွဲ့ရ တစ်ယောက်ယောက်နဲ့ ဖြစ်စေချင်တယ်တဲ့၊ စစ်သားတွေ ခေတ်မရှိတော့ဘူးတဲ့'

လင်း ပြုံးသည်။ အဖေတစ်ယောက် အနေဖြင့် ဟွာ့အတွက် စိတ်ပူမိသည်။ သို့သော် သူ့တောင်လေး ဖန်ဂျင်းဆိုသူကို ကြိုက်ပြီး ကျေးဇူးတင်နေမိသည်။ သူ့ကြောင့် မဟုတ်လျှင် မူကျီကို သူလိုက်ချင်မှ လိုက်လိမ့်မည်။ ထို့ကြောင့် စိတ်ထဲဘဝင်မကျသော်လည်း လင်း ဘာမှ မပြောဘဲ နေလိုက်သည်။

အပြင်ဘက်တွင် ငှန်းတွေ အော်သံ ကြားနေရသည်။ သည်တော့မှ ကြက်ခြံနှင့် ဆိတ်တစ်ကောင်ကို သတိရမိသည်။ ဝက်သားအမိလည်း ရှိသေး၏။

'အဖေ ဒီအကျီ အမေနဲ့ တော်ပါ့မလားဟင်'

ဟွာက အကျီတစ်ထည်ကို သူရင်ဘတ်ပေါ် လွှမ်းပြရင်း မေးသည်။ လွန်ခဲ့သည့် နှစ်ပေါင်း နှစ်ဆယ်က သူတို့ မင်္ဂလာဆောင်အတွက် အမျိုးတစ်ယောက်လက်ဖွဲ့သည့် ပိုးအကျီဖြစ်သည်။ အကျီက ကြီးနေ၍ ရှုယုတစ်ခါမှ ဝတ်တာမတွေ့။ ပြင်ချုပ်ဖို့လည်း သူ တစ်ခါမှ စိတ်မကူး။

'အရောင်က နုလွန်းပါတယ်၊ ငါနဲ့ မလိုက်ပါဘူး' ဆိုပြီး ခေါက်ထားခြင်းဖြစ်သည်။ ဤသို့ဖြင့် အကျီမှာ နှစ်ပေါင်း နှစ်ဆယ် ကြာသည့်တိုင် အသစ်ထုပ်ချွတ်အတိုင်း ရှိနေသေးသည်။

'သမီး အဲဒီ အကျီ ထည့်ယူခဲ့'

ဘင်ရှန်းက သတင်းကောင်း ယူလာပေးသည်၊ ဝမ်မြဲက ပြောသည့်ဈေးကို ပေးမည်။ သို့သော် လက်ငင်းတစ်ဝက်ပဲ ပေးနိုင်မည်ဟု ဆိုသည်။ ကျန်ငွေကို သူ့သား မင်္ဂလာဆောင်ပြီးမှ ပေးပါရစေတဲ့။

လင်း သံသယ ဖြစ်သွားသည်။ ရိုးရိုးသားသား ဟုတ်ရဲ့လား။ သူတို့ နှစ်ယောက် ပေါင်းပြီး နှစ်ပေါက်တစ်ပေါက် ရိုက်တာ မဖြစ်နိုင်ဘူးလား။ ဝမ်မြဲ အကျေချေတာကို ယောက်ဖက တစ်ဝက်ဖြတ်သုံးထားတာလား။

လင်းက တင်းထားတော့ လက်ငင်း သုံးထောင့်နှစ်ရာပေးဖို့ ဝမ်မြဲက သဘောတူသည်။

ငွေချေသည့်နေ့တွင် ဝမ်မြဲက သူ့အိမ်တွင် ဘီယာတိုက်သည်၊ ဘင်ရှန်းနှင့် သူက သောက်ပြီး လင်းက သူ့အတွက် ငှဲ့ပေးသည့်ခွက်ကို တို့၏

www.burmeseclassic.com

www.burmeseclassic.com



ဝမ်မြကြ သူ့သားကို လှမ်းခေါ်ပြီး စာချုပ်ရေးခိုင်းသည်။ လင်းနောက်မှ သိရသည်။ သူ့သားက ဘွဲ့ရပြီးသားတဲ့။ စာချုပ်ကို သေသေသပ်သပ် ရေးနိုင်သည်။ ဗုဂျီယာ အလယ်တန်းကျောင်းတွင် ကျောင်းဆရာ လုပ်နေသည်တဲ့။

လင်းက သူ့ကိုယ်ပိုင် တံဆိပ်တုံးကို နှိပ်ပေးလိုက်သည်။ ဝမ်မြကလည်း အလားတူ တံဆိပ်တုံး နှိပ်ပေး၏။

ပြီးသည်နှင့် ဝမ်မြက ငွေချေသည်။ ဟောင်းနွမ်းနေသည့် ငွေစက္ကူတွေ လဲခိုင်းတော့ လိုလိုချင်ချင် လဲပေးသည်။ ပြီးသည်နှင့် သမီးယောက်ဖ နှစ်ယောက် ပြန်လာခဲ့ကြသည်။ အပြင်တွင် မှောင်နေပြီ။

နောက်တစ်နေ့ နံနက်တွင် လင်းက အစ်ကိုလုပ်သူကို ပစ္စည်းတွေ ပေးဖို့ လှည်းနှင့် လာခဲ့ပါဟု အကြောင်းကြားလိုက်သည်။ ဆိတ်တစ်ကောင် အပါအဝင် ကြက်တွေ၊ ဘဲတွေ၊ ဝက်တွေကို အစ်ကို့အားပေးလိုက်ဖို့ လင်း ဆုံးဖြတ်လိုက်သည်။ သည်အကြောင်း ဦးလေးဘင်ရှန်းကို မပြောဖို့ ဟွာ့ကို လည်း လင်းက ပိတ်ထားလိုက်သည်။

အဖေက ဦးလေးကို ယွမ်ခုနစ်ဆယ်နှင့် လယ်ယာသုံးပစ္စည်းတွေ ပေးပြီးပြီ။

လင်း သည်နေ့ အရမ်းပင်ပန်းသွားသည်။ တစ်နေကုန် အဖေနှင့် အမေ သင်္ချိုင်းကို သွားပြီး မြက်ရှင်း၊ တံမြက်စည်းလှည်းနှင့် နေ့တစ်ဝက် ကုန်သွား၏။

ညနေပိုင်းတွင် ဝက်သားအမိကို အစာကျွေးသည်။ ပြီးတော့ ကြက် တွေ ဘဲတွေကို အစာကျွေးသည်။ မနက်ဖြန် မြို့ပြန် ရတော့မည်။ လင်း တစ်ယောက် စိတ်လက်ပေ့ါပါးနေ၏။

ရန်ကောင်းနှင့် သားနှစ်ယောက် လယ်ထွန်စက်နှင့် ပေါက်ချလာ သည်။ ချက်ချင်း ကြက်တွေ၊ ဘဲတွေကို ဖမ်းပြီး လယ်ထွန်စက်နောက် တွဲပေါ် တင်သည်။ ဆိတ်နှင့် ဝက်တွေကို ခြေထောက်ကြိုးတုပ်ပြီး တင်သည်။ လင်း က တူကလေးနှစ်ယောက်ကို ပြန်တွေ့ရသဖြင့် ဝမ်းသာနေသည်။

ဦးကြီးရန်က ဟွာ့အတွက် သားရေဖိနပ် အကောင်းစား တစ်ရံ လက်ဆောင်ပေးသည်။ ဟွာက သူ့မောင်ကလေးများကို ကူပြီး ပစ္စည်းတွေ တင်ပေးနေသည်။ အိုးတွေ၊ ခွက်တွေ၊ စာအုပ် သေတ္တာပါ တင်ပေးလိုက်သည်။ ကလေးတွေက အလယ်တန်းရောက်နေကြပြီမို့ ဟွာ့စာအုပ်တွေပါ တင်ပေး



လိုက်သည်။

'သမီး လက်ဖက်ရည် ဖျော်ရအောင် ရေနွေးကျိုပါလား'

လင်းက ပြောတော့ ဟွာက ချက်ချင်းထ မီးမွှေးသည်။ ရန်နှင့် လင်းက ဆီးပင်ကြီး တစ်ပင်အောက်တွင် ထိုင်စကားပြောနေကြသည်။ ရန်းက ဆေးတံ ဖွာလျက်။ လင်းက သွက်လက်ဖျတ်လတ်သည့် တူကလေးတွေကို သဘောကျ ကြောင်း ပြောနေသည်။ အကြီးကောင်က ကားမောင်း သင်နေ သည်တဲ့။ အလုပ်ကောင်းကောင်း ရမှာ သေချာနေ၍ ရန်းအတွက် အရက်ဖိုး ပူရတော့မည် မဟုတ်။

ထွန်စက်နောက်တွဲ ပြည့်သွားပြီး လယ်ထွန်စက်ကို ဘုံအဖွဲ့သို့ ပြန်ပို့စရာ ရှိသဖြင့် သူတို့သားအဖတွေ လက်ဖက်ရည် သောက်ချိန် မရတော့ဘဲ ပြန်နှင့်ကြသည်။

ထွန်စက် ဖုန်တထောင်းထောင်းနှင့် မောင်းထွက်သွားတော့ ဘင်ရှန်း ရောက်လာသည်။ မျက်နှာမှာ သုန်မှုန်လျက်။ ပြောင်တလင်း ခါသွားသော ခြံထဲ လှမ်းကြည့်ပြီး သူ့တူမကို မေးသည်။

'ဟွာ ငါ့အတွက် လက်တွန်းလှည်း မချန်ထားဘူးလား'

'ဂိုဒေါင်ထဲမှာ ထင်တယ်'

ဟွာက ဂိုဒေါင်ထဲ သွားကြည့်သည်။ ချက်ချင်း ပြန်လာပြီး

'ဘာမှ မကျန်တော့ဘူး၊ အားလုံး သယ်သွားကြတယ်'

ဘင်ရှန်းက လင်းဆီ လျှောက်သွားပြီး

'အစ်ကို ခင်ဗျား ဝက်မကိုတော့ ကျွန်တော့်ပေးခဲ့မယ် ထင်နေတာ'

'အိုးတွေ ခွက်တွေ မင်း ယူလေ'

'တော်ပါပြီဗျာ'

'ငါက ရန်ကို လှည်းနဲ့ လာတိုက်ဖို့ ပြောတာကွ၊ သူက ထွန်စက်နဲ့ လာသယ်သွားတော့ မင်းအတွက် မကျန်တော့ဘူး ထင်တယ်၊ ဟွာက သူ့ အဒေါ်အတွက် အဝတ်တွေ ခွဲပေးမှာပါ'

'တော်ပါပြီဗျာ၊ ခင်ဗျားဟာ ကျေးဇူးသိတတ်တဲ့ လူစားမျိုး မဟုတ်ပါ ဘူး'

ပြောပြီး ဆောင့်ကြီး အောင့်ကြီး ထွက်သွားသည်။

ဘင်ရှန်း အိမ်သွားဖို့ အခြေအနေ မကောင်းတော့ အိမ်မှာပင် စားခို့ လင်းက ဟွာကို လှမ်းပြောသည်။

ညစာ စားနေရင်း လင်းက သမီးနှင့် တိုင်ပင်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘင်ရှန်းကို ယွမ်တစ်ရာလောက် ထပ်ပေးလိုက်ရင် ကောင်းမလား။ သူ စိတ်ဆိုးပြေသွားအောင်လေ'

ဟွာက ခဏ စဉ်းစားပြီး

'မပေးနဲ့ အဖေ၊ သူ့ပေးမယ့်အစား အမေ့ ပေးပေါ့၊ ယွမ်တစ်ရာက သူ့အတွက် ဘာမှ မဖြစ်လောက်ပါဘူး၊ တစ်ပတ်ကို သူယွမ်တစ်ရာမက ရနေတာပဲ'

'ဟုတ်လား ဒါလောက် ချမ်းသာနေရက်နဲ့ ဘာလို့ အဖေ့ကို စိတ်ဆိုးရတာလဲ'

'အလကား လောဘကြီးတာ၊ သူ့ဆိုင်မှာ ရှာလကာရေတောင် ရေရောရောင်းတယ်'

'ဟုတ်လား၊ သူ့မိန်းမ မသိဘူးလား'

'မသိလို့ပေါ့'

သားအဖ နှစ်ယောက် ဖြိုင်တူ ပြုံးကြသည်။ ချစ်စရာကောင်းသည့် သမီးကို ကြည့်ပြီး လင်း ပျော်နေသည်။ အေး ရှေ့လျှောက် အထီးကျန် အဖြစ်မျိုး ရှိတော့မှာ မဟုတ်ဘူးဟု တွေးနေပြီး မကြာခင် ဟွာအိမ်ထောင်ပြုတော့မည့် အဖြစ်ကို သွားသတိရလိုက်သည်။ အင်း၊ သူယောကျ်ားက သူ့ကို ပိုင်သွားတော့မှာပေါ့။ အင်း. . . ဒါလေး ကြီးမလာရင် ဘယ်လောက်ကောင်းမလဲ။

အကောင်ဗလောင်တွေ အော်သံ မကြားရတော့ တစ်အိမ်လုံး တိတ်ဆိတ်နေသည်။ ရွာထဲဘက်ဆီမှ မြင်းဟီသံ တစ်ချက် ကြားလိုက်၏။

သားအဖ နှစ်ယောက် စားပွဲသိမ်းတော့ မှောင်စ ပြုပြီ။ နံနက်စောစော ထရမှာမို့ သားအဖနှစ်ယောက် စောစော အိပ်ရာဝင်ကြသည်။ ကိုယ်စီ ခြေဆေးပြီး နှုတ်ဆက်ကာ အသီးသီး အိပ်ရာဝင်ကြသည်။

သမီးအိပ်ရာဘက်သို့ လင်းငဲ့ကြည့်လိုက်သည်။ မီးရောင်မှိန်မှိန်တွင် နဖူးကျယ်ကျယ်၊ နှာတံစင်းစင်းနှင့် သမီးကလေးကို ကြည့်ပြီး လင်းနှမြောနေသည်။ ကြည့်ပါဦး ဘယ်လောက်လှတဲ့ သမီးလဲ။ ရေတပ်သားလေးကို သွားကြိုက်မိတဲ့ မိန်းကလေး။ ဟွာသည် မိန်းမချောကလေး တစ်ယောက် ဖြစ်သည်။ မကြာခင် မီးခြစ်စက်ရုံမှာ အလုပ်ရလျှင် စစ်သားထက် မြင့်တဲ့ ယောကျ်ားလေးတွေ ပြည့်လို့။

ဟွာကလည်း အဖေ့လိုပင် အိပ်မပျော်နိုင်ဘဲ စကားစသည်။

'အဖေ မူကျီက ဘာနဲ့ တူလဲဟင်'



'မြို့ကြီးပေါ့၊ ပန်းခြံ နှစ်ခုရှိတယ်၊ ကုန်တိုက်ကြီး သုံးတိုက် ရှိတယ်၊ ရုပ်ရှင်ရုံက ခြောက်ရုံလား၊ ခုနစ်ရုံလား မသိဘူး'

'သမီး သူငယ်ချင်းတွေက ပြောတယ်၊ မူကျီမှာ လတွေ အများကြီးဆို အဲဒါ ဟုတ်လားဟင်'

'မဟုတ်ပါဘူး၊ နီယွန်မီးတွေ အများကြီး သူတို့တွေ့တာ ဖြစ်ပါလိမ့်မယ်'

'နီယွန်မီးဆိုတာ ဘယ်လိုဟာတွေလဲဟင် အဖေ သူတို့က လနဲ့ တူလို့လား'

'မတူပါဘူး၊ လင်းတော့ အရမ်း လင်းတယ်'

'ကြောက်စရာကြီးနော် အဖေ၊ အမေမြို့ထဲ လျှောက်သွားရဲလား'

'အင်း. . . မသွားရဲဘူး ထင်တယ်၊ သမီးရောက်မှ အတူတူသွားကြပေါ့၊ မြို့ထဲ ဈေးဝယ်ထွက်ကြပေါ့'

'ဟုတ်ကဲ့'

ဟွာ မျက်တောင်စင်း လာသည်။ ခဏနေမှ ဆက်ပြောသည်။

'အဖေ'

'ပြောလေ သမီး'

'အဖေရွာက စထွက်တော့ ကြောက်စိတ် ဝင်မိသလား၊ အဲဒီတုန်းက အဖေ ငယ်သေးတယ် မဟုတ်လား'

'ဟင့်အင်း၊ မကြောက်ပါဘူး'

'ဝူကျီယာမှာ ကျန်ခဲ့တဲ့ သူငယ်ချင်းတွေကို မအောက်မေ့ဘူးလား'

'အဖေ့မှာ အပေါင်းအသင်း သိပ်မရှိဘူးကွယ့်'

'သမီးမှာ အများကြီးပဲ'

သားအဖ နှစ်ယောက် မျက်စိမှေးမည်ပြုစဉ် ဘင်ရှန်း၏ အသံ ထွက်လာသည်။

'ဟေ့. . . ထွက်ခဲ့၊ ဝံပုလွေ မျက်နှာနဲ့ကောင် အပြင်ထွက်ခဲ့'

လင်းအိပ်ရာပေါ်မှ ခုန်ထပြီး အပြင်ထွက်ခဲ့သည်။

ဘင်ရှန်းက လင်းကို လက်ညှိုးငေါက်ငေါက် ထိုးပြီး 'အင်. . . အစ်ကို လင်း၊ ခင်ဗျားနဲ့ ကျုပ် စာရင်း ရှင်းမယ်'

'ဟ. . . ဘင်ရှန်း မင်း ဘယ်လို ဖြစ်လာတာလဲ'

'ခင်ဗျား ကျုပ်နဲ့ အိမ်ကို လိုက်ခဲ့ရမယ်'

'အေးပါ. . . လိုက်ခဲ့ပါမယ့် မင်း ဘာဖြစ်လာတာလဲ ပြောပါဦး'

ဟွာပါ အိမ်ရှေ့ ထွက်လာသည်။ ဦးလေး ဘင်ရှန်းက [illegible]

www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို အော်ပြောနေတာ တွေ့တော့ ဟွာပါးစပ်အဟောင်းသား ဖြစ်သွားသည်။

'ခင်ဗျားဟာ နှလုံးသား မရှိတဲ့လူ၊ ကျေးဇူးတရား နားမလည်တဲ့လူ'

'မင်း သိပ်မူးနေပြီ ဘင်ရှန်း၊ လာ ငါအိမ်ပြန်ပို့ပေးမယ်'

'မမူးဘူး၊ ကျွန်တော် မမူးဘူး၊ ကျွန်တော်အားလုံး သိတယ်'

ပြောနေရင်း သူ ဖင်ထိုင်ကျသွားသည်။

ဟွာက ဝင်ပြောသည်။

'ဦးလေး ဘင်ရှန်း၊ အိမ်ပြန်ပါ ဦးလေးရယ်'

'နင်လည်း အတူတူပဲ၊ သောက်ကျေးဇူး မသိတတ်ဘူး၊ အဒေါ်ကမြင့် နင့်အတွက် ဟင်းတွေ ချက်လို့၊ နင်က လာဖော်တောင် မရတော့ဘူး'

'ကဲ. . . တို့မှားပါတယ်ကွာ လာသွားကြရအောင်'

ဘင်ရှန်းက သူ့ကို တွဲထူမည် လုပ်နေတုန်း ဘင်ရှန်းကတော် ရောက်လာသည်။

'ကြည့်စမ်း. . . သေခြင်းဆိုး. . . လာထ'

'သွား. . . သွား နင် ငါ့အနား မလာနဲ့'

'ထ ဆို ခုထ'

ဘင်ရှန်းကတော် အမိန့်ပေးသည်။ သည်တော့မှ

'အေးပါဟာ' ဆိုပြီး ထသည်။ သို့သော် မထနိုင်တော့ပေ။ ဘင်ရှန်းကတော်က လင်းကို တောင်းပန်သည်။

'ကျွန်မ ပြောပါတယ်ရှင်၊ သွားမရမ်းပါနဲ့လို့ ဟွာကလေး အေးအေးဆေးဆေး သွားပါစေလို့ အရည်တွေ သောက်ပြီး ဘယ်အချိန်လစ်သွားလိုက်မှန်း မသိဘူး'

'သူမလျှောက်နိုင်တော့ဘူးလား. . . ကျွန်တော် တွဲပို့မယ်'

ဟွာပါ ကူပြီး သုံးယောက်သား တွဲပြီး လင်းက ကုန်းပိုးပြီး ပြန်ပို့သည်။ လင်း ကိုယ်ပေါ်တွင် သူ့ကိုယ်ကြီး လေးသည်ထက် လေးလာသည်။

၀

# အခန်း [ ၄ ]

မူဂျိရောက်ပြီး တစ်ပတ်ကြာတော့ အလင်းရောင် မီးခြစ်စက်တွင် ဟွာအလုပ်ဆင်းရသည်။ ဆေးရုံအခန်းတစ်ခုတွင် အမေနှင့်အတူ နေရသည်။ ရွာက အလုပ်ကြမ်းတွေနှင့် စာလျှင် အပုံကြီး သက်သာသဖြင့် ဟွာ ပျော်နေသည်။ ဘာမျှ မပင်ပန်း။ မီးခြစ်ဘူးကလေးတွေ ကော်ကပ်လိုက်။ ၁၀ ဘူးပြည့်လျှင် အထုပ်ကြီး ထုပ်လိုက်။ ဘာမျှမခက်။ ပိုက်ဆံလည်း ပိုရသေးသည်။ တစ်လ ၂၈ ယွမ် ရနေပြီ။ အဖေ့ကို အရမ်း ကျေးဇူးတင်နေပြီ။ သို့သော် ဖွင့်မပြောဖြစ်။

တစ်လကြာတော့ စက်ရုံက အခန်းပေးသဖြင့် အမေ့ကိုပါ ခေါ်ပြီး ပြောင်းလာခဲ့သည်။ လင်းက ပရိဘောဂနှင့် ပန်းကန်ခွက်ယောက်တွေ ဝယ်ပေးသည်။ ထင်း၊ မီးသွေးကာစ စီစဉ်ပေးသည်။ ဟွာ့လစာနှင့် လင်း၏ ထောက်ပံ့ကြေး ပေါင်းလိုက်သည့်အခါ သူတို့သားအမိအတွက် ကောင်းကောင်း နေနိုင်လေသည်။

သူတို့သားအမိ ကိစ္စတွေ ပြီးသွားတော့မှ လင်းတစ်ယောက် ကိုယ့်အတွက် တိုယ် စဉ်းစားချိန်ရတော့သည်။ အောက်တိုဘာလ တစ်နေ့တွင် မြို့ထဲ တရားရုံးသို့ မာနာနှင့် ထွက်လာခဲ့ကြသည်။ တရားရုံး ဝန်ထမ်း အချို့သမီး နှစ်ယောက် အတွက် ကော်ဖီထုပ်တွေ လက်ဆောင် ဝယ်သွားကြ၏၊ ချက်

www.burmeseclassic.com

www.burmeseclassic.com



ချင်း လုပ်စရာ ရှိသည်များကို လိုလိုချင်ချင် လုပ်ပေးကြသည်။ 'လက်ထပ်စာချုပ်' ဟူသည့် ရွှေရောင် ဖောင်းကြွစာလုံးနှင့် ပန်းရောင်စက္ကူ၊ နှစ်ရွက်တွင် ဖြည့်စရာ အချက်အလက်များကို ဖြည့်ပေးကြသည်။ ခဏအတွင်း ကိစ္စပြီးသွား၏။

ပြီးသည်နှင့် မင်္ဂလာပွဲအတွက် ပြင်ဆင်ကြသည်။ သူတို့နှစ်ယောက်အတွက် တိုက်ခန်း တစ်ခန်းရသည်။ ရှုပ်ပွညစ်ပတ်နေသည့် အခန်းတစ်ပတ်လောက် သန့်ရှင်းရေး လုပ်ရသည်။ ညနေတိုင်း ကြမ်းပြင်ကို ရေဆေးတိုက်ချွတ်ပြီး ပစ္စည်းဌာနမှ ထုတ်ပေးသည့် သံချေးတက်နေသည့် သံခုတင်ဟောင်းကြီးကိုလည်း ကော်ပတ်စား၊ ဆေးသုတ်လုပ်ပြီး သည့်အခါ ပြတင်းပေါက်တွေ၊ နံရံတွေကိုပါ သန့်ရှင်းရေး လုပ်ရသည်။ အက်ကြောင်းတွေကို ပန်းရန်ခေါ်ပြီး လိုက်ဖာထေးရသေး၏။ ပြီးမှ ဆေးသုတ်သည်။

အိမ်သန့်ရှင်းရေး လုပ်ပြီးသည်နှင့် ချိုချဉ်၊ သကြားလုံး၊ စီးကရက်၊ သစ်သီးတွေနှင့် ဝိုင်တွေပါ အလုံအလောက် ဝယ်လိုက်သည်။ အချို့ပစ္စည်းများက ခွဲတမ်းနှင့် ပေးသဖြင့် နောက်ဖေးပေါက်မှ အကြိုအဖန်နှင့် ဝယ်ရသည်။ အဖြူအမည်း တီဗွီတစ်လုံး လိုသော်လည်း ကူပွန်နှင့်သာ ရောင်းသဖြင့် လောလောဆယ် ကူပွန်လက်ထဲ မရှိ၍ မဝယ်နိုင်သေး။ လင်းက ညနေပိုင်းတွင် စက်ဘီးတစ်စီးဖြင့် မြို့ထဲထွက်ပြီး အသိအကျွမ်းများထံ အကူအညီတောင်းသည်။ မာနာကတော့ အအေးမိပြီး ပန်းဖျားဖျားတော့သည်။ ချောင်းတွေ အရမ်းဆိုးနေ၏။

နိုဝင်ဘာလ ပထမပတ်ထဲတွင် အစည်းအဝေးခန်းထဲ၌ မင်္ဂလာပွဲကျင်းပသည်။ ဆေးရုံဝန်ထမ်းများ၊ မိသားစုများ တစ်ဝက်ကျော်ကျော် တတ်ရောက်ကြသည်။ ပါတီခေါင်းဆောင်များနှင့် ဇနီးများလည်း အားလုံးနီးပါးလာကြသည်။ မစွက်ရန်စုကတော့ မလာ။ လင်းက ရှူးယူကို ကွာရှင်းသည့်ကိစ္စတွင် သူ မကျေနပ်။ သို့သော် မာနာ့ကို တွေ့လျှင်တော့ လင်းရဲ့ မယားငယ်တွေ ခြောက်ကြား ပြောသွားတတ်သည်။

အားလုံး ဝိုင်းနှစ်ဆယ် ပြင်ထားသည်။ အသီးအနှံမျိုးစုံ၊ နေကြာစေ့၊ စီးကရက်၊ ဝိုင်အလျှံပယ်၊ ရဲညွန့်တွေက တြိဂံလည်ပတ်နီတွေ၊ လည်ပင်းတွင် စည်းလျက်၊ ကလေးငယ်များလည်း ပျော်ရွှင်နေကြသည်။ အချို့မိန်းကလေးများက လွှစာမီးဖိုတွင် မီးလှုံနေကြသည်။

အဝတွင် 'ဒေါက်တာ လင်းကောင်းနှင့် ဆရာမ မာနာတို့၏ မင်္ဂလာပွဲ'



ဟူသည့် ဆိုင်းဘုတ်ကြီး ဆွဲထားသည်။

နိုင်ငံရေးဌာနခွဲမှူး ချမ်းမင်းက ပရိသတ်ကို လက်ခုပ်တီးပြီး ငြိမ်ခိုင်းလိုက်သည်။ ပြီးမှ အောင်မြင်သည့် အသံဖြင့်

'တဆိတ်နားထောင်ကြပါ။ ဒီနေ့ဟာ ကျွန်တော်တို့ရဲ့ ရဲဘော်လင်းကောင်းနဲ့ ရဲဘော် မာနာတို့ရဲ့ မင်္ဂလာရှိတဲ့ မင်္ဂလာနေ့မြတ် ဖြစ်ပါတယ်၊ ဒီပွဲမှာ အခမ်းအနားမှူး လုပ်ခွင့်ရတဲ့အတွက် ကျွန်တော် ဂုဏ်ယူလို့ မဆုံးပါဘူး၊ သတို့သားနဲ့ သတို့သမီးဟာ ကျွန်တော်တို့ ဆေးရုံတစ်ခုလုံးက ချစ်ကြတဲ့ စုံတွဲဖြစ်ပါတယ်၊ ရဲဘော်လင်းနဲ့ ရဲဘော် မာနာ တဆိတ်ထပြီး ပရိသတ်ကို နှုတ်ဆက်ပါ'

သူတို့နှစ်ယောက် ထရပ်တော့ လက်ခုပ်သံတွေ ဆူညံသွားသည်။ နှစ်ယောက်စလုံး ယူနီဖောင်းအသစ်တွေ ဝတ်ထားကြသည်။ နှစ်ယောက်စလုံး၏ ရင်ဘတ်တွင် ပန်းပွင့်နီလေး ကိုယ်စီ ထိုးထားကြ၏။ မာနာက ပြောင်လက်နေသည့် သားရေဖိနပ် နုနုကလေး စီးထားသည်။ လင်းကတော့ တပ်က ထုတ်ပေးသည့် စစ်ဖိနပ်ကြီးနှင့်။ မာနာ့ ကြည့်ရသည်မှာ စိတ်လှုပ်ရှားနေမှန်းသိသာ နေသည်။ လုပ်ဖော်ကိုင်ဖက် ဆရာမလေးတွေကို ပြုံးပြသည်။ ဘယ်သူတွေကို လက်ဆွဲနှုတ်ဆက်ရမှာလဲ ဘယ်သူတွေကို ဦးညွှတ်ရမှာလဲ။ သူ မသိ ဖြစ်နေ ပြီ။ လူတွေက ခန်းမထဲသို့ ဝင်လာနေဆဲ။ အမျိုးသမီးအချို့က သတို့သမီး၏ အသားအရေကို တီးတိုးဝေဖန်ကြသည်။ မာနာ့မျက်နှာကလေး တစ်ပတ်လုံး ပန်းနုရောင် သမ်းနေသည်။

'ဟော့. . . ဟိုမှာ အမြဲမှိုင်နေတဲ့ ဒေါက်တာလင်းရဲ့ မျက်နှာကို ကြည့်စမ်း၊ လင်းထိန်နေတာပဲ'

ချမ်းမင်း၏ အသံထွက်လာပြန်သည်။

'ကဲ. . . သတို့သမီးနဲ့ သတို့သား ပါတီဥက္ကဋ္ဌကြီး မော်ကို အလေးပြုမယ်'

နံရံတွင် ချိတ်ထားသည့် မော်၏ ပုံကြီးဆီသို့ လင်းနှင့် မာနာလှည့်ကြည့်လိုက်ကြသည်။ မင်းချမ်းက အတက်အကျ မရှိသည့် လေသံဖြင့်

'ပထမအကြိမ် အလေးပြု'

လင်းနှင့် မာနာ ဦးညွှတ်လိုက်ကြသည်။

'ဒုတိယအကြိမ် အလေးပြု'

ပထမအကြိမ်ထက် ပို၍ ခါးညွှတ်လိုက်ကြ၏။

www.burmeseclassic.com



'တတိယအကြိမ် အလေးပြု'

ဒုတိယအကြိမ်ထက် ပို၍ ၈၀ ဒီဂရီ ဦးညွတ်အလေးပြုကြသည်။ ပြီးတော့ ပရိသတ်ဘက် ပြန်လှည့်သည်။ သည်တော့မှ မင်းချမ်း ကြေညာသည်။

'ခုချိန်ကစပြီး ရဲဘော်လင်းနဲ့ ရဲဘော်မာနာ တရားဝင် အကြင်လင်မယား ဖြစ်သွားကြောင်း ကြေညာအပ်ပါတယ် ခင်ဗျား။ ဒါကြောင့် မင်္ဂလာပွဲတို့ ရိုးရိုးလေးနဲ့ အကျဉ်းချုံးပြီး ကျင်းပမှာ ဖြစ်ပါတယ်၊ ကဲ သတို့သမီးနဲ့ သတို့သားကို ကျွန်တော်တို့ ဂုဏ်ပြုကြပါစို့။

လက်ခုပ်ဩဘာ ပေးနေကြသော လူအုပ်ကြီးအား လင်းနှင့် မာနာ လက်ဝှေ့ပြီး တုံ့ပြန်နှုတ်ဆက်သည်။ ပရိသတ်က သူတို့စုံတွဲ သီချင်းတစ်ပုဒ် ဆိုဖို့ ပွဲတောင်းကြသည်။ လင်းက သီချင်းများများစားစား ရသူမဟုတ်။ ထို့ကြောင့် ခေတ်ဟောင်းသီချင်းတစ်ပုဒ် ရွေးပြီး ဆိုကြသည်။ 'ငါတို့တပ်မတော် နေမင်းဆီသို့ ချီတက်နေတယ်' သီချင်း။

လူငယ်အရာရှိတွေ မကြားဖူးသည့် သီချင်း လူငယ်များက နောက်ထပ်ပွဲတောင်းကြပြန်သည်။

'သတို့သမီးနဲ့ သတို့သား ပန်းသီးတစ်လုံးကို အတူတူစားပြပါ'

တောခလေ့ ဖြစ်သည်။ တွဲလောင်းဆွဲထားသည့် ပန်းသီးကို နှစ်ယောက် ကိုက်စားလျှင် မနမ်းမိဘဲ မဖြစ်နိုင်။

'ဒါတော့ တောင်းပန်ပါတယ်ကွာ၊ အရာရှိတွေ ဖြစ်နေလို့ပါ၊ ကဲ မင်းတို့ ပျော်ပျော်ပါးပါး စားကြပါ'

ချမ်းမင်းက တောင်းပန်လိုက်သည်။ ကလေးတွေရော လူကြီးတွေပါ ပျော်ပျော်ပါးပါး စားကြသောက်ကြသည်။ ခေါင်းဆောင်တွေ တစ်ယောက်ပြီး တစ်ယောက် မင်္ဂလာမောင်နှံနှင့် လာပြီး ဖန်ခွက်ချင်း တိုက်ကြသည်။ ဂုဏ်ယူကြောင်း ပြောကြသည်။ နိုင်ငံရေးမှူး ရန်စုက ဖန်ခွက်မပါဘဲ သူတို့အနား ရောက်လာသည်။ သူစိတ်လှုပ်ရှားနေပုံ ရ၏။ ငါးဆယ်ကျော်ရုံကလေးဖြင့် အဘိုးကြီးအို ပေါက်စလေးနှင့် တူနေပြီ။ နှစ်ယောက်လုံး၏ လက်မောင်းကို ဆွဲပြီး

'ဝမ်းသာတယ်ဗျာ၊ ပျော်ပျော်ပါးပါး အားရပါးရ နေကြပါ၊ ချစ်ကြပါ ရဲဘော် နှစ်ယောက်ဟာ အချစ်ခယောင်းလမ်းကို နှစ်ရှည် ဖြတ်သန်းခဲ့ကြရ တော့ အတိုးချပြီး ချစ်နိုင်ကြပါစေဗျာ'

သူ့စကားလုံးများကြောင့် မာနာ မျက်ရည်လည်လာသည်။ ရန်စု



နှုတ်ဆက်ပြီး လှည့်ထွက်၏။ လင်းက မာနာ့ လက်ထဲမှ ဖန်ခွက်ကို တိုင်ပြီး လက်ဆွဲကာ အခန်းထောင့်သို့ ခေါ်သွားသည်။ မာနာမျက်ရည်တွေ ကျလာပြီ။ နှုတ်ခမ်းကို တင်းတင်းကိုက်ထား၏။

'အချစ်ကလည်းကွာ၊ ဒါတို့ မင်္ဂလာဆောင်လေ၊ စိတ်တင်းထားနော်၊ နေမကောင်းဘူးလားဟင်'

လင်းက နဖူးစမ်းကြည့်တော့ ချွေးတွေ ရွှဲပြီး ပူနေသည်။

'မင်း အိမ်ပြန်ချင်လားဟင်'

မာနာ ခေါင်းညိတ်သည်။ သူ့သားမွေးဦးထုပ်နှင့် အပေါ်ရုံ အင်္ကျီကို သွားယူပြီး လင်းက ဆရာမဆုကို လှမ်းခေါ်၍ အိမ်ပြန်ပို့ခိုင်းလိုက်သည်။ တစ်ယောက်တည်း ဆက်ဧည့်ခံရတော့မည်။

ဧည့်သည်တွေ အားလုံး ပျော်နေကြသည်။ အတွဲလိုက် အတွဲလိုက် ကနေကြ၏။ ဆရာမလေးတစ်ယောက် ပန်းသီးခွံကို နင်းမိပြီး လဲကျသွားတော့ ဝိုင်းရယ်ကြသည်။ အသက်ကြီးကြီး ဆရာဝန်များ၊ ပါတီခေါင်းဆောင်များက မတ်တတ်ရပ်ပြီး ကြည့်နေကြသည်။ လင်းက သူတို့နှင့် ရောပြီး သွားရပ်နေ၏။

ဟွန်ဂန်နှင့် ဟေယံတို့ လင်မယားသည် သားလေး တစ်ယောက်နှင့် လာကြ၏။ ဟွန်ဂန်ထွေနေပြီ။ လင်းဆီ ရောက်လာပြီး လက်တို့ခေါ်ကာ ဝရန်တာ ရောက်တော့

'ဆရာလင်း ဝမ်းသာတယ်ဗျာ၊ ကျွန်တော့်ကို လိုတဲ့ အကူအညီ ပြောနော်၊ အားမနာနဲ့ သိလား၊ ဒါထက် စံပြမဂ္ဂဇင်း ဖတ်ပြီးပြီလား၊ ဟိုခွေးသား ဂျင်ယန်း ချမ်းသာနေပြီတဲ့ဗျ'

'ဟုတ်လား'

လင်းက ဘာမှ ပြန်မပြော၊ စိတ်ထဲ အောင့်သက်သက် ဖြစ်သွားသည်။

ဟေယံ ရောက်လာပြီး ဂျင်ယန်းဆိုသည့် နာမည် သူ့ယောက်ျား ပြောသံ ကြားသွားသည်။

'လာလာ သွားမယ်'

'ဆရာလင်း ကျွန်တော် ပြောတာ မမေ့နဲ့နော်၊ အကူအညီ လိုရင်ပြော'

ဟေယံက နှုတ်ဆက်ပြီး သူ့ယောက်ျားကို အတင်းဆွဲခေါ်သွားသည်။ ကနေသူတွေ ချွေးရွှဲနေကြပြီ။ သတို့သားလင်းလည်း မျက်စိတွေ ဝေဝါး မှုန်နောက်နောက် ဖြစ်လာပြီ။ ဧည့်သည်တွေ ပြန်သည်အထိ တစ်ယောက်ပြီး တစ်ယောက် နှုတ်ဆက်ရင်း မာနာအတွက် စိတ်ပူနေသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဆောင်သည် လင်းအတွက် ထင်သလောက် ပျော်စရာ မကောင်းလှတော့ပေ။

၀

အခန်း [ ၅ ]

မာနာသည် မထင်ဘဲနှင့် အချစ်လောဘကြီးသည့် မိန်းကလေး ဖြစ် နေမှန်း လင်း အံ့သြစွာ တွေ့ရသည်။ လင်းကိုလည်း မာနာ အံ့သြနေသည်။ လင်းသည် သူမျှော်လင့်ထားသလို ချစ်ပရိယာယ် မကြွယ်ရှာ။ ချစ်ရေးချစ်ရာတွင် မကျွမ်း။ မာနာက ဦးဆောင်ပြီး အချစ်ညများကို ဖန်ဆင်းရသည်။ မာနာ က ဖြစ်နိုင်လျှင် တစ်ညလုံး ရင်ခုန်နေချင်သည်။ ယစ်မူးနေချင်သည်။ သူ စောင့်ခဲ့ရသည့် အချိန်တွေကလည်း နည်းနည်းနောနောလား။

သို့သော် သူတို့ စောစော အိပ်ရာဝင်ကြသည်သာ။ မနက်အစောကြီး ထပြီး စုပေါင်း လေ့ကျင့်ခန်း လုပ်ကြရဦးမည်လေ။ နှင်းကျသည့် နေ့ဆိုလျှင် ပို၍ စောထရသည်။ အများနှင့်အတူ လမ်းပေါ်က နှင်းတွေကို ဖယ်ရရှင်းရ သေးသည်။

ရံခါတွင် မကျေမနပ် ဖြစ်သော်လည်း မာနာက ချစ်သူကို မငြိုငြင်၊ တစ်ခါတော့ သူမခံချင်အောင် စသည်။

'မောင် အဲဒီလိုနဲ့ ရှုးယုကို ကလေးတစ်ယောက် ရအောင် တာဝန်ကျေ ခဲ့တယ်၊ ဟုတ်လား'

'အဲဒီတုန်းက ငယ်သေးတယ်လေ'

'ဒါဆို မောင်က ရှုးယုနဲ့ တစ်မျိုး မာနာနဲ့ တစ်မျိုး ဖြစ်နေလို့လား'

'ရှုးယုနဲ့တုန်းက ကိုယ့်ကိုယ်ကိုယ် အဘိုးကြီး ဖြစ်နေပြီလို့ တစ်ခါမှ မစဉ်းစားမိဘူး'

'အို. . . မောင်က အဘိုးကြီး မဟုတ်ပါဘူး၊ မာနာ့ရင်ထဲမှာ မောင်ဟာ အမြဲတမ်း နုပျိုနေတာပါ မောင်ရယ်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး လင်တော်မောင်ကို မာနာ ယုယနေပြန်သည်။ ဤသို့ဖြင့် အခုစ်ညများ ရှည်လျားသွားပြန်သည်။

မင်္ဂလာမဆောင်ခင် မကြာခဏ တွေးပူမိသည်။ လွန်ခဲ့သော ဆယ်နှစ်တာ မာနာ အစမ္မပြုကျင့်ခံရမှုကြောင့် ခံစားမှု တစ်မျိုးမျိုးများ ချတ်ယွင်းသွားလေမည်လားဟု တွေးပူခဲ့ဖူးသည်။

နောက်ကျော အနာဖုလေး ဖြစ်နေရာမှ ကြီးလာသဖြင့် ဘီတာမင် ဘီဝမ်း ထိုးရသေးသည်။ နှစ်လ သုံးလအကြာတွင် လင်း ၁၅ ပေါင် ကျသွားပြီး မျက်တွင်းကျလာသည်ကို သူငယ်ချင်းတွေက သတိပြုမိလာကြသည်။ ဆရာဝန်ငယ်တွေကတော့ သူ့ကို မစရဲပေမယ့် ပါတီဘက်မှ ရှီဒင်မူက 'ဆရာလင်း၊ ခင်ဗျား မိန်းမ ယူတာ သုံးလပဲ ရှိသေးတယ်၊ ပိန်ကျသွားလိုက်တာ ကြည့်စမ်း' ဟု ကျီစယ်သလိုနှင့် အတည်ပြောသည်။

လင်းက ဘာမှ ပြန်မပြောတတ်သဖြင့် ခေါင်းငုံ့ပြီး သက်ပြင်းချကာ ဆိုင်းဘုတ်စာလုံးကြီးတွေကို စုတ်တံတစ်ချောင်းနှင့် ထိုင်ရေးနေသည်။

'လှိုက်လှဲစွာ ကြိုဆိုပါ၏'

ဗိုလ်ချုပ်ကြီး တစ်ယောက် ဆေးရုံကို လာကြည့်မည်ဆို၍ လက်ရေးလှသည့် လင်းက ရေးပေးနေရခြင်း ဖြစ်သည်။

ရှီဒင်မူက ရပ်မနေဘဲ စကားဆက်သေးသည်။

'ဆရာလင်း မိုင်တစ်ထောင်ချီတက်ပွဲနော်၊ တာထွက်မှာတင် မောနေလို့ မဖြစ်ဘူး'

ပြောပြီး ရယ်နေတော့ လင်းက လှမ်းငေါက်လိုက်ရသည်။

'တော်ပါတော့ဗျာ'

ဆိုင်းဘုတ်ရေးနေသော လင်းအား ဝိုင်းကူနေသော စာရေးကလေး တစ်ယောက်က ခပ်လှမ်းလှမ်းတွင် ကော်ကျိုနေရင်း ရှေးသီချင်း တစ်ပုဒ် ကောက်ဆိုသည်။

*'မင်းကြောင့်ကွယ် ငါ့မှာ အရိုးနဲ့ အရေပဲ ကျန်တော့တယ်၊*

*ဒါပေမဲ့ ငါပျော်တယ်၊ နောင်တမရဘူးကွယ်၊ သို့သော် တစ်နေ့တခြား ငါတား ယိုင်နဲ့လာတယ်'*

အားလုံး ဝိုင်းရယ်ကြသည်။ ပြီးတော့ ဣတ္ထိယခေါ် မိန်းမတို့အကြောင်း ဆက်ပြောနေကြသည်။



တစ်ယောက်က 'မိန်းမဆိုတာ သုံးဆယ်အရွယ်မှာ ဝံပုလွေကျား လေးဆယ်ကျတော့ ကျားမ ဖြစ်သွားရော၊ အပျိုကြီးဆိုတော့ ကျားတစ်ပိုင်း ဝံပုလွေတစ်ပိုင်းပေါ့၊ ခြသေ့ကလွဲပြီး သူ့ကို ဘယ်သူမှ မနိုင်နိုင်ဘူး'

လင်းက သူ့အတွေးနှင့် သူ။ အင်း. . . မာနာ့ကို အစကတည်းက စည်းကမ်းလေးတွေ လုပ်ပြီး ထိန်းခိုင်းခဲ့ရရင် ကောင်းသား။

သူတို့တစ်တွေ မငြိကာ ဆက်ဖွင့်နေကြသည်။ လင်းက ဒါမျိုးတွေ မကြိုက်။ သူတို့ပျော်နေကြ၍ အသာကြည့်နေလိုက်ရသည်။

အိမ်ရောက်တော့ အဝတ်ဗီရိုမှ ကိုယ်လုံးပေါ် မှန်ကြီးရှေ့တွင် ရပ်ပြီး သူ့ကိုယ်သူ သေသေချာချာ ကြည့်လိုက်သည်။ မင်္ဂလာဆောင်အတွက် ဝယ်လိုက်သော တစ်ခုတည်းသော ပရိဘောဂ ဖြစ်၏။ တကယ်ပါပဲလား။ မျက်ကွင်း ဟောက်ပက်နှင့် ဆံစတွေပါ ဖြူလာသည်။ မျက်နှာက ဖယောင်းရုပ်ပမာ လွန်ခဲ့သည့် ၂၅ နှစ်၊ ဆေးကျောင်းသား ဘဝက သူ့ဆံပင် ကျီးတိုးကျဲတဲ ဖြူခဲ့ဖူးသည်။ ပြီးတော့ ပြန်သွားသည်။ ခုတော့ ပြန်မည်မို့ လမ်းဘယ်မမြင်တော့ပြီ။

○

www.burmeseclassic.com

## အခန်း [ ၆ ]

ဗီရိုကို ဖွင့်လိုက်တိုင်း မာနာ့ အဝတ်ထပ်အောက်မှ စန္ဒကူးသား သေတ္တာလေးကို သတိထားမိနေသည်မှာ ကြာပြီ။ အမြဲတမ်း ကြေးသော့ပေါက်စကလေး ခတ်ထား၏။ ဘာတွေများ သူ သိမ်းထားပါလိမ့်ဟု လင်း သိချင်နေသည်။ ပိုက်ဆံလား၊ ဘဏ်စာအုပ်လား၊ ဒါမှမဟုတ် ရထားတဲ့ အောင်လက်မှတ်တွေ၊ ဂုဏ်ပြုလွှာတွေလား။

တစ်နေ့တွင်တော့ မေးကြည့်မိသည်။

'မာနာ မောင့်ကို ဘာတွေ လျှို့ဝှက်ထားတာ ရှိလဲ'

လင်းက ပြုံးပြုံးရွှင်ရွှင်နှင့် မေးလိုက်ခြင်း ဖြစ်၏။

'မောင် ဘာတွေ ပြောနေတာလဲ'

'ဗီရိုထဲက စန္ဒကူးသား သေတ္တာကလေးထဲမှာ ဘာတွေလဲဟင်'

'ဘာမှ မရှိပါဘူး၊ မောင် ဘာတွေ မသင်္ကာ ဖြစ်နေတာလဲ'

'ဒါဆိုဖွင့်ပြပါလား'

'ဟောတော့ ကဲဖွင့်ပြမယ်၊ ကတိတစ်ခုတော့ ပေးရမယ်'

'ပြော ဘာကတိလဲ'

'မောင် မရယ်ရဘူး'

'မရယ်ပါဘူးဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ပြီးတော့ မောင့်လျှို့ဝှက်ချက်တွေလည်း အားလုံး ပြောပြရမယ်'

'မောင့်မှာ ဘာလျှို့ဝှက်ချက်မှ မရှိတာ'

'အိုကေ ဒါဆို ဖွင့်ပြမယ်'

မာနာ အိပ်ရာပေါ်မှ ဆင်းသွားပြီး သေတ္တာလေး သွားယူပြန်လာသည်။ ပြီးတော့ သော့ကလေး ဖွင့်၍ သေတ္တာကို လှစ်ပြရင်း ဆာလာအိတ်ကလေး ယူကာ အိပ်ရာပေါ်သို့ သွန်ချလိုက်သည်။ ဥက္ကဋ္ဌကြီးမော်၏ တံဆိပ်နှင့် ကြယ်သီးကလေးတွေ တစ်ဒါဇင်လောက် ထွက်ကျလာသည်။

'ကြည့်စမ်း ဥက္ကဋ္ဌကြီးကို မင်း ဒါလောက် ချစ်လိမ့်မယ်လို့တောင် မထင်ခဲ့ဘူး၊ ဒါလောက်များများ ရအောင် ဘယ်လို စုထားလဲဟင်'

'ဒီလိုပဲ စုရတာပေါ့'

'ဥက္ကဋ္ဌကြီးကို ချစ်လွန်းလို့ စုတာလား'

'ဟုတ်မလား မသိဘူး၊ မလှဘူးလားဟင်'

မိန်းမကို လင်းနားမလည်နိုင်အောင် ဖြစ်သွားသည်။ တစ်ချိန်တွင် တန်ဖိုးရှိမည့် ကြယ်သီးကလေးတွေ ဖြစ်သည်။ တရုတ်ပြည်၏ တော်လှန်ရေး သမိုင်းကို ပြောပြနေမည့် ပစ္စည်းကလေးတွေ။

သေတ္တာထဲကို လှမ်းကြည့်လိုက်မိသည်။ စာအိတ်တစ်ဒါဇင်လောက်ကို သားရေပင်နှင့် ပတ်ထားသည်။

'အဲဒါက ဘာတွေလဲဟင်'

'ဟိုတုန်းက မိုင်ဒေါင်းရေးခဲ့တဲ့ စာတွေပါ'

မာနာက ခေါင်းငုံ့ပြီး ပြောသည်။

'မောင် ကြည့်လို့ ရမလားဟင်'

ဒီနေ့ မောင်ဘယ်လို ဖြစ်နေတာလဲဟင်၊ ဘာလို့ ဒီနေ့ စပ်စပ်စုစု လုပ်တာလဲ၊ မောင်အရင်လို မဟုတ်ဘူးလားဟင်'

'မောင်မကြည့်တော့ပါဘူး၊ မပြချင်ရင် နေပါ'

'ဘာမှ လျှို့ဝှက်ထားစရာ အကြောင်းမရှိဘူး၊ မောင်ဖတ်ချင်ရင် အချိန်မရွေး ဖတ်နိုင်တယ်၊ ဒါပေမဲ့ မာနာရှေ့မှာတော့ မဖတ်နဲ့'

'အေးပါကွယ်၊ မဖတ်တော့ပါဘူး'

'နောက် သော့မခတ်တော့ပါဘူး'

'အင်းနောက်မှ ဖတ်မယ်၊ မင်းဘယ်လောက် စိတ်ကူးယဉ်တဲ့ကောင်မလေးလဲ သိချင်လို့'



စိတ်ထဲကတော့ ချက်ချင်း ဖတ်ချင်နေသည်။ လင်း ရည်းစားစာကို မမြင်ဖူးခဲ့ပေ။ တစ်စောင်မှလည်း မရေးဖူးခဲ့။

နောက်တစ်နေ့ ညနေတွင် ဆေးရုံမှ စောစော ဆင်းလာခဲ့သည်။ သေတ္တာကလေးထဲမှ စာတွေကို ယူဖတ်လိုက်၏။ စာတွေမှာ ဝါကြန့်ကြန့် ဖြစ်ကာ မှိုနံ့နံ့နေပြီ။ အစိုဓာတ်ကြောင့် အချို့စာလုံးတွေ ဖတ်မရတော့ပေ။ မိုင်ဒေါင်း၏ စာတွေမှာ သိပ်မထူးဆန်းလှပါ။ သူ နေ့စဉ် လှုပ်ရှားမှုတွေကို ရေးပြထားခြင်းသာ ဖြစ်ပါသည်။ နေ့လယ်စာ ဘာဟင်းနှင့် စားသည်။ မနေ့ညက ဘာရုပ်ရှင်ကား ကြည့်သည်။ စသည်. . . စသည်။

သို့သော် သူ၏ ပြင်းထန်သည့် ခံစားမှုတွေကို ဖော်သည့် စာကြောင်း တစ်ကြောင်းတလေတော့ ပါတတ်သည်။

'မင်းအကြောင်း စဉ်းစားလိုက်တိုင်း ကိုယ့်ရင်တွေ ခုန်လာတတ်တယ်၊ မနေ့ညကဆို လုံးဝ အိပ်မပျော်ဘူး'

'ကိုယ်ဒီအတိုင်း ဆက်မနေနိုင်တော့ဘူး မာနာ၊ တို့မြန်မြန်ပေါင်းရအောင် တစ်ချိန်လုံး ဆုတောင်းပေးနေပါတယ်'

လင်း ရယ်ချင်လာသည်။ ပြီးတော့ မိုင်ဒေါင်းက သူ ခံစားချက်တွေကို ရေးပြနိုင်သူပေပဲဟု စိတ်ထဲ ထင်လိုက်မိ၏။ လင်းက သည်လို မရေးဖွဲ့တတ်။ အချစ်ကို ဝေဒနာ မကြေညာတတ်။ မာနာ့ဆီ စာရေးရင် 'ရဲဘော် မာနာ' ဒါမှမဟုတ် စချင်လျှင် 'အပျိုကြီး မမရေ' စသည်ဖြင့် ဒါလောက်ပဲ ရေးတတ်သည်။

သည်ဘက်က အားနည်းခြင်းကို ငါက သိပ္ပံပညာသင်ခဲ့လို့ စာတွေ အဖတ်များလို့ မရေးတတ်တာ ဖြစ်မယ် ဆိုပြီး ကိုယ့်ကိုယ်ကိုယ် သုံးသပ်သည်။

တစ်နေ့ ညစာစားရင်း လင်းက စကားစသည်။

'စာတွေ ဖတ်ပြီးပြီ၊ မိုင်ဒေါင်းက မင်းကို တကယ်ချစ်တာပဲ'

'အလကားပါ၊ ဘယ်က ချစ်ရမှာလဲ'

'ဘာပြုလို့ အဲဒီလို ပြောနိုင်တာလဲ'

'မချစ်လို့ သူ သစ္စာဖောက်သွားတာပေါ့'

'ဒါပေမဲ့ တစ်ချိန်တုန်းကတော့ မင်းကို သူ တကယ်ချစ်ခဲ့တာပါ'

'သွားစမ်းပါ၊ ယောကျ်ားတွေဟာ လူလိမ်တွေချည်းပဲ၊ သူ့ကို မုန်းတယ် အဲ. . . မောင်က လွဲရင် ပြောတာနော်'

မာနာက ပြုံးရင်း သုံးထပ်သားဟင်းချိုခပ်သောက်ရင်း ခေါင်းမော့စား ရင်း ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မာနာ့ စကားလုံးတွေကို လင်း အံ့ဩနေသည်။ သူ့ကို မုန်းတယ်တဲ့။ ဒါဆို ရည်းစားစာတွေကို ဘာလို့ အမြတ်တနိုး သိမ်းထားပါလိမ့် လင်း ဦးနှောက်ခြောက်သွားသည်။

၀

ဖေဖော်ဝါရီလထဲတွင် ကိုယ်ဝန်ရှိလာကြောင်း မာနာ တွေ့ရသည်။ ထို အချိန်မှစ၍ လင်းအား အိပ်ရာခွဲအိပ်ဖို့ ပြောသည်။

'ကလေးအတွက်ပါ မောင်ရယ်နော်'

လင်းက မာနာ့အဆိုကို ဝမ်းသာအားရ လက်ခံပြီး ပစ္စည်းထောက်ပံ့ရေး ဌာနမှ တစ်ယောက်အိပ် ခုတင် တစ်လုံး သွားငှား၍ အခန်းထောင့်တွင် ချထားလိုက်သည်။

လင်းက မာနာ ကိုယ်ဝန်ရလာတော့ အံ့ဩနေသည်။ သူ အသက် ၄၄ နှစ်ပြည့်ပြီ။ လင်းက ကလေးရဖို့ မမျှော်လင့်တော့။ သူ နှလုံးက အားနည်း နေမှန်း လင်း သိသည်။ ထို့ကြောင့် လင်းစိတ်ပူနေသည်။ ညားပြီးကတည်းက သူ့နှလုံးခုန်သံ ပုံမှန် မဟုတ်ကြောင်း သတိထားမိခဲ့သည်။ သွေးပေါင်ချိန်က လည်း မြင့်နေသည်။ အီးစီဂျီ ရိုက်ကြည့်တော့ စိုးရိမ်စရာ လက္ခဏာမတွေ့ပေ မယ့် လင်း စိုးရိမ်နေသည်။ သူ့အရွယ်နှင့် ကလေးမွေးဖို့ သင့်ပါ့မလား။ အင်း ချောချောမောမောမှ ဖြစ်ပါ့မလား။

ဖျက်ချမလား လင်းက မေးတော့ မာနာ အပြတ်ငြင်းသည်။ သူက လင်း၏ ရင်သွေးကို အရမ်း လိုချင်နေတာလေ။

'မောင့်ကို လက်ထပ်တာ ချစ်လို့ပါ၊ ဒါ့အပြင် ရှိသေးတယ်၊ မောင့် အတွက် ရင်သွေးကလေး တစ်ယောက် မွေးပေးချင်တာလည်း ပါတယ်၊ အမြဲမ တစ်ယောက်တော့ အဖြစ်မခံနိုင်ဘူး'

ပြီးတော့ ဆက်သေးသည်။

'မာနာလေ၊ ယောကျ်ားလေးပဲ လိုချင်တယ်၊ လင်း အငယ်လေး ရချင် တယ်'

'ဟာ အဲဒါတွေက ခေတ်ဟောင်းမှာ ကျန်ခဲ့ပါပြီကွ၊ ယောကျ်ားလေး မွေးမွေး၊ မိန်းကလေးမွေးမွေး ဘာထူးမှာလဲ'

'မိန်းကလေးရဲ့ ဘဝက ကျွန်မတို့ တိုင်းပြည်မှာ မလွယ်ဘူးလေ၊ မွေး လာတာ မိန်းကလေးဆိုရင်လည်း သားတစ်ယောက် ထပ်ယူဦးမယ်'



'ဟာ တစ်ယောက်ဆို တော်ရောပေါ့ကွာ'

'ဟင့်အင်း သားရမှ ကျေနပ်မယ်'

လင်း လက်လျှော့လိုက်သည်။ သည်အကြောင်း ဆက်မပြောတော့။

မာနာ၏ မိခင်လောင်းဘဝသည် ချောချောမောမော ဖြစ်မလာခဲ့ပေ။ တစ်ချိန်လုံး အန်နေသည်။ တစ်ခါတလေ သန်းခေါင်သန်းလွဲတွင် ထအန် ချင် အန်နေသည်။ မျက်ကွင်းတွေ ညိုနေပြီး မျက်တွင်းမျက်ချောင် ကျနေ သည်။ သို့သော် မာနာ သူ့ကိုယ်သူ ဂရုမစိုက်တော့ပေ။

မာနာ အစား ပိုစားလာသည်။ နှစ်ယောက်စာအတွက် စားရမယ်ဆိုပြီး ဗိုက်ကို ပုတ်ပြကာ ပြကာနှင့် စားသည်။ ပြီးတော့ အမျိုးမျိုး ချင်ခြင်းတတ် သည်။ ဒီနေ့ အာလူးကို ခံတွင်းတွေ့ပြီး နောက်နေ့တွင် မစားချင်တော့။ ရေခူ စားချင်ပါသည် ဆို၍ လင်းက စက်ဘီးတစ်စီးဖြင့် မြို့ထဲသွားရှာရသည်။ မူဂျိ တ ပင်လယ်နှင့် အဝေးကြီး။ ကုန်းတွင်းပိုင်းဒေသ။ ဈေးအနှံ့ လျှောက်ရှာသည်။ သို့သော် ရေခူအစိုရော၊ အခြောက်ပါ တစ်ကောင်မျှ မတွေ့။ နောက်ဆုံးကျမှ ပင်လယ်ကမ်းခြေ ဇာတိဆရာမကလေး တစ်ယောက်၏ အကူအညီဖြင့် ပင်လယ်ခူတွေ ရခဲ့သည်။

မာနာက ပင်လယ်ခူ နှစ်ပေါင်ကို သဲတွေ ပြောင်အောင် ရေစင်စင် ဆေး၍ ရှာလကာရည် ကြက်သွန်ဖြူထောင်းပြီး ဆား၊ ဆီမွှေးနှင့် နယ်ပြီး သုံးရက်နှပ်ထားသည်။ ကောင်းလှချည်ရဲ့ ဆိုပြီး လင်တော်မောင်ကို မြည်းခိုင်း သည်။ လင်းက ငါးဆားနယ်အနံ့ကို မခံနိုင်။

နောက်လေးရက်ကြာတော့ ပင်လယ်ခူ ဆားနယ်ကို သူ လှည့် မကြည့်တော့။

ဒေါက်တာနင်း၏ အမေ၊ အဒေါ်ချင်းက တစ်နေ့ အိမ်ရောက်လာပြီး

'ဆရာမ မာနာရေ ညည်း သိပ်ကံကောင်းတာပဲကွယ်၊ စားချင်တာ အကုန်စားရတယ်နော်၊ အဒေါ့်သားဦးတုန်းကလေ နှစ်လအတွင်း ကြက်ဥ ဆယ်လုံးပဲစားရတယ်၊ ကြက်သား စားချင်လိုက်တာ တစ်ပိုင်းကို သေနေ တာပဲ၊ ပိုက်ဆံ ဘယ်လောက် ကျပ်တည်းတယ် မှတ်လဲ၊ အာသာပြေရုံ စားဖို့ ကြက်တောင်ပံ တစ်ခုတောင် မဝယ်နိုင်ဘူး သိလား၊ အဲဒါ သားဦးတုန်းကနော် နောက်တစ်ယောက် မွေးတော့လည်း ထူးမခြားနားပါပဲကွယ်၊ ကြက်တင် ဆိုင်တွေ ရှေ့မှာ သွားပြီး အနံ့ခံရုံနဲ့ ကျေနပ်ခဲ့ရတယ်လေ၊ အဲဒီခေတ်တွေတော့ တုန်းဆုံးခဲ့ပြီပေါ့နော်'

www.burmeseclassic.com

www.burmeseclassic.com



အဘွားကြီး စကားကြောင့် မာနာ ကြက်သားစားချင်လာပြန်သည်။ လင်းက ချက်ချင်း ပြေးဝယ်သည်။ ဈေးက ခေါင်ခိုက်နေ၏။ သူ့တစ်လစာမှာ ကြက်ငါးကောင်ဖိုးပဲ ရှိသည်။ လင်း ကံကောင်းပါသည်။ ကြက်သား နှစ်ပတ်စားပြီးသောအခါ သွေးမတောင်းတော့ပေ။

တစ်ခါ သလဲသီး စားချင်ပါသည်ဟု ဆိုလာပြန်သည်။ ဆောင်းရာသီတွင် ဘယ်လိုမှ ရှာမရနိုင်သည့် အသီး။ သလဲသီးကို မာနာ ညတိုင်း အိပ်မက်မက်နေသည့် အကြောင်း သလဲသီး စားလျှင် ဗိုက်ထဲက ကလေး ကျန်းမာကြောင်း ပြောလာပြန်သည်။ သူ့ချင်ခြင်းတပ်သည့် အသီး ရှာမရတော့ မာနာ အစားအသောက် လျော့လာသည်။ ပုံမှန် ပြန်ရောက်လာသည်။

အိမ်ထောင်ကျပြီး ကတည်းက လင်းတစ်ယောက် ကိစ္စများမြောင်လှတို့ ဘောင်ထဲတွင် စာသိပ်မဖတ်နိုင်တော့ပေ။ စာအုပ်တွေ ဖုန်တက်နေပြီ လင်မယား နှစ်ယောက် ကြမ်းပြင်ကိုသာ လှည်းကျင်းဖုန်သုတ်နိုင်ပြီး စာအုပ်စင်ကို ဂရုမစိုက်နိုင်ကြတော့ပေ။

မာနာကမူ စာဖတ်ဖြစ်နေသည်။ ကိုယ်ဝန်ဆောင် ကျန်းမာရေး စာအုပ်များ၊ ကလေးပြုစုနည်း စာအုပ်များ၊ ဆေးရုံ စာကြည့်တိုက်မှ မိခင်နှင့် ကလေးကျန်းမာရေး ကိစ္စ စာအုပ်တွေကို ဝါးစားသလို ဖတ်ပစ်လိုက်သည်။ သည်တော့မှ လူတွေ သည်ကိစ္စကို ဘယ်လောက် ပေါ့ပေါ့တန်တန် သဘောထားနေကြကြောင်း မာနာ သဘောပေါက်လာသည်။ ဒီအကြောင်း လင်တော်မောင်အား မမောနိုင် မပန်းနိုင် ပြောပြသည်။ လင်းက ဝတ်ကျေတန်းကျေ နားထောင်သည်။ သူ့ရင်သွေးအတွက် အေးစက်စက် လုပ်နေသည်ကိုတော့ မာနာ မကျေနပ်။

မာနာက ကလေးမွေးဖို့ စာတွေ လိုမ့်ဖတ်နေစဉ် တစ်ဖက်က ကလေးအတွက် အချုပ်အလုပ်တွေနှင့် မအားမလပ်ဖြစ်နေသည်။ ဘောင်းဘီအကျီတွေ၊ သားရည်ခံတွေ၊ ခါးတောင်းကျိုက်တွေ ချုပ်လို့ မပြီးနိုင်တော့ သိုးမွေး ယွမ် ၇၀ ဖိုး ဝယ်သည်တဲ့။ လင်း မျက်လုံး ပြူးသွားသည်။ သူ့အလို ဒါ လောက် လက်ဖွာနေပါလိမ့်။

အိမ်နီးနားချင်း မိခင်တွေဆီသွားပြီး ကလေးအတွက် ဂွမ်းကတ်ခေါင်းအုံးတွေ ချုပ်နည်း လေ့လာသည်။

လင်း ဘာမှမပြောသာ။ အားလုံး သူ့ပိုက်ဆံနှင့် သူလုပ်နေခြင်းဖြစ်၏။



တနင်္ဂနွေလိုနေ့များတွင် ဟွာ ရောက်လာတတ်သည်။ အိမ်တွင် မာနာ ရှိနေလျှင် ခဏတဖြုတ် နေပြီး ပြန်သွားတတ်သည်။ မာနာ့တွင် ကိုယ်ဝန် ရှိနေကြောင်း ကြားရလို့ သူ့အမေ ပျော်နေကြောင်း ကြားတော့ လင်းအံ့ဩနေပြန်သည်။

'အမေက ပြောတယ် အဖေရဲ့၊ ကောင်းတာပေါ့၊ တို့မိသားစု ပိုကြီးလာတာပေါ့' တဲ့။

ရှူးယု သဘောထားကို လင်းအံ့ဩနေသည်။ သူ့စိတ်ထဲမှာ ငါ့ဟာ သူ့ယောကျ်ားပဲလို့များထင်နေသေးတာလားဟုလည်း တွေးမိ၏။ ကလေးစရိတ်ကို ဟိုတုန်းက ပို့ပေးတဲ့ ငွေနဲ့များ သူရောထွေးနေတာလား။ ဘယ်လောက်များ နိုးအတဲ့ မိန်းမပါလဲ။

ရံခါတွင် ဟွာက အမေ ထည့်ပေးလိုက်သည့် မုန့်တွေ အဖေအတွက် ယူလာတတ်သည်။ သို့သော် အိမ်တွင် မာနာ ရှိနေလျှင် အိတ်ကို မဖွင့်သေးဘဲ နေသည်။ ဟွာတစ်ယောက် ပြုံးပြုံးရွှင်ရွှင် ဖြစ်နေသည်။ မျက်လုံးတွေ အရောင်တောက်လာသည်။ အလုပ်ထဲတွင် ပျော်နေကြောင်း၊ လုပ်ဖော်ကိုင်ဖက်များကလည်း သူ့အပေါ် ကောင်းကြကြောင်းများ အဖေ့ကို ပြောပြသည်။

လင်းက ဟွာ့အတွက် မီးငှက်တံဆိပ် စက်ဘီးတစ်စီး၊ ရှန်ဟဲလုပ် လက်ပတ် နာရီတစ်လုံး ဝယ်ပေးသည်။ မာနာ့ကို အသိမပေးဘဲ ဝယ်ပေးခြင်းဖြစ်၏။ ဟွာ့အနေဖြင့် စက်ဘီး မဝယ်နိုင်မှန်း၊ နာရီ မဝယ်နိုင်မှန်း သိသော်လည်း မာနာ ဘာမျှမပြော။ မာနာနှင့် ဟွာသည် ခပ်စိမ်းစိမ်းပင် နေကြသည်။

ရံခါတွင် မာနာနှင့် လက်မထပ်ခင် ဟိုးနှစ်ပေါင်းနှစ်ဆယ်ကို ငုံ့စောင်း၍ ကြည့်မိသည်။ ငြိမ်းချမ်းခဲ့သည့် ထိုဘဝသည် မိမိ ဘဝ မဟုတ်သလို ဝေးကွာမှုန်ဝါး၍ ကျန်ခဲ့လေပြီ။ နောက်တစ်မျိုး စဉ်းစားမိသေးသည်။ လွန်ခဲ့သည့် ၁၅ နှစ်ကများ သူနှင့် လက်ထပ်ဖြစ်လျှင် ကောင်းလေစွဟူ၍။ ထိုစဉ်က မာနာသည် သိပ်ချစ်ဖို့ ကောင်းသည့် မိန်းကလေး ဖြစ်သည်။ ဘယ်လောက် ပျော်စရာ ကောင်းလိုက်မည်လဲ။

ဒီနေ့ မာနာသည် လုံးဝ ခြားနားခဲ့လေပြီ။ ဘဝဒဏ်ရာ ဒဏ်ချက်များကြောင့် သည်လို ဖြစ်သွားကြောင်း လင်း နားလည်ပါ၏။ တွေးရင်း ငိုချင်သောကာ နားထင်ထဲမှာ ထိုးကိုက်လာသည်။ တစ်ပြိုင်တည်း အိမ်ထောင့်တာဝန်ကို ငါကျေပွန်ရဲ့လားဟုလည်း ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိ၏။ ချော်အိမ်ထောင် ပြုရတာ စိတ်ပျက်စရာ ကောင်းလှပါတကား။ ရှုပ်ထွေးလှပါလား။

www.burmeseclassic.com



လင်းတစ်ယောက် တွေးရင်း တွေးရင်း အားအင်ကုန်ခန်းသလို နွမ်းခွေသွားလေသည်။

၀

# အခန်း [ ၇ ]

ညစာ စားပြီးချိန်တွင် ရုံးသွားရဦးမည့်အကြောင်း မာနာ့ကို ပြောသည်။ သန့်ရှင်းရေး အလုပ်သမားအချို့ သူနာပြုသင်တန်းတက်ဖို့အတွက် ဝင်ခွင့်စာမေးပွဲ ဖြေရမှာမို့ လင်းအား ဓာတုဗေဒ အခြေခံဘာသာကို တစ်ပတ်နှစ်ကြိမ် ညနေ သင်တန်းပေးနေရသည်။

'ဒီနေ့ သင်တန်းမှ မရှိတာ'

မာနာက ကောက်မေးသည်။

'ရုံးခန်းမှာ လုပ်စရာတွေ ရှိတယ်လေ'

'ဘာလုပ်စရာတွေလဲ'

'မောင်ပြောပြီးပြီလေကွယ်၊ အဆက်ပြတ်နေတာကြာပြီ ပြန်နွေးရဦးမှပေါ့'

'အိမ်မှာ နွေးလို့ မရဘူးလား'

'စဉ်းစားဖို့လည်း လိုတယ်'

လင်းက ဆုံးဖြတ်ပြီးသား လေသံဖြင့် ပြောလိုက်သည်။ မာနာ ဘာမျှ ဆက်မပြောတော့။ စိတ်ထဲကမူ မကျေနပ်ချင်။ သူလေသံတွေ ပြောင်းနေတာကို မာနာသတိထားမိနေသည်။ ကလေးရှိလို့ ခွဲအိပ်ကြပြီးနောက်ပိုင်းတွင် သူပြောင်းလဲခြင်း ဖြစ်သည်ဟု မာနာ ထင်နေသည်။

သူထွက်သွားသည်နှင့် မာနာ ဆောက်တည်ရာမရ ဖြစ်တော့နေရသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ ငါ့ကို ချစ်မှ ချစ်သေးရဲ့လားဟူသည့် အတွေးမျိုးလည်း ဝင်လာ၏။ သူ ငါ့ကို စိတ်တုန်နေပြီလား။ နောက်တစ်ယောက် တွေ့နေပြီလား။ ဒါလည်း မဖြစ်နိုင်ပါဘူး။ အခက်အခဲဟူသမျှ နှစ်ယောက်တွဲပြီး ကျော်ဖြတ်ခဲ့တဲ့ ချစ်သူတွေပဲ။ ဘာကြောင့် သူ ရုတ်တရက်ကြီး ပြောင်းလဲသွားရတာလဲ။ တစ်ယောက်ယောက်က သူ့ကို ညို့ယူဖမ်းစားနေပြီလား။ သူ ရုံးသွားတာရော ဟုတ်ရဲ့လား။ သူ့ ရုံးခန်းထဲမှာ သူ တစ်ယောက်တည်းလား။

ဒီလောက် အထီးကျန်သည့် ဝေဒနာမျိုး တစ်ခါမှ မခံစားခဲ့ရဖူးပါ။ တစ်ကမ္ဘာလုံး ငါ့ကို ဝိုင်းပြီး လှည့်စားနေကြပြီလား။ မရဘူး။ မောင်နဲ့ သေတောင် မခွဲဘူး။ မောင် မရှိရင် ငါ့ဘဝမှာ ဘာရှိတော့မလဲ။ ကိုယ်ဝန်ဆောင် မိန်းမကို သူပို ဂရုစိုက်ရမှာပေါ့။ ဘာကြီး ဖြစ်နေ ဖြစ်နေ၊ သူ့ကို ငါလက်လွှတ်လို့ မဖြစ်ဘူး။

နောက်တစ်နေ့ညတွင် စားသောက်ပြီးသည်နှင့် ထီးတစ်ချောင်းဆွဲကာ လင်း ထွက်သွားပြန်သည်။ မာနာကလည်း မိုးကာခြုံပြီးနောက်မှ လိုက်သွားသည်။ ခပ်စွေစွေ သွန်ချနေသည့် မိုးရေပေါက်တွေကို သတိမထားမိဘဲ ကိုက်တစ်ရာ အကွာလောက်မှ လိုက်သွားသည်။

လင်းလျှောက်သွားနေပုံက နွေးနွေးကွေးကွေး လေးလေးလံလံ။ အင်း. . . သူ သိပ်မငယ်တော့ပါလား။ ဘယ်လိုလုပ်ပြီး နောက်မိန်းမ တစ်ယောက်ကို စိတ်ဝင်စားနိုင်တော့မှာလဲ။

ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်မိသည်။ ငါတော်တော် အဓိပ္ပာယ်မရှိ လျှောက်တွေးနေတာပါလား။ ဘာလို့ သဝန်တိုချင်ရတာလဲ။ ဘာလို့ ဒါလောက် ပိုင်စိုးပိုင်နင်း လုပ်ချင်ရတာလဲ။ ဘာပြုလို့ သူ့ကို လွတ်လပ်ခွင့် မပေး နိုင်ရမှာလဲ။

သူဆေးရုံထဲ ချိုးဝင်သွားတော့ မာနာ ဆက်မလိုက်ဘဲ ဘတ်စကား ဘောက်ကွင်းထဲတွင် ရပ်ကျန်ရစ်သည်။ ဒုတိယထပ် သူ့ရုံးခန်းထဲရောက်လောက်သည့်အချိန်အထိ မာနာ ရပ်စောင့်နေသည်။ ဆယ်မိနစ် စောင့်ကြည့်သည်။ သူ့ ရုံးခန်းမီးတွေ လင်းမလာ၊ သူ ဘယ်ရောက်သွားပါလိမ့်။ အိမ်သာ တက်နေတာလား။ မဖြစ်နိုင်ဘူး အိမ်သာတက်ပြီးမှ သူထွက်သွားတာပဲ။ တစ်နေရာရာမှာ ပုန်းလျှိုး ကွယ်လျှိုး လုပ်နေတာ သေချာပြီ။

မျက်နှာပေါ်မှ မိုးရေပေါက်တွေကို လက်နှင့် သပ်ပြီး မော့ကြည့်လိုက်သည်။ အနောက်ဘက်ဆောင်ဆီမှ ရယ်သံတွေ စီခနဲ ထွက်လာသည်။ ပထမထပ် စာသင်ခန်းဆီမှ ဖြစ်၏။ သူ့ဟာသတွေကို ရယ်မောနေသံ ဖြစ်ရမည်။ သူ ဘာတွေ ပြောနေသည်ကိုတော့ သဲသဲကွဲကွဲ မကြားရ။ ပြတင်းပေါက်တွေ ဖွင့်ထားသဖြင့် သူ စာသင်နေသည်ကို လှမ်းမြင်နေရသည်။ ခါတိုင်းလို အိမ်



ကိုင်းမနေဘဲ၊ ကျားကျားလျားလျား ဖြစ်နေသည်။ တက်ကြွရွှင်လန်းနေသည်။

ဘောသင်ပုန်းဘက် လှည့်ပြီး စာရေးတော့ မြေဖြူခဲလွတ်ကျသွားသည်ကို သဘောကျပြီး ရယ်ကြပြန်သည်။ အဓိပ္ပာယ် မရှိ။

မနာလိုဝန်တိုစိတ်တွေ မာနာ့ရင်ထဲတွင် လှိုင်းထလာပြီ။ ရှေ့တိုးပြီး ကြည့်သည်။ ကောင်မလေးနှစ်ယောက်က တော်တော် လှသည်။ တစ်ယောက်၏ နာမည်ပြောင်က ငန်းဖြူမတဲ့။ ရှင်ယန်း စစ်ဆေးရုံမှ အထက်အရာရှိ တစ်ယောက်နှင့် မရှင်းမရှင်း ဖြစ်သဖြင့် ပြောင်းရွှေ့ခံရပြီး လွန်ခဲ့သည့် ငါးလ ရောက်လာသည့် ကောင်မလေး။ ပြဇာတ်အဖွဲ့တွင်လည်း မင်းသမီးတဲ့။ သူ့ ယောက်ျားနှင့် ညိနေမှန်း သိတော့ အရာရှိကတော်က အထက်ကို စာရေးတိုင်သဖြင့် လွှင့်လာသည့် မိန်းကလေး ဒီရောက်လာတော့လည်း ယောက်ျား တကာကို ညှု နေသည်တဲ့။ သူ့ဝတ်ထားသည့် ဝတ်ရုံဖြူအောက်မှာ အတွင်းခံမှ ပါရဲ့လားဟု မာနာတွေးရင်း ရင်ထဲပူလောင်လာသည်။ ငန်းဖြူမရဲ့ ညို့မျက်လုံးတွေကို လှမ်းမြင်နေရပြီး ဒေါသခိုးတွေ ဆူဝေလာသည်။ သူ့မျက်လုံးတွေက လင်းထံမှ တစ်ရံတစ်ဆစ်မျှ မခွာ။ အင်း သူကလည်း အကြည်ဆိုက်လို့ပါလား။ အရှက်နည်းလိုက်တာ။ ကိုယ့်သမီး အရွယ်ကလေးတွေနဲ့ အင်း လတ်စသတ်တော့ ဒါကြောင့်ကိုး။ အိမ်မှာ တူနှစ်ချောင်းချပြီးတာနဲ့ ဖင်စာကြွကြွ ဖြစ်နေတာလေ။ အိမ်ဟာ သူ့အတွက် ညှိရိပ်သာတစ်ခုလို ဖြစ်နေပြီပေါ့။ စားဖို့နဲ့ အိပ်ဖို့ပဲလေ။ မုန်းတယ်။ ဒင်းကို မုန်းတယ်။

မိုးတွေ ပိုသည်းလာပြီ။ မိန်းကလေး နှစ်ယောက် ပြတင်းပေါက် ပိတ်ဖို့ ထလာသဖြင့် မာနာ မှောင်ရိပ်ခိုပြီး အိမ်ပြန်လာခဲ့သည်။ ခြေထောက်တွေကို မနည်း သယ်ပြန်လာခဲ့ရ၏။

၀

နောက်တစ်နေ့ နံနက် နိုင်ငံရေးမှူး ရန်စု ရုံးခန်းသို့ မာနာထွက်လာခဲ့ပြီး ဒီ သင်တန်းတွင် ဓာတုဗေဒ စာသင်ဖို့ အခြားဆရာဝန်တွေကို တာဝန်မပေးဘဲ ဘာကြောင့် လင်းကို ပေးရတာလဲ မေးသည်။ ကိုယ်ဝန်သည်မို့ ညပိုင်းတွင် ယောက်ျားအိမ်မှာ ရှိဖို့လိုကြောင်းလည်း ပြောပြ၏။

သူ့မေးခွန်းကို ရန်စု မဖြေနိုင်ဘဲ ဇဝေဇဝါ ဖြစ်နေသည်။ ဒီသင်တန်း ရှိနေမှန်းလည်း သူမသိပေ။ လင်းကို တာဝန်ပေးထားမှန်းလည်း ဆေးရုံ အဖွဲ့ရ ဆရာဝန်တွေအများကြီးရှိရက်နဲ့ ဘာလို့ လင်းကိုတာဝန်ပေးရတာပါလိမ့်။

'စိတ်မပူပါနဲ့ မာနာ၊ ကျွန်တော် ကြည့်စီစဉ်လိုက်ပါ့မယ်'

မနေ့တုန်းက ဒေါသကို မျိုချပြီး ထိပ်တိုက်တွေ့ဖို့ ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိနှင့် လက်ထပ်ဖို့ သူဘယ်လောက် တန်ဖိုးကြီးကြီး ပေးခဲ့ရသည်ကို သတိရလိုက်၍ ဖြစ်သည်။ သည်ရွေ့သည်မျှ ရှည်လျားသည့် နှစ်ကာလတွေ စောင့်ပြီးမှ မချစ်ပြင်ပြင်တော့ မဖြစ်တန်ရာဟု ထင်ခဲ့သည်။ သည်နေ့ ရန်စုနှင့် တွေ့ပြီး ပြန်လာတော့ မာနဘက်မှ သည်းမခံနိုင်အောင် ဖြစ်လာသည်။ ဘယ်သူကမျှ သူ့ကို တာဝန်ပေးဟန်မတူ။

နေ့လယ်စာ စားပြီးသည်နှင့် မာနာ စကားစသည်။

'မောင့်ကို တစ်ခု မေးစရာ ရှိတယ်'

'ဘာများပါလိမ့်'

'မောင့်ကို ဒီသင်တန်းမှာ ဓာတုဗေဒသင်ဖို့ ဘယ်သူက ခိုင်းတာလဲ'

'သူတို့ အကူအညီ တောင်းလို့ပေါ့'

'သူတို့ဆိုတာ ဘယ်သူတွေလဲ'

'သူနာပြုသင်တန်း တက်မယ့် လူတွေပေါ့'

'ဒါဆို ဘယ်သူမှ မောင့်ကို ခိုင်းတာ မဟုတ်ဘူးပေါ့'

'ဟင့်အင်း သူတို့က အကူအညီ တောင်းလို့'

'မောင်သူတို့ ပြောတာ လက်မခံခင် မာနာနဲ့ တိုင်ပင်ဖို့ ကောင်းတာပေါ့'

သူ့မျက်နှာ တင်းသွားသည်။ မျက်မှန်အောက်က မျက်လုံးတွေ အရောင် တောက်လာသည်။ မာနာ ရင်ထဲ ထိတ်သွား၏။ သို့သော် မလျှော့နိုင်တော့ပြီ။

'ဒါဟာ မောင်နဲ့ မာနာတို့ရဲ့ အိမ်နေဘ၊ ရိပ်သာ မဟုတ်ဘူး၊ ကြိုက်တဲ့ အချိန် ထွက်သွား၊ ပြန်ချင်တဲ့ အချိန်မှ ပြန်လာလို့ မဖြစ်ဘူးမောင်'

'အင်း. . . သိပါတယ်'

လင်း အောင့်သက်သက် ဖြေသည်။

မာနာ မျက်ရည်တွေ ကျလာသည်။ မျက်နှာကြက်ကို ကြည့်ပြီး သူ့ကိုယ်သူ ပြောသလို ပြောနေ၏။

'ဒုက္ခပါပဲ၊ သူဘာလုပ်လို့ လုပ်နေမှန်း မသိတော့ ငါ ဘယ်လို ပြောရမှာလဲ'

'မောင် ဘာမှားလို့လဲ မာနာ၊ သူတို့က အကူအညီ တောင်းလို့ အကူအညီ ပေးတာ အပြစ်လား'

'ဘာမှားလဲ ဟုတ်လား၊ မောင့်မိန်းမက ကိုယ်ဝန်ကြီးနဲ့၊ အဲဒီမိန်းမကို တစ်ယောက်တည်း ထားခဲ့ပြီး နေကောင်းလား မကောင်းလား တစ်ချက် လှည့်မကြည့်ဘဲ တခြားမိန်းမတွေနဲ့ ပျော်ပျော်ပါးပါး သွားအချိန်ဖြုန်းနေတာ



မမှားရင် တခြားဘာမှ မမှားတော့ဘူး'

'ဒုက္ခပါပဲကွာ၊ ဘယ်မိန်းမတွေနဲ့ မောင်က သွားအချိန်ဖြုန်းနေလို့လဲ'

'ဒါဖြင့် အဲဒီကောင်မလေးတွေက ဘယ်သူတွေလဲ၊ ဝန်းဖြူမဆိုတာက ရော ပြောစမ်းပါဦး သူတော်ကောင်းကြီးရဲ့'

'ဟာ. . . မင်းလွန်လာပြီ မာနာ အဓိပ္ပာယ် မရှိတော့ဘူး'

'အဓိပ္ပာယ်နဲ့ မဆိုင်ဘူး၊ ခံစားချက်နဲ့ ဆိုင်တယ်၊ ဒီမယ် ဒေါက်တာလင်း၊ တာဝန်သိတဲ့ ယောကျ်ားဆိုရင် ကိုယ့်မိန်းမကိုယ် ပစ်စလက်ခတ် မထားရဘူး'

'ဟုတ်လား၊ ကိုယ် အဲဒီလို တစ်ခါမှ မစဉ်းစားမိလို့ပါကွာ'

သူက ပီဘိအပြစ်ကင်းစင်သည့် ကလေးတစ်ယောက်လို ပြန်ပြောသည်။

မာနာက ထသွားပြီး အိပ်ခန်းထဲဝင်၍ မျက်နှာကို ခေါင်းအုံးနှင့် အပ်ပြီး ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။ လင်းကဘာမှ မပြောတော့ဘဲ စီးကရက် ထိုင်ဖွာနေသည်။ တစ်လိပ်ကုန်မှ ပန်းကန်ဆေးသည်။ စားပွဲရှင်းသည်။ ပြီးသည်နှင့် ဘာမှ မပြောတော့ဘဲ ဆေးရုံသို့ ထွက်လာခဲ့သည်။

မာနာတစ်ယောက် တစ်နေ့ခင်းလုံး ဂနာမငြိမ် ဖြစ်နေသည်။ ထိုင်လိုက် ထလိုက် အခန်းထဲတွင် လမ်းလျှောက်လိုက်နှင့်။ သူ ညစာမှ ပြန်လာစားပါ့မလား။ တစ်ဆက်တည်း အတန်းဝင်မလား။ ငါအသုံးမကျတာ။ ဒါဒေါသ ဖြစ်ရမယ့် ကိစ္စလား။ နားပူနားဆာ လုပ်တတ်သည့် မိန်းမဟု သူ ထင်သွားတော့မည်။ သူ တကယ်ပဲ ငါ့ကို မုန်းသွားပြီလား။ အရမ်းစိတ်ကုန်သွားပြီလား။ နောက်တစ်ယောက် တကယ်ရှာနေပြီလား။ အို. . . မဖြစ်နိုင်တာ။ မောင်ဟာ ဒီလို ရက်စက်တတ်တဲ့ နှလုံးသားပိုင်ရှင်မှ မဟုတ်တာ၊ ဒါဆို သူ ဘာဖြစ်စေချင်တာပါလိမ့်။

တွေးလေ တွေးလေ စိတ်ထဲ မခံချိမခံသာ ဖြစ်လေ ဖြစ်လာ၏။ သို့သော် မာနာ သူ့ကိုယ်သူ မှားမှန်း သိလာသည်။

ဝက်သားစင်းကောလုပ်ပြီး ညနေစာချက်ဖို့ ပြင်သည်။ သူပြန်မှ လာပါ့မလား။ ရေချိုးကျိုပြီး မာနာ စောင့်နေသည်။ ခြောက်နာရီ တိတိတွင် လင်း ပြန်ရောက်လာသည်။ သူ့ကို မြင်တော့ ရင်ထဲ ပေါ့သွားသည်။ စင်းကော ကို ရေနွေးအိုးထဲ ပစ်ထည့်သည်။ ပြီးမှ မှိုခြောက် ပန်းခြောက်တွေ ထည့်သည်။ လင်းက ခဏစောင့်ပြီး ဟင်းသောက် ပန်းကန်ကြီးနှင့် ခွက်၊ ပဲပုပ်ဓေ ငံပြာရည် စသည်တို့ကို စားပွဲပေါ် ချသည်။ ပြီးတော့ ရောပေါ့ဟု မာနာ့ကို ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်အချိန် ပြန်ရောက်မှန်း မသိလို့ စောင့်နေတာ'

ပြန်လာမှ လာပါ့မလား ရင်တထိတ်ထိတ် ဖြစ်နေကြောင်းတော့ ထည့်မပြောလိုက်။ ဝက်သားစင်းကော ကျက်တော့ မာနာက ပန်းကန်ထဲ ခပ်ထည့်သည်။ ပြီးမှ ငါးရှပ်ဆီ ထည့်မွှေသည်။

စားနေရင်း နေ့လယ်က ရန်စုနှင့် တွေ့သည့်အကြောင်း၊ စကားကောင်းခဲ့ကြောင်းများ လင်းက ပြောပြသည်။

'ဘာအကြောင်းများ ပြောဖြစ်ကြလဲ'

'ဘာရယ်လို့ မဟုတ်ပါဘူး၊ မိန်းမတို့ အကြောင်းပေါ့'

'သူက မာနာ့ကို ရှုံးနေတယ် ထင်မှာပေါ့'

'အို. . . ဘယ်ကလာ သူကမောင့်ကို ဝေဖန်တယ်၊ မောင်က မာနာ့ကို နားမလည်ဘူးတဲ့'

'သူက ဘယ်လို ပြောလို့လဲ'

'သူက ပြောတယ်၊ မိန်းမတွေဟာ အချစ်မရှိဘဲ မနေနိုင်ဘူးတဲ့'

မာနာက နိုင်ငံရေးမှူး ပြောပုံကို သဘောကျပြီး ရယ်သည်။ ဒါကြောင့် စိတ်မမှန်တော့တဲ့ သူ အဘွားကြီးကို သူ ဂရုစိုက်နေတာကိုး။

'မဟုတ်နိုင်ပါဘူး၊ ဒါဆို သီလရှင်တွေ ဘယ်နှယ့်လုပ်မလဲ'

'ခင်ကြီးတွေ ရှိတယ်လေ'

နှစ်ယောက်သား ရယ်ကြသည်။

'မာနာရယ် မောင်ညနေ သင်တန်းသွားပေးနေတဲ့ ကိစ္စကို မင်းဒါ လောက် ဖြစ်မယ်မှန်း သိရင် မလုပ်ပါဘူးကွာ'

သူ့မျက်နှာက ကလေးတစ်ယောက်လို ရိုးသားအပြစ်ကင်းနေသည်။ မာနာက အပြုံးဖြင့် နောင်ဘာပဲဖြစ်ဖြစ် တိုင်တိုင်ပင်ပင်လုပ်ဖို့ ပြောသည်။

'လင်မယားဆိုတာ အေးအတူ ပူအမျှ မောင်ရဲ့၊ ဘာပဲဖြစ်ဖြစ်တိုင်ပင်ရတယ်'

ထိုနေ့မှစ၍ တစ်ပတ်နှစ်ခါ စာသင်သည်။ စာသင်ခန်း ဝင်ဖို့ ပြင်ဆင်မှုကို အိမ်မှာပဲ လုပ်တော့သည်။ မာနာ့ဘက်က ကျေနပ်သော်လည်း တစ်ပတ်နှစ်ရက် စာသွားသင်သည့်နေ့များတွင် ရင်မှာ လဲစ်ဟာနေမြဲ။ ရံခါ တွင် စိတ်မာတက်ကျလာသည်။ သူ့ကို စိတ်၏ ငြိမ်းချမ်းမှု ရအောင် ပျော်ပျော် ရွှင်ရွှင် ဖြစ်အောင် ဘာလုပ်ပေးရမှာပါလိမ့်။

၀

## အခန်း [ ၈ ]

နွေရာသီရောက်တော့ မာနာ့ဗိုက်ကြီး မတရားစူထွက်လာသည်။ မာနာ တစ်ယောက် ယောကျ်ားကို နင်ပဲ ငဆ လုပ်မိသည့် အတွက် နောင်တရနေ သော်လည်း တစ်ပတ်မှာ နှစ်ရက် သူ့အိမ်တွင် မရှိသည့် ရက်များအတွက် သည်းမခံနိုင်အောင် ဖြစ်နေဆဲ။ မကြာခင် သင်တန်းပြီးတော့မည်ကိုသိလျက် နှင့် သူ ဆောက်တည်ရာ မရ ဖြစ်နေခြင်း။ သူ့ကို သက်ာမကင်း ဖြစ်နေသည့် အကြည့်မျိုးဖြင့် မကြည့်ဘဲ မနေနိုင်အောင် ဖြစ်နေဆဲ။ မင်္ဂလာဆောင်ပြီး နောက်တစ်နေ့တွင် ပြောခဲ့မိသည့် စကားကို ပြန်လည် ကြားယောင်နေသည်။ 'မောင် အိပ်ရာထဲမှာ လေဖြတ်နေရင် သိပ်ကောင်းမှာ ဒါမှ မောင်နဲ့ တစ်ချိန်လုံး အတူနေရမှာ'

လင်းကလည်း စဉ်းစားရလွန်းသဖြင့် ဦးနှောက်ခြောက်လှပြီ။ ဒါ အချစ်လား။ သူ ငါ့ကို အချစ်သည်းလွန်းနေတာလား။

တစ်နေ့ ညနေတွင် မာနာ ပြည်သူ့ဆိုင်မှ ပြန်လာသည်။ [illegible] တွင် တိုဟူးတုံးကြီးလေးတုံးကို ပလတ်စတစ် ပုံးထဲ ထည့်ယူလာသည်။ [illegible] သွားထားပြီး ယောကျ်ားကို လှမ်းပြောသည်။

'ဘာဖြစ်တာလဲ မသိဘူး မောင်'

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး အိပ်ခန်းထဲ ဝင်သွားသည်။ ဘောင်းဘီပွပွကြီးကို ငုံ့ကြည့်သည်၊ ရေမွှာ ပေါက်ပြီ ထင်တယ်'

'ဟုတ်လား'

လင်း လန့်သွားသည်။ ကိုယ်ဝန်က ကိုးလတောင် မပြည့်သေး။

'လာ ဆေးရုံ ပြေးကြမယ် မောင်'

'ဟုတ်နိုင်ပါ့မလားကွာ၊ ရိုးရိုး ဗိုက်နာတာများလား'

'မဟုတ်ဘူး သေချာတယ် လာ'

'မင်း လျှောက်နိုင်လို့လား'

'အို လျှောက်နိုင်ပါတယ်'

လင်းက မာနဲ့ကို တွဲခေါ်လာခဲ့သည်။ နေဝင်တော့မည်။ ကတ္တရာလမ်းပေါ်တွင် အပူငွေ့တွေ ပျံတက်နေ၏။ ဝန်ထမ်းအိပ်ရာနောက်ဘက်မှ ထင်းရှူးပင်တန်းတွင် လှန်းထားသည့် အစိမ်းနှင့် အဖြူ အဝတ်တွေ လေအဝေ့တွင် တဖျတ်ဖျတ် လှုပ်ခါနေသည်။ လမ်းဘေးမှ ရောမ နံ့ကောင်ကြီးတစ်ကောင် ထပျံသွားသည်။ ဒီလ တစ်လလုံးမိုးမရွာ။ လမ်းဘေး သစ်ပင်များ အရွက်တွေ ခြောက်စ ပြုလာသည်။ အပင်ပေါ်မှ ပြုတ်ကျလာသည်။ ခူယားကောင်တွေ လမ်းဘေးတွင် ဟိုတချို့ သည်တချို့ သူတို့ကို ရှောင်သွားနေရ၏။ မာနာခြေလှမ်းမမှားအောင် လင်းက သတိထားပြီး တွဲခေါ်လာသည်။ လင်းအရမ်း စိုးရိမ်နေသည်။ လမစေ့ဘဲ မွေးလျှင် အင်္ဂါစုံပါ့မလား။

ဆေးရုံရောက်ရောက်ချင်း မာနဲ့ကို တတိယထပ် မွေးလူနာခန်းထဲ တန်းသွင်းလိုက်ကြသည်။ ဆရာမလေး ယုက မာနဲ့ကို ခုတင်ပေါ် တွဲတင်သည်။ တစ်ခဏအတွင်း မာနာ ဗိုက်စနာသည်။

သားဖွားဆောင် ဆရာမကြီး ဖြစ်နေသော ဟေယံကို ယုပြေးခေါ်သည်။ ဟေယံ အိမ်ပြန်သွား၍ လိုက်သွားရာ ယုနှင့် ငွေငန်းဖြူလမ်းတွင် သွားတိုးရာ သူပါလာကူမည်ဟု ငွေငန်းဖြူမက လှမ်းပြောသည်။

မာနာက လင်း၏ လက်မောင်းကို တအားညစ်ပြီး ညည်းလိုက်သည်။ လင်းက အားပေးသည်။

'ဘာမှ မကြောက်နဲ့ သိလား၊ အားလုံး အဆင်ပြေသွားလိမ့်မယ်'

မာနာက လက်တစ်ဖက်ဖြင့် ခါးကို နှိပ်ပြီး

'ကျောက်ကပ် ဒုက္ခပေးပြီ ထင်တယ်'

'ဟာ မဖြစ်နိုင်ပါဘူး၊ ဆီးစပ်က နာတာပါ'



'တဲ. . . စကားတွေချည်း ပြောမနေပါနဲ့၊ အနာသက်သာအောင် လုပ်ပေးစမ်းပါ'

လင်းက မာနဲ့ ခါးကို နှိပ်ပေးသည်။ မာနာချွေးတွေ ပြန်လာပြီ။ အနာသက်သာအောင် လင်း ဘာမှ မလုပ်ပေးနိုင်။ ဆယ်စုနှစ် နှစ်ခုလောက်က သင်ခဲ့ရသည့် ကျောင်းစာတွေ ပြန်စဉ်းစားကြည့်သည်။ တစ်ခုမှ ပေါ်မလာတော့။ ဟေယံက တော်တော်နှင့် ပေါ်မလာ။ ရောက်လာတော့ နောက်ကျခြင်းအတွက် တောင်းပန်သည်။ သူက ခပ်အေးအေးပင်၊ ခဏစစ်ဆေးပြီး ယုကို သွေးပေါင်ချိန်ခိုင်းသည်။ ပြီးတော့ အမွေးအမင်တွေ ရိတ်ခိုင်းသည်။ ပြီးတော့ ဆက်တိုက် အမိန့်ပေးသည်။ ငန်းဖြူမ

'ပန်ကာတွေ ဖွင့် ရေနွေးကျို'

ပြီးတော့ လင်းဘက် လှည့်ပြောသည်။

'သားအိမ်က သုံးစင်တီမီတာပဲ ပွင့်သေးတယ် ဆရာ' တစ်ဆက်တည်း မာနဲ့ နဖူးကို စမ်းပြီး

'အားလုံးပြီးသွားမှာပါ အစ်မ မာနာ'

လင်းက ဟေယံနား ကပ်ပြီး ပြောလိုက်သည်။

'သူ့ နှလုံးအကြောင်း မင်းသိတယ်နော် ဟေယံ၊ ခံနိုင်ပါတယ်နော်'

'မပူပါနဲ့ ဆရာရယ် အားလုံး ကောင်းပါတယ်၊ မွေးတော့မှာပါ၊ ဆရာ ပြောတာလည်း ဟေယံ သတိထားပါ့မယ်'

ဟေယံက စားပွဲတစ်လုံးဆီ လျှောက်သွားပြီး

'အစ်မ မာနာ၊ အောက်စီတိုစင်း သွင်းပေးမယ်နော်'

'အေးပါဟယ်၊ မြန်မြန်မွေးအောင် လုပ်ပေးကြစမ်းပါ'

'ကိုယ် ဘာလုပ်ပေးရမလဲ ဟေယံ'

'ဆရာ ထမင်းစားပြီးပြီလား'

'ဟင့်အင်း'

'ဒါဆို ဆရာသွားမြန်စား၊ ကြာမယ့်သဘောရှိတယ် ဆရာ တစ်ညလုံး စောင့်ရမှာ'

ဟေယံ၏ တည်ငြိမ်မှုနှင့် စိစဉ်ပုံကို လင်း သဘောကျသွားသည်။ ညည်းနေသည့် မိန်းမကို ထားခဲ့ပြီး လင်း အခန်းထဲမှ ထွက်လာသည်။ စားသောက်ဆောင်ထဲ ဝင်ခဲ့ပြီး လင်းစားသည်။ ဘာတွေ စားနေမှန်း မသိ။ ဘာအရသာမှ မရှိ။ ရုတ်တရက် ရောက်လာမည့် ကလေးအတွက် သူပျော်နေ

www.burmeseclassic.com

www.burmeseclassic.com



သည်လား။ စိတ်ထဲ သိပ်မသေချာ။ ထမင်းစားပွဲပေါ်သို့ မျက်နှာ မှောက်ချလိုက်သည်။ စားသောက်ခန်းထဲတွင် ဘယ်သူမှ မရှိ၍ တော်ပါသေးသည်။

ဆရာမ တစ်သိုက် သီးချင်းတစာစာ ဆိုကာ ဝင်လာကြသည်။ လင်း ခပ်သုတ်သုတ် ထွက်လာခဲ့၏။ မွေးခန်းထဲ ပြန်ရောက်တော့ မကြာခင် မွေးတော့မည့် အကြောင်း ဟေယံက ဆီးပြောသည်။ လင်းက မျက်နှာသုတ်ပဝါ တစ်ထည် ရေဆွတ်ပြီး မာနာ မျက်နှာမှ ချွေးတွေ၊ မျက်ရည်စတွေကို သုတ်ပေးသည်။ သူ့မျက်နှာ တစ်ပြင်လုံး နီရဲနေသည်။

မာနာ အော်သည်။

'မခံနိုင်တော့ဘူး၊ အမယ်လေး. . .'

'မာနာရယ်၊ ခဏလေး အောင့်ခံလိုက်နော်၊ ဟေယံ ရှိတယ်လေ'

မာနာ အော်ပြန်သည်။

'ရှင်. . . ရှင့်ကြောင့် ရှင်ဘာလို့ ဒီလို ဖြစ်အောင် လုပ်တာလဲ'

လင်း လန့်သွားသည်။

'မာနာရယ် မင်းကလေး လိုချင်တယ် မဟုတ်လားဟင်'

'သွား သွား ရှင် အလကားပဲ၊ ဘယ်လောက်နာတယ်ဆိုတာ ရှင် မသိဘူး'

'သိပ်မအော်နဲ့ မာနာ၊ သူများတွေ အနှောင့်အယှက်. . .'

'အို. . . မာနာ့ကို ဘာမှ လာပြောမနေနဲ့'

'ကိုယ် ဆိုလိုတာက . . .'

'မုန်းတယ် ရှင့်ကို မုန်းတယ်၊ အားလုံးကို မုန်းတယ်'

'မာနာရယ် ဘေးလူတွေ. . .'

'ရှင်ဟာ ကပ်စေးနှဲ ကော်တရာ သိပ်နောက်ကျသွားပြီ၊ အို. . . ကယ်ကြပါဦး'

'ကဲ. . . အော်. . . ကြိုက်သလောက်အော်'

'ကပ်စေးနှဲ ကော်တရာ'

လင်း စိတ်ရှုပ်သွားသည်။ ဘာဖြုလို့ ရုတ်တရက် ငါ့ကို ကပ်စေးနှဲ ကော်တရာလို့ ခေါ်နေတာပါလိမ့်။ ဟေယံကိုလည်း သူ စိတ်ဆိုးနေပုံ။ ဒါကြောင့် အားလုံးကို မုန်းတယ် ဆိုပြီး သူအော်တာ နေမှာပေါ့။ လွန်ခဲ့သည့် ဆယ်နှစ်က ဘင်ရှန်းဆီက ယွမ်နှစ်ထောင် တောင်းတာကို သူ ပြန်သတိရနေတာများလား။ ဒါမှမဟုတ် လွန်ခဲ့သည့် ဆယ်နှစ်ကသာ လက်ထပ်ဖြစ်လျှင်



ဒါလောက် အမွေးခက်မှာ မဟုတ်ဘူးလို့များ တွေးမိနေသလား။ ဒါဆို ဒီနှစ်ပေါင်း များစွာကတည်းက သူ မကျေနပ်မှုတွေ ငါ့အပေါ်မှာ စုပုံနေခြင်းလား။ တံခါးပိတ်ပြီး အပြင်ထွက်လာခဲ့သည်။ ငန်းဖြူ့မကို အိမ်သာသွားဦးမည်ဟု မှာခဲ့၏။

အိမ်သာထဲ ရောက်တော့ တစ်ယောက်တည်း ပြန်စဉ်းစားနေသည်။ ထိုစဉ်က ဘင်ရှန်းကို ယွမ်နှစ်ထောင် လာဘ်ထိုးဖို့ကိစ္စ သူနှင့် တိုင်ပင်ဖူးသည် ဒါကို ထုတ်မပြောဘဲ ကြိတ်ပြီး မကျေမနပ် ဖြစ်တာများလား။ အဲဒီတုန်းကတည်းက ပေးဖို့ သူလည်း ငြင်းခဲ့တာပဲ။ လင်း ပြန်သတိရလာသည်။ ဒါဆို သူ ငါ့ကို ဘာလို့ ကပ်စေးနှဲလို့ ခေါ်တာလဲ။ သိပြီ။ ဘုရား ဘုရား. . . အဲဒီတုန်းက အဲဒါလောက် တတ်နိုင်ရင် ဘာလို့ ကွာရှင်းဖို့ မလုပ်တာလဲဟု သူတွေးနေတာ များလား။ ရင်ထဲ တင်းကျပ်လာသည်။ အဲဒီတုန်းက ဘဏ်စာရင်း လက်ကျန်  မှာ ယွမ်ခြောက်ရာသာ ရှိကြောင်း သူ့ကို ပြောခဲ့သည်လေ။ မာနာက သူ စုငွေ ဘယ်လောက် ရှိမှန်း ဘယ်တော့မှ မပြော။

ယွမ်နှစ်ထောင်တောင် သုံးနိုင်သည်ဆိုတော့ သူ ငါ့ကို လူချမ်းသာ တစ်ယောက်လို့ ထင်နေမလား မသိ။ နှစ်ပေါင်းများစွာ ငါ့ကို သူမယုံမကြည် ဖြစ်နေခဲ့တာများလား။ ဘာဖြုလို့ သူဘဏ်စာရင်း စာအုပ်ကို လင်းအား မပြနိုင်ရမှာလဲ။

ငွေက အချစ်ထက် တန်ဖိုးကြီးလို့ နေမှာပေါ့။

ဒါဖြင့် ငွေနဲ့ အိမ်ထောင်ရေးကို သာယာအောင် လုပ်နိုင်မလား။

ဒါလောက် မလွယ်ဘူး ထင်တယ်။

လင်းတစ်ယောက် အတွေးချာချာလည်နေခဲ့သည်။

ငါက ယွမ်တစ်သောင်း ချမ်းသာပြီး ငါးပုံ တစ်ပုံ ယောက်ဖကို လာဘ်ထိုးလိုက်နိုင်ရင် လွန်ခဲ့တဲ့ ဆယ်နှစ် ကတည်းက လက်ထပ်ဖြစ်မှာ။ ဒါဆို မာနာ မွေးဖို့ ဖွားဖို့ ဒါလောက် ဘယ်ခက်မလဲ။ ဒါဆို သူခုလို ငါ့ကို အော်ဟစ်ပြောဆိုနေစရာလည်း မလိုတော့ဘူးပေါ့။ ငွေဟာ အချစ်ထက် အလေးချိန် ပိုမစီးနိုင်ပါဘူး။

နေဦး တို့အချစ်ဟာ ငွေနဲ့ ဝယ်လို့ရတဲ့ အချစ်မျိုးလား။ ဒါဆို မင်း ဘာလို့ မင်္ဂလာဆောင်မှာ ယွမ်ထောင့်တစ်ရာ အကုန်ခံလိုက်တာလဲ၊ ဒါဆို မင်းတို့ ဘာလို့ ဘဏ်စာရင်း တစ်ခုစီ ထားနေကြတာလဲ။

နားထဲတွင် အသံတွေ ဆူကာ အဖြေရှာမရ ဖြစ်နေသည်။ ပြတင်းပေါက်ပေါင်ပေါ်တွင် တင်ပါးလွှဲထိုင်ပြီး လင်း အတွေးနက်နေခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



အပြင်တွင် မှောင်စပြုပြီ။ ဟိုးအဝေး တောင်ခြေဆီမှ မီးရောင်မှိတ်တုတ် မှိတ်တုတ်နှင့် ပျားမွေးမြူရေး စခန်းကို လှမ်းမြင်နေရ၏။ သူတို့တစ်တွေ ပျားရည်သိမ်းချိန်။

လက်ဆေးခွက်တွင် မျက်မှန်ချွတ်ပြီး မျက်နှာသစ်ပစ်လိုက်သည်။ နည်းနည်း လန်းသွားသည် ထင်၏။ အိမ်သာခန်းထဲက ထွက်လိုက်သည်နှင့် မာနာ၏ စူးစူးဝါးဝါး အော်သံ ကြားလိုက်သည်။ လက်ကိုင်ပဝါနှင့် မျက်နှာ သုတ်ပြီး မျက်မှန် ပြန်တပ်လိုက်သည်။

မွေးခန်းထဲ ပြန်ဝင်လာခဲ့သည်။ မာနာ တအင်းအင်း ညည်းနေဆဲ။

'မုန်းတယ်၊ ရှင့်ကို မုန်းတယ်၊ သိပ်နောက်ကျနေပြီ၊ ဒီကလေးကို မွေးဖို့ ကျွန်မ အသက်ကြီးသွားပြီရှင့်'

'မာနာရယ်၊ မောင် တောင်းပန်ပါတယ်ကွာ၊ အနာဟောင်းတွေကို ပြန်တွေးမနေပါနဲ့။ အရေးကြီးတာက. . .။

'ကောင်းပြီ မွေးမယ်'

ဟေယံက ယုကို လက်ငေ့ပြပြီး

'ကဲ အစ်မမာနာ၊ အသက်ဝအောင် ရှုလိုက် တွန်းချမယ်'

မာနာ ခေါင်းညိတ်သည်။

ဟေယံက အော်သည်။

'တစ် နှစ် သုံး'

ပြောပြောဆိုဆို ဟေယံက တွန်းချသည်။ မာနာ မျက်နှာ ပြာနှမ်းသွားသည်။ အသက်တစ်ချက် ရှိုက်ရှုလိုက်ပြီး လင်းကို အော်ဆဲပြန်သည်။

'ရှင်. . . ရှင် အလကားလူ၊ ရှင့်ကြောင့်. . . သိပ်နောက်ကျသွားပြီ'

'မာနာရယ် တဆိတ်ကွာ. .'

'ကျွန်မ သေရတော့မယ်၊ ရှင့်ကြောင့်. . . .'

ငန်းဖြူမက တစ်ဖက်ကို လှည့်ပြီး ပြုံးသည်။ မာနာ မျက်စောင်းထိုးမြင်တော့မှ မျက်နှာပိုး ပြန်သတ်လိုက်သည်။ လင်းက မာနာ့ပခုံးကို လွှတ်ပြီး အခန်းပြင်ဘက်သို့ ထွက်ဖို့ ပြင်သည်။

ဟေယံက လှမ်းဆွဲပြီး

'ဆရာ ဆရာ ရှိမှ ကောင်းမယ်'

'ကိုယ်. . . မကြည့်. . . မကြည့်တော့ဘူးကွာ'

'ဒါဟာ မိန်းမ သဘာဝ ဆရာ၊ ဆရာထွက်သွားတုန်းက ဟေယံ



လည်း ဆဲလိုက်တာ စုံလို့၊ စိတ်မပျက်နဲ့ ဆရာ၊ အဲဒါမှ သူခံသာမှာလေ၊ သူ အရမ်းကြောက်နေတယ်၊ ဆရာအနားမှာ ရှိမှ အားရှိမှာ'

လင်းက ဘာမှမပြောဘဲ ခေါင်းယမ်းပြီး ထွက်သွားသည်။

'သွား သွား. . . သရဲဘောကြောင်တဲ့ လူ၊ ကျွန်မ မသေခင် ရှင့်မျက်နှာကို မကြည့်ချင်ဘူး'

ဟေယံက မွေးခုတင်ဆီ ပြန်ပြေးလာပြီး

'ကဲ တွန်းမယ်၊ အစ်မမာနာ ညှစ်မယ်'

'မတတ်နိုင်တော့ဘူး ဟေယံ၊ ခွဲလိုက်တော့'

ဝရန်တာတွင် မီးမှိန်မှိန်သာ ရှိသည်။ ညတာဝန်သမားများမှအပ လူသွားလူလာ ရှင်းနေသည်။ လင်းက လမ်းလျှောက်ရင်း စီးကရက် တစ်လိပ်ပြီး တစ်လိပ် သောက်နေသည်။ ဂနာမငြိမ် ဖြစ်နေ၏။ ခုံတန်းလျားတွင် သွားထိုင်လိုက်၊ ထလျှောက်လိုက်နှင့် ဘာပြုလို့ ငါဒီအဖြစ်နဲ့ ရင်ဆိုင်ရတာလဲ။ ငါ ဟာ ဘယ်တုန်းကမှ ကလေးမလိုချင်ခဲ့ဘဲနဲ့။

မွေးခန်းတံခါး ဝုန်းခနဲ ပွင့်လာတော့ လင်း အတွေးပြတ်သွားသည်။ ငန်းဖြူမက လင်းကို လက်ယပ်ခေါ်သည်။

'ဆရာ့အတွက် ဂုဏ်ယူပါတယ် ဆရာ၊ ဆရာ သားနှစ်ယောက် တစ်ပြိုင်တည်း ရတာလေ'

'ဘာ. . . အမွှာ ဟုတ်လား'

'ဟုတ်တယ် ဆရာ'

အခန်းထဲ ရောက်တော့ ဆရာမတွေက အော်ငိုနေသည့် ကလေး နှစ်ယောက်ကို ပြသည်။ နှစ်ယောက်စလုံး တစ်ပုံစံတည်း။ နှစ်ယောက်စလုံး ငါးပေါင် ကျော်သည်တဲ့။ ခေါင်းကြီးကြီး၊ နှာခေါင်းပြားပြား ကလေးတွေ။ တစ်ယောက်မှ မျက်လုံး မဖွင့်။ လင်းထင်ထားသည်နှင့် တခြားစီ။ စိတ်ပျက်သွား၏။

ဟေယံက ဝမ်းသာအားရ ပြောသည်။

'ကြည့်ပါဦး၊ ဆရာ့ ပုံတူကလေးတွေ'

ငန်းဖြူမက သူ့လက်ထဲမှ အထုပ်ကလေးကို ကျောပုတ်ပြီး

'ဟုတ်တယ်နော် အစ်မ၊ ဆရာနဲ့ ချွတ်စွတ်ပဲ'

လင်းက မာနာ့ကို လှမ်းကြည့်လိုက်သည်။ မာနာက မျက်ရည်စတွေနှင့် ပြုံးသဲ့ကလေး ပြုံးပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'မာနာ့ကို ခွင့်လွှတ်ပါ မောင်ရယ်၊ မာနာ အရမ်းကြောက်သွားတယ်။ မမွေးနိုင်တော့ဘူး ထင်တာ'

လင်းက မာနာ့ ပါးကို ပုတ်ပြီး

'ပြီးသွားပြီလေ'

'ဟေယံက ခွဲလိုက်သည့် နေရာကို ပြန်ချုပ်ပေးသည်။ သွေးတွေသံတွေကို မြင်ပြီး လင်း စိတ်ပျက်နေသည်။ နောက်နှစ်နာရီ ကြာတော့ အမျိုးသားသူနာပြု နှစ်ယောက် ရောက်လာပြီး ထမ်းစင်ပေါ် တင်၍ စောင်လွှမ်းကာ အိမ်ပြန်ပို့ပေးကြသည်။ လင်းက ကလေးနှစ်ယောက်ချီပြီး နောက်ကလိုက်သွားသည်။ အပြင်တွင် ချမ်းစိမ့်စိမ့်နှင့် လသာနေသည်။ နံ့ကောင်အော်သံတွေ၊ ပရစ်အော်သံတွေ ဆူညံနေ၏။ လမ်းဘေး မီးရောင်မှိန်မှိန်တွင် သူတို့ ပျံ့ဝဲနေကြသည်။

လမ်းလျှောက်ရင်း လင်း လေးလံလာသည်။ အဘိုးကြီးတစ်ယောက်လို ခါးကိုင်းလျှောက်လာခြင်း ဖြစ်၏။ သည်ကလေးနှစ်ယောက်ကို ဂရုစိုက်နိုင်ပါ့မလား။ ချစ်နိုင်ပါ့မလား။ စိတ်ထဲ မသေမချာ ဇဝေဇဝါ ဖြစ်နေသည်။

ဒါမှမဟုတ် ဘဝအသစ်တစ်ခုရဲ့ အစပေပဲလား။

ဝ

# အခန်း [ ၉ ]

မာနာသားဖွားခွင့် ငါးဆယ့်ခြောက်ရက် ခံစားခွင့် ရသည်။ ပထမအပတ်တွင် အိပ်ရာပေါ်မှ မဆင်းနိုင်။ အိမ်အလုပ်တွေ လင်းတစ်ယောက်တည်း ဒိုင်ခံလုပ်ရသည်။ ကလေးနှစ်ယောက် အတွက် 'နို့ အလုံအလောက် မထွက်။ ဝက်ခြေထောက် စွတ်ပြုတ်တွေ လင်းက နေ့တိုင်း ပြုတ်တိုက်သည်။ အကြောင်း မထူးသဖြင့် နို့မှုန့် ကူရသည်။ နို့မှုန့်က ရှားလှသည်။ ဟေယံကူညီသဖြင့် မြို့ထဲက ဝယ်လို့ရခဲ့၏။ ဈေးက ခေါင်ခိုက်နေသည်။

မာနာ မွေးပြီးနှစ်ပတ်ကြာတော့ အိမ်ဖော်တစ်ယောက် ငှားလိုက်ရတော့၏။ မွဲ့ယင်ချေးသက်သက်နှင့် တောက ကောင်မလေး သူ့နာမည်က ဂျူလီ။ ကျစ်ဆံမြီး ကလေးနှစ်ချောင်းနှင့်။ နေ့ပိုင်းတွင် ကလေးလည်း ထိန်းပေးသည်။ အချက်အပြုတ်လည်း ကူပေးသည်။ ညပိုင်း ရွာပြန်ပြီး တနင်္ဂနွေနေ့တွင် အနားပေးရသည်။

လောလောဆယ် မာနာ ဇုံ့ဝ အားမရှိသေး။ ရံခါတွင် အစာမကြေ [illegible] ဖြစ်နေတတ်သည်။ ပန်းနာရင်ကျပ် ရောဂါသည် တစ်ယောက်လို အသ[illegible] ကို ဘေးလူ ကြားနေရသည်။ နှလုံးခုန်သံကလည်း မြင်းသည်ထက် [illegible] သည်။ အီးစီဂျီ ရိုက်ကြည့်တော့ လင်းလန့်သွားသည်။ သူ[illegible] အတော်ဆိုးနေတာပါလား။ ပထမ သူ့ကို မပြောဘဲ [illegible]

www.burmeseclassic.com

www.burmeseclassic.com



ပတ် ကြာတော့မှ လင်းက ဖွင့်ပြောလိုက်သည်။ မာနာ မျက်ရည်လည်လာသည်။ သူ့အတွက် မာနာ ဂရုမစိုက်တော့။ ကလေးအတွက် ရတက်မအေး ဖြစ်လာသည်။

'မာနာ့အတွက် အရေးမကြီးပါဘူး မောင်ရယ်၊ သားလေးတွေ အတွက်ပဲ. . .'

'ဟာကွာ အချစ်ကလည်း မဟုတ်တာ၊ အချစ်မရှိလို့ ဘယ်ဖြစ်မလဲ'

လင်းကို မာနာ မော်ကြည့်ပြီး မျက်နှာ ပျက်ပျက်နှင့် ပြောသည်။

'မောင့်ကို ကတိတစ်ခု တောင်းချင်တယ်ကွယ်'

'ဘာများလဲဟင်'

'မာနာမရှိရင် သားကလေးနှစ်ယောက်ကို ဂရုစိုက်ပါ့မယ်လို့ ကတိပေးပါလား မောင်'

'ဟာကွာ မာနာကလည်း ဘာလို့. . .'

'တဆိတ်မောင်ရယ်၊ အဲဒီ ကတိ မာနာလိုချင်တယ်'

'အို. . . ဂရုစိုက်မှာပေါ့ကွာ'

'ကျေးဇူးတင်ပါတယ် မောင်၊ အင်း. . . စိတ်ထဲ ပေါ့သွားပြီ'

မာနာက အမှတ်မထင် ရောင်ကိုင်းနေသည့် သူ့နှို့သီးတွေကို လက်ဖဝါးနှင့် ပွတ်နေသည်။

မာနာ့ စကားလုံးတွေကြောင့် လင်းစိတ်ညစ်သွားသည်။ သို့သော် သေခြင်းတရားမှ စကားလမ်းကြောင်း ပြောင်းဖို့ မတတ်ဘဲ ဖြစ်နေသည်။ သို့ဖြင့် အိမ်အလုပ်တွေအတွက် ဘာမှ ပူစရာ မလိုကြောင်း၊ ဧည့်သည်တွေ လာလျှင်လည်း သူပင် ဧည့်ခံစကားပြောမည့် အကြောင်းတွေ လျှောက်ပြောနေမိသည်။

သားနှစ်ယောက်အတွက် နာမည်ပေးသည့် ကိစ္စနှင့် လင်မယား နှစ်ယောက် တော်တော်နှင့် ညှိလို့မရဘဲ ဖြစ်နေသည်။ နောက်ဆုံးတွင်မှ တစ်ယောက်ကို 'မြစ်' တစ်ယောက်ကို 'ကန်' ဟု ပေးဖြစ်သည်။ လင်းက သိပ်နှိုးလွန်း၍ သိပ်မကြိုက်။ သို့သော် မအေက ရိုးလွန်းခြင်းသည် ဂုဏ်တစ်ရပ်ဟု ဆိုသည်။ နာမည် ရိုးရိုးစင်းစင်းနှင့် ယောက်ျားလေးများ ထိန်းရကျောင်းရ လွယ်သည်ဟုလည်း မာနာက ယုံကြည်သည်။ နာမည်နှစ်ခုစလုံး ရေခါတ်ပါ၍ သဘာဝအားဖြင့် တည်တံ့သည်။ ပုံမှန်ခွင်းရ လွယ်သည်တဲ့လေ။

အရာရှိကတော်များ မီးနေဝင်ရောက်လာကြသည်။ ဘယ်သူ 'မြစ်' လည်း ဘယ်သူက 'ကန်' လည်း မေးလျှင် ရုတ်တရက် မဖြေနိုင်ကြ။ နောက်



မှ 'မြစ်'က နားရွက်ကလေး မသိမသာ တွန့်နေသည်ကို သတိထားမိသဖြင့် အဖြေရလွယ်သွားသည်။

ဧည့်သည်တွေက ကြက်ဥ၊ သကြား၊ စွန်ပလွံသီးတွေ၊ လူးစပါးတွေ လက်ဆောင် ယူလာကြသည်။ မာနာ့အတွက် သွေးအားကောင်းစေသည့် အာဟာရများ ဖြစ်၏။ အမျိုးသမီး အချို့က နှစ်လအတွင်း ကြက်ဥ အလုံး ၆၀၀ စားရမည် ဆို၏။ မိခင်အတွက် အင်အားရော၊ အရိုးအတွက်ပါ ကောင်းပြီး ကလေးအတွက်ပါ အကျိုးရှိသည်တဲ့။ ရိုးရာဓလေ့အရ မိခင်က ကလေးမွေးပြီးစတွင် အာဟာရ ပြည့်ဝ၍ ရောဂါဘယ အားလုံး ပျောက်ကင်းသည်ဟု ယုံကြည်ကြသည်။ အအေးမမိစေဖို့ ဂရုစိုက်ရမည့် အကြောင်းလည်း အချို့က သတိပေးသည်။ အစားအသောက် စားရာတွင် ပိုက်ဆံမနှမြောဖို့ ပြောသူလည်း ပါ၏။ မာနာ့တွင် နှလုံးရောဂါ ရနေပြီဆိုသည်ကိုတော့ ရင်းနှီးသူများသာ သိကြသည်။ သူတို့ပြန်သွားလျှင် မာနာဝမ်းနည်း နေတတ်သည်။

ဧည့်သည်အများစုကတော့ အမွှာ ယောက်ျားလေး ရသည့်အတွက် ဂုဏ်ယူစကား ဆိုကြသည်။

'ဆရာလင်းတို့ကတော့ ဖော့ ကျည်ဆန်တစ်တောင့်တည်းနဲ့ ငှက်နှစ်ကောင် ပစ်လိုက်တာပဲ'

'ဒေါက်တာ လင်းကောင်းလောက် ကံကောင်းတဲ့လူ တရုတ်ပြည်မှာ မရှိဘူး'

စသည် စသည်ဖြင့်။ တကယ်လည်း လင်း ကံကောင်းပါသည်။ ၁၉၇၀ ပြည့်လွန်နှစ်များ ကတည်းက လင်မယားတစ်စုံတွင် ကလေးတစ်ယောက်ထက် ပိုမမွေးရဟူသည့် ဥပဒေ ထွက်ထားသည် မဟုတ်လား။ လင်းက ဒုတိယ အိမ်ထောင်နှင့် သားနှစ်ယောက် (အမွှာဖြစ်၍ ကံကောင်းခြင်း ဖြစ်သည်။) ပထမ အိမ်ထောင်နှင့် သမီးတစ်ယောက်။ ဟိုတုန်းက လင်း၏ အခန်းဖော် ဂျင်တီယန်းက သမီးတစ်ယောက်နှင့် ဇာတ်လမ်း ဆုံးသွား၍ စိတ်ပျက်နေသည်။ မဟာအောင်မြင်မှုအတွက် လင်းက သူတို့ကို ကျေးမွေးသင့်ကြောင်း ဂျင်တီယန်းက ပြောသည်။ သို့သော် လင်းက စိတ်ပန်းလူပန်း ဖြစ်နေ၍ စိတ် မဝင်စားနိုင်။

တစ်နေ့ ကြက်ဥခြောက်လုံး နှစ်လုံး စားသော်လည်း [illegible] ကျန်းမာရေး ပိုဆိုးလာသည်။ ကလေးနှစ်ယောက်လည်း နို့မတိုက်နိုင်[illegible] ဂျူလီ အကူအညီကို အနည်းငယ်သာ ရသည်။ ကလေးနှစ်ယောက်[illegible]

www.burmeseclassic.com

www.burmeseclassic.com



နေကုန် အိပ်ပြီး ညညတွင် မအိပ်ဘဲ ဆော့လိုက် ငိုလိုက် တစ်လှည့်စီ လုပ်နေသဖြင့် ဘေးအခန်းတွေကို အားနာပြီး လင်းကတစ်လှည့်စီ ချီပိုးချော့သိပ်ရသည်။ လင်းတွင် ညညနားချိန် မရှိတော့။ နောက်ပိုင်းကျတော့ တစ်ယောက်ကို ချပြီး တစ်ယောက်ကို ချီလိုက်သည်နှင့် ချလိုက်သည့် တစ်ယောက်က အော်ငိုတော့သည်။ ထိုအခါ မာနာပါ မနေသာတော့ဘဲ ထရတော့၏။ ဤသို့ဖြင့် အဖေရော အမေပါ အိပ်ရေး မဝတော့ပေ။ သို့သော် သူတို့လင်မယားတွင် ရွေးချယ်စရာလမ်းမရှိပေ။ ပြေးပေါက် မရှိပေ။

ရက်သတ္တပေါင်း များစွာ ကြာလာတော့ ဂျူလီက ပုခက်တစ်ခု ဝယ်ဖို့ အကြံပေးသည်။ လင်းက ရောမ နှစ်ယောက်အိပ် ပုခက်ကြီးရော ကြိုးတွေပါ ပြေးဝယ်ပြီး ဆင်သည်။ သည်တော့မှ တစ်လှည့်စီ ချီပြီး သူတို့လင်မယား လျှောက်ရသည့် ဝတ်မှ ကျွတ်တော့သည်။ သို့သော် လင်းက အိပ်ရာပေါ် ထိုင်ပြီး သူတို့ မအိပ်မချင်း လွှဲပေးနေရ၏။ နီတာရဲလေး နှစ်ယောက်က ဝူးဝူးဝါးဝါးနှင့် တော်ာတော်နှင့် မအိပ်။ သူ့အဖေကို လှမ်းစကားပြောနေသည့် အလား။

နောက်ပိုင်းမှာ ကလေးတွေ အမြန်နှုန်းဖြင့် ထွားကျိုင်းလာကြသည်။ နှစ်လအတွင်း အရပ် နှစ်လက်မစီ မြင့်လာပြီး ကိုယ်အလေးချိန် ၆ ပေါင်စီ ဖြစ်လာသည်။ 'မြစ်' က သူ့ညီ 'ကန်' ထက် မဆိုသလောက် ပိုထွားလာ၏။

တစ်နေ့နံနက်တွင် ဂျူလီယာက ကလေးနှစ်ယောက်ကို တွန်းလှည်းပေါ် တင်ပြီး ဆေးရုံဂိတ်ဝအထိ တွန်းယူသွားသည်။ လမ်းပေါ်တွင် ရဲကားနှစ်စီးက ရာဇဝတ်သားတွေကို လမ်းပေါ်မှာ လျှောက်သွားခိုင်းပြီး နောက်မှ မောင်းလိုက်နေသည့် မြင်ကွင်းကို အများနှင့် အတူ ဂျူလီ စောင့်ကြည့်နေသည်။ မူးယစ်ဆေးဝါး အရောင်းသမား နှစ်ယောက်ကို ကွပ်မျက်သည့် ပွဲနှင့် မုဒိမ်းသမား တစ်ယောက်ကို တစ်သက်တစ်ကျွန်း စီရင်သည့် ပွဲဖြစ်သည်။ တရားခံအားလုံးကို လည်ပင်းတွင် သူတို့ကျူးလွန်သည့် ပြစ်မှုအတွက် သစ်သားဆိုင်းဘုတ်ကြီးတွေ ဆွဲထားပေးသည်။ သူတို့အထဲတွင် အမျိုးသမီးငယ် တစ်ယောက်လည်း ပါ၏။ သူက ကျောင်းဆရာမ။ ကျူးလွန်သည့် ပြစ်မှုက ကလေးတစ်ယောက်ကို မြေအောက်ခန်းထဲတွင် သော့ခတ်ဒဏ်ပေးပြီး ပြန်ဖွင့်ဖို့ မေ့ကာ အိမ်ပြန်သည့် ပြစ်မှု။ ကလေး သေသွားသည်။ ဆရာမ ၁၄ နှစ် ထောင်ဒဏ်ကျခံသွားရသည်။

ကလေးနှစ်ယောက်ကို တွန်းလှည်းဖြင့် ဂျူလီအိမ်ခေါ် ပြန်လာတော့ အသားအရေတွေ ပြာနှမ်းနှမ်း ဖြစ်နေသည်။ နောက်သည်လို ရာသီဥတုတွင်



ကလေးတွေကို အပြင်ခေါ် မသွားဖို့ မာနာက ဂျူလီ့ကို သတိပေးလိုက်သည်။ ထိုနေ့ညမှာပင် အမွှာနှစ်ယောက်စလုံး ဝမ်းလျှောတော့သည်။ လင်းက ကလေးအထူးကု ဒေါက်တာ မင်းဆီ ခေါ်သွားပြသည့် ဝမ်းကိုက်ပိုး ဝင်နေပြီတဲ့။ ကလေးနှစ်ယောက်စလုံး လေလျှော့သွားသည့် ဘောလုံးကလေးတွေလို ပျော့ဖတ်နေ၏။ ခေါင်းငိုက်စိုက်ချကာ အသက်ပြင်းပြင်း ရှူနေကြ၏။ ဂျူလီ အထိတ်တလန့် ဖြစ်နေသည်။ သူ့ဘာမှမကျွေးရကြောင်းလည်း ကျိန်တွယ်ပြောနေ၏။

လင်းရော မာနပါ ဂျူလီ့ကို အပြစ်မတင်ပါ။ သို့သော် ဘာကြောင့် ဝမ်းကိုက်ပိုး ဝင်လာသည်ကိုတော့ စဉ်းစားမရ ဖြစ်နေကြ၏။ သူတို့ကို တိုက်သည့်ရေ၊ ကျိုတာ မကျက်လို့များလား။ ဝမ်းလျှောလျှင် ရေဓာတ်ဖြည့်ပေးဖို့ ဂလူးကို့စ်နှင့် ဆားရည် ဖြည့်ပေးရမည်။ ဆရာမတွေ ဂရုစိုက်ကြသည်။ သို့သော် ကလေးနှစ်ယောက်ကို ဆေးသွင်းဖို့ အကြောရှာတော့ တစ်ချက်တည်း မရသည့်အခါ ကလေးနှစ်ယောက် ငယ်သံပါအောင် အော်ကြသည်။ ကလေးနှစ်ယောက်၏ သွေးကြောတွေက ကြည်နေတဲ့ အရေပြားအောက်မှာ အတိုင်းသား မြင်နေရတာပဲ။ ဘာကြောင့် သူတို့ ရှာမတွေ့ရမှာလဲ။ လင်းဒေါသ ဖြစ်လာသည်။ သို့သော် ကိုယ်တိုင် ဝင်မလုပ်ရဲ၊ သူတို့ လုပ်နေတာကိုလည်း မကြည့်ရက်။ သည်တော့မှ သားနှစ်ယောက်ကို တကယ်ချစ်တာပါလားဟု လင်း သဘောပေါက်ရသည်။ ဝေဒနာကို ကိုယ်တိုင် ဝင်ခံစားချင်စိတ် ပေါက်လာသည်။

ဒေါက်တာမင်းက ကမ္ဗာပေါ်တွင် အခါးဆုံးဆေး coptis ဆေးတွေပေးသည်။ တစ်နေ့ သုံးကြိမ် တိုက်ရမည်တဲ့။ ဘယ်လောက် အချိုထည့်ထည့် ဘယ်လို ပျားရည်နှင့်ရောရော ကလေးနှစ်ယောက်က အကျောက်အတန် ငြင်းသည်။

အဖေနှင့် အမေက တက်ညီလက်ညီ ပြုစုသည်။ အမွှာနှစ်ယောက်ကို တစ်ယောက်စီ ပွေ့ပြီး နှာခေါင်းပိတ်ကာ ဝင်အောင် တိုက်သည်။ ဂျူလီက ဝိုင်းချုပ်ပေးသည်။ တစ်ပတ်ကြာသည်အထိ ကလေးနှစ်ယောက် ဝမ်းမရပ်။ သက်သာသွားသည့်တိုင်အောင် တစ်နေ့ ငါးခါခြောက်ခါ သွားနေသည်။ ဂျူလီက နှစ်ယောက်စလုံးကို ပွေ့သွားပြီး ဆေးရုံတွင် ဆေးသွားသွင်းရသည်။ အမေနှင့် အဖေက ဘာလုပ်ရမှန်း မသိတော့အောင် ပျာနေပြီ။

တနင်္ဂနွေနေ့ နံနက်စောစော ဟွာရောက်လာသည်။ မောင်နှမ နှစ်ယောက်ကို ကြည့်ပြီး ဟွာမျက်ရည်ကျလာသည်။ နှာတွင်

www.burmeseclassic.com



အတိုင်း အဖေ့ကို purslane တိုက်ကြည့်ဖို့ အကြံပေးသည်။ လင်း သတိရလာသည်။ ဟုတ်သားပဲ။ တောရွာတွေတွင် ဝမ်းပျက်လျှင် purselane ကို ကျိုပြီး တိုက်ကြတာပဲ။ သို့သော် ဒီအချိန် ဒီနေရာမှာ purselane ဘယ်မှာ သွားရှာမလဲ။ ရွာမှာတော့ ရတာပေါ့။ ဘယ်အိမ်သွားရှာရှာ၊ ဘယ်ခြံသွားနုတ်နုတ်။ ပရဆေးဆိုင်တွေမှာ ရလို ရငြား ဆိုပြီး လင်းစက်ဘီး တစ်စီးဖြင့် လည်ရှာသည်။ ဘယ်မှာမှ မတွေ့။

ကလေးနှစ်ယောက်၏ အခြေအနေ ဆိုးသည်ထက် ဆိုးလာသည်။ နောက်ဆုံး ကလေးဆရာဝန် ဒေါက်တာ မင်းက enemas ပေးပြန်သည်။ သက်သာသလိုလို ရှိသွားသော်လည်း လုံးဝ ပျောက်ကင်းခြင်း မရှိ။ ဆီးချုပ်သွားပြီး ဆီးက ဝမ်းနှင့် ရောသွားလာသည်။

ကလေးဆရာဝန်မ ဒေါက်တာမင်း နားမလည်နိုင်အောင် ဖြစ်လာသည်။ လင်းတို့ လင်မယား ကောင်းနိုးရာရာတွေ လျှောက်လုပ်သည်။ ကြက်သွန်ဖြူ မီးဖုတ်ကျွေးတာကအစ ကြားဖူးနားဝ ရှိသမျှ လျှောက်လုပ်သည်။

တစ်ညနေတွင် ဟွာရောက်လာသည်။

'အဖေ အမေက ပြောတယ်၊ ပိန်းရိုးကို ကြိတ်ပြီး သကြားနဲ့ရော ကြက်ဥအကာနဲ့ မွှေတိုက်တဲ့၊ သမီးငယ်ငယ်တုန်းက ဝမ်းကိုက်တာ အဲဒီနည်းနဲ့ တန်းပျောက်သွားတယ်တဲ့'

လင်မယားနှစ်ယောက် ဟုတ်လိုဟုတ်ငြား ဆိုပြီး လုပ်ကျွေးတော့ ပေါက်စလေး နှစ်ယောက် အားရပါးရ စားကြသည်။ အားလုံး အံ့ဩမဆုံး ဖြစ်လောက်အောင် အစွမ်းထက်သည့် ဆေးနည်းဖြစ်ကြောင်း တွေ့ရှိကြရသည်။ ကလေးနှစ်ယောက် ဝမ်းရပ်သွားပြီး အကောင်းပကတိ ပြန်ဖြစ်သွားလေတော့သည်။ ဆရာဝန် ဆရာမတွေ ဆေးမြီးတိုကို အထင်မသေးဝံ့ကြတော့ပေ။

သားနှစ်ယောက်ကို လင်း တစ်နေ့တခြား ပိုချစ်လာသည်။ ဒီအဖြစ်ကို တွေးမိတိုင်း မျက်ရည်လည်ရသည်။ တကယ့် သူ့အသွေးအသားလေးတွေ သူ့ကိုယ်ပွားလေးတွေ အဖြစ် လက်ခံလာသည်။

တစ်နေ့တွင် သတင်းတစ်ပုဒ် ဖတ်လိုက်ရသည်။ အဖေက သားအတွက် ကျောက်ကပ် လှူဒါန်းသည့် သတင်း။ သူကလေးတွေအတွက် ဒီလို အရေးကြုံလာလျှင် လှူနိုင်ပါ့မည်လားဟု လင်း သူ့ကိုယ်သူ မေးခွန်းထုတ်နေလေသည်။

ဝ

## အခန်း [ ၁၀ ]

ဝမ်းကိုက်ရောဂါ ပျောက်သွားသည်နှင့် ကလေးနှစ်ယောက် ပုံမှန် အိပ်ကြသည်။ နေ့ည မှန်သွားပြီ။ မိုးချုပ်သည်နှင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ကြပြီး နေမြင့်မှ နိုးကြသည်။ အဖေက ညနို့တိုက်လျှင်လည်း အိပ်လျက် စို့သည်။ ခါးတောင်းကျိုက်လဲပေးလျှင်လည်း မနိုး။ ခုမှ သူတို့ လင်မယား အိပ်ရေးဝတော့၏။ မအိပ်ခင် တီဗွီလေးဘာလေး ကြည့်ချိန် ရတော့၏။ ခုမှပင် ပျော်စရာ ဘဝကလေး အစပျိုး ဖြစ်တော့သည်။

နိုဝင်ဘာလ ညတစ်ညတွင် 'ချမ်းသာခြင်းသည် လာဘ်တစ်ပါး' ဟူသည့် ကဏ္ဍလာနေသဖြင့် အမှတ်မထင် ဖွင့်ကြည့်ဖြစ်ကြသည်။ ပါတီလမ်းညွှန်ချက်ဖြင့် တောင်ပိုင်းတွင် နေ့ချင်း ညချင်း ချမ်းသာသွားကြသူများအကြောင်း ရိုက်ပြသည့် အင်တာဗျူး ကဏ္ဍ ဖြစ်၏။ လူငယ် တစ်ယောက်က မှိုခြောက်နှင့် ဂျင်စင်းမြစ်တွေ မန်ချူရီးယားမှ ဝယ်လာပြီး ဖူကျိယံ ပြည်နယ်တွင် ပြန်ရောင်းရာ ငါးနှစ်အတွင်း မြို့ကြီးများတွင် စတိုးဆိုင် ခုနစ်ဆိုင် ပိုင်ဆိုင်နေပြီ ဖြစ်ကြောင်း။ အင်ဂျင်နီယာ တစ်ယောက်က အလုပ်ထွက်ပြီး ကြက်မွေးရာ ကြီးပွားသွားကြောင်း။ ယခုအချိန်တွင် အလုပ်သမား ၁၃၀ နှင့် [illegible] လုပ်ငန်း ပိုင်ရှင် ဖြစ်နေကြောင်း၊ အမျိုးသမီးတစ်ယောက်က [illegible] ကလေး တစ်ဆိုင် လွန်ခဲ့သည့် သုံးနှစ်က ဖွင့်ခဲ့ရာ ယခု [illegible]

www.burmeseclassic.com

www.burmeseclassic.com



တော့်ပြင့် ဖတ်ရှင်အထည်ချုပ် စက်ရုံကလေးကို လည်ပတ်နေပြီဖြစ်ပြီး လွန်ခဲ့သည့် နွေဦးပွဲတော်တွင် မူလတန်း ကျောင်းတစ်ကျောင်းအား ယွမ်တစ်သောင်း လှူဒါန်းသဖြင့် ပါတီဝင်ဖြစ်သွား၍ စံပြပြည်သူအဖြစ် အရွေးခံရကြောင်း စသည် စသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က ဒီလို ငွေရှာနည်းများကို တရားမဝင်ဟု သတ်မှတ်ခဲ့သည်။ ခုတော့ သမ္မာအာဇီဝ လုပ်ငန်းအဖြစ် သတ်မှတ်ကာ ပြည်သူတွေ အတုယူဖို့ ပါတီက လမ်းညွှန်နေပြီ။

မာနာက ကျောက်သားစားပွဲတွင် မုန်လာဥတွေ လှီးနေသည်။ လင်းက ငွေရှာဖို့ အလုပ်ကို စိတ်မဝင်စား။ ဆေးပညာကျမ်းနယ် တစ်စောင် ထိုင်ဖတ်နေသည်။ ကျောက်ကပ်ထဲမှ ကျောက်ချေပုံ ဆောင်းပါးကို စိတ်ဝင်တစားဖတ်နေ၏။ ဘာကြောင့် ဒီဆေးဝါးထဲတွင် နှမ်းဆီနှင့် သစ်ကြားသီး ပါဝင်နေတာပါလိမ့်။

တီဗွီမှ တင်ဆက်သူ အမျိုးသမီးက နောက် စွန့်ဦးတီထွင်သူတစ်ယောက်ကို ဆက်မေးနေသည်။

'ယခု ကျွန်မ တွေ့ဆုံမေးမြန်းမယ့် ပုဂ္ဂိုလ်ကတော့ ဖေဒေါင်းပြည်နယ်မှ ရဲဘော် ဂျင်ယန်း ဖြစ်ပါတယ်ရှင်'

မာနာ လက်ထဲမှ ဓား ကျောက်စားပွဲပေါ် လွတ်ကျသွားသည်။

လင်း လှမ်းမေးသည်။

'မာနာ ဘာဖြစ်တာလဲဟင်'

မာနာက ဘာမှ ပြန်မပြောဘဲ တီဗွီကို လှမ်းကြည့်နေသည်။ လင်းတို့ လှည့်ကြည့်တော့ အနီးကပ် ရိုက်ပြထားသည့် ဂျင်ယန်း၏ မျက်နှာကြီးကို လှမ်းမြင်လိုက်၏။ ပါးရေအနည်းငယ် တွန့်နေသည်မှ အပ ပုံသိပ်မပြောင်း ဆံပင်တွေတော့ ဖြူဖွေးနေပြီ။ သို့သော် ကျန်းမာရေး ကောင်းနေပုံ။

အမျိုးသမီး သတင်းထောက်က မေးသည်။

'ရဲဘော်က ဖေဒေါင်းပြည်နယ်မှာ အချမ်းသာဆုံးလား'

သူပြုံးသည်။ နှုတ်ခမ်းကို လျှာနှင့် လျက်ပြီး

'ကျွန်တော့် ကိုယ် ကျွန်တော် လူချမ်းသာတစ်ယောက် ဖြစ်လာမယ်လို့ လုံးဝ မမျှော်လင့်ခဲ့ဘူးဗျ။ ပါတီရဲ့ လမ်းညွှန်မှုကြောင့် ခုလို ဖြစ်လာတာပါ'

သူ့နောက် ရောမ ကရိန်းကြီးနှင့် ဆောက်လုပ်စ အဆောက်အအုံလေးထဲတွင် သံဂဟေဆက်နေရာမှ ပြန့်လွင့်နေသည့် မီးပွားတွေ တဖွားဖွားနှင့် တစ်နေရာတွင် ပိုင်ရိုက်နေသည့် ဝိတ်တုံးကြီးတွေက ကွန်ကရစ်တိုင်တွေကို စည်းချက်မှန်မှန် တဒုံးဒုံး ထုချနေသည်။



အမျိုးသမီးက မိုက်ကရိုဖုန်းကို သူ့ပါးစပ်နား တေ့ပြီး

'လွန်ခဲ့တဲ့ နှစ်က ဝင်ငွေ ဘယ်လောက် ရှိခဲ့ပါသလဲ'

'ယွမ်နှစ်သောင်း'

'အော်. . . မနည်းမနောပါလား၊ အလုပ်သမား တစ်ယောက်ကို ပေးရတဲ့ ငွေထက် အဆနှစ်ဆယ်လောက် များတာပေါ့နော်၊ ဘယ်လိုကြောင့် ဒါလောက် မြတ်တာလဲရှင့်'

သူ့မျက်လုံးတွေ အရောင်လက်လာသည်။ ဒီမျက်လုံးတွေကို မာနာ မှတ်မိသည်ပေါ့။ တဏှာခိုးတွေ ဝေနေသည့် မျက်လုံးများ။

'ဒီလို ရှိပါတယ်၊ ဒီဆောက်လုပ်ရေး ကုမ္ပဏီက တောက်လျှောက် အရှုံးပေါ်နေတယ်၊ လွန်ခဲ့တဲ့ သုံးနှစ်ကမှ ပေါ်လစီပြောင်းပြီး အမြတ်ထွက်အောင် လုပ်တဲ့ မန်နေဂျာကို အမြတ် ၁၀ ရာခိုင်နှုန်း ပေးပြီး ရှုံးရင် သုံးရာခိုင်နှုန်း စိုက်ရမယ်ဆိုတဲ့ စနစ်လေ၊ နစ်နေတဲ့ သင်္ဘောကြီးကို ဘယ်သူမှ တက်ပြီး ပဲ့မကိုင်ရဲဘူး၊ ကျွန်တော်က ခပ်မိုက်မိုက်နဲ့ ဝင်လုပ်ခဲ့တာ'

ပြောပြီး သူက ရယ်နေသေးသည်။

'တစ်နှစ်အတွင်း အမြတ်ထွက်အောင် ဘယ်လို စီမံခဲ့ပါသလဲ'

'စည်းကမ်းပေါ့၊ စည်းကမ်းကို တင်းတင်းကျပ်ကျပ် ပြန်ကိုင်ရတာပေါ့၊ ဆုပေး ဒဏ်ပေးစနစ်နဲ့ အလုပ်သမားကို မျှမျှတတ ခိုင်းတယ်၊ တင်းတင်းမာမာ အုပ်ချုပ်တယ်၊ ခုတော့ ကျွန်တော့် ကုမ္ပဏီဟာ စစ်တပ်တစ်တပ်လို စနစ်ကျနေပြီ၊ သူ့ဌာနနဲ့ သူ့ခေါင်းဆောင်နဲ့ လုပ်ငန်းခွင်မှာ ကွက်တိဖြစ်နေပြီ၊ နှောင့်နှေးတာ ကြန့်ကြာတာတွေ မရှိတော့ဘူး'

'ဒီနှစ်ရော ဘယ်လောက် မြတ်မယ်မှန်းလဲ'

'နှစ်သောင်းသုံးထောင်လောက် ဖြစ်လိမ့်မယ်'

'ကျေးဇူးတင်ပါတယ်၊ မန်နေဂျာ ဂျင်'

ကင်မရာက ဂျင်ယန်းဆီမှ လုပ်ငန်းခွင် မြေထိုးစက်ကြီး မောင်းလာနေပုံကို ပြောင်းလိုက်သည်။ မာနာ တရှုပ်ရှုပ်ငိုနေပြီ။ မျက်ရည်တွေကို အတိုလက်မောင်းနှင့် သုတ်နေ၏။ လင်းကတော့ ဒီတောကြောင် ဘာလို့ချမ်းသာသွားပါလိမ့်ဟု အံ့ဩနေသည်။ ဒါကြောင့် ဟေယံ့ ယောက်ျား ဟွန်ဝန်ထ ခင်လာဆောင်မှာ သူ့အကြောင်း ပြောတာ ဖြစ်မည်။

www.burmeseclassic.com



လင်းက မာနသ့ဆီ ထလျှောက်သွားသည်။

'မတရားဘူး၊ လောကကြီး မတရားဘူး'

မာနသ အော်ပြောနေသည်။

'မာနသ တိုးတိုး . . . ကလေးတွေ နိုးကုန်မယ်'

လင်းက မာနသ့အနားသွားထိုင်ပြီး ချော့သည်။ သူ့လက်ထဲမှ တစ်ဝက်တစ်ပျက် ခွာပြီးနေသည့် မုန့်လာဥကို ယူ ဇလုံထဲ ထည့်လိုက်သည်။ ပြီးမှ မိန်းမလက်ကို ကိုင်ပြီး အသာညှစ်လိုက်သည်။ ပြီးတော့ ပါးနှင့် ကပ်ထားလိုက်၏။

'ဒီလို လူယုတ်မာကို ချမ်းသာအောင် လုပ်ပေးတယ်တဲ့၊ ဘုရားသခင်မှာ မျက်စိမပါဘူးလား'

မာနသက နာနာကြည်းကြည်း ပြောလိုက်သည်။

'ဘဝဆိုတာ ဒီလိုပါပဲကွာ၊ မကောင်းဆိုးဝါးတွေ နှစ်တစ်ထောင်အသက်ရှည်ပြီး သူတော်ကောင်းတွေ ကျတော့ အသေစောကြတယ်လေ'

'သူ့ကို မာနသ ကြောက်တယ်မောင်'

မာနသက မျက်ရည်တွေ ကြားမှ ပြောသည်။

လင်းက မိန်းမကို ဖက်ရင်း

'အို . . . ဘာလို့ ကြောက်ရမှာလဲ၊ သူမှ ဒီမှာ မရှိတာ ရှိရင်လည်း ဘာလို့ ကြောက်ရမှာလဲ၊ မောင်တစ်ယောက်လုံး အနားမှာ ရှိနေတာပဲ'

မာနသက မျက်နှာကို လင်တော်မောင် ရင်ဘတ်နှင့် အပ်ထားလိုက်သည်။ ချစ်သူကို ပွင့်ဦးကြွေ ဘဝဖြင့် လက်ထပ်ခဲ့ရသည့်အဖြစ်တွေ ပြန်တွေးပြီး မာနသ တော်တော်နှင့် အငိုမတိတ်နိုင်ရှာပေ။ တင်းတင်း ပြန်ဖက်ပြီး မာနသ ဆက်ငိုနေသည်။

၀

ထိုညမှ စ၍ သူတို့ လင်မယား အတူတူ ပြန်အိပ်ကြသည်။ ညပေါင်းများစွာ မာနသ အိပ်မက်ဆိုးတွေ မြင်မက်နေသည်။ ထူးထူးဆန်းဆန်းတွေချည်း မက်သည်။ တော်တော်များများကို ပြန်မမှတ်မိ။ အချို့ကို မှတ်မိနေသည်။ အိပ်မက်ထဲမှာ ကလေးနှစ်ယောက်ကို ကျောပိုးပြီး တောင်ထိပ်ပေါ်ရှိ သီလရှင်ကျောင်းကို သွားနေသည်တဲ့။ တနင်္ဂနွေနေ့ ဖြစ်၏။ လေကလေး တဖြူးဖြူး တိုက်နေသည်။ လေထဲတွင် ပန်းနံ့ သင်းနေ၏။ တောင်ပေါ်ရောက်အောင်



ရေကန်ကြီး တစ်ကန်ကို ဖြတ်ရမည်။ ဝါးခမောက် ဆောင်းထားသည့် အဘိုးကြီးတစ်ယောက်က တူရူမှ လာနေသည်။

ခပ်လှမ်းလှမ်းကမို့ သူ့မျက်နှာ မသဲကွဲ လမ်းလျှောက်ပုံက ဒယီးဒယိုင်။ ထို့ကြောင့် အန္တရာယ် မရှိနိုင်ဟု မာနသ ထင်လိုက်သည်။ ကလေးနှစ်ယောက်က ကျောပေါ်တွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်လာသည်။ ရုတ်တရက် လေပြင်းတိုက်လာသည်။

အနားရောက်တော့ အဘိုးကြီး ဝါးခမောက်လေထဲတွင် ပါသွားသည်။ ဟင် . . . ဂျင်ယန်းပါလား။ မာနသတစ်ယောက် အော်ဖို့ သတိမရနိုင်လောက်အောင် အထိတ်တလန့် ဖြစ်သွားသည်။ သူက အတင်းဝင်ပြီး မာနသ၏ လည်စည်းကို ဆွဲကာ ကလေးနှစ်ယောက်ကို လုယူထွက်ပြေးသွားသည်။ မာနသက နောက်က လိုက်အော်သည်။ 'ပြန်ပေး၊ ပြန်ပေး ကျွန်မ ကလေးနှစ်ယောက် ပြန်ပေး၊ ကျွန်မကို ခေါ်ချင် ခေါ်သွား၊ ကလေးနှစ်ယောက်ကို ပြန်ပေးပါ'

ကလေးနှစ်ယောက်က သူ့လက်ထဲတွင် ကန်ကျောက်အော်ငိုနေကြ၏။ ဂျင်ယန်းက လှည့်မကြည့်ဘဲ ဖုန်တထောင်းထောင်းနှင့် ဆက်ပြေးသွားသည်။ ပြီးတော့ ရောမ ဖိနပ်ကြီးထဲကို ကလေးနှစ်ယောက်ကို ထည့်ပြီး ရေထဲပစ်ချလိုက်သည်။ လေက ပိုပြင်းလာပြီး ဖိနပ်ကြီးကို ချက်ချင်း ရေလယ်ကောင်အထိ တိုက်ယူသွားသည်။

သည်တော့မှ သူက ခါးထောက်ရပ်ပြီး

'ကဲ နင့်သားနှစ်ယောက် စလုံးကို နင်ဆုံးပြီ သတ္တိရှိရင် နင်သက်ဆိုင်ရာကို တိုင်ဦးလေ'

မာနသ လဲကျသွားသည်။

'ကျွန်မ ရှင့်အကြောင်း ဘယ်သူ့မှ မတိုင်ဘူး၊ မလုပ်ပါနဲ့ရှင် ကလေးတွေကို ပြန်ခေါ်လာပေးပါ'

'မရဘူး သူတို့နှစ်ယောက်ရေအောက် နန်းတော်ထဲက နဂါးမင်းဆီ သွားနေပြီ'

'လင်း . . . လင်း . . . မာနသ့ကို ကယ်ပါဦး'

'မင်းယောကျ်ား လူပျော့ လူညံ့၊ ဘာမှ မလုပ်နိုင်ဘူး'

မာနသက လင်းကို တပြီး ထပ်အော်သည်။ လင်း၏ အရိပ်အရောင်တို့မျှ မမြင်ရ။ ထိုစဉ် ရည်းစားဦး မိုင်ဒေါင်း ပေါ်လာသည်။ မိုးမခပင်ပေါ်တ ခုန်ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ထဲမှ ဘွားခနဲ ထွက်လာခြင်း ဖြစ်၏။ ဟိုတုန်းက အရွယ်အတိုင်းပင်။ စစ်ယူနီဖောင်း ဝတ်ထားဆဲပင်။ ဆံပင်ကလည်း ဟိုတုန်းက အတိုင်းကတုံးဆံတောက်နှင့်။

သူက ပျော်ရွှင်နေပုံဖြင့် လက်နှစ်ဖက်ကို ခေါင်းပေါ်မြှောက်ပြီး လက်ခုပ်တီးရင်း

'ဆုံးပြီ၊ မင်းကလေးတွေ ဆုံးပြီ၊ မင်း ပြန်မရတော့ဘူး'

မာနာက ဒေါပွလာပြီး သူတို့နှစ်ယောက်စလုံးကို ကျောက်ခဲတွေနှင့် ကောက်ပေါက်သည်။

'အောင်မလေးဗျ'

မာနာ့လက်သီးက လင်း၏ မျက်နှာကို စွတ်ထိုးနေသည်။

'မာနာ. . . မာနာ. . . ဘာဖြစ်လို့ စွတ်ထိုးနေတာလဲ'

လင်းက မီးခလုတ် ဖွင့်လိုက်သည်။ မာနာ ငိုနေဆဲ။

'တောင်းပန်ပါတယ် မောင်ရယ်၊ မာနာ အိပ်မက်ဆိုးတွေ မက်ပြီး ဘာတွေ ဖြစ်သွားမှန်း မသိလိုက်ဘူး၊ ကလေးနှစ်ယောက်စလုံး အလုခံရလို့တဲ့'

ပြောပြီး အိပ်ပျော်နေသည့် သားနှစ်ယောက်ကိုယ်ပေါ်သို့ လက်လှမ်းတင်လိုက်သည်။

လင်းက သက်ပြင်းချပြီး

'သိပ်အတွေးမလွန်ပါနဲ့ကွယ်နော်'

'အင်းပါ မောင်ရယ်၊ ဆောရီးနော်၊ ပြန်အိပ်တော့နော်'

လင်းမီးမှိတ်ပြီး ပြန်အိပ်သည်။ ချက်ချင်း အိပ်ပျော်သွား၏။ မာနာ အိပ်လို့ မပျော်တော့။ တိမ်တွေ တစ်စစီ ကောင်းကင်တွင် ပြတ်တောက် လွင့်မျောနေတာကို ပြတင်းပေါက်မှ လှမ်းမြင်နေရသည်။

အိပ်မက်ထဲတွင် လင်းဘာလို့ ရောက်မလာတာလဲ။ မိုင်ဒေါင်းဘာ ပေါ်လာပြီး ဘာလို့ လှောင်ပြောင်ရတာလဲ။ မိုင်ဒေါင်းက ဟိုလူယုတ်မာကို လိုက်လုပ်ရတာလဲ။ ဘာတွေမှန်း မသိတော့ပါဘူး။

သစ်ပင် ထိပ်ဖျားတွင် တိမ်တိုက်တွေ အပြေးပြိုင်နေကြသည်ကို လရောင်ရေးရေးတွင် လှမ်းမြင်နေရ၏။ လေပြင်းတိုက်သံများသည် ယယ်ဒ က မိဘမဲ့ကျောင်းတွင် နေခဲ့ရစဉ် ညများတွင် ကြားရသည့် ဝံပုလွေအူသံများနှင့် တူနေသည်။

○

## အခန်း [ ၁၁ ]

မာနာ့ နှလုံး အားနည်းသည်ထက် နည်းလာသည်။ သွေးခုန်နှုန်းလည်း မမှန်တော့။ ရင်ဘတ်နှင့် ဘယ်ဘက်လက်မောင်းက အောင့်နေသည်။ ညညတွင် မူးဝေနေပြီး နှလုံးခုန်သံ ကဆုန်စိုင်းနေသည်။ အသက်ရှူလို့လည်း မဝတော့။

သည်တစ်ခါ ထပ်စစ်သည့် ဓာတ်ခွဲခန်းအဖြေတွေကြောင့် နှလုံးအထူးကု ဆရာဝန် ဒေါက်တာပိုး လန့်သွားသည်။ ဓာတ်မှန်ကို မှန်သေတ္တာ မီးရောင်တွေ ထောင်ကြည့်ပြီး လင်းကို ရှင်းပြသည်။

'ဆရာလင်း အခြေအနေတော့ သိပ်မကောင်းဘူး၊ ဘာပြုလို့ ဒါလောက် မြန်မြန် ကျဆင်းသွားတယ်ဆိုတာ ကျွန်တော် နားမလည်နိုင်အောင် ဖြစ်နေတယ်'

လင်းမျက်ရည်တွေ လည်လာသည်။ ဆို့နစ်နစ် အသံဖြင့်

'ဘယ်လို ဖြစ်တာလဲ ဆရာရယ်၊ ကျွန်တော် ဆရာဝန် တစ်ယောက်ပါဗျာ၊ ကျွန်တော် သိသင့်တာပေါ့၊ ဘာပြုလို့ သူ့အခြေအနေကို ကျွန်တော် သတိမထားမိရတာလဲ'

လင်းက လက်ဝါးနှစ်ဖက်နှင့် မျက်နှာကို အုပ်လိုက်သည်။

'ကိုယ့်ကိုယ်ကိုယ်ချည်း အပြစ်ဖို့မနေပါနဲ့ ဆရာရယ်၊ မာနာ့မှာ နှလုံးရောဂါ ရှိနေမှန်း ကျွန်တော်တို့အားလုံး သိနေကြတာပဲ၊ ဒါပေမဲ့ ဒါလောက် မြန်မြန် ပိတ်သွားလိမ့်မယ်လို့ မတွက်ခဲ့မိကြဘူးလေ၊ ဒါမှမဟုတ် သွေးကြောအချို့ အစောကြီး ပိတ်နေတာလား မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ ဆရာ၊ ကြက်ဥတွေ သိပ်မစားဖို့ ကျွန်တော် ပြောတာ သူ နားမထောင်ဘူး၊ ကုလို့ မရနိုင်တော့ဘူးလား ဆရာ'

လင်းက ဒူးကို ပုတ်ပြီး ပြောလိုက်သည်။

'ဥရောပမှာတော့ နှလုံးသွေးကြောကို ချဲ့နိုင်နေပြီ၊ ကျွန်တော်တို့ဆီမှာတော့ မလုပ်နိုင်သေးဘူး ဆရာလင်း'

'ကျွန်တော် ဘာလုပ်ရမလဲ ဆရာရယ်'

'စိတ်မကောင်းပါဘူး ဆရာလင်းရယ်၊ သိပ်လည်း စိတ်မလှုပ်ရှားနဲ့ဗျာ၊ ခင်ဗျား ရွှင်ရွှင်ပျပျ ဖြစ်ဖို့ လိုတယ်လေ၊ မာနာ့မှာ ခင်ဗျားတစ်ယောက်ပဲ ရှိတာ'

ဒေါက်တာ ပိုးက လင်း၏ လက်မောင်းကို လှမ်းဆုပ်ပြီး ပြောလိုက်သည်။ ပြီးတော့ ဆက်မှာသေးသည်။

'ပြီးတော့ဆရာ သူ့ကို ဘာအလုပ်မှ မလုပ်စေနဲ့တော့နော်၊ စိတ်တိုအောင်လည်း မလုပ်နဲ့၊ သူ့ဘာသာ သူ သက်သောင့်သက်သာ ကလေး နေပစေ'

လင်းက ခေါင်းငိုက်စိုက်ချပြီး

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ကြိုးစားပါ့မယ်'

'ကျွန်တော်သာဆို သူ့အခြေအနေကို အသိမပေးဘဲ ထားမယ်၊ ပျော်အောင် ထားမယ်'

'စိတ်ချပါ ဆရာ'

လင်းက ဒီကိစ္စကို လျှို့ဝှက်မည် ကြံကာရှိသေး၊ သတင်းက ဆေးရုံ တစ်ခုလုံး ပြန့်နေပြီ။ မာနာ့အသက် တစ်နှစ်ပဲ ခံမည်ဟု ပုံကြီးချဲ့သူက ချဲ့သည်။ ဒီသတင်းတွေ အားလုံး မာနာပြန်ကြားသည်။ သို့သော် မာနာက အံ့သြစရာ ကောင်းလောက်အောင် တည်ငြိမ်နေသည်။ ကြာကြာမနေရတော့မှန်း သူသိပြီးသား ဖြစ်ကြောင်း သွေးအေးအေးဖြင့် လင်တော်မောင်အား ပြောပြသည်။ လင်း စိတ်ဓာတ်အကျကြီး ကျသွားသည်။

မာနာ အားနည်းလာလေ စိတ်တိုင်းမကျ အလိုမကျဖြစ်လေ ဖြစ်လာသည်။ လင်းကို ဆူသည်။ ဂျူလီကို အော်သည်။ ရံခါတွင် အကြောင်းမရှိဘဲ ငိုချင် ငိုနေသည်။ ကလေးဆိုးကြီးလို လုပ်နေသည်။ ဆောင်းလယ်ရောက်တော့ ဘုံပိုင်ရေက ရေခဲတမျှ အေးလာသည်။ လင်း အနီးလျှော်လျှင် လက်တွေထုံကျဉ်နေသည်။ မိန်းမယူလျှင် အဝတ်လျှော်ရလိမ့်မည်ဟု ဘယ်တုန်းကမှ မမျှော်လင့်ခဲ့။ အတွင်းခံနှင့် ခြေအိတ်သာ ကိုယ်တိုင်လျှော်ပြီး အဝတ်အစား အားလုံး မာနာ လျှော်ခဲ့သည်။



ခုတော့ သားနှစ်ယောက်၏ အနီးနှင့်ခါးတောင်းကျိုက်က လျှော်လို့ အနိုင်နိုင်။ ဂျူလီက သူလာသည့်နေ့တိုင်း လျှော်သော်လည်း မနိုင်။ သို့သော် လင်းတစ်ချက်ကလေးမျှ မညည်းရဲ။

ဆရာလင်း တစ်ယောက် ပိန်သထက် ပို၍ ပိန်ကျလာသည်ကို အပေါင်းအသင်း အားလုံး သတိထားမိကြသည်။ နိုင်ငံရေးမှုးကတော်အတွက် အတင်းတုတ်လို့ အကောင်းဆုံး ဖြစ်တော့၏။

အလုပ်ရှုံ့ ပိတ်ရက်ကို ရောက်လာပြီး ကူသည့် ဟွာကိုလည်း ကျေးဇူးတင်နေသည်။ အဝတ်တွေ ပိုင်းလျှော်သည်။ အိမ်အလုပ်တွေ ပိုင်းလုပ်သည်။ ကလေးနှစ်ယောက်ကို နို့တိုက်ရတာ ထိန်းရတာကို ဟွာအပျော်ဆုံး ဖြစ်သည်။ သူတို့မြူလို့ ရယ်လျှင် ဟွာသဘောကျလို့ မဆုံး။ 'မောင်လေးတွေ၊ မောင်လေးတွေ' နှင့် တတွတ်တွတ်ပြောကာ ပျော်နေတတ်သည်။ သူတို့ ရင်ဘတ်ကလေးတွေကို ပါးနှင့် အပ်ထားရသည့် အရသာကို ဟွာအမက်မောဆုံး ဖြစ်၏။ မာနာနှင့် ဟွာ ပြေလည်နေပြီ။ ဟွာက မာနာ့အတွက် ပန်းရောင် သိုးမွေးဆွယ်တာ တစ်ထည်ပင် လက်ဆောင်ဝယ်ပေးဖော် ရလာ၏။ ဟွာလို သမီးတလေးမျိုးရရင် ဘယ်လောက်ကောင်းမလဲဟု မာနာကလည်း လင်းကို ပြောရသည်အထိ ဖြစ်လာသည်။

ရက်ရှည်သားဖွားခွင့် ပြည့်တော့ မာနာ အလုပ်ပြန်ဆင်းရသည်။ ကျန်းမာရေး မကောင်းသဖြင့် နေ့တစ်ဝက်သာ အလုပ်ဆင်းနိုင်သည်။ နေ့လယ်ပိုင်း အိမ်ပြန်နားရသည်။ သို့သော် ဆေးရုံက လစာ ပြန်ပေးထား၏။

ဇန်နဝါရီလ တစ်ခုသော တနင်္ဂနွေနေ့တွင် လင်းက ထမင်းအိုးပွက်နေလျက်နှင့် စားသောက်ဆောင်ကို ဟင်းဝယ်ဖို့ ထွက်သွားသည်။ 'မနက်ဖြန် နေ့လယ်စာ အမဲသားနှပ်နှင့် အာလူးကြော်ရမည်' ဟူသည့် ဆိုင်းဘုတ်ကို နေ့ညနေက ဖတ်ခဲ့ရ၍ ဖြစ်သည်။ လမ်းတွင် နိုင်ငံရေးမှုး ရန်စုနှင့် တွေ့သဖြင့် စကားရပ်ပြောဖြစ်သည်။ လာမည့်နှစ် ဆေးသင်တန်းအကြို ကျောင်းသားများအား သင်တန်းပေးဖို့နှင့် ပတ်သက်၍ အစီအစဉ် ဆွဲဖို့ တိုင်ပင်ကြခြင်း ဖြစ်၏။ ကျန်းမာရေး ဝန်ကြီးဌာနက အထူးစီစဉ်ပေးခြင်း ဖြစ်သည်။ ဆေးရုံ ဝန်ထမ်းတွေ ဆုကြေးရကြမည်။

စကားကောင်းနေသဖြင့် အိမ်က ထမင်းအိုးကို လင်းမေ့သွားသည်။ အာလူးကြော်နှင့် အမဲကြော်ထုပ်ကို ကိုင်ပြီး အိမ်ပြန်ရောက်တော့ မီးဖိုခန်း တစ်ခုလုံး မီးခိုးတွေနှင့် မည်းမှောင်နေသည်။ ချောင်းတဟွပ်ဟွပ်ဆိုးကာ ထမင်း အိုးကို မီးဖိုပေါ်မှ ချပြီး ရေလောင်းသည်။ မာနာပါ မီးဖိုထဲ ဝင်လာပြီး အော် သည်။

www.burmeseclassic.com



'ကြက်သွန်နီ တစ်ဥ ထမင်းအိုးထဲ ပစ်ထည့်လိုက်'

ပြောရင်း ချောင်းတဟွပ်ဟွပ် ဆိုးလာသည်။ လင်းက သူပြောသည့်အတိုင်း လုပ်သည်။ သို့သော် တူးနံ့မပျောက်တော့ပြီ။

ဤတွင် မာနာ အသားကုန် အော်တော့၏။

'ထမင်းအိုး တန်းလန်းကြီးနဲ့ ရှင်ဘယ်လျှောက်သွားနေတာလဲ၊ ထမင်းတစ်အိုးတောင် မချက်တတ်ဘူး။ ရှင်ဟာ အလကား အသုံးမကျတဲ့လူ'

- 'မောင် ဟင်းသွားဝယ်တာပါ။ မိန်းမရယ်၊ မင်းလည်း နည်းနည်းပါးပါး ကြည့်ထားဖို့ ကောင်းတာပေါ့ကွာ'

'ရှင်မှ မပြောခဲ့တာကိုး။ ပြီးတော့ ကျွန်မ မီးဖိုချောင် မဝင်နိုင်ဘူးလေ၊ ရှင် အဲဒါ မေ့နေပြီလား'

ချိုးတွေ တူးချင်တိုင်းတူးနေသည့် ထမင်းအိုးကို လက်နှီးခု၍ မာနာ တွန်းချပစ်လိုက်သည်။ လင်းဝယ်လာသည့် အထုပ်နှစ်ထုပ်ကိုပါ တိုက်မိပြီး ကြမ်းပြင်ပေါ်တွင် မြင်မကောင်း ရှုမကောင်း ပြန့်ကျဲကုန်တော့သည်။

'ဝက်ကျွေးတောင် စားမှာ မဟုတ်ဘူး'

အိပ်ခန်းထဲမှ ကန့် အော်ငိုတော့သည်။ စက္ကန့်ပိုင်းအတွင်း မြစ်ကပါ ကူအော်လေသည်။ မာနာ အိပ်ခန်းထဲ ပြေးဝင်သွားသည်။ ပြီးကလေးတွေကို ချော့သည်။ လင်းက ကြမ်းပြင်ပေါ်မှ ထမင်းဟင်းတွေကို မရှင်းတော့ဘဲ အပြင်ထွက်လာခဲ့သည်။

'သိပ် စိတ်ပျက်ဖို့ ကောင်းတာပဲ'

'သိပ် စိတ်ပျက်ဖို့ ကောင်းတာပဲ'

တတွတ်တွတ်ရွတ်ရင်း စိတ်ပျက်လက်ပျက် ထွက်လာခဲ့ခြင်း ဖြစ်သည်။ ဆေးရုံနောက်ဘက် တောင်ကုန်းကလေးပေါ်သို့ တက်လာခဲ့သည်။ အလွန်အေးသော ညဖြစ်၏။ တောင်စောင်းမှ သစ်သီးခြံထဲတွင် လူသူကင်းမဲ့နေသည်။ ပန်းသစ်သော့ပင်တွေက အုပ်ဝေစိမ်းလန်းနေကြသည်။ လောလောဆယ်ဘာမှ စဉ်းစားလို့မရ။ ခေါင်းတွေ အုံ့ခဲပြီး အသိဉာဏ်တွေ ထုံထိုင်းနေသည်။ နှင်းတွေ ဖုံးနေသည့် တောင်ထိပ်အထိ တက်လာသည်။ တောင်ထိပ်တွင် ရပ်ပြီး မြစ်ဘက်ကို လှမ်းငေးနေသည်။ ဆောင်း၏ သစ်လွင်လတ်ဆတ်သည့် ရနံ့ကို ရှူရှိုက်ပစ်လိုက်၏။ လေငြိမ်နေသည့် နှင်းတွေ ဖုံးနေသော သစ်ပင်ပျိုပေါ်တွင် နေရောင်က တလက်လက်။ ဟိုးအဝေးတွင် ကျီးအတစ်အုပ် ဝိုင်းကြီးပတ်ပတ် ဝဲသန်းနေကြ၏။

လင်း တဖြည်းဖြည်း တည်ငြိမ်မှု ရလာမှ ကိုယ့်ကိုယ်ကိုယ် ပြန်မေးသည်။ မင်း သူ့ကို တကယ်မုန်းတာလား။



အဖြေမထွက်။

အားလုံး မင်း အပြစ်ပဲ။ ဘာလို့ မင်းသူ့ကို လက်ထပ်ခဲ့တာလဲ။

သည်တော့မှ သူ့ကို ချစ်လို့ ဟူသည့် အဖြေထွက်လာသည်။

ချစ်လို့ ဟုတ်လား။ သေချာရဲ့လား။

ဒီတစ်ခါ ချက်ချင်း အဖြေမထွက်။

၁၈ နှစ်လုံးလုံး စောင့်ပြီးမှ လက်ထပ်ခဲ့တာ ချစ်လို့ မဟုတ်ဘူးလား။

အဲ. . . နေဦး၊ ဒီနေ့ မာနာဟာ ငါချစ်ခဲ့တဲ့ မာနာဟုတ်သေးရဲ့လား။

လင်းဦးထုပ်ချွတ်လိုက်သည်။ ပူနေသည့် ခေါင်းတွေ အေးသွားလို အေးသွားငြား။

သေချာတာကတော့ မျှော်လင့်ထားသည့် အိမ်ထောင်သည် ဘဝ ဖြစ်မလာတာပဲ။ ကျောက်တုံးတစ်တုံးပေါ်တွင် ထိုင်ချပြီး ဆက်စဉ်းစားသည်။

နှစ်ပေါင်းများစွာ အမှားကြီးမှားခဲ့တာလား။ လင်း မျက်မှောက်ကြုတ်သွားသည်။ ကိုယ့်ကိုယ်ကိုယ် ကျိန်ဆဲလိုက်မိသည်။ ဘာမှန်းမသိဘဲ ၁၈ နှစ် စောင့်ခဲ့တာပဲ။ ငယ်ဘဝတစ်ခု အဟောသိကံ ဖြစ်ရခြင်းပဲ။ ၁၈ နှစ် ကြာအောင်စောင့်ပြီး လက်ထပ်ခဲ့တဲ့ အဖြစ် တကယ်ရူးသွပ်ခြင်းပဲ။ အားအင်ကုန်ခန်း လက်ပန်းကျချိန်ကို စောင့်ပြီး လက်ထပ်ခဲ့တာပဲ။

နားရွက်တွေ အေးစက်လာသဖြင့် သားမွေးဦးထုပ် ပြန်ဆောင်းလိုက်သည်။

နှစ်ဆယ်ရွယ်က မာနာ့ ရုပ်သွင် ပြန်ပေါ်လာသည်။ လန်းဆန်း တက်ကြွနေသည့် ချစ်စရာအရွယ်။ အချစ်ဖြင့် ရွှန်းစိုနေသည့် မျက်နှာကလေး။ ခုတော့ အကြင်နာအေးရိပ်တို့ မအေးမြတော့ပါလား။

နှစ်ရှည်လများ စောင့်ဆိုင်းခဲ့ရသည့် ကာလ ဒဏ်ကြောင့် အပြောင်းလဲကြီး ပြောင်းလဲသွားခြင်း ဖြစ်မည်။ အလွန်မတန် အေးဆေးတည်ငြိမ်သော မိန်းကလေးအဖြစ်မှ နှုတ်ကြမ်းလျှာကြမ်း မိန်းမကြမ်းကြီး ဖြစ်သွားလေပြီ။ ကျန်းမာရေးပါ ထိခိုက်လာသောကြောင့် သူ့တစ်ကိုယ်လုံး အဆိပ်ဖုံးနေခြင်းလား။ အချစ်ဆိုသည်ကို နားမလည်တော့ခြင်းလား။ ဘာတတ်နိုင်တော့မည်လဲ။ ခုမှဖြင့် ဘာမှမတတ်နိုင်ပြီ။ ဆက်လက်သည်းခံနေရုံမှ တစ်ပါးအခြားမရှိပြီ။ အခြားနည်းလမ်းရှာဖို့လည်း အရွယ်လွန်ခဲ့ပြီ။

ဟိုးအဝေးမှ စုံတွဲတစ်တွဲကို လှမ်းမြင်သည်။ ဆေးရုံဝင်းထဲမှ ထွက်လာပြီး လက်တွဲလျှောက်လာကြသည်။ နှစ်ယောက်စလုံး ယူနီဖောင်းနှင့် ယောကျ်ားနှင့် မိန်းမ ဒီလို တွဲထွက်ခွင့် မရှိဘူးလေ။ သူနှင့် မာနာ တွဲပြီး

www.burmeseclassic.com

www.burmeseclassic.com



တစ်ခါမှ အပြင်မထွက်ဖူးခဲ့ကြ။ သည်နေ့ လူငယ်တွေကို လူကြီးပိုင်းက အလျှော့ ပေးထားခြင်းလား။ သည်စည်းကမ်းတွေကြောင့် မာနာ ခုထိ စက်ဘီး ကောင်းကောင်း မစီးတတ်သေး။

ခဏနေတော့ နှင်းတွေကိုခါချပြီး လင်း ထပြန်လာခဲ့သည်။ မိနစ် ၂၀ ကြာတော့ အိမ်ပြန်ရောက်သည်။ မီးဖိုချောင်တွင် အားလုံး ရှင်းထားပြီး မာနာ က ခေါက်ဆွဲကြော်ထားသည်။ ပဲပုပ်စေ့တစ်ခွက်ပါ ကြော်ထား၏။ မာနာက အားလုံး အသင့်ပြင်ထားပြီး ဖြစ်ကြောင်း တိုးတိုးလေး ပြောသည်။

သို့သော် လင်းက ထမင်းစားပွဲတွင် မရပ်ဘဲ အိပ်ခန်းထဲအထိ ဆက် လျှောက်သွားပြီး အိပ်ရာပေါ် ပစ်လှဲလိုက်သည်။ မာနာ တရှုပ်ရှုပ် ထိုင်ငိုနေ သည်။ လင်းက သွားမချော့။ ချော့လျှင် သူပါ ငိုမိလိမ့်မည်။ သို့သော် ခဏပဲ နေနိုင်သည်။ အိပ်ရာပေါ်မှ ထပြီး မာနာဘေးနားတွင် သွားထိုင်လိုက်သည်။ ပြီးမှ ပခုံးကို သိုင်းဖက်ပြီး

'တိတ်တော့ကွယ်၊ ငိုတာဟာ မင်း ကျန်းမာရေးအတွက် မကောင်းဘူး လေ'

သူ ဒါလောက် ပိန်သွားမှန်း ပထမဆုံးအကြိမ် သတိထားမိလိုက်သည်။ ရင်ထဲ နင့်ခနဲ ဖြစ်သွား၏။ အရမ်း သနားသွားသည်။ ပါးကလေး ရှုရှုံ့နမ်း လိုက်၏။

မာနာ ရှက်ရွံ့ရွံ့ အမူအရာဖြင့် ခေါင်းမော့လာသည်။

'မာနာ သိပ်ဆိုးတာပဲနော်၊ မောင် ခွင့်လွှတ်နိုင်သေးရဲ့လားဟင်'

'မေ့လိုက်ပါကွာ၊ မောင် နောက်ဆို ဂရုစိုက်ပါ့မယ်'

'ခွင့်လွှတ်တယ်လို့ ပြောပါ မောင်ရယ်'

'အို. . . မင်း အပြစ်မှ မဟုတ်တာ'

'ဒါပေမဲ့ ပြောပေးပါ'

'ခွင့်လွှတ်ပါတယ် မိန်းမရယ်'

'ဒါဆို စားနော်'

'မောင် မဆာဘူး'

'စားပါ မောင်ရယ်'

'ကောင်းပြီလေ၊ ဒါဆိုလည်း စားတာပေါ့'

လင်း ကြိုးစားပြီး ပြုံးသည်။ သို့သော် သူ့အပြုံးက မပြည့်ဝတော့

၀

## အခန်း [ ၁၂ ]

မင်း ဘာပြုလို့ ကိုယ့်ကိုယ်ကိုယ် လွတ်လမ်းမရှာတာလဲ။ သည်မေးခွန်းက လင်း ခေါင်းထဲကို မကြာခဏ ခုတလော ဝင်ဝင်လာသည်။

စိတ်ကူး စီမံချက်တွေ အမျိုးမျိုး ချကြည့်သည်။ ဘဏ်လက်ကျန် ယွမ် တိုးရာကို ထုတ်ပြီး ညမှာ တိတ်တိတ်ကလေး ဘူတာရုံသို့ ထွက်သွားမည်။ နာမည်သစ် တစ်ခုနဲ့ ဘဝသစ်တစ်ခု ပြန်စမည်။ သူ့ကို ဘယ်သူမှ မသိတဲ့ ဟိုးအဝေးကြီးမှာပေါ့။ ဝါသနာအလျောက် စာကြည့်တိုက်မှူး လုပ်မည်။ သို့ သော် သူ၏ အနက်ရှိုင်းဆုံး နှလုံးသားတစ်နေရာမှ သိနေသည်။ မိသားစုကို စွာပစ်ပြီး ထွက်သွားပြီး ပျော်ရွှင်မှု ရှာလျှင် ဘယ်လိုမှ ပျော်နိုင်မည် မဟုတ်။ စိတ်ဆင်းရဲနေရမည်သာ။ အပြစ်ကျူးလွန်ထားသူအဖြစ် အရိပ်မည်းကြီးက အမြဲတမ်း လွှမ်းမိုး ခြောက်လှန့်နေမည်သာ။

နွေဦးပွဲတော် နီးလာတော့ မာနာက

'မောင် ပွဲတော်အကြို အထိမ်းအမှတ်နဲ့ ရှူးယုကို တစ်ခုခု ဝယ်ပြီး သွားပို့ပေးပါလား။ သူ့အခြေအနေလည်း သိရတာပေါ့'

လင်းက တအံ့တသြ ပြန်မေးသည်။

'ဟင်. . . မင်း ဘာစိတ်ကူး ပေါက်လာလို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဪ. . . သူ့ခမျာ ဟွာကလွဲလို့ ဘယ်သူမှ မရှိဘူးလေ၊ အထီးကျန် ဖြစ် နေရှာမှာပေါ့၊ ပြီးတော့ မောင်လည်း တွေ့ချင်နေမှာပေါ့'

'ဟုတ်ပြီလေ၊ ဒါဆို သွားလိုက်တာပေါ့'

နေထိုင်မကောင်း၍ မာနာ ပျော့ပျောင်းလာတာလား ဒါမှမဟုတ် ကလေး နှစ်ယောက်အတွက် ဟွာနှင့် ရှုယုကို နောင်တွင် အားကိုးနေရတော့မှာမို့လားဟု လင်းတွေးနေမိ၏။ ရှုယု၏ အထီးကျန်ဘဝကို သူစာနာတတ်လာပြီပဲ။ သူကိုယ်တိုင် အထီးကျန်သမားလို့ မာနာ ထင်လာနေပြီလား။ ဒီလိုတော့ မထင်ကောင်းပါ။ သူ့မှာ လင်နဲ့ သားနဲ့ပဲ။

ရှုယု၏ အခြေအနေကိုတော့ သိချင်နေတာ အမှန်။ နေကောင်း ကျန်းမာနေကြောင်းတော့ ဟွာဆီမှ ကြားနေရသည်။ စက်ရုံမှာ ရေနွေးနှင့် အမြဲတမ်း ရေချိုးရသဖြင့် သူ့တင်ပါးဆုံ အရိုးနာရောဂါလည်း သက်သာနေပြီတဲ့။ ရွာကို အောက်မေ့ကြောင်းတော့ မကြာမကြာ ပြောတတ်သည် ဆို၏။ သူ့ဘဝကို ပြောင်းစိုက်လို့ မရတော့သည့် သစ်ပင်အိုကြီးနှင့် တူနေပြီ ဖြစ် ကြောင်းလည်း သမီးကို မကြာခဏ ပြောတတ်သည်ဆို၏။ သည်နွေမှာတော့ ငန်းဖြူရွာကို ပြန်ပြီး လင်း၏ အဖေနှင့် အမေ သင်္ချိုင်းကို သန့်ရှင်းရေးလုပ်မှ သားအမိ နှစ်ယောက် တိုင်ပင်ထားကြသည်တဲ့။ မြို့တွင် ပျော်နေသော်လည်း တောကို လွမ်းနေပုံ ရသည်။

ပွဲတော်မတိုင်မီ နှစ်ရက် အလိုတွင် စားစရာ သောက်စရာတွေ ဝယ်ပြီး ရှုယုတို့ နေသည့် မီးချစ်စက်ရုံ ဝန်ထမ်း အိမ်ရာဆီကို စက်ဘီးဖြင့် ထွက်လာ ခဲ့သည်။ မာနာက သူ့ကို နောက်မှ ငေးကြည့်ကျန်ရစ်၏။ သိုးမွေးဦးထုပ်ပျော့ နားရွက်အုပ်တွေ ချပြီး မေးစေ့တွင် ချည်ထားသည်။ လက်အိတ်စွပ်၍ လက် တစ်ဖက်က ခြင်းတောင်း ကိုင်ပြီး စီးထွက်သွားသည်။ ကံကောင်းထောက် သဖြင့် ကူပွန်ဖြင့် မဟုတ်ဘဲ ငွေသားနှင့် ဝယ်လို့ ရခဲ့သည့် ဒေါင်းတံဆိပ် စက်ဘီးကလေး။ မာနာတစ်ယောက် ကြည်ကြည်လင်လင် ဖြစ်နေသည်။ ပုခက်ထဲတွင် အိပ်ပျော်နေသည့် အမြွှာနှစ်ယောက်ကို ငုံ့နမ်းလိုက်သည်။

ညနေ လေးနာရီအချိန်မို့ မြို့ထဲတွင် ကားတွေ စက်ဘီးတွေ ရှုပ်နေ သည်။ ကောင်းကင်တွင် တိမ်မည်းညိုတွေ အုပ်စုဖွဲ့နေကြသည်။ နှင်းတွေ လည်း မှောင်လာပြီ။ နွေဦးလမ်းက တိုက်ခန်းအချို့ မီးလင်းလာသည်။ လင်း လည်း စက်ဘီးမီး ဖွင့်လိုက်၏။ အိမ်ခေါင်မိုးများတွင် နှင်းတွေ ဖွေးနေသည်။ နှင်းတွေနှင့် ချောကျိကျိ ဖြစ်နေသော လမ်းပေါ်တွင် သတိနှင့် နင်းနေရသည်။



ဒီလမ်းပေါ်တွင်ပင် ပြီးခဲ့သည့် အပတ်က မိန်းကလေး တစ်ယောက် ကားတိုက် ခံခဲ့ရသည်။

စက်ရုံကို ရောက်တော့ မှောင်စပြုပြီ။ အိမ်ခန်းတိုင်း မီးတွေ ဖွင့်ထား ပြီ။ တိုက်နံပါတ် ၁၂ ကို အလွယ်တကူ ရှာတွေ့သည်။ အတွင်းမှ ဟွာ၏ သီချင်းသံ ကြားရ၍ တံခါးမခေါက်ဘဲ ဝင်သွားသည်။ ဟွာဆိုနေသည့် သီချင်းကို လင်း သိပ်မသိ။ ကကြိုးသီချင်း တစ်ပုဒ် ဖြစ်ဟန်တူ၏။

ဆီနှင်းပေါက်တို့ မိုးပေါက်လောက် ပြင်းထန်လာသည်။ တောင်ဘက် ယွန်းယွန်း စက်ရုံမီးခိုးခေါင်းတိုင်မှ အသံချဲ့စက်ဖြင့် သတင်းလွှင့်နေသည်။ ပြီးသည်နှင့် တစ်ဆက်တည်း 'အရှေ့တစ်ခွင်လုံးနီ နေဝန်းကြီး ထွက်လာပြီ' သီချင်းသံ ပေါ်လာသည်။ အချို့အိမ်များမှ ဖြောက်အိုးဖောက်သံတွေ ဆူဆူညံညံ ထွက်လာသည်။

သားအမိနှစ်ယောက် မုန့်ဖုတ်နေကြသည်။ ရှုယုကြည့်ရသည်မှာ ကျန်းမာနေပုံ။ ဟွာက ဂျုံတွေကို နယ်ပြီး တလိမ့်တုံးနှင့် လှိမ့်နေသည်။ ရှုယု က နုပျိုနေသည်။ တောသူမပုံ ပျောက်နေသည်။ ခါးစည်းရင်ဖုံးနှင့် ဆိုတော့ ထမင်း ချက် တစ်ယောက်နှင့် တူနေသည်။

လင်း၏ စိတ်ထဲတွင် အေးမြငြိမ်းချမ်းသွားသည်။ တောက ဆောင်းကို ပြန်သတိရနေသည်။ အိမ်ရှင်မတွေက မုန့်မျိုးစုံ လုပ်ပြီး ယောကျ်ားတွေက အနားရချိန် သောက်သောက်စားစား ပျော်ပျော်ပါးပါး။

သားအမိ နှစ်ယောက်ကို တံခါးဝမှ ကြည့်ပြီး ရှေ့ဆက်တိုးရမှာလား၊ ပြန်လှည့်သွားရမှာလား။ လင်းစိတ်တွေ လှုပ်ရှားနေသည်။ ခြင်းတောင်းကို တံခါးဝမှ မီးသွေးအိတ်ပေါ် လှမ်းတင်တော့ အေးပြုတ်ကျသွားသည်။ ဟွာ လှည့်ကြည့်သည်။

'ဟယ် အဖေ လာတယ်တော့ အမေရေ. . . အဖေ ရောက်လာတယ်'

သားအမိ နှစ်ယောက် မီးဖိုခန်းထဲမှ ထွက်လာသည်။

ရှုယုက လက်မှ ဂျုံတွေကို ခါပြီး

'ဘာလို့ မတ်တတ်ကြီး လုပ်နေတာလဲ၊ ဝင်ထိုင်လေ'

အဝေးကြီးက ပြန်လာသည့် လူတစ်ယောက်ကို ကြိုသယို ရှုယုက ဆီးပြောသည်။ သူ့မျက်နှာက ပြုံးလို့။ လင်းက ဦးထုပ်ချွတ်ပြီး မှတ်မှန်သုတ် သည်။ ပြီးမှ ဖိနပ်ချွတ်ပြီး ဝင်ထိုင်သည်။ ရှုယုက စားပွဲနိမ့်ကလေးပေါ်တွင် ထတ်ဖက်ရည်ခွက် ချပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'အပြင်မှာ အရမ်းအေးတာ၊ သောက်လိုက်လေ၊ နွေးသွားအောင်'

ဟုတ်ပါသည်။ ချက်ချင်း နွေးသွားသည်။ ပင်ပန်းလှပြီ၊ လင်းက လှဲအိပ်ချပြီး နားလိုက်ချင်စိတ်တောင် ပေါက်လာသည်။ စိတ်ထဲနွေးထွေးသည့် တိုယ့်အိမ် ကိုယ့်ရာလို့ အောက်မေ့နေ၏။ လက်ဖက်ရည် တစ်ကျိုက်ချင်း သောက်ပြီး မီးဖိုခန်းထဲက သားအမိနှစ်ယောက်၏ စကားသံကို နားစွင့်နေသည်။

ရင်ထဲတွင် တင်းကျပ်လာပြီး အသက်ရှူရ ခက်လာသည်။ နံရံတွင် ချိတ်ထားသည့် ပုံတွေကို ငေးကြည့်လိုက်၏။ နွေဦးပွဲတော် ပုံတွေချည်း။ ပုံတိုင်းတွင် ဝဝကစ်ကစ် ကလေးတစ်ယောက်နှင့် ဧရာမ မက်မွန်သီးကြီးတစ်လုံး ပါသည်။

ဩော်. . . သူတို့နှစ်ယောက် ငါမပါဘဲ ဘဝကို အေးအေးဆေးဆေး ဆက်လျှောက်နေကြတာပါလား။ ဒီလို တွေးမိတော့ ကိုယ့်ကိုယ်ကိုယ် အလကား ကောင်ဟု ထင်လာသည်။

ငန်းဖြူရွာက ထွက်လာခဲ့သည့် တစ်နံတစ်လျား အတိတ်ကာလကို ပြန်တွေးကြည့်မိလိုက်သည်။ ငယ်ငယ်တုန်းကလို ဘယ်ပွဲတော်မှာမှ မပျော်ခဲ့ရပါပဲလား။ ပွဲတော်ရက်များမှ တစ်ဆင့် အချစ်အကြောင်း ရောက်သွားသည်။ နှလုံးသားသည် အချစ်ဖြင့် လောင်ကျွမ်းခဲ့လေပြီလား။ ခံစားလို့ မရတော့။ ခုတော့ စိတ်၏ ငြိမ်းချမ်းမှုကိုသာ လိုချင်တော့သည်။ ငြိမ်းချမ်းသည့် နားခိုရာ တစ်ခုခု ရှိလျှင် ကောင်းလေစွ။ အေးအေးဆေးဆေး စာထိုင်ဖတ်နေနိုင်မည့် နေရာမျိုး။ အိပ်ရေး ဝဝ အိပ်ရပြီး ကောင်းကောင်းမွန်မွန် ခံစားနေရသည့် နေရာမျိုးပေါ့။

သို့သော် သည်ဆန္ဒတွေ ဘယ်တော့မှ မပြည့်ဝနိုင်တော့ကြောင်း ရင်ထဲက သိနေ၏။ မကြာခင် မာနာရှိရာ ကလေးတွေ ရှိရာကို ပြန်သွားရဦးမည် မဟုတ်လား။ မျက်စိကို စုံမှိတ်ပစ်လိုက်သည်။ 'လင်း. . . မင်းဟာ မင်းဘဝကိုရော၊ သူများတွေရဲ့ ဘဝကိုပါ ဖျက်ဆီးပစ်တဲ့ အလကားကောင်ပဲ'

ဒုတိယအသံက သူ့ကို ဆဲနေပြန်သည်။

ခဏနေတော့ သားအမိနှစ်ယောက် ညစာ ပြင်ပြီးသွားသည်။ ခေါက်ဆွဲပြုတ်နှင့် ကြက်သားပေါင်း ဒီးပေါင်းအိုးနှင့် ချပေးသည့် ဝက်သား နှင့်ပုစွန်ပေါင်းက အငွေ့တထောင်းထောင်း၊ ပြီးတော့ ဂျုံအရက် ပုလင်း တစ်ပုလင်း ယူလာပြီး ဖန်ခွက်အပြည့် ငှဲ့ပေးသည်။

'ဘင်ရှန်းက ဝမ်မြနဲ့ ပို့ပေးလာတာ၊ အစ်ကို အိမ်လာရင် တိုက်လိုက် ပါတဲ့'

'ဝမ်မြ ဘယ်တုန်းက လာသွားလဲ'



'ပြီးခဲ့တဲ့ အပတ်က၊ သူ့သား ဟန်ဒေါင်းလည်း ပါလာတယ်၊ တား ဟောင်း တစ်စီး လာဝယ်တာ။ သူက ချမ်းသာနေပြီ၊ ကုန်ကားနဲ့ သယ်ယူ ပို့ဆောင်ရေးအလုပ် လုပ်တော့မယ်တဲ့'

'ဘင်ရှန်း အခြေအနေရော'

'ကောင်းပါတယ်၊ ဝမ်မြက ပြောတယ်၊ သူက အစ်ကို့ကို မနာလို ဖြစ် နေတယ်တဲ့'

'ဘာ. . . မင်းမောင်က ကိုယ့်ကို မနာလို ဖြစ်နေတယ် ဟုတ်လား'

'ဟုတ်တယ်၊ ဘင်ရှန်းက ပြောတယ်တဲ့ 'သူကျတော့ အမြဲတမ်း ကံကောင်းနေတယ်၊ ပညာလည်း တတ်တယ်၊ အရာရှိကြီးလည်း ဖြစ်သွားပြီ ကလေးလည်း သုံးယောက်တောင် ရတယ်' လို့ပြောတယ်တဲ့။

'ဘာဖြုလို့ သူဒီလို ပြောရတာလဲ။ သူ့ဆိုင်က အရမ်းရောင်းကောင်းပြီး အမြတ်တွေ ရနေတာပဲ'

'မသိပါဘူး၊ ဝမ်မြ ပြောတော့ အစ်ကိုက အမြွှာနှစ်ယောက် ရတဲ့ အကြောင်း ပြောပြောပြီး ငိုသတဲ့။ အဲဒီလိုမျိုး တစ်ခါမှ မနာလို မဖြစ်ခဲ့ဖူးဘူး တဲ့လေ'

လင်းက မျက်နှာကြက်ကို မော့ကြည့်ပြီး စဉ်းစားသည်။ အင်း ဒုက္ခ ဒုက္ခ အားလုံး ကိုယ့်ဒုက္ခနဲ့ ကိုယ်ချည်းပါလား။ ဟွာ့ဘက်လှည့်ပြီး

'သမီး ဖန်ခွက်နှစ်ခွက် ယူခဲ့'

'အဲဒီတစ်ခွက်ပဲ ရှိတယ် အဖေ'

သို့သော် ဟွာက မီးဖိုထဲ ဝင်သွားသည်။

'သတင်းကောင်း တစ်ခု ပြောဖို့ရှိတယ်'

ရှုးယုက ခပ်တိုးတိုး ပြောသည်။

'ဘာများလဲ'

'ဟွာ့ ကောင်လေး ဖင်ဂျင်းလေ၊ ရေတပ်က ထွက်ပြီး ဒီကို လာမလို့ တဲ့၊ ပြီးတော့ စေ့စပ်တော့မယ်တဲ့၊ ကျွန်မတို့ အကြာခင် အဘိုးအဘွားတွေ ဖြစ်တော့မှာပေါ့နော်'

'မိသားစုကြီး တစ်ခု ဖြစ်လာတော့မယ်'

'အမေ မပြောနဲ့လို့ ဆိုနေ'

ဟွာက လှမ်းတားသည်။ ရေနွေးကြမ်းပန်းကန် နှစ်လုံး ယူလာပြီး စားပွဲပေါ် တင်လိုက်၏။

ရှုးယုစကားကြားတော့ လင်း ပြုံးမိသည်။ ရယ်လည်း ရယ်ချင်လာ၏။ မျက်စိကို အသာမှိတ်ထား၏။ ပြီးမှရေနွေးကြမ်း ပန်းကန်ထဲသို့ အရက်ငှဲ့ထည့်သည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



'လာ. . . တို့ မိသားစုပြန်လည် တွေ့ဆုံပွဲအဖြစ်နဲ့ သောက်ကြရအောင်'

ဟွာက ခွက်ကို မြှောက်ပြီး ဆုတောင်းသည်။

'နွေဦးပွဲတော် အတွက်'

သုံးယောက်သား မော့သောက်လိုက်ကြသည်။

ရှုးယုက ကြက်ပေါင်ရင်ပုံသားကို တူနှင့် ဖဲ့ပြီး လင်းပန်းကန်ထဲ ထည့်ပေးသည်။

'စားလေ ကျွန်မတို့ သားအမိ ချက်ထားတာ ဘယ်လောက်ကောင်းလဲ'

လင်း ပြန်စဉ်းစားကြည့်သည်။ နွေဦးပွဲတော်ကို သူတို့ သားအမိနှင့် ပထမဆုံး ဆုံဖူးခြင်းပါလား။ နွေအခါမှလွဲ၍ လင်း တစ်ခါမှ ရွာမပြန်ခဲ့ဖူးဘူးလေ။ တွေးပြီး စိတ်မကောင်း ဖြစ်သွားသည်။

နောက်တစ်ခွက် ထပ်သောက်လိုက်သည်။ ခံစားမှုတွေ ထုံထိုင်းသွားစေချင်သည်။ အားလုံးကို မေ့ထားလိုက်ချင်သည်။

'အဖေ သိပ်မသောက်နဲ့လေ မူးနေဦးမယ်'

ရှုးယုက သမီးကို မျက်စောင်းထိုးကြည့်သည်။

'အဖေ မမူးပါဘူး သမီးရယ်'

သို့သော် လင်း အာလေးစ ပြုနေပြီ။ မျက်ရည်တွေ လည်လာပြီး ရှုးယု၏ လက်ကို လှမ်းဆွဲယူလိုက်သည်။

'မင်း ကိုယ့်ကို ခွင့်လွှတ်နိုင်ရဲ့လားဟင်၊ မင်းကို စိတ်ဆင်းရဲအောင် လုပ်တာ မဟုတ်ပါဘူး ရှုးယုရယ်၊ မင်းခွင့်လွှတ်နိုင်ပါ့မလား'

'ရပါတယ်'

'ကိုယ်ဟာ အလကားကောင်၊ အသုံးမကျတဲ့ ကောင်'

'မဟုတ်ပါဘူး ရှင်က လူကောင်းပါ'

'ကိုယ် လူကောင်း တစ်ယောက်လည်း မဖြစ်ချင်တော့ပါဘူး သာမန်လူ တစ်ယောက်ပဲ ဖြစ်ချင်ပါတယ်'

'ထားပါတော့လေ'

ရှုးယု ပါးပေါ်သို့ မျက်ရည်တွေ လိမ့်ကျလာသည်။ လင်းဆီမှ ချိုချိုသာသာ စကားမျိုး ရှုးယု တစ်ခါမျှ မကြားဖူးခဲ့ပေ။

'မငိုပါနဲ့ကွာ'

'ရှင် အိမ်ပြန်လာတာ ကျွန်မ သိပ်ပျော်တာပဲ'

ရှုးယုက ပြောပြီး ဟွာ့ကို လှမ်းကြည့်သည်။ ဟွာက အဖေနှင့် အမေ ကို တစ်လှည့်စီ ကြည့်နေ၏။ သူ့ အမှန်တွေ ပြောနေမှန်း ရှုးယု သိနေသည်။ လူတွေ အရက်မူးလာရင် အမှန်တွေ ပေါ်လာတတ်သည် မဟုတ်လား



'ကိုယ် မိုက်တယ် သိပ်မိုက်တယ်'

လင်းက ပြောပြီး သမီးလုပ်သူကို လှမ်းကြည့်လိုက်သည်။

'သမီးဟွာ မာနာ သိပ်ကြာကြာ နေရမှာ မဟုတ်ဘူး သိလား သူ့ရောဂါ ကျွမ်းနေပြီ၊ သူက သဘောထား ယုတ်နိမ့်တဲ့ မိန်းမတော့ မဟုတ်ပါဘူးကွာ'

'အဖေရယ် တော်ပါတော့'

'အေးပါကွာ၊ မပြောတော့ပါဘူး'

လင်း ရီဝေနေပြီ။ ရှုးယု၏ ပါးတစ်ဖက်ကို လှမ်းကိုင်ကြည့်ပြီး

'မင်း ရှုးယု ဟုတ်ပါတယ်နော်'

'ဟုတ်ပါတယ် ရှုးယုပါ၊ ရှင့်မိန်းမလေ'

'မင်းကိုယ့်ကို စောင့်နေနော်၊ မကြာခင် ကိုယ်ပြန်လာခဲ့မယ်၊ တို့ဟာ မိသားစု တစ်စုတည်းပါကွာ၊ ဟုတ်တယ်မို့လား၊ မာနာ အလွန်ဆုံးခံရင် တစ်နှစ် နှစ်နှစ်ပဲ။ ကိုယ့်ကို ပစ်မထားပါနဲ့နော် အဲ ဟိုအမြွှာ ညီအစ်ကို အတွက် ကိုယ်ဘာလုပ်ရမလဲဟင်'

'အို. . . အဲဒါတွေ လျှောက်မပြောနဲ့လေ၊ စိတ်ညစ်စရာတွေမပြောနဲ့နော်'

'မင်းကိုယ့်ကို ကူညီမယ် မဟုတ်လားဟင်'

'အင်းပါ စိတ်ချပါ၊ စိတ်ညစ်စရာတွေ မတွေးနဲ့တော့နော်'

ဟွာဘက် လှည့်ပြီး ပြောလိုက်သည်။

'သမီး အချဉ်ရည် မြန်မြန်ဖျော်စမ်း နင့်အဖေ မူးနေပြီ'

သူတတွတ်တွတ် ဆက်ပြောနေသည်။ 'ငါမခံနိုင်တော့ဘူး၊ ဒီဘဝကို ငါ ဆက်မနေနိုင်တော့ဘူး'

သားအမိနှစ်ယောက်က သူ့ပါးစပ်ထဲသို့ ရှာလကာရည်တစ်ခွက် အတင်း တိုက်လိုက်သည်။ အိပ်ရာပေါ်တွင် လဲကျသွားပြီး လင်း ချက်ချင်း ဟောက်နေတော့သည်။

ရှုးယုက ဝမ်းစောင်နှင့် ခြုံပေးပြီး သမီးကို လှမ်းပြောသည်။

'သွား သွား ဆေးရုံကို အကြောင်းကြား ဒီည မပြန်နိုင်တော့ဘူးလို့ မိန်းမကို ပြောခိုင်း'

ဟွာက တဘက်ကလေး ခေါင်းပေါ်ခြုံပြီး ပြေးထွက်သွားသည်။ တယ်လီဖုန်းရှိရာ စက်ရုံဂိတ်ဝ အစောင့်တဲဆီသို့ နှင်းတောထဲ ဖြတ်ပြီးသွားရ ဖြစ်၏။

၀

www.burmeseclassic.com

www.burmeseclassic.com



သူတို့သားအမိစျေးသည့် နံနက်စာကို ထိုင်စားပြီးမှ လင်း ဆေးရုံသို့ ပြန်လာခဲ့သည်၊ အိမ်ပြန်ရောက်သည်အထိ မှုးရီမှုးဝေ ဖြစ်နေတုန်း။ မာနာက ခုမှ စိတ်အေးသွားပုံမျိုးဖြင့် 'အမလေး မောင်ရယ်၊ ဘာပြုလို့ အများကြီး သွားသောက်ရတာလဲ မောင် မငယ်တော့ဘူးလေ' ဟု ဆီးပြောသည်။

ဖွားတို့ သားအမိ ပြန်ထည့်ပေးလိုက်သည့် သစ်သီးတွေ ထည့်လာသည့် ခြင်းကို ချပြီး စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

'မောင် တောင်းပန်ပါတယ်ကွာ'

'စိတ်ပူလိုက်ရတာ ညက နှစ်နာရီပဲ အိပ်ရတယ်၊ ဒါထက် သူတို့ နေကောင်းကြရဲ့လား'

'ကောင်းပါတယ်၊ တောမှာထက်စာရင် အများကြီး အခြေအနေ ကောင်းတာပဲ'

'အင်း ဝမ်းသာပါတယ် မောင်ရယ်'

ကလေးတွေ အိပ်နေသဖြင့် သူတို့လင်မယား နွေဦးပွဲတော်အတွက် ပြင်ဆင်ကြသည်။ မာနာက ဝက်ခြေထောက် ပေါင်းသည်။ လင်းက ကြက်တစ်ကောင် အမွေး နုတ်သည်။ မနက်ဖြန်ရောက်လာမည့် ဧည့်သည်တွေအတွက် မုန့်တွေလည်း ဖုတ်ရဦးမည်။

ညနေပိုင်းတွင် ဖွားက စောစော ရောက်လာသည်။ မျက်နှာကလေး ကြည်ပြီး မျက်လုံးတွေ အရောင်တောက်ကာ မြူးမြူးကြွကြွ ဖြစ်နေသည်။ သူတို့ လင်မယား အိမ်ရှင်းနေစဉ် ဖွားက ကလေး ထိန်းပေးသည်။ ပုံတွေ ပြောပြနေသည်။ ကလေး နှစ်ယောက် နားလည်သည့်အလား တခစ်ခစ် ရယ်နေကြ၏။ အရုပ်တွေ ညှပ်ပြီး မှန်ပြတင်းတွင် လျှောက်ကပ်သည်။ သူတို့ အိမ်ကလေး ပျော်စရာ ကောင်းလာသည့်အတွက် မာနာ ဝမ်းသာနေသည်။

တံမြက်စည်းကို ဝါးလုံးတစ်လုံးတွင် ချည်ပြီး လင်းက နံရံနှင့် မျက်နှာကြက်မှ ပင့်ကူအိမ်တွေကို လိုက်ရှင်းနေသည်။ မာနာက အပြင်ဝရန်တာတွင် ရွှံ့အိတ်တွေ ထွက်ခါနေတုန်း ဖွားက သူ့အဖေ ဒူးကို ပုတ်ပြီး ပြောသည်။

'အဖေ. . . အမေ အရမ်းပျော်နေတယ် သိလား၊ သမီးကို ပြောတယ် အဖေ့ကို စောင့်နေမယ်တဲ့'

လင်း ချက်ချင်း ပြန်သတိရလိုက်သည်။ အင်း ညက ငါမူးပြီး အာချောင်ခဲ့တာပါလား။ သမီးရှေ့တွင် အရမ်း ရှက်သွားသည်။

'အဖေ ညက မူးသွားတယ်၊ သိပ်ရှက်ဖို့ ကောင်းတာပဲ'



'မဟုတ်ဘူး မဟုတ်ဘူး သမီးတို့ သားအမိ အရမ်းပျော်နေတာ၊ အမေ့ကို အဖေ မြင်စေချင်တယ်၊ အမေ ဒီလို ပျော်နေတာ တစ်ခါမှ မမြင်ဖူးဘူး ကလေးတွေကိုလည်း လာကြည့်ဦးမယ်တဲ့'

ဖွားက ပုခက်ကို လက်ညှိုးထိုး ပြောလိုက်ခြင်း ဖြစ်သည်။ လင်း စိတ်ရှုပ်သွား၏။ ခဏတွေး စဉ်းစားပြီး ပြောလိုက်သည်။

'သမီးလေး၊ အမေ အသက်ကြီးပြီနော်၊ ဂရုစိုက် ကြားလား'

'ဟုတ်ကဲ့ပါ အဖေ'

ဖွားက ပြုံးပြုံးကလေး ပြန်ပြောသည်။

'အမေ့ကို ပြော သိလား၊ အဖေက အလကားလူလို့၊ စောင့်မနေနဲ့လို့ စောင့်နေရလောက်အောင် တန်ဖိုးရှိတဲ့ လူ မဟုတ်ဘူးလို့'

'အို. . . အဖေကလည်း ဘာပြုလို့ စိတ်ပျက်နေတာလဲ၊ သမီးတို့ အဖေ့ကို အမြဲတမ်း မျှော်နေမှာ'

လင်း၏ ရင်ထဲတွင် တင်းကျပ်လာသည်။ တစ်ဖက်လှည့်ပြီး တံမြက်စည်း ဆက်လှဲနေသည်။ မျက်ရည်မနည်း ထိန်းထားရ၏။ ရင်ထဲမှာ နင့်နေသော်လည်း ကြည်နူးသလိုလိုလည်း ဖြစ်နေ၏။ မာနာက ဝရန်တာတွင်ရပ်ပြီး အိမ်ရှေ့ဖြတ်သွားသူတွေကို နွေဦးပွဲတော်အတွက် ပျော်ပျော်ရွှင်ရွှင် လှမ်းနှုတ်ဆက်နေသည်။ မာနာ့အသံကလေး အသက်ဝင်ကာ ဆည်းလည်းသံလို လွင်နေလေသည်။

●

*တင်မောင်မြင့်*

*၂၇-၈-၂၀၁၀*

*ဓည္ဒ မြိတ်မြို့။*

www.burmeseclassic.com